
www.burmeseclassic.com

# လရောင်ကျေးရှင်

မုန်းခဲ့တာကာ အနိစ္စ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ – ၅၀၀
ဘန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
မုန်းခဲ့တာက အနိစ္စ/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၄။
၃၆၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မုန်းခဲ့တာက အနိစ္စ

BURMESE CLASSIC



## အခန်း (၁)

ချစ်သူမျက်နှာကို ကြည့်၍ ရင်ခုန်ကြည်နူးခြင်းတို့က သိပ်ကြာ မရှည်လိုက်ဘူး ထင်သည်။

ကန်တင်း(န်)ထဲမှာ စိုပြည်နေသည့်အသံတချို့ ငြိမ်ငြိမ်သက်သက် ဖြစ်သွားတာကို ချို့ သတိထားမိလိုက်သည့်နောက် ...

"နှစ်ယောက်တည်းပါလား .."

ခပ်ရိရိ စကားသံနှင့်အတူ အကောင်းစားရေမွှေးနံ့က ထောင်းခနဲ ဝင်လာ၏။

ပြီးတော့ စားပွဲပေါ်မှာ အရိပ်မိုးတစ်ခု စွန်းထင်းလာကာ ဝင်လာသည့်ခြေထောက်တို့က ပိုင်စိုးပိုင်နင်း ...၊

"နှစ်ယောက်တည်း ထိုင်တာတွေ မြင်ရတာ မျက်စိနောက်တယ်ကွ .."



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ခုံကို ခြေထောက်တစ်ဖက်နဲ့ ချိတ်ဆွဲရွှေ့ကာ ပစ်စလက်ခတ် ထိုင်ချလိုက်တဲ့အထိ လှုပ်ရှားမှုတွေပေါ်မှာ ဖြစ်သွားသည့် အသံတွေက ခြောင်ဆန်သွားသည်။

ချို လုံးဝ လှည့်မကြည့်ပေမယ့် မျက်နှာလေးက တင်းမာနေကာ...

"တောက်!..."

"ဟင် .. တို့ကို တက်ခေါက်တာလား .."

သည်းမခံနိုင်သည့် မျက်နှာလေးက ထိုမျက်နှာဆီကို မုန်းတီးနာကြည်းစွာ ဆတ်ခနဲ လှည့်ကြည့်၍ ...

"နင် သိပ်ရိုင်းတာပဲ ညံ့ .."

"အင်း .. ပြောတော့ ပြောကြတာပဲ .."

မျက်နှာက တည်နေကာ မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့နှင့် မချိမချဉ် ..။

ထို့ပြင် မျက်နှာပုတ်ကြီးချ၍ စကားတစ်ခွန်းမဆိုဘဲ ထိုင်နေသည့် စည်းစိမ် ကို ငဲ့ကြည့်ကာ ...

"ဒီမှာ ကိုယ့်လူ .. ဒိုးတော့ .."

"ညံ့ .."

"ငါ နင့်ကို ပြောနေတာ မဟုတ်ဘူး .."

"ဘယ်သူ့ကိုပြောပြော .. သူက ငါ့ချစ်သူ .. နင် နှင်ထုတ်တိုင်းသွားရအောင် နင်က ဘာမို့လို့လဲ .."

"အဲဒါ သူ သိတယ် ..၊ ငါ သူ့ကိုပဲ ပြောနေတာ .."

သူ့ကို မမိုတ်မသုန် စိုက်ကြည့်ပြောနေသဖြင့် စည်းစိမ် မျက်ဝန်းတွေ ညံ့ ဆီကို ရွေ့လျားလာကာ ...

"ညံ့ .."

"ပြော .."

"မင်းနဲ့ ငါ ပြိုင်ဘက်တွေ မဟုတ်ဘူး .."





ညံ့ က ပြုံးလိုက်ပြီး စည်းစိမ် သောက်နေသည့် အအေးပုလင်းထဲက ပိုက်တံလေးကို ထုတ်ယူလိုက်သည်။ ပြီးတော့ ခါးချိုး၍ တောက်ထုတ်ပစ်လိုက်ကာ ...

"ဟုတ်တယ် .. မင်း နားလည်နေရင် ပြီးတာပဲ .."

"မဟုတ်ဘူး .. ငါ ပြောတာက မင်းနဲ့ ငါ ရည်းစားလုဘက်တွေ မဟုတ်ဘူးဆိုတာကို ပြောချင်တာ .. ငါတို့က ချစ်သူတွေ .."

"ဟား .. ဟား .. ဟား .. ဟား ..."

သရော်လှောင်ပြောင်သည့် ရယ်သံမျိုးပေမယ့် ဟားတိုက်ရယ်သံလို ကျယ်ကျယ်လောင်လောင်ကြီးတော့ မဖြစ် ..၊

ဒါပေမယ့် ပခုံးတွေလှုပ်အောင် ရယ်ပုံက တစ်ဖက်လူကို ပုတ်ခတ်ရန်စနေသလိုပင် ..၊

"ချစ်သူ ဟုတ်လား ..၊ ဟား .. ဟား .. ဟား .. ဟား ... ဘယ်မှာလဲ ..၊ ဘာလဲ ချစ်သူဆိုတာ ဘယ်နေရာမှာ တံဆိပ်ထုထားတာလဲ .."

"နင်နဲ့တန်တဲ့ စကားကို မေးလေ ..၊ အချစ်ဆိုတာ နင့်လိုလူက ဘယ်လိုလုပ် နားလည်မှာလဲ .."

ချို့ ကို ညံ့ လှည့်ကြည့်ပြီး ပခုံးတွန့်နေသေးကာ ...

"ငါက နားမလည်လို့ မေးတာလေ .. သူ နားလည်ရင် ဖြေပေါ့..၊ နင်ကချည်းပဲ ဘာလဲ .. သူက နင် သင်မပေးဘဲ စကားမပြောတတ်ဘူးလား .."

စည်းစိမ် သည် မျက်ခုံးထူထူတို့ကို တွန့်ကုတ်ထားပေမယ့် ဘာမှလည်း မပြော ..၊ ချို နဲ့ ညံ့ ပြောနေတာတွေကိုလည်း စိတ်ညစ်နေသလို ရှိလျက် ...

"ငါ မင်းနဲ့ ဘာမှမပြောချင်ဘူး ညံ့ .."

"ဖြစ်ရပြန်ပြီ .."



www.burmeseclassic.com

www.burmeseclassic.com



ညံ က မသိနားမလည်သည့် ကလေးကို ထိုင်ကြည့်ပြီး စ နေတာ ချိုး ...၊

မျက်ခုံးတွေ ပင့်သွားပြီး စပ်ဖြဲဖြဲကြည့်၍ ...

"ငါ့နာမည်ကိုခေါ်ပြီး မင်းပဲ စပြောတာ နော် ...၊ စပြီးရင်တော့ ခဆုံးလို့ မရဘူး ..."

"ကျွတ်!..."

ပတ်ဝန်းကျင်က ဒီမှာပဲ အာရုံရောက်နေကြတာကို ခံစားမိနေကာ ချို က ပေါင်ပေါ်က ဖိုင်နဲ့ ကြိုးသိုင်းအိတ်လေးကို ကောက်လွယ်၍ ထရပ်လိုက်ကာ ...

"စည်းစိမ် .. ထ .. သွားမယ် .."

စည်းစိမ် က စားပွဲပေါ်မှာရှိနေသည့်ဖိုင်ဆီ လက်လှမ်းပြီး ထရပ်ဖို့ ပြင်၏။

သို့သော် .. ကြွသွားသည့်ကိုယ်က ပြန်ထိုင်ကျသွားသည်။

"ဟဲ့ .. ထလေ .."

ထပါဆိုတာ မထတဲ့ မျက်နှာပျက်နေသဖြင့် ချို နားမလည်နိုင်ဖြစ်ကာ မျက်လုံးက ဟိုရောက်ဒီရောက် ဖြစ်သွား၏။

ထိုအခါ တခြားစားပွဲတချို့က လူတွေရဲ့ မျက်လုံးတွေ စုပြုံ စိတ်ဝင်စားနေသည့်နေရာကို သူမ လိုက်ငုံ့ကြည့်မိလျှင် ...

ကြည့်စမ်း .. ကောင်စုတ် မိုက်ရိုင်းတာ ...၊

စားပွဲအောက်မှာ ရှူးဖိနပ်အနက်ရောင် စီးထားသော ညံ ရဲ့ ခြေထောက်တစ်ဖက်က သားရေညှပ်ဖိနပ်လေးပဲ စီးထားသည့် စည်းစိမ် ခြေထောက်ပေါ်မှာ ဖိထပ်တင်ထား၏။

စည်းစိမ် ထရပ်မယ်ဆိုကာမှ ခြေထောက်နဲ့ လှမ်းနင်းထားလိုက်ပြီး ယုတ်မာတာ ...၊

"ညံ .."





လူတွေ ကြည့်နေကြတာကို ရှက်လည်း ရှက် ...၊ စိတ်လည်း တိုကာ ဖျတ်ခနဲ ပြန်ထိုင်ချလိုက်ပြီး ချို့ အသံလေးက အက်ရှနေလျက်...

"နင် တော်တော် ညစ်ပတ်ပါလား ဟင် .. အဲဒီလို မိုက်ရိုင်းရတာ ပျော်လား .."

"မပျော်ပါဘူး .."

စိတ်တိုလွန်းလို့ ကုတ်ဖွဲ့သတ်ပစ်ချင်နေသည့်ရှေ့မှာ ပခုံးတွန့်၍ ဖြေပုံက ရွံ့ရွံ့မဲ့မဲ့ ...၊

"အရမ်းတုံးလွန်းတာ ပျင်းစရာချည်း .. ဒီကောင်မျိုးနဲ့တွဲပြီး နင် ဘယ်လိုပျော်အောင်နေလဲ ချို ...၊ ကြည့်ပါဦး .. လက်ထည့်ပေးရင်တောင် မကိုက်တတ်ဘူးဆိုတဲ့ လူမျိုးပဲ ပြောတာ ကြားဖူးတယ် ...၊ တက်နင်းထားတာတောင် 'အား..'ခနဲ မအော်တတ်တဲ့လူ နင် ကြားဖူးလား .."

"တောက်!..."

စည်းစိမ် တက်ခေါက်ကာ ညံ ခြေထောက်ကို အကြိတ်အနယ် တွန်းကန်ချပစ်ပြီး တက်ခေါက်သည်။

ပြီးတော့ စားပွဲကို လက်သီးဆုပ်နဲ့ ခပ်ကြိတ်ကြိတ်ထု၍ ...

"ငါက ပညာတတ် လူယဉ်ကျေးက မွေးထားတဲ့ မိကောင်းဖခင်သား ကွ .."

"ဟုတ်လား .. ဟား .. ဟား .. ဟား ... မှတ်ထားရမယ် ...၊ မိကောင်းဖခင်သား ဆိုတာ ဒါမျိုး .. ဟား .. ဟား .. ဟား ..."

စည်းစိမ် ဒေါသထွက်ကာ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ ဖိုင်ကို ကောက်ယူပြီး ဆိုင်ထဲက ထွက်သွားလေသည်။

ပြပွဲတစ်ခု တစ်ခန်းရပ်သွားသလို စကားပြောသံ .. ရယ်သံတွေ ဟိုဟိုဒီဒီက ထွက်လာကြ၏။

www.burmeseclassic.com



ညို က ရယ်နေရင်း နေရာမှ ထကာ ...

"ဘဝင်ချို .."

စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ ပြန်ငုံ့ကြည့်ကာ ...

"သွားလိုက်ဦးမယ် .. တော်ကြာ ဘဝင်ချို နောက်တစ်ယောက်နဲ့ ဖြစ်သွားပြန်ပြီ ပြောကြလိမ့်မယ် ...၊ ငါက နောက်တစ်ယောက် အဖြစ် မခံနိုင်လို့ မဟုတ်ပါဘူး .. နင့်အတွက်ပါ .."

တီရှပ်အဝါနုရောင် ဘောင်းဘီရှည်အနက်နှင့် အနက်ရောင် ရှူးဖိနပ်တွေကိုပဲ အကြွားသန်သန် စီးလွန်းသည့် ညို ဆိုသော ယောကျ်ား က ဤသို့ ..။





အခန်း (၂)

"အဲဒီလောက်ကိုပဲ တကယ်ပါ မမချမ်း ရယ် .. အရမ်းကို မိုက်ရိုင်းရမ်းကားနေတာ သိလား ...၊ ရုပ်ရှင်တွေထဲက လူမိုက်တွေ ဝန်းရံခြီး ရမ်းကားနေတဲ့ သူကြီးသားလိုမျိုး .. တောသားနဲ့ မြို့သားပဲ ကွဲပြားတာ .. အတူတူပဲ ...၊ ကြည့်လိုက်ရရင် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ဘယ်မှာဖြစ်ဖြစ် သူ့မျက်နှာ .. ဖေ့စ်ဘွတ်(ခ်)ပေါ်မှာလည်း ဘယ်သူ့အကောင့်(တ်)ထဲမှာ ကြည့်ကြည့် .. သူချည်းပဲ .."

"သူက ဘာတွေလုပ်နေလို့လဲ .."

"ခြော် ..."

ချို စကားထောက်သွားပြီးမှ ပြန်ဆက်၍ ...

"အကောင့်(တ်) နာမည်အမျိုးမျိုးနဲ့ ရှုပ်ပွေနေတာလေ ...၊ ဘယ်နိုင်ငံက မော်ဒယ်လ် .. အဆိုတော်၊ မင်းသမီး မင်းသား ဘယ်သူ့အကြောင်းဖြစ်ဖြစ် သူ မသိဘူးဆိုတာ မရှိဘူး...၊ မြန်မာနိုင်ငံက သတင်းပေါင်းစုံဆိုရင် မပြောနဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



စကားလက်စ အရှိန်နဲ့သာ ဆက်ပြောနေရသည်။

ချမ်း ဆိုတဲ့ တစ်ယောက်က ကွန်ပျူတာဆို ပတ်သက်ရာ ပတ်သက်ကြောင်းလောက်သာ ကိုင်တတ်သည်။

အွန်လိုင်းပေါ်ကကိစ္စတွေကို သိလည်း မသိ ..၊ သိချင်ရကောင်းမှန်းလည်း မသိ ..၊

စကားပြောရတာ အရှိန်ကျသွားတာနှင့် အားပါးတရ စကားထောက်မယ့်သူ မရှိတော့ တစ်ယောက်တည်း ..၊

"လမ်းပေါ်မှာ .. ပန်းခြံမှာ .. နိုက်ကလပ် .. ဒေးကလပ် .. အို.. သူ မရောက်ဖူးတဲ့နေရာဆိုတာ မရှိဘူး ..၊ ဘယ်လောက် နံ့စပ် ပွေရှုပ်မလဲ .. စဉ်းစားသာ ကြည့်တော့ .."

"နိုက်ကလပ်တွေ .. ဒေးကလပ်တွေမှာ သူ ရှိတတ်တာ နင်က ဘယ်လိုလုပ် သိတာလဲ .."

"ဟင်!... ဩော် ..."

ချို ရုတ်တရက် ဘာဖြေရမှန်း မသိ ဖြစ်သွားပြီးမှ ...

"မမချမ်း ကလည်း ဒီလိုပဲ သိတာပေါ့ .. စည်းစိမ် တို့တွေလည်း ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ ဥစ္စာ .."

"အင်း .. အင်း .."

ချမ်း က ထမင်းချိုင့်ဖွင့်ပြီးမှ မစားဖြစ်သေးဘဲ လက်သုတ်ပဝါနဲ့ ဇွန်းကိုသုတ်နေရင်း ခေါင်းညိတ်သည်။

ထမင်းစားချိန်မှာ တစ်ခုခု အာရုံမများချင်ပေမယ့် ညီအစ်မလိုရင်းနှီးကာ တူဝရီးတော်စပ်ကြမှန်းလည်း သိနေသဖြင့် ချို့ ကိုတော့ ဖွေမယူနိုင် ..၊

ထမင်းမစားခင် စကားစပြတ်သွားမလားလို့ မျှော်လင့်ပေမယ့်လည်း ..၊

"စည်းစိမ် ဆိုတဲ့ကောင် ကြောက်တတ်ပုံများ အဲဒီနေ့က ကန်





တင်း(န်)မှာ မမချမ်း ကို ပြချင်တယ် ..၊ ဟိုက မျက်နှာကြည့် စိန်ခေါ်နေတာတောင် တစ်ချက်မှ မလှုပ်ရဲဘူး .."

"တချို့က ရန်ဖြစ်ရဲတာကို ဂုဏ်ယူပေမယ့် ရှက်စရာလို့ မြင်တဲ့လူတွေကတော့ ရှောင်တာပဲလေ .."

"ဒါက မှန်တော့မှန်ပေမယ့် သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် မမချမ်း ရဲ့ .. ရန်ဖြစ်ရတာကို ရှက်စရာဆိုရင် စိန်ခေါ်ထုတ်နေတာတောင် မထွက်ရဲတာကျတော့ ရှက်စရာ မဟုတ်ဘူးလား ..၊ ဒါဆို နိုင်ငံတိုင်းမှာရှိကြတဲ့ သူရဲကောင်းကြီးတွေက အရှက်မရှိကြတာလား.."

"ဟဲ့ .. ဒါကတော့ .. သူ့နေရာနဲ့ သူ .."

"အဲဒါကိုပဲ ချို ပြောတာပါ .. သည်းခံတာက အတိုင်းအတာရှိတယ် မဟုတ်ဘူးလား .."

ချမ်း သက်ပြင်းချမိကာ အထပ်ထပ် ပွတ်သုတ်နေခဲ့သည့် ဇွန်းကိုပါ လက်သုတ်ပဝါလေးနဲ့ ပတ်လျက်အတိုင်း ချထားလိုက်ရသည်။

"ဒါဆို .. နင်က စည်းစိမ် ကို မကြိုက်တော့ဘူးလား .. ကဲ ..."

"ဟုတ်တယ် ..၊ မကြိုက်တော့ဘူး .."

"ဘယ်လို!..."

အငိုက်မိသွားမလားလို့ ချောင်းပိတ်မေးလိုက်ပေမယ့် ချို က ပေါ့ပေါ့ပါးပါး ..၊

"အရမ်းစိတ်ပျက်ဖို့ ကောင်းတာ .."

"စိတ်ဝင်စားစရာ ဖြစ်နေရင်လည်း အဲဒီ ညံ့ ကိုပဲ ကြိုက်လိုက်တော့ပေါ့ ချို ရယ် .."

"အို့ .. ဘယ်သူက သူ့ကို စိတ်ဝင်စားတယ် ပြောလို့လဲ .."

"ဒါဆိုလည်း စိတ်ဝင်စားစရာ ထပ်ရှာဦး ..၊ ဒီမှာ ထမင်းစားဦးမယ် .. တော်ကြာ သင်တန်းချိန်တွေ ဆက်ဝင်ရဦးမှာ .."

"အဲဒီ မမချမ်း ကလေ .. တကယ်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ချို့ ရယ် .. ငါက နင့်လို သင်တန်းသူပေါက်စလေး မဟုတ်တော့ဘူး .."

"ဟုတ်ပါတယ် .. ဆရာမ ပါ .."

"အဲဒါကို ပြောချင်တာ မဟုတ်ပါဘူး ..၊ စကားပြောပြီး အေးအေး နေချင်ပေမယ့် နေလို့ မရတာကို ပြောတာ .."

"တော်ပါ .. စကားလာပြောတာကို စိတ်ညစ်နေတာများ .."

ချမ်း က ငြင်းတော့မလို့နှင့် ပြုံးတုံ့တုံ့လေး လုပ်နေသဖြင့် ချို့ မျက်နှာလေး မဲ့ရွဲ့သွား၏။

"တွေ့လား .. မမချမ်း က ဆွေမျိုးအရင်းကြီးတွေတောင်မှ ခပ် ကင်းကင်း သိပ်နေချင်တာ .."

"မဟုတ်ပါဘူး ချို့ ရယ် .. နင်တို့ဘဝနဲ့ ငါ့ဘဝက တူတာမှ မဟုတ်တာ .. ငါ့မှာ ပူပန် ထောက်ပံ့စရာ ဦးလေး ရှိသေးတယ် ..၊ ဆန်စက်မှာ မန်နေဂျာဆိုပေမယ့် အသက်ကြီးပြီလေ .. သူ့ဆွေးက သနား သဖြင့် ဆက်ပြီး တွဲခေါ်နေပေမယ့် တကယ်ဆို အနားယူသင့်နေတဲ့ အရွယ် ..၊ ငါ့ကို ဟိုအရင်တည်းက စောင့်ရှောက်ထိန်းကျောင်းလာခဲ့တဲ့ ကျေးဇူးတွေ ငါ ပြန်ဆပ်ရဦးမှာ .."

"အဲဒီတော့ ဘာဖြစ်လဲ ..၊ စကားလေးတောင် ပြောချိန်မရ ..၊ နားဖို့ အချိန်လေးတောင် မယူနိုင်ဘဲ အတင်းကြိုးစားနေမှ ရမှာလား.."

ဟုတ်တယ်လို့ပဲ ပြောရမှာပေမယ့် အရှည်ကြီး ထပ်ရှင်းပြနေရဦး မှာမို့ မပြောချင်တော့ပါ ..၊ ကိုယ့်အလုပ်က တက္ကသိုလ်မှာ ဆရာမ ဖြစ်သလို အပြင်သင်တန်းတွေမှာလည်း အချိန်ပိုင်းနဲ့ ဝင်နေရတာတွေ ရှိသည်။

စားချိန် နားချိန်တွေမှာ စည်းကမ်းထားမှ အလုပ်မှန် ဝင်ငွေမှန်မှာ ဖြစ်သည်။ ဆင်းရဲတဲ့လူတွေအကြောင်း ချမ်းသာတဲ့လူတွေကတော့ နား လည်နိုင်မှာ မဟုတ်ပေ ..။





"မမချမ်း ကို အိမ်မှာလာနေဖို့ မေမေက အမြဲတမ်း ခေါ်နေတာ ပါ..၊ အဆောင်မှာပဲ ကိုယ့်မာနနဲ့ကိုယ် နေပြီးတော့ .."

"ကိုယ့်မာနနဲ့ကိုယ် မဟုတ်ပါဘူး .. နင်တို့နေတဲ့ ရပ်ကွက်ကြီး တွေက ကိုယ်ပိုင်ကားနဲ့ သွားလာမှ အဆင်ပြေတာလေ ..၊ ကားတိုးစီးဖို့ က ဝင်ဖို့မလွယ် .. ထွက်ဖို့မလွယ်နဲ့ အရမ်းကို ခက်ခဲတဲ့နေရာ .."

"အမလေး .. အိမ်မှာ ကားတွေ မရှိတာကျနေတာပဲ .."

တော်ပါပြီလို့တော့ စိတ်ထဲမှာ ပြောမိသေးသည်။ ဆွေနီးမျိုးစပ် ဆိုသည့်အတိုင်း ဘယ်တုန်းကမှလည်း ပတ်ပတ်သက်သက် ရှိခဲ့ကြတာ မဟုတ် ..။

ပတ်သက်ရာပတ်သက်ကြောင်း တချို့ ရှိခဲ့တုန်းကလည်း ချို့ မေမေ ဒေါ်ချိုသဲ က ဆွေမျိုးတွေ အိမ်တံခါးမှာ လာရပ်တာတောင် ကြိုက်ချင်ခဲ့တာ မဟုတ် ..၊

သူမ မြို့ပေါ်မှာ အလုပ်နဲ့ပြောင်းလာနေပြီဆိုမှ ...

"သမီးတို့ကျောင်းမှာ ဆရာ ဆို ..၊ အိမ်မှာလာနေပါလား ချမ်း ရဲ့ .. သမီး ကျောင်းသွားကျောင်းပြန် အတူသွားကြရင် ပိုတောင် အဆင် ပြေသေးတယ် ..၊ ပြီးတော့ ကလေးတွေကို ကျူရှင်ခေါ်ရတယ်မို့လား.. ခြံထဲမှာ တိုက်တစ်လုံး အပိုရှိတယ် .. သုံးလို့ ရတာပဲ" တဲ့ ..။

ချို့ အတွက် အဆင်ပြေအောင် ကြိုးစားခဲ့တာတွေပါ ..၊ သူမ အတွက်က ငယ်စဉ်တည်းက မိဘမဲ့ဖြစ်ခဲ့ရလို့ ထင်သည်။ မိဘအသိုက် အဝန်းဆိုတာကိုလည်း မက်မောရမှန်း မသိတော့ပါ ..။

ဦးလေးတစ်ယောက်ရဲ့ အရိပ်အောက်မှာပဲ ကိုယ့်ဘာသာ ပြည့်စုံ အောင် နေတတ်ခဲ့သည်။

ဆွေမျိုးဆိုတာတွေအပေါ်မှာ ကင်းကင်းနေချင်တာမျိုး မဟုတ် သလို ပတ်သက်ချင်မိတာမျိုးလည်း မဖြစ်ခဲ့ပေ ..။

ဘယ်သူ့အပေါ်မှာမှ မမုန်းပေမယ့် မက်မောတွယ်တာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းရှရှ မရှိတာ အမှန် ..၊ ထိုအခါ သူမက စိမ်းသက်သွေးအေးသူ ဖြစ်လာခဲ့၏။

"မမချမ်း စဉ်းစားနေတာလား ..၊ ချို တို့နဲ့ လာနေပါလား ဟင်.. မေမေ သိရင် မမချမ်း ကို တန်းလာခေါ်မှာ .."

"ဟင့်အင်း .. ဒီတိုင်းပဲ အသားကျနေပါပြီ ချို ရယ် .. နေပါစေ.. နီးတကျက်ကျက် ဝေးတသက်သက်တဲ့ ..၊ ငါတို့တွေ သိပ်မနီးတော့ အမြဲတမ်း ချစ်နေကြလို့ ရတာပေါ့ .."

"ဟွန်း .. ဒါပဲ .."

ချို ကတော့ ကလေးဆန်တာပဲ ထင်သည်။

လူငယ်ပီပီ လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနေထိုင်တတ်ကာ ကျောင်းမှာ ကိုယ့်ဆီရောက်လာပြီး ခုလို ကောင်လေးတစ်ယောက်အကြောင်း ပြောနေတတ်သည်မှ လွဲ၍...

"မမချမ်း သာ ချို နဲ့ အတူနေရင် သိပ်ကောင်းမှာ .. ချို့ မှာ ယောကျ်ားလေးသူငယ်ချင်းတွေတော့ ရှိပါတယ် ..၊ မိန်းကလေး သူငယ်ချင်းလို ရင်းနှီးလို့တော့ ဘယ်ရမလဲ ..၊ တစ်နေ့ကဆိုလေ အဲဒီ သတ္တဝါကောင်ကို ဒေါသတွေဖြစ်ပြီး ဘယ်သူနဲ့ ပြေးပြော ရင်ဖွင့်ရမှန်း မသိဘူး .."

သူမ ပြောတတ်တိုင်း ညံ့ ဆိုသောနာမည်က မပါမပြီး ရှိနေတတ်တာလည်း မှတ်မှတ်ရရပင် ..၊

"ညံ့ ဆိုတဲ့ကောင်ကို မမချမ်း သိနေတာထက် ချို က အများကြီး ပိုသိနေတာ ..၊ အဲဒါကြောင့် ဒေါသထွက်တာ .."

"နင်က သိမှာပေါ့ .. နင့်ကို အသေအလဲ လိုက်နေတာကိုး .."

"ဟုတ်တယ်လေ .. နှစ်နှစ်ရှိပြီ ..၊ လူကို သူက နှစ်စဉ် ရွေးကောက်ပွဲ ကျင်းပနေတာလို ..၊ သူ့ကို ဘယ်လိုပြောပြော ဘယ်လို ဖယ်ထုတ်ထုတ် မျက်နှာလည်း မပျက် .. အရှက်လည်း မရှိဘူး .."





"ကြိုက်မရှက် ငိုက်မရှက်တဲ့ ..၊ အရူးအမူးချစ်နေတာ ဖြစ်မှာပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး မမချမ်း ရယ် .. သူ လုပ်နေပုံက တမင်ကို လိုက်နှောင့်ယှက်တယ် ..၊ နှောင့်ယှက်ပြီးရင် သူ့မှာ ကျေနပ်လို့ မဆုံးဘူး .."

"အဟွန်း .."

"မမချမ်း က ဘာရယ်တာလဲ .."

"နင်တို့က အမြင်ကတ်ပုဒ်မ တပ်ထားလို့ပါဟယ် .. ကိုယ် စိတ်မဝင်စားဘဲနဲ့ ဘယ်သူမှ အချိန်ကုန် အလုပ်ရှုပ် မခံဘူး .."

"အဲဒီလိုမျိုး စိတ်ဝင်စားမှပဲ စဉ်းစားမယ်ဆိုပြီး အလုပ်ချိန်တွေ ချည်း အဲဗားဖြစ်နေတာ မမချမ်း လိုလူပဲ ရှိမှာ ..၊ ဒီလိုလူမျိုးက သူ့ရဲ့ အချိန်တိုင်းက သူများကို နှောင့်ယှက်ဖို့.. အပွေဗယားတွေ ခင်းဖို့ ဒါပဲ..၊ သူ ရည်းစားတွေ ထားနေတာ ချို မသိတာကျလို့ .."

"နင်က အဲဒါကြောင့် မကြိုက်တာလား .."

"အဲဒါတွေလည်း ပါတာပေါ့ .. သိပ်ပွေတဲ့ကောင် ..၊ ရုပ်လေးလည်း ချော့ .. ချမ်းလည်း ချမ်းသာတော့ .."

"သူ မပွေဘူးဆိုရင်တော့ နင် ပြန်ကြိုက်ဖို့ စိတ်ကူးရှိတဲ့ပုံ .."

"မပွေဘူးဆိုလည်း မကြိုက်ဘူး မမချမ်း .. သူ့လိုလူကို တွဲလိုက်မိရင် ဒူးနဲ့မျက်ရည် သုတ်ရနိုင်တယ် .."

"အဲဒါမျိုးက လင်မယားတွေမှာပဲ ဖြစ်ကြတာပါ ချို ရယ် .."

"သူနဲ့ကတော့ ကြိုက်မိရုံနဲ့ ဖြစ်မှာ .. တကယ်ပြောတာ ..၊ သူက သူ ဝါးနေတဲ့ ပီကေ မထုတ်ခင် တစ်ယောက်ပြောင်းတွဲတာ .."

ထမင်းချိုင့် ပြန်ဖွင့်ရင်း ချမ်း ရယ်လိုက်မိသည်။ ချို ကလည်း ထမင်းချိုင့်ကို ကြည့်နေရင်း ရယ်ကာ ...

"မိန်းကလေးတွေကလည်း သူ စီးတဲ့ မော်ဒယ်လ်မြင့်တဲ့ ကားမျိုး .. သူ့ရည်းစားဖြစ်မှ စီးခွင့်ရတာ ဆိုပြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဟုတ်လို့လား အဲဒီလောက် .."

"ဟုတ်ပါတယ်ဆို .. အဲဒီအတိုင်း ပြောသံကို ကြားတာ ..၊ တစ်ဆင့်စကားနဲ့ မဟုတ်ဘူး နော် .. ကိုယ့်ရှေ့မှာ ပြောနေတာကို ဒီနားနဲ့ ကြားတာ .."

"အင်း .. ဟုတ်မှာပါ ..၊ ဒီကောင်လေး ပုံစံက .."

"ကြည့်ပါလား .. မမချမ်း ကလည်း .. အကောင်းစားတွေချည်း လန်ပျံထွက်နေအောင် ဝတ်တာ ..၊ သုံးလိုက်တာလည်း ငွေကို ရေလို သုံးတာက နည်းသေးတယ် .."

"အေးပေါ့ .. မိန်းကလေးတွေ အထင်ကြီးတာလည်း မပြောနဲ့လေ .."

"မချမ်း ထမင်းစားလေ .. ဘာလဲ စကားပြောနေလို့ မစားတတ်ဘူးလား .."

"ဪ .. ရပါတယ် .."

"ဒီလောက်ဆို သိပြီ .."

ချို့ က ဗီကေတစ်ခုထုတ်ပြီး ပါးစပ်ထဲထည့်ကာ နေရာမှ ထရပ်လိုက်ရင်း ...

"မမချမ်း က ထမင်းစားတာ ကန်တင်း(န်)မှာ သွားစား .. ပြီးတာပဲ .. အအေးလေးဘာလေး မှာပြီး အချဉ်လေး အစပ်လေးနဲ့ ဖွယ်ဖွယ်ရာရာ စားရတာပေါ့ ..၊ ကန်တင်း(န်)မှာလည်း တစ်ယောက်တည်း အေးဆေးထိုင်လို့ ရပါတယ် .."

"မျက်စိရှုပ်ပါတယ် ချို့ ရယ် .. နေပါစေ .. ပြီးတော့ ကိုယ်သင်ပေးရမယ့်စာတွေ ပြန်ကြည့်ရသေးတယ် ..၊ ကိုယ့်အလုပ်နဲ့ ကိုယ်ပေမယ့် အစားတစ်ဖက် စာအုပ်တစ်ဖက်နဲ့ လူမြင်လို့ မကောင်းပါဘူး .."

ချို့ က ချမ်း ရဲ့ဘေးမှာ ချထားသည့် စာအုပ်တွေနဲ့ လက်ပ်တော့ပ်





လေးကို ပြန်ငုံ့ကြည့်ကာ ကိုယ် စကားလာပြောနေသဖြင့် ချမ်း ဘာမှ မလုပ်ရတာမှန်း တွေးမိသွားသည်။

ဒါပေမယ့် ...

"ဆောရီးပါ မမချမ်း ရာ .. ချို့ ကလည်း စကားပြောချင်လို့ ဘမင်ရှာပြီး လိုက်လာမိတာ .."

"ဪ .. ရပါတယ်ဆိုမှ .."

"မမချမ်း က လက်ပ်တော့ပ် ကိုင်နေပြီးတော့ အင်တာနက် ကျတော့ ဘာဖြစ်လို့ သိပ်မသုံးတာလဲ .."

"သုံးပါတယ် .. ဘာဖြစ်လို့လဲ .."

"မသုံးပါဘူး .. အွန်လိုင်းပေါ်တွေ ဘာတွေ မတက်ဘဲနဲ့ .. ပြီးတော့ ဘာမေးမေး သိတာကို မရှိဘူး ..၊ အနည်းဆုံး ကိုယ်ပိုင်အကောင့်(တ်)တစ်ခုရော ဖွင့်ထားသင့်တာပေါ့ .."

"ဘာလုပ်မှာလဲ ...၊ ကိုယ် လိုချင်တာလေးတွေ ရှာရတာတောင် အချိန်တွေကုန်လွန်းလို့ စိတ်ညစ်နေတာ .."

"ကောင်းပါတယ် .. ဒီတိုင်းပဲ နေပါ ..၊ အသက်လည်း မငယ်တော့ဘူး .."

"အဲဒါ ဘာဖြစ်လဲ .."

"ယူမယ့်ယောကျ်ား မရှိဘဲ ဖြစ်နေဦးမယ် .."

ချမ်း က ရယ်နေကာ ...

"ကိုယ့်အဒေါ်အတွက် စိတ်ပူနေတယ် ဟုတ်လား .."

"အံမယ် .. လူကြီး လုပ်ချင်နေပြန်ပြီ ..၊ အဒေါ်တော်တယ် ဆိုပြီး အသက်ဖြင့် သိပ်မကွာဘဲနဲ့ .. အဲဒါကြောင့် ပြောတာ .. လူက မလှူပ်တလှုပ် .. အလုပ်က ဆရာမ ..၊ မမချမ်း အတွက်တော့ ရင်လေးတယ် .."

ခေါင်းလေး ခါလိုက်တော့ နားဆွဲရှည်လေးက လှုပ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်တွေ ကော့တက်နေအောင် ရယ်လိုက်တော့ ချစ်ဖို့ ကောင်းသည့်မျက်နှာလေး ဖြစ်သွား၏။

သူမလေးကတော့ ချစ်သူတွေ ဝိုင်းဝိုင်းလည်လို့ပါ ...။

ချို့ မျက်နှာလေးကို မော့ကြည့်နေရင်း ရယ်မိကာ ချမ်း က ခေါင်း ညိတ် ဝန်ခံနေသည်။

"လေးပါ .. လေးပါ ...၊ ငါ့ဒုက္ခကို ရင်လေးပေးမယ့်သူလည်း နင်ပဲ ရှိပါတယ် .."

"ဘာလဲ .. အားကိုးတာလား .."

"နိုး .. နိုး ...၊ အဲဒါတွေတော့ မလုပ်နဲ့ .."

ပြုံးသည့်မျက်နှာလေးက ချက်ချင်း မဲ့သွားသဖြင့် ချို့ က ဆံပင် လေးသပ်ပြီး ရယ်၏။

ဒီအပျိုကြီးတစ်ယောက်ကြောင့် ခက်သည် ...။





## အခန်း (၃)

"ချို့ .."

"ဆက်လိုက်မလာနဲ့တော့ စည်းစိမ် .. ငါ စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူး .."

"ဒါဆို ဘာလို့လဲ ပြောလေ .."

ခြေလှမ်းတွေကို ရပ်ပစ်လိုက်မိကာ ချို့ က စည်းစိမ် ဘက်ကို ပြန်လှည့်၏။ ခေါင်းမှာ ဆံပင်နက်နက် အပြောင်သိမ်းဖြီးကာ ရှပ်အင်္ကျီ အဝါဖျော့ကွက်စိပ်နှင့် နီညိုရောင် ချည်ပုဆိုးကို သေသေသပ်သပ် ဝတ် ထား၏။ ပြီးတော့ ...

ဖွေးနုသည့်ခြေအစုံက ကတ္တီပါဖိနပ်နှင့် တင့်တယ်နေ၏။ ချို့ ကတော့ တင့်တယ်ခြင်းတွေကိုကြည့်၍ တန်ဖိုးထားဖို့ မေ့နေမိကာ...

"ဘာမှဖြစ်လို့ မဟုတ်ဘူး .. ဟိုတစ်နေ့ကလိုနေ့မျိုး ထပ်ကြုံရရင် နင် အရှက်ကွဲရဦးမှာ စိုးလို့ ...၊ နင်လည်း ငါ့လိုမိန်းကလေးနဲ့ တွဲရတာ အန္တရာယ်များပါတယ်ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"ချို .. နင့်ကို လင်းလင်း တို့ ပြန်ပြောတာကြောင့်လား ..၊ ကြားစကားဆိုတာ ပုံကြီးချဲ့ကြတာတွေပါ .. ငါ ပြောခဲ့တာ အဲဒီလိုပုံစံနဲ့ မဟုတ်ပါဘူး .."

ချို က မဲ့ပြုံးလေးနှင့် ဆံပင်တွေကို ခါထုတ်ပစ်သည်။

"သူများပြောစရာ မလိုပါဘူး စည်းစိမ် ရယ် .. နင် ဘယ်လောက်ဒေါပွ ခံစားသွားရတယ်ဆိုတာ ငါကိုယ်တိုင် ခံစားလို့ ရတယ်..၊ နင် ငါ့ကို ဒီတိုင်းထားခဲ့ပြီး ထွက်သွားခဲ့တာ မဟုတ်လို့လား .."

စည်းစိမ် မျက်နှာပျက်သွားသည်။

"ဘာလဲ .. ညံ့ နဲ့ ငါ နှစ်ယောက်ဖြစ်သွားပြီ ဆိုပြီးတော့လား.."

"မဟုတ်ဘူး .. ဒါပေမယ့် ငါ ဆက်ရှိနေရင် သူနဲ့ ငါ ရန်ဖြစ်ရတော့မှာ .. ငါတို့ ရန်ဖြစ်ကြရင် နင်ပဲ အရှက်ရမှာလေ .."

"နှစ်ယောက်စလုံး ထွက်သွားကြလို့ ငါတစ်ယောက်တည်း ကျန်ခဲ့တာ ကျတော့ရော .."

စည်းစိမ် အသံတိတ်သွားသည်။ ပြီးမှ ...

"နင့် ထင်သလိုတော့ မဟုတ်ပါဘူးဟာ .. နင်က ပေါ်ပြူလာအရမ်းဖြစ်တဲ့ မိန်းကလေးပါ ..၊ ညံ့ ကလည်း ဘာထူးလဲ .. သူ့လိုကောင်နဲ့ ယှဉ်ပြိုင်ဖို့ ဖြစ်လာတိုင်း အားလုံးရဲ့မဲက ငါ့ဘက်မှာ မရှိဘူး .."

"ဩော် .. မဲအရေအတွက်နဲ့ ဆုံးဖြတ်မှာကိုး .."

"ငါ့ကို မငေါ့ပါနဲ့ .. ပြောကြပြီဆိုရင် ဒီကောင့်ဘက်မှာ ငါ့ကို အနိုင်ပိုင်းပြောဖို့တွေချည်းပဲ .."

"ဒါဆိုလည်း ပြီးနေတာပဲ စည်းစိမ် ..၊ နင် ..နခဲ့တော့ .."

"မဟုတ်ဘူးလေ ချို .. ငါတို့ချင်း နားလည်ဦး .."

သူ စကားမဆုံးခင် ရပ်တန့်သွားသည်။ ချို လည်း ရှေ့ပြန်လှည့်လိုက်ကာမှ တစ်စုံတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့လျက်...





"ဘဝင်ချို နော် .."

ဆံပင်တိုတို အရပ်မနိမ့်မမြင့်လေးနှင့် မိန်းကလေးတစ်ယောက်..၊

"ဒီမှာ ယူ့ကို ပေးခိုင်းလိုက်လို့ .."

မေးပေမယ့် ချို မဖြေရသေးဘဲ နောက်ပစ်ကွယ်ထားသည့် လက်ကို ဖျတ်ထုတ်သည်။ သူမလက်ထဲမှာ ရဲတွတ်ညိုမှောင်နေသည့် ကတ္တီပါနှင်းဆီပွင့်ကြီးက တုတ်ခဲသော ရိုးတံကြီးနှင့် ငွားငွားစွင့်စွင့် ...။

"ဒါ ဘယ်သူပေးလိုက်တာလဲ .."

"ညံ့ .."

ပြောပြီးတာနှင့် ချို ပိုက်ထားသည့် ပလတ်စတစ်အကြည်ရောင်အိတ်လေးရဲ့နောက်မှာ ရင်ဘတ်နဲ့လည်း မထိမိအောင် သေချာထိုးစိုက်ပေး၍ ...

"အရမ်းချစ်တယ် တဲ့ .."

"ဒီမှာ .."

သူမက ပြောချင်တာပြောပြီး လှည့်ထွက်သွားတာ လုံးဝ ပြန်မကြည့်တော့ပေ ..၊ နှင်းဆီပွင့်ကို ငုံ့ကြည့်နေမိစဉ် စည်းစိမ် က သူမအနားကို ရောက်လာ၏။

"အဲဒီလို စဉ်းစားထားတာဆိုရင်လည်း ကောင်းပါတယ် ..၊ ငါက သူနဲ့ မယှဉ်နိုင်တဲ့သူပါ .."

ဒီလိုပုံစံတော့ မဟုတ်ပါ ..၊ ဒါပေမယ့် ချို က ငြင်းမနေတော့ဘဲ မျက်နှာတည်တည်လေးနှင့် ပြန်ကြည့်ကာ ..

"ဟုတ်တယ်ပဲ ထားလိုက်ပါ .. နင်လည်း သတိတော့ထားပါ..၊ အရှုံးပေးတာ နှလုံးအေးတယ်ဆိုတာ သေချာရင် ပြိုင်ဆိုင်မယ့်သူ မရှိလောက်တဲ့ မိန်းကလေးမျိုးကို ရှာ .. မဟုတ်ရင် နင် ကျန်ခဲ့ဦးမှာ .."

စိတ်တိုတိုနှင့် ပြောပစ်ခဲ့မိသည်။ အသစ်တွေ့လို့ အဟောင်းမေ့တယ်ပဲ ပြောပြော .. အပြောင်းအလဲ မြန်တယ်ပဲဆိုဆို ..၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်ပြီး မိန်းမနဲ့တူနေတာကတော့ စိတ်ပျက်ဖို့ ကောင်းပါ၏။

"ချို .. ဟော့ .. တစ်ယောက်တည်းလား .."

ဆားမှာ နောက်ထပ်တစ်ယောက် ရောက်လာသည်။

သူက နန္ဒညီ ..။

ကျွတ်!...

တကယ်ကို စိတ်ပျက်ဖွယ်ပါ ..။ ချို တစ်ယောက်တည်း သွားလာနေပြီဆို ဒီလို နှောင့်ယှက်ခံရတာတွေကြောင့် ..။

"ဘယ်သင်တန်း တက်သေးတာလဲ .. ဒီနေ့ သင်တန်း မရှိဘူးလေ .."

"ငါ့ဟာငါ ဘယ်သင်တန်းတက်တက် နင့်အလုပ် မပါဘူး ..။ ဘာလိုက်လုပ်တာလဲ .."

"ချို ကလည်းကွာ.. မသိတဲ့လူတွေ ကျနေတာပဲ ..။ တို့က ရိုးရိုးသားသားပါ .."

"အပိုတွေ ဖွီးမနေနဲ့ .. ရှေ့ဆက် လိုက်လာရင် တစ်ခုခု လုပ်မိလိမ့်မယ်နော် .."

အသံကျယ်ကျယ်နှင့် အော်ပစ်လိုက်တော့မှ ရှုံ့မဲ့ ခေါင်းကုတ်ရင်း ကျန်ရစ်၏။ ခြေလှမ်းသွက်သွက် လှမ်းနေရင်း ကိုယ့်ရဲ့ဖိနပ်သံကို ပြန်ကြားနေရတဲ့အဖြစ် ..။

ရည်းစားတစ်ခုလပ် ဖြစ်နေတာလည်း မလွယ်ပါလား ..။





အခန်း (၄)

"ချမ်း ရေ .."

"ဟင်!... အန့်တီ .."

ချမ်း ခြေလှမ်းတုံ့သွားကာ ခေါ်ချိုသံ လျှောက်လာနေသည့်ဘက်ကို ပြန်လှည့်သွားမိသည်။

"ငါ့တူမ .. အဲ .. ငါ့ညီမလေးက မတွေ့တာကြာတော့ တစ်ခါပြန်တွေ့ရင် တစ်ခါ ပိုပို ကြည့်ကောင်းတယ် .."

"ဟုတ်လား .. ဒါဆိုရင်တော့ အန့်တီ့ကို မုန့်ဝယ်ကျွေးရတော့မယ် .."

နှစ်ယောက် မျက်နှာချင်းဆိုင်မိကာမှ ချမ်း က ခေါ်ချိုသံ လက်ကို ခပ်ဖွဖွ ကိုင်၍ ...

"ကိုယ့်အစ်မတစ်ယောက်ကို အန့်တီပဲ ခေါ်နေမိတယ် .. ဆောရီး မမ .."

"အို .. ပြောစရာလား ချမ်း ရယ် .. ဘယ်လိုတော်စပ်တာတွေ တွေးမနေပါနဲ့ ..။ ချမ်း က တို့သမီးလေးနဲ့မှ မတိမ်းမယိမ်း ရှိသေးတာ..။ တို့လည်း သမီးလို့ ခေါ်မိ .. ငါ့တူမ ပြောမိလို့ ပြောမိနဲ့.."

www.burmeseclassic.com



ပြောနေရင်း လာရင်းကိစ္စကို ကျော်လွှား၍ ရယ်နေမိကြသည်။

"နောက်ဆိုရင် ပါးစပ်ထဲရောက်လာသလိုပဲ ပြောလိုက်ကြဘာပေါ့ .. မဟုတ်ဘူးလား .."

နှစ်ဦးသဘောတူ ခေါင်းတွေညိတ်ကြကာ အပြင်ခုံတန်းလေးတစ်ခုပေါ်မှာပဲ ထိုင်မိကြ၏။

"ချမ်း ကို တစ်ခုခု ပြောစရာရှိလို့ လာတာလား ..၊ ချို့ ဆီကိုလားဟင်.. အန်တီကိုယ်တိုင် လာကြိုတာတော့ မဟုတ်လောက်ပါဘူး.."

"မဟုတ်ပါဘူး ချမ်း ရယ်.. ညည်းညီမအကြောင်း ပြောချင်လို့ပါ"

"ဟင်!..."

"လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတာ မှန်လိုက်တာ နော် .. အထူးသဖြင့် ပြည့်စုံအလိုလိုက်ခံထားရတဲ့ ကလေးတွေ ပိုပြီး ဆိုဆုံးမရခက်ကြတယ် ..၊ အန်တီ သမီးကို ကြည့်မိကာမှ ပိုပြီး သဘောပေါက်လာတယ် .."

ဒေါ်ချိုသဲ ပုံစံက စိတ်ညစ်လာခဲ့တာတွေကို ပြန်စဉ်းစားမိကာ ပြောစရာတွေလည်း များပြားနေပုံနှင့် ...

"ဟုတ်တယ် .. သမီးဆိုရင် မိဘနဲ့နေခဲ့ရတဲ့အချိန်က ဘယ်မှာရှိလို့လဲ..၊ ဦးလေးတစ်ယောက်ရဲ့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာ.. မဆင်းရဲပေမယ့် ပြီးပြည့်စုံခဲ့တယ်လို့လည်း ပြောလို့မရဘူး ..၊ ဒါနဲ့တောင် တော်အောင် တတ်အောင် ကြိုးစားနိုင်ခဲ့တယ် .. မိမိကိုယ်တိုင် ထိန်းကျောင်း ရပ်တည်နိုင်ဟု အသိစိတ်လည်း ဘယ်သူမှ သင်ပေးဖို့ မလိုခဲ့ဘူး .."

"ဒါတွေကလည်း ဘဝပေး အသိတွေပါ အန်တီရယ် .."

"ဘဝကတော့ လူတိုင်းကို ပေးနေတာပဲ ချမ်း .. ဘဝတစ်ခု ဖြစ်လာရင် ဆင်းရဲတဲ့လူဖြစ်ဖြစ် .. ချမ်းသာတဲ့လူဖြစ်ဖြစ် .. မင်္ဂလာ၊ အမင်္ဂလာ .. နိဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဆိုတာတွေကို ပတ်ဝန်းကျင်မှာ အမြဲ





မြင်တွေ့နေရတာပဲ ..၊ လောကသဘာဝတရားက ဆင်းရဲတဲ့လူတွေမှာပဲ မြင်တွေ့ မှတ်ရှုရမယ်လို့ သတ်မှတ်ထားတာမှ မဟုတ်တာ ..၊ ဒါကို ယူတတ်တဲ့လူက ရတယ် .. မှတ်သားမှ အမြတ်တရား ရတာ ..၊ အန်တီ့ သမီးကို သမီးအလိမ္မာလေး အရမ်းဖြစ်စေချင်တာပဲ .. ဒါပေမယ့် .."

"ချို က ချစ်စရာလေးပါ အန်တီရယ် .. လူငယ်ပီပီ လွတ်လပ်ပွင့်လင်းတတ်တာပဲ ရှိတာ .."

"မဟုတ်ဘူး .. တက္ကသိုလ်ရောက်သွားတာ ရည်းစားထားခွင့်ပါမစ် ပေးလိုက်သလိုပဲ ..၊ ဒီအရွယ်တွေကို ငယ်ပါသေးတယ်လို့တော့ ပြောလို့ မရဘူးဆိုတာ အန်တီ သိပါတယ် .. ဒါပေမယ့် ချစ်တဲ့သူမှာလို့ ချစ်သူရှာတာက တစ်မျိုး ..၊ ခုခေတ်မှာ လူငယ်တွေက ချစ်သူဆိုတာတောင် ဘယ်မှာရှာရမှန်း မသိပါဘူးကွယ် .. ချစ်တာ မဟုတ်တော့ဘူး တွဲတာတဲ့ ..၊ တွဲကြည့်တာမို့လို့ မြဲချင်မှ မြဲမှာပါ တဲ့ .."

"ဟင် .. အဲဒါတွေကို ဘယ်သူတွေက ပြောတာလဲ အန်တီရယ်.."

"ညည်းညီမပဲ ပြောတာလေ.. သူတို့ချင်း ဖုန်းပြောနေတာ အန်တီကြားရတာ ..၊ သူ ချစ်သူထားနေတာ အန်တီ သိပါတယ် .. ဒါပေမယ့် များနေတာကိုတော့ ခုမှ သိတာ .."

"များတယ်ဆိုတာလည်း အန်တီရယ် .. လူငယ်တွေဆိုတော့ စိတ်မြန်လက်မြန်တွေ ဖြစ်ကြတာကိုး .. တက္ကသိုလ်မှာ ကျောင်းသားကျောင်းသူတွေ ဒီတိုင်းပါပဲ ..၊ တချို့ကျတော့လည်း ယောကျ်ားလေးမိန်းကလေးတွေ စုဖွဲ့ ရင်းနှီးပြီး သူငယ်ချင်းတွေလား .. ချစ်နေကြတာလား ..၊ ဘယ်သူက ချစ်သူ .. ဘယ်သူက သူငယ်ချင်းလဲ ..၊ ဘယ်သူက အောင်သွယ်နေတာလဲ ဘယ်လိုမှ အကဲခတ်မရအောင် ရင်းနှီးကြတာ.."

"ဟင်း .."

ဒေါ်ချိုသဲ က ကျောင်းသားတွေ သွားလာနေကြတာကို ငေးမိပြာယ်မှဲ့ ငေးနေရင်း သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့လေ လူငယ်တွေက သူ့ထက်ငါ ဆရာကြီးလုပ်ပြီး ပြောချင်ကြတာ.. ရည်းစားတွေ ထည်လဲတွဲနေရတာကို ဂုဏ်ယူစရာလို့ မြင်တာ ..၊ ကိုယ့်ကြောင့် သူများ အသည်းကွဲကျန်ရစ်တာကို အရသာခံပြီး ပြောချင်တာ .. အဲ .. တချို့ကျတော့ ကျန်ရစ်ခဲ့ရတာကိုပဲ ဂုဏ်ယူတတ်နေပြန်ရော ..၊ ချန်ထားခဲ့တဲ့လူနဲ့ ကျန်ရစ်ခဲ့ရတဲ့လူ ဘယ်သူ ပိုပြီး သိက္ခာရှိသလဲ ဆိုတာမျိုးပေါ့ .. တကယ်တော့ ဒီနေရာမျိုးမှာ ကိုယ့်ရဲ့ မူရင်းစိတ်အခံနဲ့ မဟုတ်ဘဲ သောင်းပြောင်းထွေလာ ရောထွေးခံစားနေကြတာမျိုးပါ၊ ပြောရရင် ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီလို့ ထင်ပေမယ့် ဟိုမရောက် ဒီမရောက် စပ်ကြားမှာ ကူးလူး ယိမ်းနွဲ့နေတာမျိုး .."

"စကားတွေပြောတတ်နေတာတော့ တကယ့်ကို လေးစားပါတယ် ချမ်း ရယ် .. အန်တီတောင် ကိုယ့်သမီးလေးကို ငါ ဘာတွေ အထင်မှားနေမိပါလိမ့်လို့ တွေးမိလာတယ် .."

ဒေါ်ချိုသဲ က ပြုံးနေရင်း ခေါင်းတော့ ညိတ်ပေမယ့် ...

"ဒါပေမယ့် ပြောနေတဲ့လူကလည်း ကိုယ့်သမီးနဲ့ အသက် သိပ်မကွာတဲ့မိန်းကလေးပဲ ဖြစ်နေတော့ အသိတွေ အဲဒီလောက် ကွာကြတာလားလို့ တွေးမိပြန်ရော .."

သူမဘာသာ ပြောနေပြီးမှ ရယ်ကာ ...

"အေးပေါ့လေ .. အသက် နှစ်နှစ်ကွာတာ မပြောနဲ့ .. မိနစ်ပိုင်းလေးပဲ ခြားမွေးကြတဲ့ အမွှာတွေတောင်မှ အကြီးဖြစ်တဲ့လူက မျက်နှာပုံရော အမူအရာတွေပါ အကြီးမှန်း သိသာအောင် တည်ငြိမ်နေတဲ့ အမွှာတွေ ရှိကြတာပဲ..၊ ငါ့တူမက ဆရာမတစ်ယောက်ဆိုတော့ ကျောင်းသားတွေနဲ့ အမြဲ ထိတွေ့ ဆက်ဆံနေရတာ နားလည်နေမှာပေါ့ .."

"ဟုတ်မယ် .. အဲဒါလည်း ပါတယ် ..၊ ပေါ့လားဝါးလား ခင်မင်နေကြတဲ့ လူငယ်တိုင်းလည်း မြင်နေရသလောက်ဆော့ မပျော့ရမ်းကြတာ တွေ့မြင်ဖူးလို့ပါ ..၊ အန်တီ စိုးရိမ်လွန်နေတာပါ .. ချို က သူ့ကိုယ်





သူ ထိန်းနိုင်ပါတယ် .. ပြီးတော့လည်း ကျောင်းသားကျောင်းသူ တချို့ တလေ အနေအထိုင်မတတ်ပေမယ့် တော်တော်များများကတော့ ချစ်သူဖြစ်သွားတယ်ဆိုတာ မုန့် အတူတူစား .. ရုပ်ရှင်ကြည့် .. လျှောက်လည် ဒီလောက်ပါပဲ ..၊ ချို က အဲဒီလို စည်းနဲ့ကမ်းနဲ့ နေတတ်တယ်ဆိုတာ ချမ်း သိတယ် .."

"အင်း .. စိတ်တော့ ချမ်းသာသွားသလိုပဲ .. ဒါပေမယ့် အခု အန်တီ လာရတာက ချို့ ကို သမီးဆီမှာ အပ်ချင်လို့ပါ .."

"ဟင်!... ချမ်း ကို .."

"ဟုတ်တယ် .. ချမ်း က ဆရာမမို့လား .. သမီးက ချမ်း နဲ့ အတူသွားလာနေရင် ချမ်း က ဂရုစိုက်ထားတဲ့ မိန်းကလေးဆိုရင် သမီး ညီမ ပိုပြီး သိက္ခာရှိတာပေါ့ကွယ် .."

"ဩော် .."

"ချမ်း ရယ် .. သမီးရဲ့ညီမက ရုပ်လည်း လှတယ် ..၊ အရမ်းလည်း ဟော့(ထ်)ဖြစ်တာ .. အန်တီလည်း နေရာတကာ လိုက်ကြည့်မနေနိုင်ဘူးလေ .. တခြား စိတ်ချရမယ့်လူဆိုရင်တောင်မှ သမီးလောက် သင့်တော် ကောင်းမွန်မှာ မဟုတ်ဘူး .. သမီးရဲ့ကျေးဇူးကို မမေ့ပါဘူး ..၊ အန်တီ့ကို ဒါလေးပဲ ကူညီပေးပါ .. သူ့အဖေကလည်း နိုင်ငံခြားထွက်သွားတာ သိပ်မကြာသေးတော့ ဟိုမှာ စိတ်ထွေပြားမယ့်ပြဿနာမျိုး ဘာမှမဖြစ်စေချင်ဘူး .."

"ဘာပြဿနာတွေ ရှိနိုင်လို့လဲ အန်တီ .. ချို က အဲဒီလို မိန်းကလေး မဟုတ်ပါဘူး ..၊ ပြီးတော့ ချမ်း အနေနဲ့ ဒီလိုကိစ္စတွေအထိ ပါဝင် ပတ်သက်ပေးဖို့ .."

"အဲဒီလိုလည်း မဟုတ်ပါဘူး .. သမီးကို အဲဒီလောက်ထိ ကူညီဖို့ ပြောနေတာ မဟုတ်ပါဘူး .."

ဒေါ်ချိုသဲ က ပျာပျာသလဲ ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်တုန်းက ဦးလေး ဦးကောင်းလွင် နဲ့အတူ ချမ်း အလည် ရောက်ခဲ့ဖူးစဉ်က မျက်နှာထားပုံစံနဲ့တော့ တခြားစီပါ ..။

"ဦးဦးလွင် နောက်တစ်ခါ ချမ်း ဒီကိုမလာချင်တော့ဘူး .."

"ဘာဖြစ်လို့လဲ သမီးရဲ့ .."

"ဟိုအန်တီက ချမ်း တို့ကို မခေါ်ချင်ဘူး .."

"မဟုတ်ပါဘူး သမီးရယ် .. အဲဒါက သူ့ဗွေးစတိုင်လ်လို့ ခေါ်တယ် .."

"သူ့ဗွေးဆိုရင် မရယ်တတ်ဘူးလား .."

"ရယ်တတ်ပေမယ့် .. ခပ်မိန့်မိန့် ပြုံးတာမျိုးပေါ့ .."

"ဦးဦးလွင် ပြုံးပြ .."

အပြန်လမ်းမှာ စကားတွေပြောဖြစ်ကြရင်း ဦးဦးလွင် ရယ်နေတာကို ခုချိန်ထိ မျက်လုံးထဲမှာ မြင်ယောင်နေတုန်း ..။

"ဦးက သူ့ဗွေးမှမဟုတ်တာ ငါ့သမီးရာ ..၊ နေဦး .. သူ့ဗွေးဖြစ်မှ ပြုံးပြမယ် .."

ထိုစဉ်တည်းက ရယ်မောမပျက် ရှိနေခဲ့သည့် ဦးဦးလွင် မျက်ဝန်းတွေထဲမှာ အဖြေရှိနေခဲ့တယ်ဆိုတာ နောက်ထပ် ပြောဖြစ်ခဲ့ကြသည့် စကားတွေက သက်သေပါ ..။

ဒါပေမယ့် ဒီစကားတွေကို ခံစားနားလည်တတ်ခဲ့တာ ထိုစဉ်တုန်းကတော့ မဟုတ်ခဲ့ပေ ..။

"စပ်နိုင်မှတော်တဲ့ ဆွေမျိုးဖြစ်ဖြစ် .. ဆွေမျိုးအရင်းအချာတွေပဲဖြစ်ဖြစ် ဒီလိုပဲ ..၊ နောင်လာနောက်သားတွေနဲ့ ဆွေမျိုးဆက် ဝေးသွားလေ စိမ်းသွားကြလေပဲ ..၊ ချမ်းသာတဲ့လူတွေက ပိုပြီး မသိသလို နေချင်တော့တာ ..၊ ကိုယ်ကလည်း မိုးနိုဖို့အတွက်တော့ မဟုတ်ပေမယ့် ဆွေမျိုးစဉ်ဆက် ဘယ်လိုရှိခဲ့ကြတာကို သိထားရမှာပဲ .."

"ဦးဦးလွင် ပဲ ရွှေရှိမှ မျိုးတော်ချင်တာဆို .. ဘယ်ဆွေမျိုး ဆင်းရဲ





ချမ်းသာတာကိုမှ ဂရုစိုက်စရာ မလိုဘူး ဆို .. ကင်းကင်းနေနိုင်ရင် အကောင်းဆုံး ဆို .."

ကလေးသာသာအရွယ်မို့ သိချင်သလောက် မှတ်ထားတာတွေကို အကုန် ချမေးခဲ့ဖူး၏။ ဦးဦးလွင် ကလည်း ဖြေခဲ့ပါသည်။

"သိထားဖို့သင့်တာတွေ ပြောပြနေပြီလေ ..၊ ရှေးတုန်းက ရှင်ဘုရင်တွေလည်း တိုင်းသူပြည်သားတွေ အခြေအနေကို ကိုယ်တိုင်စုံစမ်းအကဲခတ်ချင်လို့ ရုပ်ဖျက်ပြီး တိုင်းပြည်ထဲကို လှည့်လည်ကြည့်ကြတာပဲ ..၊ အဲဒါ ပြည်သူပြည်သားတွေဆီမှာ ခိုလှုံချင်လို့လား .."

ငယ်ငယ်တုန်းက ရာဇဝင်ပုံပြင်တွေ ကြားဖူးနားဝ ရှိနေတာမို့ ဦးဦးလွင် ပြောပြလိုက်တာနှင့် ဒါကို ချမ်း နားလည်သလိုလို ရှိခဲ့သည်။

"အခု ဦး အတွက် မလိုအပ်ပေမယ့် သမီးကနေ နောက်ထပ် ဆင့်ပွားလာမယ့် လူငယ်မောင်မယ်တွေဆိုရင် ဒါက ဆွေမျိုး.. ဒါက ဦးလေးဘကြီး တော်တယ်ဆိုတာတွေ ဘာမှသိကြမှာ မဟုတ်တော့ဘူး..၊ သိသိမသိသိ ရတယ်ဆိုပေမယ့် သိထားဖို့ အခု ရောက်လာရတာ ..၊ ဝင်ထွက်ကြတာမှာ ဘာမှလည်း အပန်းမကြီးဘူးလေ .. မဟုတ်ဘူးလား .."

တစ်ခုခုကို ရှင်းပြပြီဆို ဦးဦးလွင် က ပုံစံဥပမာတွေနဲ့ ရှင်းပြတတ်သူပါ ..၊ ဒါကြောင့်လည်း ချမ်း ရဲ့မိဘတွေ မဆုံးပါးစဉ်တည်းက ဦးဦးလွင် နဲ့ ချမ်း က တူဝရီးလိုရော.. သားအဖ မောင်နှမတွေလိုပါ ချစ်ခင်ရင်းနှီးခဲ့ကြသည်။

"မှတ်ထား သမီး .. မိုးနိုရတဲ့အထိ ဟုတ်သည်ဖြစ်စေ .. မဟုတ်သည် ဖြစ်စေ .. ပိုက်ဆံရှိတဲ့လူနဲ့ မရှိတဲ့လူ နှစ်ရပ်မှာ မရှိတဲ့လူဘက်မှာပဲ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ရှိလာတတ်တာ .. ဒါက သဘာဝပဲ ..၊ လူ့ဘဝမှာ တော်ရုံလူတွေ ဘယ်လိုမှ မာနမကြီးနိုင်ကြတာ သေရေးရှင်ရေးပဲ .."

ပြောပြသမျှမှာ ချမ်း နားလည်နိုင်တာတွေရော .. မလည်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေပါ ထွေရာလေးပါး ပါခဲ့သည်။ သူမကလည်း အားလုံးနီးပါး မှတ်မိနေခဲ့၏။

"ပေးနေကျ ဥပမာအတိုင်း ပြောရရင် ဘုရင်လိုပုဂ္ဂိုလ်မျိုးလည်း အကြောင်းရပ်တစ်ခုခုပေါ်မှာ သေရေးရှင်ရေး ဖြစ်လာရင် တိုင်းပြည်အင်အားကို ယူရတာပဲ ..၊ ဦးက ငါ့သမီးအတွက် ဦးရဲ့ဝတ္တရားရှိတဲ့အတိုင်းတော့ ကျေခဲ့ချင်တာ .. ငါ့သမီး မာနကြီးတယ်ဆိုတာ သိတာပေါ့ ..၊ ဒါပေမယ့် အပန်းမကြီးသေးတာကို လွယ်ကူနေသေးတဲ့အချိန်အခါမှာ ပေါ့ပေါ့ပါးပါး ကျော်ဖြတ်ခဲ့တာမျိုးပဲ .."

နောက်ထပ် နှစ်ခေါက်လောက် ချမ်း ကို ခေါ်သွားခဲ့တော့ ဘဝင်ချို နဲ့ ရင်းနှီးတဲ့အထိ ဖြစ်ခဲ့သည်။ အသက်ချင်း မတိမ်းမယိမ်းပေမယ့် ဘယ်ကနေဘယ်လိုတော်စပ်ပုံကစ၍ တူဝရီးတော်လာခဲ့ရတဲ့အကြောင်းထိ ချို နဲ့ ချမ်း ကို သိစေခဲ့သည်။

ဆွေမျိုးတွေပေမယ့် စိမ်းသက်ခဲ့ကြခြင်း၊ ရင်းနှီးခဲ့ရခြင်းအကြောင်းတို့က ဒါပဲ ဖြစ်၏။ အလုပ်တာဝန်နှင့် ရန်ကုန်ကို ရောက်လာကာမှသာ လုံးဝ ပုံစံပြောင်းသွားခဲ့သည့် ဒေါ်ချိုသဲ ကတော့ ကြာလေ ပျာပျာသလဲ ရှိလာလေ ..။

ခုတော့ ချမ်း ရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်၍ ခယတောင်းဆိုနေလေသည်။ သို့သော် ...

"တာဝန်ကြီးတစ်ခုလို ပုံအပ်တာ မဟုတ်ပါဘူး .. ရှင်းရှင်းပြောရရင်လေ သမီး ချို့ ကို အိမ်ထောင်ကျ စေသွားမှာ အရမ်းစိုးရိမ်တယ်..၊ ဘာဖြစ်လို့လဲ သိလား သမီး .. သူ့ကို ကမ်းလှမ်းထားတဲ့ သားရှင် ရှိတယ် .."

"ဟုတ်လား .."

"ဒါပေမယ့် တစ်ဖက်က စကားပြန် မစသေးတော့ ကိုယ်က မိန်းကလေးရှင် မို့လား .. အန်တီတို့ဆွေမျိုးချင်း ပွင့်ပွင့်လင်းလင်းပဲ ပြော





ယ်ကွယ် .. သူတို့က အရမ်းချမ်းသာတာ ..၊ သမီးနဲ့ အဆင်ပြေသွားစေချင်တာ သမီးရယ် .. နှစ်ဖက်လူကြီးချင်း သေချာ မကြောင်းလမ်းရသေးခင် သမီး ချစ်သူတွေ့ပြီး ပါသွားမှာစိုးတယ် ..၊ တကယ်ချစ်တဲ့သူပဲဖြစ်ဖြစ် .. တွဲကြတာပဲဖြစ်ဖြစ် .. ဘာမှမဟုတ်ကြတဲ့ သူငယ်ချင်းပဲဖြစ်ဖြစ်ကွယ် .. ဒီ အစွန်းအထင်းတွေကြောင့် လက်ထပ်ဖို့ ပျက်ပြားမှာ အရမ်းကို စိုးရိမ်တယ် .."

"အန်တီရယ် ချို့ ကို မျက်စိအောက် ရောက်လာတိုင်း သူလုပ်နေတာ .. သူဖြစ်ချင်တာလေးတွေ ချမ်း အကဲခတ်ကြည့်ပါတယ် ..၊ အန်တီစိတ်ပူသလောက် အကြီးကြီးတော့ မဖြစ်နိုင်သေးပါဘူး .."

"ဒါပေမယ့်လေ .."

"တကယ်လို့ ဒါတွေဖြစ်ဖို့ ရှိလာရင်တောင် ချမ်း က .."

"အို .. တာဝန်မယူရပါဘူး .. သမီးကို တစ်ခုခု အမြင်မတော်ဖြစ်လာရင် .. သမီး ပြောဆိုတီးခေါက်ကြည့်တာမှ အဆင်မပြေတော့ဘူးဆိုရင် သမီးက အန်တီ့ကို အကျိုးအကြောင်းလေး သတင်းပို့ရုံပါပဲ နော်.."

ချမ်း က အေးချမ်းသည့်အပြုံးလေးနှင့် စိုက်ကြည့်သည်။ မိခင်တစ်ယောက်ရင်ထဲက ပူပင်သောကကို စာနာပေးလို့ ရပါသည်။

ဒါပေမယ့် ဘယ်တုန်းကမှ ဘာမှမဆိုင်သလိုမျိုး နေနိုင်အောင်နေခဲ့တာက ကိုယ်..၊ ကင်းနိုင်အောင် ကင်းဖို့လည်း အစွမ်းကုန် ကြိုးစားခဲ့၏။

'မရှိတဲ့လူဘက်မှာပဲ ပတ်သက်ရာပတ်သက်ကြောင်းတွေ ရှိတတ်တာ သဘာဝပဲ' လို့ ဦးဦးလွင် ပြောခဲ့တဲ့ မရှိတဲ့လူတွေရဲ့သဘာဝကို လွန်ဆန်နိုင်ဖို့ပဲ ဖြစ်သည်။

ဒါဆို သူမ ကြိုးစားခဲ့တာ အရာထင်ခဲ့သလား .. မထင်ဘူးလား..၊ ပတ်သက်လာခဲ့တာက သူလား .. ကိုယ်လား ..။

"အဆင်ပြေတယ်မို့လား ဟင် သမီး .. ပြောပါဦးကွယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .. သူစိမ်းတွေမှ မဟုတ်ကြတာ အန်တီကလည်း..၊ ပြီးတော့ ချမ်း က ဝါကြီးတယ်ဆိုလည်း ဟုတ်တယ် .. ချို့ ထက် အသက်လည်း ကြီးပါတယ် .."

"အမလေးကွယ် .. ပြောပြန်ပြီ ဒီအသက်က .."

"ပြောပြတာပါ .. ချမ်း တတ်နိုင်သမျှ စောင့်ရှောက်ထားပါ့မယ်..၊ ချို့ ကလည်း ချမ်း ကို ခင်တယ် .."

"ဟုတ်တယ် .. ဟုတ်တယ် .. သမီးအကြောင်းပဲ အိမ်မှာ ပြောနေတာ .. သမီးနဲ့ အတူတူနေရရင် ကောင်းမှာပဲဆိုတာ သူ တဖွဖွ ပြောတယ် .."

ချမ်း ကလည်း တကယ် စိတ်ထဲကဖြစ်လာတဲ့ စေတနာနဲ့ ကတိပေးလိုက်တာပါ ..၊ ချို့ ကို ချစ်မိတာလည်း အမှန်ပင် ..။ ပြီးတော့ ဒီအရွယ် မိန်းကလေးတစ်ယောက်က နေရာတကာ လက်ဆွဲခေါ်သွားပြီး ထိန်းကျောင်းနေရမှာမျိုးလည်း မဟုတ် ..။

ချို့ တို့အိမ်နဲ့ သူမအတွက်က ကြီးမားအုံ့ဖွဲ့လောက်သည့် အကြိတ်အခဲ နာကျင်ဖွယ်ရာ ဘာမှမရှိခဲ့သည့်အဖြစ်မှာ ဒေါ်ချိုသဲ အတွက် စိတ်အေးမှု အနည်းငယ် ရှိသွားအောင်တော့ သူမ ကူညီချင်ပါသည်။

ချို့ က အခု ဘယ်သူနဲ့ပြတ်ပြီး ဘယ်သူနဲ့ ဆက်နေလို့လဲ ..၊

ကိုယ့်အလုပ်နဲ့ကိုယ် အမြဲတမ်း မအားလပ်ခဲ့သည့်ခေါင်းထဲမှာ ပထမဆုံး ဝင်လာခဲ့သော သီးခြား ရှုပ်ထွေးမှု တစ်ခု ..၊





အခန်း (၅)

"ချို့ ကို တွေ့လိုက်သလားလို့ .."

"တွေ့တယ်လေ .. ပါသွားပြီ .."

"ဘယ်ကောင်နဲ့လဲ .."

"အင်္ဂလိပ်စာဌာနက ဆရာမနဲ့ .."

"ဆံပင်အရှည်ကြီး တယမ်းယမ်းနဲ့ ကိုယ်လုံးလှလှ .."

"ဟုတ်တယ် .. ကိုယ်လုံးတင် လှတာ မဟုတ်ဘူး .. လူလည်းလှတယ် ..၊ အဲ့တစ်ယောက်နဲ့ ဘဝင်ချို့ က ဆွေမျိုးလို့တောင် ပြောတယ် .. မင်း မသိဘူးလား .."

ညဲ က ခေါင်းခါပြီး အုတ်ဘောင်ပေါ်မှာ တက်ထိုင်လိုက်သည်။ သူ စိတ်ဝင်စားနေတာက ချို့ တွဲနေသည်ဆိုသော နောက်ထပ် တစ်ယောက်..၊

"ညက တာရာ ဆိုတဲ့ တစ်ယောက်နဲ့ အွန်လိုင်းပေါ်မှာ သူ ပြောနေတာ အကြာကြီးပဲ .."

"နန္ဒညီ ကရော .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မဟုတ်သေးပါဘူး .."

ဒွန်း နဲ့ သက်ရင့် တို့ အုပ်စုက သူ့ကို ပြိုင်တူ လှည့်ကြည့်ကြကာ..

"ဘာလဲ .. မင်းရဲ့ရာဇဝင် ပျက်ဖို့ ရှိသလား .."

"ဘာလို့ ပျက်ရမှာလဲကွ .. အေးဆေးပါ .."

"သုံးနှစ်မြောက်သွားဦးမယ် .."

"တော်ကြာ ရင်ခုန်သံတွေ မလန်းဘဲ ငွမ်းကုန်တော့မယ် .."

"ချို က တစ်နေ့တခြား လှနေတာကွ .. သူ့အကောင့်(တ်)ထဲမှာဆို မင်း ဝင်ကြည့်တာ မမြင်ဘူးလား .."

"ဟုတ်တယ် ည .. မင်းရဲ့ဇယား ဘယ်လိုရှိရှိ ကိုယ်ကငြိမှ ဖြစ်တာ ..၊ ချို တစ်ယောက်နဲ့ငြိရင် မင်းအတွက် တစ်ခါ မိုင်းနက်(စ်)နော်.. သူက မိန်းကလေး .. ကြိုက်ရင်လည်း အငြိမ်ဇယားကြီးနဲ့ ဒီတိုင်းမနေနဲ့ .. ငုတ်တုတ်မေ့လိမ့်မယ် .."

"ဟွန်း .."

ည က မြင်မြင်ရာကို လိုက်ကြည့်ပြီး သူတို့ပြောတာတွေ နားထောင်ရင်း ပခုံးတွန့်သည်။ ဒွန်း က သူ့ကိုကြည့်၍ ရယ်ကာ ...

"ည ကိုများ မင်းတို့မို့ ပူနေတယ် .. ဒီကောင် အငြိမ်ဇယားနဲ့ နေနေတာ ငြိမ်လို့ ရနေသေးလို့ပါ .."

ည က မျက်တောင်ဖျားတွေစင်း၍ မေးဆတ်ကြည့်ကာ ...

"ဘာလဲ မင်းက .."

"ချို့ ကို မင်း ပြိုင်ဆိုင်လုနေရတာကို စိတ်ဝင်စားနေတာပါ ..၊ တကယ် မဟုတ်သေးပါဘူး .. ကိုယ့်ရင်ဘတ်ကို သေချာလည်း တွေးကြည့်ဦး .."

"တကယ်ဟုတ်တယ်ဆိုတာ ဘာလဲ .."

မေးသည့် ည် မျက်နှာက မချိုမချဉ်နှင့် ...

"ကြိုက်လို့ လိုက်နေတာပဲ .."





"ဒါဆိုလည်း လုပ်လေ ..၊ ဘာလဲ .. ချို့ ကို အချိန်မရွေး မင်းကောက်ယူလို့ရမယ့် ဘိုမရုပ်လေးလို့ တွက်ထားတာလား .."

"မရနိုင်ဘူးလို့ မင်း ပြောချင်လို့လား .. ဆက်ပြောလေ .."

"မပြောပါဘူး ..၊ ဒါပေမယ့် ချို ကလည်း အရမ်းဟော့(ထ်)တဲ့ မိန်းကလေးပဲ .. မင်းကျမှ ခါနေတာ တွေးကြည့်ဦးလေ .."

"ငါ့ကျမှ တကယ်ကြီး ခိုက်နေတာ မဖြစ်နိုင်ဘူးလား .."

ဒွန်း က ခေါင်းတွေ ဖွသွားလျက် ကျန်တဲ့ကောင်တွေ ပြုံးစိစိဖြစ်ကုန်၏။ ည က ဟားတိုက်ရယ်ကာ ...

"ပြောပါ .. ဆက်ပြော .."

"ခွေးကောင် .. အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရင်းနဲ့ ကျန်ခဲ့မှာစိုးလို့ သတိပေးနေတာ .. စေတနာကို နားမလည်ဘူး .."

"သြော် .. ပြောပါဆိုမှ .."

"မင်းကရော သူ့ကျမှ ဖွဲ့နဘဲနဲ့ ခိုကပ်နေခဲ့တာ နှစ်ရှည်လများ.."

"ငါကလည်း သူ့ကျမှ တော်တော်ကြီး အဖြစ်သည်းနေတာ ဖြစ်နိုင်တာပဲ .."

"အင်း .. အင်း .. ဖြစ်နိုင်ပါတယ် .."

ဘေးကတစ်ယောက်က လှမ်းကြည့်ပြီး မှတ်ချက်ချ၏။

"အေးလေ .. ဘယ်မှာလဲ ဖွဲ့နဘဲ .."

"လုပ်မနေနဲ့ ည .. မင်း ဒွန်း ပြောတာကို ဝန်ခံလိုက်တော့ .."

"ဘာလဲ .."

"မင်းက အပြိုင်အဆိုင် ဗိုလ်လုရတာကိုမှ စိတ်ဝင်စားတဲ့ကောင်လေ ..၊ ချို့ ကို တကယ်ကြိုက်ရင် ဒီလိုကို မနေဘူး .. မတွေ့ရင် သတိမရဘူး ..မြင်လိုက်တာနဲ့ အသည်းအသန် ..၊ ဘယ်သူတားတား ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် ဖွတ် .."

"ဟား .. မင်းတို့ကလည်း ဒါပဲ ပြောနေ ..၊ ငါ ဖွတ်ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့်လေ.. သူ့ကိုမြင်လိုက်ရတိုင်း အမြဲတမ်း တစ်ယောက်ယောက်နဲ့ ..”

“အဲဒီတစ်ယောက်ယောက်ထဲမှာ မင်း မပါခဲ့တာက ဘယ်သူညံလို့လဲ ..၊ သူတွဲတဲ့ကောင်တွေက မင်းလိုကောင် တစ်ကောင်မှ မပါဘူး ညံ ..၊ ငါတို့ တင်းချင်နေတာ ဒါပဲ .. မင်း ဘယ်လိုလူ ဖြစ်နေနေ သူ့ရဲ့ ပယ်ဇယားကြီးထဲမှာ အမြဲရှိနေတာ ကောင်းလား ..”

“မကောင်းဘူး ..”

“ဪ .. မကောင်းမှန်း သိရင်လည်း ကိုယ့်ရာဇဝင် အပျက်မခံနဲ့လေ ..၊ ငါတို့တစ်ဖွဲ့လုံးရဲ့ ဂုဏ်သိက္ခာ နော် ..”

“ဟုတ်တယ် .. ချို မင်းကို တမင်ဖွဲ့နေတာ ထင်တယ် ..”

“ကဲပါကွာ .. မင်းတို့ဂုဏ်သိက္ခာတွေနဲ့ သက်ဆိုင်လာပြီဆိုရင် ငါ နည်းနည်း လီဗာနင်းလိုက်ပါ့မယ် ..”

“တွေ့လား .. ပြောပုံက သူ့မျက်နှာပေါ်မှာ ရာသီဥတု အပြောင်းအလဲ ဘာမှမရှိဘူး .. ငါတို့မှာသာ ..”

“ဪ .. မပူပါနဲ့ဆိုမှ ..”

ညံ က ဒီတိုင်း ထပ်ပြောပြီး နာရီငုံ့ကြည့်ကာ ...

“ကန်တင်း(န်) သွားမလား .. စောသေးတယ် ..၊ ဟိုရောက်မှ ဆက်ပြောမယ် ..”

“ချို့ကို မေးပြီး တစ်ခုခု ပါလာသလို အစီအစဉ်က အခု ဘယ်ရောက်သွားပြီလဲ ..”

“တစ်ခုခု ပါစရာလားကွ .. ခုမှ အိမ်က ထွက်လာတာ ..”

“ဪ .. ကျောင်းရောက်ပြီး အချိန်အနည်းငယ်ကြာမှ ချို နဲ့ပတ်သက်တာ တစ်ခုခုကို စလို့ ရတယ်ပေါ့ ..”

သူငယ်ချင်းတွေ တစ်အုပ်စုလုံး တချိုတည်း ချိုနေကြတာကို ကြည့်ပြီး ရယ်နေသည့် ညံ မျက်နှာ မဲ့သည့်ဘက်သို့ ရောက်လျက် ...





“ပြဿနာပဲ.. ဘာလဲ.. ခုပဲ မဟားတရား သွားဆွဲပြီး နိုးပြေးသွားရမလား..၊ ချို့ကိုပဲ ပါးစပ်ကမချနိုင်ကြတာ ရှိုးရဲ့လား.. မင်းတို့ နော်..”

“အံမာ .. မရှိုးရအောင် ဘာလဲ ..”

“ဘယ်သိမလဲကွ .. မင်းတို့များ ကြိတ်ကြိုက်နေကြသလားလို့..”

“ကြိတ်ကြိုက်နေတာ မဟုတ်ဘူး ဟေ့ကောင်ရေ .. ချို က မီးစိမ်းပြလို့ကတော့ နှစ်ပါးသွားပြီးသားပဲ ..၊ ငါတို့ကတော့ သူ လှတာလေးကို မြင်နေရတိုင်း မင်းအစား ဒေါသတွေပဲ ထွက်နေကြတာ ..”

“ဒါဆိုရင် သေချာတယ် .. ငါ မင်းတို့လောက် မဖြစ်ဘူး ..”

“အဲဒါ စောစောတည်းက ဝန်ခံပါလား ..”

“ဝန်ခံတော့ ..”

“အားမလိုအားမရဖြစ်တိုင်း တိုက်တွန်းနေမိတာတွေ လျှော့ရ ပေါ့ရတာပေါ့ ..”

“ဒါဆို ခု လျှော့လိုက်တော့ .. နားငြီးတယ် ..”

ညံ က ဘယ်လိုကိစ္စကြောင့်ဖြစ်ဖြစ် သူ့အတွက် အလေးအနက် ဖြစ်သွားတယ်ဆိုတာ သိပ်မရှိတတ်ပေ ..၊ သူငယ်ချင်းတွေထဲမှာ လိုအပ်တာရှိလျှင် သူ ဖြေရှင်းပေးလို့ ရတာဆို ရှင်းပေးသွားသည်။

မတတ်နိုင်လျှင် လှည့်ကိုမကြည့်တော့တာဖြစ်သည်။ သူ စိတ်ရှုပ်ရပြီဆို မျက်ခုံး နှစ်ချက်လောက် လက်မနဲ့ ခြစ်မည်။

လည်ကုပ်ကို နှစ်ချက် သုံးချက်သပ်၍ ခေါင်းခါစဉ်းစားမည်။ ဒါ့ထက်ယော့ မပိုနိုင်ခဲ့တာ သူ့အကျင့် ...၊

‘ခေါင်းစားတာတွေ မခံနိုင်ဘူး’ဆိုသည့် စကားတစ်ခွန်းနှင့် ထွက်သွားပြီဆို လှည့်မကြည့်စတမ်း ...၊ အထူးသဖြင့် သူ့ရှေ့မှာ မိသားစုအတွင်းရေးတွေ ပြောတာ မကြိုက် ...၊

“အဆင်မပြေတာတွေ အိမ်မှာထားခဲ့ကွာ.. နားငြီးလို့ပါ.. တောင်းပန်ပါတယ်”လို့ တားဆီးတာတွေ ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်မ မလိမ္မာတာ မင်းအမေ ဆုံးမမှာပေါ့ ... အဲဒါတွေပြော ပြီး ဘာလဲ ... ငိုချင်းချမလို့လား ..." စသဖြင့် သူ စိတ်ပျက်တတ်သော များစွာတို့ဟာ ဤသို့သော အကြောင်းတွေ ဖြစ်၏။

"ဟိတ်ကောင် ဘယ်ဘက်လဲ ... ချို တို့ က ဟိုဘက်မှာ ..."

"ငါက ချို့ နောက်လိုက်တာလို့ ဘယ်သူပြောလဲ ..."

"မသိဘူးလေကွာ ..."

သူတို့တွေ ဆိုင်ထဲဝင်လာကြတော့ ဝင်မိသည့်ဆိုင်က စားပွဲတိုင်း လူပြည့်နေကာ မိန်းကလေးနှစ်ယောက်တည်းရှိသည့် စားပွဲက မလှမ်း မကမ်းမှာပဲ ရှိလျက် ...

"ဒီမှာ ခုံ လေးလုံး ထပ်ထည့်လို့ ရသေးတယ် နော် ..."

ညို က ဖျတ်ခနဲ လှည့်ကြည့်သည်။ မိန်းကလေးနှစ်ယောက်ထဲမှာ တစ်ယောက်က သူ့အဆက်ဟောင်း ဖြူစင်လတ် ...။

အဟောင်းဆိုတာတောင် မဟုတ်တော့တာကို ဖော်ပြခြင်းပဲဖြစ် ကာ မနေ့တစ်နေ့ကမှ ...။

"ယူတို့ ထိုင်လို့ရတယ်လို့ ပြောတာ ..."

ညို က ပခုံးတွန့်ပြီး နှုတ်ခေါင်းတစ်ဖက်ပါ မလိုလားစွာ ပါ၏။

"အစ်ကိုတို့အတွက် နေရာရှိတယ် ...၊ ဒီမှာ အစ်ကို ..."

ဝိတ်တာကောင်လေးက ရှင်းသွားသည့်စားပွဲဆီ ဦးဆောင်ခေါ် ကာ ခဏအတွင်း ရှင်းလင်းသန့်စင်သွားအောင် ဆောင်ကြဉ်းပေး၏။

"မင်းကလည်း အားနာစရာ ... ဘယ်တုန်းက ပြီးသွားတာလဲ...၊ ကလီးယားနဲ့လား ..."

"သူ့ဘက်ကတော့ အမြဲတမ်း ကလီးယားပဲဟာ ... ဒီကောင် လုပ် ချလိုက်ရင် တကယ်ပြောင်ပြောင်ပဲ ...၊ အားနာစရာကြီး ..."

"သြော် ... ဝိုင်းဝန်း အားနာနေကြပြန်ပြီ ...၊ မင်းတို့ဘာသာ သွား ထိုင်ပါလား ..."





"ငါတို့ကို ရွေးဖိတ်ခေါ်တာ မဟုတ်လို့ ..."

"ခေါ်တာ စောင့်မနေနဲ့ ... လိုချင်ရင် ကြိုးစားမှ ရတာ ..."

"မင်းကရော ကြိုးစားပြီးမှ အဖျားရှူးသွားတာတွေ ဘာလုပ်တာ လဲ ..."

"ရှူးရင် ရှူးတယ်လို့ မှတ် ..."

ပြောပြီးတာနှင့် စကားစပြတ်အောင် စားစရာမှာတာ ကျယ်ကျယ် လောင်လောင် ...၊

"ပူပူလောင်လောင် ဘာတွေ ရလဲ ..."

သူတို့အုပ်စုအကြောင်း သိနေသဖြင့် ကောင်လေးက စိတ်ရှည် လက်ရှည် ရွတ်ပြနေသည်။ အများကြီး ပြည့်စုံစွာ ပြီးသွားမှ ...

"သိပ်မဆာတော့ဘူး ... ကက်ပူချီနိုတစ်ခွက်ပဲ ပေး ..."

"ဒီနေ့ ကက်ပူချီနို မရဘူး အစ်ကို ..."

"ဒါဆို ပူပူလောင်လောင် ရနိုင်တာ တစ်ခုခု ..."

"ကြာဆံချက် ... အဲ ... ရခိုင်မုန့်တီ ... အာပူလျှာပူ ..."

"ဒါဆို ... အဲဒီနောက်ကဟာ ပေး ..."

"ဟုတ် ..."

"ဟေ့ကောင် ဘယ့်နှယ် ပူဖို့လောင်ဖို့တွေချည်း ဆန္ဒပြင်းပြနေရ တာလဲ ..."

"အေးလေ ... ဘာမှမရရင်လည်း ခါတိုင်းလိုပဲ ကော်ဖီပလိန်းနဲ့ ကြက်ဥမွှေကြော်လေး စားပါလား ..."

"ငါ စားချင်တာ မစားရဘူးလား ..."

"မင်းက ပူပူလောင်လောင်ကို ကျယ်ကျယ်လောင်လောင်ကြီး မှာ နေတာ ... မင်းကို ဝိုင်းကြည့်ကုန်ပြီ ..."

"ကြည့်အောင်လုပ်ဖို့အတွက်နဲ့ ပါးစပ်အပူလောင်ခံပြီး စားမယ် ထင်နေလို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"မထင်ဘူးလေ .. ဒါပေမယ့် မင်း လုပ်နေတာက .."

"ကဲ .. ကိုယ်မှာစရာရှိတာ မှာကြစမ်းပါကွာ .."

ညံ့ ကျွတ်ခနဲ ဖြစ်ကာ ထိပ်သပ် ခေါင်းသပ်နှင့် ရှုံ့မဲ့နေ၏။ ဒွန်းတို့က ကိုယ်စားချင်တာ ကိုယ်မှာကြပြီးမှ အနက်စင်းရိပ်ရိပ်လေးတွေ ထင်နေသည့် ရှပ်အင်္ကျီအနီရဲရဲနှင့် ညံ့ ပုံစံကို ပြန်ကြည့်၍ ...

"မြင်ယောင်သေးတယ်.. အင်္ကျီရောင်နဲ့ မျက်နှာ ရွေးမရတာ ဖြစ်တော့မယ် .."

"ကိုယ့်ဘာသာ မှာပြီး အကုန်မျိုချနော် .. မျှပါဦး .. စားကြပါဦး လာမလုပ်နဲ့ .."

"ဒါကတော့ အေးအတူ ပူအမျှပဲ .."

"တွေ့လား .."

ဒွန်း နှင့် စည်သူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။ ဒီထဲမှာ အစပ် လုံးဝမစားနိုင်သည့် သက်ရင့် က ပို၍မျက်လုံးပြူးနေကာ...

"မရဘူး .. ငါတို့ ဒီကောင့်အစွဲကို ချွတ်မှဖြစ်မယ် .."

ညံ့ က ရယ်ကျဲကျဲလုပ်နေကာ ဖုန်းထုတ်ပြီး လျှောက်ကလိနေ၏။ ဦးဆုံးရောက်လာတော့ အမွှေးတထောင်းထောင်း မွှေးရနံ့ တသင်းသင်းနှင့် ရခိုင်မုန့်တီ ..၊

"ဒီမှာ အစ်ကို ငရုတ်ကောင်းမှုန့် .."

"အေး .."

သူ့အတွက် သီးသန့်ချပေးရမည့် ငရုတ်ကောင်းမှုန့်ကိုလည်း စိတ်တာက ဂရုတစိုက် ယူလာပေးသေးသည်။

"ညံ့ .."

"ဘာတုံး .."

"မင်းကို နေရာတကာ သည်းခံပါတယ် ..၊ အဲဒီ စားတာသောက်တာကြီးကိုတော့ .. မင်းကွာ .."





"ဟား .. ဟား .. ဟား ..."

"ရှပ်က တွေ့လား .. ငါတို့ကို သက်သက် ဒုက္ခပေးချင်တာ .."

"အေးလေ .. အပြင်စာ မစားတတ်ရင်လည်း မစားဘဲနေပေါ့.."

"ဘာလို့ မစားတတ်ရမှာလဲ .. စားတတ်လို့ စားတာ .."

ပြောပြီး ငရုတ်ကောင်းမှုန့်တွေ ခေါက်ချနေတာ မနည်းမနော..

"ဒီတစ်ခါ ကြိုပြောထားတယ်နော် .. ငါတို့ ဝိုင်းစားရမှာဆိုရင် ငါးဖယ်တို့ ပဲကြော်ကို ထည့်မှာ .."

"ငရုတ်သီးမှုန့်က ထည့်ဖို့ မလိုတော့ရင်လည်း နံနံပင်တော့.."

"ဘာမှမထည့်လို့ အဲဒီ ဘူးတွေ ခွက်တွေတောင် လာမချတော့ဘူး .. မြင်တယ်မို့လား ..၊ မင်းတို့သာ မသိတာ .. စိတ်တာက ငါ့အကြောင်း သိနေပြီ .."

"ငါတို့ကို နှိပ်စက်နေတာမှန်းတော့ မသိသေးပါဘူး .."

ငရုတ်ကောင်းတွေ ထည့်မွှေရင်း အရောင်ပြောင်းသွားခဲ့သည့် ရခိုင်မုန့်တီကိုကြည့်ကာ ဒွန်း မစားရသေးဘဲ ချွေးပြန်လာသည်။

တော်တော် ဒုက္ခပေးတဲ့ ညံ့ ..၊

ငါးဖယ်ထည့်ပါလားဆိုတော့ ကိုင်တွယ် ရွေးဖယ်ထားပြီးသားတွေ မစားချင်ဘူးလို့ ဆိုသည်။ ရခိုင်မုန့်တီရဲ့သဘောအထာအရ မန်ကျည်းရည်လေး .. ငရုတ်သီးစိမ်းလေးတွေ ထည့်ပါလားဆိုတော့လည်း မဟုတ် ..၊

"အဲဒီ ခွက်ပက်လက် ဘူးပက်လက်တွေ ဟိုစားပွဲပေါ် ရောက်.. ဒီစားပွဲပေါ် ရောက် .. တစ်ကျောင်းလုံး ဝိုင်းနှိုက်ထားတာကြီးကွာ" တဲ့..၊ ရှုံ့မဲ့ လက်ခါသည်။

တော်တော်ဆာလွန်းကာမှ ကော်ဖီနဲ့ ကြက်ဥမွှေကြော်ပလိန်း မှာသည်။ ဒါကျတော့ သူများကြော်ပေးတာ မဟုတ်လား မေးကြည့်..၊

"ကြက်ဥကိုဖွင့်ပြီး ဆီအိုးထဲ ထည့်လိုက်တာ ..၊ ဘယ်သူမှ ဆီထဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ထည့်ကြော်မှာ မဟုတ်ဘူး .. မတည့်အောင် လာမမေးနဲ့'' ဆိုတာမျိုး ..၊ မြို့ထဲ ဘယ်နေရာသွားသွား ကော်ဖီဆိုင် .. မုန့်ဆိုင် ဘယ်မှာ စားစား သူ့မှာ စားသောက်ဖို့ မုန့်ရွေးပြီဆို မပြီးနိုင် မစီးနိုင် ..၊

"ဒီမုန့်ကို ဘူးလိုက် လိုချင်တယ် ..''

"ဟို ပါကင်နဲ့က ဘာမုန့်လဲ ..၊ အဲဒါ ပေး ..'' စသဖြင့် ..၊

"ဘာလုပ်ဖို့လဲ ..၊ အများနဲ့မသက်ဆိုင်လေ ကောင်းလေ''တဲ့..။

"အား!... ကောင်းလိုက်တာ ..''

စိတ်ကူးတို့သည် ဒီအသံကြောင့်ပဲ ပျက်ခဲ့ရကာ ကြည့်လိုက်တော့ ညဲ က မုန့်တီကို တစ်ဇွန်းသောက်ပြီး အားပါးတရ ချီးမွမ်းနေသည်မည်လျက် ...

"အဲဒါမှ ရေတ်ကောင်း ..''

"ဟုတ်တယ် .. ဒီဆိုင်မှာရှိတဲ့ လူတွေအားလုံး ဝိုင်းထောင်းကြတာလေ ..၊ သူတို့တွေမှာ ထောင်းရင်း ထုရင်း ရေတ်ကောင်းက ပူတော့ နှာတွေ ချေ .. နှပ်တွေ ထွက်နဲ့ ..''

"ဟုတ်လား ..၊ ဟား .. ဟား .. ဟား ... ဒါကြောင့် မုန့်တီအရသာက ရေချွေးတွေပေမယ့် လေးလေးပင်ပင် ရှိတာကိုး ..၊ ရော့ .. ရော့ .. မြည်းကြည့်ဦး ..''

"သေနာ ..''

ညဲ က ပြောရင်လည်း စမုန်းနောက်မုန်း သိသည်။ ဘယ်လိုဆဲဆဲ မျက်နှာပျက်တယ် မရှိ ..၊ ပြီးတော့ ဒုက္ခပြန်ပေးပြီဆိုလည်း အသေ..။

"မသောက်ဘူး ..''

"ဟုတ်တယ် .. သောက်ရမယ်ဆိုရင်လည်း မင်း ပြီးအောင် သောက် ..၊ ငါတို့အလှည့်မှာ ငါးဖယ် .. အကြော် အကုန်ထည့်မှာ..''

"အမ်မာ.. ငါက ကိုယ့်သူငယ်ချင်းတွေကို စားကြွင်းစားကျန် ကျွေးရလား ..၊ ချစ်ချစ်ခင်ခင် တစ်ယောက် တစ်ဇွန်းပဲ .. လုပ် .. ချ..''





"ညဲ .. မင်း မကုန်ရင် ထားခဲ့ကွာ .. အဲ့ဒါ ငါ ရှင်းလိုက်မယ်..''

"ဘာလို့ ထားရမှာလဲ ..၊ ဒီနေ့ အိမ်မှာ ပိုက်ဆံအိတ် ကျန်ခဲ့လို့ မင်းတို့ပဲ ရှင်းရမှာ ..''

"ဒါဆို ပြီးရော .. ထားလိုက် ..''

"ဟ .. ငါ စားချင်လို့ မှာတာ ကုန်အောင် စားမှာပေါ့ကွ .. ဒီလောက် ပူတာကို တစ်ထိုင်တည်း အကုန်မျိုချနေရင် ဘယ်လို ကုန်အောင် စားနိုင်မှာလဲ ..''

"သြော် .. မင်းကျတော့ ..''

"ငါလည်း စားနေတာပဲလေ .. တစ်ယောက်တစ်ဇွန်း တစ်လှည့်စီဆိုတော့ စားလို့လည်း ကောင်း .. ကုန်လို့ ကုန်မှန်းလည်း မသိ ..၊ ဒါက ချစ်ခင်မှုနဲ့ သက်ဆိုင်တယ် ..''

"အင်း .. ရပ်က ..''

အမြဲတမ်း ဒီတိုင်းပဲမို့ ဒွန်း တို့ ဘာမှမတတ်နိုင် ..၊ ကိုယ် မှာထားတာလေးတွေကို ဘေးရွှေ့ထားပြီး ပြောတဲ့အတိုင်း မျိုချပေးရတော့သည်။

ရခိုင်မုန့်တီသည် မုန့်ဖတ်နဲ့ ဟင်းကြဲ့ နှစ်မျိုးရောရုံဖြင့် ရေတ်ကောင်းက အနည်ထိုင်နေသည်။ စပ်တာမကြိုက်ပေမယ့် ဒီတိုင်းကျတော့ ငါးစော်သိုလို့လို့ ဆို၏။

အစပ်အချဉ်တွေ ထည့်ပါလားဆိုတော့ အဲဒီ အစပ်အချဉ်ဘူးတွေ တောင် သူ့ရှေ့မှာ လာမချနဲ့လို့ မှာထားတဲ့သူ ..၊

နေရာတကာ ဗွတီးဗွကျလုပ်တတ်သလောက် သူများ မစား စားအောင် မရမက ဆွဲထည့် ဆွဲခေါ် လုပ်တတ်တဲ့နေရာမှာလည်း နှစ်ယောက် မရှိပေ ..။

လေးယောက် ငါးယောက် လူစုံစုံ မစုံစုံ သူတို့အုပ်စု တွဲသွားပြီဆို အများထက် ခေါင်းတစ်လုံးနီးပါး ပိုထွက်နေသည့် ဒီလိုဂိုက်ဆိုင်းကြီးနှင့် လုပ်ကိုင်ပုံက ခုမှ ပုခက်ထဲကထွက်လာသည့် ကလေးလိုလို ..၊



www.burmeseclassic.com

www.burmeseclassic.com



မှုံးမသိ ပဲမသိ ခပ်ကြောင်ကြောင်ပုံစံတွေ ..၊

"ဟား!... ဟူး .. စပ်လိုက်တာ .. သေရော .."

"ခွေးညဲ .. ရော့ ..၊ အဲဒီဖုန်းကို ချထားလိုက် .."

"ဟ နေစမ်းပါဦး .. ဒီမှာ ရှုံးတော့မှာပဲ .."

"ဟော့ကောင် မရဘူး နော်.. ငါတို့အလှည့် ထပ်မလုပ်နဲ့ ..၊ အေး ကုန်ရင် ခါးကုန်လိမ့်မယ် .. မြန်မြန်လုပ် ဆိုမှ .."

"ဟ .. ကဲ .."

ဒီမုန့်တိပွဲ တစ်ယောက်တစ်ခွန်း စပြီး လည်ပတ်ပြီ ဆိုတည်းက ရပ်နားသွားလို့ မဖြစ် ..၊

"လုပ်လိုက်လေ .. ဒီတစ်လှည့် ငါ ဖြတ်လို့ မရသေးလို့ .."

"တွေ့လား .."

"ဟား .. ဟား .. ဟား ..."

"အံမာ .."

ပါးစပ်ထဲ တစ်ခွန်းခပ်ယည့် မလို့ စည်သူ့ မျက်နှာကြီး မော့လာသည်။ ညဲ က ဖုန်းကိုပဲ ကြည့်နေကာ ...

"ဒီမှာ ရယ်တာ ..၊ ရှုံးမှာစိုးလို့ အော်နေတာ မကြားဘူးလား.."

ဖုန်းထဲမှာ အော်နေတာလည်း သံသေးသံကြောင်နဲ့မို့ စည်သူ မျက်နှာကြီး ရှုံ့မှုမှုနှင့် ထပ်သောက်ရသည်။ သင်းကတော့ ခွန်းဖျားလေးနဲ့ ခပ်သောက်လိုက် .. ဂိမ်းဆော့နေလိုက် ..၊ သူ့ကိုယ်သူ မအေ ထမင်း ဝါးခွံ့တာ စားရင်း ပြေးဆော့နေတဲ့ ကလေး မှတ်နေသလား ..၊

"ကဲ .. ဆော့မနေနဲ့တော့ ကုန်ပြီ .."

"ဟုတ်လား .. ဟာ!... ငါတောင် သုံးခွန်းပဲ စားရသေးတာ ..၊ တော်တော်ငတ်တဲ့ ကောင်တွေ .."

"ဟုတ်တယ် .. များများငတ်မှ မြန်မြန်စပ်မှာမို့လို့ .."

သုံးယောက်စလုံး ပါးစပ်တွေ ဖြဲနေကြသည်။





စည်သူ က လည်ချောင်းကိုပွတ်ရင်း ပါးစပ်ကြီးဖြဲ၍ လေတွေ ရှူသွင်းရှူထုတ် လုပ်နေ၏။

ထူးခြေအရဆုံးက ညဲ ပဲဖြစ်ကာ မျက်နှာတစ်ပြင်လုံးထက် ပို၍ ရဲချိတ်နေတာက နှုတ်ခမ်းပါးအစုံ ဖြစ်သည်။ သူ ဘယ်လောက်ထိ စပ်ဖျင်း ပူထူနေပြီလဲဆိုတာ သိသာပေမယ့် ဘယ်လိုမှ ထင်ဖွယ်မရှိအောင် အပြုံးမပျက် အရယ်မပျက် ..။

"ညဲ .."

"ဟင် .."

"မင်းဗိုက်ထဲမှာ မီးတော့ မလောင်သေးဘူးမို့လား .."

"လောင်စရာလား .."

"ဘာလဲ .. ရေခဲတုံး ငုံထားပြီး ဟန်ဆောင်နေတာလား .."

"တွေ့လို့လား .."

"သွားမေးမနေနဲ့ ဒွန်း .. စပ်နေတယ်မို့လား ..၊ ရော့ .. မုန့်မြန်မြန်စား .."

သူတို့ချည်းပဲ တစ်ယောက်ကိုတစ်ယောက် ကူညီပေးနေမိကြရင်း...

"နောက်တစ်ခါ ဒီကောင် ဦးဆောင်ပြီး ကန်တင်း(န်)သွားမယ်ဆိုရင် သတိထားတော့ .."

"ဟုတ်တယ် .."

"အချိန်တွေ ပိုပါသေးတယ်လို့ ပြောပြီး ခေါ်ရင် ပိုသတိထား..၊ မစားချင်ဘဲနဲ့ .."

"အံမာ .. ဘယ်သူက စားချင်လို့ ကန်တင်း(န်)လာပါတယ် ပြောမိလို့လဲ .."

ဒါကျတော့ ဖုန်းကိုကြည့်နေရင်း ရန်တွေ့ဖို့ သတိတရရှိနေသေးသည်။

"ဒီမှာမှ ဒေးမိဒေးရာ တွေ့ရာတွေ့ကြောင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ တွေ့ရာတွေ့ကြောင်း ဆိုတာ .."

သက်ရင့် ထပ်မေးပေမယ့် ညံ့ လက်ထဲကို လှမ်းကြည့်လိုက်တာက ဒွန်း ဖြစ်လျက် ...

"ငေးမိငေးရာတော့ မသိဘူး .. တွေ့ရာတွေ့ကြောင်းကတော့ သူ တွေ့နေပြီ .. ဒီမှာ .."

ဖုန်းထဲကို မေးဆတ်ပြပြီး ဒွန်း က စပ်နေသည့်နှုတ်ခမ်းတို့ကိုလည်း စုလုံးနေရင်း မဲ့သည်။

"ဘာလဲ .."

"မိုင်လီဆိုင်းရက်(စ်)ရဲ့ အလှအပတွေကို အနက်ဂယ်လ်အမျိုးမျိုးက ကြည့်ပြီးတော့လေ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ညံ့ က ပန်းတွေလှုပ်အောင် ရယ်နေလျက် စားပွဲအောက်မှာ ချိတ်ထားသည့် ခြေထောက်ကို ဖြုတ်၍ ကိုယ်ကို တစောင်းလှည့်ထိုင်လိုက်၏။ ပြီးတော့ ဒါကိုပဲ ဆက်ကြည့်နေ၏။

"ခွေးကောင် .. သူ့ကျတော့ လုပ်ချင်ရာ လုပ်နေတယ် ..၊ ငါတို့ကျတော့ .."

"အကောင်းနဲ့ ကျွေးမွေးပြုစုထားတာကို ကျေးဇူးမတင်ဘဲနဲ့ .."

"ဘာလဲ .. ဘာကို ကျေးဇူးတင်ရမှာလဲ .."

"အစပ်ဆိုတာ စားပေးရတယ်၊ ဒါမှ သွေးကြောလေကြော ပွင့်တာ .."

"မပွင့်လည်း နေပေ့စေ .. နောက်ဆို မစားဘူး .. တော်ကြာ ငါက ကေ နဲ့ သွားတွေ့ရမှာ ..၊ ဒီနေ့ကျမှပဲ .. ကျွတ်!..."

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ မင်းက .."

မေးလိုက်ကာမှ ညံ့ အားပါးတရကြီး ရယ်ချလိုက်ကာ ...





"မြင်ယောင်နေလို့ ..၊ ဟား .. ဟား .. ဟား ..."

"ဟုတ်တယ်ကွ .. စည်သူ .. ဒီတစ်ခါ စပ်ရတာက မင်း အဆင်ပြေနိုင်တယ် .."

ဒွန်း ကလည်း သူများကို ပြောချင်လွန်းလို့ ကိုယ့်ဘာသာ စပ်နေတာကိုတောင် မေ့သွားသည့်ပုံနှင့် ရယ်ကျဲကျဲ ..။

"အေးအတူ ပူအမျှပေါ့ .."

"ဩော် .. အကြံပေး ကောင်းပါ့ရော .. ငါ ပန်းကန်လုံးနဲ့ ပိတ်ထုလိုက်ရ .."

"ဟုတ်တယ်လေ .. ဒါမှ သူက အမှုမမျှဘူးဆိုရင် အချစ်စစ် အချစ်မှန် မဟုတ်လို့ပဲ .."

"ငါက အဲဒါ ပြောတာပဲ .."

ညံ့ က ဖုန်းကို မျက်ကွယ်ပြု၍ စိတ်လိုလက်ရ လှည့်ကြည့်ကာ...

"အေးတော့ အတူတူစံပြီး ပူကာမှ မခံချင်လို့ ရမလား .."

"ဟော့ကောင် .. တိုးတိုးပြော .."

"ဟား .. ဟား .. ဟား ..."

"ဩော် .. မရယ်ချင်ပါဘူးဆိုမှ .. ဟား .. ဟား .. ဟား ..."

သူတို့ရယ်ကြပြီဆို ရယ်ဖော်ညှိစရာ မလိုဘဲ အမြဲတမ်း ဒီတိုင်း..၊

ညံ့ က နဖူးကဆံပင်သပ်ရင်း ဟိုဘက်ကို ပြန်လှည့်၍ ခြေထောက်တစ်ဖက် အထုတ် ...

"အမလေး!..."

"ဟ!..."

ရယ်သံတွေ တိခနဲ တိတ်ကျသွား၏။ သူ့ခြေထောက်ကို ခလုတ်တိုက်ကာ ရှေ့ကို စိုက်ကျသွားပြီးမှ ပြန်လှည့်လာသည့်မျက်နှာသည် ဆံနွယ်ရှည်ရှည်တို့ကိုပါ လွှဲသိမ်း ပို့လိုက်သဖြင့် ဝဲခနဲ မျောလွင့်သွားသည့်ဆံနွယ်တို့နှင့်အတူ သူ့ဘက်ကို မျက်နှာမူလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း .."

"ဆရာမ .."

ကြည့်စမ်း ...၊

မျက်ခုံးတွေ ပင့်တက်သွားပြီး ချက်ချင်း ရယ်မြူးရိပ်တွေဖြစ်သွားသည့်မျက်နှာက မပြုံးဘဲ ဝါးလုံးကွဲ ရယ်ပစ်လိုက်ချင်တာမျိုး ...၊

ပြီးတော့ ဆရာမ ခေါ်လိုက်ပုံက ထိတ်ပျာ အံ့သြသွားတာမျိုး မဟုတ်ဘဲ အသံနေ အသံထားနှင့် ရိသလို လှောင်သလို ...၊

"ဆရာမက ဝင်တိုက်တာ နော် .."

"ဘာ!..."

"ညံ့ .."

ဒွန်း က အနီးဆုံးကနေ လက်ကို ဆွဲလှုပ်၏။ ဟိုက ဆရာမ ...၊ ပြီးတော့ လူတွေ အများကြီးထဲမှာ ...၊

"မင်းရဲ့ခြေထောက်ကြီးကို လမ်းဘက်မှာ ခွဲထုတ်ထားပြီးတော့.."

"ငါက ဟုတ်လား ...၊ စားပွဲဘေးမှာပဲလေ .. လမ်းဆိုတာ ဘယ်မှာလဲ ...၊ လွှတ်နေတဲ့ ကြားတွေက ဒီလိုပဲ သွားကြတာ .."

"မင်း!..."

ချမ်း မျက်နှာတစ်ပြင်လုံး နီရဲလာသည်။ အသားဖြူတဲ့သူ မဟုတ်ဘဲနဲ့တောင် နီနေတာကို သိသာစွာ မြင်နေရ၏။ ပြီးတော့ လှည့်ထွက်သွားတာ ချာခနဲ ...၊

"ဟား .. ဟား .. ဟား .. ဟား ..."

"ဟာ!... ဟော့ကောင် ညံ့ .."

"ကျွတ်!... ဒီကောင်ကတော့ .."

ဒွန်း တို့ ချမ်း ကို အားနာကာ ရှုံ့မဲ့ကုန်ကြ၏။ ချမ်း က ပုစွန်ဆီရောင်ဖျော့ဖျော့မှာ အပြာနု ဒူးနားချိတ်လေးနှင့် သူမ အမြဲတမ်းဝတ်တတ်တာ ရင်ဖုံး သို့မဟုတ် နောက်ကွဲနှင့် မြန်မာဝတ်စုံလေးတွေ ...၊





သူမပုံစံကိုက တည်တည်ခန့်ခန့်လေးပါ ...၊ ဘယ်လိုလူကမှလည်း ဒီလိုမျိုး စနောက်ဖို့ စိတ်ကူးဖြစ်မှာ မဟုတ်ပေ ...။

"မင်း ပါးစပ်ကြီးကို ပိတ်စမ်းပါကွာ .."

ဂရုမစိုက်မှန်း သိပေမယ့် တားနေမိဆဲရှိကာ ...

"မင်း သူ့ညီမနဲ့တော့ ဝေးပြီ .."

"ဟား .. ဟား .. ဟား ..."

ညံ့ က ခေါင်းခါလက်ခါရင်း ဘာတွေ အလယ်ထပ် သဘောကျပြီး ရယ်နေမှန်း မသိ ...၊

"ဟိုမှာ .. ဆရာမ ဟိုဘက်ခြမ်းက ပြန်ထွက်သွားပြီ..၊ တော်တော်ရှက်သွားမှာ .."

"ငါ ဘာမှမလုပ်ဘူး .. သူ့ဘာသာ ငါ့ခြေထောက်ကို ဝင်တိုက်တာ..၊ ပြောရရင် ငါ့ခြေထောက်က အကန်ခံလိုက်ရတာ ဘလိုင်းကြီး.."

"အံမာ .. ဘာလဲ ဆရာမဆီ အလျော်လိုက်တောင်းမလို့လား.."

"မတောင်းပါဘူး .. ငါ ဒီလောက်တော့ သဘောထားကြီးနိုင်ပါတယ် .."

"သြော် ..."

"ခွေးကောင် .. စားသောက်ဖို့တွေတောင် ဆန္ဒတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး .."

ချမ်း မှာလည်း ခြေလှမ်းတွေ မှားကာ ကိုယ့်နေရာကို ပြန်ရောက်တဲ့အသိ ပူပူထူထူကြီး ဖြစ်နေတုန်း ...၊

"မမချမ်း ဘာဖြစ်လာတာလဲ ...၊ ဒေါသတွေ ထွက်လို့ .."

ရှမ်းခေါက်ဆွဲစားနေရင်း ချို စိုးရိမ်သံနှင့်မေးကာ ဟိုကြည့်ဒီကြည့်ဖြစ်သွား၏။

ချမ်း က ကိုင်လာသော အဖြူရောင်ဖုန်းလေးကို စားပွဲပေါ်မှာ ချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အလကား .. ဟိုကောင်လေးပဲ .. ဒီလောက်ထိ ဗရုတ်ကျတာ မတွေ့ဖူးဘူး .."

အသက်ရှူသံပြင်းနေတာ သိသာပေမယ့် ချမ်း က ကိုယ့်ဒေါသကို ထိန်းနေရှာသည်။ ဟိုကောင်လေးဆိုတာ ညံ့ တို့ကို ပြောမှန်း ချို နားလည်သည်။ ထို့ကြောင့် စိတ်တိုသွားမိကာ ...

"သူတို့က အဲဒီထဲမှာလား ..၊ ခုန ထွက်လာကြတာ မြင်တော့ မြင်လိုက်သား .."

"တို့လည်း မြင်လိုက်ပါတယ် ချို ရယ် .. ဘယ်ထဲမှာမှန်း မသိလိုက်တာ ..၊ ပြီးတော့ ဒီဖုန်း ကျန်ခဲ့တာက ကိုယ်နဲ့ပတ်သက်ပြီးတော့ ဖြစ်တာလေ .. သူက ဖုန်းဆက်ပြီး သွားယူပေးပါဆိုတာကို အချိန်နေရာ ရွေးနေလို့ ရမလား .."

"ဟုတ်ပါတယ် .. အဲဒီတီချယ် ဖုန်းဆက်တာ ချို သိတာပဲဟာ.."

စားလက်စကိုတောင် ဆက်မစားနိုင်တော့ဘဲ ချို့ မျက်နှာလေး တင်းနေခဲ့လျက် ...

"မမချမ်း ကို သူကိုယ်တိုင် စ လိုက်တာလား .."

"ဟုတ်တယ် .. ဒါပေမယ့် သူ စ တာတော့ မဟုတ်ပါဘူး .."

ဖြစ်လာခဲ့တဲ့အတိုင်း ချမ်း က ပြောပြကာ ...

"တို့လည်း အဲဒီလို အမှတ်တမဲ့တွေ ဖြစ်ခဲ့ပါတယ် ..၊ ဘာဖြစ်လို့ ဒီနေ့ကျမှ .."

"ဖြစ်ခဲ့ပေမယ့် ဖြစ်တတ်တာပဲ မမချမ်း ရယ် .. ဒီကောင်ကိုက ရိုင်းတာ ..၊ သူ့ကို ချို ဘယ်လိုမှကို စဉ်းစားမရတာလည်း အဲဒီလိုပုံစံကြောင့်ပဲ .. တကယ်ဆို .."

ပြောမယ့်စကားက နည်းနည်းတော့ ထောက်သွားသေးသည်။ ဒါပေမယ့် စိတ်ထဲမှာ ဒီတိုင်းပဲ ခဏ ခဏ တိုနေမိရသောကြောင့် ...

"ချို နဲ့ မမချမ်း ဒီလောက်တွဲနေတာ ..၊ သူ ချို့ ကို ကြိုးစားနေ





တာဆိုရင် မမချမ်း က ဘယ်လိုဆက်ဆံသင့်တဲ့လူလဲဆိုတာ နားလည်ရမှာပေါ့ .."

"ချို့ ကို မျှော်လင့်လို့ မရမှန်းလည်း သိလို့ ဖြစ်မှာပေါ့ .."

"မမျှော်လင့်တော့ဘူးဆိုရင်လည်း ဆက်မလိုက်နဲ့တော့ပေါ့.. ချို့ မှာ ချစ်သူရှိနေနေ မနေနေ .. ဘာတွေပြောပြော တစ်ချက်မှ ဖွဲ့မလျှော့ဘဲနဲ့ ..၊ တောက်!..."

"ကဲပါ .. ငါ့အတွက်နဲ့တော့ စိတ်တွေ တိုမနေပါနဲ့ ..၊ ခုတစ်လောကျမှ နင်နဲ့ ငါက တတွဲတွဲဖြစ်နေတော့ သူ သိပ်ကပ်မရလို့ ငါ့ကို တမင် ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်တာလည်း ဖြစ်နိုင်တာပဲ .."

"မဟုတ်ပါဘူး မမချမ်း ရယ် .. ညံ့ ဆိုတဲ့ကောင်ကို မမချမ်း ဘာမှ မသိဘူး .. ဘယ်မိန်းကလေးကိုမှလည်း ဖွဲ့နဘဲနဲ့ သဲမဲလိုက်ခဲ့တာ မဟုတ်ပါဘူး ..၊ သူ့အတွက်က မော်ဒယ်လ်မြင့်ကားကြီးတွေ စီးပြနေတာနဲ့ တစ်ယောက်ပြီးတစ်ယောက် တွဲလို့ ရနေတာ .."

"ဩော် .. ဘယ်လိုမိန်းကလေးတွေပဲရှိရှိ သူ့တန်ဖိုးနဲ့သူက ရှိပြီးသားပါ ..၊ ဒါကို ယောကျ်ားလေးတွေက ပိုသိတယ် ချို .. သူ ဘယ်လိုရှုပ်နေနေ ချို့ တစ်ယောက်ကိုတော့ တန်ဖိုးထားပြီး ဖွဲ့လမ်းနေတာလည်း ဖြစ်နိုင်တာပဲ .."

ချို့ မျက်နှာ ရှုံ့မဲ့သွားသည်။

"ပြောရင် မမချမ်း အံ့ဩသွားဦးမယ် ..၊ ချို လေ ကိုယ်ထားခဲ့တဲ့ ရည်းစားတွေအကြောင်းတောင် သေချာ မသိခဲ့ဘူး .. ဒါပေမယ့် သူ့ အကြောင်းကို သေချာသိတယ် .."

ချမ်း က တကယ်အံ့ဩသွားကာ လက်(ဝ်)တော့(ဝ်) ဖွင့်နေရင်း တအံ့တဩ ပြန်ကြည့်သည်။ ပြီးတော့ ဖြစ်လာခဲ့သည့် ရုက်ဒေါသတွေ ငြိမ်သက်သွားပြီမို့ ပြုံးလိုက်မိကာ ...

"ဟုတ်မှာ .. နင် ရောက်လာရင် ညည်းညူနေတာပဲရှိတာ .. ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် သူ့အကြောင်းချည်းပဲ ..."

"မမချမ်း နော် .. ပြုံးပုံက သူများကို .."

"အဟွန်း .. တော်ကြာ မတည့်အတူနေ ဖြစ်နေဦးမယ် ..၊ ချစ်တဲ့သူကို မုန်းလွယ်ပေမယ့် မုန်းနေတဲ့လူကို ချစ်မိရင် ဖွဲ့တတ်တယ်တဲ့.."

"အံမယ် .. သူက .."

"ပြောပြတာပါ ..၊ မုန်းတယ် .. မုန်းတယ် ဆိုပြီးတော့ .."

"မုန်းတာက မုန်းစရာအကြောင်းရှိလို့ မဟုတ်ဘူး မမချမ်း ရဲ့.. ပုံစံကိုက မုန်းစရာ ဖြစ်နေတာ .."

"ဒါဆို အခု ဘယ်သူ့ကို ချစ်ဖို့ စဉ်းစားထားလဲ .. ပြောပါဦး"

"စဉ်းစားထားလည်း သူ မပါတာတော့ သေချာတယ် .."

"ဟုတ်ပါပြီ .. သူ မပါတဲ့ တခြားတစ်ယောက်ယောက်ကိုပဲ မေးနေတာ .."

"မမချမ်း .."

"ဟင် .."

"မမချမ်း က အတန်းချိန်တွေ အားတိုင်း ကိုယ့်အလုပ်နဲ့ကိုယ် နေတတ်တာ နော် .."

"အင်း .."

"မမချမ်း ဆီကို ချို ကပဲ လာလာပြီး စကားတွေ များခဲ့တာ .."

"ဒီလို မထင်ပါဘူး .. ကိုယ့်ညီမလေးကို .."

"ဟွန်း .."

ဒါကျတော့ ချို က သဘောကျသွားသလိုလေး ရယ်သည်။ ဒါပေမယ့် ဖုန်းနဲ့ ကွန်ပျူတာ နှစ်ရပ်ပေါ်မှာ အလုပ်ရှုပ်ရင်း စကားပြောနေသည့် ချမ်း နဲ့ သူမရဲ့အလုပ်တွေကို နှာခေါင်းလေးရှုံ့မဲ့မဲ့နဲ့ ကြည့်ကာ..

"အခု ချို ခေါ်တဲ့နောက်ကို အသာတကြည် လိုက်ဖော်ရလာတယ် ..၊ အလုပ်လုပ်နေရင်း မငြိုမငြင် စကားပြောပေးတယ် .."





"ငြိုငြင်စရာလား ချို ရဲ့ .. တို့မှာလည်း စကားပြောဖော် ရတဲ့ဟာ .."

"ချို ကတော့ ဒီလို မထင်ပါဘူး .."

"ဘယ်လို ထင်လို့လဲ .."

"ဟိုအရင်က ချို ပြောနေတာကို 'အင်း .. အဲ ..' လိုက်ပေးနေရုံပဲလေ ..၊ အခုမှ မေးခွန်းတွေ ဘာတွေ ထွက်လာပြီး စိတ်ဝင်စားနေတယ်ဆိုတော့ .."

စကားရပ်သွားပြီး တန်းမပြောတော့ ချမ်း က လှည့်ကြည့်သည်။ မျက်လုံးချင်းဆုံမှ ချို က သူ့ခိုးဖမ်းသည့်အပြုံးနှင့် လက်ညှိုးလေးထောင်ကာ ...

"ပြီးခဲ့တဲ့အပတ်တုန်းက မမချမ်း ဆီ မေမေ လာသွားတယ်မို့လား .."

"ဟုတ်တယ်လေ .. ဘာဖြစ်လို့လဲ .."

ချမ်း ခဏလေး အမူအရာပျက်သွားတာကို ချို က အမိအရ ဖမ်းကာ ...

"မမချမ်း နော် .. ချို ဒီလောက်တော့ အထာနပ်တယ် ..၊ မမချမ်း ချို့ ကို စပိုင်လုပ်ဖို့ စိတ်မကူးနဲ့ .."

"ချို ရယ် .. စပိုင်လုပ်နေတယ်ဆိုရင်လည်း ချို့ ကို ချစ်လို့လေ.. တို့တွေဝရီး အတူတိုင်ပင် သွားလာနေတော့ တစ်ယောက်နဲ့တစ်ယောက် ဘိုးတိုးဖော် မဖြစ်ဘူးလား .. ဘာဖြစ်ဖြစ် အားကိုးရတယ်လေ .."

"ပြောတာလေးကတော့ ယဉ်တယ်လေ .. ဒါပေမယ့် ချို က မမချမ်း ကို ဓမ္မဘက်ကလူအဖြစ်နဲ့တော့ မချစ်ချင်ပါဘူး .."

ချမ်း က ရယ်လိုက်ပြီး အလုပ် ဆက်လုပ်နေ၏။

"အဲဒီတော့ ခုကတည်းက မေးရမှာပဲ .. ချို့ ဆီက စကားတွေကို နှိုက်ထုတ်ပြီး အားလုံး ပြန်ပြောနေမှာလား ..၊ မရဘူး နော် .. အဲ့ဒါ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးဆုံးပဲ ..၊ သူ့လူ ကိုယ့်ဘက်သား မလုပ်ရဘူး .. ဘယ်လိုလဲ..၊ ပရော့မစ်(စ) ..”

“ကလေးကျနေတာပဲ ချို ရယ် ..”

“အံမယ် .. လူကြီးလုပ်ပြီး ရောသော ဖျောက်ဖျက်ဖို့ မကြိုးစားနဲ့ ..၊ ဒီက သူငယ်ချင်းကောင်းလည်း မရှိလို့ ကိုယ့်ညီအစ်မချင်း .. အဲ .. တဂ္ဂဝရီးချင်း အားကိုးတကြီး တိုင်ပင်ချင်တာ .. သူငယ်ချင်းပေါင်း ပေါင်းမယ်ဆိုမှ သူငယ်ချင်းလို ပွင့်လင်းလို့ ရမှာပေါ့ ..၊ လူကြီးလိုလို.. စပိုင်လိုလို .. မမချမ်း ကို ဘယ်လိုသဘောထားရမလဲ ..”

“သူငယ်ချင်းလို ပေါင်း .. ကိုယ့်အစ်မလို တိုင်ပင်လေ ..၊ ငါက လည်း နင့်ကို မလိုလားတဲ့သူမှ မဟုတ်တာ .. စောင့်ရှောက်ပေးချင်တာ ပဲ ရှိတာ ..၊ စိတ်ဆင်းရဲအောင်တော့ လုပ်ပါ့မလား .. မိဘကို ပြေးတိုင် ပြောရမယ့်အလုပ်မျိုးတွေ လုပ်ရဖို့ ရှိနေလား..၊ ကိုယ့်ကိုယ်ကိုယ် ပြန် မေးပါဦး ..”

“မမချမ်း က တော်တော်လေး စကားတတ်တယ် နော် .. တကယ် ပဲ ..”

“မဟုတ်ဘူးလေ .. တို့ဘက်ကလည်း စဉ်းစားကြည့်ဦး ..၊ နင် အရှမ်း ပြောစရာတွေ လုပ်လာရင်တော့ မိတ်ဆွေကောင်းတို့ ဝတ္တရား ရှိသည်နှင့် အညီပေါ့ ..”

“ဟုတ်ပါပြီ မမချမ်း ရယ် .. ဘာကတိမှလည်း မတောင်းတော့ပါ ဘူး .. နေချင်တဲ့ဘက်ကပဲ နေပါ ..၊ မပြောတော့ဘူး ..”

ချမ်း က ရယ်လိုက်ရင်း နာရီကြည့်သည်။

“မမချမ်း အတန်းဝင်စရာ မရှိတော့ဘူး ဆို ..”

“ရှိတော့ရှိသေးတယ် .. ဒါပေမယ့် .. ဒီနေ့ ကားမောင်းသင်တန်း က ဆရာတစ်ယောက်နဲ့ ချိန်းထားတယ် ..”

“မမချမ်း က လိုင်စင်တောင် ကျပြီးပြီ ဆို ..”





“ဟုတ်တယ် ချို .. ပိုက်ဆံ နည်းနည်းစုမိလာတည်းက သင်ထား တာလေ ..၊ ကားဝယ်နိုင်ရင် တတ်ပြီးသား ဖြစ်အောင်လို့ .. ဒါပေမယ့် လိုင်စင်ဖြေပြီး သိပ်လည်း မကျင့်လိုက်ရဘူး ..၊ မအားတာနဲ့ .. ဆရာ ခေါ်ရတာ ပိုက်ဆံ နှမြောတာနဲ့ .. အဲ့ဒါ ခုမှ ပြန်သင်နေရတယ် ..”

“ခုရော .. ကားဝယ်နိုင်ပြီလား ..”

“အင်း .. နီးစပ်နေပါပြီ .. မိတ်ဆွေတချို့က စိုက်ပေးထားမယ်လို့ ပြောတယ် ..၊ အရစ်ကျနဲ့ ဝယ်ဖို့လည်း ပြောကြတယ် ..၊ ဒါပေမယ့် ဘာလုပ်ဖို့လဲ .. ကိုယ်က အရှမ်းလိုအပ်လာလို့သာ စဉ်းစားရတာ ..၊ တစ်သက်လုံးက ဒီတိုင်းပဲ နေလာခဲ့တာ ..”

“တစ်သက်လုံး နေလာခဲ့လည်း လူဆိုတာ ကိုယ့်ဘဝကို မြှင့်တင် ရတာပဲ မမချမ်း ရဲ့ ..”

“ဟုတ်ပေမယ့် သူများကြွေးကို ခေါင်းပေါ်တင်ထားရရင် ဖျားနာ နေရင်တောင် တုံးလုံးလှဲနေရဲမှာ မဟုတ်ဘူး ချို .. ခုပေ..င်မှ ကျောင်း မှာ လုပ် .. သင်တန်းတွေကို ပြေးနဲ့ အရှမ်းပင်ပန်းတာ ..”

“အင်း .. ဒါကြောင့် ထင်တယ် .. ငါတို့ မမချမ်း သူများတွေလို အဆီချတာတွေ .. ကစားတာတွေ .. ဘာမှမရှိဘဲနဲ့ ဆော်ဒီစထရက်ချာ အရှမ်းမိုက်နေတာ ..”

“ပြောတော့မယ် ..”

“ဟုတ်တယ် .. ပြီးတော့ မမချမ်း က မြန်မာဝတ်စုံတွေပဲ လှ အောင် အမျိုးမျိုး ချုပ်ဝတ်တာ ..၊ မြန်မာဝတ်စုံလေးတွေက မိန်းကလေး ရဲ့အလှကို ပန်းပုထုထားသလို ပေါ်လွင်စေတယ် ..”

“ဒါဆို ချို လည်း ဝတ်လေ .. လှမှန်းသိရင်လည်း ချို မလှချင်ဘူး လား ..၊ ဒီဇိုင်းတွေ တို့ ထည့်ပေးမယ် ..”

“ဟင်!.. မမချမ်း ကိုယ်ပေါ်က အင်္ကျီဒီဇိုင်းတွေ ကိုယ့်ဘာသာ ထွင်ထားတာလား ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ပဲ ဆိုပါတော့ .. ဆန်းဆန်းပြားပြားပုံတွေနဲ့ ခေတ်လွန်တာကို မကြိုက်သေမယ့် ကိုယ့်ဝတ်စုံလေးနဲ့ပဲ လှလည်း လှချင်သေးတယ်လေ .. ကက်တလောက်တွေ လှန်လှောပြီး ကိုယ့်ဘာသာ အပိုအလို ထည့်တာ .. ဖြုတ်တာတွေ လုပ်လိုက်တယ် .."

"ဟယ် .. အထင်တောင် ကြီးလာပြီ .. ငါ့အစ်မက ဒီလိုလည်း ရတာကိုး .."

"ရရတယ် ချို ရေ့ .. မိန်းမဖြစ်နေတဲ့အတွက် ကိုယ့်တန်ဖိုးကို တော့ ဘယ်အပျောက်ခံလို့ ဖြစ်မလဲ ..၊ အလှအပဆိုတာ မိန်းကလေးတွေရဲ့ ဥစ္စာရတနာပဲ .. တို့က လှတဲ့လူမှ တန်ဖိုးကြီးတာမျိုး ပြောတာ မဟုတ်ဘူး နော် .. တစ်နေ့တစ်နေ့ မှန်ရှေ့မှာ နာရီမိနစ်တွေ စားအောင် အချိန်ထိုင်ဖြုန်းနေတာမျိုး မဟုတ်ဘဲ အလှအပအတွက် အချိန်ပေးရမှန်းတော့ နားလည်နေရမှာကို ပြောတာ .."

"အင်း .."

"ပို့ရဲ့အမြင်ကို ပြောတာပါ .. လူတိုင်း ကိုယ့်အတွေးနဲ့ကိုယ် ဆိုတော့ အမြင်ချင်းတော့ ဘယ်တူမလဲ ..၊ ဘယ်လိုအရာပဲဖြစ်ဖြစ် အစွန်းမရောက်ရင် အကောင်းဆုံးပဲ ..၊ ကဲ .. သွားရအောင် .."

"ဟင် ... မမချမ်း ကိစ္စ ပြီးပြီလား .."

"ပြီးပြီ .. ဖုန်းထဲက ဆော့ဖ်ဂဲတစ်ခု လက်(ဝ်)တော့(ဝ်)ထဲ ထည့်တာ ..၊ ဖုန်းက ပျက်နေတယ်လေ .. ပြင်ဆိုင် ပို့ရတော့မှာ .."

"မမချမ်း ရယ် .. မမချမ်း ဟန်းဆက်က ဌမ်းနေပါပြီ ..၊ ဂလက်စီနုဝ်သရီးလောက် ကိုင်သင့်ပါပြီ .."

"နေပါစေတော့ ချို ရယ် .. ကိုယ် လိုအပ်တာလေးတွေ အသုံးတည့်ရင် ပြီးတာပဲ ..၊ လက်(ပ်)တော့လည်း ရှိတယ် .. တော်ပါပြီ.."

"ဟွန်း .."

ငွေရေးကြေးရေးကိစ္စပြောပိုင်း ခေါင်းခါလက်ကာ ဖြစ်သွားတတ်





သည့် ချမ်း ပုံစံကြောင့် ချို က ရယ်သည်။

"ဒီအဖိုးကြီးတော့ ကြည့်ရှုစောင့်ရှောက်မယ့် ပုဂ္ဂိုလ်တစ်ယောက် လိုအပ်နေပြီ နော် .. မြင်ရတာ မချမ်းသာတော့ဘူး .."

ချို က သူမ စားထားသမျှအတွက် ပိုက်ဆံရှင်းပေးနေရင်း စနောက်နေ၏။

"လိုက်လာပြီး ဘာတစ်ခုမှလည်း မစားဘူး .."

"နင် အဖော်မရှိလို့ လိုက်ခဲ့တာလေ ..၊ တို့က စားပြီးပြီဥစ္စာ.."

"မမချမ်း ကလေ အစားအသောက်ကို ချေးကို များတာ .."

"မဟုတ်ပါဘူး .. အပြင်မှာ စားသောက်တာ တို့က ဝါသနာကိုပါတာ .."

"စားသောက်တာပဲ ဝါသနာရယ်လို့တော့ ဘယ်ဟုတ်မလဲ ..၊ မမချမ်း မိတ်ဆွေအပေါင်းအသင်းနဲ့ ကြုံကြိုက်တဲ့အခါ ဒီလိုနေလို့ မရဘူးလေ .. ချို က သိအစ်မမို့လို့ .."

"တို့ အဲလောက်ကြီးတော့လည်း အတ္တမကြီးပါဘူး .. လုံးအပဲရင်တော့ စားသောက်ဖြစ်တာပါပဲ ..၊ အလုပ်ချိန်တွေချည်းပဲ အရမ်းပိနေတော့ မစားဖြစ်ရင်းနဲ့ မစားတတ်တော့တာ .."

နှစ်ယောက်အတူတူ ဆိုင်ထဲကထွက်လာကြစဉ် ညံ တို့အုပ်စုကိုပါ ဒီဘက်ကထွက်လာကြတာ လှမ်းမြင်လိုက်ရ၏။

ချို့ မျက်နှာ တင်းသွားကာ ဆတ်ခနဲ လွှဲပစ်သည်။ သို့သော် ...

"ချို .."

ခဏအတွင်း ကိုယ့်ဘေးကို ဘယ်လိုရောက်လာမှန်း မသိ..၊ ပြီးတော့ ချမ်း ကို ခုနကပဲ မတွေ့မဲ့မြင် ပြောဆိုလွှတ်ခဲ့ပြီး ခုထပ်ပြီး မလေးမစား ..၊

"နင်းဆီပန်း ပို့လိုက်တာ တို့ နော် .."

"လွှင့်ပစ်ခဲ့တာရော မမြင်လိုက်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ဘူး .."

"ဒီမှာ ညံ့ .."

ချို က ခြေလှမ်းကို နှေးချလိုက်ပြီး မှန်းတီးသည့်အကြည့်တွေနှင့် ငဲ့ကြည့်သည်။ သူမ မျက်နှာလေးက ဘေးကကြည့်ကြည့် .. အပေါ်စီးက ပဲကြည့်ကြည့်.. ထူးခြားစွာ ရှည်လျားကော့နက်နေကြသည့် မျက်တောင်များတို့က ဆွဲဆောင်မှုအပြည့်နှင့် ...၊

"အရမ်းလှတာပဲ .."

"ဘာ!..."

"ပြောလေ .. ဘာလဲ .."

"ဟော့ .. ဒီမှာ .."

ချမ်း က အသံပေးပြီး ခြေလှမ်း ရပ်ပစ်လိုက်သဖြင့် ချို က ရှေ့ကို ခြေလှမ်းကျွံပြီးမှ ရပ်သည်။ ညံ့ က ချို့ ဟိုဘက်စွန်းမှာမို့ ခြေလှမ်းတွေ ရပ်သွားကြတော့ သုံးပွင့်ဆိုင်ပုံစံ ...။

"စကားလိုက်ပြောတယ်ဆိုတာလည်း ပြောရဲလို့ပြောသမယ့် မိုက်ရိုင်းတဲ့အပြုအမူတွေ ပါလာရင် အဲဒါ ကိုယ့်တန်ဖိုးကို လိုက်ပြတာနဲ့ အတူတူပဲ .."

"ဟုတ်တယ်ဆိုရင်လည်း ကျွန်တော့်တန်ဖိုးကို ချို သတ်မှတ်ပါလိမ့်မယ် .."

"ငါက သူ့အခေါ် .."

"ကျွန်တော်က သူ့ကိုပဲ ချစ်တာ .."

"မင်း .. ဘာပြောလိုက်တယ် .."

ညံ့ မျက်နှာက အရွှတ်ဆန်ချင်သည့် ခပ်ထေ့ထေ့ မဲ့ပြုံးနှင့် ...

"ဆရာမများ နားကြားမှားပြီး ဒေါကန်နေတာလားလို့ .."

"မင်း!..."

"ညံ့ .. နင် မိုက်ရိုင်းလှချေလား .."





ညံ့ မျက်နှာသည် ချို့ ဘက်ကိုလှည့်တော့ ချိုမြိန်သောပြုံးရယ်ခြင်းများနှင့် ...

"ဟုတ်လား .. ရိုင်းသွားရင် ဆောရီးပဲ .."

ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားရင်း ပခုံးတွန့်ပုံက မေတ္တာထားချင်ဖွယ် တစ်စက်မှ မရှိ ...။

"ဒါပေမယ့် တို့တွေက ဒီမှာပဲ တွေ့ကြတာလေ .. တွေ့တဲ့ချိန်မှာ စကားပြောဖို့ ကြိုးစားတာ .. ဘာကို ထည့်တွက်နေနိုင်မှာလဲ .."

"တွေ့တုန်းလေး စကားပြောရအောင် နင်နဲ့ ငါက ဘာဆိုင်လို့လဲ .."

"မဆိုင်သေးလို့ လိုက်ပြောနေတာပေါ့ .. သိရဲ့သားနဲ့ ညစ်မနေစမ်းပါနဲ့ကွာ ...၊ ဒါဆို .. ညကျ ဖုန်းဆက်မယ် .."

"မဆက်နဲ့ .."

"အပျွန်း .. နင် မကိုင်ဘဲ နေကြည့်လိုက်လေ .."

ပြောပုံက ...၊

"အိုခေ နော် .."

လမ်းနောက်ပြန်လျှောက်ရင်း နှုတ်ဆက်နေသေးသည်။ ပြီးတော့ ချမ်း ကို မှုန်ကုပ်ကုပ်ကြည့်၍ ...

"နောက်နေ့တွေမှာလည်း တို့ကတော့ ပြောစရာရှိရင် ပြောမှာပဲ...၊ ဘယ်သူရှိရှိ မရှိရှိ .."

အဲဒီလို မိုက်ရိုင်းနေတဲ့အတွက် ပိုပိုပြီး ဝေးမှာပဲဆိုတာ သင်း မသိလို့လား ...၊ ဒီကရော သူ့ကို ဖွဲ့ဆုပေးချင်နေတဲ့ အရိပ်နိမိတ်တွေ ပြနေမိလို့လား ...။

နေရာမှာ ရပ်ကျန်ခဲ့ရင်း ချို တက်ခေါက်လိုက်မိသည်။ သူ ဘယ်လိုနေနေ မီးရာအချစ်နဲ့ လိုက်နေကြတဲ့ မိန်းမလှတွေထဲမှာ ဒီက ပါလာမယ် ထင်လို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ် ချို ..၊ ကိုယ် မကြိုက်ရင် ပြီးတာပဲ .."

ချမ်း က လက်ကိုဆွဲ၍ ဆက်လျှောက်ဖို့ လှုံ့ဆော်သည်။ သူမ ခလှုပ်တလှုပ် လှည့်ထွက်ခဲ့ရရင်း ...

"ချို က သူငယ်ချင်းတွေနဲ့ မသွားမလာချင်တော့လို့ မမချမ်း ကို ဟိုခေါ်ဒီခေါ် ခေါ်နေရတာ ..၊ မမချမ်း အလုပ်ရှုပ်မှန်းလည်း သိ ရက်နဲ့ .."

"အေးလေ .. အခု ဘာဖြစ်လို့လဲ ..၊ ငါက ဒီကောင်လေးလောက် ကို ဂရုစိုက်ပြီး နောက်တစ်ခါ အတူတူမလိုက်တော့ဘူး ဖြစ်မှာမို့လို့ သား .."

ချမ်း ရဲ့ အေးချမ်းတဲ့မျက်နှာလေးကို ကြည့်၍ ချို စိတ်မကောင်း ဖြစ်သွားသည်။

"မမချမ်း စေတနာကို သိပါတယ်..၊ ဒီကောင် နောက်တစ်ခါ ခုလို ဆုံရင်လည်း မမချမ်း ကို စော်ကားဦးမှာပဲ .."

"ကိုယ်က စကားလုံးရွေး မှန်ရမှာပေါ့ ချို ရယ် .. သူက မိုက်ရိုင်း ဘတ်မှန်းသိရင် ကိုယ့်ဘက်က ရှောင်ရုံပဲပေါ့ .."

ချမ်း မျက်နှာလေးက ပြုံးနေပေမယ့် ဒေါသရိပ်တွေ ရှိနေဆဲပါ။ ည့ ကိုပဲ ချို ဒေါသဖြစ်မိ၏။ လူတွေကတော့ ကိုယ့်ကို လှလိုက်တာလို့ ပြောကြပေမယ့် သူငယ်ချင်းကံ မကောင်းတာ တစ်ခုကြောင့် သူမမှာ ဘခြားလူတွေလို သိုက်သိုက်ဝန်းဝန်းလည်း မနေနိုင်ခဲ့ပေ ..။

အစက သူငယ်ချင်းလေးယောက် ရှိကြသည်။ အရမ်းချစ်ခင်နဲ့ကြ ဘာ မဟုတ်သော်လည်း နောက်ဆုံးနှစ်ထိ လက်တွဲ မပြုတ်ခဲ့သေး..။

နောက်တော့ ပြဿနာတွေ ရှိလာခဲ့သည် ..၊

နိုင်ညွှာ ဆိုသည့် တစ်ယောက်က ဘယ်သွားသွား ခွဲထွက်ချင် သာသလို .. သူ့ချစ်သူနဲ့ ချို့ ကို သဝန်တိုပြီး ကွယ်ရာမှာ ပြဿနာတွေ ရှာင်းနေရတဲ့အထိ ..၊





"ဟင် .. ငါက သူတို့ကို ငါ့မွေးနေ့မှာ အတူတူလာစေချင်လို့ ပြောလိုက်တာပါ .."

"နင်က ဟုတ်မှာပေါ့ .. ဒါပေမယ့် သူ့ကောင်က နင့်အတွက် မွေးနေ့လက်ဆောင်တွေ ဝယ်နေတာကို ကြည့်ပြီး နိုင်ညွှာ က ပြဿနာ ရှာတာ ..၊ ဟိုတစ်ယောက်ကလည်း ပေါက်ကွဲပြီး ဟုတ်တယ် .. နင့်ကို ကြိုက်နေတာလို့ ရွဲ့ပြောသတဲ့ .."

"ဟာ!... အဲဒါ ရွဲ့မှန်း သိရင်လည်း .."

"အနားမှာ ချွန်တွန်းလုပ်တဲ့ စကားတွေ ပြောပေးနေတဲ့လူက လည်း ရှိနေတော့ မီးမြင့်သွားတာပေါ့ဟာ .."

"ဟုတ်လား .."

"အေး .. နင်က မွေးနေ့မှာ နင့်အလှကို အစွမ်းကုန် ထုတ်ပြချင် တာတဲ့ ..၊ ဘယ်သူ့ရည်းစားဖြစ်ဖြစ် နင့်ကိုမြင်ရင် နင့်ဘက် ယိုင်သွား မှာပဲ ဘာညာတွေပေါ့ဟာ .."

ပြဿနာသည် ထိုအခါမှ စခဲ့ာ မဟုတ်ပါ။ နိုင်ညွှာ့ ကို ပိုပိုသာ သာတွေပြောပြီး တို့ထောင်ပေးတဲ့သူ ရှိသလို ချို့ ကို လာပြန်ပြောပြီး ထောင်ပေးတဲ့လူကလည်း နိုင်ညွှာ့ ဘက်မှာ တစ်မျိုး ..၊

ဤသို့သော အလားတူပြဿနာရပ်လေးတွေ ရှင်းရပေါင်းများလာ ခဲ့တော့ ကိုယ့်ဘက်မှာ စိတ်ရင်းနဲ့ပေါင်းသင်းမယ့်သူ မရှိပါလားဆိုတာ နားလည်လာခဲ့သည်။

သူမ လှနေတာကို ကျေနပ်ပါ၏။ ဒါပေမယ့် လှနေမိတာကပဲ တစ်ပြစ် ဖြစ်လာခဲ့သည်မို့ ..၊

ထို့ကြောင့် သူမမှာ သူငယ်ချင်း မရှိ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘာလဲ .. မင်းကိုက ကြည့်မရ ဖြစ်နေတာလား .."

"ငါက ကြည့်မရ ဖြစ်ရအောင် ဘာရှောခ်မှ မရှိခဲ့ဘူး .."

"ဒါဆိုလည်း မင်းကွာ .. ကိုယ်လည်း ချို့ ကို ကြိုးစားနေတာပဲ..၊ နည်းနည်းပါးပါး အဆင်ပြေပြေလေးများ ပြောခဲ့ရောပေါ့ .."

"ငါကတော့ အဆင်ပြေပြေ ပြောခဲ့တာပဲ .."

ဂစ်တာကြိုးတွေ ညှိနေရင်း ပြောပြနေပုံက သူ ဘာအပြစ်မှ မလုပ်ခဲ့သလိုလို ...၊ ခြံကျယ်ကြီးထဲမှာ ပန်းအလှပင်တွေလည်း ရှိပေမယ့် သူတို့ ဆုံမိကြလျှင် ဒီမြက်ခင်းပြင်ပေါ်မှာပဲ ပစ်စလက်ခတ် ထိုင်ဖြစ်ကြ၏။

ဒါက ညံ့ တို့ မြေအတိုးနှစ်ယောက်တည်း၏ နေအိမ် ဖြစ်သည်။ ညံ့ ဘိုးဘိုး ဦးမြမော် သည် အဘိုးဆိုပေမယ့် လူတိုင်းက ညံ့ ရဲ့အဖေလို့ပဲ ထင်ရလောက်အောင် နုပျိုဖျတ်လတ်နေဆဲဖြစ်ကာ ညံ့ ကိုလည်း ချစ်သည်။





စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်နေဆဲဖြစ်ကာ ကုမ္ပဏီ လုပ်ငန်းတွေ အမျိုးမျိုး အပြိုင်အဆိုင် ထူထောင် အောင်မြင်နေကြသည့် ထဲမှာ ဦးမြမော် က ကုန်သည်လုပ်ငန်းဖြင့် အချမ်းသာဆုံးစာရင်းဝင် တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သူ ဖြစ်သည်။

မြေးဖြစ်သည့် ညံ့ ကတော့ ...၊

"ငါက တစ်ခုကို စိတ်ဝင်စားနေပြီဆိုရင် မဝင်စားတဲ့ နောက် တစ်ခုက ငါ့အတွက် အနှောင့်အယှက်ပဲ .."

ဘယ်သူကမှ မမေးဘဲ ညံ့ က ဒီတိုင်း စလာကာ ...

"ကိုယ့်အကန့်နဲ့ကိုယ် နေကြရင် ငြိစရာ ဘာမှမရှိဘူး .."

"သူကတော့ ငြိချင်လွန်းလို့ ဟုတ်မလားကွ .. တစ်ခါတလေ ရန်စွာချင်လို့ မဟုတ်ပေမယ့် နဂါးမှန်းသိအောင် အမောက်ထောင်ပြရ တာတွေ ရှိတယ် ...၊ မင်းပြောပုံက သူ့အစ်မ ရှေ့မှာ .."

"မဟုတ်ဘူး .. အဒေါ် .."

"ဟမ်!..."

ညံ့ က ဂစ်တာကြိုးတွေ ခတ်ကြည့်နေရင်း ရယ်သည်။ ပြီးတော့ ငုံ့စောင်းကြည့်၍ ...

"သူက အဲဒီလို ပြောပါတယ် ဆို .."

"အဒေါ် ဖြစ်စရာလားကွ .."

နှင်း က မယုံ ...၊

စည်သူ က ခေါင်းညိတ်ကာ ...

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .. အဲဒါမျိုးတွေ ရှိတာပဲဟာ ...၊ အဒေါ် တော်တိုင်း အသက်ပိုကြီးရမှာမှ မဟုတ်ဘဲ ...၊ တော်စပ်ပုံအရ ဝါကြီး တာမျိုး .."

"ဟား .. ဟား .. ဟား ..."

"အံမာ .. မင်းက ဘာရယ်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်ရယ်ပေါ့ .."

ညံ့ က စပ်ဖြဲဖြဲ မျက်နှာကြီးနဲ့ သံစဉ်ရှာနေသည်။

သက်ရင့် က လက်နှစ်ဖက် နောက်ပစ်ထောက်၍ ခြေဆန့် လက်ဆန့်နေရင်းကနေ မတ်မတ်ပြင်ထိုင်၍ ...

"မင်းက ဆရာမကို ကွိုင်ရှာခဲ့ရတာများ တစိမ့်စိမ့် ပီတိဖြစ်နေတာလား .."

"အေးလေ .. ခုပဲ သူ့ကို မင်း ဒေါက်ဖြုတ် ..၊ ချက်ချင်းကြီး သူ့တူမကို စကားလိုက်ပြော .. သူ့ကိုပဲ ဘေးထားပြီးတော့ .."

"လာပြန်ပြီ .. သူ့ကို ဘေးထားပြီး မပြောရဘူးလား ..၊ ချို့ ကို စကားပြောမှတော့ သူက ဘေးရောက်နေမှာပေါ့ ..၊ သူ့ကို ငါ ပြောနေတာမှ မဟုတ်ဘဲ .."

"လုပ်ပြီ .."

"မှားနေတာက အဲ့ဒါ .."

"ငါ မမှားဘူး .. သူ မှားတာ .."

"ဘာရယ်!..."

"ငါက ချို ပြောတာပဲ ကြားချင်တာလေ ..၊ သူပဲ သူက ချို့ အဒေါ် တဲ့ .."

"အဲဒါနဲ့ပဲ .."

"ကျွန်တော်က ချို့ ကိုပဲ ချစ်တာလို့ ပြောလိုက်တယ် .."

ဒွန်း တို့ မျောက်သေရုပ်လေးတွေ ဖြစ်ကုန်ပြီဆိုတာ သူတို့ကိုယ် သူတို့လည်း သိလိုက်သည်။

အံ့ဩ စိတ်ညစ်ခြင်းကြောင့် ဘာတွေပြောပြီး အပြစ်ဖို့ရမှန်းလည်း မသိတော့ ..၊

"သီချင်းဆိုမယ် .."

ပြန်စတော့ စကားပြောလက်စတွေ ဘာမှမရှိသေးသလိုလို ..၊





"ဘယ်သူ ဆိုမလဲ .."

"ဘိုးဘိုးမော် ရှိတယ်မို့လား .. ညေ့ခန်းမှာ ပုတီးစိပ်နေသလားလို့ .."

ညံ့ က မော့မကြည့်ဘဲ 'ရတယ်'ဆိုသည့်ပုံစံနှင့် ခေါင်းငဲ့ပြ၏။ ထိုစဉ် ...

"လူလေး ရေ .."

"ဟော .."

အိမ်တံခါးဝမှာ ဦးမြမော် ကို မြင်လိုက်ရကာ လက်ယပ်ခေါ်နေ၏။

"ခေါ်နေတယ် .. မြန်မြန်သွား .."

ဂီတာကို ဒွန်း က ဆွဲယူထားလိုက်ကာ ညံ့ က ထသွား၏။ ခည်သူ က ရှုံ့မဲ့မဲ့နှင့် ...

"ငါ ထင်တယ် ,, ဒီကောင် မရလို့ လိုချင်နေတာ ..၊ ချို့ ကို ဒီလောက် မဟုတ်ဘူး .."

"ဘယ်သူ့ကိုရော ဒီလောက် ဟုတ်ခဲ့တာ ရှိလို့လဲ .."

"ဒါပေမယ့် ချို က ဒီလောက်လှတာ .."

"ငါတို့က ဒီလိုမြင်ပေမယ့် သူ့မျက်လုံးထဲမှာ သိပ်မဟုတ်လို့ပေါ့ .."

"ငါလည်း စဉ်းစားမရဘူး .."

သက်ရင့် က ညံ့ ရှိရာကို လှမ်းကြည့်၍ ...

"ချို ကလည်း ညံ့ ကိုမှ ရွေးကွက်ပြီး ကဲန်ဆယ်လ်လုပ်ထားတာ ထူးဆန်းတယ် ..၊ ငါတို့မြင်သမျှတော့ သူ တွဲနေတာတွေက ငါတို့ ညံ့ နဲ့ ဘာဆိုင်လို့လဲ .."

"ဒါပေမယ့် ဘယ်ကောင်မှ ညံ့ နဲ့ မတူတာလည်း အမှန်ပဲကွ.."

ဒွန်း က ဂီတာကို ဒီတိုင်းပိုက်ထားပြီး ကန့်ကွက်တာလိုလို .. ဆောက်ခံတာလိုလို ..၊



www.burmeseclassic.com

www.burmeseclassic.com



"ညံ့ စိတ်ရင်းကောင်းရှိတာ ငါတို့တွေပဲ သိတာလေ ..၊ သူများအမြင်မှာတော့ ရည်းစားများတယ် .. မိုက်ရိုင်း မောက်မာတယ် ..၊ တစ်ခုမှ အကောင်းမြင်စရာ မရှိဘူး .."

"ငါ့အထင်တော့ ချို က ကြောက်နေတာ ဖြစ်မှာပါ ..၊ ညံ့ က ရည်းစားသက်တမ်းရှည်ခဲ့တဲ့ ရာဇဝင် မရှိဘူး .. ပြီးတော့ ရုပ်ဖြောင့်တယ် ..၊ သူ့ကိုလည်း သက်တမ်းတိုရာဇဝင်ထဲ ထည့်ခဲ့မှာပဲလို့ တွက်တာ ဖြစ်မယ် .. ပြီးတော့ ..."

"ပြီးတော့တွေ များနေပြီ .."

"များများကွာ .. ပြီးတော့ စဉ်းစားကြည့်လေ ..၊ မြင်တော့သာ အသည်းအသန် တွေ့ရာသချိုင်း စားမဆိုင်း .."

"အဲ့ဒါ ရန်သူတွေ့ရင်လေ .."

"ဟုတ်လား .. မသိဘူး .."

ပြောနေရင်း ပြုံးစိစိဖြစ်သွားကာ သက်ရင့် က တဟားဟား ရယ်၏။

"ဒါပေမယ့် အရင်လို အလောတကြီး ထလိုက်သွားတာပဲလေ..၊ ချို့ ဘေးမှာ ဘယ်ကောင်ရှိရှိ .. ခုလိုမျိုး သူ့အဒေါ် ဆရာမ .. ဘယ်လိုလူ ရှိနေနေ .."

"အင်း .."

"စည်းစိမ် ဆိုတဲ့ကောင်ဆိုရင် ချို့ ဘေးကနေ ဆွဲထုတ်ခံရတာ နှစ်ခါ ..၊ သုံးကြိမ်မြောက်မှာ လက်မြှောက်သွားရှာတာ .."

သူတို့ရဲ့အကြောင်းအရာတွေ ပြောလို့ မပြီးသေးခင် ညံ့ က ဖုန်းပြောရင်း အနားရောက်လာ၏။

"ဟုတ်တယ် .. မင်း မသိလို့ ပြောပြတာလေ ..၊ ဖုန်းကိုင်တဲ့သူကကိုယ်မှ မဟုတ်တာ .. မင်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တာ ဆင်ခြင်သင့်တာပေါ့ .."





ပြောနေသည့် စကားလုံးတွေကြောင့် ဒွန်း တို့ အကြည့်ချင်း ဆုံသွားကြကာ ညံ့ ဆီကို မော့ကြည့်ကြပြီးသား ဖြစ်ကုန်ကြသည်။

"ကျွတ်!..."

ညံ့ က မျက်မှောင်ကုတ်လျက် ဖုန်းကို စားပွဲလေးပေါ် တင်ထားလိုက်သည်။ စားပွဲပေါ်မှာလည်း သောက်ထားသော အအေးဘူးတွေနှင့်အတူ ဖုန်းတစ်လုံး ရှိနေကာ ...

"မင်းကလည်း ဖုန်းနှစ်လုံး ကိုင်တာကိုးကွ .. ဘယ်သူလဲ .."

"တန်ခူးနွေ .."

"ခူးခူး လား .."

ညံ့ ပါးစပ်ထဲမှာ 'တန်ခူးနွေ' ဖြစ်သွားခဲ့ပေမယ့် သူတို့ စွဲနေခဲ့တာကတော့ 'ခူးခူး' ပဲ ဖြစ်၏။ တွဲနေတုန်းဆို နာမည်တစ်မျိုး ကြားရကာ ပြတ်သွားကြပြီဆိုတဲ့ ဒီနောက်နေ့မှာ နာမည်က ခေါင်းစဉ်ပြောင်းသလို ပြောင်းသွားလိမ့်မည်။

ဒါက ညံ့ ဘက်မှာ ပြောင်းလဲနေကျ အထာ..၊

ဘယ်သူပြီးပြီး မပြီးပြီး သူ့ဘက်က ဒီနေ့ပြီးပြီဆိုလျှင် အဲဒီဇာတ်သိမ်း နောက်နေ့ထိ မပါပေ ..။

"မင်းကို ရစ်နေတာလား .."

"ဖြူစင်လတ် နဲ့ သူ ငြိကြတာတွေ ပြောနေတာ .."

"ဟုတ်လား .. မင်းကို လုရင်းနဲ့ သတ်ကုန်ကြတာလား .."

သက်ရင့် မေးခွန်းကြောင့် စိတ်တိုသွားသည့် ညံ့ မျက်လုံးက စူးခနဲ ..၊

"မင်းကလည်း .. သူတို့က အစတည်းက ဒါကြောင့် ငြိဖူးတာဆိုလ ..၊ မင်းနဲ့လည်း အပြိုင်လာဖြစ်နေတော့ .."

"မင်းကလည်းကွာ အွန်လိုင်းပေါ်က ကိစ္စတွေပါ .. ခူးခူး တို့က အရမ်းဆတ်လွန်းတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သူကလည်း ဆိုးဆိုးလေးပဲ ...၊ အခု ဖုန်းထဲက ဘာတဲ့လဲ .."

"ဒါပဲ .."

"မဟုတ်ဘူးလေ .. မင်း ခုနပြောနေတာ ဘိုးဘိုးမော် ကို သူ ဘာပြောလိုက်လို့လဲ .."

"မလိုအပ်တာတွေ ထည့်ပြောလို့ပေါ့ .. အလိုလိုကမှ ဘိုးဘိုးက ခုတစ်လော ငါ့ကို ကျပ်ဖို့ပဲ ကြိုးစားနေတာ .."

"ဟုတ်လား .."

အိမ်ဘက်ကို လှမ်းကြည့်မိကာ ဂီတာတီးကြဖို့ စိတ်ကူးတွေပါ ပျောက်ကုန်ကြ၏။

"အခု ဆူလိုက်တာလား .."

ညံ့ က ခေါင်းညိတ်ပေမယ့် ဘိုးဘိုး ပြောတာတွေကိုတော့ ပြော မပြဖြစ်ပါ ...။

"နာမည်တွေကတော့ နှစ်ဆယ့်လေးနာရီ မပြောင်းခင် တစ်မျိုး ကြားနေရသလိုပဲ ...၊ ငါ့မြေး စီးပွားရေးမှာသာ ဒီလို အံလှမ်းကျယ်ရင် ဘိုးဘိုး နားလို့ရပြီ" တဲ့ ...။

"သတိထားနော် ညံ့ .. ဘိုးဘိုးတို့က မိကောင်းဖခင်ဖြစ်အောင် နေခဲ့တာ ...၊ မိမနိုင်ဖမနိုင်ဘွဲ့ရဖို့ အလွယ်တကူပဲဆိုပြီး ခေါင်းငုံ့ လက်မလျှိုချင်နဲ့ .. 'ပုံသကူ' ဆိုပေမယ့် ရွှေထုပ်မဟုတ်ဘဲ ချေးထုပ်ဖြစ်နေတာတွေ ရှိတယ်၊ အလကားရတိုင်းလည်း မကောင်းဘူး" လို့ ပြောလိုက်သေးသည်။

ဘယ်သူက အလကားရတာတွေကို မက်မောနေလို့လဲ ...၊

စိတ်ကူးတွေနဲ့ ပြန့်တွေးရင် မကျေနပ်ဖြစ်နေမိကာ ညံ့ က ခုံပေါ်မှာ ထိုင်ချလိုက်တာ ဆောင့်ခနဲ ...။

"အေးလေ .. အဲဒီကောင်မလေးက ဘာလဲ !.."





"သေချာတယ် .. လွတ်နေတာ .."

ညံ့ ဒီလောက်ဖြစ်လာတည်းက သဘောပေါက်နေကြကာ ဒွန်းတို့က မြက်ခင်းပေါ်က ထလာကြ၏။ ပြီးတော့ ခုံတွေပေါ်မှာပဲ အသီးသီး ထိုင်လိုက်ကြရင်း ...

"မင်းကို တော်တော် ဆူလိုက်တာလား .."

"မင်းကလည်း ဘိုးဘိုးမော် က ဘယ်တုန်းက ဆူဖူး ပြောဖူးလို့လဲ ...၊ တစ်ခုခု ဟတ်ထိအောင် ပြောလိုက်တာပဲ နေမှာ .."

သူတို့ချည်းပဲ စကားတွေခေါ်ရင်း ထင်ကြေးတွေ ပေးနေပေမယ့် ညံ့ က ဘာမှမပြောပေ ...၊

"ဟော .. ဟိုမှာ ..."

သက်ရင့် ၏ လှို့ဆော်သံကြောင့် ကျောခိုင်းနေသည့် ညံ့ က လှမ်းကြည့်သည်။

သက်ရင့် ၏မျက်လုံးလားရာကို မှန်းဆမိရင်း ဘိုးဘိုး ဒီဘက်ကို လာနေပြီဆိုတာပါ သိလိုက်၏။

"ဘယ်လိုလဲဟေ့ .. ရည်းစားမရှိသေးတဲ့သူ လက်ညှိုးထောင်မလား .. ဘိုးဘိုးက ဆုချမယ် .."

ရယ်မြူးသံနှင့် လှမ်းပြောရင်း အနားရောက်လာ၏။

ဒွန်း တို့ မျက်နှာတွေကတော့ မပြုံးနိုင် မရယ်နိုင်တွေ ဖြစ်ကုန်ကြကာ ...

"ဘိုးဘိုးမော် ကလည်း .. ဟဲ .. ဟဲ .."

"ကျွန် .. ကျွန်တော်တို့က လူရိုးလေးတွေပါ .."

"ဟော!... ဟား .. ဟား .. ဟား ..."

"ဟား .. ဟား .. ဟား ..."

"ဟား .. ဟား .. ဟား ..."

ဦးမြမော် ရယ်ချလိုက်တော့ မနေတတ်မထိုင်တတ်နှင့် သူတို့ပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရယ်ကြ၏။ ညဲ့ မျက်လုံးကြီး စူးရောက်လာတော့ ရယ်သံတွေ တိခနဲ ...။

"အဟွန်း .."

"ဘိုးဘိုးမော် လာပါ .. ထိုင်ပါ .."

ခေါင်းကုတ်ရင်း စည်သူ ပထမဆုံး အကြံရကာ ပျာပျာသလဲ ထရပ်ပြီး ထိုင်ခုံ ရွှေ့ပေးမိသည်။

"နေပါစေကွာ .. မထိုင်တော့ပါဘူး ...၊ ဘယ်လိုလဲ .. လူရိုးလေးတွေဆိုတော့ ငါ့မြေးကလွဲရင် အားလုံး ရည်းစားမရှိကြဘူးပေါ့ .."

"ဟို ..."

"ဒီလို ဘိုးဘိုးမော် .."

"ဘယ်လိုလဲ .."

"ညဲ့ မှာလည်း ရည်းစားဆိုတာ မဟုတ်ပါဘူး .."

"အင်း .. ဘယ်လိုမျိုးလဲ .."

"ကျွန်တော်တို့က ပျော်ပျော်နေတတ်ကြတော့ .."

"မိန်းကလေးတွေနဲ့ ဖုန်းပြောနေရတာကိုလား .."

"ဖုန်းပြောတာက .."

"နေ့တိုင်း ညတိုင်း အွန်လိုင်းပေါ် တက်ပြီးတော့ .."

"မဟုတ်ဘူး ဘိုးဘိုး .. အဲဒါက ဗဟုသုတ ရှာတာပါ .."

ဦးမြမော် က စကားကောင်းမပါပေမယ့် အပြုံးမပျက် ပြောနေတာမို့ ဆူနေတာလား မသိ ...၊ ရယ်စရာ မောစရာတွေအဖြစ် ပြောနေမှန်း မသိ ...။

ဒွန်း တို့ ရေလိုက်ငါးလိုက် ပြောရမလား .. မပြောရဘူးလားလည်း မသိဘဲ ဒုက္ခရောက်နေကြ၏။

ဦးမြမော် က လက်နှစ်ဖက်နောက်ပစ်၍ ဘောတိုက် ခြေလှမ်းရွှေ့ရင်း မြေးဖြစ်သူကို ကြည့်သည်။ ညဲ့ က တစ်ခွန်းမှ မဟ ...၊





"ခုလိုမျိုး အင်တာနက်ခေတ်ကြီးထဲမှာ အဲ .. ကျွန်တော်တို့လို လူငယ်တွေအတွက် ဗဟုသုတတင်မကဘူး စိတ်ဝင်စားစရာ .. ပျော်ရွှင်စရာတွေနဲ့ .."

"အင်း .. ပြောပါဦး .."

"ဒီလိုလေ ဘိုးဘိုးရဲ့ .. လူငယ်ဖြစ်ဖြစ် .. လူမငယ့်တငယ်တွေပဲဖြစ်ဖြစ် .. ဆုံးမစကားဆိုတာ ပျင်းဖို့ကောင်းတယ်မို့လား .."

"ဟုတ်ပ .."

"ပညာပေး ဘာတွေ ညာတွေဆိုတာလည်း လှန်လှောမိတိုင်း ကြည့်မိတာ မဟုတ်ဘူး .."

"အင်း .."

"အင်တာနက်ပေါ်မှာ တစ်ထိုင်တည်းနဲ့ အားလုံးရှိတယ် .."

"အဲဒီတော့ ပျင်းစရာလေးတွေ ဖယ်ပြီး ပျော်စရာလေးတွေကိုပဲ ထိုင်ရာမထ ကြည့်ဖြစ်သွားရောလား .."

"ဟုတ် .. အဲ .. အဲဒါက .."

"ဒီလို ဘိုးဘိုးမော် .."

စည်သူ က ဖျတ်ခနဲ ကြားဖြတ် ဝင်ပြောကာ ...

"ညဲ့ က ရည်းစားထားတာ မဟုတ်ပါဘူး .. သူငယ်ချင်းဖြစ်ကြ-အပြင်မှာတွေ့ပြီး သွားမိလာမိလေးတွေ ဖြစ် .. ဒါပါပဲ ...၊ တကယ်ပြောတာပါ .. အဲဒီလို လွတ်လွတ်လပ်လပ် တွဲသွားတွဲလာတွေ ဖြစ်မိကြလို့ ကျွန်တော်တို့ နာမည်ပျက်ရတာ ...၊ ဖုန်းဆက်တဲ့ကောင်မလေးကလည်း သူငယ်ချင်းလို ရင်းနှီးတာ .. ဘာမှမဟုတ်ဘူး .."

"ငါ့မြေးက ငြိမ်နေပါလား ...၊ ဘာလဲ .. ဘိုးဘိုး ပြောတာကို စိတ်ကောက်တာလား .."

ဖျတ်ခနဲ မော့ကြည့်သည့် ညဲ့ မျက်နှာ ဖြူဝင်းက နီမြန်းနေလျက်—

"ကျွန်တော်က ဘာဖြစ်လို့ စိတ်ကောက်ရမှာလဲ .."

www.burmeseclassic.com



"မသိဘူးလေ .. မင်းက အသံတိတ် မျက်နှာပုတ်ကြီး ချနေတာကိုး .."

"ဘိုးဘိုးကရော ပြောဖို့လာတဲ့စကား ဆောင်းချိတ်ပြီး ဘာဖြစ်လို့ ရှိနေတာလဲ .."

ဘိုးအေဖြစ်သူ အလိုလိုက်ထားသလောက် ညံ့ က စိတ်ဆိုးလာပြီဆို ဒီတိုင်းပင် ..။

"ဘိုးဘိုးက တည့်တည့်မေးမှ ကျွန်တော် ဖြေလို့ ရမှာပေါ့ .."

"မေးစရာ မလိုပါဘူး မြေးရယ် .. ငါ့မြေး ရည်းစားထားနေလည်း ဘိုးဘိုးက မထားရဘူးလို့ မချုပ်ချယ်ဘူး .. ဒါပေမယ့် ပြောဖို့တော့ ရှိတယ် .."

ဦးမြမော် မျက်နှာ တည်သွားသည်။ စောစောက ပြုံးရယ်လျက် ဒွန်း တို့ကို စကားတွေပြောနေခဲ့တာ မဟုတ်သလို ညံ့ မျက်နှာကိုပဲ ကြည့်၍ ...

"ကိုယ်မှားရင် တာဝန်ယူရဲရမှာ .. ပြဿနာတစ်ခုခု ဘိုးဘိုးဆီ ရောက်လာရင်တော့ ဘိုးဘိုးကိုပဲ ဆုံးဖြတ်ခွင့် ပေးရမယ် .."

ဘိုးဘိုး ဘာကိုဆိုလိုမှန်း သိလိုက်ကာ ညံ့ မျက်နှာ ရဲခနဲဖြစ်သွားသည်။

"ဆိုတော့ ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ကျေနပ်နှစ်သက်စွာ နေထိုင်သွားနိုင်မယ့်လမ်းကို ရွေး .. အပျော်ဆိုတာ ငွေကုန်ခံနိုင်ရင် ရတယ် ..၊ ဘဝတစ်ခု ပျက်စီးသွားရင် ဘာနဲ့မှ လဲယူလို့ မရဘူး .."

"ဘိုးဘိုးက .."

ညံ့ ဘာမှမပြောရဲသေးခင် ဦးမြမော် လက်ကာ၍ ..

"ဘိုးဘိုးကို ပြန်ပြောနိုင်းနေတာ မဟုတ်ဘူး.. မင်း စဉ်းစားဖို့ပဲ.."

ဦးမြမော် မျက်နှာက တင်းနေသည်မမည်ပေမယ့် အပြုံးအရယ်မဲ့လျက် တစ်ခုခုအပေါ်မှာ ဒေါသရိပ် ထင်နေတာက သိသာ၏။





လှည့်ထွက်သွားတဲ့အထိ နောက်ထပ် ဘာမှမပြောတော့ပေ ..။

"ကျွတ်!... တကယ် **လွန်တယ်** .."

ညံ့ မျက်နှာမှာ တင်းမာခဲသောပုံစံမျိုးနှင့် နှုတ်ခမ်းတွေပါ မဲ့ရွဲ့ ညည်းသည်။

"အေးလေ .. ဘိုးဘိုးမော် ကလည်း ငါတို့ကဖြင့် လူရိုးလေးတွေပါ .."

"ရည်းစားလေးတွေ ခဏခဏ ကွဲနေတာကလွဲရင် ဘာမှဖြင့် ဘာနရသေးဘဲနဲ့ .."

"မင်းတို့ကလည်း ဟိုကောင် တင်းနေပါတယ်ဆိုမှ .."

သက်ရင့် က လူကြီးလေသံနှင့် ဝင်ပြောကာ ...

"ဘိုးဘိုးမော် ပြောသွားတာ ယဉ်ယဉ်ကျေးကျေးနဲ့ ထိရောက်တယ်ကွ .. ယောကျ်ားချင်းမို့ မှားတတ်တာကို ပြောသွားတာ ..၊ ကိုယ်မဟုတ်ရင် ပြီးတာပဲ .."

ဖျောင်းဖျပေမယ့် ညံ့ မျက်နှာက မကျေနပ်မှုက မပြေ ..။

"ပြီးတော့ ဒါ တကယ် သတိထားဖို့ လိုတဲ့ အချက်ပဲကွ .."

"ငါ အဲဒီလောက် မရမ်းကားဘူး .. သူများ သားပျိုသမီးပျိုကို စော်ကားဖို့ နေနေသာသာ အလွယ်တကူဆိုရင် လမ်းဘေးစာတောင် ဝယ်မစားဘူး .."

"လမ်းဘေးစာ မပြောနဲ့ .. ဆိုင်ထဲက စားစရာတွေကိုတောင် ကြေးများလွန်းလို့ ခက်နေတာ သိပါတယ် မောင်မင်းကြီးသားရယ်.."

အဟမ်း ..။

ခံစားချက်တွေ တစ်လုံးကြီးနဲ့ စိတ်ထဲမှာ ပြောဖြစ်သွားပေမယ့် ချောင်းတစ်ချက်ပဲ ဟန့်လိုက်ရင်း သက်ရင့် မျက်နှာကို ဟိုလှဲဒီလှဲ..!

ညံ့ ကလည်း မျက်စောင်းထိုးသလို လှည့်ကြည့်၏။ ထို့ကြောင့်—

"အဟမ်း .. အဟမ်း .."



www.burmeseclassic.com

www.burmeseclassic.com



သက်ရင့် က လည်ချောင်းကို ပွတ်ပြ၍ ချောင်းတွေဟမ်းနေကာ...

"ဩော် .. ဟုတ်တယ်လို့ .. အဟမ်း .. မင်းကို ထောက်ခံနေတဲ့ ချောင်း .. ဒီ ချောင်းက .."

"ဟီး .. ဟီး ..."

သူငယ်ချင်းတွေ ပြုံးဖြီးဖြီးကြီးတွေ ဖြစ်ကုန်ကြသဖြင့် စိတ်က ဟိုရောက်ဒီရောက်နှင့် တင်းနေတာတော့ ပြေသွားခဲ့၏။

သို့သော် ဒွန်း က ခေါင်းတညိတ်ညိတ်နှင့် ...

"ပြောလည်း ပြောချင်စရာပဲ ..၊ ခုခေတ်က .."

"ဟော့ကောင် ပြန်မစနဲ့တော့ .."

စည်သူ က သူ့လက်မောင်းကို လှမ်းရိုက်ပြီး ပိတ်ပင်၏။ လေးယောက်စလုံး ဂီတာကို ပြန်မကိုင်ဖြစ်ကြတော့ဘဲ အအေးဘူးတွေကို ပြန်ကိုင်ကြသည်။

ဒါပေမယ့် သောက်လက်စ အအေးဘူးတွေလည်း အပူဘူးတွေ ဖြစ်နေကြကာ ဒွန်း တို့သုံးယောက် မျက်လုံးတွေ ဆုံသွားကြ၏။

ဒါ ဘယ်သူ့ဆီက အပူတွေလဲ ...။





အခန်း (၇)

"ဟား .. နောက်တစ်ယောက်နဲ့ ဖြစ်နေပြန်ပြီကွာ .."

အသံကြားလိုက်တာနှင့် ချို့ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွားသည်။

အနားမှာ အတူရှိနေသည့် လပြည့် မျက်နှာပါ အတိအကျ ပျက်ယွင်းသွားတာ မြင်လိုက်ရ၏။

ထိုအခါ လူကို မမြင်ရသေးဘဲ နှစ်ယောက်စလုံး ထရပ်ပြီးသား ဖြစ်သွားကြ၏။

သူတို့ဆောင်းကနေ ရှေ့တည့်တည့်ကို တစ်လှမ်းချင်း လျှောက်ထွက်လာတာက ညံ့ ဖြစ်၏။

ဒီတီအင်(န်) ရှပ်အဖြူရောင်နှင့် ဆောင်းဘီရှည်အဖြူကို ဝတ်ထားကာ မိုးပြာရောင်ဝစ္စကုတ်အတိုလေးကို ထပ်ဝတ်ထား၏။ ထို့ပြင် အဖြူရောင် ရှပ်အင်္ကျီလက်စကာ၏ အဖျားနားမှာ အပြာရစ် နှစ်ရစ်စီပါ ကော်လံမှာပါသည့် အပြာရောင် အနားရစ်လေးနှင့် လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဲ ရောက်လာတာနှင့် တစ်ကိုယ်လုံး လင်းနေသလို ထင်ရအောင် ဝတ်ထားသည့် ဒီနိုင်းက တောင်းကင်ဆန်နေသည်။

ဒီပုံစံဖြစ်လာအောင် ဒီလောက်ထိ စိတ်တိုင်းကျ ဝတ်စားနိုင်တာ လည်း ညဲ ပဲ ရှိပါ၏။

ဒေါသနှင့် ပြောဖို့စကားလုံးတွေက ညဲ ကို မော့ကြည့်ပြီး ခဏ တစ်ဖြုတ် ပျောက်ဆုံးသွားခဲ့သည်။ လပြည့် က ချို့ လက်ကို ဆွဲယူလိုက် ကာ ...

"သွားမယ် .."

တခြားနေရာကို ရွှေ့ဖို့ ခြေလှမ်းပြင်လိုက်၏။ ညဲ က ခြေလှမ်းကို အားတိုက်ရွှေ့ကာ လပြည့် နဲ့ ပခုံးချင်း တိုက်ပစ်လိုက်ကာ ...

"ရည်းစားလည်း မဟုတ်သေးဘဲ အပိုတွေ လုပ်မြမနေစမ်းပါ နဲ့ ..၊ ဖြုတ်လိုက် လက်ကို .."

ရည်းစား ဟုတ်ပြီးတာ မပြီးတာ သင်းက ဘယ်လိုလုပ် သိနေတာ လဲ ..၊

လပြည့် မျက်နှာ တင်းနေလျက် ...

"ရည်းစား မဟုတ်ပေမယ့် ငါ ကိုင်ခွင့်ရှိလို့ ကိုင်တယ် ..၊ ဒါပေ မယ့် မင်းမှာ တားခွင့် မရှိဘူး .."

"ဟုတ်လား ချို .."

ရုတ်တရက် လှည့်မေးလိုက်တာ ဘာကိုမှန်း မသိလိုက် ..၊

"ရည်းစား ဟုတ်ဟုတ် မဟုတ်ဟုတ် မင်းကို ဒီလို ဆွဲခေါ်သွားလို့ ရသလား .."

"ဘာ!..."

ချို့ အသံလေး စူးခနဲ ဖြစ်သွားသည်။

ပြီးတော့ ကိုယ့်လက်ကို သတိရကာ လပြည့် ရဲ့လက်ထဲကနေ ဆောင့်ခါ ရုန်းပစ်လိုက်ပြီး ...





"နင် ငါ့ကို အဲဒီလိုစကားတွေ ပြောပြီး သိက္ခာချဖို့အတွက် ဒီကို လာတာလား .."

"ဘယ်ဟုတ်မလဲ .. ခုလို ဆွဲတိုင်းရတယ်လို့မှ ထင်မထားတာ..၊ မြင်လိုက်လို့ ပြောဖြစ်သွားတာပါ .."

"ဟိတ်ကောင် .. မင်း .."

လပြည့် က ညဲ အင်္ကျီရင်ဘတ်ကို ဆွဲဆုပ်ဖို့ရော .. ထိုးချလိုက်ဖို့ အတွက်ပါ လက်နှစ်ဖက်စလုံးကို အင်တိုက်အားတိုက် ပြင်ဆင်ပြီး ရှေ့ တိုး၏။

ညဲ က ခြေလှမ်းရွှေ့ရင်း ခေါင်းငုံ့ရှောင်ကာ လပြည့် ခါးစောင်းကို ပတ်ကန်ပစ်လိုက်၏။

လပြည့် အင့်ခနဲ အသံထွက်သွားကာ အားတိုက် ယိုင်ထွက်သွား သည်။ ထိုအခါ ...

"အမလေး!..."

သူတို့ဘေးကို ရောက်လာသည့် ချမ်း ရဲ့ကိုယ်ပေါ်သို့ လပြည့် ၏ ပခုံးတစ်ခြမ်းလုံး နောက်ပြန်ကပ်မိသွား၏။ နှစ်ယောက်စလုံး ထပ် လျက်အတိုင်း လဲကျသွားခဲ့လျက် ..၊ ညဲ က ချမ်း ရဲ့လက်မောင်းလေးကို ခြေမြန်လက်မြန် ဖမ်းဆွဲထားလိုက်၏။

အဖြစ်အပျက်တို့သည် မျက်တောင်တစ်ခတ်လောက်အတွင်းမှာ ရှုပ်ထွေးသွားခဲ့ပြီး စိမ်းသက်သွားသောအခြေအနေတွင် ညဲ သည် ချမ်း ၏ကိုယ်လေးကို ခါးမှသိမ်း၍ လက်တစ်ဖက်နှင့် ဆွဲဖက်ထားလျက် သားဖြစ်ကာ လပြည့် က မြေပြင်ပေါ်မှာ ဖင်ထိုင် လဲကျလျက် ...

ချို နှုတ်ခမ်းလေးပေါ် လက်ဝါးနှင့် ဖိကပ်အုပ်ထားရင်း မျက်လုံး အဝိုင်းသား ဖြစ်နေခဲ့၏။ ချမ်း ကိုယ့်နှာခေါင်းထဲမှာ ဆွတ်ပျံ့သော ရေမွှေးနံ့နှင့် မျက်လုံးရှေ့မှာ အဖြူရောင်အင်္ကျီနှင့် ရင်အုံပြန့်ပြန့်ကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြာနှင့် အဖြူရောင်သည် မိုးသားတိမ်လိပ်တို့ ဖြစ်ခဲ့ပြီး သူမသည် ဟိုးအမြင့်ဆီမှ ဦးစိုက် ဇောက်ထိုးပြုတ်ကျလာသလို .. တစ်ကိုယ်လုံး လိပ်ပြာလွင့်မတတ် အေးခဲသွား၏။

ရှက်သည့်စိတ်နှင့် ဒေါသကြောင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းရန် ပစ်၍ လွှဲရိုက်ပစ်လိုက်သော လက်တစ်ဖက်သည် ...၊

"ဖြန်း .."

ထိရိုက်မခံခဲ့ဖူးသည့်မျက်နှာသည် ကိုယ့်ရဲ့ ကိုယ်ခန္ဓာနှင့် အိုးစားကွဲသွားပြီလား ထင်လိုက်မိ၏။ မျက်လုံးထဲမှာ မီးပွင့်သွားသလို မှုထူကျိန်းစပ်သွား၏။

ညံ့ ဒေါသတွေ ရှူးခနဲ ထိုးတက်သွားကာ ...

နောက်ထပ် ဝါးစပ်အပေါင်းသား ဖြစ်သွားသူက ချို ဖြစ်ကာ လက်ပြန်ရွယ်လိုက်သည့် ညံ့ ရဲ့ လက်တစ်ဖက် အရှိန်ကုန် လွှဲသွားကာ ချမ်း ဒီတိုင်း ကျောက်ရုပ်လေးလိုရပ်နေတာ မြင်ကာမှ သတိဝင်လာ၏။

"မလုပ်နဲ့ .."

"ညံ့ .. ညံ့ .. ဟေ့ကောင် ..."

ဒွန်း တို့လူစု ပြေးလွှားရောက်လာကြ၏။

သူတို့က ညံ့ ကို ဆွဲကာ ချို က ချမ်း လက်လေးကို ခပ်လှမ်းလှမ်းထိ ဆွဲခေါ် ဆုတ်သွား၏။

"တောက်!..."

ညံ့ တက်ခေါက်၍ ရွယ်ထားသည့်လက်ကို တဖြည်းဖြည်းချကာ...

"ခင်ဗျား .."

"ဘာ ခင်ဗျားလဲ ...၊ နင် နေ့ရာတကာ လက်ပါနေတာ ဝုဏ်ယူစရာ ထင်နေသလား .."

ချို ဒေါသတကြီး ဝင်ပြောပေမယ့် ညံ့ မျက်လုံးတွေထဲက သူမဆီကို ရွှေ့လျားမလာခဲ့ပေ ...၊





အစိမ်းရောင်ဝတ်စုံဖြင့် နောက်မှာစည်းထားသော ဆံနွယ်ရှည်တွေ ရင်ဘတ်တစ်ခြမ်းပေါ်မှာ ဖရိုဖရဲ ဖေးတင်နေလျက် ချမ်း ရဲ့မျက်နှာ ထက်မှာပဲ ရှိကာ ...

"ခင်ဗျား .."

လက်ညှိုးထိုးရင် နောက်ဆက်တွဲ ပါမလာသည့် ထိုစကားနဲ့ပဲ ဒွန်း တို့ ဆွဲခေါ်သည့်အတိုင်း နောက်ပြန်ဆုတ် ပါသွား၏။

လဲကျနေရာက ပြန်ထရပ်လာသော လပြည့် သည် သူ့ကိုယ်သူ ဖုတ်ဖက်ခါထုတ်ရင်း ကြည့်ကာ ...

"ချို .."

သူ့ဆီကို ချို လှည့်ကြည့်ကာမှ ...

"သင်တန်းတစ်ခန်းလုံး နာမည်ကျော်သွားပြီ ထင်တယ် ...၊ ဒီလောက်ဖြစ်ပြီးကာမှ တို့က နာမည်ကြီး ထမင်းငတ် အဖြစ်မခံနိုင်ဘူးနော် .."

လပြည့် က ကြိမ်းဝါးသလိုပြောကာ ချက်ချင်း လှည့်ထွက်သွားသည်။

အကြောင်းအရာတို့သည် ဒီမှာတင် မပြီးသေး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ရှက်ဖို့ကောင်းလိုက်တာ သမီးရယ် .. ဟင် .. ယောကျ်ားလေးတွေ တစ်ပြုံကြီးနဲ့ ညည်းလေ .."

"မေမေကလည်း အကြီးကြီး ပြောနေပြန်ပြီ .."

"ဘာ!..."

ဒေါ်ချိုသဲ အသံဟွေပါ တုန်လျက် ...

"ကျောင်းမှာလည်း ကျောင်းမှာမို့လို့ .. သင်တန်းရောက်တော့လည်း ပြဿနာတက်တာပဲ ..၊ ငါ .. ငါ .. ချမ်း ကို ရှက်လိုက်တာအေ.. သူ့ကို ငါ အပ်ထားပေမယ့် ကိုယ့်သမီးကို ဒီလောက်ထိ ဆိုးပါတယ်လို့ ပြောခဲ့တာ မဟုတ်ဘူး .."

"မေမေ .."

"ပြော .. ညည်း ဘာပြောချင်လို့လဲ .."

"ချို တို့ ဒီတိုင်းထိုင်ပြီး စကားပြောနေကြတာ .."





"နေဦး .."

ဒေါ်ချိုသဲ က လက်ကာ တားလိုက်၏။

"ဘယ်သူနဲ့ ပြောနေတာလဲ ..၊ ညည်း ပြောနေတဲ့ သတ္တဝါကို ပြောပြစမ်း .."

"လပြည့်လင်း .."

မျက်လွှာချပြီး ပြောပြတော့ ဒေါ်ချိုသဲ ရှူးစိုက်ကြည့်နေ၏။

မီးရောင်အောက်မှာ ဖွေးနုနေသည့် ချို့ မျက်နှာလေးမှာ နှာတံချွန်ချွန်၊ မျက်တောင်ကော့ကော့လေးတွေနှင့် လှချင်တိုင်း လှနေပေမယ့် ရင်ထဲမှာ ဖြစ်လာသည့် ခံစားချက်တွေက ခါတိုင်းလို ကျေနပ် ကြည်နူးခံတာမျိုးလည်း မဟုတ် ..။

"လပြည့် က .."

"နောက်ရောက်လာတဲ့ တစ်ယောက် ဆိုတာကရော .."

"သူက .."

"တော်ပြီ .. သမီး ရှုတ်ပြနေတာကို နားမထောင်ချင်တော့ဘူး..၊ အမေ မေးလို့ ပြောပြနေရတဲ့လူရော .. မေမေ ဘာမှမမေးခင်က ရှိခဲ့တဲ့ ညည်းစား ဆိုတာတွေရော .. အဲဒါတွေကို .."

"မေမေရယ် .. ချို အဲဒီလောက် မဟုတ်ပါဘူး .. မေမေ ပြောသလို ကြီးက .."

"တော်တော့ ချို .."

ဒေါ်ချိုသဲ အသံရှူးသွားအောင် အော်မိပြီးမှ ပြန်ထိန်းလိုက်ရတာ ...

"သမီးကြောင့် ချမ်း လည်း သိက္ခာကျခဲ့ရပြီ .. နောက်ဆို ညည်းနဲ့ သူ တွဲတောင် လျှောက်ချင်တော့မှာ မဟုတ်ဘူး .."

ဒါကတော့ ဖြစ်နိုင်တာမို့ ချို မျက်နှာလေး ငယ်သွားသည်။ ချမ်းက ဒီတိုင်းပဲ တကယ်ပြောခဲ့တာမို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ချို .. ငါကိုက အနေအထိုင် မတတ်မိတာတွေ ပါပါတယ် ..၊ ကူညီစောင့်ရှောက်တယ်ဆိုပေမယ့် အခြေအနေ အချိန်အခါဆိုတာ ရှိတယ် ..၊ တို့ကတော့ အနီရောင်မြင်တိုင်း ပြေးခဲတ်ချင်နေတဲ့ ကျွဲလို ဖြစ်နေတာ .."

အနီရောင်မပြောဘဲ ရှိနေခဲ့သည့် ချမ်း မျက်နှာလေးက လမ်းခွဲသွားကြတဲ့အထိ မျက်မှောင်ကုတ် မပြေသလို အံတကြိတ်ကြိတ် ရှိနေခဲ့တာလည်း မြင်၏။

ညနေခင်းတစ်ခုလုံး၏ အလှအပတွေအားလုံးဟာ သူမတို့ကြောင့် ရတ်ရတ်သဲသဲ ပြိုကွဲခဲ့ရသလို ခဏတစ်ဖြုတ်လေးအတွင်း ဖြစ်ပျက်ပြီးစီးသွားခဲ့ပေမယ့် အနီးအနားကလူတွေအားလုံး သိသွားကြသည်။

ခဏအတွင်း သတင်းက ပျံ့နှံ့သွားကာ သူမတို့ မပြန်ခင်မှာပဲ ချမ်း ကို တာဝန်ခံရုံးက ခေါ်တွေ့ခဲ့၏။

ချို ဘုရား'တ'ရင်း ချောက်ချားသွားတော့ ...

"စိတ်မပူနဲ့ ချို ..၊ တို့ဘာသာ ရှင်းမယ် .."

ချို့ ကို ကာကွယ်၍ ဘယ်သူ့နာမည်ကိုမှ ဆွဲထုတ် အပြစ်မယူခဲ့ဘဲ ချမ်း ဘယ်လိုဖြေရှင်းသွားခဲ့မှန်းလည်း မသိရပါ ..။

"ဒါပေမယ့် အန်တီ့ကိုတော့ ပြောမှဖြစ်မယ် ချို .. ညံ့ ဆိုတဲ့ ကောင်လေး ဘယ်ထိ ခြေလှမ်းလာမယ်ဆိုတာ မသိနိုင်တော့ လူကြီးမိဘကို အသိပေးထားရမယ် ..၊ အခု တို့ဘာသာ ဖြေရှင်းလိုက်လို့ ပြီးသွားရင်တောင် နောက်ထပ် မဖြေရှင်းနိုင်တာတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး" တဲ့ ..။

ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပေမယ့် မေမေ့ကိုတော့ ချမ်း က ပြောပြခဲ့၏။

ပြန်မပြောပါနဲ့လို့လည်း သူမ မပိတ်ပင်ခဲ့ပါ။ ဒါပေမယ့် ခုလို အဆူခံနေရတော့ ပြန်ရောက်ရောက်ချင်း အနားမရသည့်စိတ်က ဗုန်း





ဗုန်းလဲချင်၏။

"ကျောင်းလည်း ပြီးတော့မယ် ..၊ သင်တန်းတွေ တက်နေတာလည်း တော်တော်များနေပြီပဲ .. ကျောင်းပြီးတာနဲ့ သမီးကို လက်ထပ်ပေးမယ် .."

"ဟင်!... ဘယ်လို မေမေ .."

"ဟုတ်တယ် .. ကျောင်းမပြီးခင်တည်းက အိမ်ထောင်သည် ဖြစ်မသွားတာတောင်မှ မေမေကိုယ်တိုင် စိတ်ကျေနပ်တာ မတွေ့သေးလို့ .."

"မေမေကလည်း .. မေမေ စိတ်ကျေနပ်တိုင်း ချို က လက်ထပ်ရမှာလား ..၊ တကယ် လက်ထပ်ရမှာက .."

"ဟော့ .. တော်တော့ .."

ဒါကျတော့ ဒေါ်ချိုသဲ က ကိုယ့်ဘက်လှည့်လာမည့် မြားဦးကို ရှောင်တိမ်းပြီးဖြစ်လျက် ...

"အဲဒါ သားသမီးတွေ ငြင်းပယ်ကြတဲ့ လက်သုံးစကားပဲ ..၊ မိဘကလည်း တကယ်လက်ထပ်ကြမယ့် ကိုယ့်သားသမီးရဲ့ အဆင်ပြေမပြေကိုပဲ ကြည့်ရွေးကြတာ .. စိတ်ကျေနပ်တယ်ဆိုတာလည်း ကိုယ့်ကလေးအတွက် အစစ ပြည့်စုံနိုင်မယ့် အရည်အချင်းကောင်းတွေ ရှိမရှိ လေ့လာခြင်းပဲ .."

ချို မျက်နှာလေး ငယ်နေကာ ညံ့ ဆိုသည့် မိုက်ရူးရဲမျက်လုံးတို့နှင့် မျက်နှာကို မြင်ယောင်၍ စိတ်တိုနေမိသည်။

ဒီနေ့ ချမ်း ကို လက်ညှိုးထိုးပြောပြီး ရူးရူးရဲရဲ ကြည့်သွားခဲ့သည့် မျက်လုံးတွေက ထိုးခုတ် သတ်ပုတ်တော့မည့် သားရဲတစ်ကောင်၏ အရှိန်းသန်ခြင်းတွေ အပြည့်နှင့် ..၊

"ငါ့မိတ်ဆွေဆီက အကြောင်းပြန် ချက်လာတာနဲ့ ညည်းကို လက်ထပ်ပေးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဟိုက အကြောင်းပြန်ရင် ဟုတ်လား .. မေမေက ကမ်းလှမ်းထားတာတော့ မဟုတ်ပါဘူး နော် .."

ခေါင်းခါမလို့ ပြင်လိုက်ပြီးမှ ဒေါ်ချိုသဲ ၏ တင်းမာသောအကြည့်တွေက ချို့ မျက်နှာလေးပေါ်မှာ ငြိမ်သက်သွားကာ ...

"ဟုတ်တယ် .. ညည်း အနေအထိုင် မဆင်ခြင်ရင်တော့ မေမေကိုယ်တိုင် သားရှင်ကို ကမ်းလှမ်းရတဲ့အဖြစ်မျိုး ရောက်တော့မှာပဲ ..၊ အဲ့ဒီတော့ နောက်ထပ် ပြဿနာတစ်စုံတစ်ရာ ထပ်မဖြစ်အောင် ဂရုစိုက်ပါ .."

မေမေတို့ ရက်စက်ချက်က ကမ်းကုန်ပါ၏။





အခန်း (၉)

"ပါမောက္ခနဲ့ ဘိုးဘိုးမော် က သိနေတာပဲ ညဲ့ ..၊ ဒီပြဿနာကမင်းအဘိုးနားတဲ ရောက်ချင် ရောက်မှာ .."

"သင်တန်းမှာ ဖြစ်တာပဲ .. မသိလောက်ပါဘူး .."

ဒွန်း နဲ့ သက်ရင့် တို့က သူတို့ဘာသာ မေးဖြေနေကြ၏။ စည်သူ ဒီနေ့ ရောက်မလာပေ ..၊ ထို့ကြောင့် ကန်စပ်မှာထိုင်မိကြတော့ သူတို့ သုံးယောက်ပဲ ဖြစ်နေကာ ...

"ဟိုကောင်နဲ့ ချို ကတော့ အတွဲဖြစ်သွားတာ လုံးဝ သေချာတယ်ဗျ .. ငါ့အထင် ချို မင်းကို ရွဲ့တာထင်တယ် .."

ညဲ့ က လှည့်လည် မကြည့် ..၊ ဘာမှလည်း မပြော ..။

စားပွဲနဲ့ တံတားဆေးတန်းကို လက်တစ်ဖက်စီ ခွဲတင်ထားကာ သူတို့ကို ဘေးတိုက်ပုံစံ ထိုင်နေသည်။ ပြီးတော့ ပီကေထည့်ထားသည့် ဒါးဆောင်တစ်ဖက်မှာ တင်းခနဲ တင်းခနဲ လှုပ်ခတ်နေသည်မှလွဲ၍ ရေပြင်ကို ငေးနေခြင်းက ဒီတိုင်း မပြောင်းလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ရွှဲ့ရအောင် ညံ့ နဲ့ ချစ်နေကြတာမှ မဟုတ်တာကွ .. ငါတော့ ဒီလိုထင်တယ် သိလား ညံ့ .."

ကိုယ်ထင်တာလေး ပြောမလို့ ကြည့်လိုက်တိုင်း ညံ့ က ငြိမ်သက်နေသည့်ပုံစံ မပြောင်းလဲသဖြင့် သက်ရင့် စိတ်မရှည် ဖြစ်သွား၏။

"မင်းကလည်း ဘယ်မှာထိုင်ထိုင် ဒီလို ဘေးတိုက်ထိုင်ပြီး လုပ်ချင်ရာ လုပ်နေဖို့တော့ တာဝန်ကျေတယ် နော် .."

ပြောလိုက်ကာမှ မျက်မှောင်ကုတ်ထားသည့် မျက်နှာက လှည့်လာ၏။ ပြီးတော့ မျက်လုံးချင်း မဆုံဘဲ ရှေ့ပြန်လှည့်သွားသည်။

ဒွန်း က ညံ့ ကို မေးဆတ်ပြကာ ...

"လူတကာကို ကန့်လန့်တိုက်မှာပဲဆိုတဲ့ စတိုင်(လ်)လေ .. မွေးလာကတည်းက ပါလာတဲ့ဒီဇိုင်း ဖြစ်နိုင်တယ် .."

ဒွန်း စကားကြောင့် ညံ့ နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။

"မင်းတို့ပြောနေတာကို ငါ စိတ်မဝင်စားဘူး ..."

"ဩော် .. ဒါဆိုလည်း ပြောပါလားကွ .. မင်း စိတ်ဝင်စားတဲ့အကြောင်း .."

"ဘာလဲ ဘိုးဘိုးမော် ဆူမှာ ကြောက်လို့လား .."

"ဒီကောင် ဒါကြောင့် မဟုတ်ပါဘူး .. ဘိုးဘိုးမော် ကလား သူ့ကို ထိတ်လန့်သွားအောင် ဆူမှာ .."

"ဟုတ်တယ် .. ငါ စဉ်းစားနေတာ ဘိုးဘိုး မဟုတ်ဘူး .."

"ဘာလဲ .."

"ဟို ဆရာမ .."

"ဟင်!..."

သူတို့ အံ့ဩသွားသည်။ ညံ့ မျက်နှာက ပြုံးရယ်နှုးညံ့ခြင်းတွေပြန်လည် ပျောက်ကွယ်သွားခဲ့လျက် ...

"တော်တော် မာနကြီးတဲ့ ဆရာမ .."





"ဘယ်လို!..."

သူ့မျက်လုံးထဲမှာ စွဲနေတာက သူ ရိုက်ချလိုက်ဖို့ ရွယ်လိုက်သည့် လက်အတိုင်း စူးစူးရဲရဲ လိုက်ပါသွားခဲ့သော သူမရဲ့ မျက်ဝန်းအစုံ ...၊

နည်းနည်းလေးမှ ကြောက်ရွံ့ နောက်တွန့်သွားတာ မဖြစ် ...၊

ပြီးတော့ သူ ဆွဲဖယ်လိုက်ခြင်းမှ ရုန်းထွက်ခြင်း ...မီးတောက်မတတ် မျက်လုံးအစုံ ပြူးပြက်လက်သွားခြင်းနှင့် လူကို မှောင်မိုက်ကျသွားလောက်အောင် ပြင်းထန်သည့် ရိုက်ချက် ...၊

"ဟွန့် .."

တစ်ယောက်တည်း တွေးပြီး မဲ့သည်။ ဒွန်း က သက်ရင့် ကို လှည့်ကြည့်ပြီး မေးဆတ်၏။ သက်ရင့် က ခေါင်းခါပြသည်။

သူတို့ထင်တာက ချို နဲ့ပတ်သက်ပြီး ဒီတစ်ခါ ပြင်းထန်စွာ ပေါက်ကွဲခြင်း ဖြစ်ခဲ့တာမို့ ကျောင်းတွေပြီးတော့မည့်အချိန်က ညံ့ ကို ခြောက်လှန့်နေသလား ...၊

တကယ်လေးနက်သည့် ခံစားချက်တွေဖြစ်လာခဲ့ပြီး ချို နဲ့ ထိုဖြစ်ရပ်သည်သာ ခေါင်းထဲက မထွက်နိုင် ဖြစ်နေသလား စသဖြင့် ရှိခဲ့ရာ—

"နေပါဦး .. မင်းက ဆရာမကို ရန်ငြိုးဖွဲ့နေပြီလား .."

"အေးလေ .. မင်းက သူ့ကို စိုးရိမ်ပြီး ဆွဲဖက်လိုက်တာပေမယ့်—"

"မစိုးရိမ်ပါဘူး .."

"မစိုးရိမ်ဘဲနဲ့ ဘာလို့ ဆွဲထားလိုက်သလဲ ...၊ သူ့ဘာသာ လဲလကွဲကွဲပေါ့ .."

"အေးလေ .. ငါကတော့ ညံ့ ဆိုတဲ့ကောင် စိတ်ကောင်းလေးရှိပါလားဆိုပြီး ကြိတ်ချီးကျူးနေတာ .. မဟုတ်ရင် ဆရာမ လဲသွားမယ့်ပုံကမတွေးရဲစရာ .."

"ငါလည်း ဒီကောင် လက်မြန်လှချေလားလို့ အံ့အားသင့်နေတာ—ပြေးဆွဲဖို့တောင် သတိမရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

"မင်းက သူ့အတွက် ဖျတ်ခနဲ စေတနာနဲ့ ဆွဲလိုက်တာပဲ .. ဒါပေမယ့် .."

"ဘယ်သူက စေတနာလဲ .. ဘာစေတနာမှ မရှိဘူး .."

"ဟ .. မင်းကလည်း ရွတ်ပဲ .. ဒါဆို ဟိုကောင်နဲ့ ထိလျက်သား ပက်လက်ကြီး လဲသွားမှာကို မင်း ဘာလို့ ဆွဲထားလိုက်သလဲ .."

"ငါ့လက်က အကျင့်ပါနေလို့ .."

"လာသေးတယ် .."

"မိန်းကလေးတစ်ယောက်အပေါ် အမြင်မတော်တဲ့ စေတနာလေး ပါပဲ .. ဒါလေးတော့ ထားလိုက်ပါ၊ စကားဆက်ပြောလို့ ရအောင်လို့.."

ပြောရဖို့အရေး ဒွန်ကို ဖွင့်ပိတ် တောင်းပန်နေရကာ ...

"တော်တော်မာနကြီးတဲ့မိန်းမလို့ မင်း ခုနပြောလိုက်တာ ဘာလဲ..၊ မင်းကို ပါးရိုက်သွားလို့လား .."

ည က မဖြေ ..၊

"မင်းလည်း မရိုက်မိလိုက်တာပဲ ရှိတာပါကွာ .. ရိုက်ချက်ထက် ပြင်းပါတယ် .."

"အဲဒါ မဟုတ်ဘူးကွ .. ငါ သိတယ် .."

ဒွန်း ပြောတာကို သက်ရင့် က ကန့်ကွက်၏။

"ချို့ ဝင်ဆွဲသွားလို့ ဆရာမ လွတ်သွားတာ မဟုတ်ဘူး .. ဒီကောင် ရွယ်ပြီးမှ မရိုက်တာ .."

ဟုတ်လားဆိုသည့် ဒွန်း ရဲ့အကြည့်ကို ည က မသိသလို လုပ်နေ၏။

"မင်းပဲ စဉ်းစားကြည့် .. ဒီလောက် လက်မြန်တဲ့ဟာ .. အားလုံး အံ့အားသင့်နေကြတဲ့အချိန်မှာ ရိုက်ပစ်လိုက်ရင် လွယ်လွယ်လေး .."

"မင်းတို့ သိလား .. အဲဒီ ဆရာမ ရင်ထဲက ဆတ်ဆတ်ထိ မခံ





တတ်တဲ့ မာနတွေ .."

မေးတာကို မဖြေဘဲ ပြောချင်တာကို ပြောနေသည်။ ပြီးတော့ မဲ့၏။

"ဆရာမ ဖြစ်နေလို့ တော်တော် ဖုံးဖိ ဟန်ဆောင်နေရတာ ဖြစ်မယ် .."

"ဒါကတော့ကွာ ဒေါသကင်းတဲ့ ပုထုဇဉ်ဆိုတာ ရှိမလားကွ .."

"ရှိရမှာပေါ့ .. ဝါ ဆွဲလိုက်တာ ဘာကြောင့်ဆိုတာ သူ သိကို သိရမယ် .."

ဒေါသသည် နမှ အစကနေ ခုန်ထလာသလို ည ့ မျက်နှာက နီမြန်းမြန်း ဖြစ်လာခဲ့လျက် ...

"ဒီလောက် မုန်းစရာကောင်းတဲ့ မိန်းမမျိုးကို လက်က မနေနိုင် မထိုင်နိုင် ရောက်သွားမိတာကိုက .. တောက်!..."

"ဒါက ယောကျာ်းပီသတဲ့စိတ်က ဖွမ်းဆောင်သွားတာပဲကွာ .. ငါတို့ပြောနေတာလည်း အဲဒါပဲ .. သူလည်း အဖက်ခံရသလိုကြီး ဖြစ်သွားတော့ ရှက်မှာပေါ့ .."

"ဖက်ရမယ့်အကြောင်းရင်းကို ငါ ပြောနေရင် သူ ဘာဖြစ်သွားမလဲ .."

"ဒါပေမယ့် ရှက်တာက ရှက်တာပဲကွ .. မင်းပဲ စဉ်းစားကြည့်.. ဆရာမက ချို့ လို မိန်းကလေး မဟုတ်ဘူးလေ .."

"ဟွန်း .."

"သူ့ပုံစံကြည့်တာနဲ့ သိသာပါတယ် ..ဒါမျိုး လုံးဝကင်းတဲ့ မိန်းကလေးတွေကတော့ သူတို့အတွက် အရှက်က နံပါတ်တစ် .. အရှက်က နံပါတ်နှစ် ဖြစ်မှာပဲ ..၊ ပြီးတော့ကွာ ဟို .. မင်းနဲ့က မသင့်မြတ်ပေး တဲ့ အရှိန်လည်း ရှိတယ် ..ဟိုကောင်နဲ့ဟိုက်မိပြီး လန့်ဖျပ်သွားတာတွေ နဲ့ .. အဲ့ဒါတွေနဲ့ ရှပ်ကုန်တာပါ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း လဲကျမသွားရင် ပြီးရောဆိုပြီး လွတ်ရုံ ဆွဲလိုက်ပါလား .."

"လွတ်ရုံဆွဲလိုက်တော့ တစ်ကိုယ်လုံး ငါ့ပေါ် ပြန်လည်လာတာ.. သူ့ကို ပြန်ဖက်မထားရင် ငါ လဲသွားမှာပေါ့ .."

"ဒွန်း .."

သက်ရင့် က ဒွန်း ဝင်ပြောလိုက်တာကို တံတောင်နဲ့လှမ်းတို့ပြီး တားဆီး၏။

"မင်းကလည်း ပြေရာပြေကြောင်း ပြောဖို့ စဉ်းစား .."

"မဟုတ်ပါဘူး .. ပြောကြည့်တာပါ .. အားလုံးပဲ ဘာကိုမှ စဉ်းစားချိန် မရလိုက်ဘဲ လျှပ်တစ်ပြက် ဖြစ်သွားခဲ့တဲ့ လက်ရောက်မှုတွေလေ .. သူ့ကို အဲဒါ ပြောပြချင်လို့ .."

"မပြောနဲ့ .."

ညံ က တည့်တည့်လှည့်ထိုင်ပြီးမှ ရေတစ်ဝက် ကျန်သေးသည့် ရေသန့်ဘူးကို ကြည့်လိုက်ပြီး တစ်ဘူး ထပ်မှာသည်။

"ဘာမှ မမှာတော့ဘူးလား .."

"မမှာဘူး .. မင်းတို့ ပြီးပြီဆိုလား .. ပြန်မယ် .."

ညံ မျက်နှာပေါ်က ငေးသီဥတုကိုမြင်သည်နှင့် ရှေ့ဆက်မည့်နေ့ရွဲတွေမှာ ဆရာမနဲ့ပတ်သက်သော အမုန်းနှင့် တုံ့ပြန်ခြင်းတို့ မကြာမတင်မှာ လာတော့မည်ကို တွက်မိလိုက်သည်။

သိပ်တော့မလွယ် ..၊





အခန်း (၁၀)

"ဒီမှာလည်း လုံခြုံပါတယ် ဦးဦးလွင် ရဲ့ .. ဆရာမတွေအတွက် အဆောင်ပေးပေမယ့် ရဖို့က လွယ်တာ မဟုတ်ဘူး ..၊ ပြီးတော့ လွတ်လွတ်လပ်လပ်လည်း နေချင်လို့ပါ .."

ဦးကောင်းလွင် က ချမ်း ငှားထားသည့် တိုက်ခန်းလေးကို လိုက်မော့ကြည့်ရင်း ခေါင်းညိတ်သည်။

"ပြီးတော့ ဒါက သူငယ်ချင်းတစ်ယောက်ရဲ့ တိုက်ခန်း .. သူက အစ ဂျပန်ကို ခဏသွားတယ် .. ဟိုမှာ အကြာကြီးနေဖြစ်ဖို့ သေချာရင် ဒီတိုက်ခန်းကို ချမ်း ကို ပြန်ရောင်းမယ်တဲ့ ..၊ သူတို့က သူဌေးတွေပါ.. ငွေရေးကြေးရေးက ချမ်း တတ်နိုင်တဲ့နည်းနဲ့ အဆင်ပြေအောင် လုပ်ပေးမှာ .."

"အင်း .. ကောင်းပါတယ် .. ဦးက သမီးကို စိတ်ပူလို့ပြောတာ.."

ချမ်း က ဦးကောင်းလွင် ပါလာသည့် ခရီးဆောင်အိတ်ကြီးနဲ့ စားစရာတွေကို သယ်ရွှေ့နေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး အကျိုးအိတ်ကို မသိမ်းနဲ့ .. စားစရာတွေပဲ သမီး ယူ .."

"ဘာဖြစ်လို့လဲ ဦးဦးလွင် .."

"ဦးက သမီးဆီလည်း လာရင်း သူဌေး ခေါ်ထားတဲ့ အလုပ်ကိစ္စလည်း ပြတ်အောင်.. ပြီးတော့ ကျန်းမာရေးလေးလည်း စစ်ချင်လို့လေ.."

"အဲဒါ ဘာဖြစ်လို့လဲ ဦးဦးကလည်း .. ကျန်းမာရေးအတွက် ချမ်း လိုက်လုပ်ပေးနိုင်ပါတယ် .. ပြီးတော့ .."

"ရပါတယ် သမီးရယ် .. ဦးက ငါ့သမီးကို ဘာမှ ထူထောင်မပေးနိုင်ဘဲ ဒီလိုအခြေအနေလေးနဲ့ ဖြစ်လာအောင် သမီးကိုယ်တိုင် ကြိုးစားခဲ့ရတာ .. ခုမှ အထိုင်ကျမယ် မကြံသေးဘူး ဦးအတွက်နဲ့ .."

"ဘယ်လိုပြောလိုက်တာလဲ ဦးဦးလွင် ရယ်,.. ခက်တော့တာပဲ..၊ ချမ်း ကို ဒီလိုရပ်တည်နိုင်အောင် ပညာတွေသင်ပေးခဲ့တာ ဘယ်သူမို့လို့လဲ ..၊ ချမ်း ရင်ထဲမှာ ဒီလိုမျိုး ကြိုးစားချင်စိတ်တွေ .. ရိုးသားစွာ နေထိုင် လုပ်ကိုင်ချင်စိတ်တွေ ခိုင်မြဲလာအောင် ဘယ်သူ ဆုံးမ သွန်သင်ခဲ့တာလဲ .."

ဦးကောင်းလွင် ခေါင်းခါနေဆဲပါ ..၊

"ခုချိန်ထိ ဦးဦးလွင် ရဲ့အရိပ်သာ ရှိမနေခဲ့ဘူးဆိုရင် .. ဒါမှမဟုတ် မိဘမဲ့ဖြစ်သွားခဲ့တဲ့အချိန်မှာ ချမ်း ရဲ့ဆားကို ဦးဦးလွင် ရောက်မလာခဲ့ရင် ချမ်း ဘဝ ဘာဖြစ်သွားမလဲ .."

ချမ်း က ပြောနေရင်း အသံတွေ တုန်ခါလှိုက်လှဲနေခဲ့ပြီး ဦးကောင်းလွင် သေးမှာ ဝင်ထိုင်၏။ ပြီးတော့ ဦးကောင်းလွင် ရဲ့ လက်မောင်းကို ဖက်၍ ပါးနဲ့ကပ်ထားလိုက်ကာ ...

"ရင်းနှီးထူထောင်ပေးတယ်ဆိုတာ ငွေကြေးမြှုပ်နှံမှုတွေပါ ဦးဦးလွင် ရယ် .. ဒါမျိုးက အမျိုးမျိုးသော အကြောင်းတွေကနေ ရလာနိုင်ကဲ့ တန်ဖိုးတွေပါ ..၊ ဦးဦးလွင် ချမ်း ကို ပေးခဲ့တဲ့ စေတနာ မေတ္တာတွေကသာ ဘယ်ကမှ မရနိုင်တဲ့ တန်ဖိုးကြီးဆုံး အမွေအနှစ်တွေပါ .."





"ငါ့သမီးက ဆရာမကြီးဖြစ်လာသလောက် စကားတွေတတ်လာလိုက်တာ .. ဟား .. ဟား .. ဟား ..."

ဦးကောင်းလွင် ချမ်း ရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပုတ်၍ ပေါ့ပါးသည့်ဟန်နှင့် ရယ်၏။ ပြီးမှ သက်ပြင်းရှည်ကြီး ချလိုက်ရင်း ...

"သမီး ခုလို သိတတ်မှုရှိတာကို ဦး ဝမ်းသာပါတယ် .. ဒါပေမယ့် ဦးရဲ့အခြေအနေကတော့ ယုံကြည်ခဲ့ရတဲ့ လူဟောင်းမို့လို့ သူဌေးက သနားသဖြင့် ဆက်ပြီး ခန့်အပ်ထားတဲ့အဆင့်ပဲ ရှိတော့တာ .. ဆန်စက်ကြီးမှာ ဦးက မက်ကင်းနစ် မဟုတ်တော့ဘူး .."

"ချမ်း သိပါတယ် .. သူဌေးက ဦးဦးလွင် ကို ဆက်ထားတယ်ဆိုတာလည်း သနားသဖြင့်ထက် ပိုပါတယ် ဦးရယ် .."

တကယ်တော့ ပြောရမယ်ဆိုရင်လည်း ဦးကောင်းလွင် က သူဌေးသမက်ပဲ ဖြစ်သည်။ ရေစက်ဆုံလို့ ညားခဲ့ကြပေမယ့် ဖူးစာမမှန်လို့ ကွဲခဲ့ကြ၏။

သူဌေးကြီးကိုယ်တိုင်က တပည့်ရင်း လူယုံမို့ ကိုယ့်သမီးနဲ့ လက်ထပ်ထိမ်းမြားပေးခဲ့ပေမယ့် သမီးဖြစ်သူက ဦးကောင်းလွင် အပေါ်မှာ အနိုင်နဲ့ပိုင်း၍ ကွာရှင်းခွင့်ကို ရအောင် တောင်းသည်။

ပြီးတော့ သိပ်မကြာလိုက်ဘဲ ချစ်သူနောက်ကို ကောက်ကောက်ပါသွားခဲ့၏။ သူဌေးကြီး စိတ်ထိခိုက်ကာ သမီးကို လုံးဝ ဖြတ်တောက်၍ အကြာကြီး နေခဲ့သေးသည်။

နောက်ဆုံး ဝင်ပန်းဆင်းရဲကြီးစွာဖြင့် အိမ်ကို ပြန်ရောက်လာကာ သမီးက ဆုံးသွားခဲ့၏။ ထိုအခါ ဦးကောင်းလွင်သည် သူဌေး၏သမက်မဟုတ်တော့သော်လည်း နာမည်ကောင်းနှင့် ကျန်ခဲ့သူဖြစ်လျက် သူဌေး၏သံယောဇဉ်လက်ကျန်ကို ဆက်လက် ရရှိခဲ့လေသည်။ ဒီအဖြစ်တချို့ကို ချမ်း ကလည်း သိထားသည်မို့ ...

"သံယောဇဉ် ဆိုတာ အားလုံးထက် လေးနက်ပါတယ် ..၊နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီသံယောဇဉ်တွေက ဦးဦးလွင် ရဲ့ ရိုးသားမှုကြောင့် ဖြစ်လာခဲ့တာတွေ .. ဘယ်တော့မှ ဆုတ်ခန်းမသွားနိုင်ဘူး ..၊ ဦးဦးလွင် ဘာမှမလုပ်နိုင်တော့ရင်တောင် သူဌေးရဲ့လူယုံဆိုတဲ့ အရိပ်ကိုတော့ အမြဲရနေမှာပဲ..၊ အားငယ်စရာတွေပဲ ကြံဖန် မတွေးပါနဲ့ ဦးရယ် .."

"ဟုတ်ပါပြီဗျာ.. ကဲ.. ကဲ .. သမီး နားလိုက်ပါဦး ..၊ ဦးကို ရေတစ်ခွက်ပဲ တိုက် .. ရေခဲသေတ္တာရေတွေ မလုပ်နဲ့ နော် .."

"ဟုတ်ကဲ့ပါ .. ဦးဦးလွင် ကို ချမ်း ဒီနေ့လယ်စာ ကောင်းကောင်းချက်ကျွေးမယ် .. ဈေး ခဏသွားမယ်နော် .. ဦးဦးလွင် နေခဲ့ .."

"မရဘူးထင်တယ် သမီး .. သမီး ရန်ကုန်မှာရှိနေတာကို ဦးက သူဌေးကို ပြောမထားခဲ့တော့ ရန်ကုန်ရောက်နေသားနဲ့ တန်းရောက်မလာရကောင်းလားဆိုပြီး သူဌေး တစ်မျိုးထင်လိမ့်မယ် .. ဦးရဲ့ကျန်းမာရေးကိုလည်း သိတော့ သူဌေးက စိတ်ပူမှာ ..၊ သူ့ခမျာ ဦးကိုတော့ စောင့်ရှောက်ပါတယ် .."

"အဲဒါပေါ့ .. ဦးဦးလွင် ကသာ ကိုယ့်ကျန်းမာရေးကြောင့် ငါ အလုပ် သိပ်မလုပ်နိုင်တော့ဘူးဆိုပြီး အားငယ်နေတာ ..၊ ဒီသူဌေးကြီးက ဦးဦးလွင် ဆီက လုပ်အားရနေမှ သူ့အလုပ်တွေ လည်ပတ်နိုင်မှာမှ မဟုတ်တာ .. သူက ဦးဦးလွင် ဆီက လုပ်အားတွေကို လိုချင်နေတာ မဟုတ်ဘူး ..၊ အပြန်အလှန် ယုံကြည်မှုတွေပဲ ရှိနေချင်တာ .."

"ဟား .. ဟား .. ဟား ..."

"ဒါပေမယ့် ဒီနေ့တော့ မရပါဘူး .. သွားမယ်ဆိုလည်း ညနေလောက်ကျမှ ခဏသွား .. ချမ်း နဲ့ပဲ နေရမှာ .. ခုလည်း ထမင်းစားပြီး အေးဆေး နားရဦးမှာနော် ..၊ ဦးဦးလွင် နဲ့ တည့်ပြီး စားကောင်းမယ့်ဟင်းတွေ ချမ်း က ရှယ် ချက်ကျွေးမှာ .."

အစီအစဉ်တွေ ဖြစ်လာခဲ့ပြီး ထွက်ခဲ့တော့လည်း ပေါ့ပေါ့ပါးပါးပဲ ဖြစ်သည်။ သို့သော် ပလက်ဖောင်းအတိုင်း လျှောက်နေရင်း စိတ်က





ကားငှားဖို့ဖြစ်လိုက် .. ဘတ်စ်ကားတိုးစီးသွားရ ကောင်းမလားလို့ တွေးမိလိုက်နှင့် ဝေခွဲနေဆဲ ...

"တီ .."

ကိုယ့်ဘေးကနေ ကပ်ပြီး ကွေ့လာသည့် ကားတစ်စီးက ဟွန်းတီးသည်။ သူမကလည်း လမ်းဖြတ်ကူးမှာ မဟုတ်ပါ။ ထို့ကြောင့် လှည့်မကြည့်မိဘဲ ဆက်လျှောက်နေခဲ့၏။ ထိုစဉ် ...

"ဖျန်း .."

"ဟင်!..."

ရှေ့မှာ ဘုတ်ခနဲကျကာ ဖျန်းခနဲ ကွဲသွားသည့် ငရုတ်ဆီထုပ် တစ်ထုပ် ..၊

ကမန်းကတန်း ရှောင်လိုက်ပေမယ့် အဖြူရောင်ကျောက်ကြိုးတပ် ညှပ်ဖိနပ်လေး စီးထားသည့် သူမရဲ့ခြေဖမိုးလေးတစ်ဖက်နဲ့ ထဘီနားစတွေမှာ ပေကျံသွားလေသည်။

ကိုယ့်အဖြစ်ကို ငုံ့ကြည့်ပြီးမှ ပြန်မော့ကြည့်လိုက်တော့ ကားထဲကနေ ငုံ့ကြည့်လိုက်သည့် မျက်နှာတစ်ခုသည် ..၊

ညံ့ ..၊

ကားကို တမင် အရှိန်ချလိုက်သဖြင့် ချမ်း မော့ကြည့်လိုက်သည့် အချိန်မှာ ထိုမျက်နှာကို သေချာမြင်လိုက်ရ၏။ ထို့ပြင် မထီမဲ့မြင် အကြည့်တို့ဖြင့် မျက်လုံးတွေကို ဖျတ်ခနဲ သိမ်းဖယ်သွားကာ လက်ကာပြသွား၏။

တမင်တကာ ကားထဲကနေ ပစ်ချသွားတာမှန်း သိလိုက်ရသည့် အခါ အံ့သြခြင်းတွေ အပိုဆောင်းသွားကာ ချမ်း ဒေါသဖြစ်ဖို့တောင် သတိတရက် မေ့၏။

ဒါကို မှန်ထဲကနေ မြင်နေရကာ ညံ့ မျက်နှာထက်မှာ အပြုံးပန်းတွေ ဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ် ညံ့ ရာ .. မင်း တကယ်ပဲ .."

"အေးလေကွာ .. ဆရာမကိုတော့ မင်း ဒီလို မလုပ်သင့်ပါဘူး.."

ဝက်ဆီဖတ်ကြော်တွေ တစ်ထုပ်ကြီး ဝယ်လာခဲ့မိသော စည်သူ က ကိုယ့်ကိုယ်ကိုယ် တရားခံအဖြစ် သတ်မှတ်ရမလို ဖြစ်နေသည့် မျက်နှာကြီးနှင့် နောက်ကို လှည့်ကြည့်လိုက် .. အထုပ်ကို ပြန်ငုံ့ကြည့်လိုက်နှင့် ...

"ငါ ဝယ်လာမိတာကိုက မှားတာ .."

"ဘယ်ကလာ မှားရမှာလဲ ..၊ ကောင်းသွားတာ .."

ဒွန်း က မျက်နှာမဲ့ကာ ကားမောင်းနေသည့် ညံ့ ကို စောင်းကြည့်၏။

"ဆရာမဘက်က မင်းကို စော်ကားခဲ့သလို လုပ်ခဲ့တယ် ထားပါဦး .. ဆရာမရင်ထဲမှာ မင်းကို မရှိတော့ဘူး ညံ့ ..၊ မင်းဘက်ကလည်း ထားလိုက်သင့်တယ် .."

"ဘယ်သူက မထားလိုက်နိုင်ဘူး ပြောနေလို့လဲ .."

ပြောပုံက ရယ်ကြဲကြဲ ..၊

ပခုံးတွန့်လိုက်တော့ ရွဲ့ပြောနေတာနှင့် တူပြန်သည်။

ဒွန်း က ဟုတ်ရဲ့လားဆိုသည့် သံသယနှင့် မျက်နှာကို ငုံ့ကြည့်သေးသည်။ မျက်ဝန်းတွေမှာက ကျေနပ်အားရနေသော အရွှတ်ဆန်ခြင်းတို့နှင့် ...

"ဟွန်း .."

ညံ့ က ဒွန်း မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ရယ်ကာ ...

"ဒီမှာ ယောကောင် .. မိန်းမတစ်ယောက်ကို ချစ်တာမုန်းတာတွေနဲ့ ငါ မကြည့်ဘူး .."

"ဘာနဲ့ကြည့်လဲ .."

"စိတ်ဝင်စားဖို့ ကောင်းမကောင်း .. ဒါပဲ .."





ဒွန်း မျက်နှာမှာ အံ့အားသင့်ခြင်းတွေဖြစ်ကာ စည်သူ့ ထံ လှမ်းကြည့်၏။

ကိုယ့်သူငယ်ချင်းတွေ ချစ်ခင်ရင်းနှီးလှပြီ မှတ်နေခဲ့သည်။

ညံ့ ရင်ထဲကို သူတို့ နမှသိရတာ ဘယ်သူနံတာလဲ ..၊

"ဒါဆို ချို က စိတ်ဝင်စားဖို့ ကောင်းရဲ့ပဲပေါ့ .."

"ဟုတ်တယ် .. ဘာလဲ .. စိတ်ဝင်စားဖို့ ကောင်းခြင်း မကောင်းခြင်းရဲ့ လေးနက်မှုကို မင်းတို့ နားမလည်ဘူးလား .."

"အေးပါ .. နားလည်တယ်ပဲ ထားလိုက်ပါ .. ထပ်မရှင်းပါနဲ့တော့ .."

"ဟား .. ဟား .. ဟား ..."

ညံ့ က ကားမောင်းနေရင်း ရယ်သည်။

မျက်လုံးထဲမှာ ကြည်ပြာရောင် ထဘီပြောင်လေး၏ အနားစပ်ပေါ်မှာ ပြေးစဉ် စွန်းထင်းကုန်သည့် အနီစက်တွေကို မြင်ယောင်ကာ ကျေနပ်နေမိသည်။

ဆောရီးပဲ .. ခင်ဗျားကို ခရီးကြုံလို့ လက်ဆောင်ပေးတာ ..၊

ခင်ဗျား လိုချင်ချင် မလိုချင်ချင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘယ်ကိုလဲ မြေး .."

"သူငယ်ချင်းမွေးနေ့ ဖိတ်ထားလို့ .."

"ဒီနေ့ ဘာသင်တန်းမှ မရှိဘူးမို့လား .."

"ဟုတ် .."

"ပြီးရင် တန်းပြန်ခဲ့ .. ဘိုးဘိုးတို့ စကားပြောစရာ ရှိတယ် - စောင့်နေမယ် .."

"ဟုတ်ကဲ့ပါ .."

ညံ ထွက်သွားသည့်ကားသံ ပျောက်တဲ့အထိ ကြည့်နေပြီးမှ ဦးမြမော် က စားပွဲအောက်က စာအုပ်တစ်အုပ်ကို ထုတ်လိုက်ပြီး ...

"မောင်စိန် .."

"ဗျာ .. ကျွန်တော် ရှိတယ် သူဌေး .."

မောင်စိန် အိမ်ရှေ့ကနေ တက်လာကာ ခပ်လှမ်းလှမ်းမှာ လက်ပိုက်ပြီး နောက်ပစ်၍ ရပ်နေ၏။





"ငါတို့ပွဲရုံက ကက်စတန်မှာ ဒေါ်ချိုသဲ ကို မင်း သိတယ်မို့လား .."

"ဟုတ်ကဲ့ သူဌေး .."

"ပွဲရုံကကုန်တွေ သွားပို့ရင်း မင်း တစ်ခါ ပါသွားဖူးတယ်နော်.."

"ဟုတ်ကဲ့ .. အိမ်ကို ကောင်းကောင်း သိပါတယ် .."

"အေး .."

ဦးမြမော် က စာအုပ်ကြားထဲက အစွန်းထွက်နေသည့် ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်ယူလိုက်ကာ သူကိုယ်တိုင် သေချာကြည့်ပြီးမှ မောင်စိန်ကို လှမ်းပေးသည်။

"အဲဒီ မိန်းကလေးကို သေချာ ကြည့်သွား .."

မောင်စိန် က ရှေ့တိုးလာပြီး ဓာတ်ပုံကို သေချာယူကြည့်၏။

"ဒေါ်ချိုသဲ မှာ သမီးရှိတယ် .. ဒီပုံထဲက မိန်းကလေး ဟုတ်လား မဟုတ်လား .. မင်း သေချာ စုံစမ်းခဲ့ .."

"ဟုတ်ကဲ့ .."

"အမြန်ဆုံး သိချင်တယ် .."

"ဟုတ်ကဲ့ပါ .."

ဦးမြမော် က ဓာတ်ပုံကို စာအုပ်ကြားထဲ ပြန်ညှပ်ကာ ဓာတ်ပုံထိပ်မှာပါသည့် သံဖောက်ရာလေးကို လက်နဲ့ ပွတ်၏။ ပြီးမှ စာအုပ်ကို ပြန်ပိတ်ပြီး နေရာတကျ ပြန်ထားလိုက်သည်။

ဒီဓာတ်ပုံကို ညံ့ အိပ်ခန်းထဲက သူ ရခဲ့တာဖြစ်သည်။ သေချာတာက ဓာတ်ပုံက အလှရိုက်ထားတဲ့ပုံ မဟုတ်သလို အမှတ်တရပေးထားတာ မဟုတ်မှန်းလည်း သိသာသည်။

ကာယကံရှင် မသိလိုက်ဘဲ ရိုက်ယူထားတာဖြစ်ကာ ဓာတ်ပုံကို တစ်နေရာမှာ ကပ်ထားခဲ့ပုံလည်း ရှိသည်။ ထို့ပြင် မလိုလားစွာ ခွန်အားဖြင့် ဆိုက်ခြင်းကြောင့် ဓာတ်ပုံက တိုလီမိုလီတွေထဲမှာ ရောထွေး စုပုံနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ည် အခန်းထဲမှာ ဒီလိုပဲ လွှင့်လည်း မပစ်၊ ကိုယ်တိုင် သိမ်းဆည်းထားခြင်းလည်း မရှိသော အမှိုက်မဟုတ် .. ဘာမဟုတ်တွေက ဘယ်အံဆွဲကိုပဲ ဆွဲလိုက်ဆွဲလိုက် ရှိနေတတ်တာပင် ...။

ဒါတွေကို မေးလိုက်လျှင် ...

"အဲဒါတွေက လွှင့်ပစ်မှာတွေ"လို့ ဖြေတတ်ကာ ပစ်လိုက်ပြီလားဆိုတော့လည်း မဟုတ် ...၊

အိမ်က တစ်ယောက်ယောက်ကို ဝင်ရှင်းခိုင်းပါလား ဆိုတော့လည်း 'အခန်းထဲကို ဘယ်သူမှမဝင်နဲ့'လို့ အပြင်းအထန် ကန့်ကွက်၏။

တစ်ခါတလေကျရင်သာ ဘယ်သူ ခဏလာပါဦး .. ဒါတွေ သယ်ထုတ်သွား .. ဒါတွေသိမ်းပေး စသဖြင့် သူကိုယ်တိုင် လက်ညှိုးထိုးခိုင်းရင် အကောင်း ...၊

ကိုယ့်မြေးအကြောင်း တွေးရင်း သက်ပြင်းချမိသည်။ ဒီပုံကို တွေ့တည်းက သူမလေးကို မြင်ဖူးသလို ခံစားနေခဲ့မိတာ ဖြစ်သည်။ ဒါပေမယ့် စဉ်းစားလို့ မရခဲ့ပေ ...။

ခုတစ်ခါ တစ်စုံတစ်ယောက်ကို သတိရလိုက်ကာမှ ဓာတ်ပုံကိုသွားယူပြီး ဒုတိယအကြိမ် ဆက်စပ်တွေးကြည့်မိတာ ဖြစ်၏။ သူမကိုသိခဲ့တာ သေချာသွားခဲ့သည်။

ဒေါ်ချိုသဲ ကို တစ်ခါတလေ ဒရိုင်ဘာနဲ့မဟုတ်ဘဲ မိန်းကလေးတစ်ယောက် ကားမောင်းပို့တတ်၏။

"ဒါ သမီးလေ .. ဒရိုင်ဘာ နေမကောင်းလို့ သမီးကိုပဲ လိုက်ပို့ခိုင်းရတာ .." လို့ ဒေါ်ချိုသဲ မိတ်ဆက်သည့်အခါ သူမလေးက ကားထဲမှာပဲမို့ လှမ်းမြင်ရရုံလောက်က ဒါကို အမှတ်တမဲ့ဖြစ်သွားခဲ့တာပင် ... ပြောရမယ်ဆို ဒီမိန်းကလေးကို တစ်ခါမှ သေချာ မမြင်ဖူးခဲ့ပါ ...။

လူကြီးချင်း ရင်းနှီးခင်မင်ခဲ့ကြသဖြင့် ကိုယ့်မှာ မြေးရှိသည်။ သူမမှာ သမီးချောလေး ရှိနေသည်မို့ ပို၍ ရင်းနှီးကြစေခြင်းအလို့ငှာ 'သမီး





တောင်းမည်' .. 'ဆွေမျိုးတော်မည်' စသော စကားအသွားအလာတွေလည်း ရှိသော်ငြား ဒါတွေက စီးပွားရေးနဲ့ပတ်သက်၍သာ ဖြစ်၏။

နောက်ပိုင်းမှာ ပြောလည်း မပြောဖြစ်တော့သလို ကိုယ့်ဘက်က တကယ် အလေးအနက် စဉ်းစားခဲ့တဲ့ကိစ္စလည်း မဟုတ်တော့ မေ့တောင်နေပါပြီ ...။

ခုမှ ကိုယ် အမှတ်တမဲ့ပြောခဲ့သည့် စကားတွေကို မြေးအတွက်အတည်အတံ့ ပြောရတော့မလို ဖြစ်လာခဲ့လျှင် ...

"ကရင် .."

ဖုန်းမြည်သံကြောင့် အတွေးစကိုဖြတ်ကာ ဖုန်းရှိရာ ထသွားမိသည်။

"ဟလို .."

"သူ့မြေး ကျွန်တော် ဟိုအိမ်ကို မရောက်သေးဘူး .. ဒါပေမယ့် ဒေါ်ချိုသဲ နဲ့ ဓာတ်ပုံထဲက ကောင်မလေးကို အခု တွေ့နေရပြီ .."

"ဟုတ်လား .. ဘယ်မှာလဲ .."

"မီးပွိုင့်မှာ ဆရာ .. သူတို့ တက္ကသိုလ်ရိပ်သာဘက်ကို သွားမှာသင်တယ် ...၊ ဓာတ်ပုံထဲက မိန်းကလေး အမှန်ပဲ .."

"အင်း .."

ဦးမြမော် သေချာ စဉ်းစားပြီးမှ ...

"အေး .. မင်း ပြန်ခဲ့တော့ .."

ဖုန်းချလိုက်ပြီး သူ ဘာလုပ်ရမလဲဆိုတာကို စဉ်းစားကြည့်သည်။ မြေးနဲ့ ပတ်သက်မှုရှိနေတာက သေချာပြီးသားဖြစ်လျက် အခုထိ ပတ်သက်နေသလား .. မပတ်သက်ဘူးလား ...။

ခုနေ ဒီမိန်းကလေးနဲ့ လက်ထပ်ပေးဖို့ စီစဉ်မည်ဆိုလျှင် မြေး ဆန့်ကျင်သွားမလား .. ခေါင်းခါနိုင်လား ...၊

ဒါက မသေချာ ...။



www.burmeseclassic.com

www.burmeseclassic.com



မြေးကို အိမ်ထောင်ချပေးလိုက်ဖို့ စိတ်ကူးရှိထားခဲ့သလို သူကိုယ်တိုင် ရွေးချယ်သွားမှာကို စိတ်ပူနေခဲ့တာလည်း အမှန်ပင် ..။

ဒါပေမယ့် ကိုယ့်ဆုံးဖြတ်ချက်အတိုင်း အမိန့်ပေး စေခိုင်းလို့ ရနိုင်မယ့်ကလေး မဟုတ်မှန်း သိနေသဖြင့် ကိုယ့်ဆန္ဒနဲ့ သူ့သဘောကို ချိန်ထိုးနေရတာ ဖြစ်သည်။

တကယ်တမ်း မြေးအတွက် ကိုယ်သာ ရွေးချယ်မည်ဆိုလျှင် ကိုယ့်မြေးအတွက် ဒီလိုအခြေအနေ အဆင့်အတန်းက မိန်းကလေးလောက်နဲ့တော့ စိတ်ကူးမိမှာ မဟုတ်ပေ ..။

ဒါပေမယ့် မြေးက သဘောကျနေပါသည်ဆိုလျှင် ကိုယ်လည်း သိက္ခာမ်းရင်းနှီးနေပြီးသား မိသားစုက မိန်းကလေးအဖြစ်နဲ့ပဲ ကြည်ဖြူပေးရမှာပါ ..။

မြေးကို သူငယ်ချင်းတွေနဲ့ သွားလာပျော်ပါးရင်း ချစ်ရေးချစ်ရာတွေ ရှုပ်ထွေးမှာ စိုးရိမ်သည်။

အပျော်တွေ လွန်ကဲပြီး ပြဿနာတွေ တစ်ခုပြီးတစ်ခုနဲ့ ငြိတွယ်လာခဲ့ရင် ဘယ်သူက တကောက်ကောက် လိုက်ပြီး ဖြေရှင်းနိုင်မှာလဲ..၊

အကယ်၍သာ မြေးအတွက် ဒီလိုပြဿနာတွေ ရှင်းပေးရတော့မည်ဆိုလျှင် ဒီမြေးကို သူ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာ မဟုတ် ..၊

ဒီလိုအကြောင်းမျိုးနဲ့ ပတ်သက်၍ ခွင့်မလွှတ်နိုင်သောခံစားချက်တွေ ရင်ထဲမှာ ဘယ်လောက် ပြည့်သိပ်နေသလဲဆိုတာ မြေးလည်း အနည်းအကျဉ်းတော့ သိနေခဲ့သည်။

ဒီကြားထဲက မိုက်မဲလာခဲ့ရင် ဘယ်လို ခွင့်လွှတ်ရမလဲ ..၊ ထို့ကြောင့် မီးကို မလောင်ခင်က တားနိုင်အောင် မြေးနဲ့ သူ့ ပဋိပက္ခတွေနဲ့ စိတ်ဝမ်းမကွဲရေးအတွက် ..၊

"ဘဘကြီး ဧည့်သည် ရောက်နေပါတယ် .."





အိမ်အကူ ကောင်မလေးတစ်ယောက်၏ အသံကြောင့် တစ်ဖက်လှည့် ငေးနေရာကနေ သတိဝင်လာ၏။

"သူရွေး .."

"ဟင်!... ကောင်းလွင် .."

"ဟုတ်ကဲ့ .."

ဦးမြမော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"လာလေကွာ .. မင်းကလည်း မသိတဲ့အိမ် ကျနေတာပဲ .."

ဦးကောင်းလွင် တစ်ကိုယ်လုံးကို သေချာကြည့်ရင်း ဆိုဖာမှာ ထိုင်မိကြကာမှ ...

"ဘယ်မှာ နေနေတာလဲ .."

"ဗျာ!..."

"ရောက်နေတာ ကြာပြီမို့လား .. ဘာအိတ်မှလည်း မပါဘူး .."

"မကြာသေးပါဘူး .. မနေ့ကမှပါ ..၊ အဲ့ဒါ ညနေပိုင်းက လာမလို့ပါပဲ .. ခရီးပမ်းပြီး .."

"အေးပေါ့ .. ထားပါ ..၊ မင်း ကျန်းမာရေးမှ မကောင်းတာ ဒါက သိပါတယ် ..၊ အခု ဘာအထုပ်အပိုးမှ မပါတာက ဒီအခေါက် ငါ့အိမ်မှာ မတည်းဘူးလို့ ဆုံးဖြတ်လာတဲ့ သဘောလား .."

အပြုံးနဲ့မေးတာပေမယ့် ဦးကောင်းလွင် အားနာသည့်မျက်နှာနှင့် ခေါင်းခါရင်း မျက်လွှာချကာ ...

"ဆုံးဖြတ်လာတာတော့ မဟုတ်ပါဘူး .. ဒါပေမယ့် တူမလေးက .."

"ဘယ်လို!... ဘယ်သူ့ကို ပြောတာလဲ .."

"ကျွန်တော် ဒီကနေ တောပိုင်းကို ရောက်သွားကာမှ ကျွန်တော့်အစ်မရဲ့သမီးလေးကို မွေးစားခဲ့တာ သူရွေး သိပါတယ် .."

ဦးမြမော် မျက်ခုံးကြီး ပင့်တက်သွားကာ အကြာကြီး ငေးစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ခပ်လေးလေး ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ယ် .. အင်း ..."

သူ ဟိုကိုရောက်သွားတော့လည်း ကျောင်းသွားလို့ မတွေ့ခဲ့တာ တွေပဲများကာ ဦးကောင်းလွင် ရန်ကုန်ကို လာတဲ့အခါတွေမှာလည်း ကလေးကိုတော့ ခေါ်မလာခဲ့ပေ ..။

"မိဘနှစ်ပါးစလုံး မရှိတော့တဲ့ မိန်းကလေးလား .."

"ဟုတ်ပါတယ် .. သူက ရန်ကုန်မှာလေ ..၊ နိုင်ငံခြားဘာသာ တက္ကသိုလ်မှာ ဆရာမ .."

"ဟင်!... ဟုတ်လား ..၊ ဪ .. ဪ ..."

ဦးမြမော် ခေါင်းညိတ်နေကာ ...

"တော်သားပဲ ..၊ အင်း .. မင်း တော်လို့ပါ .."

"မဟုတ်ပါဘူး သူငွေးရယ် .. ကလေးကိုက အသိရှိတာပါ ..၊ ငယ်ငယ်တည်းက စာလိုချင်စိတ် ရှိတယ် .. လိမ္မာတယ် ..၊ သူ ဆယ်တန်းအောင်သွားတည်းက သူ့ကြိုးစားမှုနဲ့ထိုက်တန်တဲ့ ပညာရေးအဆင့်အတန်းကို တန်းရသွားတာ.. ကျွန်တော့်မှာ အင်အားရှိသလောက် ပံ့ပိုးခဲ့ပေမယ့် သူ ကြိုးစားခဲ့လို့ အောင်မြင်တာပါ .."

"အေးပေါ့ .. ဒါ မှန်တယ် ..၊ ပြောချင်တာက လက်ဦးဆရာ တော်တာကိုပါ ..၊ ဒါဆို မင်းရဲ့တူမက ရန်ကုန်မှာ ရှိနေတာ ကြာပြီပဲ.."

"ဟုတ်ပါတယ် သူဌေး .. ဟို .. သူက သူ့ညီအစ်မတော်တဲ့ ဆွေမျိုးအိမ်တွေကိုလည်း မသွားဘူး .. တမင် ခပ်စိမ်းစိမ်းနေတာတော့ မဟုတ်ပါဘူး ..၊ အပြင်သင်တန်းတွေမှာလည်း အချိန်ပိုင်းနဲ့ ဝင်ရတာမျိုးရှိတော့ သူ့ပညာရေး .. စီးပွားရေးနဲ့ သွားလာလုပ်ကိုင်ရ လွယ်ကူအောင်ပါ .."

ဦးမြမော် က နားလည်သည့်အပြုံးနှင့် ခေါင်းညိတ်နေ၏။

"မိဘမဲ့ဆိုတဲ့ သူ့ဘဝကို သူ နားလည်နေတဲ့စိတ်ပေါ့ .. ပြီးတော့





လည်း ဆရာ ဆိုပေမယ့် ခုမှ ကျူတာဖြစ်ရတာဆိုတော့ သူ့လုပ်သက် သူ့ဝါသနာနဲ့ လုံးထွေးပြီး တည်ငြိမ်မှု ရဖို့က ကြိုးစားရဦးမှာ .."

"ဟုတ်တယ် .."

"ဒါတွေ သူဌေးကို ဘာမှမပြောဘဲ ထားခဲ့တာက တမင်လျှို့ဝှက်ချင်တာ မဟုတ်ပါဘူး .. သူဌေး ကျွန်တော့်ကို ကူညီထားခဲ့တာတွေ တောင် နည်းတာမှ မဟုတ်တာ ..၊ သူဌေးရှေ့မှာ နောက်ထပ် နာမည်ကစ်မျိုး တင်ပြမိသလို ဖြစ်မှာစိုးတယ် .."

ဦးကောင်းလွင် က တောင်းပန်သည့်မျက်ဝန်းတို့နှင့် ရှင်းပြနေသည်။ သူ လာတည်းက ဒါကို အစအဆုံး ပြောပြဖို့ပါ ..၊ ပြောပြမိတာနှင့် တောင်းပန်ဖို့ပါ လိုအပ်သည်မှန်းလည်း သိသည်။

ဘာကြောင့်ဆိုလျှင် သူဌေးနဲ့ သူ့အဖနေအထားက သားအဖ ဆိုလည်း ဟုတ် ..၊ သမက်ယောက္ခမဆိုလည်း မှန်သည့်ပြင် သူဌေးကြီးရဲ့ လူယုံတော်ဆိုလည်း မမှား ..၊

သူဌေးက ဤသို့ ရင်းနှီးချစ်ခင်ခဲ့ပါလျက်နှင့် ကိုယ်က တူမအရင်းတစ်ယောက်လုံး ဒီအရွယ် ဒီအချိန်ထိ သူမကို ဘယ်လိုမွေးမြူခဲ့ပါသည်။ သူမအခြေအနေ ဘယ်လိုဆိုတာ စကားထဲမှာတောင် ယောင်မှားပြောပြခဲ့တာ မရှိ ..။

"အေးလေ .. မင်းဘက်မှာ မင်းစိတ်ကူးတွေက မှန်ပါတယ်..၊ ငါ့ဘက်ကကြည့်ပြီး ငါထင်သလိုတွေးရင် မင်းနဲ့ ငါ အဆင်မပြေစရာတွေ ဖြစ်လာမှာ .."

ဦးကောင်းလွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူဌေး စိတ်ခုဖွယ်ဖြစ်သွားပြီမှန်း သိလိုက်တော့မှ တကယ်ဆို သူ အသိပေးခဲ့သင့်သည်ဆိုတာ ပို၍ နားလည်ခဲ့၏။

ကိုယ့်ရဲ့ မကောင်းသော လိုအပ်ချက်တွေကို သူဌေးက မြင်တာတွေရှိရင်လည်း ဖြည့်ဆည်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘဲနဲ့လည်း မေးမြန်း ထောက်ပံ့ခဲ့တာတွေ ရှိ၏။

ကိုယ့်ဘက်က ကောင်းနိုးရာရာလေး ရှိခဲ့တာကျမှ ကိုယ်ရည်သွေးချင်လို့ လျှို့ဝှက်ထားခဲ့တာမျိုး ဖြစ်ခဲ့သည်လား ..။

"အေး .. ဒါနဲ့ မင်းရဲ့ ကျန်းမာရေးကိုတော့ ငါပဲ စစ်ဆေးပေးမယ် .."

"ဟုတ်ကဲ့ပါ သူဌေး .."

ဦးမြမော် က စကားလမ်းကြောင်း ပြောင်းကာ မျက်နှာကြည်ကြည်လင်လင်နှင့် စကားဆက်လာကာမှ အသက်ရှူချောင်ရကာ ...

"ကျွန်တော် ခုတစ်လော နေလို့ထိုင်လို့လည်း ကောင်းနေပါတယ် .."

"ကောင်းတယ် .. ကောင်းတယ် .. ရောဂါဆိုတာ ဗုန်းဗုန်းလဲမှ မဟုတ်ဘူး..၊ ဒီရောဂါကို ကုသဖို့ ခံနိုင်ရည်ရှိနေတုန်းမှ ဆေးနဲ့ အာဟာရ ပေါင်းစပ်ပြီး ထိရောက် ပျောက်ကင်းတာ ..၊ မြန်မြန်ပျောက်တော့ မြန်မြန် ချမ်းသာရာ ရတာပေါ့ .."

"ဟုတ်ကဲ့ပါ .."

"ဒါနဲ့ ငါက ဆန်စက်ကို ကိုယ်စားလှယ်လွှဲထားဖို့ကိစ္စ စီစဉ်မယ်ဆိုတာ မင်း တစ်မျိုးမတွေးနဲ့နော် .."

"မတွေးပါဘူး .. သူဌေး အသက်ကြီးလို့ သွားရေးလာရေး အဆင်မပြေဖြစ်လာမှာတွေ ရှိတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ် .."

"အေး .. မြေးကလည်း မင်း သိတဲ့အတိုင်း ခုချိန်ထိ မလိမ္မာသေးဘူး ..၊ လူမိုက်လေးတော့ မဟုတ်ပေမယ့် စီးပွားရေး စိတ်မဝင်စားဘူး..၊ ဆိုဆုံးမစကားကို နာခံပြီး ပျော့ပျောင်းညင်သာလာမယ့်ပုံလည်း မရှိဘူး .."

"မရှိတာ မဟုတ်ပါဘူး .. ရှိလာမှာပါ ..၊ ညံ့ ကို ငယ်ငယ်လေးတည်းက ကျွန်တော် ထိန်းလာတာ .. ကျွန်တော် ကောင်းကောင်း သိ





ပါတယ် သူဌေးရယ် .. ကလေးက ဉာဉ်ဆိုး မရှိပါဘူး ..၊ အစစ ပြည့်စုံပြီး အလိုလိုက်ခံထားရတဲ့ ကလေးတွေဆိုရင် ဒီပုံစံလေးတွေတော့ ရှိလာတတ်တာပဲ .."

"အင်း .."

စိတ်မောသံကြီးနှင့် ဦးမြမော် က သက်ပြင်းချသည်။

"ဘယ်နေရာမှာဖြစ်ဖြစ် မာနစိတ်လေးနဲ့ ကြည့်တတ်နေတာပါ..၊ သူ့ရင်ထဲကပါလာတဲ့ မွေးရာပါဗီဇစိတ်ကို ကျွန်တော်တို့ သိနေကြတာပဲ သူဌေးရယ် .. သူ့အသက်အရွယ် အချိန်အခါက သူ့ကို ရင့်ကျက်တည်ငြိမ်မှုတွေ ပေးလာမှာပါ .."

"ဒီလိုပဲ ငါလည်း မျှော်လင့်ပါတယ် .. အကယ်၍ မင်းသာ ငါ တားနေတဲ့ကြားက ခွဲထွက်မသွားဘူးဆိုရင် မင်းရဲ့လက်ပေါ်မှာပဲ ကြီးပြင်းလာမယ့် မြေးရဲ့ပုံစံက ဒီပုံစံ ဟုတ်ချင်မှ ဟုတ်မှာပေါ့ .."

ဒီအကြောင်း ပြန်ရောက်တော့ ဦးကောင်းလွင် မျက်လွှာချမိပြန်၏။ သို့သော် ...

"အဲဒါက ဒီလိုပါ သူဌေး .. ကျွန်တော် ခဏပြန်တဲ့အချိန်မှာ ကျွန်တော့်အစ်မ မုဆိုးမတစ်ယောက်ရဲ့ ကလေးတစ်ဖက်နဲ့ ရုန်းကန်နေရတာကို မမြင်ရက်လို့ပါ .."

ဦးမြမော် က နားထောင်နေ၏။ ကောင်းလွင် ဆိုသော လူငယ်ဟာ မထင်မှတ်လောက်အောင် သည်းခံခွင့်လွှတ်နိုင်စွမ်း ရှိခဲ့သလို တစ်ဖက်သားအပေါ် ဘယ်တုန်းကမှ အခွင့်အရေး ရသလောက် မယူတတ်ခဲ့တာတွေကိုလည်း ပြန်တွေးမိနေခဲ့၏။

ကိုယ်နဲ့နေလျှင် ကိုယ့်အပေါ် တာဝန်ကျေသည်။ သူ့ရပ်ရွာကို ပြန်သွားတဲ့အခါ ဟိုက ဆိုးတာ ကောင်းတာတွေ ဘာအကြောင်းမှ အိမ်ပေါ် သယ်လာခဲ့တယ်ဆိုတာ မရှိ ..။

ထို့ကြောင့် လူပျိုတည်းက ကိုယ့်တပည့် ကိုယ့်ရဲ့လူယုံဖြစ်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူ့ဘဝ စုံစုံစေ့စေ့ကိုတော့ ဦးမြမော် သေချာ မသိခဲ့ရပါ။

"သူဌေးကြီးတစ်ဦးရဲ့မြေးကို ကျွန်တော် မွေးပိုက်နေချိန်မှာ တူမလည်း ဖြစ် .. အရမ်းချို့တဲ့နေတဲ့ အခြေအနေနဲ့ ကလေးကတော့..."

"အေးပါ .. ငါ ပြောမိတာ မှားသွားတယ် .. မင်း ဆုံးဖြတ်တာ မှန်ပါတယ် ..၊ ငါလည်း မင်းကို လက်မလွှတ်နိုင်ခဲ့တာ မင်းရဲ့ အဲဒီ စိတ်ဓာတ်ကိုပါ .."

ဦးမြမော် က သူ မှားသွားတာကို ဝန်ခံပြီး လိုက်လိုက်လှဲလှဲ ပြောသည်။

"အဲဒီမိန်းကလေး ဒီလောက်ထိ ထူးခြား အောင်မြင်သွားတယ် ဆိုတော့ မင်းကို ပိုပြီးလေးစားတယ် .. အခု သူက ကလေးတွေ ဘာတွေ တော့ မရသေးဘူးမို့လား .."

"ခင်ဗျာ!..."

လွှတ်ခနဲ မေးပြီးကာမှ ဦးကောင်းလွင် ပုံစံကြောင့် ဦးမြမော် ခပ်အမ်းအမ်း ဖြစ်သွားသည်။

"သူဌေး မေးတာ ကျွန်တော့်တူမကိုလား .."

"အေး .. မှားသွားရင် ဆောရီးကွာ ..၊ သူ့အိမ်မှာ မင်း နေတာ ဆိုတော့ အိမ်ထောင်ကျနေပြီပဲ ထင်တာ .."

"မဟုတ်ပါဘူး သူဌေးရယ် .. ချမ်း က ခုမှ အဲ .. ညံ့ ထက် သုံး လေးနှစ်လောက်တော့ ကြီးမယ်ထင်တယ် .. ခုမှ ပညာစုံလို့ လုပ်ငန်းခွင် ဝင်ကာစပဲ ရှိသေးတာပါ .."

"သူက အပျိုရှယ်လေးနဲ့ မြို့ပေါ်မှာ ဒီလိုရပ်တည်နေခဲ့တာလား.."

ဦးမြမော် မျက်ဝန်းတွေမှာ အံ့သြခြင်းနှင့်အတူ အထင်ကြီးသည့် အရိပ်ငွေ့တွေ အထင်းသားနှင့် ...

"ချမ်း ဟုတ်လား .."

"ရင်ငြိမ်းချမ်း လို့ ခေါ်ပါတယ် သူဌေး .."





"သြော် နာမည်ကလည်း ကြားတာနဲ့တောင် ငြိမ်းချမ်းသွားသလို ပါပဲ ..၊ ကောင်းတယ် .. ကောင်းတယ် .. အင်း .. ဒီလိုကြားရတော့ လည်း ကိုယ့်ကလေး လိမ္မာအောင် မပြည့်မစုံဘဝမျိုးနဲ့ ထားကြည့်ခဲ့ရ ကောင်းသားလို့ တွေးမိမလိုတောင် ဖြစ်လာတယ် ..၊ မင်းတူ ခုနကပဲ အပြင်ထွက်သွားတာ .."

"ဟုတ်ကဲ့ .. ခြံပြင်မှာတည်းက ခြံစောင့်ကို မေးကြည့်ခဲ့တယ်.."

"အေး .. မင်း ဒီမနက်တော့ အေးဆေးနေကွာ .. မင်းတူနဲ့လည်း တွေ့ရတာပေါ့ ..၊ ပြီးတော့ သူ့ရဲ့အိမ်ထောင်ရေးအတွက် ငါ စီစဉ်ထား တာ ရှိတယ် .. မင်း ရောက်လာတာ အတော်ပဲ .."

"အိမ်ထောင်ရေးဆိုတော့ ညံ့ က သိပြီးပြီလား .."

ဦးမြမော် က ခေါင်းခါ၍ ...

"သူ့ကိုလက်ထပ်ပေးဖို့ စဉ်းစားနေခဲ့တာက ကြာပါပြီ ..၊ လက်ခံ မယ် မထင်တာလည်း ပါတယ် .. ကျောင်းပြီးမှလည်း ဖြစ်စေချင်တာ လေ ..၊ အဆိုးဆုံးက သူ သဘောမကျတဲ့နဲ့ လက်ခံမှာ မဟုတ်ဘူးဆို တာ သိနေလို့ပဲ .. ဒါပေမယ့် အခု သူ စိတ်ဝင်စားနေတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးမှာလေ .."

"သြော် .. ဒါဆို အဆင်ပြေမှာပါ .. ညံ့ ကိုတောင် ကြီးတောင် ကြီးမားအရွယ်ရှိနေကာမှ တစ်ခါမှ မတွေ့ရသေးဘူး .."

"ဟား .. ဟား .. ဟား ..."

သဘောကျသည့်ရယ်သံကြီးနှင့် ဦးမြမော် က ခေါင်းတွေ ခါနေ လျက် ...

"မင်း တွေ့မှာပါ .. မင်းတူကို မင်း မှတ်မိမှာတောင် မဟုတ်ဘူး..၊ သူ ငယ်ငယ်က မင်း ပြောခဲ့သလိုပေါ့ 'ခြေတံလက်တံကြီးတွေ ကြည့်ရ တာ မြင့်မားထွားကျိုင်းပြီး ယောက်ျားပီသမယ့်ကောင်ကြီးပဲကွ' ဆိုတာ လေ .. ငါ မှတ်မိနေသေးတယ် အဲဒါကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဟုတ်တယ် .."

"အေး .. မင်း ပြောတဲ့အတိုင်းပဲ ခု .."

ဦးမြမော် က ရယ်မောရင်း လက်ကာပြ၍ နေရာမှထသွားသည်။ ပြီးတော့ ဖုန်းကိုင်လိုက်ပြီး နံပါတ်တစ်ခုကို ခေါ်ကာ ...

"ဪ .. အဟွန်း .. ကျန်းမာပါစေဗျာ .."

" ... ... ... "

"ဟုတ်ပါတယ် .. ကျူပ်ပါ .."

သားရေးသမီးရေးအကြောင်းပြောဖို့ ခင်းကျင်းနေသော ပြုံးနေသည့် ဦးမြမော် မျက်နှာကို လှမ်းကြည့်ကာ ခုမှပဲ ဦးကောင်းလွင် နေသာထိုင်သာ ရှိခဲ့ရသည်။

မကြာခဏ လိပ်ခဲတည်းလည်း တွေးမိနေခဲ့သည့် ကိစ္စရပ်ကြီး တစ်ခု ရှင်းလင်း ပြေလည်သွားပြီမို့ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ်သွားခဲ့၏။

မဟုတ်လျှင် သူ့ရဲ့အမှိုသဟဲအပေါ်မှာ ရပ်တည်နေပြီး သူ မသိအောင် တမင်လျှို့ဖှက်ထားခဲ့မိသလို တွေးနေမိတာ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုလို ..။





အခန်း (၁၂)

"ကျွန်တော့်ကို .."

"ဟုတ်တယ် .."

"သူနဲ့ ဟုတ်လား .. ဒီဓာတ်ပုံကို ဘိုးဘိုး ဘယ်ကရတာလဲ .."

ဦးမြမော် က ဦးကောင်းလွင် ကို 'တွေ့လား ဒီကောင် ..' ဆိုသည့် ချစ်စနိုးအပြုံးနှင့် လှမ်းကြည့်ပြီးမှ ...

"မြေး သိမ်းဆည်းထားတာကို ဘိုးဘိုး ရှာဖွေထုတ်ယူခဲ့တာ မဟုတ်မှန်းတော့ သိတယ်မို့လား .."

ညံ့ က မဖြေပါ ..၊ ချို့ ဓာတ်ပုံကို နောက်ထပ် စိုက်ခနဲ ပြန်ကြည့်ကာ ဆံပင်တွေ ဖွမိသည်။

"ဘိုးဘိုးက မြေးအခန်းထဲကို ဝင်ခဲ့တာ မှန်တယ် .. အမှတ်တမဲ့ တွေ့ခဲ့တာပါ ..၊ ဒါပေမယ့် မိန်းကလေးကိုမြင်တော့ ဘိုးဘိုးရဲ့မိတ်အတွေ့ ထဲက သမီးမှန်း သိလိုက်တယ် .. မြေးကလည်း နှစ်သက်နေပုံဘာ .."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဘိုးဘိုး .. အဲဒါကို ကျွန်တော် .."

"ကဲပါ ညဲ ရာ .. သားတို့ချင်း အဖုအထစ်လေးတွေ ရှိနေရင် တောင် လူကြီးချင်း အဆင်ပြေနေကြတော့ ပြဿနာတစ်ခု မြန်မြန် ပြေလည်သွားတာပေါ့ .."

"လေးလေးကောင်း က ဘာလို့ အဲဒီလိုပြောတာလဲ .."

"ဘာလဲ ညဲ .."

"အဖုအထစ် ရှိခဲ့တာတွေ ဘာညာဆိုတာ .."

ဦးကောင်းလွင် က ချစ်စနိုးအပြုံးနှင့် ထလာကာ ညဲ ရဲ့ဘေး မှာ ယှဉ်တွဲရပ်လိုက်၏။ ပြီးတော့ စားပွဲပေါ်မှာရှိနေသည့် ဓာတ်ပုံကို ငုံ့ကြည့်၍ ...

"သူ့ဒွေးနဲ့ လေးလေး ဒီတိုင်းပဲ ခန့်မှန်းလိုက်တာလေ .. ဓာတ်ပုံ ကို သိမ်းထားပေမယ့် သူရောက်နေတဲ့နေရာကို အကဲခတ်တော့ မင်းရဲ့ သဘောထားက ဒီတိုင်းပဲ အဖြေထွက်လာတယ် .."

ညဲ က မျက်မှောင်ကုတ်သွားပြီးမှ ပြုံးတုံ့တုံ့ဖြစ်လာ၏။ ပြီးတော့ ရယ်လိုက်ကာ ...

"လေးလေးကောင်း ကျွန်တော့်ကို မိန်းမပေးစားဖို့ ရောက်လာ တာတော့ မဟုတ်ပါဘူး နော် .."

"မဟုတ်ပေမယ့် ငါ့သား ချစ်နေတာကို ရသွားစေချင်လို့ ဝိုင်းပြော ပေးနေတာ .."

"ကျွန်တော်က ချစ်နေတာဆိုရင် ဘယ်သူက ဝိုင်းကူပြောဖို့ လိုဦး မှာလဲ .."

"ဒါဆို ဘာလဲ .. သူက သားချစ်သူ မဟုတ်ဘူးလား .."

"အဟွန်း .."

ဦးမြမော် နဲ့ ဦးကောင်းလွင် တို့ မျက်နှာတွေ တည်သွားကြသည်။ ညဲ က ရယ်နေရင်း ဆိုဖာမှာ ထိုင်ချလိုက်၏။ ပြီးမှ ...





"စီစဉ်ပေးမယ်ဆိုတော့လည်း ကောင်းတာပေါ့ .. လေးလေး ကောင်း ပြောသလိုပဲလေ .."

ဦးကောင်းလွင် တစ်ခုခု ထပ်မေးချင်ပေမယ့် ဦးမြမော် ၏စကား သံကြောင့် မမေးဖြစ်တော့ပေ ...။

"ဟုတ်တယ် .. ဘိုးဘိုးက မြေးကို လက်ထပ်ပေးချင်တာ ကြာပြီ လေ ...၊ ဒီရက်ပိုင်းဆိုရင်ပဲ ကျောင်းတွေလည်း ပြီးပြီ .. ကြားထဲမှာ သင်တန်းတွေ တက်ခဲ့တာလည်း မြေး စိတ်ကြိုက်ပဲ ...၊ အိမ်ထောင်ဦးစီး ကောင်းဖြစ်ဖို့နဲ့ စီးပွားရေးပိုင်းမှာ ပါဝင်တတ်ဖို့ပဲ လိုတော့တာ .."

"အိမ်ထောင်ဦးစီးကောင်း ဖြစ်ဖို့အတွက်နဲ့ ကျွန်တော့်ကို ဖူးစာရှင် ရွေးပေးနေရတာလား .."

အဘိုးဖြစ်သူကို သိနေပါတယ်ဆိုသည့်အပြုံးနှင့် ညဲ က မချိုမချဉ် မျက်နှာလွှဲ၍ ...

"ဘိုးဘိုးရဲ့စီးပွားရေးတွေမှာ ဦးစီးကောင်းဖြစ်စေချင်တာ မဟုတ် ဘူးလား .."

"အေးလေ .. ဒါလည်း မှန်တာပေါ့ကွ .."

ဦးကောင်းလွင် ကပဲ ကြားဝင် ပြောလိုက်ကာ ...

"လူငယ်တွေ တည်တည်ငြိမ်ငြိမ်နဲ့ ရင့်ကျက်တဲ့ဘဝကို ရောက် လာဖို့က အိမ်ထောင်ရေးနဲ့ အများကြီးဆိုင်တယ် ...၊ ဘာဖြစ်လို့လဲ .. အခု သား ကြိုက်တာကိုလည်း ရမယ် .. ဦးဆောင် ထူထောင်စရာ စီးပွားရေးလုပ်ငန်းတွေကလည်း အဆင်သင့် .. မကောင်းဘူးလား .."

"ခုထိတော့ အားလုံး ကောင်းတယ် ..."

"ဘာလဲကွ .."

ဦးကောင်းလွင် က ငယ်ငယ်တည်းက တယုတယ အလိုလိုက် ဆောင့်ရှောက်ခဲ့ဖူးသူမို့ သားလို့ ခေါ်နေမိပေမယ့် ဒီအရွယ်ကြီးဆိုတော့ လည်း ကိုယ့်ကို သူငယ်ချင်းလို ပွင့်လင်းစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တရင်းတနှီးပြောနေမိကာ ညံ့ ကလည်း နှစ်တွေကြာမှ ပြန်တွေ့ပေမယ့် လေးလေးကောင်း ဆိုတာ သိလိုက်တာနှင့် တရင်းတနှီး ဖြစ်သွားခဲ့တာ ဟိုတုန်းကအတိုင်း ..။

"လေးလေးကောင်း နော် .. လေးလေးကောင်း ရောက်လာမှ ဘိုးဘိုး ဒါ့ထွ ထလုပ်တာ .."

"မဟုတ်ရပါဘူးကွာ .. သူ့ဒွေးကို သေချာ မေးပါဦး .."

"ဟုတ်တယ် .. ဘိုးဘိုးကလည်း ခုမှ စီစဉ်ဖို့ စဉ်းစားတာပဲ ..၊ ဒါပေမယ့် ကောင်းလွင် နဲ့ မဆိုင်ပါဘူး .."

"ရတယ် .. ဆိုင်ဆိုင် မဆိုင်ဆိုင် ပြဿနာမရှိဘူး .."

ဆွေးနွေးခြင်းမှာ ထင်ထားတာထက် ပို၍ ချောမွေ့နေခဲ့သဖြင့် ဦးကောင်းလွင် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်မိသည်။ ဦးမြမော် ကတော့ ကျေနပ်နေခဲ့၏။

"တော်သေးတာပေါ့.. ဘိုးဘိုး စိတ်စောပြီး စကားစထားခဲ့မိတာ.."

"ဘိုးဘိုးက ဘာဖြစ်လို့ စိတ်စောတာလဲ ..၊ ကျွန်တော် တော်တော် စွဲလမ်းနေပြီ ထင်လိုက်တာလား .."

"နို့ .. မင်းက မဟုတ်လို့လား"

"ဟုတ်ပါတယ် .. သူချစ် ကိုယ်ချစ် မိဘချစ် ဖြစ်နေဖို့က လွယ်တာမှ မဟုတ်တာ .."

"မြေးရယ် .. သူချစ်ကိုယ်ချစ် ဖြစ်နေရင် ပြီးတာပဲ..၊ ဘိုးဘိုးက.."

"ဒါဆိုလည်း ကျွန်တော်ကိုယ်တိုင် တောင်းပေးပါ .. ရမ်းပေးပါ တောင်းဆိုလာတဲ့အထိ ဘာဖြစ်လို့ မစောင့်ရတာလဲ .."

"လေးလေး သိပြီကွ .."

ဦးကောင်းလွင် က သူ သဘောပေါက်လိုက်သည့်အတိုင်း ...

"လူကြီးအားကိုးနဲ့ လက်ထပ်ခွင့်တောင်းရသလို ဖြစ်သွားမှာ စိုးနေတာမို့လား .."





"မစိုးပါဘူး ..၊ ဘာဖြစ်ဖြစ် သူ ခေါင်းညိတ်ဖို့ပဲ လိုတာ .."

ဒီစကားရောက်မှ သိသည်။ ညံ့ နဲ့ သူမတို့က အကောင်းဆုံး အခြေအနေတော့ ဟုတ်ကြသေးပုံ မပေါ် ..၊ ဘာဖြစ်ဖြစ် လက်ထပ်ခွင့် ရသွားမှာပဲမို့ ဦးကောင်းလွင် ကျေနပ်သွားသည်။

"လေးလေးကောင်း .."

"ဗျား .."

"လာ .. ကျွန်တော်နဲ့ အပြင်လိုက်ခဲ့ .."

"မြေး .. မင်းရဲ့ လေးလေးကောင်း က ကျန်းမာရေးကောင်းတာ မဟုတ်ဘူး .."

"မကောင်းလည်း ဘာဖြစ်လဲ ဘိုးဘိုးရာ .. ကျွန်တော်က အရက်သောက်ဖို့ ခေါ်တာမှ မဟုတ်တာ .. စိတ်အပန်းဖြေ ထိုင်လို့ သွားလို့ကောင်းတဲ့ တစ်နေရာရာပေါ့ .."

"အေးပါ .. လိုက်ခဲ့ပါ့မယ် ..၊ ကဲ .. ကဲ .. ကောင်မလေးကို ခုပဲ သွားတောင်းပေးပါလို့ ပူဆာမှာတော့ မဟုတ်ဘူးမို့လား .."

ညံ့ က ရယ်နေကာ ဦးကောင်းလွင် ကို စောင့်ပြီး ခေါ်သွား၏။ ဦးမြမော် ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့လေသည်။

အကယ်၍သာ ကိုယ့်ရဲ့သမီးက ကောင်းလွင် ဆိုတဲ့လူနဲ့ သက်ဆုံးတိုင် ပေါင်းဖက်ခဲ့မည်ဆိုပါလျှင် ညံ့ ဆိုတဲ့ကလေးဟာလည်း ဦးကောင်းလွင် ရဲ့သားလေး ဖြစ်လာမှာပင် ..။

တကယ်တမ်း ဖြစ်လာတာက ဤသို့ မဟုတ်ခဲ့လေရာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ပြောပြလိုက်တော့ ဒွန်း တို့ အံ့သြကုန်ကြ၏။ ဒီလိုအဖြစ်တွေ ရှိတာပဲဆိုပေမယ့် ကိုယ်နဲ့ တိုက်ဆိုင်လာဖို့ကတော့ မျှော်လင့်ဖို့လွယ်တဲ့ ကိစ္စ မဟုတ်ပေ ...၊

ညဲ ကျမှ တိုက်တိုက်ဆိုင်ဆိုင် ...၊

"အဲဒီတော့ မင်း ပျော်သွားလား .."

"ဘာလို့ ပျော်ရမှာလဲ .."

"မင်းပဲ ခေါင်းညိတ်လိုက်တယ် ဆို .."

"ဟုတ်တယ် .."

"ဘာလဲ .. ရမယ်ဆိုလည်း ယူမှာပေါ့ ဆိုတာမျိုးလား ..၊ လုပ်မနေနဲ့ .. မင်း ငါတို့ နားမလည်အောင် အကွက်ရွှေ့နေခဲ့တာ များပြီ..၊ အခု ဘာတွေ လျှို့ဝှက်စိတ်ကူးနေသလဲ ပြော .."

သက်ရင့် က နာမည်နဲ့လိုက်အောင် ခပ်ရင့်ရင့် မေးခွန်းတွေ မေးနေ၏။ ညဲ က ရယ်နေပြီး ဘာမှမပြော ...၊





ထိုစဉ် ညဲ အင်္ကျီအိတ်ထဲက ဖုန်းသံ မြည်လာ၏။

ဖုန်းကိုင်လိုက်သည့် ညဲ မျက်နှာက အပြောင်းအလဲကြောင့် ဒွန်းတို့ စိတ်ဝင်စားသွားကြ၏။

"ပြောလေ ချို .."

"... ... ... ..."

"အင်း .. ဘယ်မှာလဲ ဆိုတော့ .."

"... ... ... ..."

"အဟွန်း.. ဟုတ်တယ် .. မင်းအသံ ကြားလိုက်မှ မေ့သွားတာ.."

"... ... ... ..."

"ဝမ်းသာလုံးဆို့သွားတာ ထင်တယ် ..၊ ပြောလေ .. ဘာလဲ .. ငါရှိတဲ့နေရာကို လာမှာလား .."

"... ... ... ..."

"ဒါဆိုရင်တော့ နင် အဆင်ပြေမယ် မထင်ဘူး .. ငါ့အိမ်မှာ ဧည့်သည် ရောက်နေတယ် .. ဘိုးဘိုးက ခု ခဏလေး ထွက်လာတာ တောင် ရေရေလည်လည် မှားတာ .."

ညဲ မျက်နှာနဲ့ ပြောနေတာတွေကို ကြားနေရကာ စည်သူ နဲ့ ဒွန်း တို့ မျက်နှာတွေ ရှုံ့မဲ့နေကြ၏။ ခဏကြာတော့ ညဲ က ဖုန်းချလိုက်ကာ ...

"အဟွန်း .. ရယ်ရတယ် .."

"ဘာဖြစ်လို့လဲ ..၊ သူ လာမှာတဲ့လား .."

"အင်း .."

"မင်းကလည်း ချက်ချင်း ပြောင်းသွားလိုက်တာ .."

"အေးလေ .. လူကြီးတွေ စီစဉ်တာကို မင်းရော သူရော ငြင်းပယ်ခွင့် ရှိတယ် ..၊ အပိုင်တွက်ပြီး အအေးကြော ဖြတ်မနေနဲ့ဦး .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် ညံ့ မျက်နှာက ဘာကို အပိုင်တွက်နေသည် မသိပေမယ့် မကြာခင် ချို ရောက်လာသည့်အခါ ...

"ဘုတ် .."

ပခုံးမှာလွယ်လာသည့် အဖြူရောင်ကြိုးရှည်နှင့် အိတ်လေးကို ကြိုးရော အိတ်ပါ ထပ်ကိုင်ပြီး စားပွဲပေါ်ကို အသံမြည်အောင် ချလိုက်သည်။ သူမ ကြည့်တော့ စားပွဲပေါ်မှာ စားသောက်စရာ ဘာမှ ရှိမနေသည့်အပြင် ညံ့ ရှေ့မှာ ရှိနေသည့် ရေသန့်ဘူးက ဖွင့်တောင် မဖွင့်ရသေး ...။

"ဘာလဲ .. ငါ ဖုန်းဆက်လိုက်မှ ဒီကို ပြေးလာလိုက်တာလား.."

"ဘာဖြစ်လို့လဲ .."

ဒွန်း က မေးတော့ သူမက မဖြေဘဲ ညံ့ ကိုပဲ ကြည့်နေကာ ...

"ငါ နင်နဲ့ စကားပြောဖို့ လာတာ .."

"နားထောင်ဖို့ စောင့်နေတာပဲ ...၊ ပြောလေ .."

ချို က တခြားလူတွေရှေ့မှာ ပြောချင်ပုံ မပေါ် ...၊ ဒါပေမယ့် မျက်လုံးဒေါ့ကြည့်ပေမယ့် ဘာမှလည်း မပြောပေ ...။

သက်ရင့် က လည်ချောင်း တစ်ချက်ရှင်းကာ ...

"ငါတို့ ဟိုဘက် သွားလိုက်မယ်လေ .."

ညံ့ က ခေါင်းညိတ်၍ ...

"သွားလေ .. ငါ ဒီမှာပြီးရင်တော့ ပြန်ဖို့ လူလိုက်စုနေမှာ မဟုတ်ဘူး .."

"လာပါကွာ .. ဟိုဘက် ပြောင်းထိုင်လိုက်မယ် .."

သူတို့ ကျန်နေခဲ့မှာတော့စိုးကာ ဒွန်း က သက်ရင့် ကို လက်တို့၍ စားပွဲပြောင်းထိုင်ဖို့ မေးဆတ်ပြသည်။ စားပွဲလေးတွေက ကပ်ကပ်လေး...၊ ဟိုဘက်ဒီဘက် ပြောင်းလိုက်ရုံနဲ့ ဘာမှမထူး ...၊

"နေကြပါ.. ပြောင်းပေးဖို့ မလိုဘူး.. မရိုးစွာပြောဖို့မှ မရှိတာ.."





ဒေါသကြောင့် မျက်တောင်ဖျားလေးတွေ ကော့တက်နေလောက်အောင် မျက်ဝန်းလေးတွေ ဝိုင်းနေ၏။

နဖူးအလယ်ကနေ ပါးရိုးတစ်ဖက်စီမှာ ခပ်တွန့်တွန့် ကပိုကရိုလေးတွေ နွဲ့ကျနေသည့် ဆံပင်ပုံကြောင့် မျက်နှာသွယ်သွယ်လေးက ချစ်ဖို့ကောင်းသည်။

ပြီးတော့ ဝတ်ထားတာက လည်စည်းပါသော ခရမ်းရင့်ရောင်ဆွယ်တာပုံစံ လက်ပြတ် ခါးရှည်လေး ...။

ညံ့ က သူမမျက်နှာကနေ တစ်ကိုယ်လုံးမှာ သူ့မျက်လုံး နှစ်ပတ်လောက် ဝေ့၏။ ပြီးတော့ မချိုမချဉ် ပြုံး၏။

ချို ပါးပြင်လေးတွေ နီရဲသွားသည်။

"ညံ့ .."

"ပြော .. ပြောမှာလားလို့ စောင့်နေတာ .."

"လူကြီးတွေ စိတ်ညစ်နေကြတာ နင့်ကြောင့်လား .."

"အဲဒီလို ထင်သွားတာလား ...၊ အင်း .. ဒါပေမယ့် ဖြစ်နိုင်ပါတယ် .. လူကြီးချင်း သိနေကြမှန်း စောစောကသိရင် နင် ပြောတာဖြစ်နိုင်တယ် .."

"အေး .. အဲဒါတွေ အခု ထားလိုက် .. နင်နဲ့ ငါ့ရဲ့အခြေအနေကို နင်နဲ့ ငါ သိတယ် ...၊ ငါ နင့်ကို လက်မထပ်နိုင်ဘူး .."

"အဲဒါ ပြောပြလိုက်လေ .."

"နင် သိပါတယ် .. ငါတို့မိန်းကလေးတွေက ဒီလိုကိစ္စတွေမှာ မိဘကို လွန်ဆန်ရဲတဲ့သတ္တိ နင်တို့လောက် မရှိဘူး .."

"ကြားဖူးတာကတော့ ချစ်လာရင် အတူတူ ခုန်ဆင်းကြတာပဲလို့ ကြားတာပဲ .."

"ဘယ်သူက နင့်ကို ချစ်နေလို့လဲ .."

ချို့ မျက်နှာလေးက အရှက်သည်းနေသည့် မိန်းမငယ်လေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဲ့သို့ အနီရောင်ရင့်ကာ ဒေါသထွက်သွားပုံက ဖြစ်သင့်တာထက် ပိုနေ၏။

အိတ်ကို ဖျတ်ခနဲ ဖိဆုပ်လိုက်ပြီးမှ ပြန်လွှတ်၍ ...

"စကားပြောတာ ဆင်ဆင်ခြင်ခြင် ပြော .."

"ဘယ်သူက မဆင်မခြင် ပြောနေလို့လဲ ချို .. ငါ ပြောတာက နင် ငါ့ကို လက်မထပ်နိုင်ရင် ကိုယ်ချစ်တဲ့သူနဲ့ လိုက်သွားပေါ့ .."

"ဘာ!..."

"ပြောပြတာ .."

"နင် ပြောဖို့ မလိုပါဘူး .. ဒီမှာ ငါက တစ်ဦးတည်းသောသမီး.."

"မှတ်ထားပါမယ် .."

"ငါ မလိမ္မာရင်တောင် သမီးမိုက် မဖြစ်စေရဘူး .. မေမေ့ကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဖို့ ဆုံးဖြတ်ပြီးသား .."

"ဟုတ်လား .. အဲဒါ ကောင်းတယ် ... ဒါပေမယ့် ငါကတော့ သားမိုက် ယင်တာပဲ .. နှစ်ခုထဲက တစ်ခုကို ရွေးရမယ်ဆိုရင် မိဘ ကြိုက်ကြိုက် မကြိုက်ကြိုက် .."

"ဒါဆို နင် ငြင်းလိုက်လေ .. ငါ အဲ့ဒါကိုပဲ လိုချင်တာ ... ပြီးတော့ နင် သိပါတယ် .. အစတည်းက ဒီလိုကိစ္စနဲ့ မေမေနဲ့ ငါ ရှော့ခ် ရှိထားတာ .. ခု ထပ်ပြီး ငြင်းဖို့ အင်အားမဲ့နေတယ် .."

"ဟား .. ဟား .. ဟား ..."

ညံ က အသံထွက်အောင် ရယ်ကာ ဒူးနှ တို့ ပြုံးစိစိတွေ ဖြစ်ကုန်၏။ ချို က လှည့်ကြည့်တော့မှ မျက်နှာတွေ ဟိုလွှဲဒီလွှဲ ...

"နင်က ဘာရယ်တာလဲ ညံ ... ငါ့ကို လှောင်တာလား .."

"နင် အင်အားမဲ့နေတယ်ဆိုတာ ရယ်စရာပဲလေ ... ခုနတည်းက ဒီတိုင်းပြောလိုက်ရင် ပြီးတာပဲ .. အလိမ္မာတွေ အိမ်ပါတွေ ဘာလို့ ရှုတ်ပြနေတာလဲ .."





ချို့ ပါးပြင်လေးတွေ ရဲခနဲ ထပ်ဖြစ်၏။

သူမကိုယ်တိုင် ဘာဖြစ်လို့ စကားတွေ မှားနေခဲ့မိမှန်း မသိ ... ဘယ်တုန်းကမှ ကြည့်မရခဲ့သည့် ဒီမျက်နှာ ...

ကိုယ့်နားကို ရောက်လာခဲ့တိုင်း ဒေါသတွေ အတ္တတွေသာ တိုးပွားနိုင်မာစေခဲ့သော ...

ညံ ဆိုသည့် ဤလူဟာ ကိုယ်နဲ့လက်ထပ်ဖို့ ဖြစ်လာခဲ့သည်ဆိုတာတော့ အံ့ဩမိသည်။

မချစ်ခဲ့ပေမယ့် လက်ခံနိုင်မလားလို့ ကိုယ့်ဘာသာ ပြန်မေးခဲ့တဲ့ အထိ သူနဲ့ အိမ်ထောင်ရေးက ခေါင်းထဲ ရောက်နေခဲ့သည်။

ကိုယ့်မှာ ချစ်သူတွေ ရှိခဲ့ပေမယ့် ဒီယောက်ျား၏ ပေါ့ပျက်ပျက် မလေးနက်မှုတွေကိုလည်း သိနေသည့်တိုင် ကိုယ်က သူ့ရဲ့အိမ်ရှင်မ ဖြစ်လာခဲ့ရင် ဘယ်လိုနေမလဲဆိုတာကိုတော့ စိတ်ဝင်စားခဲ့၏။

ထိုအခါ ကိုယ့်ရဲ့ မသိစိတ် တစ်နေရာမှာ ညံ အပေါ် အထင်ကြီးခြင်း တစ်ကွက် တစ်နေရာစာတော့ ရှိနေသေးသည်ဆိုတာလည်း ခံစားမိလာသည်။

ဒါတွေကို ကိုယ် ထည့်သွင်း စဉ်းစားနေမိသည် ဆိုတာကိုတော့ သူ သိလို့ မဖြစ်ဓ ...

မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး ညံ ဘယ်လို ခံစားမိနေသလဲ ... ကိုယ့်မှာ လျှို့ဝှက်မှု ရှိသလို ညံ မှာရော လျှို့ဝှက်ဖို့ ရှိနိုင်သလား .. တွက်ကြည့်မိတော့ မရှိနိုင်ဘူးဆိုသည့်အဖြေပဲ ထွက်၏။

ဒါကြောင့် လက်ထပ်ဖို့အခြေအနေကို သိချင်စိတ်စောခဲ့မိတာ သူမ ...

"မေမေက သူ့မိဘ ချမ်းသာတာကိုပဲ မြင်တာ .. အဲဒီလူ သိပ်ရှုပ်တာ သိလား ... ချို နဲ့လည်း သိပ်တည့်တာ မဟုတ်ဘူး .."

လက်ထပ်ဖို့ မေမေ ပြောလာတော့ အံ့ဩခြင်းနှင့်အတူ စိတ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားစွာ ငြင်းခဲ့မိတာတွေ .. ဘာတွေ ပြောခဲ့မိမှန်းတောင် မသိတော့ပါ ...။

"ကျောင်းသားချင်းပဲ သမီး .. သူ ရှုပ်တယ်ဆိုရင်တောင် သမီးကရော ကိုယ့်ကိုယ်ကိုယ် အရိုးသားဆုံး မိန်းမပါလို့ ပြောနိုင်လို့လား.."

"မေမေကတော့ မျိုးရိုးဂုဏ် .. အစဉ်အဆက် ချမ်းသာခဲ့တဲ့ စည်းစိမ်ဥစ္စာ .. ဒါတွေကိုပဲ ထည့်တွက်တယ် ...၊ ကျောင်းသားတွေ အရွယ်မှာ မှားကြတယ်ဆိုရင်တောင် ဘယ်လောက်ထိ မှားနိုင်မှာလဲ.."

"ညံ့ ဆိုတဲ့ကောင်လေးကို ပွဲရုံရှေ့မှာ မေမေ တစ်ခါပဲ မြင်ဖူးတာ .. သမီးဘက်က ငြင်းချင်လောက်တဲ့ပုံစံလည်း မဟုတ်လို့ ဦးမြမော် ဘယ်နေ့ ဒီစကားပြောမလဲပဲ မျှော်နေခဲ့ရတယ် ...၊ ပြောရရင် မေမေ ချမ်းသာတယ်ဆိုတာ သူတို့နဲ့ယှဉ်ရင် ဘာမှမဟုတ်သေးဘူး .. ပြီးတော့ တစ်ဦးတည်းသော သား .. လက်ရှိမှာ မိဘမဲ့လေး ...၊ ကဲ .."

'သူ့ဘက်မှာ ပစိပစပ်များမယ့်လူလည်း မရှိဘူး' ဆိုတာကို မေမေက တွင်တွင်ပြောသည်။

"ယောက်ျားလေးကတောင် မငြင်းဘူးဆိုတော့ သမီး ပြောသလို ရှုပ်ပွေနေရင် အဲဒီလိုလူမျိုးက မိန်းမယူချင်ပါ့မလား ...၊ မေမေ ဒီလောက် မတုံးဘူး ချို .. ကြံဖန်ငြင်းဖို့ မစဉ်းစားနဲ့ ...၊ ညညးတို့ကို အမြန်ဆုံး လက်ထပ်ပေးမှာ .."

မေမေ ပြောခဲ့သည့်စကားတွေအဆုံးမှာ ညံ့ ဆီက ဖုန်းကို သူမ စောင့်နေခဲ့သည်။

ဒီချိန်ထိ မဆက်သွယ်ခဲ့လို့သာ ...၊

"ကဲပါ .. ငြင်းဖို့တွေ ကြိုးစားနေမယ့်အစား တစ်ယောက်နဲ့ တစ်ယောက် လက်မခံနိုင်သေးရင်တောင် လောလောဆယ် လူကြီးတွေလည်း စိတ်ချမ်းသာရအောင် မင်းတို့ချင်း ပြေပြေလည်လည်လည် နေလိုက်ကြပါ .."





ဒွန်း က တိတ်ကျသွားသည့်အချိန်ကို သည်းမခံနိုင်စွာ စတင်ဖြိုခွင်း၏။ ချို က ဆတ်ခနဲ လှည့်ကြည့်ကာ ...

"ငါလာတာ ပြေလည်အောင် ညှိနှိုင်းဖို့ မဟုတ်ဘူး .."

"ဘာလုပ်ဖို့လဲ .."

ညံ့ က မေးတော့ ဩ ဘက် လှည့်ကာ ...

"ငါတို့ လက်မထပ်ဖြစ်အောင် နင်က ငြင်းပေးဖို့ .."

"ဘာလို့ ငြင်းရမှာလဲ .. အနည်းဆုံးတော့ နင် ငါ့ရှေ့မှာ တစ်ယောက်ပြီးတစ်ယောက် တွဲနေလို့ မရအောင် တားဆီးခွင့် ငါ့မှာ ရှိသွားမယ် .."

"နင်က အဲဒီလို မိဘအားကိုးနဲ့မှ မိန်းမရနိုင်မယ့်လူလား...၊ နင် မရှက်ဘူးလား .."

"ဟား .. ဟား .. ဟား ..."

ညံ့ က မျက်နှာမော့၍ ရယ်နေ၏။ သူ ရယ်နေလေ ချို့ မျက်နှာလေး နီလာလေ ...၊

ဒီစားပွဲမှာ ထိုင်မိပြီဆိုတည်းက လှောင်ရယ်နေသည့် ညံ့ မျက်နှာပေါ်က အပြုံးတွေက တည်တံ့ ပျက်ယွင်းသွားခဲ့တာ မရှိသေး ...၊ ဘာကို ပိုင်နိုင် ကျေနပ်နေတာလဲ ...၊

ကိုယ့်ကို လက်ထပ်ခွင့်ရတော့မှာမို့ ကျေနပ်ပျော်ရွှင်နေတာ မဟုတ်မှန်း ခံစားမိနေသည့်ရင်ထဲမှာ သိတော့ သိနေသည်။ တွေးကြည့်တော့ ဘာမှလည်း မရှိ ...၊

"ညံ့ .."

"ဖြန်း .."

ရှက်လာသဖြင့် စားပွဲကို လက်ဖဝါးနဲ့ ရိုက်လိုက်မိသည်။ ညံ့ က ရယ်သံတိတ်မသွားခဲ့ဘဲ သူမလက်ဖဝါးတစ်ခုလုံးသာ နာကျင်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ.. ပြောစရာရှိတာ ပြောပါ..၊ ကိုယ့်အသားနာခံပြီး ခေါ်နေစရာ မလိုဘူး .. ကောင်းကောင်း ကြားတယ် .."

ချို ပိုက်ဆံအိတ်ကို ဒီတိုင်းဆွဲယူပြီး ထရပ်လိုက်ကာ ...

"ကြားရင် မှတ်သွား ..၊ ငါ နင့်ကို လုံးဝ စိတ်မကူးဘူး .."

"နင့်ကို ကမ်းလှမ်းတာ ငါ့အဘိုး မို့လား .. နင့်စိတ်ကူးတွေကို အဘိုးကို သွားပြောလေ .."

"ဘာ!..."

ချို အသား ဆတ်ဆတ်တုန်သွားသည်။

ဒွန်း တို့ မျက်နှာကြီးတွေ ပြုးဖြီးဖြီးကြီးတွေ ဖြစ်သွားကြပြီးမှ အတင်းကြီး တည်ထားလိုက်ကြကာ ပြုံးမရ တည်မရနှင့် သံပရာသီး အခြမ်းလိုက် ဝါးမျိုနေကြသလို ..၊

"နင်!..."

ချို မတ်တတ်ရပ်နေရင်းကနေ ညဲ မျက်နှာကို လက်ညှိုးထိုး၍ စကား ရှေ့မဆက်နိုင် ..၊ ညဲ က ချို့ လက်ကို သူ့မျက်နှာရှေ့ကနေ ဖယ်ထုတ်ပစ်လိုက်ပြီး ထရပ်လိုက်၏။

"ငါ ပြောပြီးပဲ ချို .. ငါ့မှာ လူကြီးတွေကို မလွန်ဆန်နိုင်ဘူးဆိုတဲ့ အကြောင်းပြချက် မရှိဘူး ..၊ နင့်မှာတော့ ရှိနေတယ် .. အဲဒီတော့ မလိုချင်တဲ့လူက ငြင်းလေ .."

"နင်ကတော့ လိုချင်တယ်လို့ ပြောလိုက်တာလား .."

"နင် ငါ့ဆီက ဒီစကားမျိုး ထွက်လာစေချင်တာ ထင်တယ် .."

ညဲ က ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထည့်လိုက်ကာ...

"ဟုတ်တယ် .. ခုချိန်ထိ နင်က ငါ့အတွက် စိတ်ဝင်စားဖို့ကောင်းနေတုန်းပဲ .. နောက်ထပ် စိတ်ဝင်စားဖို့ရှိတာက ငါ တစ်ခါမှ မတွေးခဲ့ဖူးတဲ့ အိမ်ထောင်ရေး .."

"နင်က အဲဒီလိုထိ စိတ်ကူးယဉ်နေတာလား .."





"လက်တွေ့မဟုတ်တဲ့ အတွေးအားလုံးက စိတ်ကူးတွေပဲ ချို .. လက်တွေ့ဖြစ်အောင် လုပ်မယ့်သူလည်း စိတ်ကူးရှိလာမှ ဆုံးဖြတ်လို့ရတာ .."

"ငါကတော့ လက်တွေ့အတွက်လည်း စိတ်မကူးဘူး .. စိတ်ကူးယဉ်ပြီးတော့လည်း အချိန်ကုန် မခံဘူး .."

"အင်း .. အချိန်ကုန်မခံနိုင်တာတွေကို ဒီထိ လက်တွေ့လာပြောပေးတာ ကျေးဇူးပဲ .."

"အဟွန်း .."

"ခွီး .."

မျိုသိပ်အောင့်အင်းထားခဲ့ရသည့် ရယ်သံတွေ မတိုးမကျယ် ထွက်လာကြသည်။ ညဲ က နားထင်ကို လက်ညှိုးနဲ့ထောက်ခြစ်ရင်း ပြုံးစိစိ မချိုမချဉ်မျက်နှာနှင့် ...

"တောက်!..."

သေလိုက်စမ်းပါ ချို..၊ အဲဒါ နင် သိချင်နေတဲ့ သူ့ရင်ထဲက နင့်အကြောင်းတွေပဲ ..။

လှည့်ထွက်လာခဲ့သည့်ခြေသံက ပြင်းနေသလောက် ရင်ခုန်သံတွေက ပွက်ပွက်ဆူသည့်သွေးကြောင့် ဝုန်းဒိုင်းကြဲနေ၏။

တကယ်တော့ သူမ တစ်ယောက်ပြီးတစ်ယောက် တွဲနေခဲ့သမျှဟာ ညဲ လိုက်နှောင့်ယှက်နေတာကို မသိစိတ်နဲ့ ကျေနပ်နေခဲ့တာလား..၊

ညဲ သည် မိန်းကလေးတိုင်း မငြင်းချင်ဖွယ် အရည်အချင်းကောင်းတို့နှင့် ယောကျ်ားဖြစ်လျက် ..၊

ထိုယောကျ်ားကိုမှ သူမ ဂရုမစိုက်ရှာ နေနိုင်သူအဖြစ် ဂုဏ်ယူနေခဲ့တာလား ..၊

ကိုယ့်ကို သဝန်တို နှောင့်ယှက်နေသမျှ ဒေါသတွေ ထွက်ရတာနှင့် အမျှ မမေ့နိုင်ခဲ့တာတွေက သာယာစိတ်တွေလား ..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကားမောင်းနေရင်း အံကြိတ်ထားသည့်ကြားကနေ ဒါကိုပဲ အထပ်ထပ် တွေးမိနေသည်။

ရှက်ရွံ့နာကျင်စိတ်တို့သည် ဘာကြောင့် လွန်ကဲစွာ တိုးဝှေ့ ဦးဆောင်နေခဲ့မှန်း မသိ …၊

ညံ့ နဲ့ လက်ထပ်ပေးမှာမှန်း သိလိုက်ရသည့်အချိန်မှာ သူမ အလိုချင်ဆုံးဆန္ဒက ညံ့ ရင်ထဲမှာ ဘယ်လိုနေသလဲ …၊

"သူဌေး ဦးမြမော် က သူ့မြေးကို သူ နိုင်တယ် .. မေမေက မနိုင်နင်းတဲ့အမေမျိုး ဖြစ်ရမှာလား …၊ မရဘူး .. ဒါကို ညည်း နာခံရမယ် ချို .."

မေမေ ပြောတဲ့စကားတွေထဲမှာ ညံ့ ကိုယ်တိုင် သူမကို လက်ထပ်ဖို့ ကြိုးစားခဲ့တာ မဟုတ်ပေ …၊ ကိုယ့်လိုပဲ လူကြီးတွေ ညွှန်ပြမှသာ သိရတာမှန်း တွက်ကြည့်မိသည်။

ထို့ကြောင့် ညံ့ ရင်ထဲကို သိချင်စိတ်မွန်ကာ သူမ ဒီလို ခြေလှမ်းမှားခဲ့မိသည်။

ဒါဆို နင် ကိုယ့်သိက္ခာကို ပြန်ထိန်းပြီး မိဘကို လုံးဝ ဆန့်ကျင်လိုက်မှာလား …၊





အခန်း (၁၄)

"ပြောပါဦး မမချမ်း ရယ် .. ချို ဘာလုပ်သင့်လဲ ဟင် .."

"ဒါကိုတော့ အကြံဉာဏ် မပေးတောင်းပါနဲ့ ချို ရယ် .. ငါလည်း ခုတစ်လော ကျောင်းပိတ်ရက် သင်တန်းကိစ္စတွေနဲ့ ဦးဦးလွင် ရဲ့ ကျန်းမာရေးနဲ့ ခေါင်းထဲမှာ တွေးစရာတွေ ထည့်ထားရတယ် .. ပြီးတော့ အဲဒီတစ်ယောက်အကြောင်းဆိုရင် တွေးကို တွေးမပေးချင်တော့ဘူး .. ကုလေးဆန်တယ်ပဲ ဆိုဆို .."

ချို စိတ်ဓာတ်ကျသွားမိသည်။ သူမ လိုချင်တာက မိဘစကားကို နားထောင်လိုက်ဖို့ ချမ်း ဆီက တိုက်တွန်းသံလေး အနည်းငယ်ပါ …။

ချမ်း ဘက်က ကြည့်တော့လည်း သူမ ခံစားရတာ မှန်နေတာမို့ သက်ပြင်းချမိသည်။ ဒါပေမယ့် ငြင်းလည်း မငြင်း၊ လက်ကမ်းမျှော်လင့်နေတာမျိုးလည်း မဟုတ်သော ညံ့ ဘက်က အခြေအနေကို သူမဘက်ကလည်း အေးစက် တည်ငြိမ်ခြင်းနဲ့သာ တုံ့ပြန်ချင်သည်။

လက်ထပ်ပြီးစီးခဲ့ရင်တောင် သူကြင်မှ ကိုယ်ကြင် …၊ သူ တိမ်မှ ကိုယ် ယိမ်းမှာပေါ့ …။



www.burmeseclassic.com

www.burmeseclassic.com



"ချို ငါ့ကို စိတ်ဆိုးသွားတာလား .."

ငေးခနဲ ဖြစ်သွားသည့် ချို က ပြန်လှည့်ကြည့်ပြီး ခေါင်းခါသည်။

"မဆိုးပါဘူး .. မမချမ်း ကိုလည်း အများကြီး ဒုက္ခပေးခဲ့တာပဲ.."

ဒါတောင် ဟိုတစ်နေ့က အချဉ်ရည်ထုပ်နဲ့ လှမ်းပစ်သွားသည့် ကိစ္စကို ချို့ ကို ပြန်မပြောပြခဲ့ပါ ..၊ စကားထဲလည်း ထည့်မပြောချင်.. ပြီးတော့ တွေးမိတိုင်း ရှက်မိ၏။

ထိုနေ့က ဒီတိုင်းပဲ ဈေးဝယ်ထွက်ခဲ့ရင်း အရှက်ကွဲရသည့်အဖြစ်ဟာ လူတစ်ယောက် လှမ်းကြည့်တိုင်း ထဘီ 'မ'မိလိုက် .. ပြန်ချမိလိုက် ..၊

ထဘီသည် အပွင့်အခက်မပါသော ကြည်ပြာရောင်နှင့် အနီအစွန်းကွက်တွေ ထင်နေသော ...

"မမချမ်း .."

"ဟင် .."

"စိုက်လိုက်လေ .. ပန်းရိုးကိုင်ပြီး အိုးထဲမစိုက်ဘဲ ဘာလုပ်နေတာလဲ .."

"ဩော် .. အင်း ..."

စားပွဲရဲ့ဘေးမှာ ဒူးထောက်လေးထိုင်ရင်း ချမ်း ရဲ့စိတ်တွေ ပန်းအိုးအလှစိုက်နေသည့်ဆီမှာ မရှိ ..၊ ချို က ကုလားထိုင်ပေါ်က ဆင်းကာ ချမ်း ရဲ့ဘေးမှာ ဝင်ထိုင်ပြီး နှင်းဆီရိုးတံတွေကို အောက်ဖျားရွက်တွေ ခြွေချဖို့ကိုင်ရင်း ...

"မမချမ်း မှာလည်း စိတ်ရှုပ်ရတာကို သိပါတယ် .. ဒါပေမယ့် နည်းနည်းတော့ တွေးပေးပါဦး မမချမ်း ရယ် .. မေမေက ညဲ ကိုမှ မယူရင် သေခန်းဖြတ်တော့မလို ဖြစ်နေတာ .."

"ဒါဆိုလည်း ယူလိုက်ပေါ့ ချို ရယ် .. နင်လည်း သူ့ကို မုန်းနေတာမျိုးတော့ မဟုတ်ပါဘူး ဆို .."





"ဒါပေမယ့် သူကလည်း ချို့ ကို လက်ထပ်ပါရစေလို့ ကိုယ်တိုင်ကမ်းလှမ်းတာမှ မဟုတ်တာ .."

ချမ်း က ချို့ ကို အံ့ဩသွားသလို လှည့်ကြည့်၏။ ပြီးမှ ပန်းတွေဆီ ပြန်ငုံ့သွားလေသည်။

"မမချမ်း ကို ချို ပြောခဲ့သလိုပေါ့ .. သူက သူ့အဘိုးရဲ့အားကိုးနဲ့ ခပ်ကြောကြောနေတာ .. သူတို့က ချမ်းသာတယ်လေ .."

"နင်တို့လည်း ဆင်းရဲနေတာမှ မဟုတ်တာ .."

"ဒါပေမယ့် မေမေက အရမ်းကို မက်မောနေတာ .. ဒီလူတွေ ခန့်မှန်းနိုင်အောင် ချမ်းသာတယ်လို့ချည်း ပြောနေတယ် ..၊ ချို ကသာ အဲဒီလူက ညဲ မုန်း စုမှသိတာ မမချမ်း ရဲ့ .. မေမေက စောစောကတည်းက အဲဒီလူကြီးရဲ့မြေးနဲ့ပဲ စိတ်ကူးထားတာတဲ့ ..၊ လူကြီးချင်း ပြောဆိုဖြစ်ထားတာပေါ့ .. ညဲ ကို မေမေလည်း သေချာသိတာ မဟုတ်ဘူး.."

ဘယ်အချိန်ဖြစ်ဖြစ် ဘယ်ရည်းစားအကြောင်းပဲပြောပြော ညဲ ဆိုတာ အမြဲပါနေတတ်သည့် ချို့ ထံမှ ကျေနပ်ခြင်း .. မကျေနပ်ခြင်းများသည် ခုထိ ညဲ ပဲ ဖြစ်နေဆဲရှိကာ ဒါလည်း ကျေနပ်၍လား .. မကျေနပ်၍လား ဆိုတာ မသိ ..။

"ဘာပဲဖြစ်ဖြစ် သူက လူကြီးတွေအားကိုးနဲ့ ဒီလိုလုပ်နေတာ.."

"နင်က ဘယ်လိုဖြစ်ချင်လို့လဲ .."

"ချို သူ့ကို လက်မထပ်ချင်ဘူး .. ဒါပေမယ့် မေမေ့စကားကိုပဲ နားထောင်ရမှာဆိုရင်တော့ လက်ထပ်ဖြစ်ကြမှာပဲလေ ..၊ အဲဒီအချိန်မှာ သူ ခပ်ကြောကြော ပြောလာမှာတွေကို မခံနိုင်ဘူး .."

ချမ်း က ဘာမှမပြောဘဲ နေ၏။

"ဒါမှမဟုတ် ချို့ ကို စွဲလမ်းနေကြတဲ့ ချစ်သူထဲကပဲ ရွေးပြီး ခိုးရာလိုက်သွားရရင် ကောင်းမလား .."

"ချို့ .."



www.burmeseclassic.com

www.burmeseclassic.com



ချမ်း ထံမှ ဒေါသထန်နေသည့်အကြည့်တို့ကို မြင်လိုက်ရသဖြင့် ချို အံ့သြသွား၏။

"အဲဒါတွေကို ငါနဲ့ လာမတိုင်ပင်နဲ့ ချို .. အဲဒီမေးခွန်းကို ငါ ဖြေရမှာ အန္တရာယ် အများဆုံးပဲ .."

ချမ်း က နောက်ဆုံး ချို ကိုင်ထားသည့် ပန်းဖူးလေးကို ဆွဲယူပြီး သူမကိုယ်တိုင်ပဲ အဆုံးသတ် ထိုးစိုက်ထားလိုက်၏။ ပြီးမှ နေရာမှ ထရပ်ကာ ...

"ငါက မြှောက်ပေးရမှာလား .. တားဆီးရမှာလား ..၊ ငါ့စကား မှားသွားရင် ငါရမယ့် အပြစ်က ဘာလဲ ..၊ ငါ အန်တီနဲ့ မုန်းရရင်တောင် ဂရုမစိုက်ဘဲ နေလို့ရတယ် .. ညံ့ ဆိုတဲ့ကောင်လေး ဘယ်လောက်မိုက်ရိုင်းလဲ နင် သိလား ..၊ ဟိုနေ့က ငါ ပလက်ဖောင်းပေါ်မှာ လျှောက်နေတာကို ကားထဲကနေ အချဉ်ရည်ထုပ်နဲ့ လှမ်းပစ်သွားတယ် .."

"ဟယ်!... တကယ် .."

"ဟုတ်တယ် .. အဲဒီလောက်ထိ လက်တုံ့ပြန်ချင်တဲ့ လူစားမျိုး.. ပြီးတော့ သူက ယောကျ်ားလေး .. ငါက ဆရာမအဖြစ် ရပ်တည်နေရတဲ့ မိန်းမ ..၊ သူ ငါ့ကို တုံ့ပြန်မယ် .. သိက္ခာကျအောင် ကြိုးစားမယ်ဆိုရင် ငါ့ဘက်မှာ ကာကွယ်နိုင်စွမ်း ဘာမှရှိမှာ မဟုတ်ဘူး .."

"ဖြစ်ရလေ မမချမ်း ရယ် .. လူကိုထိအောင် ပစ်တာတော့ မဟုတ်ဘူးမို့လား ဟင် .."

ဒါကျတော့ ချို စိုးရိမ်တကြီး မေးရှာသည်။ ချမ်း က ခေါင်းခါပြကာ ...

"ငါ့ခြေထောက်နားမှာ ကျကွဲသွားတော့ ခြေထောက်နဲ့ ထဘီနားတွေ ပေကုန်တယ် .."

"တော်တော် ရိုင်းတဲ့ကောင် .. တောက်!..."

"ငါက သူ့ကို မလိုလားတဲ့ဘက်မှာ ရပ်တည်ဖို့ အသင့်ရှိနေတဲ့သူ





ပဲ ..၊ ဒါပေမယ့် သူ့ကို မယူနဲ့ .. နိုးရာသာ လိုက်သွားဆိုပြီး တခြားလူနဲ့ မြှောက်ပင့်ပေးမိရင် နင် စဉ်းစားကြည့် .."

"ဟုတ်ပါတယ် .. မမချမ်း ပြောတာ မှန်ပါတယ် .."

"အဲဒါကြောင့် သောရီးပါ ချို .. ငါ နင်တို့နဲ့ဝေးပြီး ကလေးမဆန်မိအောင် ကြိုးစားနေရတာ .. ငါ့ကို နားလည်ပေးပါ .."

ချို က ခေါင်းညိတ်ရင်း ကုလားထိုင်ပေါ်မှာ ပြန်ထိုင်သည်။

"ဟုတ်တယ် .. နာမည်က ညံ့ ဆိုသလောက် ဘယ်နေရာမှာဖြစ်ဖြစ် သူ့သတင်း သူ့အသံချည်းပါပဲ .."

"ဟော .. သမီး ရောက်နေတာလား .."

"အန်ကယ်လ်လွင် .."

ဦးကောင်းလွင် နောက်ခန်းထဲက ထွက်လာတော့ ချို က ပြုံးပြပြီး ...

"အန်ကယ်လ်လွင် ကို မေမေက အိမ်လာလည်ပါဦးလို့ ဖိတ်ခိုင်းလိုက်တာ .."

"ဟင် .. ဟုတ်လား .."

"ဒါပေါ့ .. အန်ကယ်လ်လွင် က လူမသိအောင် လာပေမယ့် မမချမ်း ဆီက ချို တို့က သိပြီးပြီးလေ .."

ဦးကောင်းလွင် သည် ဟိုတုန်းတည်းက ဘာသိဘာသာ နေတတ်သူဖြစ်ကာ ချမ်း အရွယ်ရောက်လာမှသာ ချို တို့အိမ်မှာ အဝင်အထွက်ရှိခဲ့တာ ဖြစ်၏။

ထို့ကြောင့် တကူးတက အလည်သွားတာမျိုး မဟုတ်ဘဲ မရောက်ဖြစ်ပေ ..။

"ချို ခဏလေး .."

ချမ်း က ကုလားထိုင်ကျောမှီအစွပ်တွေကို ချွတ်ယူကာ အားပုံးတို့ ပွေ့ပိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ချို စကားပြောဦး နော် .. ငါ ဒါလေးတွေ သွားစိမ်ထားလိုက်ဦးမယ် .."

ချို က ကျွန်းကုလားထိုင်လေးတွေနဲ့ တိုက်ခန်းပြတင်းတွေမှာ တပ်ထားသည့် ပြတင်းပေါက် ခန်းဆီးလေးတွေကို ငေးကြည့်ကာ ...

"ဒါတွေ မမချမ်း ပဲ လျှော်နေတာလား ဟင် .."

"အင်း .. မအားရင် ပုံထားလိုက် .. အားတဲ့အခါ စုပြုံ လုပ်လိုက်ပေါ့ .."

ချမ်း က အစတည်းက ချို ရောက်လာရင် ပါလာမယ့် စကားတွေကို ရှောင်ရှားနေချင်တာ ဖြစ်သည်။ ဦးကောင်းလွင် ထွက်လာတော့ ဒအတော်ပဲဖြစ်သွားကာ အိမ်ထဲ ဝင်ခဲ့၏။

တိုက်ခန်းလေးက မကျယ်ပေမယ့် ခပ်ကျဉ်းကျဉ်းလေးနဲ့ပဲ သေသေသပ်သပ် ဖြစ်သည်။ ချို ကိုယ်တိုင် ကျောင်းနဲ့ သင်တန်းမှာပဲ ချမ်း ကို တွေ့ဖြစ်တာ များကာ ဒီထိ သိပ်မရောက်ဖူးခဲ့တာ အမှန် ...။

"အန်ကယ်လ်လွင် က ဆေးကုဖို့လာတာဆိုတော့ မမချမ်း နဲ့ပဲ နေမှာပေါ့ နော် .."

"ဆေးကုဖို့ မဟုတ်ပါဘူး သမီးရယ် .. မကြီးကျယ်သေးခင် ကာကွယ်ထားလို့ရအောင် စမ်းသပ် စစ်ဆေးကြည့်ဘာလောက်ပါပဲ..၊ ဒါပေမယ့် ခု သူဌေးရဲ့မြေးက မင်္ဂလာကိစ္စ ရှိနေတော့ ..."

"အန်ကယ့်လ်သူဌေး ဆိုတာက အန်ကယ်လ်နဲ့ ခုချိန်ထိ လက်တွဲနေတုန်းပဲလား .."

"အင်း .. ဆိုပါတော့ .."

ဆွေမျိုးတော်ပြီး ဦးကောင်းလွင် အိမ်ထောင်ကျခဲ့တာ ..၊ ဘယ်သူဌေးဆီမှာ အလုပ်လုပ်ခဲ့တာကအစ ချို တို့နဲ့ ပြောလည်း မပြောဖြစ်ကြ ..၊ သိလည်း မသိခဲ့ကြပေ ...။

ထိုပြင် သူဌေးလို့ ဦးကောင်းလွင် ပြောပြောနေခဲ့သူဟာ တစ်ခါက





ယောက္ခမလည်း တော်ခဲ့သေးသည့်အဖြစ်ကိုတောင် ချို တို့ မသိ ..၊ ထိုမျှထိ အဆက်အဆံကင်းခဲ့ကြတဲ့ ဆွေမျိုးတွေ ..၊

"တိုက်ဆိုင်လိုက်တာ .. မေမေကလည်း ချို့အတွက် အိမ်ထောင်ရေးပဲ လုံးပမ်းနေတာ .. အန်ကယ်လ့်ကိုလည်း အဲဒါတွေ တိုင်ပင်ချင်လို့တဲ့ ..၊ ဖေဖေ့ကိုတော့ အားလုံး သေချာပြီဆိုမှ အကြောင်းကြားမယ်တဲ့ .."

"အင်း .. ချမ်း ကတော့ ပြောပြပါတယ် .. ကောင်းပါတယ်ကွယ် ..၊ မိဘစီစဉ်တာကို နာခံတယ်ဆိုတာ နတ်လူ သာဓုခေါ်ပါတယ်..၊ အန်ကယ်လ်လည်း သူဌေးရဲ့မြေးလေးကို သဘောကျတယ်..၊ သူငယ်ပီပီ လွတ်လပ် ပွင့်လင်းသလောက် လူကြီးရဲ့စကားကို နားခံတာကျတော့ အံ့သြလောက်တယ် .."

ချို မျက်မှောင်လေးကုတ်ရင်း နားထောင်နေ၏။ ပြီးတော့မှ စဉ်းစားမရသည့် မျက်နှာလေးနှင့် ...

"သူက အဘိုးနဲ့ပဲ နေတာလား .."

"ဟုတ်တယ် .. ကလေးရဲ့မိဘတွေက မရှိကြတော့ဘူး ..၊ သူဌေးကြီးက သူ့မြေးလေးကို မိဘမဲ့လေးမို့ သိပ်ချစ်တာ .."

"အဲဒီသူဌေးကြီးက ဦးမြမော် လား ဟင် .."

"ဟုတ်တယ် .. သမီးက သိလို့လား .."

ချို့ မျက်နှာလေး တအံ့တသြကြီး ဖြစ်ပေါ်သွားကာ ...

"ကြည့်ပါဦး .. အန်ကယ်လ် လူပျိုတည်းက အဲဒီသူဌေးဆီမှာနော် .."

"ဟုတ်တယ် .."

"မေမေတို့ကလည်း ပြောတယ် .. အလုပ်လုပ်နေမှန်းသာ သိတာ၊ အန်ကယ်လ်က အဆက်အသွယ် လုံးဝ မလုပ်ဘူးတဲ့ .. ဆွေမျိုးတွေတောင်သည်း နေနိုင်တာပေါ့လို့တောင် ပြောနေသေးတာ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းလွင် က အားနည်းစွာ ပြုံး၏။

ဘယ်တုန်းက ဒီလိုပြောခဲ့တာလဲတော့ မသိပေမယ့် မြို့ထဲမှာ မျက်နှာချင်းဆိုင်တွေကြရင်တောင် မပြုံးတတ်သလို နေခဲ့တဲ့လူတွေပါ..။ ချမ်း မြို့ပေါ်မှာ တူတူတန်တန် ရပ်တည်နေပြီဆိုတာ သိတဲ့နောက်ပိုင်း ကျမှ လိုက်လံရှုမှုတွေ ပါလာခဲ့တာ မသိမသာလေးလည်း မဟုတ် ..။

"အခု ချို့ ကို လက်ထပ်ပေးမယ်ဆိုတာ အဲဒီသူဌေးရဲ့မြေးလေ..။ ညံ .."

"ဟုတ်တယ် ..၊ သူဌေးရဲ့မြေးက ညံ .."

ဦးကောင်းလွင် လည်း အံ့သြနေမိပါ၏။ ဒီလောက်တောင် နီးစပ်မှုတွေ ရှိနေကြတာကို သူတို့ချင်း တွေ့နေကြပြီး မသိခဲ့ကြပေ ..။

"ကောင်းတယ် .. ကောင်းတယ် ..၊ သူဌေးက သဘောထားပြည့်တယ် .. အေးချမ်းတယ် .. ညံလေး ကလည်း .."

"သူကတော့ အရမ်းဆိုးတဲ့သူပါ .."

ဦးကောင်းလွင် က ချစ်စနိုးအပြုံးတွေနှင့် ခေါင်းခါ၍ ...

"လူငယ်လေးတွေက ဒီလိုပါပဲကွယ် .. ရင့်ကျက်မှုတွေ ရလာကြရင် သူ့အလိုလို ပြောင်းလဲသွားကြမှာပါ .."

"ဒါဆို .. ဟိုလေ .. ဟို .."

တိုက်ဆိုင်စွာ လွဲမှားနေကြတာကို တွေးမိကာ ချို အံ့သြမပြောဘဲ ရှိလျက် ...

"ဟို .. အဲဒီတစ်ယောက်က အန်ကယ်လ့်သူဌေးရဲ့မြေးမှန်း မမချမ်း သိနေလား ဟင် .."

"ဘယ်သူလဲ .."

"ညံ .. ညံ လေ ..၊ ညံ က အန်ကယ်လ့်သူဌေးရဲ့မြေးမှန်း မမချမ်း မသိဘူး မို့လား .."

"ဘယ်သိမလဲ .."





သူ ဒီကလေးကို ကိုယ့်သားလေးလို ထိန်းကျောင်းနေခဲ့တဲ့အချိန် တုန်းက သူဌေးအိမ်မှာပဲ နေစဉ်ကာလဖြစ်ကာ ဘယ်ကိုမှလည်း မသွား..၊ ဘယ်သူနဲ့မှလည်း တွေ့ဖြစ်ခဲ့တာ မဟုတ် ..။

ချမ်း တို့ သားအမိရဲ့သတင်းကို ကြားလိုက်ရကာမှ ကလေးကို ကြည့်ရှုထောက်ပံ့လိုစိတ်နှင့် ဇာတိမြေကို သူ တစ်ခေါက်ရောက်သွား ခဲ့သည်။ နောက်ထပ် သွားဖြစ်ခဲ့တော့ ချမ်း ကို သူ့အရိပ်အောက်မှာ ထာဝရ ခိုလှုံစေခဲ့၏။ ထိုအခါ ရန်ကုန်နဲ့ အဆက်အသွယ်ပြတ်နေခဲ့ကာ သူဌေး ကသာ အလုပ်တွေကို လာကြည့်ရင်း သူနဲ့ တွေ့သည်။

သူ ရန်ကုန်ကို မရောက်တော့ပါ ..၊ ထို့ပြင် ချမ်း နဲ့ အတူလာဖြစ် ခဲ့ခြင်းများမှာလည်း သူဌေးအိမ်ဘက်ကို ခြေဦးတောင် လှည့်ခဲ့တာ မဟုတ် ..။

"မပြောဖြစ်တာတွေပါ ..၊ ပြောမိတော့လည်း ကလေးတွေ အကြောင်းက အဓိက မဟုတ်ဘူးလေ .. စကားထဲမှာ ပါလာပေမယ့် အမှတ်တမဲ့ ရှိခဲ့တာပဲ များတယ် .."

မသိခဲ့ကြခြင်းအကြောင်းတွေကို ဦးကောင်းလွင် က ကိုယ့်ဘာ သာ စဉ်းစားရင်း အနည်းအကျဉ်း ပြောပြသည်။

ချို ကတော့ မျှော်လင့်ချက်တွေ ဖြစ်သွားသည့် မျက်နှာလေးနှင့်...

"ဒါဆိုရင် အန်ကယ်လ်လွင် ကိုပဲ မေးလို့ရတာပေါ့.. အန်ကယ်လ် က အဲဒီမှာ လူရင်းပဲလေ .."

"သမီးက ဘာသိချင်တာလဲ .."

"ဘာမှတော့ မဟုတ်ပါဘူး .. ညံ နဲ့ ချို လက်ထပ်ဖို့ကိစ္စကို ဘယ်လိုစပြီး စိစဉ်ဖြစ်သွားတာလဲ..၊ အခု သူတို့ အဲဒီအကြောင်း ဘာ ပြောနေကြသလဲ ..၊ ဒီလိုပါ .. ညံ နဲ့ ချို က ကျောင်းမှာ သိပ်တည့်ကြ တာ မဟုတ်ဘူးလေ .. ဒီကိစ္စက တောင်းဆိုတာ မဟုတ်မှန်းတော့ သိပါတယ် .. ဒါပေမယ့် သူ လက်ခံတယ်ဆိုတာက .."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး သမီး… အန်ကယ်လ်က အဲဒါတွေထိတော့ မသိတာ အမှန်ပဲ၊ ဒါပေမယ့် သူ့ရွေး စီစဉ်တာကို ညို က လိုလိုလားလား လက်ခံတာပါ …၊ သူ့ရွေးကိုယ်တိုင်ကလည်း သမီးတို့ချင်း ရည်ငံနေတယ်ပဲ ယင်နေပုံ ရတယ် .. ဒါဆို သမီးတို့က .."

"ဟင့်အင်း .. ဆိုးဆိုးဝါးဝါးတော့ မဟုတ်ပါဘူး …၊ အန်ကယ်လ် အဲဒါတွေတော့ ပြောမနေပါနဲ့ .. တော်ကြာ အဆင်မပြေတာတွေ ဖြစ်ကုန်အောင် ချို က လိုက်လုပ်နေတယ်ဆိုပြီး မေမေ ဒေါကန်မှာ .."

"အင်း .. အင်း .. မပြောပါဘူး …၊ သမီးတို့လူငယ်တွေ အဆင်ပြေဖို့ပဲ အရေးကြီးတာ .."

ဦးကောင်းလွင် က စကားနည်းသူပီပီ ဘယ်စကားကိုမှ ဟက်ဟက်ပက်ပက် သိပ်ပြောတာ မရှိပေ …။

ချို ကတော့ အံ့အားမလို အားမရနဲ့ပါ …။

ကိုယ်တွေ ဘာမှ မပြောခဲ့ .. မသိခဲ့ကြတာ မဆိုထားနှင့် မမချမ်းတောင်မှ ညို ကို အန်ကယ်လ်လွင် နဲ့ အရင်းနှီးဆုံးလူမှန်း မသိခဲ့တဲ့အဖြစ် …၊

ဒါဆို .. သိသွားခဲ့ရင် မမချမ်း ဘာပြောမလဲ …၊





## အခန်း (၁၅)

"ဦးဦးလွင် မျက်နှာ ချောင်ကျသွားသလိုပဲ .. နေကောင်းရဲ့လား ဟင် .."

"ကောင်းပါတယ် သမီးရယ် .. နည်းနည်း အောင့်တာလေးပဲ.."

"နည်းနည်း အောင့်တယ် .."

ချမ်း က ဦးကောင်းလွင် ထိုင်နေသည့် ဒရင်းဘတ်ဒ်သားမှာ ခုံလေးနဲ့ ထိုင်လိုက်ကာ လွယ်ထားသည့်အိတ်ကို ရင်ခွင်ထဲမှာ ထည့်ထားလိုက်၏။

"ဒီလို ခဏ ခဏ အောင့်တတ်လို့လား .. ခုမှ ဖြစ်လာတာလား ဦးဦးလွင် ရယ် .. ချမ်း ထင်တာတော့ ဒီတစ်ရက် နှစ်ရက်ကျမှ ဦးဦးလွင် မျက်နှာ ညှိုးလာတာလားလို့ .."

ဦးကောင်းလွင် က နှစ်သိမ့်ပြုံးနှင့် ခေါင်းခါပြနေသည်။ မျက်နှာကတော့ ပြုံးနေသလောက် မလန်းနိုင်ဘဲရှိကာ …

"မဟုတ်ပါဘူး သမီးရဲ့ .. ဖြစ်တတ်ပါတယ် …၊ ဦး မျက်နှာကို ကြည့်မနေနဲ့ .. ကိုယ် လုပ်စရာရှိတာ သွားလုပ် .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပေါ့ပါးစွာ ပြောပေမယ့် ချမ်း က စိုးရိမ်စိတ်နှင့် ကြည့်နေဆဲဖြစ်ကာ .. လက်ခုံကို သူမလက်ဖဝါးလေးနဲ့ ဆုပ်ကိုင်ကြည့်နေရင်း...

"လက်တွေကလည်း အေးတာလည်း မဟုတ် .. နွေးတာလည်း မဟုတ်ဘဲနဲ့ ချွေးပြန်ချင်သလိုပဲ ..၊ ဦးဦးလွင် နေမကောင်းတာ ချမ်း သိတယ် .. အဲဒါ သူဌေးအိမ်နဲ့ ဒီကို တစ်နေ့ နှစ်ခေါက်လောက် သွားပြန်နေလို့"

"မဟုတ်တာ သမီးရယ် .. တစ်မြို့တည်းမှာ ဟိုနားဒီနားသွားတာ ဘာဖြစ်စရာရှိမို့လဲ..၊ ရန်ကုန်မြို့က ဦး မနေခဲ့ဖူးတဲ့မြို့မှ မဟုတ်တာ.."

"အရင်က ဟုတ်တယ်လေ .. အခု ဦးဦးလွင် က လူကောင်းမှ မဟုတ်တာ .."

"ဒါတော့ဒါပေါ့ သမီးရယ် .. သူဌေးကလည်း ဦး ရှိနေတဲ့အတွက် ကလေးရဲ့မင်္ဂလာကိစ္စကို စီစဉ်ဖို့ တက်ကြွနေရှာတယ် ..၊ ကလေးကလည်း ကိုယ့်သားသမီးလိုပဲမို့လား .. နောက်ပြီး .."

"အဲဒါတွေက သူ့အကြောင်းပဲ ဦးဦးလွင် .. သူဌေးရဲ့မြေးက သူဌေး မရှိတော့ရင် စည်းစိမ်ဥစ္စာ ခြွေရံတွေနဲ့ ကျန်ခဲ့မယ့် ယောကျ်ားလေး ..၊ ဦးဦးလွင် မရှိတော့ရင် ချမ်း ဘယ်လိုဘဝနဲ့ ကျန်ခဲ့မလဲ တွေးကြည့်ပါဦး .."

"ငါ့သမီးကတော့ကွာ .."

"ဦးဦးလွင် ပြုံးမနေပါနဲ့ .. ကိုယ့်ကျန်းမာရေးကို အလေးမထားဘူးဆိုရင် ဦးဦးလွင် ချမ်း ကို သူတို့လောက် အရေးမထားလို့ပဲ .."

ဦးကောင်းလွင် က ချမ်း ရဲ့ခေါင်းလေးကို လှမ်းကိုင်ပြီး မျက်နှာသည် ညှိုးကျသွားခဲ့လျက် ...

"ငါတို့နှစ်ယောက်က လောကမှာ ကျောချင်းကပ် ကျန်ရစ်ခဲ့ကြတဲ့ တကယ့် သွေးသားရင်းချာတွေပဲ သမီးရယ် .. ရဲဘော်ရဲဘက်လို.. မိဘနဲ့ သားသမီးလို နှစ်ယောက်တစ်ဘဝပါ .."





"ဒါဆိုလည်း သူတို့ရဲ့ မင်္ဂလာကိစ္စတွေမှာ အင်တိုက်အားတိုက် ပါဝင်နေတာတွေ နည်းနည်း ပြန်လျှော့ပြီး ကျန်းမာရေးကို ဂရုစိုက်မှပေါ့ .. အသည်းရောဂါ ဆိုတာက .."

"ကြိုတင်ကာကွယ်ထားရင် ဘယ်ရောဂါကိုမဆို ခုခံတားဆီးထားလို့ ရပါတယ် သမီးရယ် .."

"ပြီးတော့ ဦးဦးလွင် မှာ အာရုံကြောအားနည်းတဲ့ ရောဂါလည်း ရှိတယ်လေ .. အဲဒါက သွေးအားနည်းတာလိုမျိုး ဆေးလေး ဖြေးထိုးလိုက်တာနဲ့ သက်သာသွားမှာ မဟုတ်ဘူး .."

"အေးပါ သမီးရယ် .. ကဲ .. မိုးချုပ်လောက်ကျမှ သူဌေးအိမ်ကို ဦး သွားပါ့မယ် .. သမီး ပြန်ရောက်မှလေ .."

ချမ်း မျက်နှာလေးက မကြည်ပေ ..၊ သူဌေးကလည်း ဒါကိုပဲ ပြောနေတာပင် ..။

"မိန်းကလေးမှာလည်း အလုပ်တစ်ဖက်နဲ့ တစ်ယောက်တည်း ပြေးလွှားနေရတာမို့လား .. ငါကလည်း မင်းကို ဒီမှာရှိနေစေချင်တာ..၊ သွားလိုက်ပြန်လိုက်နဲ့ ပင်ပန်းခံနေမယ့်အစား ဒီကနေပဲ ဆေးခန်းသွားရင်း အေးဆေးနားပါလား ကောင်းလွင် .. မင်း ဒီမှာရှိတော့ ရင်ငြိမ်းချမ်းလည်း ဒီမှာ ရင်းနှီးသွားတာပေါ့ ..၊ နောက်ဆို သူ လိုအပ်တာရှိရင် ငါတို့ ကူညီပေးလို့ ရတယ်"တဲ့ ..။

ဦးကောင်းလွင် ကိုယ့်ကျန်းမာရေးကိုလည်း နားလည်နေပေမယ့် ဒီတူမလေးနဲ့ တစ်ခါတလေမှ တွေ့ရတာကို သူဌေးအိမ်မှာ ဘယ်လို သွားနေနိုင်မှာလဲ ..၊

ညံ့ ကို သားလေးလို မွေးခဲ့ဖူးပေမယ့် ချမ်း က သူ့ရင်ခွင်မှာ ချိုတဲ့စွာ မှီခို ကြီးပြင်းလာခဲ့ရတဲ့ မိန်းကလေး ..။

သံယောဇဉ် အကြင်နာချင်းကတော့ ဘယ်လိုမှ မတူညီနိုင်ပါ..။

"ဦးဦးလွင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"အဲဒီမင်္ဂလာပွဲက ဘယ်တော့လဲ .. ဘယ်လောက်ထိကြာအောင် စီစဉ်နေမှာလဲ ..၊ အလုပ်တွေ ရှုပ်နေတာနဲ့ ချမ်း အဲဒါကို မေးမလို့ဟာ မမေးဖြစ်ခဲ့ဘူး .."

"ကြာတော့ ကြာဦးမယ် ထင်တယ် ..၊ ဒါပေမယ့် .."

"ဒါပေမယ့်ဆိုရင်တော့ ချမ်း အကြံပေးချင်တာက ဦးဦးလွင် ကျန်းမာရေးအခြေအနေ စစ်ဆေးပြီးတာနဲ့ ကိုယ့်မြို့ကို ပြန်လိုက်တော့..၊ ချမ်း ကိုယ်တိုင် ပြန်ပို့ပေးမယ် .."

"ဟော!..."

"ဦးဦးလွင် ကို မပြန်စေချင်သေးပေမယ့် ဦးဦးလွင် ဒီမှာရှိနေရင် အားနာနေရတာနဲ့ ဒီလိုပဲ သွားလိုက်ပြန်လိုက်တွေ မနားတမ်းလုပ်ပြီး ပန်းဖျားဖျားမယ် .. အိပ်ရာထဲ လဲမယ် ..၊ ဒါပဲ .."

ချမ်း စိတ်ပူတာတွေ ပြောနေပေမယ့် ဦးဦးလွင် ကတော့ အားနာတာတွေပဲ ရှေ့တန်းတင်ထားတာရှိနေဆဲမို့ အကဲခတ်ရင်း နေရာမှ မထနိုင် ဖြစ်နေခဲ့သည်။

ထိုစဉ် ဖုန်းမြည်သံကြောင့် အိတ်ထဲမှထုတ်ကာ ...

"ဟလို .."

"... ... ... ..."

"ဩော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ .."

ပြောနေရင်း ထသွားကာ ဖုန်းပြန်ထည့်လိုက်တော့လည်း မျက်နှာမကောင်းသဖြင့် ...

"သမီး ဘာဖြစ်လို့လဲ ..၊ ဦးဦးကြောင့် နောက်ဆံမတင်းနဲ့နော်.. သွားစရာရှိတာ သွား .."

"ဦးဦးလွင် နဲ့ မဆိုင်ပါဘူး ..၊ ချမ်း ကားမောင်း လေ့ကျင့်ဖို့ ဘယ်လ်တာလေးတစ်စီး ငှားထားတာ .."





ပြောပြသည့် ချမ်း မျက်နှာလေးက ရှုံ့မဲ့မဲ့နှင့် ...

"ကားအားတဲ့အချိန်က ချမ်း မအားတဲ့အချိန်တွေပဲ ဖြစ်ဖြစ်နေတယ် .."

"ဟုတ်လား .. သမီးက တော်တော် မောင်းနိုင်နေပြီလား .."

"တော်တော်တော့ မမောင်းနိုင်ပါဘူး ဦးဦးလွင် ရယ် .. ဆရာမပါဘဲ ခပ်စမ်းစမ်းမောင်းတာမျိုးတော့ လုပ်ရဲပါပြီ ..၊ ဒါပေမယ့် အချိန်တွေ ဖဲ့ထုတ်မရနိုင်တာကို စိတ်ညစ်တယ် .. ကားဝယ်ဖို့ စိတ်ကူးမိတာက စိတ်ချမ်းသာစရာ မဟုတ်ဘဲ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာတော့ မကောင်းတော့ဘူးပေါ့ .."

"ဒါကတော့ ငါ့သမီးက အချိန်ဆင်းရဲနေလို့ပါ .. ဘယ်အချိန်ကို ဖဲ့ထုတ်ရမယ် ..၊ ဘယ်အချိန်ကိုတော့ အသုံးချမယ်ဆိုတာလေး ခေါင်းအေးအေးထားပြီး လုပ်ကြည့်လိုက် .. စိတ်ချမ်းသာစရာတွေ ဖြစ်လာလိမ့်မယ် .."

ချမ်း က ပြုံးလိုက်ပြီး ဦးကောင်းလွင် ဘေးမှာ ခြေဖျားလေးထောက်၍ ထိုင်လိုက်ကာ ...

"ချမ်း ကိုယ့်ကိုယ်ကိုယ် လောဘကြီးနေမှန်းလည်း သိပါတယ် ဦးဦးလွင် ရဲ့ .. ခုမှ လုပ်ငန်းထဲမှာ လည်ပတ်ကာစဆိုတော့ အလုပ်အပေါ်မှာ တည်ငြိမ်မှု ရှိချင်တာရော .. ဝင်ငွေကောင်းကောင်း ရချင်တာရော .. ချမ်း လောဘတွေ တက်နေတာ .."

ပြောပြီး ရယ်လိုက်တော့ ကလေးဆန်သည့် မျက်နှာဝင်းဝင်းလေးက ချစ်စဖွယ်လေး ဖြစ်သွားသည်။

"တကယ်ကျတော့ ကားဝယ်ဖို့ စုနေတာက ပိုက်ဆံလည်း လိုပါသေးတယ်.. ကိုယ့်ကားကျတော့ ကျွမ်းကျင်ပြီးသား ဖြစ်နေချင်လို့ အခုပိုက်ဆံအကုန်ခံပြီး ဆရာခေါ်လိုက် .. ကားငှားလိုက်နဲ့ အမျိုးမျိုး လေ့ကျင့်နေရတာ .."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကားရှိမှ အဆင်ပြေမှာမို့လား .. မိန်းကလေးဖြစ်ရတဲ့အထဲ ညပိုင်းကျမှ သွားရလာရတာတွေ များတော့ မကောင်းပါဘူးကွယ်.. ဦး ဆီက ပိုက်ဆံယူလေ .. ဒီလောက်လေးတော့ ဦး တတ်နိုင်ပါတယ်"

"နေပါစေ ဦးဦးလွင် ရယ် .. ဦးဦးလွင် ဆီမှာ ရှိနေတော့ ချမ်း စိတ်ချမ်းသာရတာပဲ ..၊ နောက်ပြီး လူတစ်ယောက်မှာ ငယ်တုန်းဆိုရင် သာ အာဟာရနဲ့ အသက်ကို ဆက်တာ .. အိုမင်းလာတဲ့အခါကျတော့ ဆေးဝါးပေါ်မှာ မှီခိုလာကြတယ် ..၊ အဲဒီအချိန်မှာ ဆင်းရဲချို့တဲ့နေလို့ မဖြစ်ဘူး .. အစာလည်း ဆေး .. ဆေးလည်း အစာပဲ ..၊ ဒါပေမယ့် ဆေးဖြစ်ဖြစ် .. အစာဖြစ်ဖြစ် ငွေရှိမှ ကိုယ့်ဆီ လူမှာ .."

"ဟုတ်ပါတယ်ဗျာ .. ငါ့သမီး တကယ့်လူကြီးလေး ဖြစ်နေပါပြီ..၊ ယုံပါတယ် .."

"အဟွန်း .. ဦးဦးလွင် စိတ်ဖြောင့်အောင်လို့ ပြောတာပါ .. ဒါဆို ချမ်း သွားမယ်နော် .. မီးဖိုခန်းထဲမှာ ဦးဦးလွင် အတွက် အပူရော အအေးရော အားလုံး အဆင်သင့် ရှိတယ် .. အဆာပြေဖြစ်ဖြစ် ဘာဖြစ်ဖြစ် စားချင်တာ ယူစားရုံပဲ .."

သင်တန်းချိန် တစ်ချိန်ကို ဆရာ အစားထိုးခဲ့ပြီး ကားမောင်းရမှာမို့ ဝင်ပေးမယ့်ဆရာဆီ ဖုန်းဆက်ရဦးမှာ ဖြစ်သည်။

အပြင်ရောက်သွားတာနှင့် ဖုန်းပြောရင်း ထွက်သွားသည့် ချမ်း ကို တိုက်ခန်းတံခါးဝကနေ မတ်တတ်ရပ်ကြည့်နေပြီး ဦးကောင်းလွင် သက်ပြင်းချမိသည်။

ဆံပင်ရှည်တွေ ခါးကျော်ကျော်မို့ တင်ပါးထက်မှာ နွဲ့နေကြသည်။ ဒီဆံပင်တွေကို ဖားလျားဖြန့်ချထားတာလည်း တွေ့သည်။ နောက်မှာ ကလစ်နဲ့ ညှပ်ထားတာလည်း ရှိသည်။

မြန်မာဝတ်စုံတွေပဲ ဝတ်တတ်တာလည်းရှိပေမယ့် ချမ်း ပုံစံလေး က ခေတ်နဲ့အညီ နုသစ်နေတာပဲ ဖြစ်၏။





သူမက အသားလည်း မဖြူပါ ..၊ အသားလတ်ရုံ ဝင်းညက်ညက် လေးပဲ ဖြစ်သည့်အပြင် မျက်ခုံးတန်းတွေ သိပ်ထင်နေတာလည်း မဟုတ် ..၊ နှာတံကလည်း ပြောရလောက်အောင် မလှပါ ..။

ဒါပေမယ့် သူမရဲ့ မျက်နှာဖွဲ့စည်းပုံလေးကိုက ဘယ်လိုပဲနေနေ နုဖပ်ဖပ်ပုံစံလေးပဲ ဖြစ်နေတတ်တာက ဆုတောင်းကောင်းတာပဲ ဖြစ်၏။

မြန်မာဝတ်စုံတွေမှာ ရိုင်းပြီး ယဉ်အောင်လည်း ပုံဖော်သည်။ ယဉ် ပေမယ့် ခန့်ခန့်ငြိမ်ငြိမ်ကြီး ဖြစ်မသွားဘဲ သူမကိုယ်ပေါ်မှာ ထူးခြားလှပ နေအောင်လည်း ဆင်တတ်၏။

အလုပ်တွေ ဘယ်လိုပဲ ရှုပ်ယှက်ခတ် ဗျာများနေပါစေ ချမ်း ကို မြင်လိုက်ရလျှင် ပြီးစလွယ် ဖြစ်သလို ပြင်ဆင်ထွက်လာတယ်ဆိုတာ မရှိ ..။

ပျာယာခတ်အောင် လှုပ်ရှားသွားလာနေတာ မြင်ရပေမယ့် အမြဲ တမ်း ပြေပြစ် သစ်လွင်နေတာမျိုး ..၊

သူမလေးကို အသိပညာ အတတ်ပညာတွေတော့ သူ ပေးနိုင်ခဲ့ပါ ပြီ ..။ ဒါပေမယ့် ခုချိန်မှာ မြင်လိုက်ရကာမှ ချမ်း ကို တင့်တယ်နိုင်မည့် အိမ်ထောင်ဖက် ရှာပေးရဦးမည်။ ကာယကံရှင်က သူ့စိတ်ကြိုက် ရှာဖွေ လာခဲ့ရင်တော့ ကိုယ်က သင့်မသင့် ကြည့်ရှု အကြံဉာဏ်ပေးရုံသာ..။

ဒီလိုမဟုတ်ဘူးဆိုလျှင် သူမဘဝမှာ အားလုံး ပြည့်စုံသာယာသွား ဖို့အတွက် သူ့တာဝန်တွေ ကျန်နေပါသေးသည်။ သို့သော် ...

ဒီတာဝန်ကို ကျေပွန်ချင်ပေမယ့် .. ကျန်းမာရေးက မကောင်း..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒီဘက်က ပြန်တက်လို့ မရဘူး .. တော်ကြာ ဆိုင်ကယ်လ် ပါသွားလိမ့်မယ် .."

"ဒါဆို စမ်းချောင်းဘက်က ပြန်ပတ်မလား .."

ဆိုင်ကယ်လ်စီးကြပြီဆို စထွက်တည်းက မတိုင်ပင်လို့ မဖြစ်..၊ ည က ခြေဦးတည့်ရာသွားဖို့ကိစ္စ ဖြစ်လာပြီဆို အဲဒီ ခြေဦးတည့်တဲ့ အတိုင်း ရှေ့မှာ ဘာရှိရှိ ..၊ ဘာဖြစ်ဖြစ် ..။

"မင်းကလည်း ကားနဲ့ ထွက်ခဲ့တာ မဟုတ်ဘူး .."

ညံ့ နဲ့ ဆိုင်ကယ်လ်ကိုကြည့်၍ ဒွန်း ကလည်း ညည်းသည်။ ည က ဆိုင်ကယ်လ်ပေါ်က ပြန်ဆင်းပြီးမှ ဘေးမှာရပ်လိုက်ရင်း ...

"ငါတစ်ယောက်တည်း ကားနှစ်စီး ဘယ်လိုထုတ်ရမလဲ..၊ စည်သူ က သူ့ကောင်မလေးကို ပခုံးနဲ့ ထမ်းပြေးမှာလား .."

"အေးလေ .. မင်းကလည်း တစ်မျိုး ..၊ စည်သူ က သူ့ဦးလေး ကားယူသွားတာ နှစ်ရက်ရှိပါပြီ ဆိုမှ.."





သက်ရင့် က ဒီအစီအစဉ်ကို သူပဲ ဆွဲတာမို့ အားလုံး သူသာ သိသည်။

စည်သူ က သူ့ကောင်မလေးကို ဒီနေ့မှ ခိုးမပြေးလျှင် ထာဝရ ဆေးရတော့မယ့်အခြေအနေ ဖြစ်နေသည်။

ထို့ကြောင့် သူတို့တွေ ဝိုင်းစဉ်းစားပြီး စီစဉ်နေတာ ဖြစ်သည်။ အားလုံး အဆင်ပြေပေမယ့် ကားကိစ္စကျမှ အချိန်ကပ်ပြီး ပြဿနာ တက်နေရ၏။

ညမီးရောင်အောက်မှာ လမ်းဘေးပလက်ဖောင်းအစပ်ပေမယ့် ဒီ နေရာက ချောင်ကျတဲ့နေရာလည်း မဟုတ်ပေ ...။

ထို့ကြောင့် ဆိုင်ကယ်လ်နှစ်စီးနှင့် သူတို့သုံးယောက် တိုင်ပင်ရင်း ပတ်ဝန်းကျင်ကိုလည်း အကဲခတ်နေရ၏။

"ကဲ.. မြန်မြန်တိုင်ပင်ကြမယ်.. ဟိုကောင့်ဆီ ဖုန်းဆက် ...၊ အခြေ အနေ ဘယ်လိုလဲလို့ .. ဒီနေရာမှာ ဆိုင်ကယ်လ်တွေနဲ့ မိုးတိုးမတ်တတ် နေရတာ သိပ်မကောင်းဘူး .."

လမ်းဘေးမီးတိုင်နဲ့လည်း နီးနေသည်။ လမ်းမကြီးပေါ်မှာ မဟုတ် ပေမယ့် လမ်းမတော့ လမ်းမပဲ ဖြစ်သည်။ ဒွန်း က နောက်ကြောင်း မအေးသလို နှိုးဆော်သံ ပေး၏။

မြို့ပေါ်မှာ ဆိုင်ကယ်လ်မစီးရ စည်းကမ်းချက် ရှိနေသည်။ တစ်ခါ တလေ လုပ်သလိုမဖြစ်လို့ ဖြစ်သလိုလုပ်ရမှာပေမယ့် မလုံမလဲ ဖြစ်နေ ရသည်။

ထိုစဉ် ဖြတ်သွားဖြတ်လာ ကားတွေထဲမှာ လမ်းအတိုင်း တည့် တည့်မသွားဘဲ ဘေးကိုဝိုက်တက်လာသည့် ကားတစ်စီးကြောင့် အားလုံး ကြောင်သွားကြသည်။

ကားချင်းကျော်တက်ချင်တာလား .. လမ်းဘေး ချရပ်တော့မှာ လား ...၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်ကို တည့်တည့်ကြီး လှည့်ဝင်လာတာ မြင်လျက်နှင့် လမ်းအကျယ်ကြီးပေါ်မှာ တမင်တကာ လူကိုတိုက်ဖို့ ဝင်လာတာမျိုး တော့ မထင်ခဲ့ကြ ..။

"ဟာ!... ဒီကား .."

လမ်းမဘက်ကို ကျောပေး၍ ခါးတစ်ဖက်ထောက်ရပ်နေသည့် ညဲ က ဒွန်း အော်လိုက်မှ နောက်ဆုံး လှည့်ကြည့်သူ ဖြစ်ရကာ .. သူ ကြည့်လိုက်တော့ ကားက ကိုယ့်နား ရောက်နေပြီဖြစ်၏။

"ဟာ!..."

"ဝုန်း .. ဒုန်း ..."

"ညဲ .."

အနီရောင်ဝက်ဝွန်းကားကို ဒွန်း သေချာမြင်လိုက်သည်။ ကားထဲ မှာ ဆရာမ ..၊

"ညဲ .."

"အား!... ထလို့ မရဘူး .."

ညဲ မျက်နှာရှုံ့မဲ့ကာ ဆိုင်ကယ်လ်ပေါ်မှာ ကိုယ်တစ်ပိုင်းတင်လျက် တစ်ပိုင်းသည် ပလက်ဖောင်းနဲ့ ဆိုင်ကယ်လ်ကြားမှာ လက်ထောက် လျက်သားအတိုင်း ..၊

"မင်းကို မတိုက်မိဘူးမို့လား .. ခြေထောက်ကို ထိသွားတာလား.. ကားကြိတ်မိလိုက်သလား .. ဟော့ကောင် ညဲ ပြောဦးကွ .."

ညဲ ရှုံ့မဲ့နေရင်း ခေါင်းခါပြသည်။ ကားကို လွတ်လွတ်လပ်လပ် ရှောင်ထွက်နိုင်ဖို့က အနီးကပ်ကြီး ရောက်နေပြီဖြစ်သည့်ပြင် သူ့ရှေ့မှာ ဆိုင်ကယ်လ် ခံနေ၏။

ထိုအခါ ဝရုန်းသုန်းကား ရှောင်လိုက်ရသည့်အဖြစ်ကြောင့် ကားနဲ့ လွတ်ပေမယ့် ဆိုင်ကယ်လ်နဲ့လူ လုံးထွေးသွားပြီး မစားသာ ..။

"လက် .. လက် .. အား!..."





"အေးပါ.. မင်း လက် မရုပ်နဲ့.. ငါတို့ ထိန်း'မ'ပေးမယ် .. ဖြည်း ဖြည်း လုပ် .."

သူတို့တွေ ခေါင်းမထူနိုင်အောင် အလုပ်ရှုပ်နေကြစဉ် 'ဒုန်း..'ခနဲ ထိခိုက်သံကြီးတစ်ခုကို ကျယ်လောင်စွာ ကြားလိုက်ရ၏။

သက်ရင့် က နောက်လမ်းကို သမင်လည်ပြန် လှည့်ကြည့်၏။ ဒွန်း က သူ့လက်မောင်းကို ရိုက်ပစ်လိုက်ကာ ...

"ဘာကြည့်နေတာလဲ .. ညဲ ကို ထိုင်လို့ရအောင် ထိန်းပေးဦး.."

"ရတယ် .. ရပြီ .. ငါ့လက်တစ်ဖက်ပဲ ထိသွားတာ..၊ ကျိုးပြီထင် တယ်"

လူက မှောက်လျက်သား ပစ်ကျလိုက်သဖြင့် လက်နဲ့ ထောက် လိုက်တာ ဖြစ်သည်။

"တော်သေးတယ်.. ဘယ်လက်မို့လို့ .. မင်းတို့ ကားနံပါတ် မှတ် သားလိုက်လား .."

"အဲဒါ ဆရာမ ကား .."

"ဘာ!..."

နာကျင်တာတစ်ခုမှလွဲလျှင် ဒေါသဋ္ဌေ သိပ်မထင်ခဲ့သော ညဲ မျက်နှာက မယုံနိုင်ခြင်းတို့နှင့် ဆတ်ခနဲ မော့၏။

ပြီးတော့ တဖြည်းဖြည်း တင်းမာလာကာ ...

"ဆရာမ .."

"ဟုတ်တယ် .. ငါ သေချာမြင်လိုက်တာ ..၊ သူ့ကိုမြင်ပြီး စိတ်တို သွားတာနဲ့ ကားနံပါတ် မမှတ်လိုက်မိဘူး .."

"ဆရာမ ဆိုရင်တော့ကွာ .."

"ဟော့ကောင် တော်တော့ သက်ရင့် .."

ဒွန်း က တကယ်ကို စိတ်တိုနေပြီဖြစ်ကာ ...

"တမင်တကာ ဝင်ကျူးသွားတာ အသိသာကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"တောက်!..."

ညို နာနေသည့်လက်ကို ဖွဖွအုပ်ကိုင်ပြီး တက်ခေါက်၏။

"ဟုတ်တယ် .. သူဆိုရင် ဒါ တမင်လုပ်တာပဲ .."

"လုပ်ပုံက ကြည့်ဦး .. သူ ဆရာမဖြစ်ပြီးတော့ ရန်ငြိုးထားတာတွေ .. လက်တုံ့ပြန်တာတွေ လုပ်စရာ ဘာလိုသလဲ ..၊ ပြီးတော့ ညို လုပ်ခဲ့တဲ့အပြစ်က ကားနဲ့ တိုက်သတ်ရလောက်အောင် ကြီးမားနေလို့လား .."

"အေးလေ .. ဒီဆရာမကလည်း ..."

သက်ရင့် ပုံစံက အပြစ်တော့မဆိုချင်သေးမယ့် မဖွယ်ရာသည့် လုပ်ရပ်ဖြစ်နေသည်က ဆိုးဝါးလွန်းသည်မို့ မျက်နှာလည်း မကောင်း ..၊

"ဒီမှာ အရှောင်မကောင်းရင် သေပြီ .."

သူတို့ မသိလိုက်သည့် အဖြစ်တစ်ခုသည် ကားဘရိတ်လွှတ်နေသဖြင့် ဒီကနေ့ ရှေ့သိပ်မကွာသော နေရာတစ်ခုမှာပဲ ရပ်ထားသည့် လမ်းကြိတ်စက်ကားကြီးကို ဝင်တိုက်မိမှုသည့် ချမ်း ရဲ့အဖြစ်က ..၊





အခန်း (၁၇)

"မသေကောင်း မပျောက်ကောင်း မမချမ်း ရယ် .. ဆေးခန်းက ပြန်လာခဲ့တာတောင်မှ ဘယ်သူမှ မသိလိုက်ရဘူး.. ခု ကြည့်ဦး .. ချို ဖုန်းဆက်မိလို့ သိရတာ .."

"အကြီးအကျယ် ဖြစ်သွားတာမှ မဟုတ်တာ.. ပြီးတော့ ဦးဦးလွင် သိသွားမှာလည်း စိုးတယ် ..၊ ငါ အရမ်းကို ထိတ်လန့်သွားတာ ချို ရယ် .. ကိုယ့်အသက်ရှူသံကိုတောင် မယုံနိုင်ဘူး .. အဲဒီညမှာ ငါ သေသွားပြီလို့ ထင်ခဲ့တာ သိလား .."

ပြန်ပြောပြီး ငိုနေသေးသည်။

ကုလားထိုင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း ခေါင်းမှာ ပတ်တီးလေးနှင့် ချမ်း ကို ကြည့်၍ ချို ဘာလုပ်ပေးရမှန်းလည်း မသိ ..၊

ထို့ကြောင့် ချမ်း ရဲ့လက်မောင်းလေးကို ဆုပ်ကိုင်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မမေ့ကို ဖုန်းဆက်လိုက်ရမလား မမချမ်း .. ယာဉ်တိုက်မှု ဆိုတော့ မမချမ်း ဘက်က ဖြေရှင်းပေးဖို့အတွက် .."

"ဟင့်အင်း .. ဘာမှမလုပ်နဲ့ ..၊ ငါ့ကို ကားငှားပေးတဲ့ဆရာက ကားရဲ့ချို့ယွင်းချက်ကြောင့်ဆိုတော့ ငါနဲ့ လွတ်ကင်းအောင် သူ လုပ်ပေးမယ်တဲ့ .."

ပြောရင်း အသံတွေ တုန်လာသည်။

လမ်းဘေးမှာ ယောကျ်ားလေးတွေ အုပ်စုလိုက် ရပ်နေကြတာကို သူမ ဝင်ချိတ်မိခဲ့သည်။ ဘယ်သူတွေ သေကြေ ကျိုးပဲ့ကုန်မှန်းလည်း မသိ ..။

ဒီပြဿနာကို ဒီလူတွေ ဘယ်လောက်ထိ လိုက်ပြီး ရေအဆုံး မြေအဆုံး ပြဿနာရှာကြမလဲဆိုတာလည်း သူမ မသိပေ ..၊

ထိုညက ပလက်ဖောင်းကို တစ်ခါ ဝင်တိုက်သည်။ ပြီးတော့ ယောကျ်ားလေးတွေ ..၊

ပြီးတော့ ...

"လမ်းကြိတ်စက်ကားကြီးကတော့ မှောင်မည်းမည်းထဲမှာ ငါ ဝင်တိုက်လိုက်တာ လှုပ်တောင် လှုပ်ရဲ့လား မသိဘူး .. ငါ့ကားတော့ ရှေ့တစ်ပိုင်းလုံး စုတ်ပြတ်သွားတယ် ပြောတာပဲ .."

"ပြတ်ပေ့စေ မမချမ်း ရယ် .. လူ ဘာမှမဖြစ်တာပဲ တော်လှပြီ.."

"ငါ အဲဒီကားကြီးကို မတိုက်မိခင် ပလက်ဖောင်းနဲ့ ခြစ်မိသေးတယ် .. အဲဒီမှာ အရှိန်တစ်ထစ်ကျသွားလို့ တော်သေးတာ .. ဒါတောင်မှ နဖူးမှာ ချုပ်လိုက်ရတယ်.. တစ်ညလုံး သတိလစ်သွားတာ ..၊ မိုးလင်းခါနီးမှ သတိရလာတာ .."

"ဒါဆို ညက အန်ကယ်လ်လွင် က ဒီမှာ မရှိဘူးပေါ့ .."

"ဟုတ်တယ် ပြန်မလာဘူး .. ငါ သတိရရချင်း ဖုန်းဆက်တော့





သူ့သူဌေးအိမ်မှာ .."

ညဲ ကို မမချမ်း မသိသေးဘူးပဲ ..၊

တွေးမိပေမယ့် ချို ကိုယ်တိုင် မပြောဖြစ်သေးဘဲ လက်ရှိပြဿနာကြောင့် စကားပြောရတာ ဟိုရောက် ဒီရောက်တွေနဲ့ပဲ ပြီးနေ၏။

"ခါတိုင်းလိုဆို ဦးဦးလွင် ဟိုမှာအိပ်ရင် ငါ အပြစ်တင်မိမှာ .. မနက်ကတော့ ကျေးဇူးတင်သွားမိတယ် .."

"ဒါဆို မမချမ်း ဒီကိစ္စကို မပြောရသေးဘူးပေါ့ .."

"ဟင့်အင်း .."

ချမ်း က မျက်ရည်တွေသုတ်ပစ်ပြီး ခေါင်းကပတ်တီးကို စမ်းကြည့်သေးသည်။

ပြီးတော့ ဖျတ်ခနဲ သတိရလိုက်တာက လမ်းဘေးက ယောကျ်ားလေးအဖွဲ့ ..၊

ခုလောက်ဆို မောင်းပြေးတဲ့ကား ဘယ်ကားပါဆိုပြီး ဆရာ ဦးထွန်းအောင် ဆီ ဒီပြဿနာ ရောက်နေပြီလား ..၊

ထိတ်ခနဲ အေးစက်သွားသည့် ရင်ဘတ်ထဲက တုန်လှုပ်မှုကြောင့် ချမ်း မျက်လုံးတွေ မှိတ်ထားလိုက်မိ၏။

သေကုန်ပြီလား ..၊

တစ်ယောက်မှ မသေပါစေနဲ့ ..၊ ဘာမှ မဖြစ်ပါစေနဲ့ ..။

ကိုယ့်ဘာသာ ပြန်မတွေးရဲသည့်အဖြစ်မို့ ဒီကိစ္စ ဆရာမှလွဲ၍ ဘယ်သူ့ကိုမှ ပြန်မပြောရသေးပေ။

ဆရာ ကိုယ့်ဆီက ပြန်သွားတာနှင့် သူမဘာသာ ဆေးရုံက ခိုးဆင်းလာခဲ့သည့်အဖြစ်ကိုလည်း ဘယ်သူ့ကိုမှ ပြောမပြခဲ့သေး ..၊

"ဒါပေမယ့် မမချမ်း ကို ဒီပတ်တီးနဲ့တွေ့ရင် အန်ကယ်လ်လွင် သိမှာပဲမို့လား .."

"အင်း .. သိမှသာ သိရော ချို ရယ် .. ဦးဦးလွင် က ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ မဟုတ်ဘူး .. ဦးနှောက်အာရုံကြောရော .. အသည်းရောဂါရော သူ့ကျန်းမာရေးက လှုပ်လှုပ်လေးရယ် .. ငါ့ကြောင့် ထပ်ပြီး စိတ်ဖိစီးသွားရင် ဒုက္ခရောက်လိမ့်မယ် ..”

“ဒါဆို အခု ချို ဘာလုပ်ပေးရမလဲ ..”

“ဘာမှမလုပ်ပါနဲ့ .. ရတယ် .. ဂရုတစိုက် ပြေးလာတာကို အရမ်းကျေးဇူးတင်တယ် ...၊ အရေးကြီးပြီဆိုတော့မှ တစ်ကောင်ကြွက်ဆိုတဲ့ ဘဝက ဘယ်လောက် အထီးကျန်သလဲဆိုတာ သိတယ် ချို ရယ် .. တကယ် လှိုက်လှိုက်လှဲလှဲ ပြောတာပါ .. ကျေးဇူးတင်ပါတယ်”

“မမချမ်း ကလည်း ဟိုတုန်းတည်းက ဆွေမျိုးချင်း အဝင်အထွက် အသွားအလာ မရှိခဲ့ကြလို့ပါ ...၊ ချို တို့လူငယ်တွေ အလှည့်ကျမှ ပြန်ပြီး ရင်းနှီးခွင့် ရခဲ့ကြတာလေ .. ဆွေနဲ့မျိုးနဲ့ ဥစ္စာ .. ဘယ်မှာလဲ တစ်ကောင်ကြွက် ..”

ချို က ချမ်း ရဲ့လက်ဖဝါးလေးကို ဆွဲယူပြီး အားပေးရှာသည်။

“အခု .. ကိုယ်ထဲမှာ နာတာ ကျင်တာတွေ ဘာမှ ဖြစ်မကျန်ခဲ့ဘူး မို့လား ဟင် ..”

“ဟင့်အင်း .. ရင်ထဲမှာ အပူတွေများလို့ ထင်တယ် ...၊ သတိရလာကာစက ကျောတွေရင်တွေ အသက်ရှူလိုက်တိုင်း အောင့်နေတာတောင် အခု သက်သာသွားတယ် ..”

“တော်သေးတာပေါ့ .. ဒါပေမယ့် လုံးဝ ပျောက်မသွားဘဲ ကျန်နေရင် ခတ်မှန်လေး ဘာလေး သွားရိုက်နော် .. ဒဏ်ဖြစ်နေလိမ့်မယ်..”

စကားပြောကောင်းတုန်း ဖုန်းလာသဖြင့် ချို က ထသွားပြီး ဖုန်းပြောသည်။ ပြီးတော့ ...

“ချို့ ကို မေမေ ခေါ်နေတယ် မမချမ်း ရေ .. ညကျ မေမေနဲ့ တစ်ခေါက်လာခဲ့မယ် သိလား ...၊ မမချမ်း အတွက် လိမ်းဆေးတွေ စားစရာတွေပါ ဝယ်ခဲ့မယ် ..”





“အေးပါ .. အေးပါ .. စိတ်ဖြောင့်ဖြောင့် ပြန်ပါ ချို ရယ် .. ငါ သက်သာပါတယ် ..”

ဝေဒနာခံစားနေရတာထက် ရင်ပူနေရတာကို ခံရခက်နေတဲ့အဖြစ်က ဘာနဲ့မှ မတူ ...၊

နေရာမှထကာ တစ်ယောက်တည်း လမ်းလျှောက်ရင်း မျက်လုံးက ဖုန်းဆီမှာပဲ ဖြစ်နေခဲ့၏။

ဆရာ့ဆီက ယာဉ်တိုက်မှုကြောင့် ဘယ်လို ဆိုးရွားတဲ့သတင်းတွေ ရောက်လာမလဲဆိုတာ စိတ်ပူရင်း ...၊ ဒါကိုပဲ ရင်တုန်နေမိသည်။

သို့သော် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဘိုးဘိုး ကျွန်တော့်အတွက် စိတ်ပူနေတာလား ...၊ လေးလေး ကောင်း အတွက်လား .."

"မြေးအတွက် ဘာလို့ ပူရမှာလဲ .. ဘိုးဘိုး မျက်စိအောက်မှာ မြေးရဲ့အခြေအနေကို မြင်နေရတဲ့ဟာ .."

"ဪ .. မသိပါဘူး .. ကျွန်တော့်အတွက်ဆို မပူပါနဲ့လို့ ပြောမလို့ ...၊ ဒီမှာလေ .. လက်က သက်သာနေပါပြီ .."

တမင်တကာ စနေတာမှန်း သိသာသည့် မြေးဖြစ်သူ မျက်နှာ မချိုမချဉ်ကြောင့် ဦးမြမော် စိတ်ညစ်နေသည့်ကြားက မျက်နှာမှာ ပြုံးယောင်သမ်းသွားသည်။

လက်တစ်ဖက်မှာ ကျောက်ပတ်တီး စည်းထားရသည်။ လက်ကောက်ဝတ်မှာလည်း ဆေးစည်းထားရတာ လက်ဖဝါးတစ်ခုလုံးပါ ပျောက်နေတော့သည်။

ပြီးတော့ ခြေသလုံး ညို့သကျည်းနှစ်ဖက်စလုံးမှာ ပွန်းပဲ့ထိရှထားသည့် ဒဏ်ရာတွေက နက်နက်ရှိုင်းရှိုင်းတွေ မဟုတ်ပေမယ့် သွေးတွေထွက်ထားတာ နည်းတာ မဟုတ်ပေ ...၊





ဒါနဲ့တောင် လူက တစ်စက်လေးမှ မျက်နှာပိုး မသေ ...၊ ကိုယ့်မြေးကို ချစ်စနိုးကြည့်မိရင်း ဦးမြမော် လှည့်ထွက်လာခဲ့သည်။

"ဘိုးဘိုး .."

"ဟင် .."

"လေးလေးကောင်း က ဘာဖြစ်သွားတာလဲ .."

"စကားပြောနေရင်း သတိလစ်သွားတာလေ .. ဆရာဝန် ရောက်လာတော့ သတိရလာတယ် ...၊ ဒါပေမယ့် လူက ချက်ချင်းကြီး ခွန်အားဆုတ်ခန်းသလိုဖြစ်ပြီး ဘာဆိုတာ သေချာ မသိရသေးဘူး .."

"ဆေးရုံတင်လိုက်ပါလား ဘိုးဘိုးရာ .. အာရုံကြောအားနည်းတဲ့လူတွေက နှလုံးရောဂါထက် ဆိုးတယ်လို့ ကြားတယ် ...၊ လေးလေးကောင်း ပုံစံကြည့်ရတာ သိပ်မမိုက်ဘူး .."

ဦးမြမော် က ခေါင်းညိတ်နေပေမယ့် တစ်ခုခုကို စဉ်းစားသလိုလို ရှိနေလျက် ...

"သူ့ စဖြစ်တည်းက ဆေးရုံတင်ဖို့ပဲ .. သူ့ကိုက လုံးဝ လက်မခံတာ .."

"ဘာဖြစ်လို့လဲ.. သူ့ရှာမှာ နောက်ဆံတင်းစရာလူ ရှိလို့တဲ့လား.."

"မရှိပါဘူး .. ဒါပေမယ့် သူ့စိတ်ကို ဘိုးဘိုး သိတယ် ...၊ ကောင်းလွင် က သူနဲ့ကင်းကွာသွားပြီဆိုတဲ့ အရာတစ်ခုကို လည်ပြန်ကြည့်တတ်တဲ့အကျင့် မရှိဘူး .. ကျန်ခဲ့တဲ့ခြေရာကို ပြန်ငုံ့မကြည့်တတ်တာမျိုး.."

"ဟာ .. ဒါမျိုးဆိုရင်တော့ .. အ .."

ဒေါကန်သွားသည့်စိတ်နှင့် အိပ်ရာပေါ်ကနေ လက်ထောက် ထထိုင်လိုက်သဖြင့် ညံ မျက်နှာ ရှုံ့မဲ့သွားသည်။

"အား!... ကျွတ် .. ကျွတ် .. အဲဒါ လေးလေးကောင်း မမိုက်တာပဲ ...၊ ကျွန်တော်တို့တွေကို သူက မဆိုင်တော့တဲ့လူတွေလို့ သတ်မှတ်ထားပြီးပြီဆိုတဲ့ သဘောလား .."



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားတာကို ရှုံ့မဲ့ရင်း အပြစ်တင်ချင်တာကို ပြီးဆုံးအောင် တင်လိုက်သေးသည်။

"ကျွန်တော်တို့ကလည်း သူ့ကို .."

ဆက်ပြောချင်ပေမယ့် ပြောစရာ အစရှာမရ ဖြစ်သွားသည်။ ပြောရမယ်ဆို သူက မေမေနဲ့ ဘိုးဘိုးကိုယ်တိုင် သဘောတူကြည်ဖြူစွာ လက်ထပ်ပေးခဲ့တဲ့ ခင်ပွန်းတစ်ယောက် ဖြစ်သည်။

မေမေနဲ့ လေးလေးကောင်း ရဲ့ အိမ်ထောင်ရေးသာ မပျက်ခဲ့လျှင် ကိုယ်က လေးလေးကောင်း ရဲ့သားပဲ ဖြစ်ရမည်သာ ..။

ဦးကောင်းလွင် ဆိုသော လူတစ်ယောက်၏ ရိုးသားကြိုးစားခြင်း၊ သစ္စာစောင့်သိခြင်းတို့နှင့် ပတ်သက်၍ ဘိုးဘိုးကိုယ်တိုင် လေးစားမဆုံး ရှိခဲ့ရသည့် အတိတ်အကြောင်းတွေကို သူ တော်တော်လေး အရွယ်ရောက်လာမှ သိခဲ့ရတာပါ ..။

"ဟုတ်တယ် .. ချစ်ခင် ယုံကြည်ခြင်း၊ လေးစားတန်ဖိုးထားခြင်း ဆိုတာတွေက သွေးသားတော်စပ်မှု ရှိခြင်း မရှိခြင်းနဲ့ မဆိုင်ဘူး .. ကာလရွေ့လျားခြင်းကြောင့်လည်း ပျောက်သွားမှာ မဟုတ်ဘူး .."

ညံ့ အဆုံးမသတ်ဘဲ ထားသည့် စကားကို ဦးမြမော် က ဆက်ပြောသည်။

"ဒါပေမယ့် သည်းခံနိုင်တဲ့လူတိုင်းဟာ မျိုသိပ်နိုင်စွမ်းရှိတဲ့ လူတွေပဲ .. ငါတို့ဘက်က ခင်မင်တာတွေ၊ လေးစားတာတွေ ဖော်မပြနိုင်လောက်အောင် ရှိနေရင်လည်း သူ့ဘက်က သူ မျိုသိပ် အုံ့ဖွဲ့ထားတဲ့ အတိုင်း ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး .."

"ဒါဆိုရင် သည်းခံတာ ဘယ်ဟုတ်တော့မလဲ.. ရန်ငြိုးထားတာပေါ့"

"မဟုတ်ဘူး မြေး .. ဒါကို မြေး နားလည်အောင် ဘိုးဘိုးလည်း မပြောနိုင်ဘူး .. ဖြစ်ခဲ့သမျှကို ပြန်ကြည့်ရင် မြေးရဲ့မေမေအကြောင်းကို ပြန်ဖော်ထုတ်ရမှာ .."





ကိုယ့်သမီးလေးပေမယ့် မိဘကို သိက္ခာကျ အရှက်ရအောင် လုပ်ခဲ့သည့်ပြင် ကိုယ်သားသမီးရဲ့နောင်ရေး ထိခိုက်သွားနိုင်ပါလားဆိုတာကို တောင် ထည့်မတွေး ..၊ ကိုယ့်လောက် မျိုးရိုးဂုဏ်စနစ် မြင့်မားမှု မရှိသည့်ပြင် ယောက္ခမတော်ရမည့်လူကိုလည်း လေးစားရမှန်း မသိ..၊ ဒီလိုလူနဲ့ သဘောမတူပါဘူးလို့ တင်းကျပ်ထားသည့်ထဲကနေ ခိုးရာလိုက်ပြေးဖို့ ကြိုးစားသည်။

ဦးမြမော် က အချိန်မီ တားဆီးကာ ကိုယ့်ရဲ့တပည့်ရင်းဖြစ်သည့် ဦးကောင်းလွင် နဲ့ လက်ထပ်ပေးခဲ့၏။ ဦးကောင်းလွင် သည် မိသားစုပိုင် လက်ဝတ်ရတနာတွေကို တစ်ဦးတည်း ဒိုင်ခံလုပ်ပေးရသော ဒီ မိသားစုရဲ့ ပန်းထိမ်ဆရာ ဖြစ်၏။

သူကိုယ်တိုင် အင်ဂျင်နီယာဘွဲ့ ရထားပေမယ့် မိဘလက်ထက်တည်းက ဦးမြမော် တို့ မိသားစုရဲ့ လက်စွဲ ပန်းထိမ်ဆရာဖြစ်ခဲ့သည့် အလျောက် သူ့ကျမှ အိမ်ထဲမှာပဲ မိသားစုလိုနေခဲ့ရတဲ့အထိ ဦးမြမော် က လက်လွှတ်မခံခဲ့တာ ဖြစ်သည်။

"မင်း ပညာတတ်ဘွဲ့ရ မှန်ပါတယ်.. ဒီပညာရေးနဲ့ ဝမ်းမကျောင်းပါနဲ့ကွာ .. မင်းအဖေလက်ထက်တည်းက သူ့ရဲ့ပန်းထိမ်မှာ ငါ့ပစ္စည်းတွေ အပ်နေခဲ့တာပါ..၊ အခု မင်းအဖေ မရှိတော့ဘူး .. ငါတို့ရဲ့ ကျောက်သံပတ္တမြားတွေကို လက်ဝတ်ရတနာလုပ်ဖို့အတွက် ဘယ်သူ့ဆီမှာ ယုံကြည်ရမှာလဲ .. မင်း ငါတို့မိသားစုကို ကူညီပါ .."

ဦးမြမော် က ဒီအတွက် လစာတွေ ပုံပေးသည်။ အိမ်မှာ မိသားစုဝင်လိုပဲ လက်ရည်တစ်ပြင်တည်း စားသောက် နေထိုင်စေခဲ့သည်။

ဦးကောင်းလွင် နဲ့ ညံ့ မေမေကလည်း သူငယ်ချင်းတွေလို ရင်းနှီးနေခဲ့တာပဲဖြစ်သည်မို့ ချစ်သူရှိနေသော ဒေါ်ခင်ရတနာ ကို ဦးကောင်းလွင် က နားလည်နေခဲ့၏။

လက်ထပ်ဖြစ်ခဲ့ပေမယ့်လည်း သူကသာ ချစ်နေခဲ့ပေမယ့်ဒေါ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ရတနာ ကို အလှကြည့်ရုံသက်သက်ဖြင့် အလိုလိုက် အကြိုက်ထားခဲ့သည်။ ထို့ကြောင့် ဒေါ်ခင်ရတနာ က ဒါကို အခွင့်အရေးယူသည်။

ဦးကောင်းလွင် ဆီက ကွာရှင်းခွင့်ကို ရအောင်ယူကာ မိဘနဲ့ပဲ ခဏပြန်နေပြီး သိပ်မကြာခင်မှာပဲ ဦးရာဇသွေး နဲ့ လက်ထပ်သွားခဲ့၏။

ဖြစ်ခြင်း ပျက်ခြင်းအားလုံးတို့ဟာ ဖြစ်သင့်သောအချိန်ကာလမှာ မဟုတ်ခဲ့ဘဲ လူကုံထံအသိုင်းအဝိုင်းမှာ ဦးမြမော် ကို ခေါင်းမဖော်ဝံ့အောင် ဂုဏ်သိက္ခာကို ကျဆင်းစေခဲ့၏။

ထိုအချိန်မှစ၍ ဦးကောင်းလွင် ကို အိမ်ကြီးပေါ်မှာ ပြန်လာနေဖို့ ခေါ်မရခဲ့တာဖြစ်ကာ ဦးမြမော် အသည်းအသန်ဖြစ်နေကာမှ ရောက်လာခဲ့သည်။ ထိုအချိန်မှာ ဒေါ်ခင်ရတနာ နဲ့ ညုံ တို့ သားအမိလည်း ရှိနေခဲ့သဖြင့် ဦးကောင်းလွင် ကို ဒေါ်ခင်ရတနာ က တောင်းပန်သည်။

"ငါ့ကို ဖေဖေက လုံးဝ ခွင့်မလွှတ်ဘူး.. စကားလည်း ခုထိ မပြောဘူး ကောင်း ရယ် .. နင် ငါ့သားလေးကိုတော့ ဖေဖေက လက်ခံလာအောင် ကြိုးစားပေးပါ နော် .. သားကို သူတို့အသိုင်းအဝိုင်းထဲမှာ ကြီးပြင်းခွင့် ငါ မပေးနိုင်ဘူး ..၊ ငါကတော့ ထပ်ပြီး ဖေဖေ့ကို ဒုက္ခမပေးတော့ပါဘူး ... ငါ့မိုက်ပြစ်နဲ့ ငါ ရှိပါစေတော့ .."

ဒေါ်ခင်ရတနာ က တကယ်ပဲ တိတ်ဆိတ်စွာ ပြန်ထွက်သွားခဲ့သည်။ ဦးမြမော် ကလည်း သမီးဖြစ်သူ ပြန်လာတာရော .. ပြန်ထွက်သွားတာပါ ဘာကိုမှ ဂရုစိုက်မေးမြန်းခြင်း မပြုဘဲ မြေးဖြစ်သူကိုတော့ နွေးထွေးမှုအပြည့်နှင့် ဆက်ဆံခဲ့သည်။

နောက်ပိုင်းမှာ ဒေါ်ခင်ရတနာ ဆုံးသွားပြီဆိုသော သတင်းကို ကြားလိုက်ရလေသည်။ ဦးမြမော် ရင်ထဲက မျိုသိပ်ခဲ့ရှာသော သောကမီးကို စာနာမိကာ ဦးကောင်းလွင် ကိုယ့်ဌာနေကို မပြန်ဖြစ်ခဲ့ဘဲ ညုံ ကို ထိန်းကျောင်းရင်း နှစ်ရှည်လများ ကြာခဲ့ပြန်၏။

ညုံ ဖေဖေ ဦးရာဇသွေး ကတော့ သူ့သားကို တစ်ခါလောက်





တွေ့ပါရစေလို့ လာပြောခဲ့သည်။ ဦးမြမော် က ခွင့်မပြုခဲ့ပေ ..၊ သို့သော် ဒီတစ်ခါလာရင် တွေ့ခွင့်ပေးလိုက်ဖို့တော့ တစ်ထစ်လျှော့ပေးခဲ့၏။

ဒါပေမယ့် ဦးရာဇသွေး လုံး ဝရောက်မလာခဲ့တော့ပေ ..။

အတိတ်အကြောင်း ကောင်းခဲ့သည်ဆိုသော လူတွေကို ဦးမြမော် ဘန်းစီးပြီး သေချာကြည့်ချင်ပါ၏။ အတိတ်ကို ပြန်တွေးပြီး ကြည်နူးရင်ခုန်နေသည်ဆိုလျှင် သူတို့ ဘယ်သို့သော ကောင်းခြင်းမင်္ဂလာတွေ ရှိခဲ့ကြလို့လဲဆိုတာကို သိချင်သည်။ သူ လက်ခံ ယုံကြည်ထားခဲ့တာက အတိတ်၏အရာရာတိုင်းဟာ နာကျင်ဖွယ်တွေ အတိဖြင့် ..၊

ဦးမြမော် ၏ မျက်နှာမှာ လွမ်းမော တွေဝေခြင်းတို့ ရှိမနေဘဲ ကရုဏာဒေါသဖြင့် အတိပြီးသော နာကျင်မှုတို့သာ လွှမ်းခြုံနေခဲ့လျက်...

"သူ နာကျင်ခဲ့ရတာတွေကို ငါတို့က စာနာပေးရမှာပေါ့ .."

ဘာမျှ ဆက်မပြောချင်တော့ဘဲ ထိုမျှနှင့် အဆုံးသတ်ဖို့ ကြိုးစားသည်။ ညုံ ကလည်း သူကိုယ်တိုင် မိဘမဲ့ဆိုသည့်အဖြစ်ကို ကြေကွဲဝမ်းနည်းနေတဲ့သူ မဟုတ်ပေ ..။

ဘိုးဘိုး ပြောပြခဲ့သည့် မိဘတို့၏အတိတ်နှင့်ပတ်သက်၍ မေမေ မှားခဲ့သည်ဆိုသည့်အသိပဲ ခေါင်းထဲမှာ ရှိသည်။ အချစ်တွေ သမုဒ္ဒယ နောင်ကြိုးတွေအပေါ်မှာ အယုံအကြည် မရှိတတ်ခဲ့သော ငယ်ကျင့်ဆိုတာက ထိုခံစားချက်တွေကပဲ မြစ်ဖျားခံခဲ့တာဆိုရင်လည်း မှန်၏။

မခွဲနိုင် မခွာနိုင် ချစ်ကြတာတွေကို သူ နှုတ်ခမ်းမဲ့ခဲ့သည်။

စွဲလမ်းပါသည် နှစ်သက်ပါသည် ဆိုတာတွေကို အယုံအကြည်မရှိ ..၊ မိန်းမဆိုလျှင် သိပ်အထင်မကြီးတတ်သော သူ့မျက်လုံးတွေထဲမှာ ဘယ်မိန်းမမှ မက်မောလောက်စရာ မရှိ ..။

သူ့အတိုင်းပဲ တိတ်ဆိတ်သွားခဲ့သည့် မြေးဖြစ်သူကို ဦးမြမော် က နောက်ပြန်လှည့်ကြည့်ကာ ...

"ဘိုးဘိုး ပြောလိုက်လို့ မြေးက ကောင်းလွင် အပေါ် စိတ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာလား ..”

“မကွက်ပါဘူး .. လေးလေးကောင်း က အနေသာကြီးပဲဟာ..”

ပြန်ပြောပုံက စိတ်ရင်းနဲ့လား ..၊ ရွဲ့နေတာလားတော့ မသိ ..။

“ဒါပေမယ့် ဘိုးဘိုး ပြောတာမျိုးက စိတ်ထဲက တစ်မျိုး .. အပြင်ကတစ်မျိုး ထားသလို ဖြစ်နေတယ် ..၊ အဲဒါမျိုးတော့ မကြိုက်ဘူး..”

“မဟုတ်ဘူး မြေးရဲ့ .. သူ့စိတ်ကတော့ အစတည်းက ခုထိ ဒီတိုင်းပဲ .. နှစ်မျိုးစလုံး လိုချင်နေတာ ဘိုးဘိုးတို့ဘက်က ..”

ညံ က နားရှုပ်သွားသလို မော့ကြည့်သည်။ ထွက်သွားမလိုပြင်နေသော ဦးမြမော် ခြေလှမ်းတွေ ညံ ခုတင်ဘေားကို ခပ်ဖြည်းဖြည်း ပြန်ရောက်လာကာ ...

“ဘိုးဘိုးကိုယ်တိုင်က သူ့ကို လူယုံလိုရော သမက်လိုရော နှစ်မျိုးစလုံးနဲ့ ရှိနေစေချင်ခဲ့တာ.. မြေးရဲ့ဖေဖေကို ဘိုးဘိုးက သိလည်း မသိဘူး .. ရင်းလည်း မရင်းနှီးဘူး ..၊ ဘိုးဘိုး သိတဲ့ သမီးရဲ့ခင်ပွန်းက ဘိုးဘိုး သဘောတူခဲ့တဲ့ ကောင်းလွင် .. ခုချိန်ထိ အဲဒီတုန်းကအတိုင်းပဲ ရင်းနှီးနေခဲ့တာ ..”

ညံ မျက်နှာမှာ အပြုံးအရယ်တွေ မရှိတော့ပေ ..၊ ကျောနောက်မှာ ခေါင်းအုံးတွေဆင့်ခံပြီး ထိုင်နေခဲ့တဲ့အတိုင်း ခေါင်းအုံးတွေပေါ်ကိုပဲ ပစ်စလက်ခတ် မှီချလိုက်ပြီး တိတ်ဆိတ်စွာ နေ၏။

“သူ့မှာ မျှော်လင့်တာတွေ .. နာကျင်မှုတွေနဲ့ ခွဲခွာခြင်း အဆုံးသတ်မှာ အလူးအလိမ့် ဖြစ်ခဲ့ရှာတာ .. သူ့ရင်ထဲမှာ ဒါတွေ အကန့်လိုက် ရှိနေမှာပေမယ့် ဘိုးဘိုးတို့က အားလုံးကို အရင်ကအတိုင်း ပြန်လိုချင်နေသလို ဖြစ်နေခဲ့တယ် ..”

“ကျွန်တော်ကတော့ သူ့ကို ခင်မင်ခဲ့တာမှာ အဲဒါတွေ ဘာမှမပါဘူး ..”

ဦးမြမော် က ခေါင်းညိတ်သည်။





“ကျွန်တော့်ကို ထိန်းကျောင်း ချီပွေ့ခဲ့တဲ့ ဦးကောင်းလွင် ဆိုတဲ့ လူကြီးကို ပုံမဖော်နိုင်ပေမယ့် မှတ်မိနေတယ် ..၊ လေးလေးကောင်း လို့ ပြောလိုက်တာနဲ့ ကျွန်တော့်ရဲ့ လေးလေးကောင်း ဆိုတာ ချက်ချင်း အသိအမှတ်ပြုနိုင်တယ် .. ရင်းနှီးလို့ ရတယ် .. အဲဒီထဲမှာ အတိတ်ဆိုတာ မရှိဘူး ..”

“အေးပါ.. ဘိုးဘိုးလည်း ကျေနပ်ပါတယ် ..၊ ကောင်းလွင် အပေါ်မှာ မင်း စိတ်ရှင်းရှင်းနဲ့ ယုံကြည်နေဖို့ လိုတယ် .. သူ့ကို ခင်မင်မပျက်ပါနဲ့ ..၊ ဘိုးဘိုး စိတ်ပူတာက သူ ဒီရောဂါနဲ့ သက်တမ်းတိုသွားမှာကိုပဲ ..၊ နောက်ပြီး သူ့မှာ တူမတစ်ယောက်ကို ပြုစုပျိုးထောင်ပေးနေရတဲ့ တာဝန်တစ်ဖက်က ရှိသေးတယ် ..”

“သူ့ဒွေး အပြင်မှာ ဧည့်သည်ရောက်နေပါတယ် ..”

“ဟော .. ဘယ်သူလဲ ..”

“ဒေါ်ချိုသဲ တို့ပါ ..”

ဦးမြမော် နဲ့ ညံ တို့ မျက်လုံးချင်း ဆုံသွားကြသည်။ ညံ က မျက်မှောင်ကုတ်သွားကာ ...

“ဘိုးဘိုး ပြောလိုက်တာလား ..”

“အင်း .. မနက်ကမှ ဒေါ်ချိုသဲ နဲ့ တွေ့လို့ ပြောလိုက်မိတာ ..၊ သူက ထမင်းစားဖိတ်ချင်တယ် ပြောတော့ မြေး နေမကောင်းတာကို ဘိုးဘိုး ပြောပြရတာပေါ့ ..”

ဦးမြမော် က ညံ ကို ရှင်းပြပြီးမှ အပြင်ထွက်သွားခဲ့၏။ ဒေါ်ချိုသဲ နှင့် သူမနောက်မှာ ပန်းနုရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်..၊

ဦးမြမော် က လှမ်းမြင်လိုက်တာနှင့် လှိုက်လှဲဖော်ရွေစွာ ပြုံးရယ်ကြိုဆို၍ ...

“ထိုင်ပါ ဒေါ်ချိုသဲ .. လူနာက ထိုင်နိုင်နေပါပြီ ..၊ အဟွန်း .. အားနာစရာတွေ ဖြစ်ကုန်ပြီ ..”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ ဦးမော် ရယ် .. ရိုးရိုးခေါင်းကိုက် မိုက်နာသောက် ဖြစ်တာမှ မဟုတ်တာ ..၊ ဒါနဲ့ နေပါဦး .. တိုက်သွားတဲ့ကားက မောင်း ပြေးရောလား .."

ဒေါ်ချိုသဲ က လက်ပွေ့အိတ်ကြီး ပေါင်ပေါ်တင်ကာ ထိုင်လို့ ဖင်မကျသေးခင် မေးခွန်းတွေနဲ့ နှုတ်ဆက်၏။

"အချင်းချင်း ရှောင်ရင်းနဲ့ သူတို့ဘာသာ လဲကျ ကျန်ခဲ့တာလို့ ပြောတာပဲ .."

"အို .. ဦးမော် ကလည်း ဘာဖြစ်လို့ပဲမှောက်မှောက် .. သူ့ကြောင့် ဆိုင်ကယ်မှောက်ပြီဆိုတည်းက ပြန်ကြည့်ရမှာပေါ့ .."

"မေမေရယ် သူတို့ချင်းဖြစ်တာ သူတို့သိလို့ နေမှာပေါ့ .."

ချို က မနေသာတော့မှ ဝင်ပြောသည်။ ညဲ တို့အုပ်စုလား.. ဒီလို တစ်ဖက်သတ်ကြီး လုပ်ထွက်သွားတာကို ကျေကျေနပ်နပ် ကျန်နေခဲ့မှာ..၊

သမီး အသံ ထွက်လာမှ ဒေါ်ချိုသဲ မျက်နှာမှာ အချိုပေါ် သကာ လောင်းလိုက်သလို ပြုံးအီသွားခဲ့လျက် ...

"သမီးနဲ့ သားတို့က ကျောင်းမှာတည်းက သိနေကြတာ ဦးမော် ရဲ့ .."

"ဟုတ်ပါပြီ .. ဝိုပြီး အဆင်ပြေသွားတာပေါ့ဗျာ .."

ဦးမြမော် က ကိုယ်သိပြီးသားဆိုတဲ့ အကြောင်းကိုတော့ ထည့် ပြောမနေတော့ဘဲ စားစရာလုပ်ခိုင်းလိုက်ရင်း ဒီဘက်ပြန်လှည့်ကာ ...

"မြေးမလေးက ချောချောလှလှလေးပဲ .. စောစောတည်းက သေချာမြင်ဖူးရင် တစ်ခါတည်း ဈေးစပ်ထားခဲ့မိမှာ .."

"အဟွန်း .. ခုလည်း နောက်မကျပါဘူး သူဌေးရယ် .. ကျောင်း တွေ ပြီးပြီဆိုတော့ အတော်ပါပဲ ..၊ သူတို့ချင်းလည်း သိနေကြတယ်ဆို တာနဲ့လေ .. သား အက်ဆီးဒင့်ဖြစ်တယ်ဆိုလို့ လူမမာမေးရအောင် ခေါ်လာတာ .."





"ကောင်းတယ် .. ကောင်းတယ် ..၊ စကားပြောနေရတော့ ဝေဒနာ ဘစ်ဝက် သက်သာတာပေါ့၊ မြေးက သူ့အခန်းထဲမှာပဲ သမီးရဲ့ .. လာ.. လာ .."

ချို က နေရာမှ မထချင် မကြွချင်ဖြစ်ကာ ဦးမြမော် ထွက်သွားပေ ခယ့် ဆိုဖာမှာ ထိုင်နေဆဲ ကျန်ရစ်ခဲ့၏။ ဒေါ်ချိုသဲ က သမီးလက်ကို ပြန်လှည့်ဆွဲ၍ ...

"ဘယ်လိုဖြစ်နေတာလဲ ချို .. ဟောဒီသွေးခန်းရဲ့ အရှိန်အဝါကိုပဲ တစ်ချက်လောက် ကြည့်လိုက် .. ငါတို့အဆင့်လောက်နဲ့ ဘယ်လိုကွာ သလဲ ဆိုတာ .."

"မေမေကလည်း တကယ် စိတ်ညစ်တယ် .."

ညဲ မျက်နှာ မချိုမချဉ် မာကျောကျောကို မြင်ယောင်ကာ ချို ဒီထိပါလာရတဲ့အဖြစ်ကိုတော့ ရှက်မိသည်။ ပြီးတော့ မေမေ ဖော်ရွေနေ တာတွေက မသိမသာလေးလည်း မဟုတ် ..၊

ဦးမြမော် သည် အိမ်မှာနေရင်း လောင်းကုတ်အညိုရောင်ကြီးနှင့် ဟိုရှေးတုန်းက ဝန်ထောက်မင်းတွေ စီးကြသည့် ရှူးဖိနပ်ပြောင်ပြောင် ကြီးကို စီးထားသည်။

ဘောင်းဘီရှည်ပွပွ ခြေလှမ်းကျဲကျဲနှင့် ဖိနပ်သံက စည်းချက်မှန် မှန် ဦးဆောင်သွား၏။ တစ်အိမ်လုံး မှန်တွေပေါ် လျှောက်နေရသလို တစ်ယောက်က နှစ်ယောက်ဖြစ်အောင် ပြောင်လက်နေသည့်ကြမ်းခင်း တွေက ခြေလှမ်းတိုင်းကို ရင်ခုန်သံ မြန်နေစေကာ ...

"ဒီအခန်းပဲဗျာ .. လာပါ ဒေါ်ချိုသဲ .. သမီးလေး ဝင်လေကွယ်.."

ဖြူဝင်းနေသည့်မျက်နှာလေးပေါ်မှာ အလိုမကျဖြစ်နေတဲ့ အရိပ် လေးကို ဦးမြမော် အကဲခတ်မိသည်။ လူငယ်ချင်းက ဘယ်လိုပုံစံ ရင်းနှီး ကြမှန်း မသိသည်မို့ ရန်ဖြစ်ထားကြတာလား ..၊ ခဏတစ်ဖြုတ် အငြင်း လို့ စိတ်ကောက်နေကြတာမျိုးလား ..။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အကြောင်းနဲ့ဖြစ်ဖြစ်ပါ ယောကျ်ားလေးအိမ်ကို ရောက်လာရသည့်အဖြစ်အတွက် ဒီလောက်တော့ ရှိရှာပေမည်။

ဦးမြမော် ကတော့ ဒီကလေးနှစ်ယောက်ဟာ အရင်းနှီးဆုံး ပတ်သက်မှု ရှိထားပြီးသားဆိုတာ ယုံကြည်ခဲ့တာမို့ ...

"သမီးတို့ချင်း တွေ့ရင် အားလုံး အဆင်ပြေသွားမှာပါ ..၊ ဘိုးဘိုးကိုတော့ ဘာမှ သေချာပြောမပြဘူး .. သူ့သူငယ်ချင်းတွေတောင် သမီးတို့အရင်လေးကပဲ ပြန်သွားကြတာ .."

"ဩော် .. သူတစ်ယောက်ပဲ ဖြစ်သွားတာလား .."

"အဲ .. ဘယ်လိုပြောရမှန်း မသိပါဘူး ဒေါ်ချို့သဲ ရယ် .. အဲဒီမှာ မေးသာ ကြည့်ပါတော့ .. ကျုပ်မေးတာတော့ ကိစ္စမရှိဘူး .. ဘာမှ မဟုတ်ဘူး ..၊ ဒါပဲ ပြောတယ် .."

ဦးမြမော် က ဒေါ်ချို့သဲ တို့ ဝင်ပြီးမှ သူက နောက်ကနေ ပါလာကာ ...

"ခုနကပဲ အိပ်ရာပေါ်မှာ .. ဘယ်ရောက်သွားလဲ ဒီကလေး .."

ဒေါ်ချို့သဲ ကတော့ လူကိုမရှာအဲ အိပ်ခန်းကို မျက်လုံးက စိတ်ဝင်တစား ဝေ့သည်။ ခြေရင်းဘက်နံရံပေါ်မှာ လေးပေကျော်လောက်ရှိသည့် တီဗွီနှင့် အိပ်ခန်းကျယ်ကြီးကပဲ အိမ်တစ်လုံးစာလောက် ကျယ်နေကာ မှန်နဲ့ကန့်ထားသည့် လက်ဝဲဘက်ခြမ်းမှာကျတော့ အဝတ်စားနဲ့ ဖိနပ်တွေ ထားတဲ့ပုံက မြင်ဖူးသမျှထဲမှာတော့ ဒီလောက် တခမ်းတနားကြီးရှိကို မရှိခဲ့ဖူး ထင်မိသည်။

နံရံကပ်ဗီရိုတွေ .. ချိတ်စင်တွေ အားလုံးနှင့် မျှော်စင်လှေကားသဖွယ် ..၊ ဖိနပ်စင်ကျတော့ ကြောင်လိမ်တွန့်နှင့် အထပ်တွေပေါ်မှာ ဖိနပ်တွေက တစ်ရန်ချင်းစီကို အိမ်ကလေးတွေနဲ့ ဖြစ်၏။

အိမ်ရှေ့အဝင်ဝအတွင်းမှာလည်း အားကစားဖိနပ်တွေ၊ ဖက်တ်တွေကို မြင်ခဲ့သေးသည်။





"သားကို ဒါတွေ တစ်ယောက်ယောက် စီစဉ်ပေးထားတာလားဟင် .. နိုင်ငံခြားက နာမည်ကြီးအနုပညာရှင်တွေရဲ့ အိပ်ခန်းထဲ ရောက်နေရသလိုပဲ .."

ဘယ်လိုမှ မျိုသိပ်မထားနိုင်သည့်အဆုံးမှာ ဒေါ်ချို့သဲ က ဖွင့်ဟမေးတော့သည်။ ချို ကိုယ်တိုင် အံ့ဩနေသဖြင့် ဒါကို သိချင်နေခဲ့၏။

မိန်းကလေးဖြစ်သည့် သူမကိုယ်တိုင်တောင်မှ အံ့ဩယူခဲ့ရတဲ့အဖြစ် ..၊

"မြေးက ဆယ်တန်းအောင်ပြီးတော့ မလေးက သူ့သူငယ်ချင်းနှစ်ယောက်နဲ့ အလည်အပတ်ဆိုပြီး လိုက်သွားတယ်လေ ..၊ အဲဒီကနေ အဆက်အသွယ်တွေ ထပ်တွေ့ပြီး ဟိုနိုင်ငံ ဒီနိုင်ငံ လျှောက်သွားလိုက်တာ ကျုပ် ဘာမှကို မသိလိုက်ဘူး ဒေါ်ချို့သဲ ရေ .."

"အို .. ဆယ်တန်းဆို ငယ်ငယ်ပဲ ရှိသေးတာကို .."

"ဟုတ်တယ် .. သူ ထပ်ရာလုပ်တဲ့နေရာမှာတော့ တကယ့် ဆရာခေါ်သွားရမယ်.. ကိုရီးယားမှာလည်း အပေါင်းအသင်း သူငယ်ချင်းတွေ တိုးလို့ .. သူများတီးဝိုင်းမှာ သီချင်းတွေဘာတွေတောင် ဆိုခဲ့သေးတာ.."

ဒေါ်ချို့သဲ ကတော့ လူကြီးပီပီ ဒီကောင်လေး တော်တော်ပွေခဲ့ပါလားလို့ တွေးမိနေပေမယ့် ချို ကတော့ ရင်ခုန်သံတွေတောင် မြန်နေပါပြီ..၊ ကိုယ့်ကို ဖွဲ့မလျှော့တမ်းလိုက်နေတဲ့သူတစ်ယောက်က ဤသို့သော..၊

"မြေးရေ .. ရေချိုးခန်းထဲမှာလား ..၊ ဒီမှာ ဧည့်သည်တွေကွ.."

"ကျွန်တော် ဒီမှာပါ .."

အသံပေးတော့ သူမတို့၏ညာဘက်ထောင့်မှာ တံခါးတစ်ချပ်နှင့်...

"ဩော် .. အဲဒီမှာလည်း အခန်းရှိတာလား .."

"မဟုတ်ပါဘူး .. ပန်းခြံပါ ..၊ ကျွန်တော် ဖုန်းလိုင်းမမိလို့ .."

"ပန်းခြံ .."

အပေါ်ထပ် လသာဆောင်မှာ ပန်းခြံ လုပ်ထားတာလား..၊



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်မှာ ကျောက်ပတ်တီးနှင့် ဖုန်းကိုင်ထားတာမို့ ခေါ်ချိုသဲ က ညံ တစ်ကိုယ်လုံးကို အုံ့ဩသလို ခြေဆုံးခေါင်းဆုံးကြည့်သည်။

အရုပ်မြင့်မြင့်မားမား၊ လူက ဖြူဖပ် နုရဲနေသည်၊ ညဝတ်အကျီ နို့စိမ်းရောင် ဖြူဖက်ဖက်က အသားနှင့်ရော၍ ဖွေးနှစ်နေ၏။

ဤ ခပ်ချောချောလူငယ်လေးက ဦးမြမော် ရဲ့ တစ်ဦးတည်းသော မြေးလေးဖြစ်လျက် ထိုလူငယ်လေးရဲ့အကြည့်တွေက သမီးဆီကို တန်း ခနဲ ရောက်သွားပြီး ပြုံးပြတော့ ခေါ်ချိုသဲ ကျေနပ်သွား၏။ ထို့ပြင်...

"ငါ့ကို သတင်းလာမေးတာလား .. ရာသီဥတုတွေ ဖောက်ပြန် ကုန်တော့မှာပဲ .."

လူကြီးနှစ်ယောက်ရှေ့မှာပဲ ညံ က လှမ်းနောက်တော့ ချို့ မျက်နှာ လေး ပန်းရောင်သမ်းသွားသည်။

လူကြီးတွေကတော့ ကျေနပ်ပီတိတွေ ဖြစ်သွားကြ၏။ ပြီးတော့ သူတို့အထင် မှန်သွားပြီဆိုတာကိုလည်း အတည်ပြုမိကြကာ ...

"အဲဒါပဲ ဦးမော် ရယ် .. သူတို့ချင်းက သိပြီးဖြစ်နေကြတာ သိ လား .. ကျွန်မတို့ကသာ မသိတာ .."

ဦးမြမော် ကလည်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေ၏။

"လူမမာကတော့ မြင်တဲ့အတိုင်းပဲ သမီးရေ .. ဆေးရုံကဆင်းလို့ မရဘူးဆိုတာ ဆင်းလာတယ် ..၊ ဆင်းလာပြီး တစ်ချက်မှ ငြိမ်ငြိမ်မနေ ဘူး .. အိပ်ရာပေါ်မှာ ထိုင်နေရင်းနဲ့တောင် ရှိသမျှ ဖုန်းတွေ အနားမှာ ထားပြီး အဲဒီတိုင်းပဲ .."

ဦးမြမော် စကားပြောနေရင်း ခိုင်းထားသည့် ကိစ္စတစ်ခုကို တွေးမိ ကာ ဖုန်းထုတ်ယူလိုက်ပြီး ...

"ကဲ .. သမီးတို့ စကားပြောကြဦး .. ဘိုးဘိုးက ကိစ္စလေးရှိလို့.."

"ကောင်းတယ် .. ကျွန်မတို့ တိုင်ပင်စရာလေးတွေ တိုင်ပင်ရတာ ပေါ့ .."





ခေါ်ချိုသဲ ကလည်း နောက်ကမြန်ပါလာတာဖြစ်သဖြင့် ဦးမြမော် ခြေလှမ်းတုံ့သွားမိသည်။

ကလေးနှစ်ယောက်တည်း အိပ်ခန်းထဲမှာ ကောင်းပါ့မလား ..၊ ဒါပေမယ့် ကိုယ်က ယောကျာ်းလေးရှင်ဖြစ်ပြီး စေတနာက ဝေဒနာဖြစ် သွားရင်လည်း မကောင်း ..၊

"ခဏနော် ခေါ်ချိုသဲ .. ဖုန်းပြောစရာ ရှိလို့ .."

"အို .. ပြောပါ .. ကျွန်မက အေးဆေးပဲ .."

ခေါ်ချိုသဲ တိုက်ကြီးကို လှည့်ပတ်ကြည့်ရင်း ပျော်ရွှင်ကျေနပ်နေမိ သည်။

ဒီလိုကောင်လေးမျိုးနဲ့ ပတ်သက်ရင်းနှီးတာကို တစ်စက်လေးမှ မဟာဘဲနေနိုင်ခဲ့သည့် ကိုယ့်သမီးကိုလည်း အားမလိုအားမရ ဖြစ်မိသေး သည်။

တော်ပါသေးသည် ..၊

'မင်းလောင်းမှန်ရင် ဖုတ်သွင်းရထား ဆိုက်မည်' ဆိုတဲ့စကား အတိုင်း ကိုယ်နဲ့ထိုက်တန်ပြီး ကိုယ့်ဆီ တည့်တည့် ရောက်လာလို့ ..၊

"ဘယ်လို အရေးတကြီး ခရီးသွားစရာရှိလို့လို့ ပြောသွားတယ် ဟုတ်လား .."

"... ... ... ..."

စိတ်ကူးတို့သည် ခပ်လှမ်းလှမ်းမှာ ဖုန်းပြောနေသည့် ဦးမြမော် အသံကြောင့် နားစွင့်မိပြီး ဖြစ်သွားခဲ့၏။

"မင်းနဲ့ ပြောဖြစ်လိုက်သေးလား .. ဒီကလူနာအခြေအနေ မပြော လိုက်ဘူးလား"

"... ... ... ..."

"အင်း .. ပြီးရောလေ .. ဘာမှ မှာမထားခဲ့နဲ့တော့ ..၊ သူ့ဆီချင် ဖုန်းဆက်မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးမြမော် က ဖုန်းကို အိတ်ထဲပြန်ထည့်၍ ဒေါ်ချိုသဲ ရှေ့မှာ ထိုင်လျှင် ...

"စိတ်မရှိပါနဲ့ဗျာ .. တိုက်တိုက်ဆိုင်ဆိုင် အိမ်မှာရှိတဲ့ဧည့်သည်ကလည်း နေထိုင်မကောင်း ဖြစ်နေတော့ လောလောဆယ် မြေးနဲ့ လူနာ နှစ်ယောက် ဖြစ်နေတယ် .. အဲဒါ ဧည့်သည်ရဲ့တူမလေးကို ဆက်သွယ်ပေးတာလေ .."

"တစ်အိမ်တည်းမှာ နှစ်ယောက် ပြိုင်တူဖျားနာတာ မကောင်း သူဌေးရဲ့ .. တစ်ယောက်က ဧည့်သည်ဆိုရင် ကိုယ့်အိမ်သား ထိခိုက်တတ်တယ် နော် .."

ဦးမြမော် မျက်နှာ မသိမသာ ပျက်ယွင်းသွားသည်။ ပြီးတော့ နေရာတော်တော်များများမှာ ဝင်ပြောဝင်ဆိုရှိတတ်သော ဒေါ်ချိုသဲ ရဲ့ အကျင့်တစ်ခုကို သတိထားမိလိုက်သဖြင့် ခပ်ရှုးရှုးကြည့်ကာ ...

"သတိပေးတာ ကျေးဇူးပါပဲ ဒေါ်ချိုသဲ .. ကျွန်တော်ကတော့ အဲဒီလို အယူမသီးပါဘူး၊ ဧည့်သည်ဆိုတာကလည်း သိပ်ပြီး စိမ်းသက်တဲ့လူ မဟုတ်ဘူးလေ .."

"အင်း .. ပြီးတာပါပဲ ..၊ မြန်မာလူမျိုးတွေရဲ့ အယူဆိုရင်တော့ အိမ်မှာ ခြေနှစ်ချောင်း ဝင်ကောင်းတဲ့အချိန် .. မကောင်းတဲ့အချိန်ဆိုတာ ရှိတယ် .. ရှင်းရှင်းပြောရရင် ဧည့်သည် လက်ခံဖို့ သင့်မသင့်ပေါ့ .."

ဦးမြမော် က ဘာကို သဘောကျသွားမှန်း မသိဘဲ ရယ်ကာ ...

"ဒေါ်ချိုသဲ ရယ် .. ဧည့်သည်ဆိုတာက ကိုယ့်အိမ်မှာ အချိန်အခါ ကောင်းမကောင်း ကြိုသိမှာမှ မဟုတ်တာ ..၊ ကိုယ့်ဆီလာတဲ့ဧည့်သည်ကိုရော အချိန်အခါမကောင်းဘူးဆိုပြီး ဘယ်အိမ်ရှင်က ပြန်နှင်လွှတ်မှာလဲ"

'ခင်ဗျားဆိုရင်ရော လွှတ်မှာပဲလား' လို့ မမေးတာ ကံကောင်း...။

ကိုယ့်ဘာသာ စကားကျွံသွားပြီးမှ ဒေါ်ချိုသဲ မျက်နှာပျက်၏။





အခန်းထဲမှာကျန်ခဲ့သည့် ချို နဲ့ ည နှစ်ယောက်၏ အပြုံးအရယ်တွေမှာ မရိုးသားခြင်းတွေ ပါနေခဲ့သည့်အဖြစ်နှင့် ပတ်သက်၍လည်း...

"ငါ နင့်ဆီကို လူနာမေးချင်လို့ လာတယ်များ ထင်နေသလား ည .. ရှိသမျှသွားတွေ အကုန်ဖွင့်ထုတ်ပြီး သေလောက်အောင် ပျော်ရွှင်မနေနဲ့ .."

"ဟား .. ဟား .. ဟား ..."

ကိုယ့်လက်တစ်ဖက်ကိုပိုက်၍ ည က သူမရဲ့ဒေါသတွေ ကြီးမားလာလေ .. ရယ်လေ ..၊

"မသိပါဘူး .. ငါက ခုပဲ ထိပြေးထိုးတော့မလို့ ..၊ ဒါဆို ပြောပါဦး .. ဘာလာလုပ်တာလဲ .."

"ဟွန်း .."

ဦးကောင်းလွင် က ဒီမှာ တကယ်ပဲ ဧည့်သည်အဖြစ် ရှိနေတာလား ဆိုတာကို သိချင်လို့ ..၊ ပြီးတော့ အန်ကယ်လ်လွင် က နယ်မှာပဲ ဆန်စက်နှစ်လုံးကို ဦးစီးနေသည်။ သူဌေးရဲ့ကိုယ်စားလှယ် စသဖြင့်သော အန်ကယ်လ်လွင် ရဲ့ရပ်တည်မှုအများအပြားဟာ ဦးမြမော် ဆိုသည့် သူဌေးကြီးရဲ့လက်ပေါ်မှာပဲ တကယ်ရှိခဲ့တာလား ..၊

အံ့သြဖွယ် တိုက်ဆိုင်မှုတွေဟာ ကာယကံရှင်ကိုယ်တိုင် ပြောလို့ ကိုယ့်နားနဲ့ ဆတ်ဆတ်ကြားရတာတောင် အားမရနိုင် ...။

ဒါကို မေမေလည်း သိနေပြီ ဖြစ်သည်။

"အဲဒါပဲ သမီး .. ချမ်း ဒီဘဝမျိုးရောက်ပြီး တောက်ပြောင်သွားတာက သူ့ရဲ့ကံကောင်းခြင်းသပ်သပ်ပဲ .. ကိုကောင်း ဆိုတဲ့လူ ဘယ်လိုပဲ မာနကြီးကြီး.. ဘယ်လောက်ပဲ ကင်းအောင်နေနေ တောင်ကြီး ဖဝါးအောက်ပဲ .."

မေမေ ပြောခဲ့တာကိုလည်း အမှန်ပါပဲလားဆိုပြီး အံ့သြနေသည်၊

အဘယ်ကြောင့်ဆိုသော် မမချမ်း ကို မြင်လိုက်ရသည်းက အန်

www.burmeseclassic.com



ကယ်လ်လွင့် မာနကို အထင်ကြီး လေးစားခဲ့မိသည့်စိတ်က မေမေ ပြောတဲ့ တချို့တလေသော စကားတွေကိုတောင် ‘မေမေက သူများကို အထင်သေးလိုက်တာ’လို့ တွေးမိခဲ့တဲ့အထိ ..။

ထို့ကြောင့် အခု တကယ်မြင်ရမှ စိတ်ကျေနပ်ရမှာပါ။ အန် ကယ်လ်လွင် ကိုယ်တိုင် ပြောခဲ့ပေမယ့် ချမ်း ကလည်း ဦးဦးလွင် က သူဌေးအိမ်မှာလို့ ပြောတာ ရှိခဲ့သော်ငြား ..၊

ဒီရောက်တည်းက အန်ကယ်လ်လွင့် အကြောင်း မပါသေးပေ..။

“ဟိတ် ..”

မွေ့ရာပေါ် နောက်ပြန်ထိုင်လိုက်ပြီး ညံ့ က မတ်တတ်ရပ်နေသည့် ချို့ ကို မေးဆတ်ခေါ်ကာ ...

“ဘာလဲ .. ငါမေးတာကို ဘယ်လိုဖြေရမှန်း မသိလို့ စဉ်းစားနေ တာလား”

ချို့ က မဲ့လိုက်ကာ ...

“မဟုတ်ပါဘူး .. ငါနဲ့သိတဲ့ လူတစ်ယောက် ..”

‘ဒီမှာရှိသလားလို့ လာကြည့်တာ’လို့ မပြောဖြစ်မိ စကားမဆုံးခင် ရပ်သွားခဲ့၏။ အဲဒီလူ ဘယ်သူလဲဆိုလျှင် ကိုယ့်ဆွေမျိုးတစ်ယောက် လုံးကို ‘သိတဲ့လူ’တစ်ယောက်ပုံစံနဲ့ ပြောမိတာ ကောင်းပါ့မလား ..။

ပြီးတော့ မေမေ ပြောတာကိုပါ တွေးမိ၏။

“ညည်းနဲ့ ညံ့ လက်ထပ်ပြီးရင် ကိုယ်က သူဌေးဖြစ်သွားပြီ၊ ဒါပေ မယ့် လောလောဆယ်တော့ ကိုယ့်ဆွေမျိုးက ယောက္ခမ တော်ရမယ့် အိမ်မှာ အလုပ်သမားဖြစ်နေတာ ရှက်စရာပဲ ..၊ ဘယ်လိုလုပ်မလဲ .. မခေါ်ချင်လို့ ရတယ်၊ မတော်ချင်လို့ မရဘူး” တဲ့ ..။

အိမ်တည်းက ဒါကို စဉ်းစားမလာခဲ့မိသည့်အတွက် မျက်နှာကို ကြည့်ပြီး အငိုက်ဖမ်းမေးခွန်းတွေနဲ့ ခေါက်ဖြုတ်ဖို့ စောင့်နေသည့် ညံ့ က အသာစီးရနေကာ ...





“ရတယ် .. ရတယ် .. မဖြေနဲ့တော့ ..”

ပြောပုံက သနားသဖြင့် ခွင့်လွှတ်လိုက်သလို ရယ်ကျဲကျဲ ...

“ဘာကြောင့်ပဲလာလာ အခု ငါ့အခန်းထဲထိ ရောက်လာပြီးတော့..”

“အပိုတွေ ပြောမနေနဲ့ ညံ့ .. လူကြီးတွေ စိတ်ကူးတွေနဲ့ ပြည့်စုံနေ ကြတာ နင် သိတယ်နော် .. တကယ်တမ်းက နင့်ဘက်က သေလု အောင် လိုက်နေရတဲ့သူ ..၊ ငါက ...”

“အင်း .. အခု သေလုအောင် လိုက်စရာ မလိုတော့ဘူးဆိုတော့ ဘိုးဘိုးကိုတောင် ကျေးဇူးတင်ရဦးမှာပဲ ..၊ ဘယ်လိုလဲ .. လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီလား ..”

“စိတ်ကို မကူးသေးဘူး ..”

“ကူးကြည့်လိုက်ပါ .. ဒါမျိုးက လက်ရည်တူရင် ပျော်ဖို့ကောင်း ပါတယ် ..”

“ဘာ!... ပြောတယ် ..”

အိမ်ထောင်ရေးကို သင်းက ဘာမှတ်နေလို့လဲ ..၊

“ဟား .. ဟား .. ဟား ...”

“အဲဒီလောက် ရယ်စရာ ဘာပါနေလို့လဲ ..”

“ပျော်နေတာလေ .. မိန်းမရတော့မယ်ဆိုတော့ ပျော်စရာကြီး..၊ တစ်နေ့ အခါခြောက်ဆယ်လောက် ရန်ဖြစ်နေရမှာလည်း သေချာနေ တော့ ပျော်စရာကြီးပေါ့ ..၊ တစ်ခုတော့ ရှိတယ် နော် .. နင် အချော ကြိုက်နေရင်တော့ ဒူးနဲ့မျက်ရည် သုတ်နေရမှာ .. ငါက ချော့တာ ဝါသနာ မပါဘူး ..”

“ဝါသနာရှင်တွေပဲ ချော့နေကြတာ မဟုတ်ဘူး .. သိပ်အပြောကြီး မနေနဲ့ ..”

‘နင် ငါ့ခြေဖဝါးအောက်မှာ ပြားပြားဝပ်သွားစေရမယ်’ဆိုသည့် ကြိမ်းဝါးခြင်းမည်သော မဲ့ပြုံးနှင့် ချို့ က လက်ပိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ညံ့ က သူမပုံစံကိုကြည့်ပြီး သဘောတွေ ကျနေကာ ...

"နင်နဲ့ ငါ အိမ်ထောင်ရေးတွေ မျက်နှာချင်းဆိုင် ဆွေးနွေးနေရင် အဆင်ပြေဖို့ သိပ်မရှိဘူး နော် .."

"မရှိတော့ ဘာဖြစ်လဲ .."

"ပြောပြတာပါ .. ခေါင်းညိတ်မှာ အတူတူ အချိန်တွေဖြုန်းမနေနဲ့လို့ .. တော်ကြာ ငါ့စိတ်က မီရာကားနဲ့ လိုက်ချင်စိတ်တွေ ထဖြစ်ကုန်ရင် .."

"ဟွန်း .."

"နင် ကျန်ရစ်ဖြစ်မှာ စိုးလို့ပါ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဒီတစ်ခါ ချို က အသံလေးထွက်အောင် ရယ်၍ ...

"မှတ်ထားလိုက်မယ် .. အဲဒီလိုပြောရတာတွေမှာ နင် ဝါသနာထုံတတ်တယ်ဆိုတာ .."

ညံ့ က အရယ်မပျက် ...၊

ဘေးလူ အမှတ်တမဲ့ ကြားရင်တော့ ထင်ကြလိမ့်မည် ...၊

နှစ်ယောက် အဆင်ပြေနေသည် လို့ ...၊





## အခန်း (၁၉)

"ပတ်တီးဖြေဖို့က သိပ်တော့ မကောင်းသေးဘူး ညီမ .. ဒေါ်ရာက .."

"ရပါတယ် ဆရာမရယ် .. ကျွန်မကို ဖြေပေးပါတော့ .. ဒီပတ်တီးနဲ့ ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့လို့ပါ .."

အစတုန်းက ဒဏ်ရာပျောက်မှပဲ ဦးဦးလွင် နဲ့ သွားတွေ့ဖို့ပါ ...၊ သူ့ရွှေအိမ်က လူလွှတ်ခေါ်ခိုင်းပေမယ့် ပထမတစ်ခါက ဘာမှမပြောခဲ့ပေ ...။

ခုကျမှ ဦးဦးလွင် ပြန်မလာနိုင်လောက်အောင် နေထိုင်မကောင်းဖြစ်နေသည်ဆိုတာ သိရသည်။

ထို့ကြောင့် ဦးဦးလွင် ဆီကို သူမ သွားရမည် ...၊ ဒါပေမယ့် ပတ်တီး ပါလို့တော့ မဖြစ် ...၊

ဆေးခန်းမှာ ပတ်တီးဖြေခဲ့ပြီး ဒဏ်ရာကို လုံရုံလောက်သေးပဲ ပလတ်စတာလေး ပြန်ကပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီငုံ့ကြည့်ရင်း ဆေးခန်းက ထွက်တာနှင့် သင်တန်းက ဆရာမနဲ့ တွေ့ဖို့ အရင်သွားရမှာ တွေးမိသည်။ အတန်းပျက်ထားတာတွေနဲ့ ခု ထပ်ပြီး အဆင်မပြေ ဖြစ်ရတာတွေကို ပြောပြ အကူအညီတောင်းဖို့ ဖြစ်သည်။

ထိုကပြန်ရင်တော့ အိမ်ကိုမဝင်တော့ဘဲ ဦးဦးလွင် ဆီ တန်းသွားမည်။ အစီအစဉ်တွေ ရေးဆွဲ၍ ဆေးခန်းကအပြန်မှာ လမ်းမပေါ်ထိ လမ်းလျှောက်ထွက်လာခဲ့မိသည်။

ဆရာမအိမ်က သိပ်မဝေးတာမို့ ကားနှစ်မှတ်တိုင်လောက်စီးရုံနဲ့ ရောက်သည်။ သို့သော် ...

"တီ .."

"အမေ့!..."

ကားမှတ်တိုင်ကိုသွားရန် လမ်းဖြတ်ကူးဖို့ စိတ်စောနေမိစဉ် သူမရှေ့မှာ ထိုးရပ်လာတာ ကားတစ်စီး ...၊ သူမ ကြည့်လိုက်တော့ ညံ့ နဲ့ သူငယ်ချင်းနှစ်ယောက် ...၊

ကားပေါ်ကနေဆင်းလာကြပုံက သူမနဲ့ ကိစ္စတစ်ခုခု ရှင်းလင်းရန် အမိကရည်ရွယ်ချက်တွေနဲ့မှန်း သိသာနေကာ ...

"ဘယ်လိုလဲ .. ကားအကောင်းစားကြီး ဘယ်မှာထားခဲ့သလဲ.."

ညံ့ က သူမရှေ့ကို အရင်ရောက်လာကာ ပခုံးချင်း မထိတထိ လာကပ်ရပ်၏။ ချမ်း သေးကို ခြေလှမ်းရွှေ့ရပ်လိုက်တော့ ဟွန်းခနဲမဲ့ပြီး တစ်ကိုယ်လုံးကို ကြည့်ကာ ...

"ခင်ဗျားမှာ ကားပါလာရင် ဘက်မညီပေမယ့် ကားချင်း ပြိုင်တိုက်ကြမလို့ပါ .."

"မင်း ဘာတွေ လာပြောနေတာလဲ .."

ဖုန်းကိုင်ထားသလိုလို .. စတိုင်လ်ထုတ်နေသလိုလို ရင်ဘတ်အောက်နားမှာ ပင့်ထားသည့်လက်ကို ညံ့ က ချမ်း မျက်နှာအောက်





ရောက်အောင် တိုး၍ လက်ဝါးဖြန့်ပြသည်။ ပြီးမှ လက်ချောင်းတွေကို ပြန်ဆုပ်လိုက်ပြီး ...

"ခုပဲ ဆေးခန်းက ပြန်လာတာ .. ကြည့်ဦးမလား .."

ဝတ်ထားသည့် ကုတ်အင်္ကျီ လက်ရှည်လက်ဝကို ဆွဲပင့်ပြတော့ အထဲမှာ ကျောက်ပတ်တီးနှင့် ...၊

"လည်ပင်းမှာ ကြိုးကြီးနဲ့သိုင်းပြီး အပြင်ထွက်ရမှာတော့ ရှက်တာနဲ့လေ .."

ချမ်း က လက်ကို ငုံ့ကြည့်ပြီးမှ ဒွန်း တို့ဘက်ကိုပါ လှည့်ကြည့်ကာ ...

"မင်းတို့ပြသနာ ငါနဲ့ဘာဆိုင်လို့လဲ ...၊ ငါ့နားက ဖယ်ပေး"

"ဟား!..."

ညံ့ က ဒေါသတွေ မျိုသိပ်ချုပ်တီးထားရသည့်မျက်နှာနှင့် 'ဟား..' ခနဲ မဲ့သည်။

"ဆရာမ ကားမောင်းနေတုန်းကတော့ ဖယ်ပေးစေချင်ရင် ဟွန်းတီးရတယ်ဆိုတာ မေ့သွားတာလား .."

"ဘာ!..."

"ဒါမှမဟုတ် တမင်ဝင်တိုက်မှန်း သိစေချင်တာလား.."

ချမ်း မျက်လုံးတွေ ပြူးကျယ်စ ပြု၏။ လှည့်ကြည့်လိုက်တော့ ညံ့ တစ်ခုခု ပြသနာရှာတိုင်း အနီးအနားမှာ အားနာသည့်မျက်နှာတွေနှင့် ရှိနေတတ်ကြသော ဒွန်း တို့၏ အကြည့်တွေ ...၊

အကြည့်တွေက ဒေါသတွေနှင့် ရူးရဲနေကြ၏။ ချမ်း အားလုံးကို သဘောပေါက်လိုက်သည်။

ထိုညက သူမ တိုက်မိခဲ့သလား ...၊ မတိုက်မိခဲ့ဘူးလား မသိသော ဝရန်းသုန်းကား ပြိုလဲကျန်ရစ်သည့် ယောကျ်ားလေးအုပ်စုက ညံ့ တို့အုပ်စု ...၊



www.burmeseclassic.com

www.burmeseclassic.com



"ညံ့ .. မင်း ..."

"ဟုတ်တယ် .. ခင်ဗျား ကားနဲ့တိုက်သတ်ပေမယ့် မသေတဲ့ ညံ့.."

"မဟုတ်ဘူး .."

"ဆရာမက ဆရာမတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် သဘောထားသေးဖို့တော့ မကောင်းပါဘူး .."

"ဟင်!..."

ဒွန်း က အံ့ကြိတ်သံနှင့် ပြောသည်။ ချမ်း ခေါင်းခါပြမိပေမယ့် ဘာက စရှင်းပြရမှန်း မသိ ...။

"ဆရာမကို ညံ့ က ကိုယ်ထိလက်ရောက် စော်ကားတယ်လို့ ထင်စရာ ဖြစ်ခဲ့ပေမယ့် အဲဒါက တိုက်ဆိုင်သွားတဲ့အဖြစ်ပါ .. တကယ်က ဆရာမကို .."

"သက်ရင့် တော်တော့ .."

ညံ့ က ပြီးဆုံးအောင် အပြောမခံဘဲ မီး လုံးဝမညှိရသေးသည့် စီးကရက်တစ်လိပ်ကို ချမ်း မြင်အောင် ဖိချေပြီး ခြေထောက်ရှေ့မှာ ပစ်ချသည်။

ပြီးတော့ ခြေညှပ်ဖိနပ်နဲ့ ထပ်ဖိနင်း၏။

ထိတ်လန့်အံ့သြနေဆဲရှိသည့် ချမ်း ရဲ့မျက်ဝန်းလေးတွေကလည်း ပြောသမျှလူတို့၏ မျက်နှာတွေဆီ ချာလပတ်ရမ်းအောင် လိုက်ကြည့်မိ ရုံသာမက ပစ်ချလိုက်တဲ့ စီးကရက်ကိုပါ လိုက်ငုံ့ကြည့်မိတာ ဖိနင်းချေပစ်ပြီးတဲ့အထိ ...၊

ပြီးတော့ ညံ့ မျက်နှာကို ဖျတ်ခနဲ ပြန်မော့ကြည့်ကာ ...

"ညံ့ .. အဲဒါကလေ .. မင်းကို တို့ .."

"ခြေကျူးရင် ခြေ .. လက်ကျူးရင် လက်ပဲ၊ ခင်ဗျားနဲ့ ကျွန်တော် လုံးဝရှောင်ခွင့် မရှိခဲ့ဘူး .. အဲဒါ ကျွန်တော့်ဘက်က ...၊ ဒါပေမယ့် ခင်ဗျားက ဆန္ဒပြပြီးပြီ .."





"ဆရာမ လုပ်လိုက်တာ တကယ် အပြင်းစားရိုက်ချက်ပဲဗျာ .. ကံကောင်းလို့ ညံ့ မသေခဲ့တာ .."

"အဲလို မဟုတ်ပါဘူး .. တကယ်ပါ ...၊ တို့ အဲဒီညက .."

"ညက မှောင်ပေမယ့် မီးရောင်တွေ ရှိသေးတယ် .. ဆရာမ ကိုယ်ယောင်ဖျောက်ထားတာလည်း မဟုတ်ပါဘူး .."

"ဟုတ်တယ် .. အဲဒါက တကယ်တော့လေ .."

"ဘယ်ဖျောက်မလဲ .. ဆရာမက စိန်ခေါ်လိုက်တာကိုး .."

"ဟင့်အင်း .. မဟုတ်ဘူး .."

"ဟုတ်တယ် .."

"အား!..."

ညံ့ က တစ်ခွန်းတည်း ဝင်ပြောပြီး ပခုံးချင်းတိုက်ပစ်လိုက်၏။ ချမ်း က ဘေးတိုက်လေး ယိုင်သွားကာ ဒွန်း ရဲ့ရင်ဘတ်နဲ့ မထိတထိ ကျမှ ထိန်းလိုက်နိုင်၏။

"အခု ခင်ဗျားကို ဝမ်တိန်ပေးတာ .. ဟောဒီလက် ကောင်းတဲ့နေ့ ကျရင် ကားချင်း ပြိုင်တိုက်မယ်"

"ညံ့ .. အဲဒါ .."

"ဟွန်း .."

ညံ့ က မဲ့ပြီး လက်ကာသည်။ ပြီးတော့ အနားမှာရှိသည့်ကားကို လက်ညှိုးထိုးပြ၍ ...

"ခင်ဗျား သတ္တိရှိရင် ကားသချိုင်းကပဲ တစ်စစီ ပြန်ကောက်ဆက်ပြီး အင်ဂျင်ထည့်မောင်းလာခဲ့ ရတယ် .. ခင်ဗျားကို ဒီကားနဲ့ပဲ ပြန် တိုက်မှာ .."

ကားက လင့်နံ့ခရူဇာအသစ်ကြီးမို့ ဖိတ်ဖိတ်တောက်နေ၏။

"တစ်ခုထပ်ပြီး ပြောဖို့ရှိတယ် .. ကားတွေ ဂျုံးဂျုံးကျသွားရင် တော့ အရင်ကျသွားတဲ့ကားပေါ်က .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထင်တာတွေ ပြောမနေနဲ့ ညဲ့ .. ငါ ပြောချင်တာကို နားထောင်ပေးဦး .."

"မလိုပါဘူး .. ခင်ဗျားကို စကားပြောဖို့ ရှာဖွေလိုက်လာတာ မဟုတ်ဘူး .."

"ဆရာမက စပြီး စိန်ခေါ်တာပဲ .."

"ငါ တမင်တကာ လုပ်ခဲ့တာ မဟုတ်ဘူး ..၊ အဲဒီညက .."

"ဒီလောက် ရှင်းနေတာကို ဗျာ .."

"အေးလေ .. ဆရာမဖြစ်တိုင်း ရှောင်နေစရာ မလိုပါဘူး .. ကိုယ့်ကို သင်ပေးနေတဲ့ ဆရာမလည်း မဟုတ်ဘူး .. ပြီးတော့ ကိုယ်က စတာမှ မဟုတ်တာ .."

"မဟုတ်ဘူး .."

လက်သီးလေးနှစ်ဖက်ဆုပ် အော်မိကာ ချမ်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်တက်လာ၏။ ရှက်၍ တုန်လှုပ်ခြင်း၊ ကြောက်လန့်ခြင်းတွေက လူကို မျက်ရည်မကျမချင်း ကိုင်လှုပ် ရိုက်ပုတ်နေကြသလိုပင်။

ပြီးတော့ ချမ်း သူတို့ကြားထဲက လွတ်အောင် နောက်ကို ခြေလှမ်းဆုတ်ပစ်ရင်း ...

"ငါ တမင်လုပ်တာ မဟုတ်ဘူး .. အဲဒါ ယုံချင်ယုံ မယုံချင်နေ.. ငါ့ကို စိန်မခေါ်နဲ့ ...၊ ငါ .. ငါ .. အဲဒီလိုမိန်းမ မဟုတ်ဘူး .."

ချမ်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကာ နောက်ပြန်အတင်းဆုတ်နေရင်း ပြောလို့လည်း မပြီး ...၊

ထို့နောက် ထွက်ပြေးဖို့ ဖျတ်ခနဲ အလှည့် ...

"ဟာ!..."

"ဟိုး!..."

ပလက်ဖောင်းအတိုင်း တဟဲဟဲ ပြေးလာသည့်စက်ဘီးတစ်စီးက ရိပ်ခနဲ ပြေးဝင်လာ၏။





စက်ဘီးပေါ်မှာ ကျောပိုးအိတ်လေးနှင့် ကျောင်းဝတ်စုံဝတ်ထားသည့် ချာတိတ်လေးသည် သူ့အရှိန် သူ မထိန်းနိုင်ဘဲ ဖြစ်ကာ မျက်လုံးအပြူးသားနှင့် ဒီအတိုင်း ...

"ဝုန်း .."

"ဒုန်း .."

"အား!..."

ပြင်းထန်စွာ ထိခိုက်မိသံကြီး ဖြစ်သွားခဲ့၏။ သို့သော် စက်ဘီးနဲ့ကောင်လေးက တခြားစီမှာ လဲပြိုနေကာ ချမ်း သည် ညဲ့ ရင်ခွင်ထဲမှာ ဒုတိယမ္ဘ ..။

"အား .. ဒူးပြဲသွားပြီဗျ .."

စက်ဘီးနဲ့ ချာတိတ်လေး သူ့ဘာသာထပြီး စက်ဘီးပြန်ထောင်နေတဲ့အထိ ညဲ့ နဲ့ ချမ်း ဖက်လျက်သားနှင့် ကြောင်ငေးနေဆဲ ...၊

ထို့ပြင် ဒွန်း နဲ့ သက်ရင့် မျက်လုံးတွေပြူးကာ စကားပြောဖို့မေ့နေကြသည်။

ဆင်ဖမ်းမှာလား ...၊ ကျားဖမ်းမှာလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ခ်ပေါ့ .. ဒါကတော့ ကိုယ့်ဘာသာ ရေစီးကမ်းပြိုတဲ့ကိစ္စ .."

"ဘာလဲ .."

"စေတနာတွေလေ .."

"ဟေ့ကောင် .. တော်တော့ .."

ကားပေါ်က ဆင်းခါနီးမှ လက်နာတာကိုဖိ၍ ရှုံ့မဲ့သွားရင်း ညံ့ က ကပ်ကြိမ်းသည်။

"အမြင်မတော်တာဆို ဒီလက်က နေကို မနေတတ်တာ .."

"ဟုတ်မှာပါ .."

"အဲဒီနေရာမှာ မင်းညီမဆိုရင် ပိုပြီးတော့ တင်းနေအောင် ဖက်ချင် ဖက်ထားမိမှာ .."

"ခွေးသူခိုး .."

ညံ့ က မျက်စောင်းမထိုးတတ်ဘဲ ထိုးကာ မျက်နှာတည်တည်ကြီးနှင့် ကားပေါ်က ဆင်း၏။ ဒွန်း က ဆဲတော့ ဆဲပေမယ့် ဒေါသထွက်ဖေလို့လည်း မပြီးဘဲ နောက်က ဆင်းလိုက်ရကာ ...





"ငါတို့ အိမ်ထဲထိ လိုက်ခဲ့ရဦးမလား .."

"ဘာလိုက်လုပ်မှာလဲ ..၊ ပြန်တော့ .."

ဒဏ်ရာကြီးနဲ့ အပြင်ထွက်သည့်ကိစ္စက ပြဿနာ သိပ်မကြီးပေမယ့် အိမ်မှာ လူမမာရှိနေသဖြင့် ဒီရက်ပိုင်းမှာ ပြဿနာမရှာဖို့ ဘိုးဘိုး က သေချာပြောထားတာ ဖြစ်၏။

ခဏဆိုပြီး ထွက်သွားပေမယ့် ဒဏ်ရာက အသစ်ပြန်ဖြစ်ကာ ညံ့ ညည်းညူနေတာကို ဘယ်လိုမှ အိမ်ပြန်ခေါ်လို့ မဖြစ်တော့ဘဲ ဆေးခန်းက ပြန်လာပြီး အပြင်မှာ အချိန်ဖြုန်းနေခဲ့ရ၏။

ထို့ကြောင့် ညံ့ ကို ထားခဲ့ပြီး ပြန်ဖို့ စိတ်မဖြောင့်ပေ ..။

"ဘာလုပ်နေကြတာလဲ ..၊ အဲဒါ .."

"မင်း ရရဲ့လား .. ငါတို့ ပါတော့ မင်း အဆင်ပြေအောင် တစ်ခုခု ပြောပေးလို့ ရတယ်လေ .."

"မိုးပဲ ချုပ်နေပြီ .. ငါ ညည်းသံမထွက်ရင် ဘာမှမဖြစ်ဘူး ..၊ ပြန်တော့ .."

အိမ်ထဲမှာတော့ မီးလင်းနေပြီပေမယ့် အပြင်မှာ မိုးစုပ်စုပ်မချုပ်သေးပေ ..၊

ညံ့ ကလည်း အိမ်ထဲကို ဝင်ဖို့ပေမယ့် မဝင်ဖြစ်သေး ..၊ သူတို့လည်း ထွက်မသွားနိုင်ဘဲ ရှိစဉ် ...

"ဟော .. ဟိုမှာ ဘိုးဘိုးရဲ့မြေးလေ .. အတော်ပဲ ..၊ သမီးနဲ့ ဘစ်ခါတည်း မိတ်ဆက်ပေးမယ် .."

"ရှင် .."

"ဟိုမှာ ပြန်လာကြပြီ ..၊ ဟေ့ .. လာလေ မြေး .."

ချည့်သည်ရှိလို့ အပြုံးမပျက် အကြင်နာတွေ ဝေနေသည့် ဘိုးဘိုး အသံကြောင့် ညံ့ တို့ မျက်လုံးချင်းဆုံပြီး လက်မတွေ ကြိတ်ထောင်လိုက်ကြသည်။ အဆင်ပြေပြီ ဟူ၍ ..၊

www.burmeseclassic.com



ဒါပေမယ့် ညှို့သည့်ဆီသို့ မျက်လုံးရောက်သွားခဲ့လျှင် ...

"ဆရာမ .."

ချမ်း ကလည်း ပြုံး၍ လှမ်းအကြည့် ...၊

"ညို .."

သူ .. သူက ...၊

ချမ်း နှုတ်ခမ်းလေး ဟလျက်သားနှင့် အသံတိတ်သွား၏။

ဘယ်သူမှ မကြားနိုင်သည့် အသံတွေက တစ်ယောက်ရင်ထဲမှာ တစ်ယောက်တော့ ကျယ်လောင်စွာ ပေါက်ကွဲ မြည်ဟည်းလေသည်။

နှစ်ဘဝ ဆုံစည်းသူတို့၏ ထိပ်တိုက်တွေ့ကြခန်းမှာ ငှက်တွေ ထပျံကြသလား .. နေပူရာကနေ မိုးသားတွေ ချက်ချင်းညိုမည်းသွားပြီး ဂျိုး ကျိမ့်သံ ပေးလာမလား ...၊

ညို နဲ့ သူမရဲ့ ဆုံစည်းမှုတွေကတော့ နှစ်ဘဝဆုံစည်းမှုတွေ ဟုတ်တာ မဟုတ်တာ မသေချာပေမယ့် တစ်ခါမှ ညင်သာစွာ ပြီးဆုံးခဲ့တာ မရှိ ...။

"မြေး နာမည်က ညို တဲ့ ...၊ မြေးလည်း မှတ်ထား .. သမီးက ကောင်းလွင် ရဲ့တူမ .. နာမည်က ရင်ငြိမ်းချမ်း တဲ့ .."

ညို ခေါင်းခါမိမတတ် ဖြစ်သွားသည်။

'ဘိုးဘိုး မှားနေပြီ .. အဲ့ဒါ ရင်ပူမီးတောက်'





## အခန်း (၂၁)

"နင် သိတယ် .. ဟုတ်လား .."

ဖုန်းထဲမှာ ချို့အသံ အေးဆေးဖြစ်နေတာကို အံ့ဩသွားမိသည်။

ကိုယ်နဲ့ အတူတူနေသည့် ဦးဦးလွင် ပါးစပ်ထဲမှာ သူ့မြေးရဲ့မြေး ဆိုတာတွေ ခဏခဏ ပါနေတတ်တာတောင် ထိုမြေးဆိုတာကို ညို မှန်း သူမ မသိခဲ့ပေ ...။

"ချို ပြောမလို့ပါ .. မမချမ်း တောင် မသိသေးဘူးဆိုတာကို အံ့ဩနေရင်း တမင်တကာ မျိုသိပ်ထားမိသလို ဖြစ်သွားတာ...၊ တကယ် က မပြောဖြစ်တာပါ .."

ကိုယ်တောင် မသိရတဲ့အဖြစ်က ဦးဦးလွင် ဟာ သူ့ရဲ့ရှေးဟောင်း နှောင်းဖြစ်တွေအကြောင်း လွမ်းလွမ်းဆွေးဆွေး ပြောပြတတ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့လို့ပါ ...။

မြို့ကနေ သူ့မြေး ဆန်စက်ကြီးကို ရောက်လာခဲ့လျှင် သူမနဲ့ မဆုံ ဖြစ်တာလည်း များပေမယ့် သူ့မြေး ရောက်နေကြောင်း၊ ဆန်စက် အတွက် ဘာလုပ်ဖို့ ရှိကြောင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို တမင်ပြောပြတာလည်းရှိကာ အလုပ်နဲ့ပတ်သက်တာကို ပြောမိရင်း ချမ်း ရဲ့ရှေ့မှာပဲ ဒီအကြောင်း ပါလာတာမျိုးတွေ ဖြစ်သည်။ အလုပ်ထက်ပိုတာ ဘာမှမပါ ..။

ငယ်တုန်းကလည်း ချမ်း က ဦးဦးလွင် အတွက် ရင်ဖွင့်ပြောပြစရာအရွယ် မဟုတ်ခဲ့သလို ချမ်း အရွယ်ရောက်လာတော့လည်း ပညာရေးနဲ့ စီးပွားရေးနဲ့ တူဝရီးနှစ်ယောက် လုံးထွေးရင်း မလိုအပ်တာတွေ မပြောဖြစ်ခဲ့တာမျိုး ..၊

ထို့ပြင် သူ့ဒွေးမိသားစုအပေါ်မှာ ဦးဦးလွင် သံယောဇဉ်ကြီးခဲ့တာ ရှိရင် ရှိမည် ..၊ သူ့အိမ်ထောင်ရေးနဲ့ပတ်သက်တာကိုတော့ နင့်နေအောင် ခံစားရမှာပဲ ဖြစ်သည်။

အရှုံးပေးရင် နှလုံးအေးတယ် ဆိုတာ ဘယ်လိုသက်သေတွေနဲ့ အဆိုပြုခဲ့မှန်း မသိပေမယ့် ရှုံးသူရင်ထဲမှာ ဘယ်လိုမှ မအေးချမ်းနိုင်ပေ ..။

ဒါကို စာနာတတ်လာတဲ့အရွယ်မှာ ဦးဦးလွင် ရင်ထဲက အတိတ်နဲ့ ပတ်သက်တာတွေကို ချမ်း ဘယ်တော့မှ ကိုယ်က အစဖော်မပေးမိအောင် နေခဲ့သည်။ ထို့ကြောင့် ...

"မမချမ်း .."

"ဟင် ..."

"ချို က သိရက်သားနဲ့ မပြောဘဲနေတယ် ထင်လို့လား ဟင်.."

ချမ်း ဘက်က တိတ်ကျသွားတာကို သူမကို စိတ်ဆိုးသွားသည် ထင်ကာ ချို က တောင်းပန်သည်။

"မဟုတ်ဘူး ချို .. ငါတောင်မှ မသိခဲ့တာ နင် ခုမှသိတာကို မပြောရကောင်းလားလို့ ငါက တွေးစရာလား .. ဦးဦးလွင် ကိုက စကားအရမ်းနည်းတာ ချို .. အဲဒါသာ ကြည့်တော့ .."

"အဟွန်း .. တကယ် ဟုတ်တယ် ..၊ အဲဒါကတော့ .."





"အခု ငါ့မှာ ညံ့ ကို အဲဒီကမုန်း မသိတော့ ဦးဦးလွင် နေပြန်ကောင်းတဲ့အထိ သွားပြုစုပေးဖို့တောင် ခွင့်တောင်းခဲ့မိတာ .."

"မမချမ်း က အဲဒီမှာ သွားနေမှာလား .."

"တို့ကတော့ အဲဒီလိုပြောတာ မဟုတ်ဘူး ချို .. ခုလိုပဲ သွားကြည့်ပြန်လာပေါ့ နော် .. ဒါပေမယ့် သူ့ဒွေးကြီး ပြောတာလည်း ဟုတ်နေတော့ သဘောတူခဲ့ရတယ် .."

"ဘာပြောလို့လဲ .."

"ဦးဦးလွင် က သိပ်မလှုပ်ရှားနိုင်ဘူး ဖြစ်နေတာလေ .. မျက်လုံးသူငယ်အိမ် နည်းနည်းလေး စွေစောင်းကြည့်လိုက် .. အာရုံစိုက်လိုက်တာနဲ့ မူးတယ် .. မူးတယ်ဆို သိပ်မကြာခင် အန်တယ် .."

"ဟုတ်လား .."

"အစားလည်း သိပ်မဝင်ဘူး ချို .. ရေသောက်တာက အစ အရမ်းဂရုစိုက်ရတာ ..၊ ဒီလိုဖြစ်နေတဲ့ လူမမာကို လူနာသတင်းမေးသလို သွားကြည့်ပြန်လာ လုပ်နေလို့ မဖြစ်ဘူးလေ .."

"အင်းပေါ့ .. ဟုတ်ပါတယ် .."

"တို့ကို ဟိုမှာပဲ ပြောင်းနေခိုင်းတယ် .. ငါက တူမအရင်း ဖြစ်နေပြီး ကိုယ့်လူနာကို သူများအိမ်ပေါ် သွားတင်ပေးထားသလို ဖြစ်နေတာဆိုတော့ .."

"အဟမ်း .."

ချောင်းဟန့်သံကြောင့် ဖုန်းပြောနေရင်း နောက်လှည့်ကြည့်လိုက်မိသည်။

ချို နဲ့ ပြောတုန်းမှာ ဒေါ်ချိုသဲ ကို တံခါးဝမှာ တွေ့လိုက်ရသဖြင့် ချမ်း အံ့ဩသွားမိသည်။

"ချို နောက်မှပြောမယ် နော် .. ဧည့်သည်လာနေလို့ .."

ချို့ အမေ ဆိုတာကိုတော့ မပြောဘဲ နေလိုက်တော့၏ ..၊



www.burmeseclassic.com

www.burmeseclassic.com



တံခါးသွားဖွင့်ပေးတော့ ဒေါ်ရှိုသဲ က လက်မွေ့အိတ် တစ်ဖက်မှာ ချိတ်ရင်း တိုက်ခန်းလေးထဲကို လှမ်းဝင်လာ၏။

မျက်လုံးတို့သည် တိုက်ခန်းလေးထဲမှာ ရှိသမျှ အပြင်အဆင် ပရိဘောဂတို့မှာ ဝေ့လယ်နေပေမယ့် ...

"ခုန အန်တီ ကြားလိုက်တယ် .. ကိုကောင်း ရဲ့ကျန်းမာရေးနဲ့ သူ့သူဌေးအကြောင်း .."

"ဟုတ်ကဲ့ အန်တီ .. ချို နဲ့ပဲပြောနေတာပါ ..၊ လာလေ .. ထိုင်ပါဦး .."

ကျွန်းကုလားထိုင်တွေပေါ်မှာ ထိုင်ဖုံခင်းလေးတွေ၊ ကျောမှီမှာ တင်ထားသည့် အစွပ်လေးတွေကို သေချာကြည့်ပြီးမှ ဒေါ်ရှိုသဲ က ထိုင်သည်။

မျက်နှာထားနဲ့ သွင်ပြင်အမူအရာတို့သည် ချို့ အတွက် ကူညီပါဆိုပြီး လာပြောစဉ်ကနှင့် ကွဲပြား ခြားနားနေခဲ့ပြီကို ချမ်း အကဲခတ်မိ၏။

ဘာဖြစ်လို့လဲဆိုတော့ မသိ ..၊

အထင်မြင်သေးသလို ဝေ့ဝဲ အကဲခတ်နေခဲ့သည့် ဒေါ်ရှိုသဲ သည် ချမ်း ဘက်ကို မျက်နှာပြန်လှည့်လိုက်တော့ ရှိုသာသော အပြုံးတို့ဖြင့်...

"ကိုကောင်း က ဒီကိုလာတည်းက ဆေးကုဖို့ လာတာလား .."

"ရန်ကုန်ကို လာဖြစ်ရင်တော့ ရောဂါအခြေအနေ စစ်ကြည့်ဦးမယ်ဆိုတာ အစတည်းက စိတ်ကူးရှိခဲ့တာလေ ..၊ လာတာကလည်း အဓိက ကတော့ အလုပ်ကိစ္စနဲ့ပါ .."

"ဦးမြမော် က ခိုင်းဖို့ ခေါ်လိုက်တာ ထင်တယ် .."

ချမ်း မျက်ခုံးလေး တွန့်သွားတာကို ဒေါ်ရှိုသဲ က မတည်မပြုံး မျက်ဝန်းတို့နှင့် စိုက်ကြည့်နေ၏။





"ဟုတ်မယ်ထင်တယ် .. ဦးဦးလွင် နဲ့ အလုပ်ကိစ္စဆိုတာ ဒီအလုပ်ပဲ ရှိတာကိုး .."

"ဒါဆို ဆွမ်းခံတုန်း ငှက်သင့်တာပေါ့ .. သူဌေး ဦးမြမော် ကလည်း သူခေါ်လိုက်တဲ့ကိစ္စ ရှိနေလို့ မထင်မှတ်ဘဲ ဖြစ်သွားတာကို လက်သင့်ခံပြီး ကုသပေးနေတာ နေမှာ .. အန်တီက ကိုယ့်ဆွေမျိုးချင်းမို့လို့ ပွင့်ပွင့်လင်းလင်း ပြောပြတာနော် .. တစ်မျိုးမထင်နဲ့ ..၊ ကိုယ့်လူကို သူများက ငြိုငြင်နေရင် ကိုယ်လည်း မျက်နှာငယ်ရတာပဲ .."

"သူဌေးကြီးကတော့ ..."

"ဒီလိုမဟုတ်ဘူးလို့ ထင်နေသလား ချမ်း ရယ် .. စဉ်းစားကြည့်ပါဦး .. အခု ညည်းတူမနဲ့ သူ့မြေးက လက်ထပ်တော့မယ် ..၊ လက်ထပ်မယ်ဆိုကာမှ လူမမာက အိမ်ပေါ်ရောက်လာတယ် .. မြေးလုပ်တဲ့လူမှာ ဒဏ်ရာ အနာတရတွေ ဖြစ် .."

အဲဒီဒဏ်ရာက 'ချမ်း'ကြောင့်ဖြစ်တာလို့ ထည့်ပြောပေးလိုက်ရင် အန်တီ ဘယ်လိုဖြစ်သွားမလဲ ..၊

သူမ ဘာမှမပြောဘဲ ကြည့်နေလိုက်မိသည်။

"ငါသွားတိုင်း .. အဲ .. အပြင်မှာ ဆုံဖြစ်တိုင်းပဲ ဦးမြမော် မျက်နှာလုံးဝ မကောင်းဘူး .. လူလိမ္မာတွေဆိုတော့လည်း စိတ်ညစ်တာ စိတ်တိုတာတွေကို ဖုံးဖိ ထိန်းသိမ်းနိုင်ပြီပေါ့ .. အဲဒီတည်းက လူမမာအကြောင်းလည်း သူ ထည့်ပြောနေတာပဲ ..၊ ငါကသာ ဒီလူမမာကို ကိုကောင်းမှန်း မသိတာ .. ခုထိလည်း ပြောမပြခဲ့ပါဘူး ..၊ တခြားကြောင့်တော့ မဟုတ်ဘူး နော် .. ညည်းဦးလေးက နေတတ်ပေမယ့် ဆွေမျိုးတော်နေကြပြီး ဒီလောက်ထိ မသိမမြင်လောက်အောင် ကင်းပြတ်နေကြတာ ဘယ်သူက ယုံမှာလဲ ..၊ ယုံတယ်ဆိုရင်လည်း ဒါက ကြားလို့ကောင်းတဲ့ကိစ္စမှ မဟုတ်ဘဲ .."

"ဩော် .. အန်တီရယ် .. ဆွေမျိုးရင်းတွေတောင် အနေဝေးကြရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖြစ်တတ်ပါတယ် .. အန်တီချို တို့နဲ့ ချမ်း တို့က ဘယ်လိုတော်ကြသလဲဆိုတာတောင် တော်တော် ပြန်စဉ်းစားနေရမယ့် ဆွေမျိုးတွေလေ.. ဦးဦးလွင် က နေတတ်သလို နေခဲ့တာပါ .. တမင် ကင်းကွာနေအောင် ရှောင်ထွက်နေတာ မဟုတ်ပါဘူး .."

တကယ်ကတော့ သူများရဲ့အလုပ်သမားက ကိုယ့်ဆွေမျိုး ဖြစ်နေတာကို မသိစေချင်တာပဲ ဖြစ်သည်။ ချမ်း ကိုတော့ ထောက်ထားစရာလေးတွေ ရှိနေသည်မို့ ဒါကို ပေါ်ပေါ်တင်တင် ပြောလိုက်လို့ မဖြစ်..။ ဒါပေမယ့် ...

"ဘာပဲဖြစ်ဖြစ် တို့တွေ ဆုံဖြစ်ကြပြီးမှ ဒါကို ဖွင့်မပြောခဲ့ဘူးဆိုတော့ နောက်ကျမှ ပေါ်သွားရင် ဖုံးဖိထားတယ် ဖြစ်သွားဦးမယ် .. ဒီတိုင်း မပြောတော့ဘဲ နေလိုက်တာ ကောင်းပါတယ် .. ဟုတ်တယ်မို့လား ချမ်း ရယ် .."

သူမ ဘာကို လိုချင်တယ်ဆိုတာ ချမ်း ကလည်း မပြောဘဲ သိနေပါ၏။

ထို့ကြောင့် ပြုံးလိုက်မိသည်။

"ဒီလူမမာအကြောင်း စကားထဲမှာ ထည့်ပြော ညည်းသူခဲ့တာတွေကို တို့ဆွေမျိုးမှန်း သိသွားရင် သူ တော်တော်အမ်းသွားမှာ ..၊ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲစရာတွေ ဖြစ်ကုန်မှာ စိုးလို့ ပြောတာ .."

"ဟုတ်ပါတယ် .. အန်တီတို့နဲ့ ဆွေမျိုးတော်တာ မတော်တာကို ပြောခြင်း မပြောခြင်းက ဘယ်သူ့မှာမှ ထိခိုက်ဖို့ မရှိပါဘူး .. ဦးဦးလွင်ကလည်း ဒါကို တကူးတက ထုတ်ပြောမှာ မဟုတ်ဘူး ..၊ အခု အန်တီ ပြောတာကို ချမ်း ပြောပြလိုက်ပါ့မယ် .."

"အင်း .."

ဒေါ်ချိုသဲ ရဲ့ ရင်ထဲက သယ်ဖာတတွေ ပေါ်လာပြီဖြစ်ကာ သူမ





အလိုရှိနေသည်က ဒါတင်မကသေးဘူးဆိုတာ နောက်ထပ်ပြောဖို့ အားယူနေသည့် မျက်နှာကြောင့် သိသာ၏။

"အခု .. ညည်းဒဏ်ရာက သက်သာသွားပြီလား .."

"ဟုတ်ကဲ့ .."

"အန်တီလည်း လာမလို့ပါ .. သမီး မင်္ဂလာပွဲကိစ္စက ရှိတော့.."

"ရပါတယ် အန်တီ .."

"အင်း .. ဒါနဲ့ ပြောရဦးမယ် ..၊ ခုန ပြောပြီးသားကို ဆက်ပြောချင်တာပါ .. ကိုယ့်လူမမာကြီးကို သူများက ငြိုငြင်နေရင် .. ကိုယ့်ကိုကြားအောင်မပြောတိုင်း နေလို့ရသလောက် နေမယ်ဆိုတာ မကောင်းဘူး ချမ်း .."

"ချမ်း က အဲဒီလိုသဘောနဲ့ နေတာ မဟုတ်ဘူး အန်တီ .."

"အန်တီကလည်း သူများ အဲဒီလိုသဘောပိုက်သွားမှာစိုးလို့ ပြောတာလေ .. သူဌေးနဲ့ ငါတို့ စီစဉ်ကြတုန်းက မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ကြဖို့ပဲ အင်တိုက်အားတိုက်ရယ် .. အခု လူမမာကိစ္စကြောင့် ဘာမှ လုပ်လို့မရဘူး ဖြစ်သွားတယ် ..၊ သူဌေး ဦးမြမော် ဆိုတာ သူ့ခမျာ စိတ်ညစ်လွန်းလို့ ညည်းသလား မမေးနဲ့ .. ဒါပေမယ့် ပြုံးပြုံးရယ်ရယ်ပဲ ဆိုတော့ ဘယ်သိသာမလဲ .."

"အဲဒီတော့ ချမ်း ကို ဘာလုပ်စေချင်လို့လဲ .."

"ကိုယ့်လူမမာ ကိုယ် ပြန်ခေါ်ရမှာပေါ့ .."

"ချမ်း က ပြန်ခေါ်ဖို့ သွားတာပါ .."

"ဟိုက မကောင်းတတ်လို့ တားဆီးလိုက်တာနဲ့ပဲ ပြန်လှည့်လာရသလား ချမ်း ရယ် .."

ဒေါ်ချိုသဲ မျက်နှာက ဝင်လာတုန်းက ဟန်ဆောင်ပြုံးလေးတောင် မကပ်နိုင်တော့ဘဲရှိကာ ...

"သူတို့ ဘယ်လောက် စိတ်ညစ်နေသလဲဆိုတာ ဒီလူမမာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ လာပြုစုပါလို့ ညည်းကို ခေါ်နေပြီမို့လား .. အဲဒါကို စဉ်းစားကြည့် ..''

ချမ်း မျက်တောင်ခတ်နေရင်း ငြိမ်သက်သွားသည်။ ဒေါ်ချိုသဲ ပြောနေသလိုများ ဖြစ်နေမလားဆိုသော တွေဝေခြင်းက ဦးမြမော် ပြောခဲ့တာတွေကို စဉ်းစားမိခြင်းသို့ ရောက်၏။

''ဘိုးဘိုးက မျှော်နေတာ .. သမီးရဲ့ဦးလေးက သမီး ရောက်လာရင် ပြန်လိုက်မယ်ချည်း လုပ်နေတာလေ ..''

ဇည့်ခန်းမှာပဲ ချမ်း ကို တိုးတိုးတိတ်တိတ် ပြောခဲ့တာတွေပါ..။

''သူလည်း လှုပ်ရှားသွားလာလို့ မကောင်းသေးဘူး .. ဆေးရုံ တက်နေဖို့ကျတော့လည်း သူလည်း မနေချင်သလို ဘိုးဘိုးတို့မှာလည်း အဆင်မပြေနိုင်ဘူးလေ ..၊ သူ့အတွက် ဆေးဝါးနဲ့ ဆရာအတွက် ဘိုးဘိုး တို့ အားလုံးကို လိုလေသေးမရှိ စီစဉ်ပေးနိုင်တယ်၊ ဒါပေမယ့် သူ မနေချင်တာရယ် .. သမီးကလည်း ဆေးရုံမှာ လိုက်စောင့်ပေးဖို့ မဖြစ် နိုင်တာရယ် .. ဒါကို ဘိုးဘိုးတို့ ဖန်တီးပေးလို့ မရဘူး ..''

''သူ့ကို ပြန်ခေါ်သွားဖို့ ပြောတာလား သမီး .. အဲဒါက မဖြစ်နိုင် ဆုံးပဲ..၊ ဒီမှာ သမီး လာနေရင် သမီး အပြင်ထွက်နေတဲ့အချိန်မှာ လူမမာ ကို ကြည့်ရှုထားဖို့ ဒီကမိသားစု ရှိမယ် .. သမီး အိမ်မှာဆို လူမမာ တစ်ယောက်တည်း ကျန်ခဲ့ရင် ဘယ်လိုဖြစ်မှာလဲ ..''

''သမီးဆီမှာ ခေါ်ထားဖို့တော့ မဖြစ်နိုင်ပါဘူးကွယ်.. သမီး ဒီမှာ ပဲ လာနေလိုက်ပါ.. ညအိပ်ညနေ ကိုယ့်ဦးလေးကို ပြုစုရမယ် ..၊ ရွာ ကို ထွက်သွားရင် နောက်ကို မပူရတော့ဘူး .. ဘိုးဘိုးတို့ကလည်း ကောင်းလွင် အတွက် စိတ်အေးချင်တယ်လေ ..၊ တခြားတစ်နေရာက လူမမာကို လည်ပင်းရှည် နားစွင့်ပြီး ရင်မောနေရမယ့်အစား မျက်စိ အောက်မှာပဲ မြင်နေချင်တာ ..''

ဦးမြမော် ပြောသွားသမျှတွေမှာ မလိုလားခြင်းကို ဖုံးဖိထားတာ





တွေ ရှိခဲ့သလား ..၊ ဒါမှမဟုတ် မကောင်းတတ်လို့ တားဆီးနေတာတွေ ကို သူမ ဂရုမစိုက်မိခဲ့တာလား ..။

ပြောသမျှကို သူမ မှတ်မိနေသည်။ ထို့ကြောင့် ပြန်တွေးရင်း အဖြေ ရှာမရဘဲ ငြိမ်သက်နေမိလေသည်။

''အလုပ်ရှင်နဲ့ အလုပ်သမား ဘယ်သူမှ ဒီလောက်ထိ ကောင်းခဲ့ တာ မရှိဘူး .. စေတနာသဒ္ဓါတရား ထက်သန်လို့ အလုပ်သမားအပေါ် ပေးကမ်းရက်ရောခဲ့ရင်လည်း လူမမာကြီး ဖြစ်နေတာကို ဆေးပေးမီးယူ ပြုစုပေးဖို့အထိ ဘယ်သူ့ရွှေးမှ စိတ်ရှည်မှာ မဟုတ်ဘူး ..''

''ဟုတ်ပါတယ် .. ဒါပေမယ့် အန်တီ ခု လောလောဆယ် ပြန်ခေါ် လာဖို့တော့ ဦးဦးလွင် အခြေအနေက ဘယ်လိုမှ မဖြစ်နိုင်သေးဘူး..''

''လူမမာဆိုတာ ဆရာ မနိုင် ဆေးရုံ ပြေးတင်ရတာပဲ ချမ်း ရယ်.. ဆေးရုံတင်မယ့်ကားတောင် မစီးနိုင်တော့တဲ့အထိ ညည်းဦးလေး မဖြစ် လောက်ပါဘူး ..''

''ဆေးရုံတင်ဖို့ကို ဦးဦးလွင် ကိုယ်တိုင် လက်မခံတာ ..''

''ပြောင်းဖို့ရွှေ့ဖို့လည်း ကားမစီးနိုင်ဘူး ဆို ..၊ ဒါဆိုရင်တော့.. ကိုကောင်း ရဲ့ရောဂါက သူ့ရွှေးအိမ်မှာ နေချင်တဲ့ ရောဂါများလား ..''

ချမ်း မျက်နှာလေး တင်းသွားသည်။

''အဲဒီတိုက်ကြီးမှာ ဦးဦးလွင် နေချင်ရင် လူမမာလို ပက်လက်ကြီး နေပြဖို့ မလိုဘူး အန်တီချို .. သူ့ရွှေးသမက် ဖြစ် ..''

ဒေါသကြောင့် စကားတွေ မှားမိတော့မလို့ပါ ..၊ လွှတ်ခနဲ ပြောမိ ပြီးမှ ချမ်း ပါးစပ် ပြန်ပိတ်လိုက်သည်။

ဒေါ်ချိုသဲ က ထိုစကားကို သတိထားလိုက်မိတာမျိုး မျက်မှောင် ကုတ်သွားပြီး နားစွင့်နေ၏။ ဒါပေမယ့် ဘာမှ ဆက်မမေးခဲ့ပေ ..၊

''အန်တီချို က ဦးဦးလွင် ကြောင့် မင်္ဂလာကိစ္စ ဆိုင်းငံ့ထားရတာ ကို ပြောချင်တာလား ..''



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အဓိက မဟုတ်ရင်တောင် သူများ ကြည်မှန်း မသိ .. မကြည်မှန်း မသိ .. ညည်းတို့တူဝရီး ပြောမှ သိတာမျိုး ကြုံရမှာစိုးလို့ သတိပေးချင်တာ ..၊ အခု ညည်းက သွားထပ်နေဦးမယ်ဆိုရင် သူတို့က မသိပေမယ့် ငါက ဆွေမျိုးတွေမှန်း သိတော့ မျက်နှာပူတာ .."

"သူတို့ ဘယ်တော့မှ မသိဘူးဆိုရင် အန်တီချို ပူစရာ မလိုဘူး မို့လား .. ချမ်း ကတော့ ဦးဦးလွင် ရဲ့အခြေအနေအရ ဘယ်လိုပုံစံဖြစ်ဖြစ် အဆင်ပြေသလို နေရမှာပဲ .."

အဲဒီလူမမာကိုက သူ့တူမအတွက် ရေရှည်စီမံကိန်းတွေနဲ့ ကြံစည်နေတာဆိုရင် မခက်ဘူးလား ..၊

ကိုယ်လည်း ကောင်းစား .. တူမလည်း ကောင်းစားအောင် ..၊





အခန်း (၂၂)

"ဟား .. ဟား .. ဟား .. ဟား ..."

"မင်းကွာ .. ဟား .. ဟား .. ဟား ..."

"လုပ်မနေနဲ့ ညံ့ .. အားလုံးက သူဖြစ်ချင်တဲ့အတိုင်းပဲ ဖြစ်လာတာ .. လက်ခံလိုက်တော့ .."

ခြံထဲမှာ သုံးယောက် စုဝေးမိကြသည်။ စည်သူ ကတော့ မိန်းမ နိုးသွားပြီးတည်းက အိမ်ထောင်ရှင်ဘွဲ့ ခံယူနိုင်အောင် ကြိုးစား ရုန်းကန် ရင်း နှစ်ဖက်မိဘကြားမှာ ဗျာများနေတုန်း ဖြစ်၏။

"အခု ဆရာမက အိမ်ရောက်လာပြီလား .."

"အင်း .."

ခေါင်းညိတ်လိုက်ပြီး အာလူးကြော် အချပ်လေးတစ်ချပ်ကို တခဲ့ ညှပ်ယူပြီး ပါးစပ်ထဲ ထည့်သည်။ မျက်နှာက ရယ်ချင်နေသေးသည့် မချိုမချဉ်ပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိတော့ မခေဘူး .."

"ဘာလဲ .. မင်းကို ပခုံးချင်းတိုက်ပြီး ဝင်လာတာလား .."

"ဟား .. ဟား .. ဟား ..."

ညဲ က ပခုံးတွေ လှုပ်အောင် ရယ်သည်။

"ဘာလဲ .. ဟုတ်နေလို့လား .."

"မင်း ပြောလိုက်တာကို မျက်လုံးထဲမှာ မြင်သွားလို့ .."

"မဟုတ်ဘူးပေါ့ .."

"တိုက်စရာလားကွ .. ငါ့ကို ပခုံးချင်းလာတိုက်ရင် ငါက ခြေထောက်နှစ်ချောင်း ဆွဲပြီး ..."

"ဟ .."

"အေးလေ .. မကြားဝံ့ မနာသံ .."

"ကိုင်ပေါက်ပစ်မှာကို ပြောတာ ..၊ သူတောင်းစား ပြီးအောင် နားမထောင်ဘူး .."

"ဟား .. ဟား .. ဟား ..."

ဒေါသတွေ ပွက်ပွက်ဆူကြ .. လက်သီးဆုပ်ကြ .. အံကြိတ်ကြနှင့် သူတို့ပဲ ပြင်းပြင်းထန်ထန် တုံ့ပြန်ဖို့ ကြိုးစားခဲ့ကြတာ ..၊ ဒါပေမယ့်...

"ငါ သိပါတယ်.. ဟိုနေ့တည်းက မင်း သူ့မျက်ရည်တွေကို ကြည့်ပြီး အရည်ပျော်သွားတာ .."

"ပြန်စမလာနဲ့ ဟေ့ကောင် .. ဘာမှမဆိုင်ဘူး .."

"ဒါဆို သူ့ကို စက်ဘီးတိုက်သွားမယ့်ကိစ္စ မင်း ကျကျနန လက်ပိုက်ကြည့်နေလိုက်ပါလား .."

"မနေတတ်ဘူး .. ဒီလက်က ..."

"ဟုတ်ပါတယ် .. ရင်ခွင်ထဲအရောက် ဆွဲဆွဲဖက်ပစ်လိုက်တာ နှစ်ခါတောင် .. ဒီလက်က .."

"ဟား .. ဟား .. ဟား ..."





ညဲ စားသောက်နေရင်း တဟားဟား ရယ်ပစ်လိုက်တော့ ပါးစပ်ကို လက်နဲ့သာ ကပ်ပိတ်မထားခဲ့လျှင် တော်တော် ကြည့်ရဆိုးမှာ ဖြစ်သည်။

ဒွန်း က မဲ့ရွဲ့ကြည့်ပြီး ခေါင်းတွေ တညိတ်ညိတ်နှင့် ...

"သဘောတွေ ကျနေရှာတာ .. ပါးစပ်ထဲက သိုလှောင်အစ်တာတွေ ထွက်ကျကုန်ဦးမယ် .. စိတ်ထိန်း .."

"ဟုတ်တယ် .. ငါ သိုလှောင်နေရင် မင်း ဝေတ်မှာစိုးလို့ မင်းဆီ ရောက်အောင် ပို့ပေးမှာ .. ပူမနေနဲ့ .."

ညဲ က သူများကို ပြန်ပြောဖို့လည်း သတိတရရှိတတ်ကာ မျက်နှာက ရယ်လက်စနှင့် ...

"မိန်းကလေးတစ်ယောက်ကို ကိုယ့်မျက်စိရှေ့ ရောက်လာကာမှ ဘယ်လိုလုပ်ရမလဲ ပြော .. နှင်ထုတ်ရမလား .."

"နှင်ထုတ်ရလောက်အောင် မင်းနဲ့ ရှော့စ်ရှိထားတာပဲ .."

"လေးလေးကောင်း မျက်နှာက ရှိသေးတယ်ကွ .. ပြီးတော့ သူ့ကို ဘိုးဘိုးက အထင်တွေစွတ်ကြီးပြီး တအား ဂရုစိုက်တာ မင်းတို့ မသိလို့ .."

"ဟုတ်လား .."

"အေးလေ .. ဒီလိုမျိုး ဝတ်စားပြင်ဆင်ထားရင် လူကြီးတွေက တော့ သဘောကျကြမှာပဲ ..၊ နာမည်က ဘယ်သူ .."

"ရင်ငြိမ်းချမ်း .."

"အင်း .. ငါတို့လည်း ဒီလောက်ထိ ပတ်သက်နေခဲ့တာတောင် နာမည် ဘာမှန်း မသိခဲ့ကြဘူး .."

"သိစရာမှ မလိုတာ .."

ညဲ က တည်တည်တင်းတင်း ပြန်ဖြစ်သွားသည့် မျက်နှာနှင့် ပလတ်စတစ်ခုံပုလေးမှာ ကိုယ်ကို ခပ်လျော့လျော့ မှီချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို နည်းနည်းလောက် ထိခိုက်မိတာနဲ့ ငါ ရင်ဆိုင်ရမယ့် လူတွေက ငါ့ရဲ့ အဓိကလူတွေ ဖြစ်နေတယ် .."

"တော်ပါပြီကွာ .. ငါတို့ကလည်း မင်းကို ထိခိုက်မိအောင် လုပ်ရ သလားဆိုပြီး တင်းသွားကြတာ .. တကယ်တမ်းကျတော့လည်း ဆရာမ ပုံစံက အဲဒီလို ခပ်ရွတ်ရွတ်ပုံစံမျိုး မဟုတ်လောက်ပါဘူး .."

"အေးလေ .. ဟိုနေ့ကလည်း သူ တော်တော် လန့်သွားတာပါ.. မင်းလည်း ဘာမှ အကြီးအကျယ် ထိခိုက်မိတာ မရှိဘဲနဲ့ ထားလိုက်ပါ တော့ .."

ညဲ က ခေါင်းမညိတ် ခေါင်းမခါနှင့် ငြိမ်နေ၏။

"ငါ ထင်တယ် .. သူလည်း ဒီမှာ မင်းရှိမှန်းသိတည်းက နေချင်မှာ မဟုတ်ပါဘူး .."

"နေချင်လား မနေချင်လားတော့ မသိဘူး .. မျက်နှာကတော့ လူကို တည့်တည့်မကြည့်ဘဲနဲ့တောင် လှမ်းမြင်လိုက်တာနဲ့ ကိုယ့်ဆီ ပြုတ်ထွက် မှန်တော့မလား ထင်ရတယ် .."

"ဟား .. ဟား .. ဟား ..."

"မင်းကို အဲဒီကိစ္စ ထပ်မတောင်းပန်ဘူးလား .."

"တစ်ခါမှ မျက်နှာချင်း မဆိုင်ဖြစ်ဘူး .."

"ထမင်းစားတော့ရော .."

"စားတာလည်း မမြင်ပါဘူး .."

"ဟော့ကောင် .. မစားဘဲ နေလို့ရရင်တောင် မသွားဘဲ နေလို့တော့ မရဘူး .. ရေအိမ်မှာ ဆုံမိတာ ဘာညာ မရှိဘူးလား .."

"အပေါ်ထပ်မှာ အခန်းအားလုံး ရေအိမ်ရှိတယ် .."

"ဟမ်!..."

"ဘိုးဘိုးက သူ့ကို ငါ့အခန်းနဲ့ တစ်ခန်းကျော်မှာ ထားတာ.."

"ဟုတ်လား .."





"လေးလေးကောင်း တစ်မျိုးထင်မှာ စိုးလို့ တဲ့ .."

"ဘိုးဘိုးမော် က စိတ်ရင်းကော့ အရမ်းကောင်းတယ် နော် .. အလုပ်ရှင် အလုပ်သမား မခွဲခြားဘူး .."

"မင်းကလည်း ဆရာမရဲ့ဦးလေးက ဘိုးဘိုးမော် ရဲ့လူယုံလို ဖြစ် နေတာပါ ဆို .."

ဒွန်း က ထင်တာကို သက်ရင့် က ဖြေသည်။ ညဲ ကတော့ ဘာမှမပြောပါ။ သို့သော် ...

"ငါ အံ့ဩနေတာ .. သူ့ကို လေးလေးကောင်း ရဲ့တူမ ဖြစ်နေလိမ့် မယ်လို့ လုံးဝကို မထင်ခဲ့တာ .."

"ဒါဖြင့် လေးလေးကောင်း က ချို နဲ့လည်း ဆွေမျိုးပေါ့ .. ဆရာမ နဲ့ ချို က တူဝရီးဆို .."

"တမင်ပြောတာ နေမှာပေါ့ .. ချို ကတော့ ဘာမှမတော်ဘူး ပြောတာပဲ .."

"မဟုတ်ဘူး ညဲ ရာ .. သူကိုယ်တိုင် ချမ်း က သူ့အဒေါ်ဆိုပြီး မင်းကို ရန်တွေ့သေးတယ်မို့လား .."

"ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ စိတ်မဝင်စားပါဘူး .. မင်းတို့ အခု စားသောက်ပြီးမှ ပြန်မှာမို့လား .."

"မင်းက အပြင်မလိုက်ဘူးလား .. အိမ်မှာ လူမမာက တစ်ဖက် နဲ့ ငါတို့က တိုးတိုးတိတ်တိတ် နေတတ်ကြတာလည်း မဟုတ်ဘူး .. ကောင်းပါ့မလား .."

"မဆိုင်ပါဘူး .. လေးလေးကောင်း က အပေါ်ထပ်မှာ .. မင်းတို့ အောက်ထပ်က ဘောလုံးကန်နေတာတောင် သူ သိမှာ မဟုတ်ဘူး .. ငါလည်း လက်က ပြန်နာနေလို့ .."

"ဆရာမကို သတိလက်လွှတ် ဖမ်းဆွဲလိုက်တည်းကမို့လား.. အဲဒီ တည်းက မင်းလက် အခြေအနေ ပြန်ဆိုးနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မို့လား … ဝန်ခံလိုက် …"

ဖြန့်စ်ယောက်စလုံးကို မကျေနပ်သည့်မျက်လွှာတစ်ချက် ပင့်ကြည့်ကာ ညံ့ က ဘာမှမပြော …။

"ငါတို့က မင်းကို နှောက်နေကြတာ မဟုတ်ဘူး… ဒဏ်ရာဖြစ်လာရင် ဘာကြောင့်ဖြစ်တဲ့ဒဏ်ရာလဲဆိုတာ သိမှ အနာနဲ့ဆေး တွေ့မှာပေါ့"

"ဘာက ဘယ်လို စနာမှန်း ငါ့ကိုယ်ငါတောင် မသိဘူး …၊ ဖြစ်တည်းက သက်မှ မသက်သာသေးတာ …"

ပြောလိုက်ကာမှ ဒွန်း မျက်နှာမှာ မကျေနပ်ခြင်းတွေ ပြန်ဖြစ်လာကာ …

"အဲဒါတော့ ဆရာမ တောင်းပန်သင့်တယ် ညံ့ … ပြီးတော့ မင်းအိမ်မှာ လာနေတာ …"

"ဟုတ်တယ် … ဒါတော့ ဖြစ်သင့်တယ် …၊ ပြီးတော့ မင်းဘက်က သူ့ကို ဖားနေဖို့လည်း မလိုတော့ဘူး … ချို က ကိုယ့်ပစ္စည်း ဖြစ်နေပြီ…"

"မဟုတ်တာတွေ လျှောက်မပြောနဲ့ …"

"မဟုတ်သေးတာလေ … ဟုတ်တော့မှာပဲဟာ …၊ သူ့ဘက်မှာ စာမျက်နှာက အလွတ်ကြီး ကြက်ခြေခတ်မလား … အမှတ်ပေးမလား…၊ မင်းဘက်က ကြိုက်သလို ပုံချလို့ ရတယ် …"

ညံ့ က အအေးဘူးကို ထုတ်ယူလိုက်ကာ ….

"သူ့ဘက်မှာလည်း ဘိုးဘိုးတို့ ရှိနေတာပဲ …"

"ဘာလဲ … မင်းက လုံးဝ မီးစိမ်း လွှတ်လိုက်တာလား …"

"စိတ်ကို မဝင်စားဘူး …"

"မဝင်စားလို့ မရဘူး… မင်း ခုထိ လက်ပိုက်နေရတုန်း ရှိသေးတာ…"

"ချို နဲ့ရော ဘယ်တော့လဲ …၊ မင်းတို့က စေ့စပ်မှာလား … တစ်ခါတည်း လက်ထပ်မှာလား …"

"အဲဒါလည်း စိတ်မဝင်စားဘူး …"





"ဒါဆို ဘာကို စိတ်ဝင်စားသလဲ …"

"ဘာမှ မဝင်စားဘူး …"

"မဝင်စားလည်း မရတော့ဘူး ဖိုးညံ့ … ဟိုမှာ ဒေါ်ချိုသဲကြီး ရောက်လာပြီ …"

ခြံထဲမှာ ထိုင်ကြတိုင်း အိမ်ကိုကျောခိုင်းသည့်ဘက်မှာပဲ ညံ့ က ထိုင်တာမို့ သက်ရင့် မျက်လုံးတွေကိုပဲ လှမ်းကြည့်ကာ …

"ချို ပါလာသလား …"

"မပါဘူး … ဒီမိန်းမကြီး မင်းတို့ဆီ တော်တော် အဝင်အထွက် များနေပုံပဲ နော် … ငါတို့ တစ်ခါတလေမှ လာတာတောင် ဆုံမိတာ နှစ်ခါ ရှိပြီ …"

"အရင်တုန်းတည်းက ဒီလိုပဲလား …"

ညံ့ က ခေါင်းခါပြသည်။

"ဘိုးဘိုးနဲ့ အလုပ်ကိစ္စတွေ အပြင်မှာ ပြောဆိုရင်း တွေ့နေကြမှာပေါ့ … အိမ်ကို မလာဖူးပါဘူး …"

"လာချင် လာမှာပေါ့ … မင်းနဲ့ မဆုံဖြစ်တာလားမှ မသိတာ…၊ သူ့ပုံစံက တော်တော် ရင်းနှီးကဲ့လူတွေလိုပဲ …"

"အဲဒါကို မရမက ဖော်ထုတ်ပြီး ဘာလုပ်မလို့လဲ …"

"အကြောင်းရှိလို့ပေါ့ကွ …"

သူငယ်ချင်းရင်းတွေမို့ သက်ရင့် ကလည်း စိတ်ထဲရှိတာကို ပြေးကိုပြောမှာ ဖြစ်သည်။

"ငါ ထင်နေတာ ပြောရရင်တော့ ချို့ အမေကြီးက သဘော်သားကို သမက်ဖမ်းချင်နေတဲ့ သမီးရှင်ပုံစံ ပေါက်နေသလားလို့ …"

"ဟီး … ဟီး …"

ဒွန်း က မုန်းစရာကောင်းသည့် အသံကြီးဖြစ်အောင် တမင်ရယ်သည်။ ညံ့ က စိတ်ဝင်တစား ဖြစ်မလာ …၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘိုးဘိုးကလည်း .. အင်း .."

"ဘာလဲ .. 'အင်း ..'သံကြီးက .."

ဒွန်း က တံတောင်နဲ့လှမ်းတို့ပြီး မေးသည်။ သက်ရင့် က ခေါင်း
ာယမ်းယမ်းနှင့် ...

"ကာယကံရှင်တွေက အေးဆေးဖြစ်နေပြီး လူကြီးတွေက .."

"ဒါတော့ မိဘတွေက စိစဉ်ကြတာကိုးကွ .."

"မဟုတ်သေးဘူး .. ငါ တစ်ခုခုကို သိနေတယ် .."

သက်ရင့် ဟန်ကြီးပန်ကြီး ပြောနေတော့ ညံ့ ရဲ့ မျက်စောင်းနဲ့
အကြည့် ရောက်လာသည်။ သက်ရင့် က ဂရုမစိုက် ..၊

"ငါ သိနေတာကို မင်း မသိပါဘူး ဒွန်း ရာ .."

"အေးလေ .. မသိရင် ပြောပေါ့ .. ဘာလဲ လို့ .."

"ပြောလို့ မရသေးဘူး .."

မရသေးဘူးဆိုပြီး သက်ရင့် မျက်လုံးက ညံ့ ဆီမှာ ဖြစ်ကာ ...

"ချို နဲ့ မင်း ဘာပြောဖြစ်သေးလဲ ညံ့ .."

"ဘာမှ မပြောဖြစ်ဘူး .."

"ဆရာမနဲ့ ဆွေမျိုးတော်မတော် မင်း မေးခဲ့တယ် ဆို .."

"ငါက ဘာလို့ မေးရမှာလဲ ..၊ ပြောရင်းနဲ့ ပါလာတာ .."

"အေးလေ .. အဲဒီ ပြောရင်းနဲ့ဆိုတာတွေ .."

"မသိတော့ဘူး .."

ညံ့ က ဖြောင်ဖြောင်းသည်။ ဒါပေမယ့် သက်ရင့် က ပြုံးမဲ့မဲ့ကြီး
င့် ...

"မင်းနဲ့ ချို အေးဆေးစကားပြောနိုင်တဲ့အဆင့်ထိ အိုခေသွားပြီ
့လား .."

ညံ့ က ချက်ချင်းမဖြေသေးဘဲ အအေးဘူးကို စားပွဲပေါ်မှာချလိုက်
ပည်။ ထိုစဉ် ကောင်မလေးတစ်ယောက် ရောက်လာကာ ...





"အစ်ကိုလေး ဘဘကြီးက အခုလာခဲ့ဖို့ ခေါ်ခိုင်းလိုက်ပါတယ်.."

ကောင်မလေးက ပြောပြီး ပြန်ထွက်သွားသည်။ သူတို့သုံးယောက်
မျက်လုံးချင်း ဆုံသွား၏။

"စပြီး .. ငါတို့ လစ်တော့မယ် .."

"ဘာလို့ လစ်ရမှာလဲ .. ဒီမှာပဲ နေကြ ..၊ ငါ ခဏပဲ .."

ညံ့ ထရပ်လိုက်တော့ ဒွန်း က ရယ်ကာ ...

".. မင်္ဂလာရက်မြတ် လက်ထပ်ဖို့ရက် သတ်မှတ်တော့မည်
ကွယ်.."

သီချင်းကို သူ့ဘာသာ ပြင်ဆင်ဆိုပြီး ရယ်နေ၏။ သက်ရင့် က
ခေါင်းထောင်လာပြီး လည်ချောင်းရှင်းသည်။

".. သတို့သား သတို့သမီး .. လိုက်လျောညီထွေ .."

"ဘုန်း ."

" ... မောင်မယ် တူမကွာ .."

နဖူးကို ဂျာနယ်နဲ့ ပိတ်ရိုက်ခံလိုက်ရသဖြင့် သီချင်းက ဆိုလက်စ
နှင့် တိတ်ကျသွားသည်။ လှည့်ထွက်လာရင်း ညံ့ က ပြုံးနေ၏။

ထို့ပြင် သက်ရင့် ပြောလိုက်တဲ့အသံက နားထဲပါလာသလိုရှိကာ
ပြန်တွေးလိုက်မိသည်။

'ငါ တစ်ခုခုကို သိနေတယ်' .. ဆိုသည့်စကား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဘာ!..."

ချို ရဲ့ ဒေါသသံ ဆောင့်ခုန်ထွက်လာတော့ ညံ့ စီးကရက်သောက် မပျက်ဘဲ ပြုံးသည်။

ပြီးတော့ တိုက်ကြီး၏ မျက်နှာစာ အုတ်ဘောင်ပေါ်မှာ အကျအန မှီထိုင်လိုက်၏။

"နင် မိုက်ရိုင်းလှချေလား ညံ့ .. ခုနကလို ပြန်ပြောလိုက်စမ်းပါ ..၊ အတောင်နှစ်ဆယ်ဝတ် ယောက်ျားကောင်းတစ်ယောက်ရဲ့ ခန့်ညားတဲ့ စကားလုံးတွေကို ထပ်ကြားရအောင် .."

"ဒါဆို နင် မေးတာ လွဲမှားနေပြီ .. ငါက အတောင်နှစ်ဆယ် မပြောနဲ့ တစ်တောင်တစ်ထွာတောင် ဝတ်ဖူးတာ မဟုတ်ဘူး .."

"စကားတတ်တိုင်း ကပ်ဖဲ့ပြောမနေနဲ့ .. မင်္ဂလာကိစ္စကို နင့်ဘက်က သဘောမတူပါဘူး ပြောခွင့်ရလိုက်တာလောက်နဲ့ ငါ့အပေါ် နင် အနိုင်ရသွားပြီ ထင်နေသလား .."





"ထင်တယ် .. ငါ လုပ်ချင်တာ လုပ်ခွင့်ရတယ်လေ .. ငါတို့က ပြိုင်ခဲ့ကြတာမှ မဟုတ်တာ .. အရှုံးအနိုင်ဆိုတာကိုလည်း ဘယ်သူ သတ်မှတ်ပေးဖို့မှ မလိုဘူး .. ငါ သိစေချင်တာ နင်ပဲ .."

ပြောပြီး ခပ်သဲ့သဲ့ ရယ်မိသည်။ ပြီးမှ ...

"ငါက စိတ်ဝင်စားလာပြီဆိုရင် လူသတ်ပွဲကြီး ဖြစ်နေပေ့စေ ရပ်ကြည့်နေချင်တယ် .. အသုဘအိမ်မှာ ငိုနေတဲ့လူတွေ ဖြစ်ပါစေ ရယ်စရာ ကောင်းနေရင် ရယ်မှာပဲ ..၊ အဲဒါ ငါ့ရဲ့ လွတ်လပ်စွာ ပြေးလွှားနေတဲ့ စိတ်ဝင်စားမှုတွေ .."

"လွတ်လပ်စွာ ပြေးလွှားခွင့် ရနေတာပါ ညံ့ ရယ် .. နင့်မိဘက ချမ်းသာတာကိုး .."

"ဟုတ်ချင် ဟုတ်မှာပေါ့ .. ဒါပေမယ့် ငါ့လို လူတိုင်းတော့ မဟုတ်ဘူး ထင်တာပဲ .."

"လူတိုင်း နင့်လောက်မှ မချမ်းသာတာ .."

"တော်တော် လေ့လာထားပုံပဲ .."

"ညံ့ .."

"အင်း .. ပြော .."

"နင် တော်တော် ဘဝင်မြင့်နေတဲ့ပုံပဲ .."

"ထင်လို့ပါ .."

"ငါ ဘယ်တော့မှ နင့်ကို မစဉ်းစားခဲ့တာ မှန်သွားတာပေါ့ .."

"မစဉ်းစားမိအောင် နေခဲ့ရတာ မဟုတ်ဘူးလား .."

"... ... ... ..."

ချို့ အသံ တိတ်သွားတော့ ညံ့ ခပ်ကြိတ်ကြိတ် ရယ်သည်။ ပြီးတော့ စီးကရက်ကို ဖိချေပစ်ကာ ...

"ငါ့ဘက်က ငြင်းပေးပါလို့ နင် ပြောခဲ့ဖူးတာပဲ .. အခု ငါ ငြင်းလိုက်တာ နင် အဆင်ပြေသွားတာပေါ့ ..၊ ယူ အိုခေ .."



www.burmeseclassic.com

www.burmeseclassic.com



"မခေဘူး .. ညံ့ ဆိုတဲ့ကောင် အဲဒီလောက် အောက်တန်းကျမှန်း ငါ လုံးဝကို မထင်ခဲ့တာ ရင်နာလွန်းလို့ .."

"ဒီလိုပဲ မထင်တာတွေ လုပ်တတ်တယ် .."

"ဒါပေါ့.. လူကြီးတွေ ပါလာတော့ နင် အနိုင်ရဖို့ ဖြစ်သွားတာကိုး"

"နီး .. ငါ နင့်ကို ပြိုင်ဆိုင် အနိုင်ကျဲဖို့ လုံးဝ မပါဘူး .. ငါ့ဘက်က သဘာဝအတိုင်း ပေါ့ပါးစွာ ဖြတ်သန်းကြဖို့ပဲ ..၊ ဒါပေမယ့် နင် မရိုးသားတာကိုတော့ စိတ်ဝင်စားတယ် .."

"ဘာ!..."

"နင့်ကို စာသင်နှစ်တွေ ကုန်တဲ့အထိ ဒီကောင် ဖွဲ့နှဲ လိုက်နေပါတယ်ဆိုတဲ့အဖြစ်ကို ရောက်ခဲ့တာလည်း နင့်ရဲ့ မျိုးသိပ်မှုတွေ ဘယ်ထိရှိမလဲဆိုတာကို စိတ်ဝင်စားလို့ ..၊ ငါ့ဘက်က အရာရာဟာ ငါ့ရဲ့စိတ်ဝင်စားမှုနဲ့ပဲ ဆိုင်တယ် .."

"ဩော် .. ငါက နင့်ကို ချစ်နေတယ်ပေါ့ .."

"အတိအကျ သိနေတာ .."

"သေလိုက်တော့ ညံ့ .."

"သေလောက်အောင်တော့ စိတ်မဝင်စားပါဘူး .. အခု နည်းနည်းပါးပါး စိတ်ဝင်စားမိတာက နင့်ရင်ထဲမှာ ဘယ်လိုရှိမလဲ ဆိုတာ .."

"နင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ် .. ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး လူတိုင်းကို အထင်သေးတဲ့ မျက်လုံးနဲ့ပဲ ကြည့်တတ်တဲ့ နင့်လိုကောင်ကို သိပ်ရွံတယ် .."

"ဟား .. ဟား .. ဟား .. ဟား ..."

ညံ့ က ရယ်ပဲ ရယ်နေကာ ...

"နည်းနည်းတော့ လွဲနေသေးတယ် .. ဘာလဲဆိုတာတော့ ကိုယ့်ရင်ဘတ်ထဲကို ပြန်ကြည့်လေ ..၊ ငါ ပြောပြနေရင်လည်း မဟုတ်ဘူးလို့ ငြင်းမှာပဲ ဆိုတော့ .."





"တောက်!..."

ညံ့ ဖုန်းပိတ်လိုက်ပြီး သီချင်းနားထောင်ဖို့ အကျအန ပြန်ပြင်နေရာယူမိလျှင် ...

"အဲဒီနားကျပ်ကို ခဏ ဖြုတ်ထားလိုက်ဦး .."

"ဘိုးဘိုး.. .."

ညံ့ အုတ်ဘောင်ပေါ်က ဆင်းကာ နားကျပ်နဲ့ ဖုန်းကို ဘောင်းဘီအိတ်ထဲ လုံးထွေးထည့်လိုက်၏။ ဘိုးဘိုးမျက်နှာကို မြင်လိုက်တည်းက သိလိုက်သည်။

ရာသီဥတုက မကောင်း ..၊

"မင်း အဲဒီလို ယောကျ်ားလေးသန်စွာ ပြောဆိုနောက်ပြောင်နေရတာတွေ ပျော်နေသလား မြေး .."

"မပျော်ပါဘူး .."

"မင်းကို ကောင်းကောင်း ဖြေနိုင်းနေတာ .."

"ကျွန်တော်လည်း ကောင်းကောင်း ဖြေတာပါ .."

ဘိုးဘိုးထံမှ 'မင်း'တွေ ငါတွေ ပါလာပြီဆို ဒေါသ၏အတိမ်အနက်ကို တိုင်းတာနေစရာ မလို ..၊

ရှေ့ကို တစ်လှမ်းချင်း တိုးလျှောက်လာကာ လက်တစ်ကမ်းလောက်အကွာမှာ ရပ်၏။

"မင်း လူကြီးတွေကို ဘာထင်နေသလဲ ညံ့..၊ ဘိုးအေတစ်ယောက်လုံးရှေ့မှာ မိန်းကလေးရင်ဘက်ကို မင်း ပြောချလိုက်တာတွေ .."

"ကျွန်တော့်ရင်ထဲမှာ ရှိတဲ့အတိုင်း မပြောရဘူးလား ဘိုးဘိုး .."

"မင်းရင်ထဲမှာ ဘာတွေရှိခဲ့သလဲဆိုတာ မင်း ဘိုးအေကို အရင်ပြောပြရမှာ မဟုတ်ဘူးလား .. လူကြီးရှေ့ကျမှ မင်း မိုက်ရိုင်းလိုက်တာကို ငါက မျက်လုံးအပြူးသားနဲ့ ထိုင်ကြည့်နေရတယ် .."

"အဲဒါ မိုက်ရိုင်းတာ မဟုတ်ဘဲ ဘိုးဘိုး .. ကျွန်တော်က ဘိုးဘိုး



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးထားတဲ့ ဒိုင်ယာလော့(ဂ်)တွေအတိုင်း ပြောရမယ့် မင်းသားလည်း မဟုတ်ဘူး ..၊ မြေး ဘယ်လိုသဘောရလဲဆိုလို့ သဘောထဲရှိသလို ပြောလိုက်တာ ..”

“ဟော့ .. ဘယ်လိုသဘောလဲ မေးတာက မင်္ဂလာရက်ကို စောချင်သလား .. အေးဆေး စီစဉ်ပေးရမလား ..၊ ဒါကို မေးတာ ..”

“ကျွန်တော်မှ စိတ်မဝင်စားတာ ..”

“ဘာ!...”

အမြဲတမ်း နူးညံ့နေတတ်သည့် ဦးမြမော် အသံက ကျယ်လောင်စူးရှသွား၏။

ညံ က မျက်လွှာချကာ နဖူးခြစ်လိုက် .. လည်ပင်းပွတ်လိုက်နှင့် ...

“ဒီမိန်းကလေးကို မင်း စိတ်ဝင်စားနေတယ်ဆိုပြီး ငါက ကမ်းလှမ်းခဲ့တာ ..”

“ဘိုးဘိုးက ကျွန်တော့်ကို အရင် မေးလို့လား ..”

“နောက်မှ မေးတာကိုလည်း မင်း ခေါင်းခါလို့ ရတယ် ညံ ..၊ ဒီထိ သေချာသွားမှ ဘာလုပ်တာလဲ ..၊ ဒေါ်ချို့သဲ နဲ့ ငါ မျက်နှာပျက်တာကို ဂရုမစိုက်လို့ ရတယ် .. ကိုယ့်မြေးကို မဆုံးမနိုင်တဲ့လူ ဖြစ်သွားတဲ့ ငါက ..”

“အိမ်ထောင်ရေးနဲ့ပတ်သက်ရင် မိဘတွေ ဒီတိုင်းပါပဲ ..၊ ဘိုးဘိုးသိက္ခာမကျပါဘူး ..”

“အံမာ .. မင်းက ဘိုးအေကို ပြန်နှစ်သိမ့်နေတယ် ဟုတ်လား..”

“ပြောပြတာ ..”

“မပြောနဲ့ .. မင်း ဘယ်လို မှောက်ချီလှန်ချီ ကစားချင်တာလဲ..၊ မိန်းကလေးတစ်ယောက်ရဲ့ အရှက်သိက္ခာကို ထည့်တွက်ရမယ်ဆိုတာ နည်းနည်းမှ နားမလည်ဘူးလား ..”





“သူ့အရှက်သိက္ခာအတွက် ကျွန်တော်က မချစ်ဘဲနဲ့ ယူပြီး ဘာလုပ်ရမှာလဲ ..”

‘ဖျာအောက် သွားသိမ်းထားလိုက်’လို့ ပြောလိုက်ရလျှင် မကောင်းဘဲ ရှိတော့မည်။

ဦးမြမော် ဒီမြေးကို ဘယ်လို စကားနိုင်အောင် ပြောရမှန်း မသိတော့ပါ ..။

တစ်ဦးတည်းသော မြေးလေးမို့ အပြစ် ဘယ်လောက်ကြီးကျယ်ပါစေ မျက်နှာလေး မြင်လိုက်တာနှင့် ဒေါသတစ်ဝက်ပြေပြီး ဖြစ်နေကာ ဘယ်လိုတင်းထားလို့မှ မရ ..။

ခက်တော့ ခက်ပါပြီ ..၊

“မင်းနဲ့ မိန်းကလေးက ချစ်သူတွေမဟုတ်ကြဘဲ သူ့ဓာတ်ပုံ ရိုက်ယူထားတဲ့အထိ ဘာလုပ်တာလဲ .. ပြော ..”

ခုမှ ပြန်စမေးနေသည်။ ညံ မျက်နှာ ရှုံ့တွတွဖြစ်သွားပြီး ဆံပင်တွေ ဆွဲဖွ၏။

“ကမ်းလှမ်းထားပြီးပြီလို့ ပြောတော့ ကျေနပ်တာကရော အဲဒါဘာတွေလဲ ..”

“ဘိုးဘိုးက ဒီဓာတ်ပုံကိုပဲ တွေ့လို့ပါ ..၊ အဲဒီလိုပုံတွေ ကျွန်တော့်မှာ အများကြီး ရှိတယ် ..”

“ဘာ!...”

“ဘာတစ်ခုမှ ကျွန်တော် သိမ်းမထားဘူး .. အဲဒီပုံ ရှိနေသေးမှန်းတောင် မသိခဲ့တာကို ..”

“ဒါဆို မင်း ကျေကျေနပ်နပ် လက်ခံခဲ့တာကရော ..”

“အဲဒါ ..”

ညံ စိတ်ညစ်ရဆုံးအချိန်ကို ကြုံဖူးပြီ ဖြစ်၏။

ဘိုးဘိုး ဘယ်လောက်ထိ မေးခွန်းတွေ ထုတ်နေမှာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မျက်ဝန်းထောင့်မှာ အရိပ်လေးတစ်ရိပ် ဖြတ်ဝင်လာတာ မြင်လိုက်ရပြီး …

"ဘဘမော် .. ချမ်း ဒီနားထိ တက္ကစီခေါ်လိုက်လို့ ရရဲ့လားဟင်.."

"ဟော .."

ဦးမြမော် အာရုံတွေက ချမ်း ဆီ လုံးလုံးလျားလျား ရောက်သွားခဲ့၏။ သူ လှည့်ကြည့်လိုက်တော့ ချမ်း နဲ့ သူ မျက်လုံးချင်း ဆုံသွားသည်။

သူမကပဲ ဖျတ်ခနဲ ပြန်လွှဲ၏။

ဘာဖြစ်ဖြစ် ဒီအချိန်လေးမှာ ကျေးဇူးရှင် …၊

"ရတယ် သမီး ခေါ်လိုက်လေ .. ပစ္စည်းတွေ ရွှေ့လာတာလား.."

"ဟုတ်ကဲ့ .. ကတ်ထူပုံးလေး တစ်လုံးတည်းပါ .."

ဦးမြမော် လှည့်ထွက်သွားတာနှင့် ည က အုတ်ဘောင်ကို လွှားခနဲ ကျော်၍ အပြင်ကို ခုန်ချလိုက်၏။ ပြီးတော့ ကားပါကင်နေရာဆီသို့ ဦးတည်သည်။

ဘိုးဘိုးနဲ့ ဒီနေ့ ပြန်မဆုံဖြစ်ဖို့အတွက် …၊





အခန်း (၂၄)

"ခေါက် .. ခေါက် .."

တံခါးခေါက်သံကြောင့် ချမ်း ကိုယ်လေး မတ်သွားသည်။

ခေါက် ဆွဲပြုတ်ပန်းကန်က စားလက်စနှင့် လက်ပ်တော့ပ် ရှေ့မှာ …၊ ပါးစပ် တလှုပ်လှုပ် .. လက်က အငြိမ်မနေ ဖြစ်နေရသည့် ကိုယ့်အဖြစ်ကို ပြန်ငုံ့ကြည့်မိကာ အသံပေးဖို့လည်း ချက်ချင်း သတိမရ …။

"ခေါက် .. ခေါက် .."

"ဟင် .."

"မမလေး .."

"ဟင် .. ခဏလေး .."

ခေါက်ဆွဲပန်းကန်ကို အပြင်က ရုတ်တရက်ကြည့်လို့ မမြင်ရလောက်သည့်နေရာနားထိ ရွှေ့ပစ်လိုက်ပြီးမှ တံခါးသွားဖွင့်ရ၏။

အခန်းရှေ့မှာ မိန်းကလေးတစ်ယောက် ရပ်နေကာ …



www.burmeseclassic.com

www.burmeseclassic.com



"မမလေးကို ညစာစားဖို့ ဆင်းခဲ့ပါတဲ့ .. ဘဘကြီး ခေါ်ခိုင်းလိုက်လို့ပါ .."

"ဟင်!..."

ငဲရုတ်သီးစပ်လို့ ရှုံ့မဲ့ဖြစ်နေဆဲ နှုတ်ခမ်းကို အမှတ်တမဲ့ လက်ခုံလေးနဲ့ ပြန်ကပ်လိုက်မိ၏။ ဒီမိန်းကလေးကို သူမ သိပါသည်။ သူ့ဈေးမိတ်ဆက်ပေးနေတုန်းက နာမည် ..၊

စဉ်းစားလိုက်မှ ပေါ်လာ၏။ သူမနာမည်က အေးခိုင် ..၊

"ဩော် .. အေးခိုင် နော် .."

"ဟုတ်ကဲ့ .."

"တို့ စားခဲ့ပြီးပြီ သိလား ..၊ အဲ့ဒါ .."

"မမလေးကို ခု ဆင်းလာခဲ့ပါလို့ ပြောလိုက်တာ ..၊ ဘဘကြီး ထမင်းဝိုင်းမှာ စောင့်နေတယ် .."

"နေဦး .."

အေးခိုင် လှည့်ထွက်သွားတော့မှာကို ကမန်းကတန်း တားလိုက်မိသည်။

ထမင်းဝိုင်းဆိုတော့ ညံ ရှိနေနိုင်သလား ..၊ မေးချင်ပေမယ့် မေးလိုက်ရင်လည်း မကောင်း ..။

သူ့အိမ်မှာ လာနေပြီး မျက်နှာချင်းမဆိုင်မိအောင် အခန်းအောင်းနေခဲ့ရတာက ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ ..၊ သူ့ဒဏ်ရာ ကိုယ့်ကြောင့်ဖြစ်ခဲ့ရတာ သိသိကြီးနှင့် မတောင်းပန်ဘဲ နေရတာ စိတ်က မလုံ ..။

ဒါပေမယ့် တောင်းပန်ရလောက်အောင်လည်း ဒီကောင်လေးကို ဘယ်လိုမှ ပြောချင်ဆိုချင်စိတ် မရှိဘဲ ဖြစ်နေမိသည်။ ဒီပုံစံနဲ့ မျက်နှာချင်းဆိုင်မိကြရင် ဘယ်လိုလုပ်မလဲ ..။

"အေးခိုင် .. ဟိုလေ .. ဦးဦးလွင် နားမှာလို့ ပြောပေး နော် .. တို့ ခုပဲ .."





"ဘဘကြီးကိုယ်တိုင် ဘဘကောင်း ကို လာကြည့်သွားပြီးပြီ .. ဘဘကောင်း အိပ်နေတာကို သိတယ် မမလေး ရဲ့ .."

"သိတယ် .."

ချမ်း အခန်းထဲကနေ ဘယ်ကိုမှ မထွက်ချင်မှန်း အေးခိုင် ဆိုသည့်ကောင်မလေးကလည်း နားလည်နေပုံ ပေါ်ကာ ...

"ဘဘကြီးက သဘောကောင်းပါတယ် မမလေးရဲ့ .. ကြောက်လို့လား ဟင် .."

ခေါင်းပဲ ခါပြလိုက်မိကာ ဦးဦးလွင် အခန်းကိုတော့ လှမ်းကြည့်လိုက်မိသေးသည်။

လူမမာ အိပ်ပျော်သွားမှ သူမ ဒီဘက်ပြန်ကူးလာပြီး ခေါက်ဆွဲပြုတ် လုပ်သောက်နေတာပါ ..။

ဒါဆို ဦးဦးလွင် ကို ဘဘမော် ကိုယ်တိုင် လာကြည့်သွားသေးတယ်ပေါ့ ..၊ နောက်ဆုံးတော့ စပ်လို့ နီရဲနေသည့်နှုတ်ခမ်းတွေကို ပတ်(ဖ်)လေး နည်းနည်းရိုက်ပြီး အရောင်ဖျော့အောင် ကြိုးစားရသည်။

ပြီးမှ ထွက်လာခဲ့လိုက်၏။ ထမင်းစားခန်းကျယ်ကြီးကို ခြေချလိုက်တာနှင့် မြင်လိုက်ရတာ ညံ မျက်နှာကြီးက တန်းခနဲ ..၊

"လာ .. သမီး လာ .. ဘိုးဘိုးတို့က ထမင်းဝိုင်းမှာ လူများများနဲ့ စားချင်တာ .."

ဦးမြမော် က နဖူးကဆံပင်တွေ အကုန် သိမ်းလှန်ဖြီးထားသဖြင့် နဖူးပြောင်သလိုရှိပေမယ့် ခန့်ညားသော ဥပဓိရုပ်ကို ပို၍ ပေါ်လွင်နေစေ၏။

ထောင့်ချိုးညီ၍ ထူပြည့်ပြည့်နှုတ်ခမ်းတွေမှာ အပြုံးတွေ အမြဲရှိနေတတ်တာက စိတ်ထားဖြူ၍ သဘောကောင်းတာကို ဖော်ပြနေသလိုပင် ..၊

ချမ်း ကတော့ အေးချမ်းနေသည့် ထိုမျက်နှာကို မမြင်နိုင်ပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မျက်ဝန်းလွှဲ၍ ဆက်ဝင်လာခဲ့ရပေမယ့် မှုန်ကုတ်ကုတ်ကြည့်နေသည့် ညံ့ မျက်နှာကြီးက စိတ်အာရုံမှာ ကပ်ပါနေသည့်ဖြစ်ရာ ..၊

"ထိုင် .. သမီး ထိုင် .."

"မထိုင်တော့ဘူး ဘဘမော် .. ဟို .. ချမ်း အပြင်က စားလာခဲ့လို့ပါ .."

"ဘိုးဘိုးမော် သိတယ် .. ဒါပေမယ့် စားပြီးခဲ့တာကို ထားလိုက်ပြီး အခု စားနိုင်သလောက် ထပ်စားပါဦး .."

"ရှင်!..."

"ဘိုးဘိုးတို့က မိသားစုဝင်လည်း သိပ်မရှိဘူး .. ကောင်းလွင်ကလည်း ရောက်လာတည်းက စားဖို့တစ်ခုကလွဲရင် ကျန်တာ အားကိုးပါ ဆိုတာမျိုး ..၊ ခု ထပ်ပြီး နေထိုင်မကောင်းဖြစ်သွားတော့ ဘိုးဘိုး မျှော်လင့်သလို ထမင်းဝိုင်းမှာ လူတိုးမလာတော့ဘူး .."

ပြုံး၍ ပြောနေသည့် ဦးမြမော် မျက်နှာကိုပဲ ကြည့်နေရပေမယ့် ညံ့ ဘယ်လိုမဲ့ရွဲ့ကြည့်နေပြီလဲဆိုတာကို မျက်ဝန်းထောင့်က သိနေသဖြင့် စကားသံတွေမှာ စိတ်က မပါလိုက် ပါလိုက် ..၊

"ဒေါ်ရီ သမီးအတွက် လုပ်ပေးလိုက်ပါ .."

"ဘဘမော် .."

ချမ်း တစ်ခုခုပြောဖို့ ပြင်လိုက်ပေမယ့် ဦးမြမော် က ခေါင်းခါပြသည်။

"သမီးက ဒီအိမ်နဲ့ စိမ်းနေလို့ပါ .. ဘိုးဘိုးတို့ မြေးအဘိုးနဲ့ ကောင်းလွင် က ဆွေမျိုးထက် ပိုရင်းတဲ့ ဘစိမ်းတွေလို့ ပြောရင် ရတယ် ..၊ ဘိုးဘိုးရဲ့မြေးရော .. ကောင်းလွင် ရဲ့တူမရော .. ဘိုးဘိုးတို့ အတွက်ကတော့ ကိုယ့်မြေးသားလေးတွေပဲ .."

ဒေါ်ရီ က ထမင်းပန်းကန်ကို လှန်၍ ထမင်းခပ်ထည့်ပေးခြင်း.. ဟင်းတွေဖြည့်၍ လိုအပ်တာမှန်သမျှကို လုပ်ကိုင်ပေးနေသည်။





ချမ်း ကတော့ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ကျွေးတာမွေးတာတွေကို မတို့ မထိရဲခဲ့ဘဲ ညံ့ ဆီ မျက်လုံးမရောက်အောင် ထိန်းချုပ်နေရတာလည်း တစ်ဒုက္ခ ..။

ကိုယ့်ရှေ့က လူနှစ်ယောက်သည် တစ်ယောက်က စေတနာဖြူစင်စွာဖြင့် စားပါသောက်ပါလို့ တည်ခင်းကျွေးမွေးနေကာ တစ်ယောက်ကတော့ တုတ်တစ်ဖက် ဓားတစ်ဖက်ကိုင်၍ 'ထိရဲ ထိကြည့် .. နိူက်ရဲရင် နိူက်ကြည့်လိုက်စမ်း ..'လို့ ကြိမ်းဝါး တားဆီးနေသည့်အလား..။

သူများအိမ်မှာနေဖို့ ညည်း ဆုံးဖြတ်ဦးလေ ရင်ငြိမ်းချမ်း.. ဘယ်လိုအိမ်မျိုးလဲ ..၊ ဘယ်သူ့အိမ်လဲဆိုတာ မစုံစမ်း မဆင်ခြင်ဘဲနဲ့ ..၊

"စားလေ သမီး .."

"ဟုတ်ကဲ့ .."

"အိမ်မှာ ဘိုးဘိုးက အသီးအရွက်ပဲ စားတယ် ..၊ ညံ့ က အစပ်မကြိုက်ဘူး .. ချဉ်ရည်ဟင်း စားရင်လည်း ဗိုက်အောင့်တတ်တယ်.."

ပြောပြနေရင်း ဦးမြမော် က ပြုံးနေကာ ...

"အဲဒီတော့ ထမင်းပွဲက သိပ်တော့ ဆွဲဆောင်မှု မရှိဘူး သမီးရဲ့.. သမီး စားချင်တာကို ဒေါ်ရီ နဲ့ ကောင်မလေးတွေကို ကြိုက်တဲ့အချိန် လုပ်ခိုင်း .. ကြိုက်တာကို ပြောပြထား .."

"ဟုတ်ကဲ့ပါ .."

"ထမင်းစားပွဲက ဘဲဥပုံ အကြီးကြီးပေမယ့် ဦးမြမော် က ထိပ်ဆုံးမှာထိုင်ကာ ညံ့ က ဦးမြမော် ရဲ့ဘယ်ဘက်မှာ ဖြစ်၏။ ချမ်း က ဒီဘက်နှစ်ခုံကျော်မှာမို့ ညံ့ နဲ့ မျက်နှာချင်းဆိုင် မကျတကျ ..၊

ဘယ်လိုမှ လွှဲဖယ်မလွယ်သည့်မျက်နှာကို ဟင်းပန်းကန်တွေဆီ ပို့ထားရတော့ ခုမှ စားခွင့်ရလို့ အငမ်းမရ ကြည့်ရှု ငေးမောနေသည့် အငတ်တစ်ယောက်လိုလို ..၊

ဘာပုံစံဖြစ်နေနေ မတရာ်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေက ပုစွန်ဟုပ်ကြီးကိုတောင် လှလှပပ မဟုတ်ဘဲ တုံးတစ်ထားတာ ဖြူဖြပ်ဖြူလျော် ...။

ကြက်သားကြော်ကလည်း အိမ်မှာ ပြင်ဆင်သည့် ထမင်းပွဲနဲ့ မတူဘဲ ဟိုတယ်တွေမှာ မြင်ရတတ်သည့် ကြက်သားလုံးကြော်လိုမျိုး လောက်စာလုံးလောက် လုံးလုံး ဝါဝါလေးတွေ ...။

ပဲပင်ပေါက်ပဲပြားကြော်ထားတာလေးကတော့ စားချင့်စဖွယ် ဖြစ်ကာ ပဲကြာဆံချက်ထားတာက ပဲဝါလေးတွေမို့ ချမ်း ချက်ချင်း မျက်လုံးလွှဲဖြစ်၏။ ပြီးတော့ ထမင်းတွေပဲ ပါးစပ်ထဲထည့်မိလျှင် ...

"စားလေး သမီးရဲ့ .. ဘာဟင်းမှလည်း မနှိုက်ဘူး ...၊ ကြိုက်တာမပါလို့လား .."

"လက်ကျိုးနေတာကိုး .."

"မြေး .."

"အဟွတ် .. အဟွတ် .. အဟွတ် ..."

ချမ်း ထမင်းတွေ လမ်းကြောင်းလွဲကုန်ကာ မျက်နှာလေး တစ်ဖက်လှည့်ပစ်ပြီး ချောင်းဆိုးလို့ မပြီးနိုင် ...၊

ဦးမြမော် မျက်နှာကြီး တင်းသွား၏။

"မြေး ဘယ်လိုပြောလိုက်တာလဲ .."

"ဒီမှာလေ .."

ညံ က ခုချိန်ထိ ပတ်တီးမဖြေရသေးသည့် သူ့လက်ကို မြင်အောင်ပြသည်။ တကယ်က ချမ်း ကို မြင်စေချင်တာဖြစ်ကာ ကိုင်ထားသည့် ဇွန်းကိုပါ ချထားလိုက်ပြီး လက်ကို ပွတ်သပ်နေကာ ...

"ကျွန်တော့်လက် ကျိုးနေတာပဲ ဘိုးဘိုးရာ.. အဲဒါကြောင့် ဘိုးဘိုး ထည့်ပေးထားတာတွေပဲ စားရတာ .. ဒီမှာ လှမ်းနှိုက်လို့ မရတာကို ကြည့် .."

"အဲဒါ .. မင်း ..."





ဦးမြမော် မျက်နှာပြင်ပါ နီးမြန်းလာ၏။ ညံ ဘယ်လိုလုပ်ချလိုက်တာကို သိနေသဖြင့် ချမ်း ကို အားနာလို့ မဆုံး ...၊

"သွား .. ဟိုမှာ ရေ ထခပ်ပေးလိုက် .."

"ကျွန်တော်ကလား .."

"မြေး .. ဘိုးဘိုး ပြောနေတာ နော် .."

"ရ .. ရပါတယ် .. အဟွတ် .. အဟွတ် .."

ချမ်း ကိုယ့်ဘာသာ ရေခပ်သောက်ရင်း အပေါ်အာခေါင်ထဲမှာ ထမင်းစေ့တွေ ဝင်နေသလိုကြီး ခံစားနေရတာကို ဘယ်လို ပြန်ထွက်လာရအောင် လုပ်ရမှန်း မသိ ...။

ဖျတ်ခနဲ အကြည့်ရောက်သွားတော့ ညံ က ဒဏ်ရာနဲ့ လက်ကို ပင့်ပြသည်။ ဦးမြမော် လှည့်ကြည့်လိုက်တာနှင့် လက်ပြန်ရုပ်ပြီး ရှုံ့မဲ့သွားတာ ချက်ချင်း ...၊ ထို့ပြင် ...

"ဒီမှာ တကယ်ကျိုးနေတာကို .. ကျိုးနေပါတယ် ပြောတာ .."

"မြေး .."

"သူ့ကြောင့် ကျိုးတာလို့ ပြောနေတာ ကျနေတာပဲ .."

"မြေး .. တော်စမ်း .."

ဘာဟင်းမှလည်း မနှိုက်ရဲ ...၊ ဆက်လည်း မျိုမချရဲတော့ဘဲ ရှက်သည့်စိတ်သည် ဒေါသထက် ပိုကဲလာရင်း ချမ်း မျက်ရည်တွေလည်၏။

နောက်ထပ် မျက်လုံးချင်းဆုံတော့ မျက်ရည်တို့ဖြင့် ပြည့်နေသော ထိုမျက်ဝန်းတို့ဖြင့် ကတိပေးမိသည်။

နင့် ထမင်းကို နောင် ဘယ်တော့မှ မစား ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"လုံးဝ ကင်းကင်းပြတ်ပြတ်နေလို့တော့ ဘယ်ရမလဲ သမီးရယ်.."

တိုက်တွန်းမယ့်ပုံရှိပေမယ့် ဦးဦးလွင် အသံက ညည်းညူနေတာနှင့်တူကာ ညှိုးမှိုင်နေသည့်မျက်နှာကလည်း တော်တော် စိတ်ဆင်းရဲသွားပုံပါ ..။

"ဦးလည်း သမီး ဒီမှာ မစားမသောက်ဘဲ ဦးအတွက်ပဲ လာနေပေးချင်တာ ဖြစ်တဲ့အကြောင်း .. အဲဒါလည်း သမီးဘက်က အားနာနေတာဖြစ်ကြောင်း .. ဦး ပြောပြထားပါတယ်၊ ဒါပေမယ့် သူ့ဘက်က ငါ့သမီး ပြန်စဉ်းစားကြည့်ပါဦး .."

"လုံနေပါ ဦးဦးလွင် ရယ် .. ချမ်း နားထောင်နေပါတယ် .."

"ရတယ် .."

ဦးကောင်းလွင် မျက်နှာ ခပ်ချောင်ချောင်က အပြုံးအရယ် နည်းပါးနေသည်မို့ ပို၍ သေးကျုံ့သွားသလိုရှိကာ ချမ်း က လက်ပြင်လိုက်ပေမယ့် လက်ကာပြီး ခေါင်းခါသည်။





သူ့ဘာသာ ခေါင်းအုံးပေါ် တိုးတက်ပြီး ကိုယ်ကို ခပ်လျှောလျှော ပြင်ထိုင်ကာ ...

"သမီး အသေအလဲ အားနာပါတယ်ဆိုတဲ့ ဦးရဲ့ ဆေးဖိုးဝါးခတွေ .. ဦးတို့တူဝရီးရဲ့ ဒီမှာနေထိုင်မယ့် စရိတ်စကတွေဆိုတာ သူ့တွက်သလို မိသားစုစိတ်နဲ့မတွက်ဘဲ ဦးတို့က တမင်တကာ စည်းခြားစိမ်းကားနေတာနဲ့ တူမနေဘူးလား .."

"မိသားစုစိတ်ဓာတ် ထားရအောင် ချမ်း နဲ့ ဘယ်တုန်းက ရင်းနှီးခဲ့လို့လဲ ဦးဦးလွင် ရယ် .. ပြီးတော့ ချမ်းသာတဲ့လူနဲ့ ဆင်းရဲတဲ့လူ.."

"သမီးနဲ့ မရင်းနှီးခဲ့ပေမယ့် ဦးနဲ့ ဘယ်လိုပတ်သက်နေကြတာ သမီး သိနေတာပဲ ..၊ ဦးအတွက်ပဲ သမီး ဒီကိုလာခဲ့တာလေ ..၊ သူ့ဘွေးက သမီးကို ဦးတူမလေးဆိုပြီး ဦးကို သံယောဇဉ်ထားသလို သူ ရင်းနှီးတာ .."

ချမ်း လက်မခံနိုင်ဘူးဆိုတာ ဦးကောင်းလွင် ကလည်း သိနေသည်။

ဒီမှာလာနေပါမည်လို့ ပြောတုန်းကတော့ သူ့အတွက် စိုးရိမ်နေတာပဲလား မသိပါ ..။

ချမ်း ပုံစံလေးမှာ ဒီလောက်တောင် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားတာမျိုး မရှိခဲ့ပေ ..၊

ထို့ကြောင့် မျက်နှာပျက်နေသော ချမ်း ပုံစံလေးကို သေချာ အကဲခတ်နေမိရင်း ...

"သမီးအတွက် ဒီလောက် ခက်ခဲနေရင် ဦး မပြောတော့ပါဘူး..၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ် သမီး .."

သူ့မအတွက် ထွက်ပေါက်တစ်ခုခု ဖြစ်နိုင်သဖြင့် ချမ်း မျက်နှာလေး မော့လာသည်။

ဦးကောင်းလွင် က ပင့်သက်ရှိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးတို့ ကြည့်ကောင်းအောင် ဦး ဘာသာ ပြောလိုက်ပါ့မယ်..၊ သမီး တိုက်ခန်းမှာပဲ ပြန်နေပါ .."

"ဟင်!..."

ချမ်း တအံ့တသြ ဖြစ်သွားသည်။

"ဦးလည်း သက်သာနေပါပြီ .. မကြာခင် သမီးဆီ ပြန်ပြောင်းလာလို့ ရလောက်မှာပါ ..၊ ဒါမှမဟုတ်ရင်လည်း ကိုယ့်မြို့ကို ပြန်နိုင်ရင် ပြန်မယ် .."

"ဦးဦးလွင် .. ဦးဦးလွင် ချမ်း ကို စိတ်ဆိုးသွားတာလား ဟင်.. ချမ်း ဘာမှားသွားလို့လဲ .."

ဦးကောင်းလွင် က ချမ်း ရဲ့လက်ခုံလေးတစ်ဖက်ကို ခပ်ဖွဖွပုတ်၍ ခေါင်းခါပြသည်။

"ငါ့သမီးကို ဦးက ဘာ့ဖြစ်လို့ စိတ်ဆိုးရမှာလဲ ..၊ ဒါကြောင့် သမီး စိတ်ကျဉ်းကျပ်နေတာကို သိသိနဲ့ ဦး ဖြစ်စေချင်သလို မတိုက်တွန်းချင်တာပေါ့ .. သူဌေးကို အားနာမိသလို သမီးစိတ်ကိုလည်း နားလည်တယ် .."

"မဟုတ်ဘူး .. ဦးလွင် ချမ်း ကို စိတ်ဆိုးသွားတာ .."

"မဟုတ်ဘူး သမီး .. ဒါပေမယ့် လူကြီးဆိုတာ ဖြစ်လာမှာကို ကြိုတွေးရတယ် ..၊ သမီး စိတ်ကောက်သွားရင် ဦးက ချော့မော့ ဖျောင်းဖျလို့ ရတယ် .. သူဌေး စိတ်ဆင်းရဲမှာကျတော့ ဦး ဘာမှ မတတ်နိုင်ဘူး .."

"ဦးလွင် ရယ် .. ချမ်း က ..."

"ဟုတ်တယ် .. သမီးနဲ့ဆိုရင် ဒီအိမ်က အရမ်း စိမ်းသက်နေပါတယ် .. ဒါပေမယ့် သမီးက လာမကြည့်ပါနဲ့ပြောလည်း ဦးဆီကို လာနေမှာပဲဆိုတာ သိတယ် ..၊ အဲဒါကြောင့် သူဌေးပြောသလိုဆို အဆင်ပြေနိုင်တယ်ထင်ပြီး သမီး ဒီကိုပြောင်းလာဖို့ ခေါ်ခဲ့မိတာ .."





"အဲဒါတွေ ချမ်း နားလည်ပါတယ် ဦးဦးလွင် ရယ် .. ဘာဘမော်ကိုလည်း ချမ်း ခင်မင်လို့ ရပါတယ်၊ ဒါပေမယ့် ..."

'ကျွေးရင် စားပါ .. ပေးရင် ယူပါ .. စားအိမ်သောက်အိမ်လို ရင်းနှီးပါ' ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ..။

"သူ့ကြောင့် ကျိုးတာလို့ ပြောနေတာ ကျနေတာပဲ .."

အံကြိတ်ထားသော ခပ်မှုံမှုံမျက်နှာနှင့် အကြည့်စူးစူးတို့ဖြင့် လက်သီးပုန်းထိုးခဲ့သော ခြိမ်းခြောက်စကားတွေကို သူမ မမေ့နိုင် ..၊

ကိုယ်ကပဲ သူ့ကို လက်ကျိုးအောင်လုပ်ခဲ့ပြီး မျက်နှာပြောင်ပြောင်နဲ့ အိမ်ပေါ် တက်နေသလိုလို ..၊

"ဒီမှာ ချမ်း နေလို့ ရပါတယ် .. ဦးဦးလွင် အေးမှာ အလုပ်ထိုင်လုပ်လို့ ရတယ် .. ညညဆို မအိပ်မချင်း အနားမှာ နေလို့ ရတယ် ..၊ တစ်ရေးနိုး ညမှုညတာလည်း လိုအပ်တာလေး ပြုစု လုပ်ကိုင်ပေးနိုင်တယ် .. ဒါပေမယ့် သူတို့နဲ့ ထမင်းတစ်ဝိုင်းတည်း စားဖို့ကတော့..."

"အဲဒါကပဲ အကျည်းတန်စေတာ သမီး .."

ကိုယ် အကြောက်ဆုံးအရာက အရေးကြီးဆုံး ဖြစ်နေခဲ့သည့် အဖြစ်..၊

"သမီးကို သူဌေးက လူနာပြုစုဖို့ နာ့စ်ငှားထားတာမှ မဟုတ်ဘဲကွယ် .."

ချမ်း မျက်နှာလေး ငယ်သွား၏။

"အဲဒီလိုဆိုရင်တောင် သူဌေးအနေနဲ့ ဦးအတွက် သူနာပြုတွေ အများကြီး ငှားပေးနိုင်တာပဲ ..၊ ကိုယ်က အားနာနေတာပေမယ့် အိမ်ရှင်ကို စော်ကားသလိုဖြစ်နေရင် မကောင်းဘူး.. သူဌေးက သမီးအကြောင်း ဦး ပြောပြတည်းက ကြိုးစားတတ်တဲ့ သမီးရဲ့အသိစိတ်ဓာတ်ကို ချီးကျူးနေခဲ့တာ .. ဒါကို ဆုံးရှုံးခံလို့တော့ မဖြစ်ဘူး .."

"ဟင်!... ဘယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



"သမီးဘက်က ရှိင်းသလို ခံစားမိသွားမှာ ဦး အဖြစ်မခံနိုင်ဘူး…၊ အဲဒီတော့ …"

"နေပါဦး … ဟိုလေ …"

ချမ်း ကတိပေးဖို့ပေမယ့် ဆွံ့အနေမိသည်။

သူမ အဲဒီလောက်ထိ လူတောမတိုးတဲ့သူ မဟုတ်ပေ …၊ ဒါပေမယ့် ည နဲ့ သူမ ရှိခဲ့တဲ့ မပြေသေးသော နှောင်ဖွဲ့ခြင်းက အမုန်းဖြင့် စတင်ခဲ့သော …၊

"ပြောလေ သမီး … သမီး ခက်ခဲနေတာ ဘာကိုလဲ …"

"မဟုတ်ပါဘူး …"

ချမ်း ဘာမှမပြောနိုင်ခဲ့ပါ …၊ ဒါပေမယ့် ဦးဦးလွင် ကို ထားခဲ့ပြီး သူမ ဘယ်မှ မသွားနိုင်ပေ …။

ကိုယ် ဖြစ်ချင်သလို ဖြစ်ခွင့်မရတော့လည်း ဖြစ်လာတဲ့အတိုင်း…။





အခန်း (၂၆)

ရေကူးကန်က ဝရန်တာရဲ့အောက်ဘက်မှာမို့ ငုံ့ကြည့်လိုက်တာနှင့် ရေကူးနေကြတာကို မြင်ရသည်။

ဦးဦးလွင် အတွက် ပျားရည်နဲ့ဆေးမှုန့် နယ်ပြီး ဆေးလုံးလေးတွေ သေချာလုံးနေရင်း အောက်က ဆူညံသံတွေ ကြားလိုက်ရသဖြင့် ငုံ့ကြည့်လိုက်မိ၏။

ည နဲ့ သူငယ်ချင်း နှစ်ယောက်ကို မြင်လိုက်တာနှင့် ချက်ချင်း ပြန်နောက်ဆုတ်မိကာ ဆေးလုံးနေသည့်လက်လေးတွေပါ လှုပ်ရှားမှုတွေ ရပ်တန့်သွားခဲ့၏။

မနက်တည်းက သူတို့ ခုထိ မပြန်ကြသေးတာ ဘယ်အချိန်ထိ ဆက်နေကြမှာလဲ …၊

"ယောကောင် မင်းက ရေဆင်းမကူးနဲ့လေ … ဘိုးဘိုးမော် ကိုတော့ မသက်သာသေးဘူး ပြောထားပြီးတော့ …"

"ရတယ် … ဘိုးဘိုး တော်ကြာ အပြင်သွားတော့မှာ …"



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေကြောင့် မသိမသာလေး ခေါင်းပြူကြည့်မိပြန်၏။ ညံ့ က ရေထဲမှာ ကိုယ်ဖော့ထားပြီး လက်ကို ကွေးချီဆန့်ချီ လုပ်ပြနေကာ ...

"မြင်သွားလည်း လေ့ကျင့်နေတာလို့ ပြောလိုက်မှာပေါ့ .."

ဘုရား!...

ကိုယ့်ကို ညံ့ မြင်သွားသလား ...၊

မဖြစ်နိုင်ဘူး ...၊

ငါ ဒီမှာရှိနေမှန်း ညံ့ မသိပါဘူး ...၊

ကိုယ့်ဘာသာ မေး၍ ကိုယ့်ဘာသာ ဖြေနေမိသည်။

ပြီးတော့ ဆေးလုံး သေးသေးကွေးကွေးလေးတွေ လုံးနေရင်း လက်က ခုနကလို အရွယ်ညီသည့်ဆေးလုံးလေးတွေ မဆုပ်နိုင်တော့ဘဲ ဖြစ်လာသည်။

မဟုတ်သေးပါဘူး ...၊ ဒီလောက်အရွယ်ဆို ဦးဦးလွင် ဘယ်လိုလုပ် အလွယ်တကူ မျိုချလို့ ရမလဲ ...။ သတိဝင်လာပြီး ကိုယ့်ဘာသာ ရေရွတ်ရင်း ဆေးလုံးကို ပြန်ဖြဲ ပြန်လုံး ...၊

"တောက်!..."

စိတ်တွေ ရှုပ်ထွေးရလွန်းတော့ ကိုယ့်အဖြစ်ကို နာကျင်လာမိရင်း တက်ခေါက်မိတဲ့အထိ ...၊

သူမ တစ်သက်နဲ့တစ်ကိုယ်မှာ ဒီလောက်ထိ ရှက်ရွံ့သိမ်ငယ်ရတာမျိုး တစ်ခါမှ မရှိခဲ့ဖူးပေ ...။

မချမ်းသာပေမယ့် ကိုယ့်အရည်အချင်း .. ကိုယ့်ခွန်အားနဲ့ကိုယ် ရပ်တည်နိုင်ခဲ့တာ ဘယ်ပတ်ဝန်းကျင် .. ဘယ်လိုအသိုင်းအဝိုင်းမှာဖြစ်ဖြစ် မျက်နှာငယ်ခဲ့ရတယ်ဆိုတာ မရှိ ...။

ခုကျမှ ဖြစ်သင့်သော အကြောင်းအမျိုးမျိုးကြောင့် မဖြစ်ချင်တာတွေကို ရင်ဆိုင်ဖို့ ကြိုးစားနေရသည်။





ဒါတွေဟာ မိမိဘာသာ ကွယ်ဝှက်ဖျောက်ဖျက်ချင်ခဲ့သော အမှန်တရားတစ်ခုကြောင့် ဖြစ်သည်။

ထိုအမှန်တရားသည် ညံ့ ကို သူမ ရင်ဆိုင် တောင်းပန်ဖို့ ...၊

သူမအတွက် အနေကျုံ့ခြင်း၊ သိမ်ငယ်ရခြင်းတို့သည် ညံ့ ကို ရင်မဆိုင်ရဲခြင်းကြောင့်သာ ဖြစ်သည်မို့ ...၊

ဟုတ်တယ် ...၊

ဆုံးဖြတ်ချက်နှင့်အတူ အလုပ်ကို လက်စသတ်လိုက်သည်။ ဆေးလုံးလေးတွေ ပူးတွဲမသွားအောင် ငြိမ်ငြိမ်သက်သက်လေး လေသလပ်ခံပေးလို့ရသည့် အနေအထားနှင့် နေရာချလိုက်၏။

ပေကျံနေသည့် လက်ဖဝါးလေးကို ဒီတိုင်း ဖိဆုပ်ထားရင်း နေရာမှ ထရပ်လိုက်ကာ ဒွန်း တို့နှစ်ယောက် ပြန်သွားပြီး ညံ့ အထဲဝင်လာမည့်အချိန်ကို စောင့်ဖို့ စဉ်းစားမိ၏။

ညံ့ ကို သူမ တောင်းပန်လိုက်မည် ...၊

ထိုကိစ္စ ပြီးမြောက်သွားပြီဆိုလျှင် ညံ့ မျက်နှာ ဘာဖြစ်နေနေ...၊ ကိုယ့်ကို ကြည်ကြည် မကြည်ကြည် နောက်ထပ် မြင်တွေ့ရရင်လည်း ဘာစ်ပတ် .. ဆယ်ရက် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

နောက်ဖေးဝရန်တာမို့ ခပ်သေးသေးပဲဖြစ်ကာ ရေကူးကန်ဆောင် တစ်ဖက်က ဝရန်တာအောက်မှာ အရိပ်ခိုသလို ရှိနေတာ ဖြစ်သည်။

ရေကန်ထဲမှာ လူတွေပျောက်သွားကြပြီး စကားသံတွေကို ကြား နေရတုန်းမို့ ချမ်း အိမ်ထဲ ပြန်ဝင်ကာ ဝရန်တာအောက်ကို မြင်ရသော ပြတင်းတံခါးတစ်ခုကနေ ချောင်းကြည့်ဖို့ ကြိုးစား၏။

သူငယ်ချင်းတွေရှေ့မှာတော့ မတောင်းပန်နိုင်သည်မို့ ညံ့ ရေကန် စပ်မှာ ရှိနေသေးတာသိပေမယ့် ပြန်ကူးဦးမှာလား ...၊ ပြီးသွားပြီလား ဆိုတာ သိချင်သည်။

ပြတင်းပေါက်ကနေ ချောင်းကြည့်လိုက်ကာမှ သူတို့ဘာသာ မြော ရင်း ရယ်မောနေကြသည့် မျက်နှာတွေက သူမရှိရာကို ပြိုင်တူ လှမ်း ကြည့်လာကြ၏။

ချမ်း ဆတ်ခနဲ ပြန်ကွယ်လိုက်ရကာ ရင်တွေပန်းတွေ တုန်သွား ၏။





ဘာဖြစ်လို့ ခုကျမှ အသည်းအသန် ဖြစ်နေတာလဲ ချမ်း ...၊ သူ ဝင်လာရင် တောင်းပန်လိုက်လို့ ရတာပဲ ...၊ ရင်တုန်ရတာတွေ များလာ တော့ ကိုယ့်ဘာသာ စိတ်တိုမိသည်။

ဒါပေမယ့် ဝင်လာတဲ့အထိ စောင့်မနေနိုင်ပါ ...၊ ဒွန်း တို့ ပြန်သွား ကြသည့်ကားသံ ကြားလိုက်တာနှင့် သူမ အပြင်ကို ထွက်လာခဲ့သည်။

ညံ့ ဝင်လာပြီလားလို့ မျက်လုံးကစားပေမယ့် နောက်ဖေးထွက် လာခဲ့တဲ့အထိ မတွေ့ရဘဲ နောက်ဆုံး ရေကန်ဘောင်ပေါ်မှာပဲ ကုတ် တစ်ဘူးနှင့် ထိုင်နေတာ မြင်လိုက်ရ၏။

ကြွေပြားတွေပေါ်မှာ ခြေတစ်ဖက်ဆင်း၍ ဒူးတစ်ဖက်ထောင်ကာ ဒဏ်ရာမရှိသည့်လက်နှင့် နောက်ပြန်ထောက်ရင်း လျော့ရိလျော့ရဲ ထိုင် နေတာမျိုး ...၊

ဖြူဝင်းနေသည့် ကျောပြင်ကျယ်ကို နောက်မကျတကျ ခပ်စောင်း စောင်းကနေ မြင်နေရ၏။ ပြီးတော့ ထောင်ထားသည့် ဒူးတစ်ဖက်နှင့် နီးစပ်ရာ ဖြူဝင်းသည့် အသားစိုင်တွေက ဒီတိုင်း ...၊

ချမ်း ရဲ့ခြေလှမ်းတွေ တဖြည်းဖြည်း ရပ်တန့်မိမတတ် တုံ့နှေးသွား ခဲ့၏။

တောင့်တင်းကြံ့ခိုင်သော ယောကျ်ားတစ်ယောက်၏ ရေစိုဝတ်နှင့် ပစ်စလက်ခတ်နေချိန်မျိုးမှာ သူမ မသွားသင့် ...။

ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။

သို့သော် ဒီနေ့ ပြဿဒါးဆိုတာ ပြက္ခဒိန်မကြည့်မိခဲ့သည့်အဖြစ် က ...

"ဒုတ် .."

"အား!..."

ပြန်လှည့်ဖို့ မျက်နှာလွှဲလိုက်ကာမှ ခေါင်းပေါ်တည့်တည့်ကိုလွင့် ချ ကျရောက်လာသည့် ကုတ်ဘူးခွံကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!..."

"အား .. သေပါပြီ .."

ညံ့ လှည့်ကြည့်လိုက်ကာမှ မြင်ကာ ကမန်းကတန်း ထပြေးလာ၏။

ပြီးတော့ လိမ့်ကျသွားသည့်ဘူးခွံနဲ့ ခေါင်းကိုအုပ်ပြီး ရှုံ့မဲ့နေသော ချမ်း ကို တစ်လှည့်စီ ကြည့်ကာ ...

"ခင်ဗျားကို ပစ်တာ မဟုတ်ဘူး နော် .. လုံးဝကို မမြင်တာ .."

"မင်း!..."

ပူထူနေဆဲရှိသော ငယ်ထိပ်ကို အုပ်ကိုင်ရင်း ချမ်း မကျေမနပ် ကြည့်သည်။ ညံ့ က မျက်မှောင်ကုတ်၍ ပခုံးတွေ တွန့်၏။

"မယုံလည်း မတတ်နိုင်ဘူး .. ဟိုမှာ အမှိုက်ပုံး ...၊ အဲဒီထဲကို ဟိုနားကနေ လှမ်းပစ်နေကျ .."

ဟိုမှာဆိုတော့လည်း ခေါင်းကို ဖိကိုင်ထားရင်း ချမ်း တကယ် လိုက်ငုံ့ကြည့်မိသည်။

အမှိုက်ပုံးကတော့ မဟုတ်ပါ ...၊ ပန်းပင်မရှိတော့သည့် မြေကြီး တစ်ဝက်နှင့် အိုးဟောင်းတစ်လုံး ဖြစ်သည်။

အိုးထဲမှာ အအေးဘူးခွံ နှစ်လုံးကတော့ တကယ်ရှိနေပေမယ့်...

"တကယ်ပစ်လိုက်တာ ဟုတ်ဟုတ် မဟုတ်ဟုတ် မင်း ပစ်လိုက်တဲ့ဘူးခွံနဲ့ ငါ့ကို ထိသွားတာတော့ မှန်နေတာပဲမို့လား .."

"အဲဒီတော့ ဘာလုပ်ပေးရမလဲ .."

"ငါ့ကြောင့် မင်း လက်ကျိုးခဲ့တာနဲ့ ကျေပြီပေါ့ .."

"ဘာဗျ!..."

သူက ခါးထောက်ပြီး ရှေ့တိုးလိုက်သည်။ ထိုအခါကျမှ ရေကူး ဘောင်းဘီ စိုကပ်ကပ်နှင့် အဝတ်ဗလာနဲ့ သူ့ခန္ဓာကိုယ်ကို သတိရကာ ချမ်း ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်သည်။





"နေစမ်းပါဦး .. ဒီဘူးခွံကြောင့် ခင်ဗျားခေါင်းမှာ ဘူးသီးလုံး လောက် အဖုသီးကြီး ထသွားသလား .. ထသွားရင်လည်း ပြစမ်းပါ.."

သူ ရှေ့ထပ်တိုးလာမှန်း သိကာ ချမ်း ကလည်း ရှေ့တစ်လှမ်း ထပ်တိုး၏။ ထိုအခါ ရှေ့နောက်တန်းစီပြီး ကန်ဘောင်ပေါ်မှာ လမ်း လျှောက်နေကြသလို ဖြစ်နေခဲ့၏။

"ငါ့ခေါင်းတောင်မှ ဘူးသီးလောက် မရှိတာ ဘူးသီးလောက်ဖုသီး က ဘယ်လိုလုပ် ထွက်မလဲ ...၊ ငါပြောချင်တာက မင်းကိုလည်း ငါ တမင်လုပ်ခဲ့တာ မဟုတ်ဘူး .."

"သိနိုင်မလား .."

"ဘာလို့ မသိနိုင်ရမှာလဲ ...၊ ငါ အဲဒီနေ့က ..."

စိတ်လိုက်မာန်ပါ မျက်နှာချင်းဆိုင်မလို့ လှည့်လာပြီးမှ ဖျတ်ခနဲ ကျောခိုင်းပြန်လျှင် ညံ့ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပြီး သဘောပေါက် သွား၏။

ထို့ကြောင့် ခပ်ချဉ်ချဉ် မဲ့ပြုံးနှင့် ...

"ပြောလေ .. အဲဒီနေ့က ဘာဖြစ်လဲ .."

"ငါ ယူမောင်းတဲ့ကားက ဘရိတ်မကောင်းလို့ ပလက်ဖောင်းနဲ့ တိုက်မိ.. ရပ်ထားတဲ့ လမ်းကြိတ်စက်ကြီးကို တိုက်မိနဲ့ ငါလည်း ခေါင်း ကွဲခဲ့တာပဲ .."

ညံ့ ခဏတော့ စဉ်းစားပေးပုံ ရှိကာ ...

"မသိဘူး .. ကျွန်တော် လက်ကျိုးတာ ခင်ဗျား မြင်ပေမယ့် ခင်ဗျား ဖြစ်တာတွေကို ဘာမှမြင်ရတာ မဟုတ်ဘူး .."

"မင်း အဲဒီလို ကပ်ဖဲ့မပြောနဲ့ .."

ချာခနဲ လှည့်လိုက်သဖြင့် ဆံနွယ်ဖျားတို့ ဝေ့ခနဲ ခါထွက်သွား သည်။ ပြီးတော့ ရှက်ဖို့တွေ ကြောက်ဖို့တွေကိုပါ မေ့လျော့သွားခဲ့ လျက်...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောပြော မင်း ဒီလိုမျိုးတွေ ပြောနေမှာပဲ ဟုတ်လား .."

"ဟုတ်တယ် .."

"အခု ငါက ဒီကိစ္စအတွက် တောင်းပန်တယ်ဆိုရင်လည်း မင်းက မကျေနပ်ဘူးပဲ ပြောဦးမှာ ထင်တယ် .."

"ဘာလဲ ..၊ တောင်းပန်တာလား .."

ချမ်း တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးတော့ ဟားခနဲ မျက်နှာလှည့်ပစ်ပြီး လှောင်ရယ်သံနှင့် ...

"တောင်းပန်မလို့တဲ့ကွာ .. ခတ်ပုံရိုက်ထားရမှာ ဒီပုံစံကို .."

"အခု မတောင်းပန်တော့ဘူး .."

"ချက်ချင်းပါလား .."

"ဟုတ်တယ် .. ထပ်ပြောချင်တာက ယောက်ျားလေးဖြစ်ပြီး မင်းစိတ်ဓာတ်ကို ဒီ့ထက် နည်းနည်းလောက် မြင့်ကြည့်ဖို့ပဲ .."

"အမြင့်ရောက်ရင် လေတိုက်တယ် .. မြင့်တိုင်း ကောင်းတာ မဟုတ်ဘူး .."

"မြင့်မားဖို့ မရှိတဲ့လူတွေ ပြောတဲ့စကားပါ .."

စူးရဲသည့်အကြည့်တို့ ဆုံစည်းသွားကြ၏။

ဒီတစ်ခါ အနီးကပ် ကြည့်မိခြင်းမှာ ဘယ်သူက ဘယ်လောက်ထိ ရန်လိုနေမှန်း မသိနိုင်ပေမယ့် ပတ်ဝန်းကျင်ကို မေ့လျော့ကာ စူးစူးရဲရဲ..၊

"အခု မင်းအိမ်မှာ ငါရှိနေတာ ငါ့ဦးလေးကို ငါ့အင်အားနဲ့ ဆေးမကုနိုင်လို့ မဟုတ်ဘူး .."

"အဲဒီတော့ .."

"စားစရာမရှိ နေစရာမရှိလို့ မဟုတ်ဘူးဆိုတာလည်း မင်း နားလည်စမ်းပါ .."

"ဟား .. ဟား .. ဟား ..."

"ရင်ငြိမ်းချမ်း က ကိုယ်ပိုင်တဲ့နေရာဟာ မီးခြစ်ဘူးလောက်ဖြစ်





ဖြစ် ..ကြွက်တွင်းလောက်ဖြစ်ဖြစ် ကိုယ့်ရဲ့ပိုင်ဆိုင်မှုကိုပဲ တန်ဖိုးထားတယ်လေ ..၊ တခြား ဘာကိုမှ မော့ငေးပြီး စိတ်ကူးမယဉ်တတ်ဘူး.."

"အဲဒါတွေကြောင့် ဂုဏ်ပြု ချီးမြှင့်ပေးရဦးမှာလား .."

"မိန်းမတစ်ယောက်ကို နိုင်ကွက်နင်းပြီး အနေခက် အစားခက်အောင် မင်း မလုပ်ပါနဲ့ ..၊ ငါ ဒီမှာနေနေတာ ငါ့ဘက်က လိုအပ်ချက်တစ်ခုခုကို ဖြည့်ဆည်းဖို့ လုံးဝ မဟုတ်ဘူး ..၊ အေး .. ငါပြောတာ ကျောတယ်ထင်ရင် မင်း အခွင့်အရေးရှိတဲ့အတိုင်း လုပ်လိုက် .."

ညံ့ မျက်မှောင်ကုတ်သွားသည်။ ချမ်း က နှုတ်ခမ်းပါးလေးတွေကို မဲ့၍ ...

"ငါ လွန်တာ မှန်ပေမယ့် ဒါ မတော်တဆဆိုတာ ငါ့လိပ်ပြာ ငါ သန့်တယ် ..၊ ခု မင်းကို လာတွေ့တာ တောင်းပန်ဖို့လည်း မှန်ပေမယ့် မကျေနပ်ဘူးဆိုရင်လည်း မင်းကို ငါ ဒီစကားတွေ မျက်နှာချင်းဆိုင် ပြောလိုက်ရတာနဲ့ပဲ ဒါကို အဆုံးသတ်မယ် .."

ပြောပြီး ချမ်း က နောက်ပြန်လှည့်ဖို့ ခြေလှမ်းပြင်၏။

"ငါ့ဘက်မှာ ချစ်စရာ မုန်းစရာအကြောင်း ဘာမှမရှိသလို ဒီအိမ်မှာ နေခွင့်ရရေး မရရေးကလည်း အရေးမပါဘူး ..၊ မင်း ကြိုက်တဲ့နည်းနဲ့ ကြိုးစား .. မြန်မြန်ထွက်သွားရလေ ကြိုက်လေပဲ .."

အားပါးတရကြီး ပြောလိုက်နိုင်တာကို ကျေနပ်သွားမိသည်။

ထို့ကြောင့် သေချာ မှဲ့ပစ်လိုက်ပြီးမှ လှည့်ထွက်ခဲ့မိတာ ချာခနဲ..၊ သို့သော်...

"အား!..."

ခြေထောက်တစ်ဖက်သည် ပျစ်ချွဲချွဲအရည်တွေပေါ် ထိထိမိမိ ကျ၏။

ကိုယ်ကို ဘယ်လိုမှ ထိန်းလို့ မရတော့ဘဲ ...

"ဝုန်း .."



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲကို ပက်လက်အတိုင်း ပစ်ကျသွားတာ ခေါင်းထဲမှာ မီးပွင့်သွားသည်။

"အား!... ရူး .."

သူမ ရေကူးတတ်သည်။

ဒါပေမယ့် စွပ်ခနဲ မြုပ်ဆင်းသွားသည့် အရှိန်နောက်မှာ ဘယ်လိုမှ ပြန်ရုန်းထလို့ မရခဲ့ပေ ..။

ဝတ်ထားတာက စကတ်ထဘီဖြစ်သည့်ပြင် ခေါင်းထဲမှာ ပူထူ မူးဝေနေသည်။

သူမ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမသိဘဲ ရေပြင်ပေါ် ပြန်ကူးတက်ဖို့ မရအရ ရုန်းကန်ခဲ့၏။

"ဝုန်း .."

ည ရေထဲကို ခုန်ချလိုက်တာ သိလိုက်သည်။ ပြီးတော့ သူမရှိရာကို ကူးလာနေ၏။

ပြီးတော့ .. သူ ..၊





အခန်း (၂၈)

"ဘာဖြစ်တာလဲ ည .. အဲဒါ မြေး တစ်ခုခု ..."

"မဟုတ်ပါဘူးဆို ဘိုးဘိုးရာ .. ဒွန်း တို့ ဆော့ထားကြတဲ့ ဆပ်ပြာရည်တွေ ဘောင်ပေါ်မှာ တင်နေတာ ..၊ သူ ချော်သွားမှ ကျွန်တော် သတိရတာ .. ကျွန်တော် ဘာမှမလုပ်ဘူး .."

ဦးမြမော် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဒေါသနဲ့ ကရုဏာ လုံးထွေးကာ ဘာကို ဘယ်လိုပြောရမှန်းလည်း မသိ ..။

"မကောင်းဘူး မြေးရယ် .. ဒါ ဒီလောက်ဖြစ်သွားတာ မကောင်းဘူး၊ ပြီးတော့ မင်း ဘာပြောပြော မင်း အဲဒီမှာရှိနေတာကို ဘိုးဘိုး မကြိုက်ဘူး.. ချမ်း နဲ့ မင်း တစ်ခုခု ဖြစ်နေကြတာ..၊ ဒါကြောင့် အဲဒီမှာ နှစ်ယောက်စလုံး ရှိနေတာ .."

ဘိုးဘိုး ဒါကိုပဲ ထပ်ခါထပ်ခါ ပြန်မေးရင်တော့ ငြိမ်ခဲ့သမျှတွေ ပေါ်တော့မှာပါ ..၊ ဝေသွားခဲ့လျှင် ချို နဲ့ ဘယ်တုန်းတည်းက ငြိမ်းတာတွေ .. ချမ်း ဘယ်လိုပါလာခဲ့တာတွေ ..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ကျိုးတဲ့ ပြဿနာတွေပါ တောက်လျှောက် ပေါ်လာနိုင်၏။

ပေါ်လာမှာကို ဂရုမစိုက်ပေမယ့် ချို နဲ့ ငြိမိခဲ့သည့်အကြောင်းက အရှည်ပြန်ဖြစ်လာဖို့လည်း ရှိသေးသည်။

ရည်စားစကား တွင်တွင်လိုက်ပြောပြီး သူမကို ပိုင်ဆိုင်ရတော့မည်ဆိုတော့မှ 'ဟင့်အင်း' ငြင်းခဲ့တာ ဘာကြောင့်လဲမေးရင် ဘယ်လိုဖြေမလဲ ..။

"ညဲ .."

"ဗျာ .."

"ချမ်း နဲ့ မြေးတို့ တစ်နေရာမှာ သိခဲ့ကြတယ်မို့လား ..၊ မြေးဘက်က ချမ်း ကို မကျေနပ်စရာ တစ်ခုခု ရှိခဲ့တာမျိုးနဲ့ပေါ့ .."

လည်လိုက်ပါသည့် ဘိုးဘိုး ..၊

တည့်တည့်ကြီး မေးလိုက်သဖြင့် ညဲ ခေါင်းကုတ်မိလေသည်။ ပြီးတော့ ထိုလက်က နဖူးခြစ်မိလိုက်၊ ဘောင်းဘီအိတ်ထဲ ရောက်လိုက်နှင့် ...

"ဘိုးဘိုး သိထားသင့်တယ် ထင်တယ် .. မြေး ဘာဖြစ်လို့ ဒီလိုတွေ လုပ်နေတယ်ဆိုတာ .."

"ဟာ .. အဲဒါတော့ မဟုတ်ဘူး ဘိုးဘိုး ..၊ သူ့ကို ကျွန်တော်ဘယ်လောက်မုန်းမုန်း ထိပ်ပေါက်ခေါင်းကွဲ ဖြစ်လောက်အောင် .."

ပြောနေရင်း စကားထဲက ပါသွားတော့ ဦးမြမော် မျက်မှောင်ကုတ်သွားသည်။ ညဲ က ချက်ချင်း သတိထားမိကာ ...

"မဟုတ်ဘူး .. မုန်းတယ်ဆိုတာက ရှင်းအောင်ပြောပြတာ ..၊ ကျွန်တော်တို့ ဘာမှ .."

"လုံးဝ မသိခဲ့ဘူးပေါ့ .."

ညဲ မျက်နှာ တစ်ချက်ပျက်သွားသည်။ ပြီးမှ ...





"သိတယ် .. သူ့ကို သင်တန်းမှာ မြင်နေတာပဲဟာ .."

ဦးမြမော် ခေါင်းညိတ်သွားသည်။ ဒီလောက်ဆို နားလည်ပြီ ဆိုသည့်သဘော ..၊

"သူက ဆရာမ ဖြစ်လာတယ် .. မင်းက ထောင့်မကျိုးဘူး ဆိုတော့ .."

"အဲဒါလည်း မဟုတ်ဘူး .. သူက သပ်သပ် .. ကျွန်တော်တို့တခြား .."

"ဒါဆို ဘိုးဘိုး မေးတော့မယ် .. မင်း အမှန်အတိုင်း ဖြေတာ မဖြေတာကို သူများပြောတဲ့စကားနဲ့ပဲ ချိန်ထိုးရမှာပဲ .."

ဘယ်သူ ဘာပြောလိုက်တာလဲဆိုသည့်မေးခွန်း ညဲ မျက်နှာမှာ ပေါ်သွားသည်။

ဦးမြမော် က စိုက်ကြည့်ကာ ...

"မြေးနဲ့ ချို့ ကိစ္စ ပြဿနာဖြစ်ပြီးကြတော့ ဒေါ်ချိုသဲ နဲ့ ထပ်တွေ့ဖြစ်တယ် .."

ပြန်တွေးကြည့်တော့ ခရီးသွားဟန်လွှဲ တွေ့ပုံမျိုးပေမယ့် ကိုယ်သွားလာနေကျလမ်းမှာမို့ ဒေါ်ချိုသဲ တမင်စောင့်နေတာမှန်း သိသာပါသည်။

"ဦးကောင်းလွင် လည်း နာတာရှည်မယ့်ပုံပဲ နော် .. ဒါပေမယ့် တစ်ယောက်ကတော့ အဆိုးထဲက အကောင်းပါပဲ .."

"ဒါတွေဖြစ်သွားတာ ဦးမြမော် ကို ကျွန်မ အရမ်းကို အားနာပါတယ်ရှင် .."

ကိုယ်ပြောမည့်စကားတွေကို ဒေါ်ချိုသဲ က ပြောလိုက်တော့ တော်တော် အံ့ဩသွားမိသည်။ ဒါကို ဒေါ်ချိုသဲ ကပဲ ပြန်ရှင်းပြသွားသေးသည်။

"ဒီလိုပါ .. သမီးချို က မိဘစကားကို နားထောင်ပါတယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ထောက်ထားစရာရှိနေပေမယ့် ကျွန်မစကားကို မပယ်ရှားဘဲ ဒါကိုလည်း ဖွင့်မပြောဘူးလေ ..”

“တကယ်တော့ ဆရာမ ချမ်း နဲ့ ချို နဲ့က သူငယ်ချင်းဆိုလည်း ဟုတ်တယ် .. ဆရာတပည့်ဆိုလည်း ဟုတ်တာပဲ ..၊ ညံ့ က သမီးချို ကို သဘောကျပြီး ရင်းနှီးဖို့ ကြိုးစားတယ် .. ဆရာမက ကာကွယ်တယ် ..၊ ဒီကောင်လေး ရည်းစားများတယ် .. မိုက်ရိုင်းတယ် ဘာညာပေါ့.. သမီးကလည်း ကျေးဇူးတင်ခဲ့တာပါ..၊ အဲဒီတုန်းကတော့ စေတနာပါတာလည်း ဟုတ်ရင် ဟုတ်မှာပေါ့လေ .. နောက်ကျတော့ ညံ့ က လည်း သူ့ကို နှောင့်ယှက်တဲ့လူအဖြစ် ဆရာမချမ်း ကို မကြည်တော့ဘူးတဲ့ .. သူတို့ချင်းက အဲဒီမှာ မတည့်ခဲ့ကြတာ ..”

ဦးမြမော် က ခေါင်းညိတ်ရုံသာ ... ဦးမြမော် က ခေါ်ချိုသဲ စကားတွေထဲက တချို့ကိုပဲ ပြောပြကာ...

“အဲဒီထိ မှန်ရဲ့လား မြေး ..”

“ဖြစ်ခဲ့ကြတာကတော့ မှန်တယ်လို့ ပြောနိုင်တယ် ..၊ ဒါပေမယ့် ဒီတိုင်း မဟုတ်သေးဘူး”

ဦးမြမော် မျက်ခုံးတွေ တွန့်သွားသည်။

“ဘိုးဘိုးတို့ လိုရင်းကိုပဲ သွားနေကြတာ ..”

“ကျွန်တော်လည်း လိုရင်းကိုပဲ ပြောတာပါ ..”

“ဒါဆို မဟုတ်တာက ဘာလဲ ..”

“ဘိုးဘိုးပြောတာ မပြီးသေးဘူးမို့လား ..”

“အင်း ..”

ဦးမြမော် တစ်ခုခုကို တွေးရင်း ညံ့ ရှေ့ကနေ လှည့်ထွက်သွားပြန်သည်။ လေးငါးလှမ်းလောက် သွားနေပြီးမှ ခြေစုံရပ်၍ ...

“မပြီးသေးပေမယ့် ချမ်း နဲ့ပတ်သက်တဲ့ အပိုင်းတွေကိုတော့ မင်းကို ဘိုးဘိုး မပြောချင်သေးဘူး .. ကြားစကားဆိုတာလည်း မေတ္တာထားပြီး ပြောကြတယ်လို့ ရာဇဝင်မှာ မရှိသေးဘူး ..”





ညံ့ က ပြုံးလိုက်သည်။ ဒါပေမယ့် ချဉ်တူးတူး အပြုံးမျိုး ..၊

“ဆိုတော့ ဘိုးဘိုး ကြားထားတာတွေကို ဒီဘက်နားမှာ ထားထားတယ် ..၊ အခု မြေးကို မေးချင်တာက ချို နဲ့ပတ်သက်ပြီး ချမ်း အပေါ်မှာ ဘယ်လောက်ထိ မှန်းခဲ့သလဲ ဆိုတာပဲ ..”

“သူ့ကို မှန်းနေတယ်ဆိုတာလည်း မဟုတ်ဘူး .. အဲဒါက ချို နဲ့ ပတ်သက်တယ်ဆိုတာလည်း မှားတယ် ..၊ ဘာကြောင့် မှားတယ်မှန်တယ်ဆိုတာကိုလည်း ကျွန်တော် ပြောရင် ဘိုးဘိုး လက်ခံနိုင်မှာမဟုတ်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရင်ဘတ်က ထူးဆန်းနေတာ ထင်တယ် ..”

ညံ့ က သူများ နားလည်သည်ဖြစ်စေ.. မလည်သည်ဖြစ်စေ ခံစားရတဲ့အတိုင်းပဲ ပြောဖို့ ရည်ရွယ်ကာ ...

“အခု ဘိုးဘိုးကို သူများပြောတာတွေက ဖြစ်ရိုးဖြစ်စဉ်တွေအတိုင်း ခန့်မှန်းပြီး ကျွန်တော့်ကို ဝေဖန်တာတွေ ..”

“ဘာတစ်ခုမှ မဟုတ်ဘူးပေါ့ ..”

“ဟုတ်တယ် .. ဒါပေမယ့် သူတို့ထင်တာတွေ ဟုတ်ချင် ဟုတ်မယ် ..၊ ကျွန်တော့်ဘက်က အဲဒီတိုင်း မဟုတ်ဘူး ..”

ဦးမြမော် ရှုံ့မဲ့သွားသည်။

“မြေးကို ဘိုးဘိုးပြောတာ လိုရင်းပဲ ..”

“ဖြစ်စဉ်တစ်ခုကို ပြောနေကြရင် လိုရင်းကို တန်းသွားလို့ မရဘူးဆိုတာ ဘိုးဘိုး သိပါတယ် ..၊ အဲဒီမိန်းမနှစ်ယောက်အပေါ် ကျွန်တော်ထားတဲ့စိတ်ထဲမှာ အချစ်တွေ အမုန်းတွေနဲ့ချည်း သက်ဆိုင်နေတာ မဟုတ်ဘူး ..၊ ဒါကြောင့် မုန်းနေသလားဆိုတာကိုလည်း ဖြေလို့ မရသလို ချစ်နေလား မေးရင်လည်း ပြောဖို့ ခက်တယ် ..”

“မင်းမှာ သေချာခဲ့တာ ဘာရှိခဲ့သလဲ ..”

“ဘယ်မိန်းကလေးကိုမှ ကျွန်တော် မချစ်ခဲ့ဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



ဦးမြမော် ၏ စိတ်ပျက်သောအကြည့်တစ်ချက် ရောက်လာသည်။ ညံ့ က မမြင်သလို နေ၏။

"မချစ်ဘဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေတယ်ပေါ့ .."

"တစ်ယောက်ပြီးမှ တစ်ယောက် မဟုတ်ပါဘူး .."

"ဘာကွ!..."

"ကျွန်တော့်အတွက်က ရည်းစားထားခဲ့တာမှ မဟုတ်တာ ..၊ စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းကလေးဆိုရင် .."

"တော်တော့ ညံ့ .. ဒါ ဂုဏ်ယူပြီးပြောရမယ့် စကားတွေလား.."

"ကျွန်တော့်ရည်းစားဆိုပြီး ဂုဏ်ယူပြောကြတဲ့လူတွေ ရှိလာရင် ကျွန်တော် ပြန်ပြောမိမှာ ဒီစကားပဲရှိတယ် ဘိုးဘိုး .. ကျွန်တော် ရည်းစားထားခဲ့တာ မဟုတ်ဘူး ..၊ ရည်းစားဆိုတဲ့ အတိုင်းအတာထိလည်း ဘယ်သူ့ကိုမှ မတွဲခဲ့ဘူး .. အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အချစ်ကိုလည်း မယုံဘူး ..၊ လိုက်လျောတတ်တဲ့ မိန်းမတွေကိုလည်း အထင်မကြီးဘူး..၊ ကျွန်တော့်အမေက စပြီးတော့ပဲ .."

"မြေး .."

ဦးမြမော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ညံ့ က မျက်နှာ တစ်ဖက် လွှဲနေ၏။

"မင်း .. မင်း ဘယ်လိုကလေးလဲ ..၊ ကိုယ့်မိဘကိုတောင်မှ .."

"ကျွန်တော် ပေါ့ပေါ့ပါးပါး နေခဲ့တာတွေမှာ အဓိပ္ပာယ်ရှိတာတွေကို ထုတ်ပြောတာပါ .."

"ကျွတ်!.. ခက်ပါတယ် .."

ခေါက်တုံ့ခေါက်ပြန် လျှောက်ဖြစ်ခြင်းက စတင်ပြန်၏။ ပြီးတော့ ကျန်နေသေးသည့် ခေါ်ချိုသဲ ရဲ့ ပြောစကားတွေကို ပြောရခက်သွားပြီဆိုတာ သေချာနေကာ ...

"ချမ်း ကို ချို က အမြဲတမ်း ဆရာတင်ထားတာ ..၊ လေးလည်း





လေးစားတယ်၊ ညံ့ နဲ့ စေ့စပ်စကားတွေ ပြောပြီးတည်းက ချမ်း က ချို့ ကို မခေါ်မပြောဘဲ နေခဲ့တာလေ ..၊ သူ့ကို ရန်ရှာဘက်တိုက်လုပ်နေတဲ့လူကိုမှ ချို က ရွေးရလားဆိုပြီး ရန်လည်း တွေ့တယ်ဆိုပဲ ..၊ အဲဒီမှာ ညံ့ က ဆိုင်ကယ်နဲ့ တိုက်ဖို့တောင် ကြိုးစားသေးတယ် ဆိုလား .."

"အမြစ်ကတော့ အဲဒါပဲ သူ့မြေးရေ .. သမီးက သူ့ဆရာမအတွက် မခံရပ်နိုင်လွန်းလို့ ဆုံးဖြတ်လိုက်တာပါ .. မိန်းကလေးဘက်က ငြင်းလိုက်ရင် အရင်ဆုံး ကျွန်မ စိတ်ဆင်းရဲရမှာလေ ..၊ ဒါကြောင့် သူတို့ ညံ့ နဲ့ ပြောပြီး စကားတွေ အချေအတင် များကြတယ်တဲ့ .. ညံ့ က လည်း မာနနဲ့ဆိုတော့ ပြတ်ကောက်ကုန်ကြတာပေါ့ ..၊ ဒါတွေ သူ့မြေး ကတော့ သိမှာ မဟုတ်ဘူးလေ .."

"ကျွန်မ စိတ်ဆိုးလွန်းလို့ ရိုက်မယ်နှက်မယ် လုပ်တော့မှ သမီး က ရှင်းပြခဲ့တာ .. ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ ညံ့ ကိုပဲ ကျေးဇူး တင်ရတော့မှာပါ ..၊ လူကြီးချင်း တိုင်ပင်ပြီး သတ်မှတ်ကြဖို့ထိ သေချာ နေကာမှ ဒီလိုဖြစ်ရတာဆိုတော့ သမီးဘက်ကဆိုရင် သူ့မြေးကို ကျွန်မ မျက်နှာပြစရာ မဟုတ်ဘူး" တဲ့ ..။

လူငယ်သုံးယောက်ရဲ့ ရှုပ်ထွေးနေသော ငြိတွယ်မှုကို နားလည် မလည်တော့ပေ ..၊

ဘယ်သူက ဘယ်သူ့ကို မုန်းနေသလဲ ..၊ ချစ်နေတာက ဘယ်သူ လဲ ..၊

ကြားလိုက်ရတာက တခြား .. မြင်နေရတော့ တစ်မျိုး ..၊ ဖြစ်ပျက် နေတာတွေကိုလည်း မျက်စိလည်နေပါပြီ ..။ သို့သော် ...

"ဟိုတုန်းက ခံစားချက်တွေ မပါဘဲနဲ့ ပြောစမ်း မြေး .. ချို ကိစ္စ ပျက်သွားခဲ့တာ ဘယ်သူ့ဘက်က ဖျက်တာလဲ .."

"ဘိုးဘိုးက ချို နဲ့ ပျက်သွားခဲ့တဲ့ကိစ္စကိုပဲ သိချင်နေတာလား..



www.burmeseclassic.com

www.burmeseclassic.com



"အေး .. မင်းက မေးတော့လည်း ဖြေရမှာပေါ့ ..၊ ချို့ ကြောင့် ချမ်း ကို မင်း မုန်းနေခဲ့တာလို့ .."

"ဘယ်သူ ပြောတာလဲ .."

ဦးမြမော် က မဖြေ ..၊ ဒါပေမယ့် ညံ က မထိတထိပြုံးကာ ...

"သူ့သမီးအကြောင်း မကောင်းတာတော့ မပြောခဲ့ဘူးမို့လား ဘိုးဘိုး.. ဘိုးဘိုးလည်း ကိုယ့်မြေးကို ယုံကြည်ပေးဖို့ ကောင်းပါတယ်.."

"ဘာလို့လဲ .."

"သူတို့က မကောင်းပြောကြရင် အဲဒါတွေက တကယ်မဟုတ်ဘူး ဆိုတာ .."

စကားတစ်ခုကို စလိုက်တိုင်း လိုရင်းမရောက်နိုင်ပါလား ..၊ ချမ်းမှာ ဒဏ်ရာအနာတရဖြစ်နေခြင်းနှင့်ပတ်သက်၍ တိုက်ရိုက် မေးချလိုက်ဖို့တွေ ရှိနေသည်။

ဒါကိုလည်း ညံ ဝန်ခံမှာ မဟုတ်တာကို သိနေ၏။ ဒေါ်ချိုသဲ ပြောခဲ့တာတွေ မှန်တယ် မမှန်ဘူးဆိုသည့်အကြောင်းကို ခုဖြစ်နေတာတွေနှင့် ချိန်ထိုးကြည့်ရရင်တော့ ...

"ထမင်းဝိုင်းမှာ စပြီး ဆုံခဲ့တဲ့နေ့တည်းက ချမ်း ကို မင်း တစ်ခုခု ငြိုငြင်မှုရှိနေတယ်ဆိုတာ ဘိုးဘိုး တွေးမိတယ် .."

"ဟုတ်တယ် .. ဒါပေမယ့် မိန်းမတစ်ယောက်ကို သွေးထွက်သံယို ဒဏ်ရာပေးပြီး လက်တုံ့ပြန်ရလောက်အောင် ကျွန်တော် မမိုက်ရိုင်းဘူး .."

ဒါကိုလည်း ယုံကြည်မိသလိုလို ..၊

"ကောင်းပြီ .. ပျက်တာကလည်း ပျက်သွားပြီဆိုတော့ အဲဒါကို ပြန်ဖော်ပြီး မလိုတာတွေ မပြောတော့ဘူး ..၊ ခု ပျက်ဖို့ရှိနေတာကိုတော့ ဘိုးဘိုး ကာကွယ်မှဖြစ်မယ် .."

"ကျွန်တော်နဲ့ ပတ်သက်နေလို့လား .."





"မြေးကြောင့် အခု ချမ်း ခေါင်းကွဲတာလေ .."

"သူ့ဘာသာ မတည့်ရာ မတည့်ကြောင်းတွေ လာပြောတာ .."

"အင်း .. မြေး က မစဘဲနဲ့ပေါ့ .."

"သူ့မျက်လုံးထဲမှာ ထောင့်မကျိုးစရာ မြင်တာ ဖြစ်မှာပါ ..၊ ကျွန်တော်က အမြဲ ဒီတိုင်းပဲ .."

မိန်းကလေးက ရန်သွားစသည်ဆိုတော့ မှတ်သားလောက်စရာပါ ..၊ ဒီကလေးကို မေးဖြေနေရတာလည်း တစ်ခါမှ အဆင်ချောခဲ့တာ မရှိတော့ ဦးမြမော် ဒါကို ဘေးဖယ်ထားလိုက်သည်။

"ချမ်း ကို မင်းဘက်က အဆင်ပြေပြေ ဆက်ဆံပေးနိုင်မလား.."

"ဘာဆိုင်လို့လဲ ဘိုးဘိုးရာ .. တစ်အိမ်တည်းနေကြပေမယ့် ကိုယ့်အကန့်နဲ့ ကိုယ် .."

"သူ့လိုင်းနဲ့သူ လွှတ်ထားတဲ့ လျှပ်စစ်ကြိုးတွေတောင် တစ်ခါဘလေ ရှော့ခ်ရှိသေးတာ .. မြေးတို့ ခုပဲ သူ့ကြောင့် ငါ့ကြောင့် ဆိုတာတွေ ဖြစ်လာပြီ ..၊ ဘိုးဘိုးက မသိစေချင်ပေမယ့် ချမ်း ခေါင်းထိသွားတဲ့ ကိစ္စကို ကောင်းလွင် သိနေတယ် .."

"သူပဲ ပြောတာ နေမှာပေါ့ .."

"ချမ်း မပြောဘူး .. ဦးလွင် မသိပါစေနဲ့လို့ သူပဲ ပိတ်တာ ..၊ ခေါင်းကိုတောင် ပတ်တီးစည်း မခံလို့ မနည်းပြောရတယ် .."

မိန်းမတွေ အမူအရာပိုတတ်တာ ဒီတိုင်းချည်းပဲ ..၊

စိတ်ထဲမှာပြောရင်း နှာခေါင်းတစ်ဖက် မသိမသာ ရှုံ့သွား၏။

"ကောင်းလွင် က သဘောကောင်းတယ် .. မာနလည်း ကြီးတယ် .. ဒီလိုအဆင်မပြေမှုတွေနဲ့ သူ ပြန်သွားရင် နောက်ထပ် ဘိုးဘိုးနဲ့ ကူညီသမှုတွေနဲ့ မပတ်သက်မိအောင် သူ ကြိုးစားတော့မှာ .. ဘိုးဘိုးကတော့ ဒီလို အဖြစ်မခံနိုင်ဘူး မြေး ..၊ 'သူ့ကျေးဇူးကို မှတ်ထားပါ.. ကိုယ့်ကျေးဇူးကို မေ့ပစ်ပါ' တဲ့ ..၊ ဘိုးဘိုးတို့အပေါ် သူ အနစ်နာခံခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



တွေက .. ဒီလို စေတနာတွေကို ငွေကြေးနဲ့ ဝယ်လို့ မရနိုင်ဘူး .."

"ဒါပေမယ့် သူ့တူမအတွက် ဒီလိုလုပ်သွားရင် လွှမ်းတာရှိရင် နာတာနဲ့ ဖြေရုံပဲ .."

"ဘိုးဘိုးတို့နဲ့ ကောင်းလွင် ရဲ့ပတ်သက်မှုက အဲဒီလို ဘဲစားဘဲချေ သဘောနဲ့ ချေဖျက်ပစ်ရမယ့် အပေးအယူဆန်ဆန်တွေ မဟုတ်ဘူး ..၊ 'ငါက စင်ပေါ်ကလူ'ဆိုပြီးတော့လည်း ဘိုးဘိုး မနေနိုင်ဘူး .. အဲဒီတော့ အကယ်၍ သူ့မြို့ကိုပဲ ပြန်တော့မယ်ဆိုရင်တောင် မြေးကိုယ်တိုင် လိုက်ပို့ရမယ် .."

"ကျွန်တော်က .."

"ဟုတ်တယ် .. ဒီမှာ အဆင်မပြေမှုတွေရှိခဲ့ရင်တောင် ကိုယ့်ဘက်က မဟုတ်ဘူးဆိုတာ ပြဖို့ လိုတယ် ..၊ ပြီးတော့ ချမ်းကဲ့ မိန်းကလေး.. သူ့ခမျာ အလုပ်တစ်ဖက်နဲ့ သူ့ဦးလေးကို တစ်ဖက်က ပူပန်နေရရင် ဘာလုပ်လို့ ရတော့မှာလဲ .."

ညှဲ က မျက်မှောင်ကြုတ်ကြီးနှင့် အင်းမလုပ် အဲမလုပ် နေ၏။

"ဆန်စက်ကိုယ်စားလှယ် လွှဲပြောင်းဖို့ကိစ္စတွေလည်း ရှိတော့ ကောင်းလွင် ရဲ့ကျန်းမာရေးကို ကြည့်ရှုပေးရင်း အဲဒီကိစ္စကို မြေးကိုယ်တိုင် .."

"ဘိုးဘိုး .."

"ဘာလဲ .."

"ကျွန်တော်က လူမမာကိုလည်း ပြုစုရမယ် .. စီးပွားရေးတွေကိုလည်း .."

"မြေး ပြုစုပေးဖို့ မလိုပါဘူး .. ရပ်တည်ပေးရုံပဲ ..၊ စီးပွားရေးတွေဆိုတာလည်း မဟုတ်ဘူး .. ဒါတွေက မြေးပိုင်တဲ့လုပ်ငန်းပဲ ..၊ ဒီကိစ္စလေးတစ်ခုကိုပဲ မြေး ဝင်ဆွေးနွေးဖို့ ပြောတာ .. စီးပွားရေးဆိုတာကိုလည်း စိတ်ဝင်စားရကောင်းမှန်း သိသွားတာပေါ့ .."





အစတည်းက ဘာမှမသိအောင် နေခဲ့တာ စိတ်ကိုမဝင်စားလို့ပဲ ဟာ ..၊

ဦးမြမော် က ညှဲ မျက်နှာ မအီမလည်ဖြစ်သွားတာကို ကြည့်၍ မသိသလို နေလိုက်ကာ ...

"မြေးရဲ့ လေးလေးကောင်း စေတနာတွေကို မြေး တကယ်ခံစားတတ်ခဲ့တယ်ဆိုရင် ဒါကို အလေးအနက် စဉ်းစားစမ်းပါ ..၊ ဘိုးဘိုး စကားကို နားထောင်လိုက်ရင် မင်း ငရဲမကြီးပါဘူး .."

ဒါတွေလည်း ဘိုးဘိုး ပြောတတ်နေပါလား ..၊

ငြင်းမှာတွေ အထွန့်တက်တာတွေ မလာခင် ဦးမြမော် က လှည့်ထွက်လာခဲ့သည်။

ရင်ထဲမှာ တကယ်သိနေတာက သိပ်မကြာခင်မှာ ဦးကောင်းလွင်ဆီက ပြန့်ပါရစေဆိုတဲ့အကြောင်း ခွင့်တောင်းလာတော့မည် ဆိုတာပင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"မမလေး ခေါက်ဆွဲပြုတ် ဒီကို ယူလာခဲ့မယ် နော် .."

"အင်း .. ယူလာပေး နော် .. ဒီမှာပဲ ထိုင်နေချင်လို့ .."

"ဟုတ်ကဲ့ .."

လှပသော ရောင်စုံပန်းပင်တွေကို ကျောခိုင်း၍ သနပ်ခါးပင်ကြီးရဲ့ အောက်က ဖုန်တက်နေသော ကျောက်ခုံဝိုင်းလေးမှာ ချမ်း က ထိုင်နေခဲ့သည်။

အားလုံးကို ကျောခိုင်း ထိုင်နေခဲ့ပေမယ့် ဘယ်ကိုကြည့်ကြည့် လက်တောက်ထည်ဝါနေသောတိုက်ကြီးနှင့် နန်းတွင်းက ရုံရွှေတော်တွေလို ဟိုမှာ ဒီမှာ တွေ့နေရသည့် အိမ်အကူတွေက မျက်လုံးထဲက မထွက်နိုင် ..။

လူချင်း တူကြပေမယ့် ဒီလောက်ထိ ချမ်းသာပြီး ထည်ထည်ဝါဝါ နေနိုင်သည့်လူတန်းစားတွေ တကယ်ရှိနေကြသည်၊ ဒီလိုလူမျိုးတွေနဲ့မှ သူမ ပတ်သက်နေခဲ့၏။





လက်တစ်ဖက်သည် ဖားလျားဖြန့်ချထားသည့် ဆံနွယ်ထဲ ခပ်စမ်းစမ်းလေး တိုးဝင်နေရင်း ဂွမ်းနဲ့ပလတ်စတာ အုပ်ကပ်ထားသောဒဏ်ရာကို စမ်းကိုင်မိမှ ရပ်၏။

ပြီးတော့ ဒဏ်ရာတစ်ဝိုက်မှ ညှပ်ထုတ်ပစ်လိုက်ရသည့် သူမရဲ့ ဆံနွယ်ရှည်ကြီးတွေ ..၊

"အဟင့် .."

တစ်ယောက်တည်း စိတ်လွတ်လက်လွတ် ငိုပစ်လိုက်မိသည်။

"ရေထဲကျတာက လှေကားတန်းနဲ့ သွားဆောင့်မိတော့ ခေါင်းကွဲသွားတာပေါ့ .. အဲဒါ လူရှိနေလို့ ..၊ မဟုတ်ရင် ဒုက္ခရောက်သွားမှာ..၊ ရေကူးချန်ပီယံတွေ ရေနစ်ပြီး သေကြတာ ဒီလိုနည်းတွေနဲ့ပဲ .."

ဆရာဝန်က ဒဏ်ရာကိုချုပ်ပေးပြီး ပြောသွားခဲ့သည်။ သူမတောင် ကိုယ့်ကိုယ်ကိုယ် ရေထဲကျသွားတာပဲ သိလိုက်ပြီး ထိတ်လန့် ပူထူသွားသည့်စိတ်က တိုက်မိ ဆောင့်မိခဲ့တာတွေကို ဘာမှမသိ ..၊

ဒီဒဏ်ရာကြောင့် သူမ မြတ်နိုးတန်ဖိုးထားသည့် ဆံပင်တွေ တော်တော်များများ ဖြတ်ထုတ်ပစ်ရသည်။

"ဆံပင်တွေကို မဖြတ်ပါနဲ့ .. ဒီတိုင်းပဲ ဆေးထည့်ပေးပါ .."

"မရဘူး သမီး .. ချုပ်ရမှာဆိုတော့ ဖြတ်ပစ်ရမှာပဲ ..၊ ဒဏ်ရာ ပိုးမွှားသန့်စင်ဖို့အတွက်လည်း လိုအပ်တယ် .. ဆံပင်ပုံစံ မပျက်အောင် ဆရာ ဂရုစိုက် ညှပ်ပါ့မယ် .. သမီး စိတ်မပူနဲ့ နော် .."

ဆရာဝန်က စိတ်ချမ်းသာအောင် ပြောရှာသည်။ သူမမှာတော့ မြင်လိုက်ရသည့်ဆံပင်တွေကြောင့် ဆံပင်ကို နှမြောတာရော .. ကိုယ့် ဘာသာ သွားရောက် ကျူးလွန်ခဲ့မိသည့် ခြေလှမ်းအမှားအတွက်ပါ ရမိသည့် နောင်တက တနင့်တပိုး ..၊

ဘယ်သူမပြု မိမိအမှု ..၊

ကိုယ်ပဲ သွားပြော .. ကိုယ်ပဲ ဒေါသတွေ ထွက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ပုလဲတွေ ရွှဲတွေ ခနေတဲ့မျက်နှာနဲ့ လေးလေးကောင်းကို တိုင်ပြောခဲ့ပြီးပြီလား .."

ဟင်!...

ချမ်း မျက်ရည်သုတ်နေရင်း ဆတ်ခနဲ ဖြစ်သွားသည်။ ပထမဆုံး သူမ မျက်စိအောက်ရောက်လာတာ ကွာတားဘောင်းဘီပွပွနှင့် အညိုရောင်သားရေပျော့ ကွင်းထိုးဖိနပ်စီးထားသည့် ခြေအစုံ ...၊

ငါ့အပြစ် ...၊ ငါ့ဘာသာ ဆတ်ဆော့မိတာလို့ တွင်တွင်အပြစ်ဖို့ရင်း ငိုကြွေးနေခဲ့တာပေမယ့် မျက်စိအောက် ရောက်လာတော့ ဒေါသက ထောင်းခနဲ ...၊

"ငါ့ဘာသာ နီလာတွေ ပတ္တမြားတွေပဲ ခခ မင်းနဲ့ မဆိုင်ပါဘူး.."

"လေးလေးကောင်း ကို ဘာတွေပြောပြီး ငိုပြမလဲဆိုတာက ဆိုင်တယ် .."

"မင်းအကြောင်း မပါမှာတော့ သေချာတယ် ညံ .."

"ဟုတ်လား .."

"ဘာဖြစ်လို့လဲဆိုတော့ ထည့်ကို ပြောချင်စိတ် မရှိတာ .."

"ဘယ်သူကရော ပြောချင်လွန်းလို့လဲ .."

"မပြောချင်ရင် သွားလိုက်လေ .. ငါတစ်ယောက်တည်း နေချင်လို့ ချောင်ကြိုချောင်ကြားမှာ လာထိုင်နေတာ .."

"ငိုလို့ကောင်းမယ့် နေရာပေါ့ .."

ချမ်း ဘာမှပြန်မပြောတော့ဘဲ နေရာမှ ထရပ်ဖို့ အားယူ၏။ သို့သော် အဖျားရှိနေသည့်ကိုယ်က ဒဏ်ရာအရှိန်နှင့်မို့ မိုက်ခနဲ ပြာသွားသည်။

ထို့ကြောင့် ခဏလေး ကိုယ်ကို ပြန်လျှော့ချကာ မျက်လုံးတွေပါ မှိတ်လိုက်ရ၏။

"မမလေး ခေါက်ဆွဲပြုတ် ရပြီ .."





ဒီနေရာက ထသွားဖို့ စိတ်ကူးကာမှ အေးခိုင် ရောက်လာကာ ပလတ်စတစ်စားပွဲလေး ချလိုက်ကာ ခေါက်ဆွဲပြုတ်ပန်းကန်ကို သေချာ တင်ပေး၏။

"အအေးဘူးနဲ့ တစ်ရှူးနဲ့ အကြမ်းပန်းကန်လေး သွားယူလိုက်ဦးမယ် .. မမလေး အဲဒါ စားလို့ရပြီ နော် .. ခဏလေးပဲ .."

"နေဦး အေးခိုင် .. အဲဒါတွေ ပြန်ယူသွားတော့ .."

ခေါင်းမူးနေပေမယ့် အေးခိုင် ရှိနေတာမို့ ထရပ်လိုက်သည်။ တရိပ်ရိပ် ပြာဝေသွားသဖြင့် သူမလက်ကို လှမ်းဆွဲမိရင်း ...

"မူးလိုက်တာ .. ပြန်ထိုင်မှ ထင်တယ် .."

ကိုယ့်ကို ပြန်မတွဲသည့်လက်ကိုလည်း သတိမထားမိ ...၊ ထိုလက်ကိုပဲ ချမ်း လက်နှစ်ဖက်စလုံးနဲ့ အားပြုကိုင်၍ နေရာမှာ ပြန်ထိုင်ဖို့ ပြင်ရသည်။ သို့သော် ...

သူမ သတိထားမိလိုက်၏။

"အေးခိုင် .."

"ပြန်ဝင်သွားတာ မီးဖိုချောင်ထဲမှာ တစ်ရေးအိပ်နေပြီ .."

"ဆောရီး .."

ငြိမ်ခံနေလားလို့ ပြောလိုက်ရင်တော့ ပွဲက ကြည့်ကောင်းဦးမည်။ ဒါပေမယ့် ကိုယ်ကပဲ သွားဆွဲလိုက်မိတာမို့ လက်ကိုလွှတ်ကာ နေရာမှာ ပြန်ထိုင်လိုက်မိသည်။

သေအောင် မူးလိုက်စမ်း ဒီခေါင်း ...၊

ညံ က ဘောင်းဘီပွပွကြီး၏ အိတ်နှစ်ဖက်ထဲမှာ လက်တွေထည့်လျက်သားအတိုင်း ချမ်း က လှမ်းကိုင်လိုက်တော့လည်း ဖယ်မချခဲ့ပါ..။

ပြန်လွှတ်ပြီး နှမ်းခွေစွာ ပြန်ထိုင်ချလိုက်တော့လည်း ဒီတိုင်းပဲ ကြည့်နေခဲ့၏။ ဟာဝေယံရုပ် အပြာရောင်ပွပွကြီးက လက်တိုမို့ ချမ်း ဆွဲကိုင်လိုက်သည့်နေရာမှာ ပူရှိန်းသွားတာကို သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုယ်ပူတွေ တက်နေသည်။

အေးနိုင် ပြန်လာတဲ့အထိ ဒီတိုင်းပဲ ရပ်နေလိုက်ရင်း ...

"ငါ ဒီမှာထိုင်မလို့ .. အဲဒါတွေ ပြန်သယ်သွား .."

"ရှင်!..."

ချမ်း ကိုပါ အိမ်ထဲခေါ်သွားဖို့ မျက်ရိပ်ပြလိုက်တော့ အေးနိုင် မှုန်မှုန်သလဲ ခေါင်းညိတ်သည်။ ပြီးတော့ ချမ်း ကလည်း ထရပ်ဖို့ပြင်နေတာမို့ သူမကိုတွဲ၍ ထွက်သွားခဲ့၏။

နောက်တစ်ခေါက် သယ်ယူခြင်းအစီအစဉ်မှာ ပါမည့် ခေါက်ဆွဲပြုတ်ပန်းကန်နဲ့ စားပွဲကို ငုံ့ကြည့်၍ ဟွန့်ခနဲ မဲ့ရင်း ပခုံးတွေပါ တွန့်မိသည်။ မာနတွေက နိုင်းလောက် ရှိ၏။

ဘယ်သူကရော ခင်ဗျားကို ရောချင်ရှုန်းလို့လဲ ...၊ သူ လှည့်ထွက်လာခဲ့တော့ ကားဂိုဒေါင်တွေဘက်ကနေ ဦးမြမော် တိတ်ဆိတ်စွာ ရပ်ကြည့်နေခဲ့တာကို မသိလိုက် ...။

သေချာတာကတော့ ဒါဟာ အလျှော့အတင်းတွေ မပါခဲ့သော ညင်သာစွာ ပြီးဆုံးခြင်း တစ်ရပ် ...၊





## အခန်း (၃၀)

"ဟော .. ညံ့လေး .. သား ထမင်းစားမလို့လား .."

ဒေါ်ရီ မေးသံနှင့်အတူ လူရိပ်ပေါ်လာတာကို မျက်ဝန်းထောင့်မှာ တွေ့ပေမယ့် ချမ်း လှည့်မကြည့်ဘဲ နေမိသည်။

နေ့လယ်စာဆို အိမ်မှာ လူမစုံတာပဲ များတာမို့ နေ့လယ်ဘက် ဆယ့်နှစ်နာရီဆိုသည့်အချိန်ကို တမင်စောင့်ပြီး နောက်ကျခံ နေခဲ့တာတောင် ...၊

"နေမြင့်မှ အပြင်ထွက်သွားတာမြင်လို့ လူလေးကို နေ့လယ်စာ အပြင်မှာပဲ စားတော့မယ် ထင်နေတာ .."

"အခု ဘာမှမရှိဘူးလား .."

"အို .. ဘယ့်နှယ် မရှိရမှာလဲ .. လူလေးအတွက်ပဲကွယ် .. ထမင်းဟင်း ဖြစ်ဖြစ် .. အဆာပြေဖြစ်ဖြစ် မရှိဘူးဆိုတာ မရှိစေရဘူး .."

ဒေါ်ရီ က ပြောတဲ့အတိုင်း ညံ့ အတွက် ချက်ပြုတ်ထားသမျှကို နွှေးဖို့ ခတ်ဖို့ ပြေးလွှား စီစဉ်၏။



www.burmeseclassic.com

www.burmeseclassic.com



ညံ့ က ဆောင်းဘီခါးစပ်မှာ လက်မနှစ်ဖက်ချိတ်ရင်း ခပ်လှုပ်လှုပ် ဝင်လာသည်။ သူမက တစ်ချက်မှ မော့မကြည့်တော့ ကိုယ်ကပဲ ကြည့်ရှု အကဲခတ်ခွင့်တွေ ရနေခဲ့၏။

နောက်မှာ ဒဏ်ရာရှိသည်ဆိုတာ ဆံပင်တွေထဲမှာမို့ ထင်သည် သိပ်တော့ မမြင်ရပေ ...။ ပြီးတော့ ရှေ့သို့စိမ်းရောင်ပါတိတ်နှင့် အပေါ် ထပ် ဆွယ်တာအစိမ်းရောင်ပါးပါးလေးကို ထပ်ဝတ်ထား၏။

ဆံပင်တွေ ဖြန့်ချထားသဖြင့် ဒါမှမဟုတ် သူ့ဘက်ကို တမင်ကွယ် နေစေချင်တာလား မသိ ...။ ဆံပင်တွေက ဒီဘက်ပါးလေး တစ်ခြမ်းကို ပါ လုံလုံခြုံခြုံ ကွယ်ကျနေအောင် ခေါင်းကို ငုံ့ထားသည်။

နှုန်း ခက်ရင်းနဲ့ သေသေသပ်သပ်လေး စားနေသည့် သူမရဲ့နှုတ် ခမ်းလွှာလေး တလှုပ်လှုပ်ကိုပဲ မြင်နေရကာ ညံ့ က မှဲ့၏။

ပြီးတော့ မျက်နှာချင်းဆိုင် တည့်တည့်မှာပဲ နေရာယူလိုက်ကာ...

"ဒီနေ့ လူလေးအကြိုက်ပဲ .. ငါးရံ့အူဆီပြန်လေး ချက်ထားတာ..၊ ဒီမှာ ကြက်အသည်းအမြစ်လေးနဲ့ မှိုကန်စွန်းကြော်လေးနဲ့ .."

ဒေါ်ရီ က အမြန်ဆုံး လှုပ်ရှား၍ ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ချပေးနေသည်။ အငွေ့တထောင်းထောင်းနှင့် မွှေးရနံ့တွေ ကြိုင်လှိုင်နေ တာလည်း သိသည်။

ဒါပေမယ့် ညံ့ စိတ်ဝင်စားနေတာက ချမ်း ရှေ့က တစ်ပွဲတည်း သော ဟင်းပန်းကန်ကိုပဲ ဖြစ်၏။

ပန်းကန်ပြား အပက်လေးထဲမှာ လက်မလုံးလောက် ပုစွန်တုပ် လေးတွေက အမြီးဖျားလေးတွေမှာ အခွံချန်ထားသဖြင့် ဖြူဝါစပ်ကျား လေးတွေ ဖြစ်နေ၏။

ပြောရလျှင် ဖြူနုသော အသားထစ်လေးတွေကိုပါ မြင်နေရကာ ပန်းပွင့်လေးတွေနဲ့ ပိုတူ၏။

ပုစွန်တစ်ကောင်စီရဲ့အောက်မှာ ဆလတ်ရွက်လေးတွေကို ကျကျ





နန လေးထောင့်ညီအောင် ခေါက်ပြီး ခင်းထားသည်။ ဆလတ်ရွက်နဲ့ ပုစွန်တစ်ကောင်စီကို ပန်းကန်နှုတ်ခမ်းနားမှာ စီဝိုင်းထား၍ အလယ်မှာ ရေတ်သီးစိမ်းတွေလား .. ဘာတွေလဲ မသိသော စိမ်းညစ်ညစ် ခပ်မည်း မည်းတွေ ...၊

ပြင်ထားပုံက ဟိုတယ်လ်စာနဲ့ တူနေသည်။ ဒါပေမယ့် သူ စားဖူး သမျှထဲမှာ ဒီလိုမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပေ ...၊

ချမ်း က အလယ်မှာ ပုံပုံလေးရှိသော ထို မည်းမည်းစိမ်းစိမ်းတို့ကို ဇွန်ဖျားလေးနဲ့ယူကာ ပုစွန်ပေါ်မှာတင်သည်။ ပြီးမှ ဆလတ်ရွက်ပါ အောင် ပုစွန်ကို သေချာညှပ်ယူပြီး ထမင်းပန်းကန်ထဲ ထည့်၏။

ပန်းကန်ထဲရောက်မှ ပုံထားသည့် စိမ်းစိမ်းတွေကို ပုစွန်ပေါ်မှာ ပိပြားလိမ်းကျံ၍ ထမင်းနဲ့ယူပြီး ပါးစပ်ထဲထည့်လေသည်။

ထမင်းအလုတ်ကြီးသည် ထင်ရသော်လည်း ပါးစပ်ထဲ ထည့်ပုံ လေးက သေသေသပ်သပ်ပဲဖြစ်ကာ နောက်ထပ် ထမင်းချည်းပဲ ပါးစပ် ထဲကို ရောက်သွားတာ သုံးဇွန်းတိတိ ...။

ပုစွန်တစ်ကောင်နဲ့ ထမင်း လေးဇွန်း ...၊

မဆိုးပါဘူး .. အလုပ်ဖြစ်သားပဲ ...၊

ပန်းကန်နှုတ်ခမ်းပေါ်မှာ ကျန်ရစ်သော ပုစွန်အမြီးလေးတွေကို ကြည့်၍ ညံ့ ပြုံးလိုက်မိသည်။ ပြီးတော့ ဆားမှာ သောက်လက်စ ချထား သည့် ရေနွေးပန်းကန်လေးကို ယူပြီး ခပ်ဖြည်းဖြည်း သောက်၍ ပြန်ချ၊ ထမင်းပြန်စား ...၊

သူမ လှုပ်ရှားသမျှကို သူ ဒီတိုင်း ထိုင်ကြည့်နေလိုက်၏။ ချမ်း ကလည်း တစ်စက်လေးမှ ရှုံ့တွန့်သွားတာမရှိဘဲ ထမင်းစားခြင်းအလုပ် ကို ရဲရင့်စွာ ဆောင်ရွက်နေသည်။

သို့သော် မျိုသိပ်နေရသည့်ဒေါသက ကန့်သတ်တားဆီး၍ မရ လောက်အောင် ဖြစ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် .."

ရေနွေးပန်းကန်ကို ခပ်ဖိဖိ ချလိုက်ပြီး ညံ့ မျက်နှာကို စေ့စေ့ကြည့်သည်။

"တရားမှတ်နေတာဆိုရင်တော့ မင်း နေရာမှားနေပြီ ထင်တယ်.."

"မမှားပါဘူး .."

ညံ့ က ကြောင်ငေးသွားတာမျိုး မဖြစ်ဘဲ ခေါင်းလည်း ခါပြသည်။ ပြီးတော့ ချမ်း စားနေသည့် ထမင်းပန်းကန်နဲ့ ပုစွန်တုပ်တွေဆီ မျက်စုံး ပင့်၍ မေးဆတ်ပြရင်း ...

"ကိုယ့်ကိုယ်ကိုယ် ဒုက္ခခံပြီး ပူပူစပ်စပ်တွေ မျိုချနေတာကို ဝဋ်ကြွေးလားလို့ တွေးနေတာ .. ဒါလည်း ဖြစ်ပျက်ရှုပြီး တရားမှတ်လို့ ရနေတာပဲ .."

သူပြောကာမှ ကိုယ့်ရဲ့နှုတ်ခမ်းဖျားတွေမှာ စိုနေတာကို ချွေးစို့နေပြီမှန်း သတိရသည်။ ဒါပေမယ့် ချမ်း က ဘေးမှာ အထုပ်လိုက်လေး ချထားသည့် တစ်ရှူးထုပ်ထဲက တစ်စယူပြီး နှုတ်ခမ်းပေါ်နဲ့ မေးဖျားတို့ကို ဖိသုတ်ပစ်လိုက်တာ ခပ်တည်တည် ..။

"သူများကို ပြောနိုင်ဆိုနိုင်ဖို့ မစားမသောက်နိုင်ဘဲ ငုတ်တုတ်ထိုင်ငတ်ခံပြီး ကြည့်နေရတာလည်း ဝဋ်ကြွေးပဲ..၊ သူများကို မပြောခင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ဦး .."

"ဟား .."

ညံ့ က ပခုံးတွန့်ပြီး ထိုင်ခုံမှာ ပက်ခနဲ မှီလိုက်ကာ ...

"လမ်းလျှောက်နေပါတယ်ဆိုမှ ကိုယ့်ခြေထောက်ကို ပြန်ငုံ့ကြည့်နေရင် ခလုတ်တိုက်မှာပေါ့ .. သူများကို ကဲ့ရဲ့တတ်တဲ့လူတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်တတ်တဲ့အကျင့် မရှိကြဘူး .. မသိရင် မှတ်ထားလိုက်ဦး .."

"မလိုပါဘူး .. အဲဒီလိုလူတွေကိုလည်း စိတ်မဝင်စားဘူး .."





စကားပြောရင်း စားရတဲ့ ထမင်းကလည်း အရသာတွေ ပျောက်ကုန်ပါပြီ .. ရေနွေးကိုင်လိုက်တော့လည်း အပူပျော့နေပြီမို့ ထပ်ဖြည့်မို့လို့ပြီဖြစ်ကာ ပြန်ချထားလိုက်ရသည်။

"ခင်ဗျား တော်တော် သတ္တိကောင်းတာပဲ .."

စလာပြန်ပြီ ..၊

"နေရာတကာမှာပဲ .. တကယ် .."

ချမ်း မျက်မှောင်ကုတ်ကြည့်မိ၏။

"မင်း ဘာပြောချင်တာလဲ .."

"ဒါတွေ စားနေတာကိုပါ .. ဘယ်လိုဖြစ်လို့ ရန်လိုနေတာလဲ.."

ဂရုမစိုက်တတ်သည့် မဖျိုမချဉ်မျက်နှာက တည်တင်းနေရင်လည်း မှန်းစရာကောင်းသလို ဒီပုံစံကျတော့လည်း ချစ်ခင်ဖွယ် မရှိ..။

"ငါကြိုက်လို့ ငါ စားနေတာ .. ရှေ့ကနေ ငုတ်တုတ်ထိုင်ကြည့်နေတဲ့လူက ပိုသတ္တိကောင်းတာပေါ့ ..၊ ငါ မင်းလို ရိုင်းစိုင်းဖို့တော့ သတ္တိမရှိပါဘူး .."

"ငုတ်တုတ်ထိုင်ကြည့်တယ်ချည်း ဘာဖြစ်လို့ ပြောနေတာလဲ ..၊ ဒါက ထမင်းတစ်ဝိုင်းတည်းလေ .. အတူတူ ထိုင်ဖြစ်ကြရင် မျက်နှာချင်းဆိုင်ဖြစ်ဖြစ် .. တွဲလျက်ဖြစ်ဖြစ် ရှိချင်သလို ရှိလို့ ရတယ် .."

စကားပြောပြီဆို 'မှားပါတယ်' ဝန်ခံသွားတာမျိုး မရှိခဲ့သေး ..။

"ခင်ဗျား စားနေတာကို ကဲ့ရဲ့စကားပြောတာ မဟုတ်ဘဲ အံ့သြလို့ ..၊ အားကျလို့ တစ်ခုခု မဖြစ်နိုင်ဘူးလား .."

"အားကျရင် စားလိုက်လေ .. ဒါကိုစားတာ သတ္တိကောင်းတယ်ထင်ရင် မင်းလည်း သတ္တိတွေ ပိုတိုးသွားတာပေါ့ .."

"အိုခေ .. အဲဒီလို လုပ်စမ်းပါ .. ပြေပြေလည်လည်ပေါ့ .."

စားပွဲကို လက်ချောင်းထိပ်ဖျားတို့နှင့် ပုတ်၍ လက်ဖျစ်တီးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှစ်ယောက် စကားများနေကြပြီထင်ပြီး နောက်ဆုတ်ရပ်ရင်း စိတ်ညစ်သလိုဖြစ်နေသည့် ဒေါ်ရီ ကို လှမ်းကြည့်၍ ...

"ဒေါ်ကြီး ကျွန်တော့်ကို ဒါ သွားဝယ်ပေး .. အပြင်မှာ ဦးမောင်ရှိတယ် ...၊ သူ သွားလိမ့်မယ် .."

"ဟင် .. ဒါလား .."

ဒေါ်ရီ မျက်လုံးဝိုင်းသွားကာ ချမ်း က ရေရွှေးထထည့်ရင်း နှုတ်ခမ်းလေး မသိမသာ မဲ့၏။

"ဘာဖြစ်လို့လဲ .."

"ဒါက ချမ်း က သူ့ဟာသူ လုပ်စားတာ ...၊ ဆလတ်နဲ့ ပုစွန်ကို ထုပ်ပြီး ပေါင်းခံအိုးထဲ ထည့်ပေါင်းတာလေ ...၊ ပြီးတော့ ငရုတ်သီးငါးပိသုပ်က .."

"အားလုံး ရှိသေးတယ် ဒေါ်ကြီး .. ဒီတစ်ပွဲစာလောက် ပြင်လို့ရသေးတယ် .."

ချမ်း က ဇွန်းခက်ရင်း ပြန်ကိုင်ပြီးမှ မစားဖြစ်သေးဘဲ ...

"ငါးပိသုပ်ကိုပဲ ရောက်ရည်လေးနည်းနည်းညှစ်ပြီး အိသွားအောင် လုံးပေးလိုက် .."

"ဟင် .. အေး .. အေး .. ဒေါ်ကြီး လိုက်လိုက်မယ် .."

ဒီနှစ်ယောက်ကြားမှာ ဒေါ်ရီ ပျာယာခတ်သွား၏။

ဘယ်သူ ဘာတွေဖြစ်နေနေ ပန်းကန် ရှေ့ရောက်လာမှာပဲဆိုသည့် မျက်နှာနှင့် ရွှေကိုယ်တော်က ချင်းထားပြီးသည့် ဟင်းပန်းကန်တွေကို ဟိုဘက်တွန်း ဒီဘက်ရွှေ့ ပြန်လည်နေရာချထားရင်း လုပ်နေသေးသည်။

"လူလေးရယ် .. အဲဒါတွေက ရိုးရိုးငရုတ်သီးတွေ မဟုတ်ဘူး.."

ပြင်ဆင်ပြီး လာချပေးပေမယ့် ဒေါ်ရီ မျက်နှာမသာယာနှင့် တားလည်း မတားရဲ..၊





"ဘာလဲ .. နတ်တွေ ဖန်ဆင်းပြီး မိုးပေါ်က ကြဲချလိုက်တာတေ့လား .."

"မဟုတ်ဘူး .. အဲဒါ ပီနံသီးတွေ လူလေးရဲ့ .. အရမ်းစပ်တာ.. ငါးပိနဲ့သုပ်တာပေမယ့် ပုစွန်ခြောက်လေးက .."

"ကဲပါ .. ရပြီ .. ပေး .."

ဒီတစ်ခါ ရွဲ့ချင်တာ ချိတ်ချင်တာ မပါပေ ...၊ တကယ်ကို စိတ်လိုလက်ရ စားချင်တာမို့ ဒေါ်ရီ ဇွန်းခက်ရင်းတပ်ပေးတာကို ယူလိုက်ပြီး..

"ဘာကြည့်နေတာလဲ .. တီကောင်က မြေကိုမျိုမှာ ဈေးနေတာပဲ.. ရပြီ .. သွားလိုက်တော့ .."

ဒေါ်ရီ မျက်နှာမကောင်းဘာနှင့် ထွက်သွား၏။

ညံ က လေကို တစ်ဝကြီး ရှုက်သွင်းလိုက်ပြီး ချမ်း စားတဲ့အတိုင်း စုထပ်ပုံ၍ ပန်းကန်ထဲ ထည့်သည်။ ပန်းကန်ထဲရောက်မှ ငရုတ်သီးတွေ တင်လိုက်တာ များသွားပြီလားထင်ကာ နည်းနည်း တွန့်သွား၏။

ဒါပေမယ့် မလုံမလဲ မျက်လွှာပင့်အကြည့်မှာ ချမ်း က လှမ်းကြည့်တာနှင့် ဆုံကာ ခပ်တည်တည်မျက်နှာနှင့် ဒီတိုင်း ပါးစပ်ထဲသွင်းလေသည်။

အတိုင်းအဆမရှိ ဆွဲထည့်သွားသည့် ငရုတ်သီးတွေကြောင့် ချမ်းကိုယ်တိုင် ထိတ်ခနဲ ဖြစ်သွားသည်။

"အား!... စပ်လိုက်တာ .."

မျိုမချရသေးဘဲ ညံ မျက်နှာ ရှုံ့မဲ့ကာ ညည်းသံ ထွက်လာ၏။

ပြီးတော့ ချက်ချင်း ရဲတွတ်ပီပြင်လာသည့် မျက်နှာတစ်ပြင်လုံးက အသားဖြူသူမို့ ပို၍ ကြည့်ရဆိုးနေသည်။

နှုတ်ခမ်းသားတွေမှာ သွေးထွက်နေသကဲ့သို့ နီရဲနေပေမယ့် နောက်ထပ် ပါးစပ်ထဲ ထပ်ထည့်သည်။ ပြီးတော့ ...

"တော်ပြီလေ .. မင်းကို ဘယ်သူက ဆုချမှာမို့လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အား!… အသေပူတယ် ..၊ ရေ .. ရေ ပေးစမ်းပါ .."

"ရေတွေသောက်ရင်း ဗိုက်ပွပြီး အစပ်ပြေမှာလည်း မဟုတ်ဘူး..၊ ရေနွေးပဲ သောက်ရတယ် .."

ချမ်း က ကိုယ့်ပန်းကန်တွေကို ဘေးဖယ်ပစ်လိုက်ကာ ရေနွေး ထထည့်သည်။ တအားပူလို့ မဖြစ်တာကြောင့် နောက်ပန်းကန်တစ်လုံး နဲ့ ပြောင်းလှယ်ရင်း မြန်မြန် အပူလျော့အောင် လုပ်နေရင်း …

"ရပြီ .. ရော့ .."

သူ့ဘေးမှာ ချထားပေးလိုက်ပြီး လှည့်ထွက်ခဲ့လျှင် ညံ့ က ချမ်း ရဲ့ လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်၏။

"ဘာလုပ်တာလဲ .."

ချမ်း က ပြန်လှည့်ကြည့်ပြီး လက်ကို ရုန်း၏။

"ခင်ဗျား မသွားနဲ့ဦး .."

"ဘာ!…"

စကားမပြောနိုင်လောက်အောင် စပ်နေသည့် ညံ့ မျက်နှာက တစ်ပြင်လုံး ချွေးတွေစိုထန်းလျက် ခေါင်းခါထုတ်လိုက်.. ပါးစပ်ဟ အသက်ရှူရင်း မျက်လုံးတွေ မှိတ်ပစ်လိုက်နှင့် …

"ကျွတ် .. သေစမ်း .."

ကိုယ့်ဘာသာ ဒေါသထွက်နေသလို ရှုံ့မဲ့ကာ ချမ်း ရဲ့လက်ကိုလည်း မလွှတ် ..၊

"ညံ့ .. မင်း ဘာလုပ်တာလဲ ..၊ လွှတ်စမ်း လက်ကို .."

"ခင်ဗျား ပြန်ထိုင်လေ ..၊ ကျွန်တော်မှ မပြီးသေးတာ .."

"ငါက စားပြီးနေပြီ ..၊ ဘာလဲ .. ဒီလောက်စပ်နေတာကို ဘယ်လောက်ထိဖြစ်ချင်လို့ အရွဲ့တိုက်နေတာလဲ ..၊ ဖယ် .. လွှတ် .."

"ခင်ဗျားလိုပဲ စားချင်လို့ စားတာ ရွဲ့တယ် ဖြစ်စရာလား .. သွား ပြန်ထိုင် .. အဲဒီထမင်း ကုန်အောင် စား ..၊ အေးအတူ ပူအမျှပဲ .."





"မင်း!…"

"မစားရင် ခင်ဗျားကို ဒီတိုင်း ဆွဲထားမှာနော် .."

"ဖယ် .. လွှတ် .."

ချမ်း ခြေသံပြင်းပြင်းနှင့် ထွက်သွားပြီး နေရာမှာ ပြန်ထိုင်သည်။ နှုတ်ခမ်းမစေ့နိုင်အောင် စပ်နေတာတောင် ညံ့ က ရယ်နိုင်နေသေး လျက် …

"ခင်ဗျားတောင်မှ စားနိုင်ရင် ကျွန်တော်က ဘာလို့မစားနိုင်ရမှာ လဲ၊ အိုခေ .. ပြန်စမယ် .."

ဟွန်း .. လုပ်လိုက်စမ်း ညံ့ ..၊

ငါက အေးဆေး ..၊

တကယ်တမ်းကျတော့ ချမ်း မအေးဆေးခဲ့ပါ ..၊

ဒါပေမယ့် ညံ့ က ပိုဆိုးလေသည်။

ညနေခြောက်နာရီမှာ ဆရာဝန်ခေါ်ရတာ ညံ့ ပဲ ဖြစ်လျက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘယ်လဲ သမီး .."

"ဟင် .. ဦးဦးလွင် .. လမ်းထလျှောက်တယ် .."

"ဦးက ကောင်းနေပါပြီ .. သမီးက မိုက်တွေအောင့်နေတယ်ဆို.. ခေါင်းကဒဏ်ရာလည်း အကင်းမသေသေးဘဲနဲ့ .."

"ချမ်း လည်း အဆင်ပြေပါတယ် .. အလုပ်ကို အကြာကြီးပစ်ထားလို့ မရဘူး ဦးဦးလွင် ရဲ့ .. အစားဝင်ပေးတဲ့ ဆရာမတွေကလည်း ကိုယ့်ထက် အလုပ်ရှုပ်တဲ့လူတွေချည်းပဲ .."

ချမ်း က နာရီပတ်ရင်း အချိန်ကို ငုံ့ကြည့်သည်။ ပြီးတော့ ဆလင်းဘက်ခ်လေး လွယ်လျှင် ...

"ခဏနေဦး သမီး .."

"ဟင် .."

"ည တော်တော်ဖြစ်နေတယ် .. ညတည်းက မိုက်အောင့်ပြီး သတိတောင် လစ်သွားတာ .."





ချမ်း မျက်နှာလေး ပျက်သွားသည်။ ညကလည်း သူမ သိသည်။ ဒါပေမယ့် ဦးဦးလွင် ကို ဆေးလိမ်းပေးနေကျအချိန်မို့ ခဏတစ်ဖြုတ်ပဲ သွားမတ်တတ်ရပ်မိကာ ဦးဦးလွင် နားက မခွာဘဲ နေလိုက်၏။

ညဥ့်နက်မှ ကိုယ့်အခန်း ပြန်ကူးလာပြီး အိပ်ရာဝင်ခဲ့တာတောင် သူမရော ဘာထူးလို့လဲ ...၊

"သမီး သတင်းမေးသင့်တယ်ဆိုတာ နားလည်ရမှာလေ .."

"သူနဲ့ ချမ်း က သူငယ်ချင်းမိတ်ဆွေတွေမှ မဟုတ်တာ .. ဦးဦးလွင် လည်း သိရဲ့သားနဲ့ .."

"သိတယ် .. သမီး ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရတော့ အားလုံးကို သိခဲ့ရတယ် ..၊ ခု ဖြစ်ရတာလည်း သမီးတို့ချင်း အနိုင်လုပြီး အစားပြိုင်ကြတာ ဆို .."

ဒေါ်ရီ ကတော့ သူမ မြင်ခဲ့ ကြားခဲ့သည့်အတိုင်း ပြန်ပြောပြတာ ဖြစ်လိမ့်မည်။ တကယ်က အဲလိုမှ မဟုတ်ဘဲ ..၊

"ည က သမီးထက် အသက်ငယ်တယ် .. ပြီးတော့ သမီးက ဆရာမ ..၊ သူ့ဒွေးက ဘယ်ကိစ္စကိုမဆို ငယ်တဲ့သူက မိုက်တာချည်းပဲ လွှဲပြောရှာတာ .. ဦးကတော့ ကိုယ့်သမီးအကြောင်းလည်း သိတာပဲ..၊ သမီး စိတ်လိုက်မာန်ပါ လုပ်တတ်တာတွေ တစ်ခါတလေ ကလေးဆိုးလေးလိုပဲ"

"ဦးဦးလွင် က ချမ်း နဲ့ သူ အနိုင်လုကြတယ်လို့ တကယ် ထင်နေတာလား .."

"မဟုတ်ဘူး ဆိုရင်လည်း .."

"မဟုတ်ဘူး ဦးဦးလွင် .. ချမ်း အစပ်ကြိုက်တာ မှန်တယ် ..၊ အဲဒီ ငါးပိထောင်းကို ငရုတ်သီးစိမ်းတွေနဲ့ ကျကျနန အချဉ်ဆမ်းပြီး သေချာလုပ်ထားတာလည်း ဟုတ်တယ် ..၊ ဒါပေမယ့် အစပ်က ကိုယ်ပဲ ကြိုက်တာမို့လို့ တာရှည်စားလို့ရအောင် လုပ်ထားတာ ..၊ သူက ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုင်မယ် ပြောတိုင်း ချမ်း က ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်ခံပြီး လိုက်ပြိုင်စရာလား .. စဉ်းစားကြည့်ပါဦး .."

"ဟူး .."

ဦးကောင်းလွင် သက်ပြင်းမောကြီး ချ၏။

"သိပ်ကို အတိုက်အခံ အပြိုင်အဆိုင်တွေ လုပ်ချင်တာ .. သူ့ဟာ သူ ခံရလို့ မျိုချတာတောင် သူများကိုပါ ဆွဲထည့်သေးတယ် ..၊ ညက ချမ်း လည်း ကောင်းကောင်းအိပ်ရတယ် မှတ်လို့လား .."

ပြောလိုက်ပြီးမှ မျက်နှာကို အကဲခတ်လာမှာစိုးကာ ချမ်း မျက်နှာ လွှဲပစ်မိသည်။

တော်ကြာ အိပ်ရေးပျက်ထားသည် ..၊ မျက်နှာချောင်နေသည် ဘာညာနှင့် သင်တန်း မသွားဖြစ်အောင် တားဆီးတော့မှာကို သိနေ သဖြင့် ...

"တော်သေးတယ် .. ဆေးတွေဆောင်ထားတာရှိလို့ ..၊ မိုးလင်း ခါနီးတော့ ကောင်းကောင်း အိပ်ပျော်သွားတာ .."

ဦးကောင်းလွင် ကလည်း အားလုံးကို ခြုံငုံ နားလည်လိုက်ပြီမို့ လွှဲပစ်သည့်မျက်နှာလေးကို အမိအရ လိုက်ကြည့်သည်။ ပြီးတော့ ...

"ဒီရက်ပိုင်းစားမှုကြောင့် ဗိုက်အောင့်တတ်လွန်းလို့ ဆေးတွေ ဆောင်ထားရတာ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဆင်ခြင်ဦး သမီး..၊ ဘာပဲဖြစ်ဖြစ် အခု သမီး ဒီအစားတွေ စားတတ်လို့ ဒါကိုမြင်ပြီး ညဲ က လိုက်စားတာပဲ .."

"သူ့ကို စားဖို့ ချမ်း ခေါ်တာ မဟုတ်ဘူး .. ချမ်း ကိုယ့်ဘာသာ ချင့်ချိန်ပြီး စားနေတာကိုသာ သူက အရမ်းကာရော စားခိုင်းတာ ..၊ သူ့ကြောင့် အများကြီး စားမိပြီး ညက ဗိုက်တွေ အောင့်တာလေ .. ဦးဦးလွင် က ဘာဖြစ်လို့ ချမ်း ကိုပဲ အပြစ်တင်နေတာလဲ .."

ချမ်း က ပြောနေရင်း ဖွတ်ထွက်သည်။





ဦးကောင်းလွင် ကလည်း တံခါးနားထိ ပြန်လှည့် ပါလာပြီး ...

"ခုပဲ သမီး ကလေးဆန်နေတာ ကြည့် ..၊ ညဲ က ဘာဖြစ်ဖြစ် တဇွတ်ထိုးလုပ်တတ်တာ သမီး သိနေပြီ .. သမီးနဲ့ သူ ဆုံခဲ့ကြတာ ကြာပြီလေ ..၊ အခုဆိုရင် ဆွေလိုမျိုးလို သတ်မှတ်ထားရမှာ .."

"ဦးဦးလွင် ကလည်း မသိဘဲနဲ့ .. ဒုက္ခပါပဲ .."

"သိသိ မသိသိ အခု သမီး ညဲ ကို သတင်းဝင်မေးဖို့တော့ ဦးက အမိန့်ပေးရမှာပဲ .."

ခြေလှမ်းလေး တုံ့သွားပြီးမှ ချမ်း မျက်နှာလေး မကြည်မလင်နှင့် တံခါးဆွဲဖွင့်လိုက်သည်။ ထိုအခါ ...

"ဟင်!..."

တံခါးရဲ့ရှေ့မှာ ဦးမြမော် က တည်ကြည့်ခန့်ညားစွာ ပြုံးနေ လျက် ...

"အလုပ်သွားတော့မလို့လား သမီး .."

"ဘဘမော် .."

"သမီး နေကောင်းရဲ့လား .. ဆရာဝန်ကိုမပြဘဲ ပတ်တီးဖြေလိုက် တယ်ဆိုလို့ ဘိုးဘိုးက စိုးရိမ်နေတာ .."

ချမ်း မျက်နှာမထားတတ်တော့ပါ ..၊ ကိုယ်ကတော့ လူနာသတင်း မေးဖို့တောင် စိတ်လည်း မဝင်စား ..၊ ဝတ္တရားအရလည်း မထမ်းဆောင် ချင်ခဲ့ဘဲ ...

"ဟုတ် ..၊ ဟို .. ညဲ သက်သာသွားပြီလား ဟင် .."

ဦးမြမော် က ပြုံးလိုက်၏။

"ဝမ်းလျှော ဗိုက်အောင့် ဖြစ်ထားတော့ လူကတော့ မြော့နေတာ ပေါ့ .. အားလုံးတော့ သက်သာသွားပါပြီ .."

"ချမ်း သွားကြည့်လိုက်ဦးမယ် နော် .."

"အေး .. အေး ..."



www.burmeseclassic.com

www.burmeseclassic.com



ချမ်း ခေါင်းလေးငုံ့ ထွက်သွားတော့ ပြုံးနေသည့်မျက်ဝန်းတို့နှင့် လိုက်ကြည့်နေပြီးမှ ...

"မင်းတူက ဆိုးတာပါ ..၊ ချမ်း မှာ အပြစ်မရှိဘူး .."

"သူဌေး .."

ဦးမြမော် က လက်ကာပြကာ ...

"ကလေးကို မဆူပါနဲ့ .. ခင်မင်တွယ်တာဖို့ဆိုတာ တခြားလူ ချုပ်ကိုင်နိုင်းစေလို့ မရဘူးကွ .. တားဖို့လည်း ခက်တယ် ..၊ သူတို့ စိတ်ထဲရှိတဲ့အတိုင်း နေကြပေ့စေ .. ငါတို့က ကိုယ့်သားသမီးတွေလို့ သတ်မှတ်ရင် ဘယ်သူ့ကိုမှ အပြစ်မြင်နေဖို့ မလိုဘူး ..၊ မင်းက အားနာနေတယ် ဆိုရင်တော့ .."

"မဟုတ်ဘူး သူဌေး ... ကျွန်တော် ဖြစ်စေချင်တာက .."

"ငါ ဖြစ်စေချင်တာကတော့ မင်းလို မဟုတ်နိုင်တာ သေချာတယ် ကောင်းလွင် .. ဒါပေမယ့် လွယ်တော့ မလွယ်ဘူး .."





## အခန်း (၃၂)

အခန်းရှေ့ ရောက်သွားတာနှင့် နောက်ပြန်လှည့်ဖို့ မလွယ်တော့သည့်အဖြစ်က တံခါးကို ဒီတိုင်းဖွင့်ထားသည့်ပြင် ညံ လှဲနေသည့် အိပ်ရာပေါ်မှာ ဒွန်း နဲ့ သက်ရင့် တို့က သူမကို လှမ်းမြင်သွားပြီဖြစ်ရာ ...

"ဆရာမ .."

"မမချမ်း .."

နှုတ်ကျိုးနေသလို ဖြစ်နေသည့်အတိုင်း ဒွန်း က ခါတိုင်းလို ခေါ်လျက် ..၊ သက်ရင့် ကတော့ အထူးတလည် ပြင်ဆင်ထားခဲ့ပုံရှိကာ...

"မမချမ်း လာပါ .. ကျွန်တော်တို့က ခုပဲ ပြန်ကြတော့မှာ .."

သက်ရင့် က ထပ်ခေါ်ပြီး နေရာမှ ထရပ်၏။

ဒွန်း ကတော့ ရုတ်တရက် မျက်နှာပူနေဆဲပါ ..၊ ညံ အတွက် သူမကို သူတို့တွေ စိန်ခေါ်ခဲ့ကြတာ မကြာသေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်က ဘယ်သူကလွန်ပြီး ဘယ်သူက ပြန်လျှော့လိုက်တာမျိုး မရှိခဲ့ဘဲ သူတို့က ရုတ်တရက်ကြီး ဘယ်လို ပြောင်းလဲပေးသင့်သလဲ ..၊ ဒါပေမယ့် ...

"ညံ ငါတို့ ပြန်တော့မယ် .."

ညံ ကို ခပ်တိုးတိုး နှုတ်ဆက်၍ သူပါ ထရပ်သည်။

"ထိုင်ကြပါ .. တို့က ဆရာဝန်မှ မဟုတ်တာ .."

သူတို့ပြန်သွားလျှင် ယောကျ်ားလေးတစ်ယောက် အိပ်ခန်းထဲမှာ သူနဲ့ နှစ်ယောက်တည်း မတင့်တယ် ..၊ ပြီးတော့ မျက်နှာကို တည်သည်ပြုံးသည် မမည်သော ပြေပြစ်ခြင်းသာ ရှိစေလျက် ...

"တို့လည်း ညက အလူးအလိမ့် နာခဲ့တာပဲ .. မင်းလိုတော့ သတိတွေ ဘာတွေ မလစ်ဘူးပေါ့ .."

နေကောင်းရဲ့လားလို့ မမေးဘဲ ဝေဒနာချင်း အချိုးချကြည့်ဖို့ စလာသဖြင့် ဒွန်း နဲ့ သက်ရင့် ခြေလှမ်းပြင်ပြီးသားတွေ တုံ့ဆိုင်းသွားသည်။

ညံ ရဲ့ဆေးကို လျှောက်ဝင်သွားသည့် ချမ်း ကိုလည်း လှည့်ကြည့်မိကြ၏။

ညံ က ခေါင်းအုံးတွေဆင့်ခံပြီး ခပ်လျှောလျှော ထိုင်လျက်ကနေ လက်ပိုက်လိုက်၏။ ပြီးတော့ မှုန်ကုတ်ကုတ် ပြန်ကြည့်၍ ...

"အဲဒီတော့ ခင်ဗျား အလူးအလဲ နာခဲ့တဲ့အတွက် ပြန်လျော်ပေးရမလား .."

"ဦးဦးလွင် က မင်းကို သွားမကြည့်ရကောင်းလားဆိုပြီး ဆူနေလို့လေ.. တကယ်ဆို လူနာဖြစ်ကြတာချင်း အတူတူပဲ ..၊ တို့က ဆေးမြီးတိုနဲ့ပဲ ပျောက်နေကျဆိုတော့ လူမသိဘူးပေါ့ .."

"ကျွန်တော်က လူသိအောင် တမင်အော်တာ .. အဲဒါမှ ခင်ဗျား ထွက်မလာရင် လူကြီးတွေက ဆူအောင်လို့ .."





သူ ရွဲ့ပြောလိုက်တာကို ချမ်း က မျက်နှာလေး ပျက်သွားပေမယ့် ဂရုမစိုက်သလို လုပ်ပစ်၏။

"ဒါတော့ မသိဘူးလေ .. ငါ ပြောချင်တာက အခု မင်းရှေ့ကို ငါ ရောက်နေတာက လူနာ သတင်းလာမေးတာ မဟုတ်ဘူးဆိုတာပဲ ..၊ ဘာဖြစ်လို့လဲဆိုတော့ ငါလည်း လူမမာပဲ .."

ပြောပြီးတော့ မျက်နှာတွေ တည်နေကြသည့် ဒွန်း တို့ကို လှည့်ကြည့်ကာ ...

"မင်းတို့ကို သူ အမှန်အတိုင်း ပြောပြမယ် ထင်တယ် .. ဒီလိုဖြစ်ချင်လွန်းလို့ သူ တမင်စားတာ .. တို့ကိုလည်း ဒီလိုဖြစ်အောင် ကျွေးသေးတယ် ..၊ အေးအတူ ပူအမျှ ဆိုတာကလည်း မမျှတရင် မမျှတဲ့အတိုင်း သွားမှာပဲ .."

ချမ်း က လူငယ်တွေကြားမှာရှိလျက် ညံ ကို ပြန်လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာလေးက တင်းနေခဲ့လျက် ...

"အဲဒီမှာ လက်တွေ့ပဲ .. သူ အိပ်ရာထဲမှာ လဲနေပြီ ..၊ တို့ကတော့ အလုပ်သွားနိုင်သေးတယ် .."

ပြောပြီးတာနှင့် ခပ်စူးစူး ပြန်ကြည့်ကာ ချာခနဲ လှည့်ထွက်၏။ ညံ က သူမရဲ့လက်လေးတစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲလိုက်သည်။

ဒွန်း တို့ မျက်လုံးပြူးသွား၏။

"မင်း .. ဟေ့ .. လွှတ်စမ်း .."

"ပြောချင်တာပြောပြီး ဒီတိုင်း ထွက်သွားလို့ ရမလား .."

"ဘာ!... ပြောတယ် .."

"ခင်ဗျား ပြောသလို ကျွန်တော် အိပ်ရာထဲ မလဲသေးဘူး .."

"အ!..."

ချမ်း ရဲ့လက်လေးကို ဆွဲထားလျက်အတိုင်း သူ့ရင်ခွင်ထဲကို ဖက်လုံးကို ဖယ်ချပစ်ပြီး ခုတင်ပေါ်က ဆင်းရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ့တစ်ကိုယ်လုံး ဖိဆွဲသည့်အားကို တောင့်မထားနိုင်ဘဲ ချမ်း ကိုယ်လေး သူ့ရင်ဘတ်နဲ့ ယိုင်ခနဲ ပစ်တိုက်လေသည်။

"မင်း.. မင်း တော်တော်ရမ်းကားတဲ့ ကောင်ပါလား.. တောက်!.."

ပါးရိုက်ချလိုက်ဖို့စိတ်က ထောင်းခနဲ ဖြစ်သွားမိသည်။ ဒါပေမယ့် စိတ်ကို အမိအရ ပြန်ထိန်းချုပ်၍ သူ့ရင်ဘက်ကို တွန်းဖယ်ပြီး နောက် ဆုတ်ထွက်လိုက်၏။

"တောက်!..."

နောက်ထပ် တက်ခေါက်အပြီးတွင် ညံ ဆွဲကိုင်လိုက်သည့် လက် ကောက်ဝတ်လေးကို လက်တစ်ဖက်နဲ့ ပွတ်သပ်ခါရင်း လှည့်ထွက်သွား၏။

"ညံ .."

"မင်းကလည်း ဖွတ်ပဲ .."

နှစ်ယောက်သား ညံ ဘေးကို ရောက်သွားကြသည်။

"အေးအတူ ပူအမှုဆိုတာ မင်း သူများကို ဒုက္ခပေးတိုင်း မင်း ပြောနေကျ ..၊ ဒါတော့ မင်း အတိအကျ လွန်တာ .."

"အေးလေ .. ခေါ်ရင်ငြိမ်းချမ်း ကလည်း ခေါသချည်းပဲ ..၊ ကံ ကောင်းလို့ မင်းကို ပါးရိုက်သွားပြီ ထင်တာ .."

"မာနကတော့ ကမ္ဘာ့စံချိန် ချိုးမလားပဲ .."

ဒွန်း တို့ တစ်ခွန်းစီ ဝင်ပြောနေကြတော့ ညံ က ဘာမှမပြောဘဲ ကိုယ်ပေါ်က ညဝတ်အင်္ကျီကို ချွတ်ပစ်၏။

"မင်းက ကိုယ့်စကား ကိုယ်ပြောတာ ဘာဖြစ်လို့ လက်သွားဆွဲ တာလဲ ..၊ အမှတ်ကို မရှိဘူး .."

"ဆွဲချင်လို့ ဆွဲတာ .."

"ဟမ်!..."

"ဆွဲချင်လို့ .. ဟုတ် .."





ထပ်မေးပြီး သက်ရင့် တအံ့တသြနှင့် ...

"ရွှဲ့ပြောလိုက်တာလား .. တကယ်လား .."

ညံ က မဖြေဘဲ အင်္ကျီစင်တွေဘက်ကို လျှောက်သွားသည်။

"ညံ ဘာလုပ်တာလဲ ..၊ လူက ခပ်နဲ့နဲ့ရယ် .."

"အေးလေ .. မင်းကို တစ်ရေးအိပ်ဦးလို့ ပြောထားတာကို .."

"မအိပ်ဘူး .. ငါ အိပ်ရာထဲမှာလဲ မနေနိုင်ဘူး .."

"ဟာကွာ .. ဒီကောင် .."

"မင်း အရှင်းမပျောက်သေးဘူးဆို .. ဗိုက်က ရစ်နေတုန်းပဲဆို.."

"ရစ်ရစ် .."

"ဒါဆို ဘယ်သွားမှာတုံး .."

"သင်တန်း .."

အေး .. လုပ်လိုက်တော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဘယ်လို!..."

ချမ်း နောက်ထပ်ပြန်မေးလိုက်ပုံကို ကြည့်ကာ ချို က အံ့သြသလို ဖြစ်သွားပြီးမှ ...

"ပျက်သွားပြီလေ .. မမချမ်း က သူတို့အိမ်မှာနေပြီး ဘာမှ မသိဘူးလား .."

ခေါင်းခါပြရမှာတောင် အင်အားမဲ့သွားသည်။ ဒါက သိပ်တော့ သဘာဝမကျပေ ..၊ သို့သော် သူမတင်မကပါ ဦးဦးလွင် လည်း ဒီကိစ္စကို သိသေးပုံ မပေါ်ပေ ..။

ချို ကတော့ သူမ မသိခဲ့ဘူးဆိုတာကို အံ့သြသလို ဖြစ်သွားပေမယ့် စကားပြောတော့ မပျက် ..၊

"ချို အရမ်းကို ရှက်တယ် .. မမချမ်း မို့လို့ ပွင့်ပွင့်လင်းလင်းပြောပြတာပါ .. မေမေ့စကားကို နားထောင်မလို့ ချို စိတ်တုံးတုံးချလိုက်ပြီးပြီ ..၊ အဲဒါကြောင့် လူကြီးချင်း နောက်ဆုံး မင်္ဂလာရက်ရွေးကြဖို့ မေမေပဲ သွားတာ .."





ပြောပြနေရင်း ကိုယ့်ဘက်က တပ်မက်မှုတွေ အရမ်း သိသာနေခဲ့တာက တရေးရေး ပေါ်လာ၏။ ဦးမြမော် က ကမ်းလှမ်းခဲ့တာပဲ ရှိသည်။ အိမ်ကို တစ်ခေါက်မှ မလာခဲ့ပေ ..။

ထမင်းစားဖိတ်တော့လည်း ညံ့ က ဆိုင်ကယ်လ်အကျဆီးဒင့်ဖြစ်ပြီး ဒဏ်ရာရနေသည်တဲ့ ..၊ ပြီးတော့ လူငယ်ချင်း တွေ့ပါစေဆိုတာလည်း ပြောဖြစ်တဲ့စကားမှန်သမျှ အဆင်ပြေပြေ အပေးအယူမျှခဲ့တာ ဘာရှိလို့လဲ ..၊

ထိုကာလတွေမှာ မေမေသာ ချောင်းပေါက်မတတ် သွားနေခဲ့တာ ဖြစ်သည်။ သူဌေး ဦးမြမော် ၏စိတ်ထဲမှာ မြေးဖြစ်တဲ့သူ စိတ်ချမ်းသာရေး အမိက ..၊

သူ့မြေးနဲ့ သူမ အဆင်ပြေရေးသည်သာ မင်္ဂလာကိစ္စ ဖြစ်ခြင်း မဖြစ်ခြင်းအတွက် အမိက သတ်မှတ်ထားခဲ့တာမှန်း သူ့ဘာသာ အဖြေထွက်နေခဲ့တာ ဖြစ်သည်။

"ချို နေဦး .. အဲဒီကိစ္စက ညံ့ ဘက်က ငြင်းတယ်ဆိုတာ .."

"မမချမ်း မယုံဘူးလား .."

"မယုံတာထက် ဒါက .."

ချို က ဆလင်းဘက်ခ်လေး မလွယ်စဖူး လွယ်ထားသဖြင့် ချစ်စဖွယ်လေးဖြစ်နေကာ ပခုံးပေါ်ကိုပဲ ခဏခဏ ပြန်ဆွဲတင်နေရင်း မဲ့လိုက်၏။

"သိချင်မနေပါနဲ့ မမချမ်း ရယ် .. အားလုံးက ပြီးသွားပါပြီ .."

"မဟုတ်ဘူးလေ .. သူ အတင်းလိုက်နှောင့်ယှက်နေလို့ ငါတောင် ကြားထဲက အမုန်းခံခဲ့ရတာ .."

"ဟုတ်တယ် .. မမချမ်း ရဲ့ စကားထဲမှာပဲ အဖြေပါသွားပြီ .. သူက မိန်းကလေးတွေကို နှောင့်ယှက်ချင်တာ ..၊ ချစ်ဖို့ စိတ်မဝင်စားဘူးတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ...၊

ရင်ထဲမှာ ယားကျိကျိ ဖြစ်သွားတဲ့အထိ စိတ်တွေတိုသွားမိသည်။ မချစ်တဲ့မိန်းကလေးတစ်ယောက်ကိုများ ရန်ပွဲတွေဘာတွေ အဖြစ်ခံပြီး နှောင့်ယှက်ခဲ့တာတွေ ...၊

"တော်တော်ကို ဗရုတ်သုတ်ခဆန်တဲ့အကျင့်ပဲ ...၊ ရမ်းကားလိုက်တာ .."

ချမ်း ရေရွတ်နေတာကို ချို က ငြိမ်နေလိုက်၏။ ဒီ့ထက်ပိုပြီး မခံချင်စရာ ပြောခဲ့တာတွေကို ပြန်ပြောပြချင်သေးသည်။

ဒါပေမယ့် ကိုယ့်သိက္ခာကို ပြန်ချနင်းပြီးမှ ပွင့်လင်းဖို့ထိတော့ သူမ မရိုးသားနိုင် ...၊ ထို့ကြောင့် ပြောဖြစ်ခဲ့တာတွေကို ကုန်စင်အောင် မပြောတော့ဘဲ စကားကို ဒီမှာတင် ဖြတ်ထားလိုက်သည်။

"ဒါပါပဲ.. ချို က ဖေ့ဖေ့ဆီ အလည်သွားမလို့လေ.. အဲဒါ မမချမ်း ကို လာနှုတ်ဆက်တာ ...၊ မင်္ဂလာကိစ္စဆိုတာ မမချမ်း က စမေးလို့ ပြောမိတာပါ .. ပြောကို မပြောချင်တော့တာ .."

"အေးပေါ့ .. တို့ ကိုယ်ချင်းစာပါတယ် .. အန်တီလည်း စိတ်တို နေမှာပဲ .."

"ဟွန်း .."

ချို က ပြုံးလိုက်ပြီး မဖြေပါ ...၊

ဒါပေမယ့် ချမ်း သိသည်။ ကိုယ့်ဆီကို အိမ်တိုင်ရာရောက် လာပြီး ဟိုလိုလို ဒီလိုလိုစကားတွေ ပြောသွားခဲ့သေးသည့်စကားတွေကို ကြားရ ပြီးတည်းက ဦးမြမော် တို့ အပေါ် ဒေါ်ချိုသဲ ဘယ်လောက်ထိ အထင် တကြီး ရှိနေသလဲဆိုတာ ...၊

"မမချမ်း ကို လာတွေ့တာ မေမေနဲ့ပတ်သက်ပြီး ပြောပြထားချင် တာလည်း ရှိလို့ပါ .."

"ဘာလဲ ဟင် .."





"မေမေက မာနကြီးတယ်လေ .. စိတ်လည်း ဆတ်တယ် ...၊ မမချမ်း တို့က တစ်အိမ်တည်း နေနေတာဆိုတော့ ..."

"တို့က ဒီတစ်ရက် နှစ်ရက်ဆို ပြန်ပြောင်းမှာ .. ဦးဦးလွင် လည်း သက်သာနေပါပြီ .."

"မဟုတ်ဘူး .. ဖြစ်လာနိုင်တာကို ချို က ပြောချင်တာ ...၊ မနက် ဖြန် ချို က ဖေဖေ့ဆီ သွားမှာလေ .. မေမေနဲ့ မမချမ်း တို့ တွေ့ဖြစ်တဲ့ အခါ မေမေ့ဘက်က စကားပြောတာတွေ အစွန်းမလွတ်တာ ပါခဲ့ရင် နားလည်ပေးပါလို့ .."

ချို က ကြိုတင်တောင်းပန်နေတော့ သူမ စိတ်မကောင်း ဖြစ်သွား မိသည်။

အန်တီချို ကိုယ့်အိမ်ပေါ်ထိ လာပြီး ပြောသွားခဲ့တဲ့စကားတွေမှာ အစွန်းလွတ်တာ တစ်ခုမှ မပါခဲ့တဲ့အကြောင်း ချို မသိသေးဘူး ထင် ပါ၏။

"ပြောရရင်တော့ ကိုယ့်အမေအကြောင်း မကောင်းပြောသလို ဖြစ် မှာပဲ ...၊ ဒါပေမယ့် မေမေက စိတ်ဆိုးလာရင် နီးစပ်သမျှ လူ ပစ္စည်း ဘာမဆို အကုန်ဆွဲထည့် မဲတတ်တာ အကျင့်ရှိတယ် .. အိမ်မှာ ဒေါသ ထွက်တိုင်း ဒီလိုပဲလေ ...၊ ဖေဖေ အိမ်မှာ မပျော်တာ ကြည့်ပါလား.."

"ရပါတယ် ချို ရယ် .. တမင်တကာ သွားမတွေ့ဘဲ တွေ့ကြဖို့ လည်း မလွယ်ပါဘူး ...၊ တွေ့ရင်လည်း နင် မပူပါနဲ့ .."

စိတ်ပူနေတာက မေမေ ဘယ်လောက်ထိ အိမ်မှာ သောင်းကျန်း နေတာကို သူမသာ အသိဆုံးမို့ပါ ...၊ ချို က ချမ်း ရဲ့ဘေးမှာပဲ ပြန်ထိုင် ကာ ...

"မမချမ်း ထမင်းသွားစားမလို့ ဆို .. ထမင်း မထည့်ခဲ့တော့ဘူး လား .."

"အင်း .. ထမင်းမထည့်တော့တာက သူများအိမ်မှာ မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ .. ဒီနေ့လည်း ဘာမှ သွားမစားတော့ဘူး ..၊ ညက ဝမ်းပျက်ပြီး အိပ်ရေးပါပျက်တော့ ပါးစပ်တွေလည်း ပျက်နေတယ် ..”

အိပ်ရေးပျက်သည်ဆိုသော ချမ်း ရဲ့မျက်နှာလေးကို ချို အမှတ်တမဲ့ ကြည့်မိသည်။ ဆံပင်ရှည်တွေကို နောက်မှာ စုစည်းထားပေမယ့် သောနှစ်ဖက်က နားသယ်စပ် ဆံယဉ်စလေးတွေ ခပ်ပါးပါး ပြုဆင်းနေသဖြင့် မျက်နှာလေးက နွမ်းနေသည်။

ဘာမှလည်း လိမ်းဖြီးထားပုံ မရှိသဖြင့် မျက်နှာပြောင်လေးက နေမကောင်းဖြစ်ထားမှန်းလည်း သိသာ၏။ သို့သော် ပြောင်ရှင်းရှင်း မျက်နှာလေးက ညိုစိမ့်စိမ့် ဝင်းဝင်းလေးမို့ ယဉ်စစလေးနဲ့ ကြည့်ကောင်းနေသည်။

သူမ လမ်းလျှောက်သွားတိုင်း နွဲ့နေသည့်ဆံနွယ်များတို့က လိုက်ကြည့်နေချင်အောင် ဆွဲဆောင်နိုင်လေသည်။

“ငါ သိတယ် .. အဲဒါ ချမ်း အဲဒီအိမ်ကို ရောက်သွားလို့ ..”

“ယဉ်တာနဲ့ ယှဉ်ရင် လှတဲ့သူက နောက်ကျန်ခဲ့တာပဲ ..၊ သင်းက မင်းကြီးကြိုက် လေ .. ကောင်းလွင် ဆိုတဲ့ မအူမလည်ကောင်က ဒါကျတော့ အကွက်မြင် လာဘ်မြင်နဲ့ တော်တော်လည်ပါလား ..”

“ဟဲ့ .. ငါသွားတာ ဘာဖြစ်လဲ ..၊ ငါတို့လူကြီးချင်းက စပြီး သဘောတူ စေ့စပ်ထားကြတာမို့လို့ ငါ သွားတာလေ ..၊ ညည်းကရော ကိုယ့်ကို ကြိုက်လို့ တကောက်ကောက် လိုက်နေတုန်းက ဘာဖြစ်လို့ ဖယ်ထားခဲ့တာလဲ ..၊ ဘာကို အကြိုက်မတွေ့လို့လဲ ပြောပါဦး .. ညည်း ပြောဆိုမောက်မာခဲ့တာတွေရှိလို့ ဟိုက ဒီလိုပြန်လုပ်တာ ..”

“မရဘူး .. ကိုယ် မစားရရင် သူများပါးစပ်ထဲ မရောက်အောင်လည်း ပုတ်ချရမှာပဲ ..၊ ငါ့သမီးက မိစုံဖစုံနဲ့ စည်းစိမ် အခြံအရံနဲ့ ..၊ ဘာမဟုတ်တဲ့ မိန်းမမျိုးကို ဘာမှ မက်စရာမရှိအောင် ထပ်ဖွဲ့ပြမယ်..”

မေမေ ကြိမ်းဝါးနေတာတွေကို ပြန်တွေးမိနေသည်။





မမချမ်း ကို မပြောစေချင်တာထက် ပိုဆိုးတာက မေမေ ဒီလို ပေါက်ကွဲနေလေ ကိုယ့်ဘက်က ဆုံးရှုံးရသည့်ပမာဏကို တမ်းတ ပူလောင်နေတာနဲ့ ပိုတူလေ ..။

ရှက်ဖွယ်လိလိတွေ ဖြစ်ကုန်တော့မှာပါ ..၊ ထို့ပြင် မမချမ်း က မာန ရှိသည်။ စကားတစ်ခွန်းကို ချက်ကျကျပြောပြီး ထိုးနှက်မည်ဆိုလျှင် မေမေသာ အရှက်ကွဲရမှာဖြစ်ကာ မေမေ့ဒေါသတွေ ပိုတိုးပြီး မတွေးရဲစရာပါ ..။

ထို့ကြောင့် မေမေ့ကို တားမရနိုင်တာမို့ ချမ်း ကို သူမ ကြိုတင်တောင်းပန်နေရတာ ဖြစ်သည်။

“ဒါဆိုလည်း အအေးလေးဘာလေး လိုက်သောက်ပါလား မမချမ်း ရယ် .. ချို က ခရီးဝေးသွားခါနီးမို့လို့ မမချမ်း ကို မုန့်ကျွေးရင်း စကားပြောမယ်ဆိုပြီးတော့ လာတာ ..”

“ခု ပြောနေရတာပဲ ချို ရယ် .. လူတစ်ကိုယ်လုံး နုံးနေလို့ပါ ..၊ ဒီရက်ပိုင်း သင်တန်းပျက်ထားတဲ့ရက်တွေ ဆက်တိုက်ဖြစ်နေလို့ နေမကောင်းဘဲ ထွက်ခဲ့ရတာ ..”

“ဟုတ်ပါပြီ .. ဒါဆိုလည်း အေးဆေးနားပါ ..၊ ချို ဟိုမှာ နှစ်လသုံးလ ဒါမှမဟုတ် ခြောက်လလောက်တော့ ကြာမယ်ထင်တယ် ..၊ မမချမ်း လိုအပ်တာ တစ်ခုခုရှိရင် မှာလိုက်နော် ..ဝယ်လာပေးမယ်..”

“အေးပါ ..”

“အိမ်မှာ မေမေ ပွားနေတာနဲ့ နားတွေ ခေါင်းတွေ ထူနေပြီ ..၊ အဲဒါကြောင့် ဖေဖေ့ဆီကို လစ်ရမှာ ..”

“ချို ရယ် ..”

ဒီအဖြစ်က သေးသေးကွေးကွေးတော့ ဟုတ်ပုံ မရပေ ..၊ နှစ်ဖက်မိဘ သေချာစီစဉ် သတ်မှတ်နေကြကာမှ ဒါ ဘာဖြစ်လို့ ပျက်သွားခဲ့တာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ချို ပြောသလို ညံ က ပေါ့ပျက်ပျက် ဆုံးဖြတ်လိုက်တာလား ...၊ သို့မဟုတ် ဘာဘမော် ကိုယ်တိုင်က အံ့စတည်းက ညံ စိတ်ချမ်းသာသလို လုပ်ခွင့် ပေးထားတာလား ...၊

အသက်မပါသော ချို့ မျက်နှာလေးပေါ်က အပြုံးတို့ကို ငေးရင်း ချမ်း ကတော့ ပေါ့ပါးစွာ မရယ်နိုင်ပါ ...။ သူတို့တွေ မသိကြပေမယ့် ချို နဲ့ သူမက ဆွေမျိုးတော်နေ၏။

"ဆရာမ .."

ဟင်!...

ဆေးနားက ကပ်ခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်မိသည်။ ဒွန်း နဲ့ သက်ရင့် ...၊

ချို က ပြန်မလို့ ထရပ်လိုက်ပြီးမှ သေချာကြည့်နေခဲ့၏။

"ဆရာမ .. ဟို .."

"ဘာဖြစ်လို့လဲ .."

ချမ်း က မျက်နှာကို တင်းပြီးသားဖြစ်ကာ ထရပ်လိုက်ပေမယ့် ကိုယ်နဲ့မသိဘဲ လာကြောင်နေတဲ့ လူရုပ်လေးတွေကို ကြည့်သလိုမျိုး...၊

ဒွန်း တို့ကလည်း ခံစားမိသည်။ သူတို့ဘက်ကလည်း 'ဆရာမ' လို့ တစ်လုံးတစ်ဝကြီးခေါ်ပြီး ရွှဲချိုတ်ချိုတ်ပြောတတ်သော ညံ ဆီကနေ ဒီတိုင်းလိုက်ခေါ်ရင်း အရိုးစွဲနေခဲ့တာ ဖြစ်၏။

တစ်ခါတစ်ခါမှာ နားလည်မှုများစွာနှင့် ခေါ်မိသလို ဒေါသထွက်လာသည့်အခါမှာ 'ဆရာမ'ခေါ်သံက အချဉ်ပေါက်နေလိမ့်မည်။

ဒါပေမယ့် ရင်ငြိမ်းချမ်း ဆိုသော သူမ၏အကြည့်များကတော့ အမြဲတမ်း အချဉ်ပေါက်နေခဲ့သည့်အတိုင်း ...၊

"ဘာပြောစရာ ရှိလို့လဲ .. ဘာကိစ္စလဲ .."

"ညံ လေ .."

"ဆရာမရယ် ဆရာမ လိုက်လာမှ ဖြစ်မှာမို့လို့ပါ .."





ဘာလိုလို စကားတွေကြောင့် ချို့ ရှေ့မှာ မျက်နှာပူသွားမိသည်။ ချို က ဒွန်း တို့နဲ့ ချမ်း ကို တရားခံရှာသည့် အကြည့်တို့နှင့် ...

"နင်တို့ကို စကားဆုံးအောင် မပြောရဘူးလို့ ဘယ်သူ မှာလိုက်လို့လဲ .."

ချို့ စကားသံက မာဆတ်ဆတ်ကြောင့် သက်ရင့် မျက်နှာပျက်သွားသည်။ ဒွန်း က သက်ရင့် လက်ကိုဆွဲ၍ သတိပေးသလိုကြည့်ကာ ချမ်း ကိုပဲ ဦးတည်၍ ...

"ညံ ဗိုက်အောင့်ပြီး စကားတောင် မပြောနိုင်ဘူး ဖြစ်နေတယ် ဆရာမ .."

"အဲဒါ ဆရာဝန်ခေါ်ပေါ့ .. ငါနဲ့ ဘာဆိုင်လို့လဲ .."

ချို့ ကို မျက်နှာပူကာ ချမ်း ဒေါသတွေထွက်လာသည်။ ခုပဲ သင်း အချိုးမပြေတာတွေ ကြားနေခဲ့ရတာ ...၊

"လာ .. ချို သွားရအောင် .."

"ဟာ!... ဆရာမ .."

"ဆရာမ ညံ ကို ဘယ်လိုမှ ပြောမရလို့ပါ .. အခု သင်တန်းရှေ့က ကားထဲမှာ ညံ ရှိတယ် .."

ဟင်!...

ပိုဆိုးကုန်ပါပြီ ...၊

ချမ်း ရဲ့ ပါးပြင်လေးတွေ နီမြန်းလာခဲ့၏။

ချို ကလည်း ဒွန်း တို့ရဲ့ ဆက်ဆံရေးကို နားလည်ကာ ထွက်လည်း မသွား ...၊ ဘာမှလည်း ဝင်မပြောဘဲ အေးစက်စက်မျက်ဝန်းတို့နှင့် လက်ပိုက်ကြည့်နေခဲ့၏။

"ကျွန်တော်တို့လည်း သူ့ကို အိမ်ပြန်ပို့ဖို့ပါ .. အဲဒါ စတီယာရင် ကို လုံးဝ မလွှတ်ဘူး .. နောက်သင်တန်းတစ်ခု ဆက်တက်ဦးမှာပြီး ဆောင့်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဆရာမက အိပ်ရာက လဲနေတဲ့သူဆီ ပြောသွားတာကို မခံနိုင်ဖြစ်ပြီး ဖွတ်ထွက်လာတာ .. ဆရာမလိုပဲ သူ သွားလာနိုင်ရမယ်တဲ့ ..၊ ဆရာမ အိမ်ပြန်မှ သူ ပြန်မယ်တဲ့ .."

ဘုရား!... ဘုရား ...

ချို ဘယ်လို ထင်သွားပြီလဲ ..၊ စကားတွေက အခြေအမြစ်မရှိနဲ့..၊

"ဟွန်း .. မမချမ်း နဲ့ တော်တော်ရင်းနှီးနေတာပဲ ..၊ လိုက်သွားလိုက်ပါ မမချမ်း ရယ်.. ညံ့ ဆိုတာ သောင်းထိုက်က ညံ့ နော် .. သူနဲ့ ရန်သူဖြစ်သွားရင် ကိုယ့်ရှေ့က စီနီယာတွေလို ခံသွားရလိမ့်မယ် .."

"ချို .. တို့က အဲလိုမဟုတ်ဘူး .."

"ချို ကလည်း သတိပေးတာပါ .. သွားမယ် နော် .."

ချို့ မျက်နှာက တစ်ဖက်လှည့်သွားတာနှင့် တင်းမာမြိမ်နေခဲ့၏။

သူမ အားလုံးကို သဘောပေါက်သွားပြီ ဖြစ်သည်။ လူကြီးတွေ ပြောတဲ့စကား တကယ် မှန်ပါလား ..၊

"ငါတို့တွေက ဘယ်နေရာမှာပဲ ခေတ်နောက်ကျပါစေ လူငယ်တွေ ဘယ်ခြေလှမ်းရင် ဘယ်လိုဦးတည်နေပြီဆိုတာ တစ်ချက်ကြည့်လိုက်တာနဲ့ သိတယ်" တဲ့ ..။

သူမ တစ်ခုခုကို ပိပိရိရိ လိမ်လိုက်နိုင်ပြီထင်တိုင်း မေမေ အလျှော့ပေးရင်း အမြဲတမ်း ကြိမ်းဝါး ကျန်ရစ်သည့်စကား ..၊

ခုတော့ မေမေ သိနေသည်ဆိုတဲ့အတိုင်း မှန်နေပြီပဲ ..။





အခန်း (၃၅)

"ဘိုးဘိုးမော် သိသွားရင် ညံ့ မလွယ်ဘူး ဆရာမ .. ထွက်လာကတည်းက ဖုန်းပိတ်ထားခဲ့တာ .. အဲဒါ ကျွန်တော်တို့ ကိုင်မလို့ ဥစ္စာ ဖုန်းကို လုပြီး ပိတ်ပစ်လိုက်တယ် ..၊ ကြည့် .."

ဘိုးဘိုးမော် သိသွားရင် ညံ့ မလွယ်ဘူးဆိုသည့်စကားကို ဒွန်းဘာအမိပွာယ်နဲ့ပြောပိုက်မှန်း မသိပေမယ့် တကယ်မလွယ်မှာက သူမပဲ ဖြစ်သည်။

နေ့ရာ ဘက်ကာ နားလည်ပေး ပေါ်သည်ဆိုကာမှ ကိုယ်ကချည်းပဲ ဘာနပြသလို ဖြစ်နေရင် မကောင်းမလား ..၊

ထို့ပြင် ဦးဦးလွင် သူမကို ခွင့်ပြုတ်မှာ မဟုတ်ပေ ..၊

"တောက်!... ငါတော့ ဒီသင်တန်းမှာ အလုပ်ဖြုတ်စာ ရတော့မယ် ထင်တယ် .."

ချမ်း မကျေမနပ် ရေရွတ်ကာ ဆလင်းဘက်ခ်လေး ပခုံးပေါ်ဆွဲတင်ပြီး စိတ်လိုက်မာန်ပါ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ် နုံးချိချိ ယိုင်နဲ့နဲ့ ဖြစ်နေတာတောင် မနားနိုင်ဘဲ ထွက်လာခဲ့တာ ...၊

ညနေအချိန်ဝင်ဖို့ ရှိသေးတာကို မဖြစ်မနေ ဝင်ဖို့အတွက် အားတင်းစောင့်နေခဲ့တာလည်း သွားပြီ ...၊

"ဘာသွားလုပ်ကြတာလဲ .."

"ဟင်!..."

"ညံ့ .. မင်းက ..."

သူတို့တွေ ကားနားရောက်ကြတော့ ဒွန်း က တံခါးဖွင့်ဖို့ လက်တင်လိုက်ကာမှ ညံ့ က သူ့ဘာသာဖွင့်ပြီး ဆင်းရပ်လိုက်တာ အကောင်း...။

ချမ်း ရဲ့အကြည့်တွေ သူတို့ဆီ ဒိုင်းခနဲ ရောက်လာသည်။

"မဟုတ်ဘူး ဆရာမ .. ဒီကောင် ..."

"နေပါဦး .. မင်းတို့သုံးယောက်ထဲက ငါ့ကို အငြိုးမပြေနိုင်တာ ဘယ်သူလဲ ...၊ သူလား .."

ချမ်း က ညံ့ ဘက် လှည့်၍ မေးဆတ်ပြပြီးမှ ...

"မင်းတို့ သုံးယောက်စလုံးလား .."

"ဟာ .. အဲလို မဟုတ်ပါဘူး .. တကယ်ပါ .."

"ညံ့ ခုန တကယ် ကွေးကောက်အောင် နာနေတာ .."

ဒွန်း နဲ့ သက်ရင့် ရှင်းပြပေမယ့် ချမ်း မျက်နှာလေးက ဒေါသတွေနှင့် သည်းထန်ကာ ...

"မင်းတို့ကို ငါ ဘာများ နာကြည်းစရာ လုပ်ခဲ့မိလို့ ဒီလောက်တောင် မပြီးနိုင် မဆုံးနိုင် အငြိုးကြီးနေကြတာလဲ .."

"ကျွတ်!... ညံ့ .. မင်း ပြောဦးလေကွာ .."

"ခက်တော့နေပြီ .."

သူတို့ ခေါင်းခါ ညည်းညူနေလေ သူမကို ခပ်တည်တည်နဲ့ ဝိုင်းပြီး လှောင်ပြောင်နေကြသည်လို့ ထင်နေလေ ...၊





"ညံ့ .."

ချမ်း မျက်ခမ်းစပ်လေးတွေ ရဲတွတ်လာခဲ့လျက် မျက်ဝန်းလေးတွေပါ စိုလက်လာခဲ့၏။

ယောကျ်ားသုံးယောက်ရဲ့ ပေ့ည့်ပတ် လိမ်ညာမှုတွေနောက်ကို သူမ အဟုတ်ကြီးထင်ပြီး လိုက်ခဲ့မိတာ ဒီနေရာထိ ...၊

ထို့ကြောင့် ညံ့ မျက်နှာကို စေ့စေ့ကြည့်ခါရင်း အံကြိတ်ကာ...

"စိတ်ချ .. နင်တို့လူစုနဲ့ နောက် ဘယ်တော့မှ မဆုံမိအောင် ငါနေမယ် ...၊ နင့်ရှေ့ကို မပြောနဲ့ .. နင့်အိမ်ရိပ်ကိုတောင် ငါ မနင်းဘူး.."

"ဟာ!..."

"ညံ့ .. မင်း ဘာလို့ ပါးစပ်ပိတ်နေတာလဲ .."

ချမ်း ဒီတိုင်း လှည့်ထွက်သွားတော့ ဒွန်း တို့ တအံ့တဩတွေဖြစ်ကုန်ကာ ...

"ပြောသွားတာတွေ ကြည့်စမ်း ...၊ မင်း ဘာမှ မရှင်းပြဘဲနဲ့ .."

"ငါက ဘာရှင်းပြရမှာလဲ .."

"ဟ .. ငါတို့က မင်း တကယ်ဖြစ်နေလို့ သွားခေါ်တာ .."

"အင့်!..."

"ဟား!... ညံ့ .."

အပြစ်တင်နေတုန်း ညံ့ မျက်နှာမဲ့သွားကာ ကိုင်ထားသည့်တံခါးရွက်မှာ မျက်နှာကပ်၍ ကုန်းကျသွား၏။

"ကြည့်ဦး .. ဟိုကလိုက်လာတော့ ဘာမှမဖြစ်တော့တဲ့အတိုင်း.."

"ညံ့ .. ဟေ့ကောင် .. လာ .. ကားထဲဝင် .."

"ရတယ် .. နည်းနည်း .. အ!..."

"လာစမ်းပါကွာ .. ဝမ်းကိုက်နေတာလည်း ပျောက်သေးတာ မဟုတ်ဘူး၊ ဟာ!... မရဘူး.. ဒွန်း.. မင်း ကားဝင်မောင်း.. အိမ် မပြန်လို့ လုံးဝ မရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ညှံ ခေါင်းခါနေပြီး ဘာမှလည်း ထပ်မပြောင်းနိုင်ဘဲ သက်ရှင့် နဲ့ အတူ နောက်ခန်းမှာပဲ ဝင်ထိုင်လိုက်ရသည်။

ဒွန်း မျက်နှာမှာ ကရုဏာဒေါသတွေနှင့် ...

"ဟိုက ထင်သွားတာ နည်းသောင် နည်းသေးတယ် .. မင်း ဘာဖြစ်လို့ ဆရာမကိုပဲ တစ်မျိုးပြီးတစ်မျိုး ရစ်နေတာလဲ .."

"ချစ်လို့ .."

"ဘာ!..."

ဂီယာထိုး၍ လီဗာနင်းပြီးကာမှ ဘရိတ်အုပ်ပစ်မိကာ ကားက ဆောင့်ခါရပ်၏။

ဒွန်း မျက်လုံးအပြူးသားနှင့် နောက်လှည့်ကြည့်၏။ သက်ရှင့်က ပိုပြူးလာသော မျက်လုံးတို့နှင့် ...

"ဒီည လနှစ်စင်း ပြိုင်တူ ထွက်လာနိုင်တယ် .."





အခန်း (၃၅)

ရေစိုရွှဲနေသည့် မြန်မာဝတ်စုံလေးက သူမကိုယ်ပေါ်မှာ တင်းကပ်နေသည်။

သူ သိမ်းပယူပွေ့ပိုက်လိုက်သည့်အချိန်မှာ ရေစိုဆံနွယ်တွေက သူမ မျက်နှာလေးနဲ့ ရင်အုံတစ်ခြမ်းမှာ ဖရိုဖရဲ ဖေးတင်နေကြ၏။

ဘာဖြစ်သွားခဲ့မှန်း သူ့ကိုယ်သူ မသိလိုက်ပေ ...။

သူ့လက်နှစ်ဖက်ပေါ်မှာ ကြော့ရှင်းသည့်လည်တံလေး မော့လျက် သတိလစ်နေသော သူမရဲ့ နှုတ်ခမ်းလွှာလေးတွေမှာ စက္ကန့်များစွာ ငေးမောသွားခဲ့သည်။

ပြီးတော့ သူမမျက်နှာလေးကို မော့မော့လေးအတိုင်း ပါလာအောင် ပင့်ယူကာ သူ့မျက်နှာ ငုံ့ကျသွားခဲ့ပြီး ...။

"ဟာ!... ညှံ .. မင်း ..."

ဒွန်း မနေတတ်မထိုင်တတ်ကြီး ထဖြစ်ကာ ညှံ ပခုံးကိုမျှန်းခနဲ လှမ်းရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ရင့် က မချိမချဉ်မျက်နှာနှင့် လက်ဝါးချင်း ပွတ်လိုက် ..၊ လည်ပင်းပွတ်လိုက် လုပ်၍ ခွီးခနဲ ရယ်၏။

ညံ့ က မရယ်ပါ ..၊ ပန်းရောင်ရင့်စပြုလာသော မျက်နှာထက်မှာ ရယ်မြူးရိပ်တို့ထင်လျက် မျက်နှာငံ့သွားသည်။ ပြီးတော့ ပြန်မော့လာကာ ...

"ငါ မနမ်းပါဘူး .."

"လုပ်မနေနဲ့ .. စိတ်ကူးယဲ့မှာ တစ်ရက်လောက်ချစ်တာက တစ်သက်လောက် ချစ်တာထက် ပိုရင်ခုန်တယ် တဲ့ .."

"ဟုတ်တယ် .. ငါ သူ့နှုတ်ခမ်းလေးနဲ့ ဒသမ ငါးစက္ကန့်လောက် မထိတထိ ဖြစ်လိုက်မိတာ .."

"တွေ့လား .. မနမ်းဘူး ဆိုပြီးတော့ ..."

"ငါ့ခေါင်းထဲမှာ မီးပွင့်သွားသလိုပဲ .."

"ဟိုက ရေထဲက ဆယ်လာရတာဆိုတော့ မင်းရဲ့ ရမ္မက်မီးတွေနဲ့ အပူအအေးထိပြီး ရှော့ခ် ဖြစ်သွားတာ .."

"ပိုဆိုးတယ်ကွ .. ငါ ရင်တွေခုန်နေတာ ရင်ထဲမှာတင် မဟုတ်ဘူး .. တစ်ကိုယ်လုံးမှာပါ ကျဉ်ခဲခဲ ယားကျိကျိနဲ့ .."

"မကြားဖူးဘူး .."

"ရေထဲမှာ ကြာသွားလို့ ထုံကျဉ်နေတာ .."

"လျှောက်နှောက်မနေနဲ့ .. ငါ တကယ် .."

"အေးပါ .. သိပါပြီ ..၊ ပြော .. ပြော .."

စပ်ဖြဲဖြဲမျက်နှာကြီးကို ညံ့ က ခပ်တည်တည်ကြည့်ကာ ...

"ဒါပေမယ့် ငါ သူ့ကို နိုးနမ်းမိတဲ့ပြစ်မှုမြောက်သွားပြီမှန်း သိတယ် ..၊ ဒါပေမယ့် ငါ တကယ် မနမ်းခဲ့ဘူး .. ဒါပေမယ့် တကယ် ဟုတ်ထိတာ .."

"ဒါပေမယ့်တွေ လုပ်မနေနဲ့ .. အတူတူပဲ .."





"ဒါနဲ့များ မနေ့ကထိ ဘုနဲ့သောက်ကွာ .. မင်းကို ဒီလောက် အထင်လွဲပြီး မုန်းတီးနာကြည်းပြသွားတာ ကျွန်တော် တကယ်ဇိုက်နာနေတာပါလို့ တောင်းပန်လိုက်ပါလား"

"ဘာလို့ တောင်းပန်ရမှာလဲ .."

"လုပ်ပြီ .."

"သူ ငါ့ကို ပြန်ချစ်ဖို့ မလွယ်ဘူးဆိုတာ ငါ သိတယ် .."

"ဘာဖြစ်ဖြစ် မုန်းချက်နဲ့ နမ်းထွက်က မကိုက်ကြပါဘူးကွာ ..၊ မင်းက အလျှော့မပေးဘဲနဲ့ ရန်ချည်းပဲ ဖြစ်နေတာလည်း ထည့်ပြောဦး.. အလျှော့ပေးပြီး ပထမဆုံး အဆင်ပြေအောင် ကြိုးစားကြည့်စမ်းပါ ..၊ မလွယ်ဘူးဆိုတာ မလုပ်သေးလို့ပါ .."

"အေးလေ .. မင်းချစ်နေတာ သူက သိမလား ..၊ သူ့ကို ကြည့်မရလွန်းလို့ မင်းပဲ ကွိုင်ရှာခဲ့တာ .. တွေးကြည့်ရင် သူ ဘာမှမသိခင်တည်းက မင်း သူ့ကို မုန်းတာ မဟုတ်ဘူးလား .."

"မုန်းခဲ့တာက အနိစ္စ .."

"ဘာ!..."

"ကိုယ်ချစ်ချင်တိုင်း ချစ်ခွင့်မရတာက အနတ္တ .. အခု ငါ အနတ္တ ဒုက္ခ ဖြစ်နေတာ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဒွန်း က ညံ့ မျက်နှာ ဖြစ်နေတာကိုကြည့်ပြီး တခွိခွိ ရယ်၏။ ပြီးတော့ ပါးစပ်ပိတ်ပြီး ဟားတိုက်ရယ်လေသည်။ သက်ရင့် ကတော့ ကဲ့ရဲ့ဖို့ အဆင်ပြေနေသည့်မျက်နှာက မဲ့လျက် ...

"ခွေးကောင် .. ရေမှုတ်တစ်ဖက် .. မီးစတစ်ဖက် .."

"ဘာလဲ .."

"မင်း အဲဒီတိုင်းပဲလေ .. မိန်းကလေးတစ်ယောက်ကို အောက်ကျ တောင်းပန်ဖို့ကျတော့ မင်း ခဲယဉ်းနေတယ်မို့လား ..၊ လိုချင်တာရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အရင်ပေးသင့်ရင် ပေးရတယ်ကွ .. အထူးသဖြင့် အချစ်ဟာ မာန်မာန မထားသင့်ဆုံးအရာပဲ ..”

“ငါကတော့ ထားမှာပဲ .. သူ ပြန်ပေးရမယ့်အချစ်ကပဲ တန်ဖိုးကြီးတာ မဟုတ်ဘူး ..”

“အဲ့ဒါပဲ ..”

“ချစ်မိတာ အပြစ်မှ မဟုတ်တာ ..”

“မဟုတ်ပေမယ့် သူ ပြန်ချစ်လာဖို့ မင်း မလိုအပ်ဘူးလား ..”

“မိန်းကလေးတစ်ယောက်ဆီက အချစ်ကို ရဖို့ လိုအပ်လာသော ပစ္စည်းက တောင်းပန်ခြင်းဆိုရင် အဲဒါ မပါဘဲ ငါ ရအောင်ယူမယ်..”

“စလာပြီ ..”

ဒွန်း တို့ မျက်စပစ်၍ ခေါင်းခါကြသည်။ လူက မျက်တွင်းဟောက်ပက်နှင့် တင်းနေသည့်မျက်နှာက တရားလွန် ...၊

ပြီးတော့ အချစ်အကြောင်း ပြောနေတာနှင့်မတူဘဲ ရန်သူကို ရင်ဆိုင်ယှဉ်ပြိုင်ဖို့ တွေးပြီး အံကြိတ်နေတာနှင့် တူ၏။

“အချစ်ကို မာနထားဖို့ စဉ်းစားနေရင်တော့ မင်း တကယ်ချစ်တာ မဟုတ်သေးလို့ပဲ ...၊ အဲဒီတော့ သေချာအောင် ကိုယ့်ကိုယ်ကိုယ် စဉ်းစားဦး ..”

“ထားမယ်.. သူ့အချစ်ကို ရဖို့ ကိုယ့်အချစ်ကို တစ်ဆင့်နိမ့်ပြီး ခင်းထားဖို့ မလိုဘူး..၊ မင်းတို့ မသိလို့ပါ.. အချစ်က ပိုပြီး မာနကြီးတယ်..”

သူ့ဒဿနနဲ့သူတော့ ဟုတ်လို့ပါလား ...၊ ပြီးတော့ ချက်ချင်းနူးညံ့သွားပြန်ကာ သက်ပြင်းရှည်ကြီးတောင် ချလိုက်သေးသည်။

“ငါ သူ့ကို ချစ်တယ် ..”

ပြောပြီး ခေါင်းညိတ်၍ ...

“ငါ့ဘက်က သေချာချင်တာ .. ငါချစ်တဲ့ မိန်းမကို ရအောင်ယူဖို့ ငါ့အတွက် လိုအပ်ချက်က ငါ့ကိုယ်ငါ သေချာဖို့ပဲ ..”





“ငါကတော့ ဘာဖြစ်ဖြစ် မင်း အနိုင်မခံ အရှုံးမပေးတွေ လုပ်တတ်တာကို လန့်တယ် ..”

“မင်းက လန့်ရအောင် ငါက မင်းကို ချစ်ခွင့်တောင်းနေလို့လား..”

“ဟော့ကောင် မင်း ပါးစပ်ကြီး ပိတ်ထားစမ်းပါ .. ရွံစရာတွေ..”

ဒွန်း မျက်နှာကြီး စပ်ဖြဲဖြဲ ဖြစ်သွားသည်။ သက်ရင့် ကတော့ ညံ့ ရင်ထဲကိုပဲ စိတ်ဝင်စားနေသူဖြစ်ကာ ...

“မင်း ပြောတာတွေ ကြားနေရပေမယ့် ငါ မယုံနိုင်သလိုပဲ ညံ့.. ငါ တွေ့နေရသလောက်ဆိုရင် မင်း သူ့ကို ချစ်နေခဲ့တယ်ဆိုတာ မင်းရဲ့ ဘယ်နေရာမှာမှ မရှိဘူး ..”

“အချစ်က ဘယ်နေရာမှာ ရှိတာလဲ ..”

“အဲလို မမေးကောင်းဘူး ..”

“ကိုယ်ပြောတာ ကိုယ် တာဝန်ယူလေ ..”

သက်ရင့် က မျက်တောင်တွေခတ်နေရင်း ကြောင်တောင်တောင် ပုံစံနှင့် ...

“ဒါတော့ ဘယ်သိမလဲကွ .. မင်းကြည့်တာ မင်း ပြောတာတွေမှ ချစ်နေတာနဲ့ တူတာကို ရှာမတွေ့လို့ပေါ့ ..”

“မင်း ရှာခဲ့လို့လား ..”

“မရှာခဲ့ဘူးလေ .. မင်း ဒီလောက် ကြည့်မရဖြစ်နေတာ .. မျက်နှာချင်းဆိုင်တိုင်းရော အဆင်ပြေလို့လား ...၊ မင်းက ချစ်နေတယ်လို့ ထင်နေနေသာသာ ဆရာမကို ဒီကောင် ကိုင်ပေါက်လာတော့မလား .. သူတစ်ချက် ကိုယ်တစ်ချက် နားရင်း ပြန်အုပ်တော့မှာလားနဲ့ ..”

“အဟွန်း ..”

“အဲဒီလိုကောင်ကို ‘ချစ်များနေမလားလို့ တွေးမိပါ့လား ..”

“ဟုတ်တယ် .. ငါ့ကိုယ်ငါတောင် မသိဘူး ..”

သူ ပြန်တွေးကြည့်ရင်း သေချာခဲ့တာက ရေကူးကန်ဘောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာကို တည့်တည့်ကြည့်ပြီး စိန်ခေါ်စကားတွေ ပြောနေခဲ့တဲ့ သူမမျက်နှာပေါ်က မာန်မာနတွေ ..၊

စိုးရိမ်နေသည့်မျက်နှာလေးနှင့် ယောင်ယောင်မှားမှားတွေ ဖြစ်ခဲ့သည့် ထမင်းစားကြတုန်းကပုံစံမျိုးလည်း မဟုတ် ..၊ မျက်နှာချင်းဆိုင်မိကြတိုင်း မျက်နှာလေးလွှဲ၍ ကွေ့ရှောင်ထွက်သွားတတ်သော အမူအရာတွေလည်း သူမမှာ မရှိခဲ့ပေ ..။

"ငါ ပြောတာကို ကျောတယ်ထင်ရင် မင်း အခွင့်အရေးရှိတဲ့အတိုင်း လုပ်လိုက် .."

"ငါ့ဘက်မှာ ချစ်စရာ မုန်းစရာအကြောင်း ဘာမှမရှိဘူး .."

"မင်း ကြိုက်တဲ့နည်းနဲ့ ကြိုးစား .. မြန်မြန် ထွက်သွားရလေ ကောင်းလေပဲ .."

သူမချည်းပဲ စိန်ခေါ်သွားခဲ့တာ ပြိုင်ဘက်မရှိ ..၊ ထိုခဏလေးမှာ သူမမျက်ဝန်းလေးတွေနဲ့ သူ့ရင်ဘတ် ငြိခဲ့သည်။ သူမ စကားသံက နားဝင်ချိုနေခဲ့၏။

မခံချင် ဒေါသမာနတွေကို ရိုက်ပုတ်နှိုးဆွသလို ရှိနေသည့် စကားလုံးတိုင်းကို သဘောကျ နှစ်သက်နေခဲ့ပြီး ...

"ငါ အဲဒီမှာ ချစ်သွားတာ .."

"ဟမ်!..."

"ဘာလဲ.. ဘယ်မှာလဲ..၊ အံဆွဲထဲမှာလား .. ဖျာလိပ်ထဲမှာလား.."

"မဟုတ်လောက်ပါဘူး .. ဆရာမ ရေအိမ်ဝင်နေတုန်း .."

"ဒွန်း .."

"ခြေလက်မျက်နှာ ဆေးကြောနေတဲ့အချိန်လေ .. ရေအိမ်ဝင်တိုင်းပဲ ဟွန်း .. မပြောလိုက်ချင်ဘူး .. နှာခေါင်းနဲ့ မတွေးနဲ့ .. ခေါင်းနဲ့တွေး"

သုံးယောက်တည်းနဲ့ မျက်စောင်းထိုးတာတွေရော .. ရယ်မိတာတွေပါ စုံသွားခဲ့၏။





"အတည်မေးမယ် ..၊ သုံးခွန်းတည်းရယ် .. ဘယ်မှာလဲ .."

ဒွန်း ထပ်မေးတော့ ညံ့ က ရယ်သည်။

"ပြောလေကွာ .."

"သူ ရေထဲမကျခင် ငါ့ကို ဒေါကန်နေသေးတယ် .."

"ဒေါကန်နေတာကို ချစ်သွားတယ်ပေါ့ .."

"ဟုတ်တယ် .."

"မင်းကို ရွဲ့မေးတာ .."

"ငါက အတည်ဖြေတာ .. သူ ငါ့ကို စိတ်တွေတိုနေတာ ချစ်စရာလေး ..၊ ပြီးတော့ တခြားမိန်းကလေးတွေလို မလိုလားဟန်ပြပြီး ဖြားယောင်းတဲ့နည်းတွေ ဘာမှမပါဘူး .."

"ကိုယ်ထင်ရင် ခုတင်ရှေ့နန်း တဲ့ .. မင်း ကြိုက်သွားလို့ အပြစ်မမြင်တော့တာ မဖြစ်နိုင်ဘူးလား .."

"မြင်တာ မမြင်တာက မျက်လုံးက .. ခံစားမိနေတာက စိတ်.."

ညံ့ က ခံစားချက်အပြည့်နှင့် တစ်ခွန်းမှ မကျန်ခဲ့အောင် ချေပနေ၏။

"လာတုန်းက ငါ့ကို သူ တောင်းပန်ဖို့ .."

"မင်းက ပြေပြေပြစ်ပြစ်လေး ပြန်ပြောလိုက်တာနဲ့ ဟိုက ဘောတီးသွားရော .."

"ဟား .. ဟား .. ဟား .. ဟား ..."

"အင်း .. လူမမာ အသံထွက်လာပြီ .."

"ခက်တာက ငါ သူ့ကို အလျှော့ပေးဖို့ လုံးဝ စိတ်ကူးမရှိဘူး ဖြစ်နေတာကွ ..၊ သူ ဒေါပွနေတာက စိတ်ဝင်စားဖို့ ကောင်းတယ် .. သူနဲ့ စကားများရန်ဖြစ်ဖို့ ငါ အမြဲ အဆင်သင့်ဖြစ်နေတာကိုက သူ့ကိုပဲ ရွေးကွက်ပြီး စိတ်ဝင်စားနေခဲ့တာပဲ ..၊ အဲဒါတွေအားလုံးက အချစ်ကနေ မြစ်ဖျားခံနေမှန်း ခု သိသွားပြီ .."



www.burmeseclassic.com

www.burmeseclassic.com



ရယ်သာ ရယ်နေကြပေမယ့် ယုံဖို့တော့ ခက်နေသေးသည်။ အချစ်ဟာ အချိန်နေရာမရွေး ဖြစ်ပေါ်ခံစားနိုင်သည် ဆိုပေမယ့် ...

"မင်းတို့ သတိမထားမိလို့ပါ .. အမုန်းဆိုတာ ရှိခဲ့ဖူးရင်တောင် သူနဲ့ ရင်ဆိုင်လိုက်မိတိုင်း ငါပဲ အလျှော့ပေးခဲ့ရတာတွေ .."

ညံ့ ပြောတော့လည်း သူတို့ လက်မခံလို့ မရ .. ဒါလည်း ဟုတ်နေတာပဲ ...၊

ဒေါသကြီးသူတို့စာရင်းမှာ နံပါတ်တစ်အဆင့်နဲ့ အောင်မြင်ထားသည့် ညံ့ ဆိုတဲ့ယောက်ျားကို ချမ်း ဆိုသော သူမက ပါးရိုက်ခဲ့သည်။ ကားနဲ့တိုက်ပစ်ခဲ့တာလည်း ကံကောင်းလို့ ...၊

ဒါ တမင်တကာဖြစ်စေ .. မတော်တဆဖြစ်စေ ညံ့ က သူမလက်ချက်ပါလို့ ဘယ်သူ့ကိုမှ ဖွင့်ပြောခဲ့တာ မဟုတ် ...၊

'အဲဒီကောင် ကောင်းကောင်းကြီး လက်တုံ့ပြန်ချင်လို့ပဲ' လို့ သူတို့ ထင်ခဲ့ပေမယ့် ဘယ်မှာဟုတ်လို့လဲ ...၊

ပါးရိုက်မယ် နားကိုက်မယ် ကြိမ်းဝါးပြီး သူမကိုတောင် စက်ဘီးတိုက်မည့်ရန်က ကာကွယ်ပေးရသေးသည်။

"အင်း .. မင်း ပြောတာကို ငါ တို့ ယုံစ ပြုလာပြီ .."

သက်ရင့် ရဲ့ ချင့်ချင့်ချိန်ချိန် ဝန်ခံသည့် အမူအရာကြောင့် ညံ့ က ရယ်သည်။

"ဒီတော့ မင်း ဘာဆက်လုပ်မှာလဲ .."

"ရအောင် ယူမယ် .."

"အချစ်ကိုလား .. လူကိုလား .."

"ဗို့(သ်)"

ညံ့ က ဖြေပြီး လက်နှစ်ချောင်း ထောင်ပြသည်။ ပြီးတော့ လက်ချောင်းတို့ကို နှုတ်ခမ်းနဲ့ ကပ်နမ်း၍ ...

"အရမ်း ချစ်တယ် .."





"ဘယ်သူ့ကိုလဲကွ .."

ဟာ!...

ဒွန်း တို့ ဟာ ...ခနဲ ဖြစ်သွားကြသည့်အသံ၏လားရာက ကျောနောက်ကပေမယ့် ဘိုးဘိုးမော် မုန်း သိလိုက်ကြကာ သူတို့ ကျောတွေ ကော့ခနဲ ဖြစ်သွားပြီး လှည့်မကြည့်ရဲကြ ..။

ညံ့ ကတော့ ရှက်သွားသည့်မျက်နှာ မချိုမချဉ်နှင့် ငုံ့ပစ်ကာ ...

"ဘိုးဘိုး ထမင်းစားပြီးပြီလား .."

"နှစ်နာရီထိုးနေပြီဥစ္စာ .. ဘာလဲ ညနေစာကို မေးတာလား .."

ဦးမြမော် မျက်နှာက စိတ်တိုနေသလိုရှိကာ အထဲကို လှမ်းဝင်လာရင်း ဒွန်း တို့ကို မြင်ရသည့် မျက်နှာချင်းဆိုင်ဘက်မှာ သွားရပ်၏။

သူတို့ရှေ့မှာ လက်နောက်ပစ်ဆုပ်ရင်း ခပ်စူးစူး ကြည့်လာတော့ ဒွန်း နဲ့ သက်ရင့် တို့ မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်ရင်း မဖြစ်မနေ မော့ကြည့်လိုက်ရကာ ...

"ဘိုးဘိုးမော် .. အဟွန်း .."

"ကျွန်တော်တို့က ဟိုအကြောင်း ဒီအကြောင်း ပြောရင်းနဲ့ အဟဲ.."

"မင်းတို့နှစ်ယောက်ပဲ မြင်နေတာကြာပြီ.. ဟိုတစ်ယောက်ရော.."

"စည်သူ .. သူက ဟို .. မိန်းမခိုး .. အဲ .. မိန်းမရသွားပြီ .."

"သူတို့ လူကြီးတွေနဲ့ မင်္ဂလာကိစ္စတွေနဲ့လေ .. အဲဒါ အလုပ်ရှုပ်နေကြလို့ .."

"မင်းတို့ကရော .."

"ကျွန်တော်တို့က မရှုပ်ဘူး .. အဲ .. ရှုပ်စရာ မရှိဘူး .. ဒီမှာလာထိုင်နေကြတာ .."

"ဟုတ်တယ် .. ထိုင်နေကြတာ ..၊ ညံ့ က .."

"အေး.. အဲဒါကို မေးမလို့ .. မနေ့က ပုံဆိုးပန်းဆိုးဖြစ်ပြီး ပြန်ရောက်လာတဲ့အဖြစ်က ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းသည် ညံ့ ကိုပဲ ဖြစ်ကာ ညံ့ ကိုပဲ ကြည့်၍ ...

"ဒီလောက် မလှုပ်နိုင် မကြွနိုင် ဖြစ်နေတာကို .. ဆရာဝန်က လည်း ငြိမ်ငြိမ်လေး နေရဦးမယ်လို့ ပြောထားရက်နဲ့ မြေးက ဘယ်ကို ထွက်သွားတာလဲ ..၊ တစ်ခုခု လွဲမပြောနဲ့ .. အဲဒါ ချမ်း နဲ့ပဲ ပတ်သက် တယ်ဆိုတာ ဘိုးဘိုး သိတယ် .."

အတိအကျ လွဲပြောတော့ဖို့ကိစ္စ ဘိုးဘိုးရဲ့ နောက်ဆက်တွဲစကား တွေကြောင့် ရပ်တန့်သွားစေခဲ့လျက် ...

"ဘိုးဘိုးက ဘာလို့ အဲလိုပြောတာလဲ .."

"ဟွန်း .."

မြင်ရခဲသော ခပ်မှဲ့မှဲ့အပြုံးနှင့် ဘိုးဘိုးအကြည့်တွေကို ညံ့ အံ့ဩနေ မိသည်။ ဘာကြောင့်ဆိုတာ မသိ ..။

"ချမ်း ညက ပြန်လာတယ် .. ခုမနက် ကော်ဖီဝိုင်းမှာ ဘိုးဘိုးကို စောင့်ပြီး နှုတ်ဆက်တောင်းသွားတယ် ..၊ သူ ဒီမှာ မနေချင်တော့ဘူးတဲ့.."

ညံ့ နဲ့ ဒွန်း တို့ ဖျတ်ခနဲ အကြည့်ချင်း ဆုံသွားသည်။

"မနေ့က အပြင်မှာ ချမ်း ကို ပြဿနာတစ်ခုခု ..."

"နေပါဦး ဘိုးဘိုး .. သူက ဘာပြောသွားလို့လဲ .."

"မပြောလို့ အခု လာမေးနေတာ .. သူလည်း ထွက်သွားပြီ ..၊ မြေး ညာနေဖို့ မလိုဘူး .. ပြော အမှန်အတိုင်း .."

"ကျွန်တော် ဘာမှမလုပ်ဘူး .."

"မလုပ်ဘူးဆိုတာ ဘာလဲ ..၊ ကိုယ် နှုတ် နှလုံး သုံးပါး ဘယ် အရာနဲ့လဲ..၊ ဒီမှာ မြေး .. လူတစ်ယောက်ကို သိက္ခာကျ အရှက်ရအောင် စော်ကားဖို့အတွက် လက်နက်ကိုင်မှ မဟုတ်ဘူး.. ကိုယ်ထိလက်ရောက် အားဖြင့် မြင်သာ ထင်သာ ကျူးကျော်တာမျိုးလည်း မဟုတ်ဘဲ အဲဒီလူ ချိုးပွဲချ ငိုပစ်ချင်အောင် လုပ်လို့ရတယ် .. ကိုယ့်ကိုယ်ကိုယ် သတ်သေ ချင်လောက်အောင် လုပ်ဦးမလား .."





"ဘိုးဘိုး ပြောတာ အကြီးကြီးဖြစ်နေပြီ .. ကျွန်တော်တို့ အဲဒါတွေ ဘာမှမလုပ်ဘူး .."

"ဘာမှမလုပ်ခဲ့ရင် မေးနေတာကို ဖြေလေ .. ချမ်း ထွက်သွားတာ မင်းနဲ့ပဲ ဆိုင်တယ်လို့ အခု ဘိုးဘိုး တပ်အပ်ပြောနေပြီ .. မင်း မဟုတ် ရင် ရှင်း .."

"ကျွတ်!..."

ဆံပင်တွေ ဖွပစ်ရင်း ညံ့ မျက်နှာရှုံ့မဲ့သွားသည်။ ဒရင်းမ်ဘက်ဒ် ပေါ်ကနေ ဆင်းကာ အပေါ်ထပ်အကျီပါးကို ချွတ်ပစ်လိုက်၏။ ဒွန်း က နေရာမှ ထကာ အဲရ်ကွန်း ရီမု(တ်)ကို ယူ၍ စပီ(ဒ်) ချလိုက်၏။

သူတို့ချင်းတော့ အပေးအယူတွေ့ သင့်တင့်မျှတနေသဖြင့် ဒွန်း နဲ့ ညံ့ ကို ကြည့်၍ ဦးမြမော် မျက်နှာ အနည်းငယ် ပြေသွားသည်။

ဒါပေမယ့် လူငယ်တွေကိစ္စပဲဆိုပြီး ထားလိုက်လို့မရသည့်ပြဿနာ ၏ ...

"မြေး ဘယ်သူနဲ့ ဘယ်လိုပတ်သက်နေနေ ဘိုးဘိုး မပြောဘူး..၊ ချမ်း ကိုကျမှ အရွဲ့တိုက်တာ .. မုန်းတာတွေနဲ့ မပြီးမဆုံးနိုင် တိုက်ခိုက် နေတာကတော့ မင်းရဲ့ကျေးဇူးရှင်တွေကို ထိုင်စော်ကားနေတာနဲ့ အတူ တူပဲ .. ချမ်း နဲ့ပတ်သက်ရင် ကောင်းလွင် နဲ့ ဘိုးဘိုးတို့ ပါမှာပဲဆိုတာ မြေး သိနေရက်နဲ့ တမင်တကာ စော်ကားပြနေတာ .."

"ချစ်တာကို အပြစ်မြင်နေတာပါ .."

"ဟင်!..."

ဦးမြမော် ဟင်ခနဲ ဖြစ်သွား၏။

"မြေး ဘာပြောလိုက်တာလဲ .."

"ကျွန်တော် သူ့ကို မုန်းနေတာ မဟုတ်ဘူး .."

"ဒါဆို ခုန ချစ်တယ်ဆိုတာ ချမ်း ကိုလား .."

ညံ့ က မဖြေဘဲ မျက်နှာငုံ့ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မော့လာပေမယ့် ခပ်လွှဲလွှဲ ..။

"သူ ကျွန်တော်ကြောင့် ထွက်သွားတာဆိုရင် တမင် အပြစ်မြင်တာ .. ကျွန်တော် သူ့ကို ဘယ်လိုနည်းနဲ့မှ စော်ကားသမှုပြုခဲ့တာ မရှိဘူး .."

"အေး .. ထားလိုက်တော့ .."

ဦးမြမော် မျက်နှာက တစ်စုံတစ်ခုအတွက် အဖြေရှာတွေ့သွားသလို အသံကလည်း ပြောင်းလဲသွားခဲ့၏။

"ဒီစကားမျိုး မြေး က ပြောလာတော့ ဘိုးဘိုး ထင်ခဲ့သမျှတွေက မဟုတ်ဘူးလို့ပဲ ထားလိုက်ပါ .. ဒါပေမယ့် ချမ်း ကို မင်း ရဖို့အတွက်နဲ့ ပတ်သက်ပြီး ဘိုးဘိုး ဘာမှကူညီမှာ မဟုတ်ဘူး .. ကြိုပြောထားတာ.."

ဦးမြမော် က ဆုံးဖြတ်ချက်ကို စဉ်းစားချိန်ဖို့ပါ ထုတ်နုတ်ပြီး တစ်ခါတည်း ကြေညာ၏။

"မြေး လက်ညှိုးထိုးသမျှ ကန်တော့ပွဲနဲ့ လိုက်တောင်းပေးနေရင် အိမ်ထောင်ရေးကို ဖြစ်ပျက်ရှုနေတဲ့ မီးကြောင့် ဘိုးဘိုးရဲ့ဂုဏ်သိက္ခာတွေလည်း ဖြစ်ပျက်သဘောထဲမှာ မျောသွားနိုင်တယ် .."

ညံ့ မျက်နှာတင်းသွားကာ လှည့်ထွက်သွားသည့် ဦးမြမော် ရဲ့ ကျောပြင်ကို စိုက်ကြည့်၍ ...

"ဘိုးဘိုး .."

ဦးမြမော် တုံ့ခနဲ ရပ်သွားပေမယ့် လှည့်မကြည့် ..။

"ကျွန်တော် ဘယ်သူ့ကိုမှ လက်ညှိုးမထိုးခဲ့ဘူးဆိုတာ ဘိုးဘိုး သိပါတယ် .."

ဦးမြမော် ခဏငြိမ်သွားပြီးမှ ပြန်လှည့်ကြည့်သည့်မျက်နှာက ခနဲ့ပြုံးနှင့် ...

"ထားလိုက်ပါ .. မင်းက မပူဆာဘဲနဲ့ ချို့ ကို ဘိုးဘိုးက လက်ညှိုး ညွှန်ပြခဲ့တာပါ .. ဒါပေမယ့် ..."





"ဒါပေမယ့်ကို ဘိုးဘိုး ဆက်မပြောပါနဲ့ဦး .. အဲဒါကို ကျွန်တော်ပဲ ပြောပါရစေ .. ဒါပေမယ့် ခု မဟုတ်သေးဘူး .."

"မင်း လိုချင်တာကိုတော့ တောင်းမှာပဲဆိုရင်လည်း အဲဒီ မိန်းကလေးက ချမ်း ဖြစ်နေရင် ဘိုးဘိုးက ရခဲ့တဲ့ သင်ခန်းစာကို ပြန်ကြည့်ရမှာ.. အဲဒီတော့ နောက်ထပ် ကြိုပြောချင်တာက ချမ်း ကို မြေး မနှောင့်ယှက်ပါနဲ့ .."

ပြောပြီး လှည့်ထွက်လာခဲ့ပေမယ့် ...

"နှောင့်ယှက်သလို ဖြစ်သွားရင်တော့ မတတ်နိုင်ဘူးပေါ့ .. ကျွန်တော်ကတော့ နှောင့်ယှက်ဖို့ မရည်ရွယ်ပါဘူး .."

ပြောပုံက လူကြီးတစ်ယောက်ရဲ့နားထဲမှာ ထော်လော်ကန့်လန့်..။

ဒါပေမယ့် ဦးမြမော် ဆက်လျှောက်လာခဲ့သည်။ မိုးနဲ့ နွားသိုး အစိုးရ မရတော့ မသိ ...၊

ညံ့ နဲ့ သူ့အကြံကို ဘယ်လိုမှ အစိုးမရနိုင်တော့တာ သေချာပါသည်။

မုန်းနေတာမှန်း မသိ ...၊ ချစ်နေတာမှန်း မသိ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဦးဦးလွင် .. ဦးဦးလွင် ဘယ်လိုပြောလိုက်တာလဲ ဟင် ..၊ ချမ်းကိုလည်း ဘာမှမပြောဘဲနဲ့ ဦးဦးလွင် ပြန်သွားတယ် ဟုတ်လား ..၊ အခု ဘယ်မှာလဲ .."

"ကားပေါ်မှာ သမီး .. နာလန်ထစမို့လို့ သူဌေးအိမ်က ကားနဲ့ပဲ ပြန်ဖို့ စီစဉ်ပေးတာ .."

"ဦးဦးလွင် ရက်စက်လိုက်တာ .."

ဖုန်းထဲမှာ ချမ်း ရဲ့ ငိုသံလေး ကြားလိုက်ရတော့ ရင်ထဲမှာ နင့်သွားသည်။

တကယ်တော့ သူ ဧည့်ခန်းမှာပဲ ထိုင်လျက် ရှိပါသေးသည်။

ပြန်ဖို့အတွက် သူဌေးက စီစဉ်ပေးမှာ မှန်ပေမယ့် မပြန်ရသေးပေ ..။

ဒါပေမယ့် ဒီလိုလုပ်ဖို့သာ ရှိတော့တာမို့ ...





"သူဌေးကိုလည်း အားနာနေပြီ သမီးရယ် .. ပြီးတော့ သက်သာနေတုန်းလေးမို့လို့ပါ .. အစတည်းက သူများအိမ်ရောက်မှ လူမမာလာဖြစ်နေရတာကို ဦးလွင် စိတ်ချမ်းသာတာ မဟုတ်ဘူး .."

"ဟင့်အင်း.. ချမ်း သိတယ် ..၊ ချမ်း ထွက်သွားလို့ ဦးလွင် စိတ်ဆိုးတာ .."

"မဟုတ်ဘူး သမီး .. လုံးဝ မဟုတ်ဘူး .. သမီးလိုပဲ ဦးလည်း ဧည့်သည်ပဲ ..၊ အခု ဦးလည်း ပြန်ရတာပဲလေ ..၊ သမီး အိမ်ကထွက်သွားတာ မဟုတ်ပါဘူး .. ဧည့်သည်မို့ ကိုယ့်အိမ် ကိုယ်ပြန်တာပါ.."

"ဦးလွင် ဘယ်သူ့အပေါ်ဖြစ်ဖြစ် ခွင့်လွှတ်ပေးတတ်တာ ချမ်း သိပါတယ် .. ဒါပေမယ့် ချမ်း အဲဒီမှာ လုံးဝ မနေချင်ရတဲ့အကြောင်းကိုတော့ ဦးလွင် မသိသေးပါဘူး .."

"အခု သမီးက ပြောပြချင်လို့လား .."

"ဟင့်အင်း .. ဦးဦးလွင် စိတ်ဆင်းရဲမှာ စိုးလို့ပါ .. ဘာမှလည်း မဟုတ်တော့ဘူး .."

ဖုန်း နားထောင်နေသည့် ဦးကောင်းလွင် မျက်နှာက လျှော့နည်းသောအပြုံးကို ချမ်း မမြင်နိုင် ..၊

"ဒါပေမယ့် ချမ်း ပြန်ထွက်မလာခင် ဦးဦးလွင် ကို ခွင့်တောင်းခဲ့တယ် .. ဘဘမော် ကိုလည်း ချမ်း ပြောခဲ့တာပဲ ..၊ ဦးလွင် ကျတော့ ချမ်း ကို ဘာမှမပြောဘဲနဲ့ .."

"သမီး ရယ် .."

"ဦးလွင် ချမ်း ကို စိတ်ဆိုးနေတာမို့လား .."

"မဟုတ်ဘူး သမီး .."

"ဒါဆို ဟုတ်တာ တစ်ခုခု ပြောပြပါ .."

"ကိုယ့်အပေါ် အရမ်းကောင်းနေတဲ့လူတွေကို အားနာလာလို့ပါ သမီးရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ.. ဦးလွင် မပြောလည်း ချမ်း နဲ့တော့ ပတ်သက်တယ်ဆိုတာ ချမ်း နားလည်ထားပါ့မယ် ..၊ ဦးလွင် ကျန်းမာရေးကို ဂရုစိုက်ပါနော် .. ချမ်း မကြာခင် လိုက်လာခဲ့မယ် .."

"ဟာ .. သမီး ကိုယ့်အလုပ် ကိုယ်လုပ်ပါ .. ဦး နေထိုင်မကောင်းရင် သမီးကို မပြောဘဲ နေမလားကွယ် .. မလိုအပ်ဘဲနဲ့ အချိန်ကုန်လူပန်းအောင် မလုပ်ပါနဲ့ .."

ချမ်း ကို အငိုတိတ်အောင် ပြောနိုင်ခဲ့ပေမယ့် ကျေနပ်လောက်အောင် နှစ်သိမ့်မှုတော့ မပေးနိုင်ခဲ့ပေ ..၊ ထိုစဉ် သူ့နားမှာ သက်ပြင်းချသံ ကြားလိုက်ရသဖြင့် လှည့်ကြည့်မိ၏။

"ဘာဖြစ်လို့ ကလေးကို ညာလိုက်တာလဲ ကောင်းလွင် .. မင်းပြန်မယ်ဆိုရင် သူ နှုတ်ဆက်ချင်မှာပေါ့ .."

ဦးမြမော် သူ့ဘေးကို ရောက်လာတာ ဦးကောင်းလွင် မသိခဲ့ပေ..၊ မလုံမလဲ မျက်လွှာချလိုက်မိရင်း ....

"စိတ်မကောင်းပါဘူး သူဌေးရယ် .. ဒါပေမယ့် သူက နှုတ်ဆက်ဖို့ လာမှာ မဟုတ်ဘူး .. ကျွန်တော် သူနဲ့တွေ့ရင် ပြန်ဖြစ်မှာလည်း မဟုတ်ဘူး .. အဲဒါကို သိလို့ပါ .."

"ပြန်ဖို့ကိစ္စကလည်း အရေးတကြီးမှ မဟုတ်ဘဲ ကောင်းလွင်ရာ.. မင်း ပြန်ချင်နေတာကို ငါ နားလည်ခဲ့တယ် ..၊ ဒါပေမယ့် ကလေးက နားလည်မှာ မဟုတ်ဘူး .."

ဦးကောင်းလွင် ဘာမှမပြောနိုင်ပေ ..၊ ဦးမြမော် က မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး ခေါင်းတရမ်းရမ်းနှင့် ...

"ငါ နားလည်နိုင်ပါတယ် .. မင်းဘက်ကကြည့်ရင်လည်း မှန်တယ် ..၊ တစ်ဖက်က သားသမီးလို ပြုစုစောင့်ရှောက်ခဲ့ရတဲ့ကလေး..၊ တစ်ဖက်က တူမအရင်း .. ပြီးတော့ ငါ့မြေးကလည်း မင်းရှေ့မှာတင် မိန်းကလေး တစ်ယောက်နဲ့ .."





"သူဌေး .."

"ငါ မင်းကို လုံးဝမငြိုငြင်ဘူး ကောင်းလွင် .. အဲဒါ ကြားကောင်းအောင် ဟန်ဆောင်ပြောတဲ့စကား မဟုတ်ဘူး .. မြေး မကောင်းတာကိုလည်း ငါ သိတယ် .. ဒီလိုအကြောင်းရှိလာခဲ့တယ်ဆိုတာ ငါက မင်းကို တူသားတပည့်လို သဘောထားပြီး ပြောပြတာ .. သမီးရှင်တစ်ယောက်ကို သမီးတောင်းတာမျိုး မဟုတ်ပါဘူး .."

"ဟုတ်ပါတယ် သူဌေးရယ် .. အဲဒါ ကျွန်တော် နားလည်ပါတယ် .."

"နားလည်ပေမယ့် မင်း ငါ့အပေါ်မှာ ငါ ရင်းနှီးသလို မရင်းနှီးဘူး .. အဲဒါကြောင့် မြေးက ချမ်း ကို မေတ္တာရှိနေတဲ့အကြောင်း သိလိုက်တာနဲ့ မင်း ပြန်မယ်လုပ်နေတာ .."

"အဲဒါက မှန်ပါတယ် .. ဒါပေမယ့် ညံ့ ကို ချစ်တဲ့စိတ်လည်း ပါပါတယ် သူဌေးရယ် .. သူဌေးကို မရင်းနှီးတာ မဟုတ်ပါဘူး ..၊ ကျွန်တော့်ဘက်က သူဌေးအပေါ်ထားရမယ့်အပိုင်းက သစ္စာ သမာဓိနဲ့ မေတ္တာတရားပါ ..၊ သူဌေးက တူသားတပည့်လို သဘောထားပေမယ့် ကျွန်တော့်ဘက်က ကိုယ့်ရဲ့ကျေးဇူးရှင်သခင်ဆိုတာကို မေ့ထားလို့ မရဘူး .. အဲဒါကြောင့် ကျွန်တော့်ကြောင့်ဖြစ်စေ .. ချမ်း နဲ့ပတ်သက်လို့ဖြစ်စေ သူဌေးကို စိတ်မဆင်းရဲစေချင်ဘူး .."

"အဲဒါ မင်း ပုံကြီးချဲ့ပြီး တွေးနေတာပဲ .. တကယ်တမ်း ငါ ပြောချင်တာက အဲလောက်ဖြစ်လာဖို့ မဟုတ်ဘူး ..၊ ငါတို့က ကလေးမိဘတွေဖြစ်လို့ ပြောနေကြတာ .. သူတို့ကို ဘာလုပ်ပေးဖို့ ညာလုပ်ပေးဖို့ဆိုတာတွေ .."

"သူဌေးရယ် .. သူဌေးရဲ့စိတ်ကို ကျွန်တော် မသိဘဲနေပါ့မလား .."

ဦးကောင်းလွင် သည် တည်ကြည်လေးနက်နေသော မျက်နှာနှင့် တစ်နေရာကို ငေးနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးက ဘာမှမပြောပေမယ့် ညံ့ ကျွန်တော့်ကို ပူဆာလာရင် ကျွန်တော် အခက်တွေ့တော့မှာ.. ညံ့ ကို ကျွန်တော် ချစ်တယ် ..၊ သူ ဆိုးတာ ကောင်းတာတွေ ဘာဖြစ်ဖြစ် ကျွန်တော့်မေတ္တာစိတ်ထဲမှာတော့ ကျွန်တော် ထိန်းကျောင်း ချီပွေ့ခဲ့တဲ့ ကလေးလေးပါ .. ဒါပေမယ့် ချမ်း ကတော့ သူ့ခံစားချက်တွေနဲ့ ခွဲခြမ်းစိတ်ဖြာလို့မိမယ် .."

"အေး .. စိတ်ဖြာပါစေ ., သမီး ကြိုက်သလို ဆုံးဖြတ်ပေ့စေ .. လူငယ်ချင်း သဘောမျှတာ မမျှတာကို ငါတို့ ဂရုမစိုက်ဘဲ နေလိုက်ကြ ရင် မရဘူးလား ..၊ မြေးကိုလည်း ပြောထားပြီးသား .. ချမ်း ကို ဖိအား ပေးဖို့အတွက် ငါ ဘာမှ ကူညီမှာ မဟုတ်ဘူးဆိုတာ ..."

"ကျွန်တော်ကလည်း အဲဒီလို ငြင်းထုတ်လိုက်ရင် ညံ့ ဘယ်လို တွေးသွားမလဲ သူဌေး စဉ်းစားပေးပါ .."

ဦးမြမော် က နားထောင်နေသည်။

"တူမအရင်းနဲ့ ယှဉ်လိုက်တော့ တူမဘက်ကပါလားလို့ တွေး သွားမှာ ..၊ ချမ်း ကိုလည်း ကျွန်တော် ဖိအားမပေးရဲဘူး .. သူ နာခံခဲ့ရင် တောင်မှ သူဌေးကိုတင်မိတဲ့ ကျေးဇူးကြောင့် ဒီလိုတွေရှိလာတာလို့ တလွဲတွေးမှာ .. ကျွန်တော့်ကို သူ ဘာမှဖွင့်ပြောပြတာ မရှိပေမယ့် ချို ရယ် .. သူရယ် .. ညံ့ ရယ် သုံးယောက် အစတည်းက သိနေခဲ့ကြ တယ်ဆိုတာရယ် ..၊ ချို နဲ့ကိစ္စ ပျက်သွားတာရော .. အခု သူထွက်သွား တဲ့အထိ ဘာဖြစ်မှန်း မသိတဲ့အကြောင်းကိုပါ ဆက်စပ်တွေးရင်း ညံ့ ကို သူ လွယ်လွယ်နဲ့ လက်ခံမှာမဟုတ်ဘူး .. ချမ်း ရဲ့စိတ်ကို ကျွန်တော် သိတယ် .."

"နေဦး .."

ဦးမြမော် ဦးကောင်းလွင် စကားထဲက တစ်စုံတစ်ရာကို သတိ ထားမိသလို ကမန်းကတန်း စကားဖြတ် တား၏။

"မင်း .. နေထိုင်မကောင်း ဖြစ်နေတဲ့ကာလမှာ .."





ဦးမြမော် ဆက်မပြောဘဲ သူ့ဟာသူ တွေးနေသဖြင့် မျက်ခုံး နှင့် ဖက်က တွန့်ကုတ်နေခဲ့သည်။ ဒေါ်ချိုသဲ ရောက်လာတဲ့ အကြိမ်ရေတွေ များခဲ့ပေမယ့် ကောင်းလွင် နဲ့ တွေ့ဆုံ စကားပြောခဲ့ဖူးတာ ရှိသလား–

ဒါမှမဟုတ် ချို နဲ့ရော ..၊

ဦးကောင်းလွင် ပါးစပ်ထဲမှာ ချို လို့ တရင်းတနှီး ခေါ်လိုက်တာ ကို ဦးမြမော် ထူးဆန်းသွားခြင်း ဖြစ်သည်။

ထိုမှ ဆက်စပ်တွေးမိတာက သူ ကလေးတွေအကြောင်း ပြောပြ ခဲ့တုန်းကလည်း ချို တို့သားအမိနဲ့ ပတ်သက်သည့်အကြောင်း နား မလည်နိုင်တာမျိုး မဖြစ်ခဲ့ဖူး ထင်သည်။

"ကောင်းလွင် .. ဒေါ်ချိုသဲ တို့သားအမိနဲ့ မင်း ရင်းနှီးခဲ့ဖူးတယ် မို့လား .."

ဖြုန်းခနဲ ကောက်မေးလိုက်ပေမယ့် ဦးမြမော် ဆက်စပ်စဉ်းစားနေ ခဲ့တာကို မြင်ထားသဖြင့် ဦးကောင်းလွင် ကလည်း ခေါင်းညိတ် ဝန်ခံ သည်။

"ဆွေမျိုးမကင်းတွေပါ .."

"ဘာ!... ဘယ်လို .."

ဦးမြမော် အကြီးအကျယ် အံ့သြသွား၏။

ဦးကောင်းလွင် က တောင်းပန်သလို ပျာပျာသလဲ လက်ကာပြ ရင်း ...

"တမင် မပြောဘဲနေခဲ့တာ မဟုတ်ပါဘူး သူဌေးရယ် .. မလိုအပ် ဘူး ထင်လို့ပါ ..၊ ပြောဖို့ထိ မစပ်မိခဲ့တာလည်း ပါပါတယ် ..၊ ဟိုတုန်း တည်းက သူတို့က ကျွန်တော်တို့ထက် မြင့်မားတဲ့လူတွေပါ.. ကျွန်တော် လူမျိုးအရွယ်လောက်တည်းက ရန်ကုန်ရောက်နေတာ .. သူဌေးအိမ်မှာ အလုပ်လုပ်နေတာ သူတို့ ဘာမှမသိဘူး .. အဲဒီလောက်ထိ ကင်းကင်း ပြတ်ပြတ် နေခဲ့ကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ပြောပါဦး .."

ဦးကောင်းလွင် က ပြောသင့်သမျှကို ဦးမြမော် နားလည်အောင် ရှင်းပြသည်။

ရှင်းပြရင်း တောင်းပန်၏။

"ကျွန်တော်တို့ကို ဆွေမျိုးမတော်ချင်တဲ့ သူဌေးတွေနဲ့ ကျွန်တော့်ရဲ့သူဌေးတို့ ရွှေလမ်းငွေလမ်းဖောက်ကြတဲ့ကိစ္စမှာ ကျွန်တော်က မဏ္ဍပ်တိုင် တက်ပြလိုက်ရင် ..."

ဦးကောင်းလွင် က ဆက်မပြောပေ ..၊ ထို့ပြင် ချမ်း ကိုယ်တိုင် ဒီအကြောင်း နည်းနည်းလေးမှ မဟခဲ့သည့်အဖြစ်ကိုပါ တွေးမိရင်း အကြောင်းရင်းကို နားလည်နေကာ ...

"ကျွန်တော်တို့မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ .."

"တစ်ခုမေးချင်တယ် .. ချမ်း နဲ့ မင်း တိုင်ပင်ပြီး ဒါကို မပြောဘဲ နေခဲ့ကြတာလား .."

"မဟုတ်ပါဘူး .. ကျွန်တော် မပြောဖြစ်တာက ချမ်း နဲ့ စကားပြောရင် ဒါတွေ ပြောဆိုဖြစ်ကြမှာပဲထင်ပြီး အမှတ်တမဲ့ နေမိတာလည်း ပါပါတယ် .. အခု သူဌေးက မေးမှ ချမ်း ဘာမှမပြောခဲ့ဘူးဆိုတာ သိတာ ..၊ ကျွန်တော်တို့ဘက်က တမင်တကာကြီး ဖုံးဖိ ရှောင်တိမ်းနေစရာ အကြောင်းမရှိပါဘူး .."

"ငါ နားလည်ပြီ .."

ကုတ်ချီထားသည့် မျက်ခုံးတန်းတွေ ပြေကျသွားကာ ဦးမြမော် က သက်ပြင်းချသည်။

"မင်း ရောက်လာတာရယ် .. မြေးအတွက် ချို့ ကို အမိကပဲထင်ပြီး ကမ်းလှမ်းခဲ့တာတွေရယ် .. အခု မဖြစ်မြောက်ခဲ့တာအထိ အချိန်အားဖြင့် ဘာမှ မကြာလိုက်ဘူးပဲ .."

ကိုယ့်ဘာသာ ခေါင်းညိတ်ထောက်ခံရင်း ဆက်ပြောသည်။





"ငါက စလိုက်တာနဲ့ အဆုံးထိသွားဖို့ ဒေါ်ချိုသဲ က ခြေလှမ်းမြန်နေတာ .. ဆောရီးကွာ .. မင်းရဲ့ဆွေမျိုးဆိုတော့ .."

"ရပါတယ် .."

လူကြီးနှစ်ယောက်စလုံး မျက်နှာမှာ မပီပြင်သည့်အပြုံးတို့ဖြင့် အတွေးကိုယ်စီ ရှိနေကြကာ ...

"ခြေလှမ်းမြန်လွန်းလို့ ခလုတ်တိုက်သွားတာ ဖြစ်မယ် .."

တွေးကြည့်လိုက်တော့ ဒေါ်ချိုသဲ ရဲ့လောဘတွေက ထင်းထင်းကြီး ပေါ်လာခဲ့လျက် ..၊ အဖြစ်တွေကလည်း သူ့အပိုင်းအစနဲ့သူတော့ ဆက်စပ်မှု ရှိနေတာပင် ..။

"ငါ နားလည်သွားပြီ ကောင်းလွင် .. မင်း ငါ့ကို တောင်းပန်စရာ မလိုဘူး ..၊ မင်းရဲ့ဆွေမျိုးဖြစ်နေတဲ့အတွက် ငါက ကတိပျက်ခဲ့တဲ့လူ .. ငါကပဲ တောင်းပန်ရမှာပေါ့ ..၊ ငါ တစ်ခုတော့ ကျေနပ်တယ်.. အဆိုးထဲက အကောင်းပေါ့ကွာ .."

"ဘာများလဲ သူဌေး .."

"မင်းကို သူတို့က ဘယ်လိုသဘောထားလဲ မသိပေမယ့် မင်းရဲ့ ဆွေမျိုးမှန်း သိခဲ့ရင် ငါ ဒီမင်္ဂလာကိစ္စကို ဒီ့ထက်ပိုပြီး လေးနက်ခဲ့မှာ .."

ဦးမြမော် က စိတ်ရင်းနဲ့ပြောသည်။ ဦးကောင်းလွင် ကလည်း ယုံကြည်စွာ ခေါင်းညိတ်၏။

"မင်းက မသိပေမယ့် ဒေါ်ချိုသဲ ကို မင်းအကြောင်း ငါ ပြောမှုးတယ် ..၊ ဦးကောင်းလွင် ဆိုတာ အခြားတစ်ယောက် ရှိနိုင်ပေမယ့် ဦးကောင်းလွင် နဲ့ ရင်ငြိမ်းချမ်း နှစ်ယောက်ပူးကတော့ နောက်ထပ် အတွဲလိုက် တူဝရီး ရှိနေကြစရာ အကြောင်းမရှိပါဘူး .. ငါ ပြောတာ ရှုပ်သွားလား မသိဘူး .."

"မရှုပ်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ချို နဲ့ ချမ်း တို့အကြောင်း ပြောတော့ သူ့စိတ်ရင်းမှန်တွေ အဲဒီမှာ ပါနေခဲ့တာပဲ ..၊ ဒါက အခု ဆွေမျိုးတော်ကြတာတွေ ပေါ်လာမှ နားလည်ခဲ့တာတွေပါ ..၊ အဲဒီလို စိတ်ရင်းမမှန်တဲ့မိသားစုနဲ့ လွဲခဲ့ရတာ ငါ့အတွက် အဆိုးထဲက အကောင်းပဲကွ"

ပြောစရာရှိတော့လည်း ဦးမြမော် က အားပါးတရကြီး ပြောချနေ၏။ ချို့ ကိုတော့ အကောင်း ..၊ ချမ်း ကတော့ မကောင်းတာလေးတွေ မသိမသာ ..၊

"ခုတော့ သူပြောတာတွေကို ငါက ဆန့်ကျင်ဘက် ပြန်တွေးလို့ ရပြီပေါ့.. မင်္ဂလာကိစ္စကို မြန်မြန်ဆန်ဆန် ပြီးစေချင်တာကလည်း ချမ်းက ဒီမှာရှိတော့ .. အင်း ..."

တွေးရင်း ပေါ်လာရင်းနှင့် ဦးမြမော် က ခေါင်းတညိတ်ညိတ်နှင့် ထရပ်လိုက်သည်။

"လောကကြီးက မှုမှုတတ စီရင်တာပါ ..၊ မမှုတတာတွေက လူတွေ .."

အဖြေမှားကြီးနှင့် အဆုံးမသတ်ခင်မှာ အမှန်ကို ရှာတွေ့လိုက်တာမို့ ကျေနပ်ဇရာပါ ..၊ ဒါပေမယ့် ...၊





## အခန်း (၃၇)

"မင်းက ဘာလာလုပ်တာလဲ .."

သင်တန်းခန်းထဲကို လှည့်ဝင်လိုက်ကာမှ အဝင်ချင်း ဆုံကာ ပခုံးချင်း ထိမိသွားသည်။ ကြည့်လိုက်တော့ ညံ့ က မသိသလို သိသလို မျက်နှာနှင့် ...

"သင်တန်း လာတက်တာ .."

"ဘာ!..."

ချမ်း အံ့သြသွားတာကို ညံ့ က စောင့်ကြည့်မနေပါ ..၊ အတန်းထဲကို ခပ်တည်တည် လှမ်းဝင်သွားသည်။ ဒီလောက်ထိ သင်တန်းတွေ သောက်သောက်လဲ လျှောက်တက်နေတာ ခုကျမှ basic မှာ လာတက်သည်တဲ့ ..။

သဘာဝမကျတာကို တွေးမိပေမယ့် ကိုယ်နဲ့ သက်ဆိုင်နေမည် မထင် ..၊ ဆိုင်သလား .. မဆိုင်ဘူးလား စဉ်းစားချိန်လည်း မရပေ ..၊

အတန်းထဲ ဝင်တာနှင့် ကိုယ့်တာဝန်က သူ့အကြောင်း စဉ်းစားဖို့ မဟုတ်တော့ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. တီချယ်နဲ့ တစ်ယောက်ချင်း ပြောကြည့်ရအောင် .."

သင်တန်းထဲမှာရှိသည့် ကျောင်းသားတွေမျက်နှာက စိတ်လှုပ်ရှားပုံလေးတွေ မသိမသာ ဖြစ်သွားကြ၏။

"မနေ့တည်းက ပြောလိုက်တယ် နော် .. ခု တီချယ်နဲ့ မပြောချင်သေးရင် အချင်းချင်း ပြောလို့လည်း ရတယ် .."

ချမ်း က အတန်းရှေ့မှာ ရပ်မိတည်းက မြန်မာလို တစ်ခွန်းမှ မပြောပေ ..။ ကျောင်းသားတွေ နားလည်အောင် မြန်မြန်ပြောသွားပြီးမှ ခပ်လေးလေး ပြန်ပြောသည်။

ညံ က ချမ်း မျက်နှာလေးကိုကြည့်၍ မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့ထင်လျက် ပြုံးစစနှုတ်ခမ်းတို့က ဆရာ သင်ပြပေးနေတာနှင့်မသက်ဆိုင်သော တစ်စုံတစ်ရာဆီ စိတ်တို့ ပျံ့လွင့်နေမှန်း သိသာနေ၏။

သူ့မျက်လုံးထဲမှာ ချမ်း ဝတ်ထားသည့် ကြံရည်ရောင်ရင့်ရင့်နှင့် ဖေဒါရောင်လှိုင်းရိပ်လေးတွေပြေးနေသည့် ဝတ်စုံနှင့် ချမ်း ရဲ့ပုံစံလေးက တစ်မျိုး ထူးခြားနေခဲ့သည်။

အင်္ကျီသည် ရင်ဖုံးလည်ထောင်လေး ဖြစ်ပါလျက်နှင့် ရင်ဖုံးသည့်ဘက်မှာ မဆန်းဘဲ တစ်ဖက်မှာကျတော့ ပခုံးတစ်ခြမ်းကနေ လက်မောင်းတစ်ဝက်ထိ အပါးသားလေးချည်း ထည့်ထားသည်။

လက်ဖျားလေးကျမှ ကြံရည်ရင့်ရောင် ဇာပွင့်ကျဲသေးသေးလေးတွေက အနားကွပ်သလို ရှိနေ၏။ တင်းပြည့်သွယ်လျသည့် ကိုယ်ဟန်အလှက ထင်းနေသည်။

မျက်နှာလေး အပြောင်သိမ်း၍ နောက် ခပ်မြင့်မြင့်မှာ စည်းချထားသည့် ဆံနွယ်ရှည်တို့က နဖူးပြေပြေလေးထက်မှာ မို့မို့မောက်မောက်လေးငို လှုကို ရင့်ရော်သွားတာမျိုးလည်း မဖြစ် ..၊ တစ်ခုခု လိမ်းထားပေမယ့် အရောင်တင် ခြယ်သထားတာ မဟုတ်သည့် မျက်နှာလေးက ရိုးသားစွာ နုဖတ် ဝင်းစိုနေလေသည်။





'ကိုယ်ထင်ရင် ခုတင်ရွှေနန်း'ဆိုတာမျိုး သူ ဖြစ်နေသလား ..၊

ဘာပဲဖြစ်ဖြစ် ချမ်း က သူ့မျက်လုံးထဲမှာ အားလုံးထက် လှနေသည်။ ကြည့်နေရင်း ရင်ခုန်၏။ ရင်ခုန်သံတွေနောက် လိုက်ရင်း စိတ်ထဲရှိတဲ့အတိုင်း ပြောချင်တာတွေကို ကုန်စင်အောင်ပြောဖို့ စိတ်ကူးတွေလည်း ဖြစ်ခဲ့သည်။ ဒါပေမယ့် ..၊

"ကဲ .."

သူမက သူ့ရှေ့ကို ရောက်လာသည်။ ညံ နေရာမှ ထရပ်လိုက်၏။

"ကျွန်တော်က ဒီနေ့မှ တက်တာ .. ပြောဖို့ အဖော်မရှိဘူး ..၊ ဆရာမနဲ့ပဲ ပြောမယ် .."

အားလုံးက တတ်နိုင်သမျှ မြန်မာစကားကို မဖြစ်မနေ ပါသွားတာလောက်ပဲရှိအောင် ကြိုးစားပြောကြသည်။

ညံ က ဒီတိုင်း တစ်တစ်ခွခွ ..၊ ပြီးတော့ သူ့ဘာသာ ဆုံးဖြတ်ပြီး ပြောချသွားသည့်အကြောင်းတို့သည် ...

"ဆရာမကို အရမ်းချစ်တယ် .. ချို နဲ့ပတ်သက်မိလို့ ဘိုးဘိုးက ကျွန်တော့်ဘက်က ဖိအားပေးဖို့ မစဉ်းစားဘူးတဲ့ ..၊ ချို နဲ့ပတ်သက်ပြီးတော့ပဲ ဆရာမလည်း ကျွန်တော့်ကို ပြန်ချစ်မှာ မဟုတ်ပါဘူး .. ဒါပေမယ့် ကျွန်တော်က ချစ်တယ် .."

အင်္ဂလိပ်လို ပြောသွားလိုက်တာ မျက်နှာရှေ့တိုးပြီး တိုးတိုးတိတ်တိတ် ပလစ်ဆန်သွား၏။ ကျောင်းသားတွေ လှမ်းကြည့်နေကြသည့်ရှေ့မှာ ပြောတာကို သေချာမသဲကွဲလိုက်ရင်တောင် သူ မရိုးမသားပြောနေတာတွေကို သိကြမှာပါ ..။

ချမ်း နေရာမှ လှည့်ထွက်လာခဲ့စဉ် ဣန္ဒြေဆည်နိုင်ခဲ့ပေမယ့် သင်တန်း ပြီးဆုံးသွားသည့်အချိန်တွင် ...

"မင်း မိုက်ရိုင်းလှချည်လား ညံ .."

"ဘာဖြစ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"တောက်!..."

ဆက်ပြောနေလည်း သင်တန်းတွေ ရှေ့မှာပဲမို့ ချမ်း တက်ခေါက်ပြီး လှည့်ထွက်လာခဲ့သည်။ လမ်းပေါ်ရောက်လာတော့တောင် အနားက ဖြတ်သွားကြသည့် ကျောင်းသားတချို့က လှည့်ကြည့်သွားတာ ပြုံးစိစိ..၊

"ညံ့ .."

ကိုယ့်ဘေးနား တောက်လျှောက်ကပ်လိုက်လာမှန်း သိလိုက်သည်နှင့် ရှက်စိတ်ကြောင့် ထူပူသွားမိ၏။ သူမ ခြေလှမ်းရပ်တော့ သူကလည်း ရပ်၏။

"မင်း ရူးနေသလား .. ဒါမှမဟုတ် ခုမှ ရူးသွားတာလား .."

"ကျွန်တော် ကောင်းပါတယ် .."

"မင်း ငါ့နောက်လိုက်နေတာဆိုရင် ဘာတွေကြံစည်ပြီးတော့လဲ..၊ ဘာ ထပ်ပြီး ဒုက္ခပေးမလို့လဲ .."

"ထပ်ပြောရမှာလား .."

မျက်နှာကို တည့်တည့်ကြည့်ပြီး မေးတော့ မှောင်ရီဖျိုးဖျမှာ ဖြူဝင်းသည့်မျက်နှာက လူကို လှောင်ရယ်နေသလိုလို ..၊

"သင်တန်းမှာ ကျွန်တော် ပြောပြီးပြီ .. ထပ်ပြောဆိုရင် ပြောမယ် ..၊ ဆရာမကို ကျွန်တော် .."

"မင်း တော်တော့ .."

ချမ်း အားကိုးမဲ့သွားသလိုပင် ..၊ တစ်ခုခု ငြိုးမယ်ဖွဲ့၍ လက်တုံ့ပြန်ရေး အစီအစဉ်သစ်တစ်ခု စလာခဲ့ပြီဆိုတာ တွေးမိလိုက်ပြီး ဒေါသနှင့် တစ်ပြိုင်တည်း ဖြစ်ပေါ်လာတာက ဝမ်းနည်း အားငယ်ခြင်း ..၊

"မင်း ငါ့ကိုမှ ဒီလောက်တောင် ဘာဖြစ်လို့ ရန်ငြိုးဖွဲ့နေတာလဲ.."

"လျှောက်ပြောနေပြန်ပြီကွာ .. ကျွတ်!..."

"ချို နဲ့ မင်းတို့ကိစ္စတွေမှာ ဘာကစပြီး ဘာကြောင့် မျက်ကြတယ် ငါ မသိခဲ့ဘူး ..၊ မင်းနဲ့ ဘာအကြောင်းနဲ့မှ မပတ်သက်ချင်လို့ အဲဒီကိစ္စ





တွေကို ငါ နားလည်း မစွင့်ဘူး .. နောက်ထပ် ဘာမှ ဝင်မပါမိအောင်လည်း နေခဲ့တာ .. ဒီ့ထက် ဘာလိုချင်သေးလို့လဲ .."

"ဆရာမကို ချစ်တယ် .."

"တောက်!..."

"ခင်ဗျား ယုံအောင် ဘာလုပ်ပေးရမလဲ .."

"ဘာလုပ်ပေးဖို့မှ မလိုဘူး .."

"ဆရာမ .."

"ဘာလုပ်တာလဲ ..၊ ဖယ် .."

ခေါ်ပြောပုံတွေက နားထဲမှာ ခါးနေသည်။ အရှုတ်ဆန့်ချင်သည့် မျက်နှာကို နီးနီးကပ်ကပ် ကြည့်မိတော့ နောက်ကို ခြေလှမ်းဆုတ်မိ၏။

အုပ်စုလိုက် မြင်နေကျပုံစံက တစ်ယောက်တည်း ဖြစ်နေပေမယ့် မိုက်ရူးရဲအကြည့်တွေကြောင့် ချမ်း ရင်တွေ တုန်လာခဲ့၏။

"ဖယ်လို့ ပြောနေတာ မကြားဘူးလား.."

"ဖယ်ပေးမယ် .."

ပြောပေမယ့် ဒီတိုင်းရှိနေသည့်ပြင် ချမ်း နောက်ဆုတ်တဲ့အတိုင်း သူက တစ်လှမ်း ထပ်တိုး၍ ...

"ကျွန်တော်တို့ မပြေမလည် ငြိခဲ့တာတွေကို ထားခဲ့လိုက်ရအောင်ပါ .. ခုပြောချင်တာတွေက ငြိုးတာတွေ ကလဲ့စားတွေ ဘာမှမပါဘူး..၊ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မပြောခဲ့ဖူးတဲ့ အလေးနက်ဆုံး စကားပါ .. ဆရာမကို ချစ်တယ် .."

ချမ်း ခေါင်းခါရင်း နောက်ကို ထပ်ဆုတ်နေမိတာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိ ...။

"ဆရာမကို ချက်ချင်းကြီး ပြောင်းလဲပြောသလို ဖြစ်သွားပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် သေချာပြီးမှ ပြောတာ .. ဆရာမအတွက် ယုံကြည်ချင်စရာလည်း ဖြစ်ချင်မှဖြစ်မယ် ..၊ ဒါပေမယ့် လူကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ယုံတယ် ..”

“ဘာ!...”

“ဘိုးဘိုးနဲ့ လေးလေးကောင်း ကို ကျွန်တော် ဖွင့်ပြောလိုက်တယ်..”

“မင်း ဘာတွေ လျှောက်လုပ်နေတာလဲ ..”

“ဗရုတ်သုတ်ခတွေ လုပ်နေတာ ထင်လို့လား ..”

မျက်နှာငုံ့မေးလိုက်တော့ သူ့ရဲ့ကိုယ်မှ ဆွတ်ပျံ့လာသော ရေမွှေးနံ့ကြောင့် ချမ်း မျက်နှာလေး တွန့်ခနဲ ဖြစ်သွားသည်။ မီးခိုးရောင် ရှပ်လက်တိုနှင့် ဘောင်းဘီရှည်ကလည်း မီးခိုးရောင်ပဲဖြစ်ကာ အပြာနုရောင် ဝစ္စကုတ်ကို ထပ်ဝတ်ထား၏။

ညနေခင်းရဲ့အနီးဆုံးမှာ ဖြူဖပ်ဖပ် သူ့ပုံစံက ထင်းနေကာ အမြဲတမ်း မင်းသားရှုံးအောင် ဝတ်သည့်အတိုင်း သူ့ပုံစံ သူ့အပြင်အဆင်က ဘယ်မှာဖြစ်ဖြစ် မှိန်ဖျော့နေတယ်ဆိုတာ မရှိ ..။

ထို့ပြင် ချမ်းသာသော .. ရှပ်ပွေ၍ သူများကိုဒုက္ခပေးတတ်သော သတင်းကောင်းအဖြာဖြာနှင့် ပြည့်စုံသူသည် ..။ ဒီတစ်ခါ သူ့ရဲ့တားဂတ်က ကိုယ်လား ..။

“ကျွန်တော် လေးနက်တဲ့စကားတွေ ပြောနေတာပါ .. လူကြီးတွေကို ဒေါသထွက် အရှက်ရဖွယ် မဖြစ်စေဘဲ ဆရာမရဲ့အချစ်ကို ရအောင်ယူမယ်လို့ ဘိုးဘိုးကို ကတိပေးခဲ့တယ် ..။ လေးလေးကောင်း ကလည်း ဆရာမကို ဖိအားမပေးချင်လို့ ရှောင်ထွက်သွားတာ .. ဘိုးဘိုးကလည်း မကူညီဘူး .. ဒါပေမယ့် ဆရာမအချစ်ကို ကျွန်တော် ရခဲ့ရင် ဆရာမကိုယ်တိုင် ကြည်ဖြူစွာ ခေါင်းညိတ်တဲ့နေ့ ..”

“မင်းလိုလူကို ခေါင်းထဲ ထည့်စဉ်းစားရအောင် ငါက အရူးမဟုတ်ဘူး ညဲ .. မင်း ငါ့ကို ဘယ်လိုမိန်းမ ထင်နေသလဲ ..”

“ကျွန်တော် ပထမဆုံး ရင်ခုန်ခဲ့တဲ့ မာနကြီးကြီး ခပ်ကျောကျော ^န်းမလို့ ထင်တယ် ..”





“ဟုတ်တယ် .. အဲဒီ မာနတွေ .. ကျောတာတွေက မင်းလိုလူတွေအတွက်ဆို အမြဲတမ်း အလံလွှင့်နေမှာ .. အဲဒီတော့ မင်းရဲ့တားဂတ်က ငါ ဖြစ်နေတယ်ဆိုရင် မင်း ဘာလုပ်မလဲ ..။ ငါက ရှောင်ဖို့ ကြိုးစားပေမယ့် သတ္တိတော့ မကြောင်သေးဘူး ညဲ .. တစ်ခုပဲ ပြောထားချင်တယ်.. လူတစ်ယောက်ကို ဒုက္ခရောက်စေချင်ရင် အထူးသဖြင့် ငါက မိန်းမတစ်ယောက် ဖြစ်နေတဲ့အတွက် ကလိမ်ကကျစ် လုပ်ကြံ ချောက်တွန်းတဲ့နည်းတွေ မသုံးပါနဲ့ ..။ ညာတာဖို့ တောင်းပန်နေတာ မဟုတ်ဘူး .. စိန်ခေါ်ကြတဲ့ပွဲဆိုတာ ရိုးသားဖို့လိုတဲ့အကြောင်း ပြောပြတာ ..”

“ဟား .. ဟား .. ဟား ...”

သူက ဘောင်းဘီအိတ်တွေထဲ လက်ထည့်ထားပြီး မျက်နှာငုံ့ ရယ်နေသည်။

ပြီးတော့ ချမ်း ခြေလှမ်းပြင်တာနှင့် ကာထားလိုက်ပြီး ...

“ပြောပါဦး .. ဆရာမနဲ့ကျွန်တော် ရင်ဆိုင်ယှဉ်ပြိုင်ဖို့ ဘယ်နေရာကောင်းမလဲ.. အင်း .. လက်နက်ရော ဘယ်လိုလက်နက်တွေဆို အဆင်ပြေမလဲ ..။ အချိန်ကတော့ ဆရာမပဲ သတ်မှတ်ပါ .. ကျွန်တော်ကတော့ ဆရာမနဲ့ဆိုရင် ဘယ်အချိန် ဘယ်နေရာဖြစ်ဖြစ် ..”

“တိတ်စမ်း ..”

“သြော် .. ကဲ .. ဟား .. ဟား .. ဟား ...”

မျက်နှာငုံ့ပြီး ခပ်ကြိတ်ကြိတ် ရယ်နေပုံက ပခုံးတွေပါ လှုပ်နေသဖြင့် ချမ်း ရှက်လာမိသည်။ ထွက်သွားချင်ပေမယ့် ကိုယ် ခြေလှမ်းရွှေ့လိုက်တိုင်း သူက ရယ်မောမပျက်ဘဲ ထက်ကြပ်မကွာ ပိတ်ဆို့ကာဆီးနေခဲ့ပြီး ...

“ချစ်ပါရစေ .. ကြိုက်ပါရစေလို့ လိုက်ပြောနေတာကို စစ်တိုက်ဖို့ စိန်ခေါ်နေတာ မရယ်ရဘူးလား ..”

“ဘာကို ချစ်တာလဲ ..။ မင်း ရူးသွားပြီ ထင်တယ် ညဲ ..။ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ မျက်နှာချင်းဆိုင်လို့ မရအောင် ရှိခဲ့ကြတဲ့ ပဋိပက္ခတွေ .. မင်း ငါ့ကို ပေးခဲ့တဲ့ ဒုက္ခတွေ ..''

''အဲဒါတွေရဲ့နောက်ကွယ်မှာ ရင်ခုန်သံတွေ ရှိတယ် ..''

ညို မျက်နှာက လေးနက်မှုတွေနဲ့ တည်ကြည်သွားပြန်ကာ ...

''ကျွန်တော်တို့ စကား အေးအေးဆေးဆေးပြောကြအောင် .. အချိန်နည်းနည်း ပေးပါလား ..''

''ပြောစရာ မရှိဘူး .. ပေးလည်း မပေးနိုင်ဘူး ..''

''ဒါဆိုလည်း ခုပဲ ပြောမယ် .. မပြီးမချင်း ဆရာမ ဒီကထွက်သွားလို့ မရဘူး ..''

''မင်းက ဒီလို ပြောသလား ..''

''ပြောသလို လုပ်မလုပ် သိချင်ရင် ဆရာမ ထွက်သွားကြည့်လေ..၊ ကျွန်တော်ကတော့ လူတွေသိလေ ပိုကောင်းလေ .. ဒီ့ထက်ပိုပြီး အချုပ်ထဲ ရောက်သွားရင်လည်း ဂရုမစိုက်ဘူး .. ဆရာမနဲ့ ကျွန်တော့်အကြောင်း ဂျာနယ်ထဲထိ ထည့်ပြီး ..''

''ညို ..''

''ပြောပြတာပါ .. ကျွန်တော် အေးအေးဆေးဆေး ခွင့်တောင်းနေတာကို ခွင့်ပြုသင့်မှန်း သိအောင် ..''

''ဒါ လူကြီးတွေ ခွင့်ပြုလိုက်တဲ့နည်းတွေပေါ့ .. မင်း ကတိပေးခဲ့တယ်ဆိုတာ ဒါတွေလုပ်မှာပဲ ဆိုပြီးတော့လား ..''

''လူကြီးတွေက ခွင့်ပြုတယ်လေ .. ဆရာမကမှ ခွင့်မပြုတာ ..၊ ဆန္ဒပြတယ်ဆိုတာ လိုချင်တာ ရဖို့အတွက်ပဲ .. ဘယ်သူက တယောထိုးနေမှာလဲ..၊ လူကြီးတွေကို ထည့်ပြောပြခဲ့တာကလည်း ကျွန်တော် ဆရာမကို ချစ်နေတဲ့အကြောင်း သိစေချင်တာ တစ်ခုပဲ ..၊ ကျန်တာ မပါဘူး..''

''အေး .. ငါကလည်း မင်းနဲ့ပြောဖို့ ရှိရင်တောင် ချစ်တာ မေတ္တာတွေနဲ့ မသက်ဆိုင်ဘဲ ပြောချင်တာ ..''





''ဖြစ်တယ် .. အခု လိုက်ခဲ့တော့မလား ..''

''ဒီမှာပဲ ပြော ..''

ညို မျက်နှာပျက်သွားသည်။ ချမ်း မျက်နှာလေးကို စိုက်ကြည့်ပြီးမှ ...

''အိုခေ.. ဒါဆိုရင် ကျွန်တော်တို့ တစ်ကနေ ပြန်စမယ် .. ကာလာအနအရင့်အတိုင်း ဖျော့ဖျော့လေးကနေ ရင့်ဖို့ ကြိုးစားတာပေါ့ ..''

ချမ်း က နားခါးနေသလို မျက်နှာလေးလွှဲပြီး ဒီတိုင်း ငြိမ်သက်နေခဲ့၏။

''ကျွန်တော်တို့ ဖြစ်ခဲ့သမျှကို ပျက်သွားပြီလို့ သဘောထားရအောင် ..''

''ငါ့ဘက်က ဘာမှဖြစ်ခဲ့တာ မဟုတ်ဘူး ညို .. ဖြစ်ပျက်ဖို့တွေလည်း မလိုဘူး ..''

''ဟာ .. ဒါတော့ မရဘူး .. ဟိုမရောက် ဒီမရောက် အနေအထားနဲ့ ကျွန်တော် မလိုချင်ဘူး ..၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်နေတယ် .. အဲဒါကြောင့် အချစ်အတွက် သူ ကြိုးစားမယ်ဆိုရင် ဒေါသဖြစ်စရာ မုန်းတီးစရာတွေ ပါချင် ပါလာမှာပေါ့ ..''

''ငါ့ကို မုန်းစေချင်နေတာလား ..''

''မုန်းရင်လည်း ရတယ် .. မချစ်ဘူး မမုန်းဘူးဆိုတာကို လက်မခံဘူး ..''

''မင်း လက်ခံတာ မခံတာ မလိုဘူး .. ငါ့သဘောနဲ့ ငါ ..''

''ဒါဆို ပြောမယ် .. ဆရာမ ကျွန်တော့်ကို မုန်းလာအောင် မုန်းစရာတွေပဲ မနားမနေ လုပ်ပြမယ် ..''

''ဘာ!...''

''အဲဒါ ကတိ ..''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောလိုက်တယ် .."

"ငြိမ်းချမ်းရေး လိုချင်တာပဲလေ .. ဆရာမက ရင်ငြိမ်းချမ်း ဆိုပေမယ့် သူများကိုတော့ ငြိမ်းချမ်းမှု မပေးချင်ဘူးမို့လား .. ကျွန်တော်ကလည်း ရန်ဖြစ်ရတာကို ဝါသနာပါတယ် .."

"ညို .."

"ပြောပါ .. ဒီမှာ ပြောချင်လွန်းလို့ စောင့်နေတာ .."

"မင်းကို ငါ နားမလည်နိုင်တော့ဘူး .."

"မေးလေ .. ဆရာမလို အင်္ဂလိပ်စကားတွေနဲ့ မပြောဘူး .. မြန်မာလို ရှင်းပြမယ် ..၊ မြန်မာလို ချစ်မယ် .."

"အဲဒါကို ရှင်းပြစမ်းပါ .. ငါက မချစ်နိုင်ပါဘူးဆိုရင် 'ခင်ဗျားကိုရော ဘယ်သူက ချစ်နေလို့လဲ' ဆိုပြီး ငါ့ကို ဟားတိုက် ရယ်ချင်လို့လား .."

"လွဲပြန်ပြီ .."

"ငါ့မှာ မင်းအတွက် မက်လောက်စရာ ဘာမှမရှိဘူး .. ငါ့လိုမိန်းမကိုမှ မင်းက .."

"ဒါဆိုလည်း မက်လောက်စရာ ရှိတာတွေ ပြောပြမယ်လေ .."

ကိုယ်ကိုပြင်၍ ချမ်း နဲ့ မျက်နှာချင်းဆိုင်မှာ ကျကျနန လာရပ်သည်။ ပြီးတော့ ချမ်း ရဲ့တစ်ကိုယ်လုံးကို ရူးရူးရဲရဲ ကြည့်၏။

"မင်း .. မင်း မမိုက်ရိုင်းနဲ့နော် .."

ဆလင်းဘက်ခ်လေးကို ရှေ့မှာပိုက်၍ မလုံမလဲ ကာကွယ်ရင်း ချမ်း တက်ခေါက်သည်။

ညို က မျက်နှာလွှဲပစ်ပြီး ရယ်ကာ ...

"ယောကျ်ားလေးတွေ မမိုက်ရိုင်းအောင် မိန်းကလေးတွေက စကားပြော ဆင်ခြင်ရမယ် .. တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတာမှာ မက်လောက်စရာ ရှာကြည့်ဖို့က မိန်းကလေးတွေ လုပ်ကြတာ ..၊





ယောကျ်ားလေးကို မေးရင်တော့ သူတို့ ဘာတွေ မက်မောကြတာလဲ ဆိုရင် .."

"တော်တော့ .."

"ဒါဆို ကျွန်တော်က ချစ်နေတယ်ဆိုတာ ယုံသွားပြီလား .."

"ယုံယုံ မယုံယုံ ငါ့ဘက်က မင်းအပေါ်မှာ အမြဲတမ်းရှိခဲ့တာက မင်း ပြောနေတာတွေနဲ့ မဆိုင်ဘူး .."

ချမ်း က ညို ကို အထင်မြင်သေးသလို ကြည့်ကာ ...

"မင်းက ရန်ငြိုးမဖွဲ့သင့်တဲ့လူ.. ပြီးတော့ မချစ်သင့်ဆုံး ယောကျ်ား"

ညို က ဘာမှမပြောဘဲ နားထောင်နေသည်။

"ရန်ငြိုးဖွဲ့မိရင် မင်းရဲ့ တုံ့ပြန်မှုတွေက ကြောက်စရာ ကောင်းတယ် .. လိုချင်သမျှ မတောင့်မတ ရနေတဲ့ မင်းရင်ထဲမှာ အချစ်ကလည်း ဘယ်တော့မှ တန်ဖိုးကြီးမားလာမှာ မဟုတ်ဘူး .."

"ကျွန်တော် မတောင့်မတ ရနေတဲ့အထဲမှာ အချစ်မှ မပါဘဲ ..၊ ကိုယ့်ကိုချစ်နေတိုင်း ပြန်ချစ်လို့ မရဘူး .. မချစ်လို့ မချစ်ခဲ့တာကို ဘာဖြစ်လို့ တန်ဖိုးမထားတတ်ဘူး စွပ်စွဲတာလဲ .."

"ဟွန်း .."

"ဒါဆို အခု ဆရာမကို ကျွန်တော် အရမ်းချစ်တယ် ..၊ ဆရာမ ပြန်ချစ်လိုက်တော့ .."

"အို .. ဘာလုပ်တာလဲ .."

လက်ဖဝါးတစ်ခုလုံးကို ထပ်ဆုပ်ကိုင်လိုက်သဖြင့် ချမ်း အတင်း ခါချပစ်သည်။

ညို က မလွှတ် ..၊

"အဲဒီလို ကိုယ်မပေးနိုင်တာကို သူများက လိုချင်လို့ တောင်းခံနေရင် ဆရာမ ဘယ်လိုလုပ်မလဲ ..၊ ခုပဲ ဖြေစမ်းပါ .."

"မင်း!..."



www.burmeseclassic.com

www.burmeseclassic.com



ကားတွေဖြတ်သွားကြလျှင် သူဆွဲထားတာကို မြင်သွားမှာစိုးကာ ဆုပ်ထားသည့်လက်နှစ်ဖက်ကို ချမ်း က ကိုယ်လေးနဲ့ ကပ်ကွယ်ပစ်၏။

ကားတွေကို လှည့်ကြည့်လိုက်.. လက်ကို လွှဲခါရုန်းလိုက်နှင့် ချမ်းရဲ့ လှုပ်ရှားမှုလေးတွေနောက်မှာ စည်းချထားသည့် ဆံနွယ်ရှည်တွေက တလွန့်လွန့် လှုပ်လွဲနေလေသည်။

မျက်နှာရှေ့မှာ သူမ ဖြစ်ပျက်နေသမျှ ငုံ့မိုးကြည့်ရင်း ညဲ ရင်ခုန်သံတွေ မြန်လာခဲ့၏။ သူမရဲ့ ပခုံးလေးကိုဖက်ပြီး ဒီပလက်ဖောင်းလေးအတိုင်း ခြေလှမ်းညီညီ လျှောက်သွားချင်သည်။

နောက်မှာချထားသည့် ဆံနွယ်တို့ကို ရှေ့ရင်မို့မို့မှာ ဖေးတင်ပေးပြီး သူမရဲ့ ယဉ်တုစ်ကိုယ်မယ်နဲ့ ဆံနွယ်တွေကို ငုံ့ဇကြည့်ကြည့်နဲ့ ပတ်ဝန်းကျင်ကို မေ့ချင်၏။

ကိုယ့်ရင်ထဲမှာ တိတ်တဆိတ် ခိုဝင်နေခဲ့တဲ့ ချစ်စိတ်တွေက အမျိုးမျိုးသော နူးညံ့ခြင်းတို့ဖြင့် တောင်းဆိုနေကြပါပြီ ..၊ ဒါပေမယ့် သူကိုယ်တိုင်က မနူးညံ့တတ်တဲ့သူ ..၊

သူမကို ယုံကြည်အောင် ဘယ်လိုစည်းရုံးရမှာလဲ ..၊

ညံသက်ခဲ့သည့်စိတ်သည် သူမလက်ကလေးကို အသာဖြေလွှတ်ပေးခဲ့မိပြီး ..၊

"ဆရာမကို ကျွန်တော် ရအောင်ယူမယ် .."

ချမ်း နဲ့ သူ မျက်လုံးချင်း ဆုံသွားခဲ့၏။

မှန်တိုင်းသံလား .. တေးသံလား ..၊





အခန်း (၃၈)

သင်တန်းမှာ လိုက်နှောင့်ယှက်နေတာကို ကြာလာတော့ သည်းမခံနိုင်အောင် ဖြစ်လာခဲ့မိသည်။

"ကျွန်တော် ဘာလုပ်နေလို့လဲ ..၊ သူများတွေလိုပဲ သင်တန်းကို လာတယ် .. ငြိမ်ငြိမ်လေး ထိုင်ပြီး .."

"သူများလို ရေးမှတ်ပြီး ပြန်တာလား .."

"မှတ်တာပေါ့ .. ကျွန်တော့်နှလုံးသားထဲမှာ ဆရာမမျက်နှာ .. ဆရာမရဲ့အသံတွေကို စွဲနေအောင် .."

ဘာပြောပြော မျက်နှာတည်တည်နှင့် ငြင်းသည်။ အပြစ်လုပ်သမျှ သူ့အပြစ် မဟုတ်ချည်း ငြင်းနေခဲ့သည့်ပြင် ...

"ဆရာမက ကျွန်တော့်ကို စဉ်းစားပေးမယ်လို့ မပြောမချင်း ဒီလိုပဲ နေမှာ"လို့ အပြတ်အသတ် ကြေညာ၏။

"ညံ .. ငါ မင်းအကြောင်းတွေပဲ စဉ်းစားရလွန်းလို့ အလုပ်ပျက်အအိပ်ပျက်တောင် ဖြစ်နေရပါပြီ..၊ တော်ပါတော့ .. အခု မင်းနဲ့ ငါ့ကို ငါ့ကျောင်းသားတွေက ဘာလိုလို ထင်ကုန်ကြပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်နေတာပဲဟာ .. ဆရာမက မချစ်ပေမယ့် ကျွန်တော်က သေလောက်အောင် ချစ်နေတာ .."

"မင်းကို ငါ ဘဘမော် နဲ့ တိုင်ရတော့မယ် .."

"ဘယ်သူက ကြောက်ပါပြီ အော်နေလို့လဲ ..၊ ညဲ ရဲ့ရာဇဝင်မှာ ကိုယ် ထင်သလို လုပ်ရဖို့အတွက် စိုးရိမ်ကြောင့်ကြခဲ့တယ်ဆိုတာ မရှိဘူး ..၊ လိုချင်တာ ရအောင်ယူတယ် .. ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တယ် .. ပြီးသွားမှ ဘာဖြစ်ဖြစ် .."

ချမ်း လက်လျှော့ရတော့မလိုပါ ..၊ သင်တန်းဖြစ်ဖြစ် ဈေးသွားတာဖြစ်ဖြစ် ထမင်းစားတဲ့နေရာထိ ညဲ က ပါသည်။

"ငါ အလုပ်ထွက်ပြီး ဦးဦးလွင် နဲ့ ပြန်နေတော့မယ် .."

"ကောင်းတယ် .. ကျွန်တော်လည်း ဖတ်ဖတ်မောအောင် လိုက်မနေရတော့ဘူး .. နှစ်ယောက်အတူတူ အိုးမကွာအိမ်မကွာ ရန်ဖြစ်လို့ရတာပေါ့ .."

သူလည်း လိုက်နေမယ်ဆိုတဲ့ သဘော ..၊

ထမင်းချိုင့်ကိုဖြုတ်ရင်း ချမ်း ရဲ့လက်လေးတွေ တုံ့ဆိုင်းသွားတော့ ညဲ က ရယ်သည်။

"ဆရာမ ကျွန်တော့်ကို ခေါင်းထဲ ထည့်နေရတာတွေက ငါ့ကို လိုက်နှောင့်ယှက်နေတာ .. တစ်ခုခုအတွက် လက်တုံ့ပြန်ချင်တာ ဘာညာတွေနဲ့ အမှန်းပွားရေးတွေပါ .."

"မင်းကိုများ ငါက မေတ္တာဘာဝနာ ပွားများပေးနေရမှာလား.."

"မပေးရပါဘူး .. မေတ္တာဘာဝနာ ဘာလုပ်ရမှာလဲ ..၊ ပြန်ချစ်လိုက်ရင် ပြီးပြီ .."

ချမ်း ပါးစပ်ပိတ်နေလိုက်သည်။

ချစ်တယ်ဆိုတာကို မပြောနဲ့ .. 'မချစ်ဘူး' ဆိုတာတောင်မှ သူမ ထုတ်မပြောရဲသေးပေ ..၊





ကိုယ့်ကို ညဲ ဆိုတဲ့ယောကျ်ား ချစ်ရေးဆိုနေသည်ဆိုတာက ချစ်နေလို့ ချစ်စကားပြောတာ ဘယ်လိုမှ မဖြစ်နိုင်မှန်း သိနေသည်။

သူမ ပြန်ဖြေလာမည့် အမှားတစ်ချက်ကိုသာ သဲကြီးမဲကြီး လိုချင်နေခဲ့တာ ဖြစ်၏။ ထို့ကြောင့် ညဲ နှုတ်ဖျားက မုန်းတာတွေပါလာလျှင် သူမ ခွန်းတုံ့ပြန်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပေမယ့် ချစ်တာတွေပြောလာလျှင် နှုတ်ဆိတ်နေလိုက်မိသည်။

ပြောစမ်း ..၊ မင်း ပြင်ဆင်ထားတဲ့ ထောင်ချောက်ထဲဆင်းပြီး လှောင်ရယ်ခံရလောက်အောင် ငါ နောက်ထပ် မမှားစေရဘူး ..။

ဒီတိုင်းပဲ ကိုယ့်စိတ်ကို သတိပေးနေခဲ့တာလည်း မျိုသိပ်ထားခဲ့သည့်စကားလုံးတွေနဲ့ ရင်ထဲမှာ ကျပ်နေခဲ့၏။

"ဆရာမ .."

"... ... ... ..."

"ထမင်းစားလေ .. ကျွန်တော့်ကို ကျွေးရမှာ စိုးလို့လား .. လုပ်ပါ ..၊ ဒီတိုင်းပဲ ကြောင်တောင်ကြည့်စားနေခဲ့တာ ဘယ်လောက်ကြာပြီလဲ .."

"နေပါဦး .. မင်းကို ငါ မကျွေးဘဲနေတာ ဟုတ်တယ် .. ကျွေးစရာ အပိုလည်း ထည့်လာခဲ့တာ မဟုတ်ဘူး ..၊ ငါ အဲဒီလောက် ကြောင်တောင်တဲ့မိန်းမမှန်း မင်း နားမလည်သေးဘူးလား .."

"လည်တော့ ဘာလုပ်ရမှာလဲ ..၊ ကျွန်တော်က ထမင်းစားချင်လို့ လိုက်ကပ်နေတာမှ မဟုတ်တာ .."

"ငါ့မှာ ငဲ့ညှာ စာနာတတ်တဲ့အကျင့် မရှိဘူး .."

"ရှိတော့ ရှိမှာပါ .. ကျွန်တော့်ကျမှ ကွက်ကျားမိုး ရှာနေတာ .."

"သိရင် မင်း ကိုယ့်လမ်း ကိုယ်လျှောက်ပါလား .."

"အခု ဆရာမကို ပွေ့ဖက်ပြီး လျှောက်နေတာမို့လို့လား .."

"မင်းနော် .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာ .."

ညံ့ က မချိုမချဉ်မျက်နှာနှင့် ချမ်း မျက်ဝန်းလေးတွေကို ကြည့်၍ နှာခေါင်းတွန့်ပြသည်။ ပြီးတော့ ရယ်နေရင်း ပီကေတစ်ခု ပါးစပ်ထဲ သည့်လိုက်၏။

ချမ်း ထမင်းစားနေတိုင်း သူက ပီကေစားပြီး ထိုင်စောင့်သည်။ တစ်ခါတလေ ဒီတိုင်း တိတ်ဆိတ်စွာ ပြီးဆုံးသွားတတ်သလို ရန်လှည့် ဖြစ်လိုက် .. ထမင်းစားလိုက်နှင့် စားလို့ စားရမှန်း မသိလိုက်ဘဲ ပြီးခဲ့ရ တာတွေလည်း ရှိ၏။

ဒါပေမယ့် ချမ်း ထမင်းမကုန်ဘဲ ချိုင့်ပြန်ဆင့်လိုက်ရတယ်ဆိုတာ မရှိ ..၊

"အပွန်း .. အနားမှာ မစားရတဲ့လူက ငုတ်တုတ်ထိုင်ကြည့်နေ တော့ မျိုမကျဘူး ထင်တယ်နော် .."

ထမင်းချိုင့်ကို မျက်ခုံးပင့်ကြည့်ပြီး ညံ့ က ရီသည်။ ချမ်း က ဆတ်ခနဲ ခေါင်းညိတ်၏။

"ကျားမျက်ရည်ကျတာကို သနားစရာ မလိုပါဘူး .."

"ကျားလည်း လူတွေအတွက်တော့ ယုံကြည်စရာ မဟုတ်ပေမယ့် သူ့ကျားမလေးကိုတော့ သူ ချစ်တတ်ပါတယ် .. အဲဒီအချစ်တွေကြောင့် ကျားကွိစိကွစလေးတွေ ဖြစ်လာ .."

"ညံ့ .."

စားပွဲခုံကို ဖျန်းခနဲ ပုတ်ပစ်လိုက်မိသဖြင့် ဆားစားပွဲက မျက်လုံး တွေ ဒီဘက် ရောက်လာကြသည်။ ချမ်း ရှက်စိတ်မွန်သွားပြီးမှ လူတွေ ကြည့်လာတော့ လက်ဖဝါးလေးကို မသိမသာ ပြန်ဆုပ်၍ တင်းကျပ် တောင့်မတ်သွားသည့် ကိုယ်ကို ပြန်လျှော့ချသည်။

ညံ့ မျက်နှာက ရယ်ချင်ပက်ကျိ ဖြစ်နေတာကို ထိန်းချုပ်နေရ သည့်အတိုင်း ...





"ဘာဖြစ်သွားတာလဲ .."

"အခု ဘာမှမဖြစ်ဘူး ထားလိုက်တော့ .. ဒါပေမယ့် မင်း ပြန်ပါ"

"ကျွန်တော် သင်တန်းတက်ဖို့ လာတာ .."

"ကျွတ်!..."

ချမ်း မျက်နှာလေး တစ်ပြင်လုံး ရဲတွတ်လာ၏။ သင်းကြောင့် ဘယ်တုန်းကမှ စားသောက်ဆိုင်မှာ ထမင်းထိုင်မစားတတ်ခဲ့သည့် ကိုယ့်ရဲ့ရာဇဝင်လည်း ပျက်ခဲ့သည်။ ကျောင်းချိန်တွေမှာဆို ထမင်းစား ချိန်ကလည်း ပုံမှန်ပဲပေမယ့် ..၊

သင်တန်းချိန်တွေချည်း ရှိနေတာကျတော့ သင်တန်းအပြီး ဒါမှ မဟုတ် မဝင်ခင်အချိန်တွေမှာ သင်ကန်းမှာပဲ စားလိုက်တာဖြစ်သည်။

ညံ့ တကောက်ကောက် ကပ်လိုက်နေတည်းက သူမ အပြင်မှာပဲ စားနေခဲ့ရတာ မျက်စိမအေး ..၊ နားလည်း မချမ်းသာ ..။

"မင်းကို ငါ ဒီတစ်ခုပဲ တောင်းဆိုပါရစေ .. သင်တန်းတိုင်းမှာ မင်း လိုက်တက်နေတာပဲ .. ဒီအချိန် သင်တန်းကိုတော့ .."

"ဘာဖြစ်လို့လဲ .."

"အဲဒီက တီချယ်နှင်း က နည်းနည်း ပါးစပ်ဖွာတယ် .."

"ဟုတ်လား .."

ပျော်သွားသည့်ပုံစံနှင့် အကျအန ရယ်နေသေးသည်။

ချမ်း အသည်းယားသွားပေမယ့် ညံ့ ကို အတိုက်အခံပြောပြီး အနိုင်ယူဖို့ မလွယ်ကူမှန်း သိနေသဖြင့် ...

"ဒီသင်တန်းကိုတော့ မင်း လိုက်မတက်ပါနဲ့ .."

"ကျွန်တော် ပိုက်ဆံသွင်းထားတာ ဆုံးသွားမှာပေါ့ .."

"အပိုတွေ ကပ်ဖဲ့ပြောမနေပါနဲ့ .."

"အပိုတွေ ပြောနေတာ မဟုတ်ဘူး .. ပိုက်ဆံဆိုတာ သုံးတော့သာ လွယ်တာ .. ရှာလို့ သိပ်ခက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးကြီးတွေ ထွက်လာတော့ ချမ်း မျက်နှာလေး မဲ့သွားသည်။

ညို က ခပ်တည်တည် ...၊

"ကိုယ်က တစ်ပြားမှ မရှာနိုင်သေးဘဲနဲ့ မိဘပိုက်ဆံကို ဒီလို အလကား ထိုင်ဖြုန်းတာမျိုးတော့ အဖြစ်မခံနိုင်ဘူးလေ .. ဆရာမလည်း ဒီလိုတိုက်တွန်းနေတာတော့ မကောင်းပါဘူး .."

"ဟုတ်ပြီ ...၊ ငါပြောမိတာ တောင်းပန်တယ် ...၊ ဒါဆိုရင် မင်း တက်ပေါ့ .. တစ်ခုပဲ ကူညီ ...၊ မင်းက ငါ့မောင် .. ငါက မင်းရဲ့အစ်မ.."

"ဘယ်တုန်းက မောင်နှမ တော်သွားတာလဲ .."

"အခု ဒီသင်တန်းမှာပဲ .."

"ကျွန်တော်က မောင်နှမတော်ချင်တာမှ မဟုတ်ဘဲ .."

"မင်းကိုလည်း တော်ချင်လွန်းလို့ မဟုတ်ဘူး .."

"ဒါဆို ပြီးတာပဲ .."

"မပြီးဘူး ...၊ ငါ ဒီတိုင်းပဲ ပြောထားမှာ .."

"ပြောလေ .."

"မင်းကိုများ စကားစပ်မိပြီး မေးလာခဲ့ရင် .."

"ဒေါ်ရင်ငြိမ်းချမ်း က လျှောက်ပြောနေတာလို့.. သူက ကျွန်တော့် ဇနီးလောင်း လို့ .."

"ညို .. မင်း ငါ့ဘက်ကို နည်းနည်းလေးမှ တွေးမပေးတော့ဘူးလား ...၊ မင်းကိုယ်မင်းရော ဘယ်အရွယ်လေး ထင်နေသလဲ .."

"ပညာရော ကြင်ရာပါ စုံလို့ ရနေတဲ့အရွယ် .. အဲဒါကြောင့် ဆရာမကို လက်ထပ်ဖို့ ကြိုးစားနေတာ .."

"ဘယ်တော့မှ မရဘူး .."

ပိုက်ဆံကိုထောင်ပြပြီး စားပွဲပေါ်မှာ ဆောင့်ချသည်။ ပြီးတော့ ပန်းကန်လုံးနဲ့ ဖိထားခဲ့ရင်း ဆိုင်ထဲက ထွက်လာခဲ့၏။





အချိန်ပြည့် ထိုင်ပြီး စောင်းချိတ် အရွဲ့တိုက်နေတာတွေကို မကြားချင်ပေမယ့်လည်း မရ ...၊

ညို သည် သူမရဲ့အားမှာ ကစ်လှမ်းမှ မကျန်ရစ်ခဲ့ဘဲ အတူလိုက်ပါလာလျက် ...

"အဲဒီချိုင့်ထည့်တဲ့အိတ်လေး ပေးထားမလား .."

"မလိုဘူး .."

"ဖိုင်တွေရော .. ထီးရော ရှုပ်နေတာပဲ .."

"မင်း ရှုပ်နေတာလောက် မဆိုးဘူး .."

"မရှုပ်စေချင်ရင် ကျွန်တော့်ကို ပြန်ချစ်ဖို့ စဉ်းစားလေ .."

ချမ်း ခြေလှမ်းလေး တုံ့နှေးသွားသည်။ သူ တောင်းနေတဲ့ အခွင့်အရေးတစ်ခုခုကို သူမ လိုက်လျောလို့ ရသည်။ ဒါပေမယ့် နောက်ထပ် ထောင်ချောက်ဆင်ဖို့တွေအတွက် လမ်းဖွင့်ပေးမိသလို ဖြစ်သွားခဲ့ရင် ခက်၏။

"ဒါဆို ငါ ပြောမယ် ...၊ မင်းနဲ့ ငါ အေးဆေးစကားပြောရအောင်.. လာမယ့် ဆန်းဒေးမှာ .."

"ဘယ်မှာ တွေ့မလဲ .."

"မင်းအိမ်ကို ငါ လာခဲ့မယ် .."

ညို က နှုတ်ခမ်းမဲ့မဲ့နှင့် ကြည့်ကာ ...

"ကျွန်တော်က အိမ်မှာ အိပ်ချိန်လေးပဲ ကပ်တာ .. ဒါဆို ဆရာမ ည ကိုးနာရီခွဲလောက် လာနိုင်လို့လား .."

ချမ်း ကလည်း မျက်နှာလေး တင်းသွားလျက် ...

"ဘဘမော် ရှေ့မှာ ငါ စကားလာပြောမှာကို မင်းက ကြောက်တာလား .."

"မကြောက်ပါဘူး .. ဆရာမ တိုင်ဖို့တောဖို့ရှိရင် သွားတွေ့လို့ရတာပဲ ...၊ ကျွန်တော်နဲ့ပြောဖို့အတွက်ဆိုရင် ဘိုးဘိုး ရှိနေဖို့မလိုဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ညို ကဘယ်ဘက်ကမှ နောက်ကျကျန်ခဲ့တာ မရှိ ..။

"ဆရာမကိုပဲ ချစ်မိတာ .. ဆရာမကို လက်ထပ်ခွင့်ရပြီးရင် လိမ္မာပါ့မယ်လို့ ကျွန်တော် ဘိုးဘိုးကို ကတိပေးခဲ့ပြီးပြီ ..၊ အဲဒီကတိတွေနဲ့ လဲယူခဲ့တာ ဘာလဲ သိလား .. ကျွန်တော် နေကုန်နေခန်း ထင်သလို လိမ့်နေခွင့် .."

"ဘဘမော် က ဒီလိုလုပ်ခွင့်ပေးခဲ့တယ် ဟုတ်လား .."

"ကျွန်တော်က ဘာလုပ်နေလို့လဲ ..၊ ချစ်လို့ ချစ်တယ်လို့ ပြောနေတာ .. ချစ်တဲ့သူကို မြင်မှနေချင်လို့ .. ပြီးတော့ စိတ်မချလို့ အရိပ်လိုလိုက်နေတာ..၊ ပြောပါဦး.. ဆရာမကို ဗရုတ်သုတ်ခ ဘာလုပ်မိခဲ့သလဲ"

ချမ်း ပြောစရာလေး မရှိတော့အောင် ဖြစ်သွား၏။ တစ်ခါတစ်ခါ ညို တကယ် အတည်ပြောနေသလိုလို စိတ်ကထင်မိကာ အံ့သြစိတ်ပါ တစ်ထပ်တည်း ဖြစ်၏။

သူ တကယ် ကိုယ့်ကိုချစ်နေတာဆိုရင် တောက်လျှောက် ဒုက္ခတွေ ပေးနေခဲ့တာ ဘာလို့လဲ ..၊

မုန်းနေတဲ့လူက ချစ်သွားတယ်ဆိုတာ တကယ်ဖြစ်နိုင်လို့လား..၊

ချမ်း ပင့်သက်ရှိုက်၍ ခေါင်းခါမိသည်။ ဘယ်လိုတွေးလို့မှ အဖြေမရှိခဲ့သော ညို နဲ့ သူမရဲ့ ဘာလိုလို အခြေအနေတွေ ဘယ်အချိန်မှာ အဆုံးသတ်မှာလဲ ..၊

စိတ်ညစ်ရခြင်းတွေက နေ့စဉ် ဒါပဲ ထပ်တလဲလဲ ပြောနေရခြင်း နှင့်ပတ်သက်၍ ..၊





## အခန်း (၃၉)

မြင်နေကျလူတွေရဲ့ မျက်စိအောက်မှာ ညို နဲ့ ချမ်း တို့ နှစ်ယောက်ရဲ့ အတူရှိနေကျ အချိန်မှန်ပုံရိပ်တွေက မထူးဆန်းတော့သလို ဖြစ်လာခဲ့ပြီ ထင်သည်။

ချမ်း ကလည်း လှည့်မကြည့်ဘဲ နေခဲ့သည်။ မပြောမဆိုမိအောင် တတ်နိုင်သမျှ ပါးစပ်ပိတ်နေခဲ့၏။ ဒါပေမယ့် ညို က ဝတ္တရားမပျက် သူမဘေးမှာပဲ ရှိနေတတ်ခဲ့ပြီး ...

"မျက်စိနောက်လိုက်တာကွာ .."

အနီးကပ် စကားသံကြောင့် ညို ခြေလှမ်းတုံ့သွားသည်။ ချမ်း က ရှေ့ကို ကျော်တက်သွားခဲ့၏။ ဘာတွေ ဖြစ်ကုန်ပြီလဲ ..၊

ရန်ဖြစ်ကြတော့မလားဆိုသည့် စိုးရိမ်စိတ်က ဖျတ်ခနဲ ဝင်လာသည်။ နေရာက ဗဟန်းဈေးနှင့် မနီးမဝေး လမ်းကျဉ်းထဲမှာ ဖြစ်နေသဖြင့် ရန်ဖြစ်ချင်လို့ တမင်စောင့်နေတာလား .. မထိတထိ စရုံလောက်ပဲလား ..၊

ရန်ဖြစ်ဖို့ရှိတာကတော့ ရာခိုင်နှုန်း ပိုများနေသဖြင့် ချမ်း ဆက်လျှောက်မိလိုက် .. ခြေလှမ်း တုံ့သွားလိုက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"နေပေ့စေ .. ဒီလိုလူမျိုးနဲ့ မှန်းရလေ ကောင်းလေ .. စိတ်များများနာပါစေ .."

ကိုယ့်စိတ်ကို တုံးတုံးချကာ လမ်းမထိပ်ကို ပြတ်သားစွာ ကွေ့ထွက်လာခဲ့သည်။

ကားလာနေကာမှ တက်ခါနီးတော့ ပြန်ငဲ့ကြည့်လိုက်တာ ညံ့ ကို လုံးဝ မတွေ့ ..။

ကားပေါ်ကို တိုးကြိတ်တက်ခဲ့ပြီး လမ်းကြားထိပ်ကို ပြန်ငုံ့ကြည့်မိသေးသည်။ ကားပေါ်မှာ ကျပ်နေသည့် လူတွေကြားထဲကနေ လမ်းကြားကိုလည်း မမြင်ခဲ့ရပါ ..။

ထိုအခါ အိမ်ပြန်လာခဲ့တဲ့အထိ စိတ်တွေက လေးလံနေခဲ့လျက်..။ အိမ်ရှေ့ ဘဲလ်မြည်သံကြားတော့ လူက တုန်ခနဲ ဖြစ်သွားသည်။

တစ်ယောက်တည်း ဘာတွေဖြစ်နေမှန်း မသိတော့ဘဲ မီးဖိုကိုပိတ်ထားခဲ့ပြီး အပြင်ထွက်လာခဲ့၏။

"ဆရာမ .."

ဒွန်း နဲ့ သက်ရင့် ..။

ထိုမျက်နှာတွေကို မြင်လိုက်ရကာ ချမ်း ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာကိစ္စရှိလို့လဲ ဒီထိ .."

"အရေးကြီးလို့ပါ ဆရာမရယ် .. ကျွန်တော်တို့ကို တံခါး ခဏလေးပဲ ဖွင့်ပေးပါ .."

"ညံ့ အချုပ်ထဲ ရောက်နေပြီ ဆရာမ "

"ဟင်!..."

ရင်တွေတုန်သွားတာ ဘယ်လိုကြီးမှန်း မသိ ..။

တံခါးဖွင့်ဖို့ သော့ဆံကို ခြေလှမ်းပြင်လိုက်ပြီးမှ ကိုယ့်အမှုအရာတွေကို ထိန်းသိမ်းဖို့ သတိရသည်။

ထို့ကြောင့် ပြန်လှည့်၍ ...





"ညံ့ အချုပ်ထဲရောက်တာ ဘာဘာမော် ကို အကြောင်းကြားလိုက်ပါလား .. ဘာဖြစ်လို့ တို့ကို လာပြောနေတာလဲ .."

ဒွန်း ကလည်း မျက်နှာတော့ တင်းခနဲ ဖြစ်သွားသည်။ ဒါပေမယ့် မျှသိပ် ပြင်ဆင်ရင်း ...

"သူ ဘာဖြစ်သွားတယ်ဆိုတာ ဆရာမ သိပါတယ် .."

ချမ်း ခေါင်းခါလိုက်ဖို့ မေ့နေခဲ့သည်။ သက်ရင့် က တောင်းပန်သည့်မျက်နှာနှင့် တံခါးသံပန်းကို ဆုပ်ကိုင်၍ ...

"သူနဲ့ဖြစ်တာက သုံးယောက် .. တမင်ရန်စခဲ့တဲ့ကောင်က နန္ဒညီ ဆိုတဲ့ ကောင်ပါ.. သူ ဘယ်တုန်းကမှ ညံ့ ကို မော်ကြည့်ရဲခဲ့တာ မဟုတ်ဘူး၊ ခုကျမှ အုပ်စုဖွဲ့ပြီး ရန်စတာ .. ပြီးတော့ အဲဒီနားက ဆိုက်ကားသမားတွေကလည်း လူစိမ်းဖြစ်တဲ့ ညံ့ ကိုပဲ ဝိုင်းရိုက်တာပေါ့ ..၊ ဒီကောင်ကလည်း သည်းခံတတ်တာမှ မဟုတ်တာ.. အင်အားမမျှပေမယ့် နှစ်ဖက်စလုံး ထိကုန်ကြတယ် .."

"ထိကုန်ရုံတင် ကမလားကွ .. ညံ့ ကို သူတို့ရပ်ကွက်ရုံးမှာပဲ ဆွဲချုပ်ထားကြသေးတယ် .."

ချမ်း ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် တုန်လှုပ်လာခဲ့သည်။ ခြေဖဝါး လက်ဖဝါးတွေ ကျဉ်ခဲလာကာ ဟန်ဆောင်ပြီး ပြုံးလိုက်ရမလား ..၊ ပြုံးဖို့ ကြိုးစားရင်း ငိုမိမလား ..၊

ကိုယ့်ကိုယ်ကိုယ် အစိုးမရဘဲ ဖြစ်လာခဲ့၏။ ပြီးတော့ ဦးမြမော်၏ သဘောထားပြည့်ဝသော အပြုံးတို့နှင့် မျက်နှာကြီးကို မြင်ယောင်မိသည်။

ညံ့ ခုလိုဖြစ်သွားတာ ကိုယ့်ကြောင့်လား ..၊ သူ့ဘာသာ သူလား..၊ သူမ ကတုန့်ကယင် ခံစားနေရတာကရော ကိုယ့်ပယောဂ မကင်းခဲ့တာလား .. သံယောဇဉ်နဲ့လား ..၊

"ဆရာမ လိုက်ခဲ့ပါ .. ဘိုးဘိုးမော် ကို လုံးဝ အကြောင်းမကြားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြင် အိမ်မှာ လူကြီးတွေမရှိကြဘူးလို့ ညံ့ က ပြောနေတာ .. ဒါဆို ဒီတိုင်းချုပ်ထားမယ်ဆိုတာလည်း ချုပ်ထားပဲ .. အရမ်းခေါင်းမာတာ.."

"သူက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ .. ဒီအခြေအနေထိ သတ္တိတွေပြနေတာ ဘယ်သူက ဆုချမှာ မို့လို့လဲ .."

"အဲဒါတော့ မသိဘူး .. ဘိုးဘိုးမော် ကို သူ ကတိပေးထားတယ်တဲ့၊ သူ့ကြောင့် သိက္ခာကျမခံနိုင်ဘူး တဲ့ .. ဆရာမကိုလည်း သူ မခေါ်ခိုင်းပါဘူး .. ဒါပေမယ့် ကျွန်တော်တို့မှ မတတ်နိုင်တော့တာ .. ညံ့ ကို ဆရာမ လိုက်ထုတ်ပေးပါ ..၊ သူ့ဒဏ်ရာတွေကလည်း ရှိသေးတယ်.. သူများရပ်ကွက်ထဲမှာ .."

"သူတို့ကလည်း ဒဏ်ရာတွေနဲ့လူကို ဒီတိုင်းချုပ်ထားရသလား.."

ချမ်း ဘယ်လိုမှ မနေနိုင်တော့ပါ ..၊ ဒွန်း တို့ကားနဲ့ပဲ လိုက်သွားခဲ့ရသည်။ ညံ့ က သူမကို မြင်တော့ ဒွန်း တို့ကို မျက်ထောင့်နီနှင့်လှမ်းကြည့်၏။

"မကျေနပ်ရင် နောက်မှ ကြိုက်သလိုလုပ် ညံ့ .. မင်းကို သူများတွေလက်ထဲမှာ ကြာကြာ မထားနိုင်ဘူး .."

"အဲဒါပဲ ဆရာမ .. ဟိုအရင်တစ်ခါကလည်း သူ ဗိုက်နာနေလို့ ပြောဆိုမရတာနဲ့ ဆရာမကို ကျွန်တော်တို့ လာခေါ်တာ ..၊ သူက ဟန်ဆောင်ပန်ဆောင်လုပ်ပြီး ဆီးရန်တွေ့တယ် .. ဆရာမ ပြန်သွားတာနဲ့ ဗိုက်နာပြီး ကွေးကောက်နေတာပဲ ..၊ သူများသနားတာလည်း မကြိုက်ဘူး .. အကျင့်ကိုက မကောင်းတာ .."

"သက်ရင့် .. မင်းကို ဘယ်သူက ရိုက်စစ်နေလို့လဲ .."

ကားနောက်ထဲကနေ ရန်တွေ့နိုင်သေးသည်။ သေးမှာ အတူပါလာသည့် ချမ်း က မျက်နှာလေး မှုန်ကုတ်လျက်နှင့် ဘာမှဝင်မပြောဘဲ လမ်းဘက်ကို ငေးနေခဲ့၏။

နှုတ်ခမ်းကွဲသွားပေမယ့် ခေါင်းမှာတော့ အကြီးအကျယ် ထိခိုက်မိ





တာ မရှိပေ ..၊ ဒါပေမယ့် သွေးမထွက်ဘဲ ညိုမည်းကျန်ရစ်သည့်မျက်နှာပေါ်က တချို့ဒဏ်ရာတွေက မြင်လို့ မကောင်းပေ ..။

ထိုမျက်နှာကို ချမ်း စာစ်ချက်မှ ပြန်မကြည့်မိအောင် နေခဲ့၏။ သူ ထွက်လာလို့ရအောင် အာမတွေခံ .. လက်မှတ်တွေထိုးနှင့် ပျာယာခတ်အောင် လှုပ်ရှားပေးခဲ့သမျှ အပြင်ရောက်လာတာနှင့် အားလုံးကို အဆုံးသတ်ဖို့ ကြိုးစားနေခဲ့မိသည်။

'စေတနာဟာ လူ့ဘိုင်းနဲ့မတန်' ဆိုသည့်စကားကို လက်ကိုင်ထားသင့်သလား..၊ ဒါမှမဟုတ် ညံ့ အပေါ်မှာ သူမ ပူပင်သွားခဲ့တာ တကယ့်စေတနာလား .. ဘဘမော် ရဲ့မျက်နှာကြောင့်လား ..၊

"ဆရာမ .."

ပခုံးချင်းထိလာသဖြင့် ချမ်း ပခုံးလေး ကျုံ့သွားသည်။ ပြီးတော့ လက်ပိုက်ထားလိုက်ပြီးမှ ...

"ဘာလဲ .."

"စေတနာထားမိတာ မှားပြီလို့ တွေးနေတာလား .."

ချမ်း က မဖြေ ..၊ ကားမောင်းနေသည့် ဒွန်း က အရှိန်ကို မသိမသာ ချပစ်လိုက်သဖြင့် ချမ်း သတိမထားမိပေ ..၊ ဒီကားပေါ်က မြန်မြန်ဆင်းဖို့ တွေးနေခဲ့ပေမယ့် စိတ်ကတခြား လူကတခြား ဖြစ်ဖြစ်သွားခဲ့သဖြင့် မျက်နှာလေးကပဲ မကြည်မသာ ရှိနေခဲ့လျက် ...

"ဆရာမကို ကျွန်တော် မုန်းသွားအောင် တမင်လုပ်ညည့်မကြည့်ခဲ့တာ မို့လား .."

"ဘာလို့ မေးခွန်းတွေ သုတ်နေတာလဲ ..၊ အားလုံး ပြီးသွားပြီ.."

"ဒီအမှု ပြီးသွားတာကို ပြောတာလား .."

ချမ်း က ကိုယ်လေး မသိမသာ ရွှေ့လိုက်ပြီးမှ ညံ့ ကို ပြန်လှည့်ကြည့်၏။

"မင်း ငါ့ကို ဘယ်လိုစကားတွေနဲ့ ထိုးနှက်ချင်လို့ ဒီစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာအောင် ကြံစည်နေမှန်း ငါ မသိဘူး .. ဒါပေမယ့် အခု ပြောရတော့မယ် .. မင်းကို ငါ ဘယ်တော့မှ ပြန်ချစ်မှာ မဟုတ်ဘူး..၊ အဲဒါ ဘယ်တော့မှ ပြန်ပြင်မှာမဟုတ်တဲ့ ဆုံးဖြတ်ချက် ..”

“လူတိုင်းဟာ ကိုယ့်အခွင့်အရေးရှိသလောက်တော့ လုပ်ကြတာပဲလေ .. လုပ်ပေါ့ ..၊ ဒါပေမယ့် ကျွန်တော်က ဆရာမကိုမှ မရရင် ဒီတစ်သက်လုံး လူပျိုကြီး လုပ်တော့မယ်လို့ ဆုံးဖြတ်ထားတဲ့သူ ..”

ချမ်း အံကြိတ်ထားရင်း မဲ့သည်။ ဒါပေမယ့် တစ်ဖက်လှည့်သွားပြီး ဆိတ်ဆိတ်နေ၏။

“ဆရာမရဲ့ခြေလှမ်းတွေ တုံ့သွားတာ ကျွန်တော် မြင်တယ် ..”

ချမ်း မျက်နှာလေး ပျက်သွားသည်။ ညံ့ က ချမ်း ရဲ့ ဝင်းညက်ညက် ပါးပြင်လေးကို ငုံ့မှိုး စိုက်ကြည့်နေရင်း ...

“ဘာဖြစ်လို့ မျက်နှာကြီး တင်းထားပြီး ဟန်ဆောင်နေတာလဲ..၊ ကျွန်တော့်အချစ်ကို မယုံကြည်နိုင်ဘူးဆိုရင်လည်း ယုံကြည်လာအောင် ကျွန်တော် ကြိုးစားနိုင်တယ် .. မျက်နှာလေး နည်းနည်းလျှော့ပြီး ပြေပြေပြစ်ပြစ်လေး နေပေးပါလား ..”

“ပြေပြစ်ဖို့ အကြောင်းမရှိဘူး ညံ့ .. မင်းကြောင့် ငါ စိတ်ချမ်းသာခဲ့ရတယ်ဆိုတာ တစ်ခါမှ မရှိဘူး.. အခု ငါ့ကြောင့်ဆိုတဲ့ ပုဒ်မ ကြီးသွားတာကို ပြန်ကြည့် ..၊ အဲဒါ မင်း တကောက်ကောက် လိုက်မနေခဲ့ရင် ဖြစ်စရာအကြောင်း ဘာမှမရှိဘူး ..”

“ကျွန်တော် လိုချင်တာ မရသရွေ့ လိုက်နေရမှာပဲလေ ..၊ ဘာလဲ.. အခုဖြစ်သွားခဲ့တာကို ‘မှတ်ပြီလား’ လို့ မေးချင်တာလား ..၊ ညံ့ ဆိုတဲ့ ကိုယ်ထဲမှာ ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်လိုက်မယ် .. လုံးဝပဲ..”

“မင်းက ထပ်ခါထပ်ခါ ရန်ဖြစ်ရဲပေမယ့် ငါက မင်းနဲ့တွဲပြီး နာမည်ကြီးသွားမှာ မလိုချင်ဘူး ..၊ ခုလည်း ဘဘမော် ရဲ့မျက်နှာကြောင့် ငါ လိုက်ခဲ့မိတာ .. ဒါပေမယ့် ပထမဆုံးနဲ့ နောက်ဆုံးပဲ ..”





“ဟုတ်ပြီ .. နောက်ဆို ဘယ်မျက်နှာနဲ့မှ လိုက်စရာ မလိုဘူး..၊ ဆရာမ နားထဲ ကျွန်တော့်သတင်း ရောက်လာရင် သတ် ..”

ချမ်း က ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ စိတ်ပျက်သည့် မျက်နှာလေးနှင့် တစ်ဖက်ပြန်လှည့်၏။

“အရမ်း ချစ်တယ် ..”

ပခုံးချင်း ထိကပ်ပစ်လိုက်သဖြင့် ချမ်း ကိုယ်လေး ကားတံခါးဘက်ကို အေးတိုက်လေး ရွှေ့သွားသည်။ စိတ်က ထောင်းခနဲ ဖြစ်သွားကာ ...

“မင်း ဘယ်လိုဖြစ်နေတာလဲ ..”

“ဆောရီး ..”

သူက ကိုယ်ကို မတ်မတ်ပြန်ထိုင်ရင်း တောင်းပန်၍ ...

“ဒွန်း ဘယ်ကို မောင်းနေတာလဲ ..”

“မင်းကို ပြန်ပို့ပေးမလို့လေ ..”

“မပို့နဲ့ .. ဆရာမကို အရင်ပို့လိုက် ..”

“အေးပါ .. မင်းကို အခု ဝင်ပို့ ..”

“မလိုဘူး .. ညာဘက် ပြန်ချိုးလိုက် ..”

ဒွန်း နဲ့ သက်ရင့် တို့ နောက်ကို နှစ်ယောက်စလုံး လှည့်ကြည့်ကြသည်။ ပြီးတော့ ပြိုင်တူ ရှေ့ပြန်လှည့်သွားကာ ချမ်း ရဲ့တိုက်ခန်းလေး ရှိရာကို ပြန်ကွေ့လိုက်၏။

သူတို့ဘာသာ ဘာတွေလုပ်နေနေ ချမ်း က ပါးစပ်ပိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"ဟင်!… ဘဘမော် မရှိဘူး ဟုတ်လား …"

"ဟုတ်တယ် ဆရာမ … သူကတော့ သေချာ ပြောမပြဘူး … ဒါပေမယ့် အဲဒါလည်း ဆရာမအတွက်နဲ့ပတ်သက်တယ်ဆိုတာ သေချာတယ် … ဘိုးဘိုးမော် ကတော့ ချို နဲ့ကိစ္စတုန်းကလည်း ညံ က ဖျက်လိုက်တာဆိုတော့ သူ ဘယ်လိုပြောပြော လက်ခံမှာ မဟုတ်ဘူးလေ…၊ ကျွန်တော်တို့ သူငယ်ချင်းချင်းတောင်မှ သူ ဆရာမကို ဒီလောက်ထိ စွဲလမ်းနေမှန်း ကြားရကာစက မယုံနိုင်ဘူး …"

ချမ်း မျက်နှာပူသွားသည်။ သူ့လိုလူကို သူမ မယုံနိုင်တာ သဘာဝကျနေတာပဲလို့လည်း တွေးမိ၏။ ဒွန်း ကတော့ ဒီနေ့ ဒီအကြောင်းတွေကို ဆရာမကမှ လုံးဝ ပြောခွင့်မပေးလျှင် ဒါ မတရားဘူးဆိုတာကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆန္ဒပြ တောင်းဆိုဖို့ စဉ်းစားပြီးသားဖြစ်သည်။

ထို့ကြောင့် ညံ ရောက်မလာနိုင်တဲ့နေ့မှာ ဆရာမ သင်တန်းအပြန်ကို စောင့်နေခဲ့တာ ဖြစ်၏။





ချမ်း ကိုယ်တိုင်ကလည်း မနေ့က တစ်နေ့လုံး ညံ ရောက်မလာခဲ့သဖြင့် ဒဏ်ရာတွေ များသွားခဲ့သလား …၊ ဒါမှမဟုတ် ခန္ဓာကိုယ်မှာ ထိခိုက်မိသွားသလားဆိုတာ မကြာခဏ တွေးမိနေတာ ဖြစ်သည်။

ဒွန်း တို့ကို မြင်လိုက်တာနှင့် သူတို့ ပြောပြချင်တာတွေကို နားထောင်ဖို့လည်း အဆင်သင့် ဖြစ်နေခဲ့၏။

"ဘိုးဘိုးမော် က ဆရာမကို တစ်ခုခု ဆက်သွယ်ခဲ့သေးလား…"

"ဟင့်အင်း …၊ ဩော် … ဦးလွင် ပြန်သွားတဲ့နေ့ကတော့ အက အညီ လိုတဲ့အခါ အချိန်မရွေးလာခဲ့ပါလို့ ဖုန်းဆက်တယ် … နောက်ထ မလာတော့ဘူး …"

"ဟုတ်တယ် … ညံ က ဇွတ်တရွတ် ဆန်တယ်လေ …၊ ဆရာမက သူ ချစ်နေတာ ပြောတော့ ဘိုးဘိုးမော် က တားတယ်ဆိုတာ ပြော တယ် …၊ ဘာကြောင့်ထွက်သွားတယ်ဆိုတာ မပြောပေမယ့် ဒါပဲနေမှ ပေါ့ ဆရာမရယ် … အသိသာကြီးပဲဟာ …၊ မလုပ်ရဘူး တားရင် သ လုပ်မှာပဲ ပြောမယ့်လူစား …"

"ဆရာမဆီ သွားနေတဲ့ရက်တွေမှာလည်း ထမင်းမေ့ ဟင်းမေ့ ရယ် … အိမ်ကိုလည်း ပြန်အိပ်ချင်မှ အိပ်တာ …"

"ထမင်းမေ့ ဟင်းမေ့ ဖြစ်တာလည်း မပြောနဲ့ ဆရာမ…၊ ညံ က အစားအသောက် သိပ်ကြေးများတာ … ရှုံ့တတ်တာလည်း သူ့အပြ နှစ်ယောက် မရှိဘူး …၊ ကျွန်တော်တို့တွေ ဆိုင်ထိုင်နေကြတာ ဆရာ မြင်တယ်မို့လား … အဲဒါ သူ ဘာမှ စားရတယ် မရှိဘူး …၊ ဘယ်ဆိုင်မ ထိုင်ရအောင်ဆိုရင် ထိုင်တယ် … ပြီးတော့ စီးကရက်သောက်ပြီး ထ တာ၊ ကော်ဖီတစ်ခွက် သောက်ဖြစ်ရင် သူ တော်တော်ဆာလွန်းလို့ပဲ…"

"ဟုတ်တယ် … ကျွန်တော်တို့ ဘာစားစား မတားဘူး …၊ ဘယ် ထိုင်ထိုင် လိုက်တယ် … သူ့ကိုသာ စားပါလား သောက်ပါလား သွ မတိုက်တွန်းနဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



ဒွန်း နဲ့ သက်ရင့် တို့ အလှည့်ကျနဲ့ ရှင်းပြနေကြသည်။ ဒွန်း
ာတော့ ချမ်း ဘယ်လောက်ထိ တင်းနေနိုင်မလဲဆိုတာ ဒီနေ့ မရမက
ဖော်ထုတ်ဖို့ ဆုံးဖြတ်ပြီးသား ဖြစ်သည့်အတိုင်း ...။

"သူ ဆရာမနားမှာပဲ ရှိနေဖို့အတွက် တစ်နေ့ကို ထမင်းတစ်နပ်ပဲ
ား‌ရတာ .."

ဟင်!...

ချမ်း မျက်ခုံးတွေ တွန့်သွားသည်။

"မင်းကို ဆရာမက စားပါဦး ခေါ်မကျွေးဘူးလား မေးတော့
ကျွေးဘူးလို့ပြောပြီး ရယ်တယ် ...။ မကျွေးလည်း ကိုယ့်ဘာသာ ဝယ်
ားပါလားပြောတော့ ငါ အပြင်စာတွေမှ မစားတတ်တာတဲ့ .."

ချမ်း မျက်နှာလေး ပျက်နေပါပြီ ...။ ဒွန်း က စိုက်ကြည့်နေရင်း...

"အိမ်မှာ သူ့ဖုန်း တစ်ခါတလေ ကျန်ခဲ့တတ်လို့ သူ အိမ်ပြန်မအိပ်
ာတွေကို သိတာ ...။ ဒေါ်ရီ တို့ ဖုန်းဆက်တော့ ကျွန်တော် ကိုင်လိုက်
ာ .."

"အဲဒါ မင်း မမေးလိုက်ဘူးလား .. ဘဘမော် ထွက်သွားရတဲ့
ခကြောင်း .."

ဒွန်း က ချမ်း ရဲ့မေးခွန်းကို အံ့သြသလို ဖြစ်သွားပြီးမှ ...

"မေးတာပေါ့ ဆရာမ ကလည်း .. သူတို့လည်း မသိကြဘူး ...။
င်ငံခြား ထွက်သွားသလား .. ပြည်တွင်းမှာပဲလားဆိုတာတောင် မသိ
ကြဘူး ...။ နှစ်ယောက်စလုံး မရှိတော့မှ အားလုံး ပျာယာခတ်နေကြ
ာ .. အိမ်မှာ ရှိသမျှ အလုပ်သမားတွေကို ဒေါ်ရီ ပဲ ထိန်းနေရတာ
လ ...။ ညံ့ မရှိတော့ ပျာနေတာပေါ့ .."

"သူက နေ့ရော ညရောကို မပြန်တာလား .."

"ပြန်တဲ့အခါ ပြန်တယ်ထင်တယ် ...။ သူက သူများအိမ်မှာလည်း
နေတတ်တဲ့သူပါ .. ဘယ်တွေ ဘယ်လိုလိမ့်နေသလဲ ကျွန်တော်တို့





အားလုံးတော့ မသိဘူး .. အစက ဘာဖြစ်ဖြစ် အတူတူရှိကြတယ် ..
တိုင်ပင်ကြတယ် ...။ ဆရာမကို ချစ်မိပါပြီဆိုမှ သူနဲ့ ဘယ်မှမလိုက်ရဘူ
ဖြစ်လာတာ .. ဘာလုပ်လုပ်လည်း ပြောချင်မှ ပြောတယ် .."

ဒွန်း က ပြောနေရင်း သက်ပြင်းချကာ ...

"သူနဲ့ပတ်သက်တာ တစ်ခုခု ဆရာမကို ပြောပြလိုက်မှာ စိုးနေ
တာ .."

"ဟုတ်မှာပေါ့ .. ကိုယ့်မှာ အပြစ်ရှိမှန်းသိနေရင် လူစုစု မြင်ကာ
ကိုယ့်အကြောင်း ပြောတယ်ပဲ ထင်တာလေ .."

"မဟုတ်ဘူး ဆရာမ .. ညံ့ က အဲဒီလို မသိစေချင်တာမျိုး မဟုတ်
ဘူး ...။ ဆရာမကို လူကြီးတွေရဲ့ဖိအားသုံးပြီး သူ မလိုချင်ဘူး .. ဆရာ
က ဟိုလူဒီလူကိုငဲ့ပြီး သူ့ကို လိုက်လျောရတာ လုံးဝ မဖြစ်ရဘူးဆိုတ
တော့ သူ အမြဲ ပြောနေကျပါ .."

ချမ်း မသိမသာ မျက်နှာလွှဲသွားသည်။ သက်ရင့် က ဒွန်း ကို
ဆက်ပြောဖို့ မေးဆတ်ပြ၏။

"အခု ဘိုးဘိုးမော် ခရီးထွက်သွားပြီဆိုတာတောင် ဒေါ်ရီ ပြော
လို့ သေချာသိရတာ ...။ ညံ့ ကို မေးလိုက်ရင် ရှိသလိုလို .. မရှိဘူးလိုလ
ပဲ...။ ကျွန်တော်တို့ ရိပ်မိတာပေါ့.. ဘိုးဘိုးမော် ရှိနေရင် သူ ဒီလို အချိန်
သွားလာနေလို့မှ မရတာ .."

ချမ်း က ပင့်သက်လေး ရှိုက်ရင်း ...

"ဘဘမော် က ချို နဲ့ စီစဉ်ခဲ့တဲ့ကိစ္စကို သူ ဖျက်လိုက်တည်းက
စိတ်ဆိုးတာ နေမှာပေါ့.. တို့လည်း အဲဒီမှာနေတုန်းက ဘာမှ သတိမထား
မိဘူး ...။ ချို ပြောပြမှ သိတာ.. သူပဲ တောင်းဆိုပြီး သူ ပြန်ဖျက်တယ်

"အဲဒါကလည်း ဒီလို ရှိတယ် ဆရာမ .."

ပြောစမ်းပါဦး ဆိုသည့် မကြည်ကြည့်နှင့် ချမ်း က မျက်မှော
ကုတ်ထားသည်။ ဒါကျတော့ သက်ရင့် ကပဲ သေချာ ရှင်းပြ ..



www.burmeseclassic.com

www.burmeseclassic.com



"ချို က ကြိုက်သလို မကြိုက်သလိုနဲ့ ညံ့ က လိုက်နေတယ် ဆိုတာကို ဂုဏ်ယူချင်တာ ..၊ ညံ့ ကလည်း ခါချလို့ ကျန်ခဲ့တာမျိုး အဖြစ်မခံနိုင်ဘူး .. အဲဒါကြောင့် မရည်ရွယ်ဘဲ သူတို့နှစ်ယောက်ကို လူသိများသွားခဲ့တာပါ ..၊ ဆရာပဲ စဉ်းစားကြည့်လေ .. ညံ့ ကို ဒီ လောက်ထိ သူ ငြင်းလာခဲ့တာ .. သူ့မှာလည်း ချစ်သူတွေနဲ့ ..၊ လူကြီး ချင်း သဘောတူတာနဲ့ပဲ ချက်ချင်း ခေါင်းညိတ်လိုက်တာ .."

"သူ့အမေက တစ်ယူသန်စိတ် ရှိတယ် .."

"သန့်ပဲ သန်ပါစေဦး .. ဖိအားဆိုတာ တွန်းကန်မှုရှိလို့ ဖြစ်လာ တာပါ ..၊ သေချာခဲ့တဲ့ မင်္ဂလာပွဲက မလွယ်လွန်းဘူးလား .."

ချို့ဘက်က ညံ့ နဲ့ပတ်သက်ပြီး မပြတ်သားခဲ့တာရှိရင်တောင် ဒါက မိန်းကလေးသဘာဝအရ ရွေးချယ်ချင်တာမျိုးလို့ပဲ ချမ်း နားလည်သည်။

"ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို သူ ရိုက်ချိုးတာ ..၊ ဒီလိုလုပ်ဖို့အတွက် ဖွဲ့နဘဲနဲ့ ကြိုးစား စုစည်းခဲ့တာက အဆိုးဆုံးပဲ .."

"ညံ့ ဘာမှမကြိုးစားခဲ့ဘူးပြောရင် ဆရာမက ကျွန်တော်တို့ကပဲ ညံ့ အတွက် ဘက်လိုက်ပြောတယ် ထင်ဦးမှာ .."

ဟုတ်တာပဲဆိုသည့် မျက်နှာလေးနှင့် ချမ်း က တိတ်ဆိတ်စွာ နေသည်။

"ဆရာမနဲ့ ညံ့ ရဲ့ ခုလိုအခြေအနေမှာ .. ပြီးတော့ ဘိုးဘိုးမော် လည်း ပါနေတာကို ကျွန်တော်တို့က ညာပြောစရာ အကြောင်းမရှိပါ ဘူး ဆရာမ ရယ် .. ညံ့ က ပြောရဲလွန်းလို့ ရိုင်းနေတာပါ ..၊ သူ့မှာ ယုတ်မာတဲ့စိတ် မရှိဘူး .. မကောက်ကျစ်ဘူး .. သူ့ကို မရိုးသားဘူး ထင်ရင် သူက ပိုဆိုးပြချင်တဲ့ဉာဉ်ရှိတာ မှန်တယ် ..၊ ဒါပေမယ့် ..."

"ထားလိုက်တော့ သက်ရင့် .. ငါတို့က ကိုယ့်လူကိုတော့ ကောင်း တယ်ပြောမှာပဲလို့ ဆရာမ ထင်နေလိမ့်မယ် .. တစ်ခုပဲ ယုံကြည်ပေးပါ.."





ဒွန်း က သက်ရင့် ကို တားဆီးရင်း ချမ်း ကို လှည့်ကြည့်၍ တောင်း ပန်သည်။

ချမ်း က ဘာမှမပြောခဲ့ပေ ..၊ ဒိုးနပ်ဆိုင်ထဲမှာ မုန့်တစ်မျိုးစီ အအေးတွေ ယူထားကြပြီး ဘယ်သူမှလည်း မစားဖြစ်ကြ ..။

"ဒီလိုပါ .. ညံ့ ခုချိန်ထိ ဘယ်မိန်းကလေးနဲ့မှ .."

"အဲဒါတွေကတော့ မပြောဘဲနေရင် ပိုကောင်းမယ်ထင်တယ်.."

ချမ်း က သူတို့မျက်နှာတွေကို ကြည့်ပြီးမှ မျက်တောင်ဖျားလေး တွေ ခပ်လှုပ်လှုပ် စိုက်ကျသွားကာ ...

"သူ ဘယ်သူ့ကို ချစ်ချစ် မချစ်ချစ် .. ချို နဲ့ လူသိများနေခဲ့တဲ့ ယောက်ျားတစ်ယောက်ကို ငါ့ဘေးမှာ ရှိနေခွင့် ငါ မပေးနိုင်ဘူး .."

"ဆရာမ .."

"အဲဒါ သဝန်တိုစိတ်တွေ ပုတ်ခတ်ချင်တာတွေ လုံးဝ မပါဘူး. ချို က ငါ့တူမ .. ငါနဲ့ ချို ရှိနေချိန်တိုင်းမှာ ချို့ကို သူ လာနှောင့်ယှက် ခဲ့တာတွေ .."

"ဆရာမ ရှေ့မှာ ဒီလိုရှိခဲ့တာနဲ့ပဲ .."

"ဟုတ်တယ် .. ငါ့တူမကို ငါ့ရှေ့မှာပဲ ချစ်တာ ကြိုက်တာ ပြောနေခဲ့တာ .. အဲဒီလိုလူကို ဘယ်လို တန်ဖိုးတွေမြင့်အောင် ပြောနေ မင်းတို့ ပင်ပန်းတာပဲ ရှိမယ် ..၊ ငါကတော့ အထင်တကြီး ရှိလာမှာ မဟုတ်ဘူး .."

ဒွန်း ခေါင်းခါလိုက်ရင်း ရှုံ့မဲ့သွားသည်။

"ကျွန်တော် ထင်ပါတယ် .. အဲဒါကြောင့် သူ့ကိုလည်း တားခဲ့ သေးတယ် ..၊ မင်း ချက်ချင်းကြီး ချစ်မိပါတယ်သွားပြောရင် ဘယ်သူ ယုံမှာ မဟုတ်ဘူးလို့ .."

"ကျွန်တော်တို့က ဆရာမနဲ့ အဆင်ပြေပြေ ဆက်ဆံပြောဆိုပြ ကြဖို့ပဲ အရင် ကြိုးစားပါလို့ ပြောပါတယ် ..၊ ဒါပေမယ့် သူကတော



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မချစ်ခဲ့ဘူးတဲ့ သူ့အချစ်ကို ယုံကြည်တယ်တဲ့ .. ဆရာမက ပြန်ချစ်မှာပဲလို့ ယုံကြည်နေတာ .."

"သူ့လိုလူအတွက်တော့ ယုံကြည်နိုင်တာပဲလေ .."

"ဒါပေမယ့် ဆရာမ နည်းနည်းလောက် တွေးကြည့်ပါဦး.. ဆရာမကို ပိုင်ဆိုင်နိုင်ဖို့အတွက် သူ့ဘက်မှာ လေးလေးကောင်း ရှိတယ် ..၊ ဘိုးဘိုးမော် ရှိတယ် ..၊ သူ ဘယ်သူ့ကိုမှ .."

"အစအနောက်သန်တဲ့လူတွေ ဒီလိုပဲလေ .. တကယ့် ကျား ကျား ဆိုတော့ ကယ်မယ့်လူ မရှိတော့ဘူးပေါ့ ..၊ သူ ဘယ်သူ့ကိုမှ အားကိုးချင်တာ မဟုတ်ဘူး .. အားကိုးခွင့် မရှိတော့တာ .."

"ဆရာမ ထင်လို့ပါ .. ညဲ ဆိုတဲ့ ကျွန်တော်တို့ သူငယ်ချင်းအတွက် ခုချိန်ထိတော့ လိုချင်တာကို မရခဲ့ဘူးဆိုတာ မရှိသေးပါဘူး.."

"ဟွန်း .."

"တစ်ခုရှိတာက လိုအပ်တဲ့ အမျိုးမျိုးသော ဖိအားတွေလည်း ပါတာပေါ့နော် .. သူကလည်း အခု အဲဒီလိုအပြောမျိုးတွေ မခံချင်လို့ သူ့အားသူကိုးဖို့ ကြိုးစားနေတာ ..၊ ကျွန်တော်တို့ကိုလည်း ဆရာမနဲ့ ဘိုးဘိုးမော် ကြားမှာ စကားအကူးအသန်းတွေ မလုပ်ဖို့ မှာထားတယ်..၊ ဒါပေမယ့် ဆရာမ ရယ် .."

"ဟုတ်ပါတယ် .. ဆရာမကို ကျွန်တော်တို့က နားလည်ပေးဖို့ လာပြောကြတာပါ .. လူကြီးတွေလည်း မရှိဘူး ..၊ သူ့မှာလည်း .."

"ဒွန်း .."

သက်ရှင့် က ဒွန်း ကို ခပ်ကြိတ်ကြိတ် ခေါ်ကာ စားပွဲအောက်က နေ ခြေချင်း တို့သည်။ ဒွန်း က ခပ်အမ်းအမ်း ဖြစ်သွားပေမယ့် ...

"ဘာဖြစ်လဲကွာ .. ငါက .."

"တော်ပြီ ..၊ ထားလိုက် .."

သက်ရှင့် က ခေါင်းခါပြလိုက်ပြီး ချမ်း ကို ကြည့်၍ ...





"ဆရာမဘက်က ဆက်ဆံရေး အခြေအနေလေးကို နည်းနည်း လျှော့ပြီး ကိုယ့်မောင်တစ်ယောက်လိုပဲဖြစ်ဖြစ် ပြေပြေလည်လည် .."

"ပြေပြေလည်လည် ခေါ်ပြောလိုက်ရင် သူက ကိုယ့်အစ်မ တစ်ယောက်လို သဘောထားပေးမှာတဲ့လား .."

ချမ်း က ဒေါသသံလေးနဲ့ ချက်ချင်း ကောက်မေးသည်။

"သူနဲ့ ချို ဘယ်လိုအခြေအနေထိ သံသရာရှည်ခဲ့ကြတာ .. ဘယ်အဆင့်ထိ လက်ထပ်ဖို့ သေချာခဲ့တာ .. ဒါတွေက ငါ့ရှေ့မှာ ..၊ ပြီးတော့ ငါ့ပတ်ဝန်းကျင်ရှေ့မှာ.. သူတို့ကို မသိတဲ့လူ မရှိဘူး .. အဲဒါကို ငါက.."

"ဆရာမ အဲ့ဒါက .."

"အားလုံးနဲ့ ငါ့သိက္ခာကို လဲယူရမှာပဲ သက်ရှင့်.. ဘယ်သူ့ အချစ်စစ်စစ် မစစ်စစ် .. ဘယ်ဟာ အမှန်တရားပဲဖြစ်ဖြစ် ငါ့ရဲ့ဘေးမှာ သူ ရှိနေလို့ မဖြစ်ဘူး ..၊ အဖြေက အဲ့ဒါပဲ .."

"ဒါတော့ ဆရာမ တစ်ယူသန်လွန်းတာပဲ .."

ဒွန်း ကလည်း ဒေါသသံ ပါလာခဲ့လျက် ...

"ကျွန်တော်တို့ ဒီလောက်ထိ ရှင်းပြနေခဲ့ကြတာ ညဲ ဒုက္ခရောက်သွားမှာစိုးလို့ .. ဒီမှာ ခုလိုမျိုး လာပြီး အသနားခံနေကြမှန်း သိရင် ဟိုကောင် ကျွမ်းဆယ်ပတ်လောက်ထိုးပြီး ကျွန်တော်တို့ကို မေတ္တာတွေ ပို့နေလောက်ပြီ .."

"အဲဒီတော့ မင်းတို့ ပြန်လိုက်တော့ .. စိတ်မပူနဲ့ ..၊ ငါတို့ ဒီနေ့ ဘာမှမပြောခဲ့ကြဘူးလို့ ထားလိုက် .."

ချမ်း က နေရာမှ ထရပ်လိုက်သည်။

"ဆရာမ .."

သက်ရှင့် က နေရာမှ လိုက်ထရင်း ...

"သူက ဘာကိုမှ အားမကိုးပေမဲ့ ဆရာမကတော့ ထောက်ထား ရမယ့်မျက်နှာတွေ ရှိတယ်မို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ချမ်း မျက်နှာပျက်သွားတာကို သက်ရင့် က သေချာကြည့်နေပြီးမှ ...

"ဘိုးဘိုးမော် ကလည်း သူ့မြေးကို မျက်နှာလွှဲခဲပစ် ထားခဲ့တယ် ဆိုတာ သူ့မြေး ချစ်နေတဲ့သူက ဆရာမ ဖြစ်နေလို့ ...၊ ဒီလိုအခြေအနေ တွေထိ ရှိလာနိုင်တာကို မတွေးမိတာ ဆိုရင်ရော .."

ချမ်း က ထရပ်လိုက်ပြီးမှ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေခဲ့၏။

"ဟိုနေ့ကဖြစ်ခဲ့တဲ့ ရိုက်မှုမှာ လူသုံးယောက်ကို သူ ရိုက်ခဲ့တာပဲ ပုံကြီးချဲ့ခဲ့ကြတာ ...၊ သူ့နံရိုးတစ်ချောင်း .."

"သက်ရင့် .. မင်းပဲ တားပြီးတော့ .. ဘာလဲ .."

ဒွန်း က စိတ်တိုနေသည့်မျက်နှာနှင့် ထရပ်လိုက်ကာ သက်ရင့် ကိုပါ ပြန်ဖို့ မျက်ရိပ်ပြ၍ ...

"တော်လောက်ပြီ ...၊ သွားမယ် .."

ကိုယ့်က ထရပ်လိုက်ပြီး သူတို့က အရင်ထွက်သွားကြသဖြင့် ချမ်း နှုတ်ခမ်းလေးစေ့ရင်း ဒီတိုင်းပဲ အတန်ကြာအောင် ငြိမ်သက်နေခဲ့၏။

သနားမခံချင်တဲ့လူနဲ့ မသနားရကောင်းလား ဖြစ်တင်သွားကြတဲ့ လူတွေ ...၊

သူမကရော သနားတတ်သလား ...၊ မသနားတတ်ဘူးလား ...၊ နားမလည်နိုင်သည့်ခံစားချက်တွေ လုံးထွေးနေခဲ့သည်။

သေချာခဲ့ပါသည် ...၊ ထွက်လာမည့်အဖြေကလည်း လှလှပပ ရှိမှာ မဟုတ် ...၊





အခန်း (၄၁)

♩ ... အချစ် .. စစ် .. ကိုယ့်အတွက် ဖြစ်မလား .. တွေးရင်းနဲ့ဝေး..
လက်တွေမှာတော့ ငါ ...
... ရင်တွေပူ .. ကျွမ်းရတော့မှာ ...
... တကယ်ဆိုရင် အချစ် .. ဟေး .. လှည့်ကြည့်ဦး .. နင်မှ နင်
စွဲလမ်းတတ်ခဲ့တာ .. ဟိုး .. ဝိုး .. ♩

♫ ... ကြင်နာသူသာ သိပါစေ .. ကြင်နာသူအတွက် ကိုယ့်ရဲ့သီချင်း
အလင်းရောင် ဖြစ်စေ ..
... နိုးထဖို့ အချစ်ရဲ့ရင်ခုန်သံ .. အစိုးမရတဲ့ ဝန်းကျင်အဆိုးအခြား
တွေနဲ့ .. ဝိုး .. ဝိုး ..
... စိုးရိမ်တယ်.. အချစ် .. ဟေး .. လှည့်ကြည့်ဦး .. ယုံပါ
ဒီသီချင်းနဲ့ အယူတော်ခံ တေး ...
... အကြင်နာပေးဖို့.. မင်းအတွက်..ရင်ခုန်သံတေး..လေး..ပါ.. ♫



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မကြားခဲ့ဘူးသဖြင့် ရေသောက်နေရင်း ပြတင်းပေါက်ခန်းဆီးကို အသာ ဖယ်ကြည့်လိုက်မိသည်။

"ဟင်!... အပွတ် .. အပွတ် .. အပွတ် ..."

ထိန်းနေရင်း ထိန်းလို့မရဘဲဖြစ်ကာ လည်ချောင်းတွေ ကျပ်၊ နှာတွေ ရှုံ့ကုန်၏။ မျက်နှာစာတိုက်ခန်း၏ရှေ့ ဗာဒံပင်အောက်မှာ ကားပါကင်စောင့်သည့် လုံခြုံရေးနှစ်ယောက်နဲ့ ညံ့ က အတူတူ ...၊

လုံခြုံရေးလူရွယ်တွေက ရယ်မောသဘောကျနေကြသည်။

ဘေးမှာ ပိတ်ထားသည့် ကွမ်းယာဆိုင်မှာ ချိတ်ထားသော မီးလုံးက အမြဲတမ်း ညလုံးပေါက်ရှိနေတာမို့ ထိုမီးရောင်နှင့် ဗာဒံပင်အောက်ကို မြင်နေရသည်။

ထိုအောက်မှာ သစ်သားခုံတန်းရှည်ရှိကာ ညံ့ က အလယ်မှာ ဂီတာနှင့်သီချင်းဆိုနေသည်။ နှစ်ယောက်က ဘေးမှာဖြစ်လျက် ...

♫... ကြင်နာသူ သိပါစေ .. ကြင်နာသူအတွက် ကိုယ့်ရဲ့သီချင်း.. အလင်းရောင်
ဖြစ်စေ ..
... နှီးထပ်ဖို့ အချစ်ရဲ့ရင်ခုန်သံ .. အပိုးမရတဲ့ ဝန်းကျင် .. အဆီးအခြားတွေနဲ့
.. ပိုး .. ပိုး ..♫

ည ရှစ်နာရီ ထိုးတော့မည်...၊ ပတ်ဝန်းကျင်က တိတ်ဆိတ်နေတာ မဟုတ်ပေမယ့် ဆူညံသံ မရှိတာမို့ သီချင်းသံ ညက်ညက်က ပီသကြည်လင်နေ၏။

ပြီးတော့ ညံ့ သီချင်းဆိုနေတာက ဆွဲဆောင်မှုရှိနေသဖြင့် တခြားတိုက်ခန်းက ပြတင်းပေါက်တချို့မှာ ကိုယ့်လိုပဲ စိတ်ဝင်တစား ခေါင်းပြူကြည့်လာကြသည့် မျက်နှာလေးတွေကို မြင်လိုက်ရ၏။

ချမ်း လှစ်ခနဲ နောက်ပြန်ဆုတ်မိသည်။ ညံ့ က ကိုယ့်အခန်းကို မကြည့်ပါ ...၊ မျက်နှာ ခပ်ငုံ့ငုံ့နှင့် သီချင်းဆိုနေတာ ဖြစ်၏။





ထို့ပြင် အနီးအနားမှာရှိသည့် လူတွေကလည်း တိုက်ခန်းရှေ့မှာ မိန်းမငယ်လေးတွေ ရှိကြတာမို့ ဘယ်အခန်းက ဘယ်မိန်းကလေးကို ရည်ရွယ်မှန်း သိကြပုံ မပေါ် ...။

ထို့ကြောင့် လှမ်းတော့ကြည့်ကြကာ ဘယ်သီရယ်လို့ တန်းတန်းမတ်မတ် ကြည့်နေတာမျိုး မရှိ ...၊

ဒွန်း တို့လည်း မပါ ...၊ ဒီကို ဒီအချိန်မျိုးမှာလည်း မလာဖူးဘဲ ဘယ်တုန်းကရောက်ပြီး ဒီလူတွေနဲ့ ဘယ်လို ရောနှောသွားတာလဲ ...၊

ညံ့ သည် တီရှပ်အဝါရောင်နှင့်ဖြစ်ကာ ဂီတာကိုင်သည့်လက်မှ နာရီရောင်က မီးရောင်မှာ လက်ခနဲ လက်ခနဲ ဖြစ်နေသည်။

သီချင်းတစ်ပုဒ် ပြီးသွားတော့ သူ့မျက်နှာ မော့လာ၏။ ဒီတစ်ခါ ချောင်းကြည့်ရခြင်းသို့ရောက်ကာ ညံ့ မော့လာတော့ မလုံမလဲ ကွယ်နေမိပြန်သည်။

ကိုယ့်ကို သီချင်းလာဆိုနေတာလား ...၊

ဒါ မဖြစ်နိုင်ဘူး ထင်သည် ...၊ နောက်ထပ် အသာလေး ပြန်ကြည့်လိုက်တော့ ညံ့ က ဒီကို တည့်တည့်ကြည့်ပြီး ဂီတာတီးနေသည်။ လုံခြုံရေးတစ်ယောက်က ဆိုနေ၏။

ချမ်း ရင်ခုန်သံတွေ မြန်လာသည်။ မိုးပေါက်ကျလာသံတွေ ကြားလို့ပါ ...၊ ရှေ့ကို သေချာမြင်ရသည့်နေရာထိ သွားပြီး ရှာကြည့်တော့ ကားလည်း မမြင် ...၊

ညံ့ ဒီထိ ဘာလာလုပ်တာလဲ ...၊ အဓိပ္ပာယ် မရှိ ...။

ရေသောက်ပြီး စာပြန်ဖတ်မလို့ဟာ စားပွဲဆီ ပြန်မရောက်တော့ဘဲ သောက်ရေခွက်ကိုလည်း မချမိသေးပေ။ ညနေတုန်းက မိုးသားတွေကြောင့် နေရောင် အစောကြီး ပျောက်သွားခဲ့တာ ...၊

ခုနေ မိုးရွာချလိုက်ရင် ဘယ်အရိပ်ထဲ ပြေးဝင်မှာလဲ ...၊ ဘယ်လို ပြန်မှာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



♪... ချစ်တယ် ... ချစ်တယ်ဆိုတဲ့ ရိုက်ချက်များ ..
... ရွှေနားတော် အပါးဆီ ပွဲတင်မြည်ဟည်းလို့
... ချစ်တယ် အရမ်းပဲ ချစ်နေပြီ ...
... ချစ်တယ် အရမ်းပဲ ချစ်နေပြီ ...
... ချစ်တယ် အရမ်းပဲ ချစ်နေပြီ ...
... ချစ်တယ် အရမ်းပဲ ချစ်နေပြီ ... ...♪

ဒီတစ်ခါ ညံ့ ကိုယ်တိုင် ဆိုသံ ပြန်ပေါ်လာ၏။

ထိုစဉ် သူမ စိုးရိမ်နေတဲ့အတိုင်း မိုးစက်သံတွေ တဖြောက်ဖြောက်ကို ကြားလာရသည်။ ထို့ပြင် ပြတင်းပေါက်ခန်းဆီးစ တဖျပ်ဖျပ် လွင့်ခါသွားကာ မျက်နှာကို ရိုက်ပုတ်သွားခဲ့၏။

မိုးသက်လေ ဟူးခနဲ တိုးဝှေ့သွားခဲ့ပြီး မိုးစက်တွေ ခပ်စိတ်စိတ် ကျလာကြ၏။

ချမ်း မနေနိုင်တော့ဘဲ ညံ့ အိမ်ကို ဖုန်းဆက်ရတော့သည်။

"ဘယ်လိုလုပ်ရမလဲ သမီးရယ် .. ဖုန်းဆက်ရင်လည်း ကိုင်ချင်မှ ကိုင်တာ .. ဒီည ဖုန်းဆက်တော့ သူ့ဖုန်းကို တစ်လုံးက ပိတ်ထားတယ်၊ တစ်လုံးက သက်ရင့် ဆိုတဲ့ ကောင်လေးဆီမှာ .."

ဒေါ်ရီ ညည်းညူနေတာကို နားထောင်ရင်း သက်ရင့် ဖုန်းနံပါတ်ကို ယူပြီး ခေါ်ပေမယ့် ...

"ဖုန်း တစ်လုံးမှ ယူမသွားဘူး ဆရာမ .. ကျွန်တော်တို့ ဘယ်လို ခေါ်မလဲ .."

"ဒါဆို မင်း လာခေါ်လိုက်လေ .. ဒီရေ့ကနေ လမ်းမထိ ထွက်ပြီး တက္ကစီ ခေါ်ရမှာ .. မိုးက ရွာနေပြီ ..၊ ဖြစ်လာရင် ငါက နေနိုင်လိုက်တာ ဖြစ်ဦးမယ် .. နေတာကတော့ နေမှာပဲ ..၊ ဒါပေမယ့် မင်းတို့ပြောသွားသလို ဆောက်ထားရမယ့်မျက်နှာတွေ ရှိနေလို့ .."





"ဟုတ်ပါပြီ .. ဒါပေမယ့် ကျွန်တော် အခု မနက်ဖြန် ကိုကြီးရဲ့ မင်္ဂလာဆွမ်းကျွေးအတွက် အိမ်မှာ ပြင်ဆင်ပေးနေရတယ် ..၊ ကားလည်း မအားဘူး .. တကယ်လို့ ကျွန်တော် သွားခေါ်လည်း လူတွေ ရှုပ်နေတဲ့ ကျွန်တော့်အိမ်ကိုတော့ သူ လိုက်လာမှာ မဟုတ်ဘူး..၊ ဒွန်းကို ကျွန်တော် ဖုန်းဆက်ပြောလိုက်ပါ့မယ် .."

မိုးက ခပ်စိတ်စိတ် အရှိန်မှန်မှန်နှင့် ရွာနေပါပြီ ..၊

အပြင်မှာ လုံခြုံရေး နှစ်ယောက်အပြင် အနီးအနားက လာထိုင်တဲ့ လူတွေလည်း မရှိတော့ပေ ..၊

ဗာဒံပင်က ဘယ်လောက်ထိ မိုးလုံမှာလဲ ..၊

ချမ်း ထိုင်နေလို့ မရ ..၊ ထရပ်နေတော့လည်း မတည်ငြိမ်နိုင် ..၊

ထိုစဉ် ဖုန်းမြည်လာသဖြင့် ကပျာကယာ ကြည့်လိုက်တော့ ချို့ဆီက ဖြစ်နေ၏။

"ချို .."

"ဟုတ်တယ် ..၊ မမချမ်း သီချင်းနားထောင်နေတာလား .."

"ဟင်!..."

"မမချမ်း တို့ တိုက်ခန်းရှေ့မှာ ညံ့ ဂီတာတီးနေတယ်လေ .."

"ချို .. နင် ဘယ်လိုလုပ် သိတာလဲ .."

"ဟွန်း .."

"ပြီးတော့ ဘယ်တုန်းက ပြန်ရောက်နေတာလဲ ..၊ တို့ဆီကိုတောင် မလာဘူး .."

"တော်ကြာ ချို့ ကို အမုန်းခံရမှာ စိုးလို့ပါ .. အဲဒီလူက မုန်းရင် ငြိုးတတ်တယ် မမချမ်း ရဲ့ .."

"ချို .. အခု နင် .."

"ချို ဘာလို့ သိနေတာလဲ မေးမလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ချို က ခပ်ရိရိလေသံတွေ ပါနေပေမယ့် ဆိုးဝါးတဲ့စကားမျိုးတော့ မပြောခဲ့ပေ ...၊

"ချို့ သူငယ်ချင်းတစ်ယောက်က ကျောင်းပြီးလို့ သိပ်မကြာခင်ပဲ အဲဒီနားက တိုက်ခန်းတစ်ခန်းကို ပြောင်းသွားတာလေ..၊ သူ ခုပဲ ဖုန်းဆက် မေးနေတာ .."

"ဟင်!..."

"သူက မမချမ်း ကို သီချင်းလာဆိုနေမှန်းတော့ မသိပါဘူး ...၊ ညံ နဲ့ ချို့ ကိုပဲ သိခဲ့တာဆိုတော့ ထူးဆန်းပြီး ဖုန်းဆက်တာ ...၊ နင့်ရဲ့ ညံ ငါတို့တိုက်ခန်းရှေ့မှာ ရွှေနားတော်သွင်းသီချင်း ညည်းနေတယ်တဲ့..၊ ဘယ်တစ်ယောက်လဲ မသိဘူးတဲ့ .. နင်နဲ့ မဟုတ်တော့ဘူးလားတဲ့.."

ချမ်း ရင်ထဲမှာ တုန်ယင် ကျပ်ခဲနေ၏။ အဲဒီလို သူ့လူ ကိုယ့်လူ ဖြစ်နေခဲ့တာတွေ .. ဘယ်တစ်ယောက်နဲ့လဲဆိုတဲ့အကြည့်တွေ အားလုံး ကို သူမ ကြောက်သည်။

"ချို .. နင် — နင် .. ဘာပြောလိုက်လဲ ဟင် .."

"ဟော .. မမချမ်း က ကိုယ့်အိမ်ရှေ့ထိ ရောက်နေတာတောင် လူသိမှာ ကြောက်နေသေးတာလား .."

"ချို ရယ် .. တို့ကို မနှောက်ပါနဲ့ .. ဘာတွေ ဘယ်လိုဖြစ်မှန်း မသိတော့ဘူး .. ဒါပေမယ့် တို့ အဲလိုမဟုတ်ဘူး ...၊ နင်ကမှ မယုံရင် ငါ ဘယ်သူ့ကိုမှ ရှင်းပြလို့ရမှာ မဟုတ်တော့ဘူး ...၊ တကယ်ပါ.. တို့ဘက်က .."

"မမချမ်း ကို ချို က နှောက်နေတာ မဟုတ်ပါဘူး .. ညံ က မိန်းကလေးတစ်ယောက်ကို တကောက်ကောက်လိုက်ပြီး ခုလောက်ထိ အသည်းအသန် ဗျာများအောင် ကြိုးစားခဲ့တာ ချို မကြားခဲ့ဖူးဘူး ...၊ ချို့ ကိုလည်း အဲဒါမျိုး တကယ်မရှိခဲ့ဘူး .. မမချမ်း က မဟုတ်ဘူး ဆိုရင်တောင် သူက မမချမ်း ကို တကယ် ချစ်နေမှာပါ .."





ချမ်း အံ့ဩနေမိသည်။ ချို့ ကို မကြာမီသော [illegible] တောင် ကဲ့ရဲ့လိုသည့် ခနဲ့ပြုံးနှင့် သူမ မြင်တွေ့လိုက်[illegible]

ခု ပြောနေတော့ ဘာမှမဟုတ်တဲ့အတိုင်း ...၊

"ချို ပြန်ရောက်တာ သုံးရက်ရှိပြီ .. မမချမ်း စိတ်တော့မဆိုး နဲ့ ...၊ ဒါပေမယ့် မေမေက မမချမ်း ကို အထင်လွဲနေတယ် .. လုံး မသွားရဘူးဆိုလို့ ချို မလာဘဲ နေခဲ့တာ .."

ချမ်း ဘာမှမပြောဘဲ နားထောင်နေလိုက်သည်။

"ဒါပေမယ့် ချို လာခဲ့ဦးမှာပါ.. ဒါပဲနော် မမချမ်း .. ဝွတ်ဒ်နိုက်..

ချို ဖုန်းချသွားတော့ သူမ ပြောသွားတာတွေကို ပြန်တွေး ငေးငေး နေဖို့ သတိမရခဲ့ပေ..၊ သက်ရှင် နဲ့ ဒွန်း ဆီက ဆက်သွယ်ချက် မလေ သဖြင့် စိတ်မောကာ ရှေ့ကို ပြေးကြည့်မိပြန်သည်။

ရှင်းလင်း တိတ်ဆိတ်သွားသည့်ညမှာ ဂီတာနဲ့ သီချင်းသံလည ပျောက်သွားပြီဖြစ်ကာ မိုးစက်သံတွေနဲ့ညက မလှပတော့ပေ..၊ ထို့ပြင်

ဂီတာကိုကိုင်ရင်း ခပ်နဲ့နဲ့ ထရပ်လိုက်သော ညံ တစ်ကိုယ်လုံး မိုးရေတွေ စိုနေပြီဖြစ်၏။ ခေါင်းကဆံပင်တွေကို ရေတွေခါထုတ် လူက ယိုင်ခနဲ ဖြစ်သွားသည်။

ထိုအခါ မိုက်ကို ခဏထောက်ထားပြီး ခါးမတ်မတ်ရပ်ဖို့ ကြိုးစ နေ၏။ ပြီးတော့ နေရာမှ ထသွားလေသည်။

ညံ ...၊

ချမ်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

သူမ သိသည် ...၊ ညံ ဒီကနေ လမ်းဝထိပ်ထိ လမ်းလျှောက်သွ တော့မှာ ဖြစ်၏။

ပြီးတော့ ဘယ်ကိုသွားမှာလဲ ...၊ အိမ်ကိုလည်း ပြန်ချင်မှပြန်မည် သူငယ်ချင်းတွေအိမ်မှာ နေတာလားဆိုတော့လည်း မဟုတ် ...၊

သူမ ဒီတိုင်း ဘယ်လိုမှ နေလို့မရတော့မှာ ကိုယ်ဘာသာ သိ

www.burmeseclassic.com



ထိုးနှစ်လက်ယူ၍ ဖိနပ်ပြေးစီးမိသည်။ ကိုယ် သွားပြောလို့ အရာထင်တာ မထင်တာ ထား .. ဘယ်လိုမှကို ကြည့်မနေနိုင်တော့တာမို့ ...

"ညံ .."

အလှမ်းမကွာလှသော မီးတိုင်၏အလင်းရောင်တွေအောက်မှာ ညံ နဲ့ သူမကလည်း အလင်းရောင်ထဲမှာပဲ ဖြစ်၏။

ခေါ်သံကြောင့် ညံ ခြေလှမ်းရပ်သွားပြီး နောက်ကို ပြန်လှည့်ကြည့်သည်။

ချမ်း ကို မြင်လိုက်တာနှင့် ဆံပင်ကရေတွေ တစ်ချက်ခါထုတ်ပြီး နောက်ပြန်လှည့်လာသည်။

"ရော့ .. ဒီထီးကို ယူ .."

"ရပါတယ် .. စိုနေပြီပဲဟာ .."

"စိုပေမယ့် ရေစစ်ချိန်ရှိသွားတော့ သွားလာလို့ ကောင်းတာပေါ့..၊ ဖွင့်ဆောင်းလိုက် .."

ညံ က ထီးကိုယူလိုက်ပေမယ့် မဆောင်းဘဲ သူမ ထီးအောက်ကို ငုံ့ဝင်လိုက်၏။

"ဆရာမ ကျွန်တော့်ကို ထီးလိုက်ပေးတာလား .. ဘယ်ကိုသွားနေရင်းနဲ့လဲ .."

ပခုံးချင်းထိကာ ထီးတစ်လက်ထဲမှာ ပူးကပ်လာတော့ ချမ်း ဘယ်ကိုမှ ထပ်ရွေ့လို့မရဘဲ ပခုံးလေး ကျုံ့ထားမိ၏။

"ဒီအချိန်ကြီး ငါက ဘယ်ကိုထွက်လာတယ် ထင်လို့လဲ .. မင်းကို ကားပေါ်တင်ပေးလိုက်မယ် .. အိမ်ပြန်တော့ .."

"ကျွန်တော့်ကို .."

"ဟုတ်တယ် .."

ညံ က ထီးကို နောက်ခါးကြားထဲ ထိုးထည့်လိုက်ကာ ဂီတာကို လက်ပြောင်းကိုင်၍ ...





"ကျွန်တော့်ကို ပြန်ပို့ပြီးတော့ ဆရာမက ဒီလမ်းရှည်ကြီးကို တစ်ယောက်တည်း ပြန်မယ် .. ဟုတ်လား .."

"ဒါ ငါနေတဲ့ နေရာပါ .. မင်း ပူစရာ မလိုပါဘူး ..၊ အခု မင်း အိမ်မပြန်ဘဲ ဘယ်သွားဖို့ စိတ်ကူးတာလဲ .."

"အခု ဆရာမက ပြန်ဆိုရင် ပြန်မှာပါ ..၊ ဒါပေမယ့် ..."

ညံ စကားမဆက်နိုင်ဘဲ မှောင်ရိပ်ဘက်ကထွက်လာသည့် စက်ဘီးနဲ့ လူနှစ်ယောက်ကို သတိထားလိုက်မိ၏။

နှစ်ယောက်စလုံး လျှာထိုးဦးထုပ်တွေနဲ့ဖြစ်ကာ စကားတွေ ပြောလာကြ၏။ စက်ဘီးသည် လမ်းအကျယ်ကြီးကို ဒီဘက်မှာပဲ ကပ်သင်လိမ့်လာတာ သိသဖြင့် ...

"ဆရာမ ဒီဘက် ကပ်ပေးလိုက် .."

သူ သတိပေးသော်လည်း ...

"ဖယ်ပေးနော် .. မိုးရေတွေ စိုလာတာ ဘာမှမမြင်ရဘူး .."

အသံသည် ရယ်သံဟာဟာနှင့် ဖြစ်ကာ ...

"အား!..."

တမင်ကပ်လာမှန်း သိသာကာ ရှေ့ဘားတန်းမှာ ထိုင်သည့်လူက ခြေထောက်ကို ခပ်ကားကား လုပ်ထားသဖြင့် ချမ်း ရဲ့တင်ပါးကို ပွတ်ချိတ်သွားသည်။

စက်ဘီးနင်းတဲ့သူက ချမ်း ရဲ့ကျောကို လက်မောင်းနဲ့တိုက်၏၊

"ဟိတ်ကောင် .. ရပ်စမ်း .."

ညံ ဒေါသကြောင့် ဘာမှမမြင် ..၊ ယိုင်လဲသွားသည့် ချမ်း ရဲ့ ကိုယ်လေးကို ဆွဲဖက်ကာ ထိုအားနဲ့ပဲ လွှဲကန်ပစ်လိုက်၏။

"ဘုန်း .. ဒုန်း .."

စက်ဘီးက လွန်သွားသော်လည်း နင်းသူ၏ခါးစောင်းကို ကန်လိုက်မိသဖြင့် ပစ်စလက်ခတ် လဲလေသည်။ ထိုစဉ် မိုးရွာသဲလာခဲ့၏၊



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောရန်ပွဲက ချမ်း ရဲ့ရှေ့မှာပဲ ဖြစ်လာခဲ့ပြီး ဒဏ်ရာရှိထားသည့် ညံ့ က အရက်မူးလာပုံရှိသည့် လူနှစ်ယောက်ကို ထိန်းတော့ ထိန်းထားနိုင်၏။ သို့သော် ...

"ဟင်!... ဓား .."

မီးရောင်မှာ လက်ခနဲ မြင်လိုက်ရတာ ဓားမှန်းသိလိုက်သဖြင့် ချမ်း မျက်လုံးတွေ ပြာသွားသည်။

"မလုပ်နဲ့ ...၊ ညံ့ .. ဓား .. ဓားနဲ့ နောက်မှာ .."

သတိပေးသော်လည်း လည်ချောင်းထဲမှာပဲ ပျောက်ရှသွားခဲ့လျှက် ညံ့ ဘယ်လိုမှ ရှောင်လို့မလွတ်နိုင်တော့မှန်း သိလိုက်သောစိတ်က ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လိုက်မှန်းပင် မသိခဲ့ ...။

ဓားနဲ့ထိုးစိုက်ဖို့ ကြိုးစားသူသည် ချမ်း အတင်းပြေးတွန်းလိုက်သဖြင့် ဟန်ချက်ပျက်သွားကာ ချမ်း ကိုပါ ဓားနဲ့လှည့်တွတ်လိုက်သလို ဖြစ်သွားကာ ...

"အ!..."

ရင်ဘတ်ပေါ်မှာ ပူလောင်စူးရှစွာ ခံစားမိလိုက်ပြီး ချမ်း ပုံခနဲ ခွေကျသွား၏။

"မ .."

'မ ..' လို့ ညံ့ ခေါ်လိုက်တာလား ...၊





အခန်း (၄၂)

"ဆရာမ"

"... ... ... ..."

"ဆရာမ .."

"ဟင် .. ငါ ဘာမှမဖြစ်ဘူး .. အား!... ငါ့အခန်းကို ပြန်ပို့ပေး..."

"ပို့ပေးမယ် .. ဆရာမ ရင်ဘတ်ကို ဓားထိထားတယ် ..၊ ဒီမှာ ကျွန်တော့်အကျီနဲ့ ဖိကပ် ထား .. ခဏပဲ .."

"ဘာလုပ်မလို့လဲ .."

လက်ထဲကို လုံးထွေးထားသည့်အကျႌ ထည့်ပေးကာ ချမ်း လက်ကို ကိုင်၍ ရင်ဘတ်က ဒဏ်ရာပေါ်မှာ သူကိုယ်တိုင် ဖိကပ်တင်ပေးသည်။

ချမ်း က သူ့လက်ကို ပြန်ဆွဲထားကာ ...

"မင်း .. ဘာလုပ်မလို့လဲ .."

"ဟို ခွေးသူတောင်းစားတွေကို ရေမြောင်းထဲ ကန်ချခဲ့မလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. မလုပ်ရဘူး .."

ခုလည်း ချမ်း ခဏလေး မူးမိုက်ပြာဝေသွားစဉ်မှာ ဘာတွေလုပ်ခ်လိုက်သည် မသိ ..၊ ဂီတာကလည်း ကျိုးကြေနေလျက် လှူနှစ်ယောက်နဲ့ စက်ဘီးက အတုံးအရုန်း လဲကျ ငြိမ်သက်နေ၏။

"ညံ့ .. မင်း ဘာလုပ်လိုက်တာလဲ ..၊ သေကုန်ပြီလား ဟင် .."

"မသေပါဘူး .. ဇက်ပိုးတွေ အုပ်ထားတာ .. ခြေသလုံး ညို့သကျည်းတွေလည်း မှတ်လောက်အောင် ရိုက်ထားလိုက်တယ် .."

ညံ့ က ဒေါသမပြေသေးဘဲ တက်ခေါက်သည်။ ပြီးတော့ ချမ်းကိုတွဲ၍ တိုက်ခန်းကို ပြန်လာခဲ့၏။ မိုးသည်းနေသည့်ညမှာ ဘယ်အိမ်ကခါးမှ ဖွင့်သံ မကြား ..၊ ဘယ်သူမှလည်း ရောက်မလာခဲ့ဘဲ ...

"ဒုန်း .."

"ခွမ်း .."

"ဘာဖြစ်တာလဲ .."

"ဂီတာကျိုးနေတာတွေ ပြန်သယ်လာတာလေ .."

ချမ်း ကို အခန်းထဲထည့် သေချာနေရာချပြီးမှ တစ်ခေါက်ပြန်သွားယူတာ ဖြစ်သည်။

"ဆရာမ ဒဏ်ရာကို .."

"ဘာမှမဖြစ်ဘူး .. မင်း .. မင်း ဖုန်းဆက်လေ .."

"ဘယ်သူ့ကိုလဲ .."

"ဒွန်း တို့ကို ဒီမှာ လာခေါ်ဖို့ .."

"သူတို့လာခေါ်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး .. ကျွန်တော်လည်း ကိုယ့်ဒုက္ခကို သူများ မပေးချင်ပါဘူး .. ဆရာမ ဒဏ်ရာ စိတ်ချရရင် ပြန်ပါ့မယ် ..၊ ကျွန်တော့်ကို မယုံလို့လား .."

ယုံပေမယ့် ဒါက ချမ်း တစ်ယောက်တည်းနေတဲ့ တိုက်ခန်း၊ မိုးကလည်း သည်းနေသည် ..၊ ညဥ့်ကလည်း နက်နေပြီ ..။





ဒဏ်ရာ ဘယ်လောက်ထိ များသွားမှန်း မသိသလို ရေစိုအင်္ကျီလည်း မလဲနိုင်ဘဲ ချမ်း သတိလစ်ချင်သလို ဖြစ်နေတာတောင် စိတ်ကိုတင်းထားနေရ၏။

"ဆရာမ အင်္ကျီတွေ သွားလဲလိုက်ပါ ..၊ ကျွန်တော် အပြင်ထွက်နေပေးရမလား .."

"အို .. တိုက်ခန်းရှေ့မှာ မင်း ရပ်နေရင် သူများက တစ်မျိုးထင်ပြီး လာဖမ်းသွားမှာပေါ့ .."

ပြောနေရင်း ချမ်း မျက်လုံးတွေ ပြာလာသည်။

ကုလားထိုင်ပေါ်က ပြန်ထဖို့ ကြိုးစားရင်း မအောင်မြင်ဘဲရှိကာ...

"ညံ့ .."

"ဗျာ .."

"မင်း ပြန်တော့ .. သွား ..."

"ဆရာမကို ဒေါက်တာ ခေါ်ပေးမယ် .."

"မင်း ပြန်ပါတော့ .."

ချမ်း သတိထားနေရင်း တရိပ်ရိပ် ပြာဝေလာသည်။ စိတ်ထဲမှာ သူပြန်မှ အင်္ကျီလဲဖို့ဆိုတာကို စွဲလမ်းရင်း ...

"ပြန်တော့ .. ခု .. ခု ပြန်တော့ .. သွား .."

ပြောရင်း ထအိအိ ပြိုလဲ၏။

"ဆရာမ .."

သူမ ခန္ဓာကိုယ်သည် ခုံပေါ်ကိုမကျဘဲ နွေးသောရင်ခွင်ကျယ်ထဲမှာ အဝတ်ထုပ်လေးလို စုလုံး ပုံကျသွားခဲ့၏။

သူမ နောက်ထပ် ဘာတွေ ထပ်ဖြစ်ခဲ့သလဲ ဆိုတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၃)

"အ!... ကျွတ် .. ကျွတ် .."

"ဆရာမ .."

ဟင်!...

ရင်ဘတ်ပေါ်မှာ ဖိလိုက်မိသည့်လက်က ဖျတ်ခနဲ ပြန်ကွာသွားသည်။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်လိုက်တော့ အမြင်အာရုံတွေ ကြည်လင်လာခဲ့ပြီး ...

"ညံ့ .."

ချမ်း မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ အချိန်သည် နံနက် ရှစ်နာရီ ထိုးနေပြီဖြစ်ကာ ညံ့ က သူမရဲ့အိပ်ရာဘေးမှာ ငုတ်တုတ်..၊

"မင်း .. မင်း .. အား!..."

"မထနဲ့ဦးလေ .. ဒဏ်ရာက သုံးချက်တောင် ချုပ်ထားရတာ.."

"ဘယ်လို!..."

"ညက ဆရာမ သတိလစ်သွားတယ် .. အဲ့ဒါနဲ့ ကျွန်တော် ဒဏ်ရာကို .."

"တော်တော့ ..၊ မင်း .."





ချမ်း မျက်နှာလေး တစ်ပြင်လုံး ရဲညိုလာ၏။ မွေ့ရာပါးလေးပေါ်ကနေ အတင်းထိုင်ဖို့ ကြိုးစားသည်။

"နေပါဦး .. ကျွန်တော်က ရိုးရိုးသားသား .."

"ဖယ် .. ဖယ်ပေး ..၊ မင်း ဆက်မပြောနဲ့ နော် .. လူရှုပ် .. လူညစ် .. သွား .. မင်း ခု ထွက်သွား .."

"ဘုတ် .. ဒေါင် .."

တွဲထူမလို့ အနားမှာ လက်ပြင်လာတိုင်း တွေ့ရာနဲ့ ဆွဲပေါက်နေမိကာ မျက်ရည်တွေပါ ကျ၏။

ဒဏ်ရာ ဘယ်နေရာမှာလဲဆိုတာ သူမ သိသည်။ ဒီအိမ်မှာ သူနဲ့ ကိုယ်ပဲ ရှိတဲ့ကိစ္စ.. သူမကိုယ်ပေါ်က ရေစိုအဝတ်တွေကို ဘယ်သူ လဲပေးမှာလဲ ..၊

"မင်းကို ပြန်လို့ ငါပြောနေတာ .. ပြန်ခိုင်းနေတာ မပြန်ဘဲနဲ့ မင်း သက်သက်ညစ်ပတ်တာ .. လူယုတ်မာ .. လူညစ် .. သွား .. ခု ထွက်သွား .."

"ဒုတ် .. ခွမ်း .."

သောက်ရေခွက်တွေ.. ခေါင်းအုံးလေးတွေ.. ပြီးတော့ မျက်နှာသုတ်ပဝါ ခေါင်းအုံးတွေပါ လွင့်ပျံလာကာ ညံ့ ဘယ်လိုမှ အနားကပ်လို့မရ..။

"ဆရာမ ကျွန်တော့်ကြောင့် ဒဏ်ရာရထားတာ .. တစ်ယောက်တည်း ဘယ်လိုလုပ် ထားခဲ့ရမလဲ ..၊ ဒဏ်ရာကို ဆရာဝန် ချုပ်ပေးသွားတာ .. ကျွန်တော်က အင်္ကျီတွေပဲ ..."

"တော်တော့လို့ ပြောနေတာ နားကန်းနေသလား .. မင်း ခု ချက်ချင်း ငါ့အခန်းထဲက ထွက် .."

"တင်းတောင် .."

မငြိမ်းချမ်းဖွယ်တွေကို ရှင်းမရဖြစ်နေစဉ် အိမ်ရှေ့က ပါလ်သံ မြည်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်း အသံတိတ်သွားရင်း မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွား၏။

"ဖိနပ်ရှိတယ် .. အထဲမှာ ညံ့ ရှိတယ် .."

သွားပြီ ...၊

မွေ့ရာခင်းသည် အလန့်တကြား ဖိဆုပ်ထားမိသည့် သူမလက်ထဲမှာ သနားစဖွယ် တွန့်ကြေသွားခဲ့၏။

"မင်း .. သွားဖွင့်မပေးနဲ့ .."

ချမ်း အသံလေး တုန်နေတော့ ညံ့ က ဆံပင်သပ်ရင်း သက်ပြင်းချလိုက်၏။

"မနက်စောစောက ဆရာမအတွက် စားစရာ ထွက်ဝယ်သေးတယ် .. တံခါး ပြန်မပိတ်ခဲ့ဘူး .."

ပြောလို့မှ မပြီးသေးခင် ...

"ဒေါက် .. ဒေါက် .."

"ညံ့ .. မင်း ညတည်းက ဒီမှာမို့လား .. တံခါးဖွင့်စမ်းပါ .."

မေးလိုက်သည့်အဓိပ္ပာယ်၏ သက်ရောက်မှုအတိုင်း အရာအားလုံးက အလိုအလျောက် ပုံရိပ်ထင်စေခဲ့လျက် ...

"ဟာ!... ဘာ .. ဘာတွေ ဖြစ်နေကြတာလဲ .."

"ဆရာမက .."

"ဆရာမ .."

"သူတို့က ခိုးပြေးလာတာလား .."

ညံ့ တံခါးဖွင့်လိုက်တော့ ဝင်လာကြတာ လေးယောက် ...၊

ဒွန်း နဲ့ သက်ရင့် အပြင် စည်သူ ရယ် .. မိန်းကလေးတစ်ယောက် ရယ် ...၊

အားလုံးသည် ပွထနေသည့်အိပ်ခန်းထဲက မြင်ကွင်းနှင့် မွေ့ရာပေါ်မှာ ဆံပင်တွေ ဖရိုဖရဲ ဖားလျားကျနေသော ချမ်း ရဲ့ပုံစံလေးကို ပြူးတူးပြဲတဲ ကြည့်နေကြ၏။





ဒွန်း က ပို၍ ပြူးပြဲနေကာ ...

"ညံ့ .."

"ဟော့ကောင် .. မင်း ညက ဒီမှာ တကယ်လား .."

"ဟုတ်တယ် .."

"အို .. မဟုတ်ဘူး .."

ညံ့ က ဟုတ်တယ် ဖြေသည်နှင့် ချမ်း ထိတ်ထိတ်ပျာပျာ ထအော်သည်။

"မဟုတ်ဘူးဆိုရင် အစောကြီး ဘယ်ကထလာလဲ မင်းက .."

ညံ့ က မဖြေဘဲ ဆံပင်တွေ ဖွလိုက် သပ်လိုက် ...၊

"ဪ .. ကိုဒွန်း ကလည်း သူများတွေ အနေခက်အောင် မေးနေပြန်ပြီ ...၊ ဒီချိန်မှာ ရှက်နေကြမှာပေါ့ .."

စည်သူ ရဲ့ကောင်မလေးက စာနာစိတ်နှင့်ပြောပုံရှိပေမယ့် ဒီစကားကို ချမ်း ကျေးဇူးမတင်နိုင် ...၊

"ဘာတွေ ပြောနေကြတာလဲ ...၊ ငါတို့က အဲဒီလို မဟုတ်ဘူး.."

"ဒါဆိုလည်း ပြောကြပါဦး .. ညက ဆရာမဆီ ညံ့ ရောက်နေတယ်ဆိုပြီး ဖုန်းဆက်တာလေ .."

"ဟုတ်တယ် .. အဲဒါက .. ဟို .. ဒါပေမယ့် .. မဟုတ်ဘူး ...၊ သူက .."

"သူက ဒီထဲ ဘယ်တုန်းက ရောက်နေတာလဲ ...၊ ညံ့ မင်းပဲ ပြောစမ်းပါကွာ .. ဘာတွေဖြစ်ကြတာလဲ .."

"ဆရာမ ပြောတဲ့အတိုင်းပါပဲ .."

"ဟုတ်ပါပြီ .. ဒါပေမယ့် သူလည်း ဟုတ်တယ် .. မဟုတ်ဘူးတွေပဲ ပြောနိုင်တာလေ ...၊ မင်း ညက ဘယ်မှာလဲ ...၊ အဲဒါ ဖြေ"

"ဒီမှာပဲ .."

"မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ညံ့ ဖြေလိုက်တိုင်း ချမ်း ရဲ့အသံလေး ချောက်ချားစွာ ကပ်ပါလာခဲ့သဖြင့် ဒွန်း တို့ အကြည့်ချင်းဆုံကာ သက်ပြင်းကိုယ်စီ ချကြသည်။ ပြီးတော့ စည်သူ က ပြုံးမလိုမျက်နှာနှင့် ...

"မင်းကလည်း ရှင်းအောင် မပြောဘူး .."

"ငါပြောတာ သူ့မှ မကြိုက်တာ .."

"ဒါကတော့ မင်း ဘာလုပ်ခဲ့လဲ မင်းပဲ ဝန်ခံရမှာပေါ့ .."

"ငါ အဲဒါကို တောင်းပန်နေတာပါ .."

ကြည့်စမ်း ..!

ချမ်း မျက်ရည်တွေ ပေါပေါသီသီ စိမ့်ကျလာကြ၏။ ရှက်သည့်စိတ်နှင့် ဘာမှမမြင်တော့သလိုရှိကာ ဘာမှလည်း ပြောမထွက်တော့..။

"ဆရာမ .."

သူမ သိသည့်အချိန်မှာ အိပ်ခန်းသည် တံခါးပိတ်လျက်ရှိကာ အပြင်ဘက်က ဒွန်း တို့ ရယ်သံသဲ့သဲ့ကို ကြားနေရ၏။

ပြီးတော့ သူမဘေးမှာ ညံ့ ..!

"ဆရာမ ကျွန်တော့်ကို ပိုမုန်းသွားပြီ ထင်တယ် .."

"မုန်းတယ် .. အရမ်းမုန်းတယ် မင်းကို သိလား ..၊ ဟင့် .."

အသံတိတ်ကျနေသည့် မျက်ရည်စက်တို့ကို တရှိုက်ရှိုက် ငိုရင်းသွန်ချပစ်မိသည်။ မျက်နှာကို လက်ဖဝါးလေးနှစ်ဖက်ထဲမှာ မှောက်ချငိုတော့ ဖားလျားကျနေသည့်ဆံနွယ်ရှည်တို့က မျက်နှာလေးကို ဖုံးကွယ်ထားလိုက်၏။

ညံ့ က ဆံနွယ်တို့ကို အသာလေး သိမ်းဖယ်၍ မျက်နှာချင်း ထိမတတ် ငုံ့ကာ ...

"ဆရာမကို ကျွန်တော် ရိုးရိုးသားသား ကူညီခဲ့တာပါ .."

ချမ်း က ငိုပဲ ငိုနေကာ ဘာမှပြန်မပြောပေ ..၊

"ဒါပေမယ့် အခု သူတို့က မယုံကြဘူး .."





"ဖယ် .."

ချမ်း က သူ့လက်ဝါးကို ပုတ်ချပစ်၍ မျက်ရည်တွေနှင့် မော့ကြည့်သည်။

"မင်းကို မကျေနပ်ဘူး ညံ့ .. ငါ မင်းကို ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထား .. ဖယ် အနားမှာ မနေနဲ့ .."

"ဆရာမကို ကျွန်တော် ချစ်တယ် .."

"မင်းကို မုန်းတယ် .. သွား .."

နှင်လွှတ်နေသည့် ချမ်း ရဲ့ကိုယ်လေးကို ညံ့ အတင်းဖက်ထားလိုက်သည်။ တစ်ခါတစ်ခါ ဒဏ်ရာကို မေ့သွားသဖြင့် ချမ်း ရဲ့အော်သံလေး ထွက်သွားခဲ့လျက် ...

ချမ်း ကိုယ်တိုင် ဒေါသတွေ ရှက်တာတွေနှင့် ကိုယ့်ဒဏ်ရာကို မေ့၍ ညံ့ ကို တွန်းထိုး ထုရိုက်ဖို့ပဲ အာရုံတွေ များနေခဲ့ရာ ...

"မင်း နော် .. လွှတ် .. အား!..."

"ဘာမှမလုပ်ဘူး .. အရမ်း မရုန်းနဲ့လေ .. ခဏပဲ .. ပြောတာကိုနားထောင် .."

"မရဘူးဆိုမှ .. အ!... သွား နော် .. ညံ့ .."

အပြင်က ခပ်ကြိတ်ကြိတ် ရယ်သံတွေ ကြားမှ ချမ်း ကိုယ်လေးညံ့ ရင်ခွင်ထဲမှာ ငြိမ်ကျသွားခဲ့၏။

"ညံ့ ငါတို့ ဘိုးဘိုးမော် ကို ဖုန်းဆက်လိုက်ပြီ နော် .."

"နေကြ အေးဆေး .. ငါတို့ ပြန်လာခဲ့မယ် .."

"ဖုန်း တစ်ချက်ပဲ တော့လိုက် .. လိုအပ်တာ အားလုံး လာပို့ပေးမယ် .."

ညံ့ က ချမ်း ရဲ့မေးဖျားလေးကို မော့ယူငေးကာ ...

"ကြားလား .. ကျွန်တော်တို့ နှစ်ပါးသွားကဖို့ပဲ ရှိတော့တာ.."



www.burmeseclassic.com

www.burmeseclassic.com



ချမ်း က မရှန်းနိုင်တော့ပေမယ့် သူ့မျက်နှာကို မော့ကြည့်သည့် မျက်ဝန်းလေးက ရူးရူးစိန်းစိန်း ရှိလျက် ...

"မငိုနဲ့တော့ နော် .."

ညံ့ က ထိုမျက်ဝန်းတို့ကို မမြင်ယောင်ဆောင်ပြ၍ ပါးပြင်ထက်က မျက်ရည်စတို့ကို တယုတယ သုတ်ပေးသည်။ ပြီးတော့ နမ်းမလို့ ရှေ့တိုးလာသဖြင့် ချမ်း က မျက်နှာလွှဲပစ်ရင်း ...

"မရဘူး .."

ကြည်နူးချွန့်တာ မဟုတ်ဘဲ ဒေါသ တကယ်ဖြစ်ပြီး အော်လိုက်တာမို့ ညံ့ က ရယ်သည်။ သူမ ပခုံးလေးကိုပဲ ဖွဖွညင်ညင်သာသာလေး ဖက်ထားလိုက်ရင်း ...

"ဆရာမ ကျွန်တော့်ကို ချစ်တယ်မို့လား ဟင် .."

"ဘာ!..."

"ဆရာမရဲ့ ဝဲဘက်ရင်အုံမှာ ကျွန်တော့်ကိုချစ်တဲ့ သက်သေ .."

"ညံ့ နော် .. မင်း အဲ့ဒါကို ထပ်ပြောကြည့်စမ်း .."

"ဒါက ဖျောက်ဖျက်လို့ မရတော့ဘူး .. ဒေါက်တာ့ကို မေးကြည့်တော့ အမာရွတ်တော့ ကျန်မှာပဲတဲ့ .."

ချမ်း ကိုယ့်ရင်ဘတ်ကို လက်ဖဝါးလေးနဲ့ ဖိကပ်ထားမိသည်။ ထိုညကအဖြစ်ကို တွေးပင် မတွေးရဲတော့ပါ ..၊ ညံ့ ဘယ်လောက်ထိ စည်းစောင့်ခဲ့သလဲ.. ဘယ်လိုလေးတော့ ဖောက်ပြန် ပြစ်မှားခဲ့လေသလဲ..။

ထိုအဖြစ်ကြောင့် သူမ နဲ့ ညံ့ တို့သည် ..၊

"ကျွန်တော်ကတော့ ကျေးဇူးတင်တယ် .. ဆရာမရဲ့ သံယောဇဉ် အကြင်နာတွေ ကျွန်တော့်အပေါ်မှာ .."

"အမှတ်တမဲ့ကြီး လန့်ဖျပ်ပြီး ဝင်လုပ်လိုက်မိတာ .. မင်းကိုမှ ကယ်ချင်တာ မဟုတ်ဘူး.. ဒုက္ခပါပဲ..၊ အကျီလည်ပိုက် ဝတ်လို့ မရတော့ဘူးပေါ့ .."



BURMESE CLASSIC



စိတ်တိုတိုနဲ့ ရန်လည်း တွေ့နိုင်သေးသည်။ ကိုယ့်ကိုယ်ကို လည်း စိုးရိမ်နေရှာ၏။

ညံ့ က ဆံနွယ်ရှည်တို့ကို တယုတယ တို့ထိပွတ်သပ်ရင်း ...

"ရင်ငြိမ်းချမ်း ဆိုတဲ့ မာကျောကျော ဆရာမလေးကို အဲဒီပုံစံ တွေကြောင့် ကျွန်တော် ရင်ခုန်ခဲ့တာ ထင်တယ် .."

ချမ်း ဖျတ်ခနဲ လှည့်ကြည့်တော့ ညံ့ က နဖူးလေးကို အငိုက်ဖ နမ်းသည်။ မျက်နှာလေး ပြန်ငုံ့သွားမှာ စိုးသဖြင့် မေးဖျားလေးက ပင့်ကိုင်ထားလိုက်ပြီး ...

"ဆရာမကို စတွေ့တည်းက ကျွန်တော့်ရင်ခွင်ထဲကိုပဲ ရော ရောက်လာခဲ့တာ ဘယ်နှစ်ကြိမ်လဲ .. သိလား .."

"မသိချင်ပါဘူး .."

"ရေတွေ စိုရွှဲပြီး သတိလစ်နေတဲ့ မိန်းမလှလေးတစ်ယောက် ရိုးစင်းတဲ့အလှကို ကြည့်မိပြီး ကိုယ့်ရင်ခုန်သံတွေကို မျိုသိပ်ထိန်းချုပ် ရတာရော လွယ်တယ် မှတ်လို့လား ..၊ ရေကူးကန်ထဲက ဆရာမ ဆယ်တင်ခဲ့တုန်းက တစ်ခါ .. ညက တစ်ခါ .."

ချမ်း မကြားရဲတော့ပေ ..၊ သူ့လက်တွေကို ဖယ်ချကာ ခုတင် က ဆင်းဖို့ ကြိုးစား၏။ ညံ့ က အတင်းအကျပ် မဟုတ်ပေမယ့် ရုန်းထွက်လို့မရအောင် ရစ်သိုင်း ဖက်ထားလိုက်ပြီး ...

"ဆရာမကို ကျွန်တော် ဘယ်လောက် မြတ်နိုး တန်ဖိုးထား တွေကို သိစေချင်လို့ပါ..၊ အရသာခံ ပြောနေတာ မဟုတ်ဘူး .. ဆ လို့ ခေါ်တာကိုက ကျွန်တော့်ကို လွှမ်းမိုးထိန်းချုပ်နိုင်တဲ့ နှလုံးသာ အရှင်သခင် ဆရာတစ်ပါးအဖြစ် ခံစားမိလို့ .."

ချမ်း ရဲ့ကိုယ်လေးကို ရင်ခုန်သံများနှင့် ပွေ့ပိုက်ရင်း ပါး ထိကပ်ထားမိသည်။ ရှန်းမလို ဖယ်မလို ဖြစ်သွားပေမယ့် ချမ်း ငြိမ် သက်သက်လေး ပြန်ဖြစ်ခဲ့၏။

www.burmeseclassic.com



"နောက်လည်း ဒီတိုင်းပဲခေါ်မှာ .. နောက်ကျမှ 'မ'လို့ခေါ်မယ်...၊ နောက်ပြီးတော့မှ .. အဟွန်း .. ကျွန်တော် ဘာလုပ်မှာလဲ သိလား.."

"လျှောက်ပြောမနေနဲ့ နော် .."

"မပြောဘူး .. နုပဲ နှစ်ကိုယ်ကြား ပြောမှာ .."

ညဲ က ချမ်း ရဲ့ပါးပြင်လေးပေါ်မှာ အုပ်ဖြာ ကာဆီးထားသည့် ဆံနွယ်တွေကို သူ့မျက်နှာနဲ့ တိုးတိုက်ဖယ်၍ မြတ်မြတ်နိုးနိုး နမ်းသည်။ ပြီးတော့ ...

"ကျွန်တော့်ကို ချစ်တယ်လို့ အမြဲပြောနေမယ့် 'မ'ရင်ဘတ်ပေါ်က ဒဏ်ရာလေးကို .."

"ညဲ .. မင်း နော် .."

"ရိုးရိုးသားသား အမှန်အတိုင်း ပြောမလို့ပါ .."

ရယ်မြူးခြင်းတို့နှင့် ညဲ စကားသံတို့က ချမ်း နားထဲမှာ နားဝင်ချို နေပြီဖြစ်ပေမယ့် ...

"အဲဒီဒဏ်ရာကို တစ်နေ့ အခါရှစ်ဆယ်လောက် နမ်းပြီး အခါ နှစ်ဆယ်လောက်က .."

"ကြည့် .. အဲဒါ ညစ်ပတ်ချင်ဦး .."

"မဟုတ်ဘူး .. ချစ်တာ .."

သူ တအားရယ်နေတာကို မျက်စောင်းထိုးရင်း ချမ်း ရယ်ချင်လာမိသည်။

ဘာလိုလိုနဲ့ သူမ ပျော်သလိုလို ..၊ ကျေနပ်သလို ဖြစ်နေခဲ့တာပါလား ..၊

ဩော်... မုန်းခဲ့တာက အနိစ္စ ထင်ပါရဲ့ ..၊

*လရောင်ကျူးရှင့်*

ရွှေသမင်စာပေ

www.burmeseclassic.com